http://cyberbooks.myanmarchat.org

# မဟူရာမေတ္တာ

နိုင်ဝင်းဆွေ

http://cyberbooks.myanmarchat.org

## ဒဂုန်တာရာ၏အမှာ

(၁)

မဟူရာမေတ္တာ ဝတ္ထုကို အုတ်နံရံများ၏နောက်၊ သံတိုင်ကြား၌ ရောက်နေစဉ်က ဖတ်ရခြင်းဖြစ်သည်။ ၁၉၆၆။ ထို့ကြောင့် 'မဟူရာမေတ္တာ'ကို မမေ့။

ထိုအခါက ညများသည် ရွှန်းမြ စိမ်းပြက်လျက်၊ မဟူရာကဲ့သို့ နက်မှောင်လျက်။ ဝိုးဝါးကြယ်ပြောက်လျက် ကုန်လွန်ခဲ့ကြ၏။ လသည်ဝိုင်းလျက်၊ တခြမ်းစိပ်လျက်၊ ပါးလျားလျက်၊ ဖြတ်သန်းခဲ့ကြ၏။ နေရောင်သည် ကင်းစင်ကြားမှ အဖြူ အပြာရောလျက်၊ ခိုရောင်ရေးရေးပြေးလျက်၊ ပန်းနုရောင်မှုန်လျက် လိမ္မော်ရောင်၊ ထုံးခြောက်ရောင်ကွဲလျက်။ အဆန်းတကြယ် ပေါ်လာကြ၏။

ဖလ်မြေလဲ့လဲ့ပေါ်၌ နှင်းဆီရနံ့ ဆွတ်ပျံ့လျက်၊ စပယ်ပွင့်များ ကျွန်တော်အိပ်ရာပေါ်၌ ကြဲလျက်။ ဆိတ်ဖလူးရနံ့သည် အောက်ထပ်မှ အပေါ်ဒေါင့်ခန်းသို့ လွင့်လာလျက်။

သစ်ရွက်ခြောက်များ ရှပ်တိုက်ပြေးလွှားနေဆဲတွင် စာကလေးများ တကျိကျိအော်မြည်ကာ အသိုက်လုပ်လျက်၊ တောက်တဲ့သည် ညယံကို ပုဒ်ကလေးဖြတ်လျက်၊ နံရံ ၂ ဖက်ကြားရှိ ထောင်ယာစိုက်ခင်း ရေအိုင်ကွက်မှ ဖားများသည် သံပြိုင်ကျူးလျက်။

ကျွန်တော်မှာ အလှအပ တပ်မက်သူမို့ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ ညရောင်၊ ဆည်းဆာရောင်များသည် ကျွန်တော်မိတ်ဆွေများ ဖြစ်နေကြသည်။ နှစ်ဆီရနံ့၊ စပယ်ရနံ့၊ ဆိတ်ဖလူးရနံ့တို့သည် ရီဝေယစ်ထုံသော မွှေးရည်များ ဖြစ်နေကြသည်။ စာကလေးများသိုက်မှီ ချီချသံ၊ တောက်တဲ့၏ ညည်းသံ၊ ဖားများ၏ သံပြိုင်အော်သံများသည် တေးကာရန်များပင်။

ယင်းသို့ သံတိုင်ကြား၌ အလှအပကို အာသာရမက် ပြင်းပြင်းပြပြ ရှာဖွေနေဆဲတွင် မဟူရာမေတ္တာထဲမှ အလှကိုတွေ့ရှိ. . . . . . . . . . . . . . . . . (ဒီတောက်လျှောက်စာရွက်လေး ဆွေးသွားတယ်။)

(၂)

မဟူရာမေတ္တာ ဝတ္ထုထဲ၌ သျှိဝမြို့စား "သူသ"သည် ပန်ထွာ ဘုရင်မ၏ အကျဉ်းတိုက်ထဲ၌ ရောက်နေသည်။ သူသသည် စောင်းတီးခတ်ခွင့်ရသည်။ ပန်းပုထုခွင့်ရသည်။ ဘုရင်မ၏အလှကို ဖွဲ့နွဲ့သည်။

ကျွန်တော်သည် သံတိုင်ကိုမှီယင်း ဤပန်ထွာနိုင်ငံတော် ဇာတ်လမ်းထဲ ရောက်နေသည်။

ဝတ္ထုထဲမှ 'သူသ'မှာ ဓားသမား၊ အတိုက်အခိုက်ကောင်းသူ၊ ဘုရင်မ အထင်တော်လွဲ၍ အကျဉ်းတိုက်၌ ၂ကြိမ် အကျခံရသူ၊ အမှန်တရားကို ရှာသူ၊ စောင်းဖြင့် အလှဖွဲ့သူ၊ ပန်းပုံဖြင့် အလှရုပ်ထုသွန်းသူ။ ကျွန်တော်ကား သူသကဲ့သို့ ဓားသမားတစ်ယောက် မဟုတ်။ ငြိမ်းချမ်းရေးသမား၊ အလှရှာသူ၊ အလှတပ်မက်သူ။

အမှန်အားဖြင့် ကျွန်တော်သည် ပန်ထွာ ရာဇဝင်ကို စိတ်ဝင်စားသူ မဟုတ်ပေ။ ၁၉၆၀ စာဆိုတော်ရက်က တောင်တွင်းကြီး ရောက်သွားယင်း တိမ်ကောနေသော ဗိဿနိုးမြို့ဟောင်းမှ အုတ်နန်းတော် အပျက်အပြိုအပေါ် လမ်းလျှောက်ဘူးသူမျှသာ။ ပန်ထွာ ရာဇဝင်သာမဟုတ်၊ ရာဇဝင်ကိုပင် သိပ်အယုံအကြည်ရှိသူမဟုတ်။ ရာဇဝင်ဆိုသည် နှစ်ကြာသော် ပုံပြင် ဖြစ်တတ်လွန်းသည်။ မနှစ်က အာဇာနည်နေ့က ဗိုလ်ချုပ်အောင်ဆန်း နေသွားသော ပဲခူးဆောင်မှ အခန်းသို့ ရောက်သွားသည်။ ပြတိုက်စောင့် ကျောင်းသားက နံရံ၌ ပြထားသော ကျောင်းသားစု ဓာတ်ပုံထဲမှ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရပ်နေသော သူအား ညွှန်ပြကာ "ဒါက ဗိုလ်ချုပ်နေဝင်းပေါ့" ဟုပြောပြနေသည်။ အမှန်ကား ထိုခေတ်က. . . . . . ကော်မတီအဖွဲ့ဝင် ကိုတင်အောင် (ဂျော်ဂျီ)၏ပုံ ဖြစ်. . . . အောင်မှာ ကိုအောင်ဆန်းနှင့် နောက် . . . . . . တော်သည်။ ကြည့်။ အနှစ် ၂၀ ကျော်ရုံမျှရှိသေး၊ ယွင်းနေပေပြီ။
*(အစက်ကလေးများ ချထားသောနေရာသည် ကျတော်စာအုပ်လေးမှ ပျောက်ကွယ်သွားသော အပိုင်းအစများဖြစ်ပါသည်။)*

သို့သော် ပန်ထွာ ရာဇဝင်ကို စိတ်မဝင်စားသော်လည်း ပန်ထွာ နိုင်ငံတော်ကြီး ထူထောင်ချင်ပုံ၊ နိုင်ငံတော်ကြီး ပျက်စီးသွားရပုံ သဘောတရား(ဝါ) စစ်နှင့်ငြိမ်းချမ်းရေး ဇာတ်လမ်းကိုကား စိတ်ဝင်စားမိသည်။ ဘုရင်မသည် ပန်ထွာနိုင်ငံတော်ကြီးကို တည်ထောင်ချင်သူ၊ သို့သော် ဘုရင်မက မိမိဘက်တော်သား 'သူသ'ကို အထင်တော် လွဲသည်။ အမှန်တရား ထုတ်ဖော်သူအား အကျဉ်းတိုက်၌ ချထားသည်။ တဖက်က ပန်ထွာနိုင်ငံတော် ပျက်စီးစေလိုသော အင်အားစုက အထင်လွဲအောင် ပရိယာယ်ဆင်ခြင်းမျှသာ။ တဖက်မှ အယုဒ္ဓယ ရဟန်းတုကိုလွှတ်ကာ အတွင်းမှ ဝင်ဖျက်ဆီးရေးကို လုပ်သည်။ ဘုရင်မက ယင်းအယုဒ္ဓယ ရဟန်းတော်ကို တကယ့် သူတော်စဉ် ထင်မှတ်သည်။ ပန်ထွာနိုင်ငံတော် အကျိုး လိုလားသူဟု ယုံကြည်နေသည်။ ချီးမြှင့် မြှောက်စားသည်။ တကယ့် နိုင်ငံတော်ကို ချစ်သူမှာ နိုင်ငံတော် သစ္စာဖောက် သူပုန်သူကန်။ ပန်ထွာ နိုင်ငံတော် ပျက်စီးစေလိုသူမှာ မိမိ ဘက်တော်သား သစ္စာရှိသူ။ ယင်းသို့ အမှန်ကိုအမှား အမှားကိုအမှန်၊ အစစ်ကိုအတု၊ အတုကို အစစ်ထင်သူ ဘုရင်မ။ နောက်ဆုံး အတုနှင့်အစစ်ကို မခွဲခြားနိုင်ဘဲ ရဟန်းယောင်က မြှောက်ပင့် ညာဝါးပေးလိုက်သော ဘုန်းတော်ရှိန်ကို အားကိုးယင်း အတုလစည်တော်ရှေ့၌ လဲကျသွားသူဘုရင်မ။ ယင်းသို့ဖြင့် ပန်ထွာ နိုင်ငံတော်ကြီးသည် မီးလောင်ကာ ပျက်စီးသွားရချေသည်။

သူသ တိုက်နေခြင်းသည် ပန်ထွာ နိုင်ငံတော်ကို ချစ်ခြင်းကြောင့်လော၊ သို့မဟုတ် ဘုရင်မကို ချစ်၍လော၊ နိုင်ငံရေး. . . . . . သည် တိုင်းပြည်ကို ချစ်၍လော၊ စည်းစိမ်ရာထူးကို ချစ်၍လော။ အတ္တကို ချစ်ကြခြင်းပေလော။

http://cyberbooks.myanmarchat.org



(၃)

အမှန်အားဖြင့် မဟူရာမေတ္တာ ဝတ္ထုသည် ဝေဖန်စရာ မရှိမဟုတ်၊ ရှိပေသည်။ သို့သော် မဟူရာမေတ္တာဖြင့် နိုင်ဝင်းဆွေသည် ဝတ္ထုရေးဆရာ ဖြစ်လာပေပြီ။ ပွင့်သစ်များကို ရှာနေဆဲ၊ နိုင်ဝင်းဆွေကို တစောင်းတောထဲမှ ပန်းနုရောင်အဖြစ် တွေ့ရခြင်းဖြစ်သည်။ ယခု ဆယ်စုနှစ်အတွင်း အသွင်သစ်ကိုဆောင်သော ဝတ္ထုများ၊ သရုပ်ဖော် ဝတ္ထုရေးဆရာသစ်များ ပါးနေဆဲဖြစ်သဖြင့် ဝမ်းသာမိသည်။

ထောင်မှ ထွက်လာသောအခါ ရှမဝ၌ နိုင်ဝင်းဆွေကို သွားတွေ့လိုက်ရသည်။ အသက် ၃၀ မကျော်သေးသော လူငယ်တဦး၊ မီးရထား သံလမ်းမှ ခွာ၍ မြို့တော် မှန်တံခါးဝသို့ ရောက်လာသူ။ သို့သော် သူသည် ဘဝကို သရုပ်ဖော်သော ဝတ္ထုများရေးလာသည်။ 'ညအသေချော်မှာ'၊ မသိန်းရှင်ဆီ ပို့ပေးပါ'။ 'ညအသေချော်မှာ' မှာ အချစ်၏ လေးနက်မှုကိုဖော်ထားသည်။ 'မသိန်းရှင်ဆီ ပို့ပေးပါ"မှာ ယနေ့ မှောင်ခိုစနစ်၏ သားကောင် ဆင်းရဲသူဘဝကို ချယ်ရေးထားသည်။

ယခု မဟူရာမေတ္တာ ဝတ္ထုအကြောင်းကိုကား လွန်ခဲ့သော ၄နှစ်က ခံစားမှုဖြင့် ရေးလိုက်ရပေသည်။

***ဒဂုန်တာရာ***

နိုင်ဝင်းဆွေသည် အလွန် ပုံပြောကောင်းသူသည်။ မျက်လှည့်လည်းပြတတ်သည်။ စာဖတ်ပရိသတ်ကို နှစ်ပေါင်းနှစ်ထောင်ခေတ်သို့ ပြန်ခေါ်သွားပြီး သီရိခေတ္တရာ၊ ဗိဿနိုး၊ ပန်ထွာ အစရှိသော မြို့တော်ကြီးများကို အုတ်ကျိုး၊ အုတ်ပဲ့မှ ကြက်ပျံမကျ စည်ကားသော မြို့ကြီးပြကြီးတွေဖြစ်အောင် ဖန်ဆင်းပြတတ်သည်။

အရိုးအိုးထဲက ပြာတွေကို လူအဖြစ် ပြန်အသက်သွင်းပြီး ထိုစဉ် အခါကအတိုင်း ပြန်၍ လှုပ်ရှားစေသည်။

မဟူရာမေတ္တာသည် ယောကျ်ားတို့၏ သတ္တိရှိမှု၊ သူရဲဘောနည်းမှု၊ အနစ်နာခံမှု၊ တကိုယ်ကောင်းကြံမှု အစရှိသည့် လူ့သဘာဝများ၏ အရောင်အသွေး အမျိုးမျိုးကို ရောယှဉ်ထားသည့် ပန်းချီ ကားချပ်ကြီးတစ်ချပ်ဖြစ်သည်။

ထိုသို့ ရောထွေး ချယ်လှယ်ထားသော အရောင်အသွေးကြားထဲတွင် ရွှေခြည် ငွေခြည်မျှင်ကလေးများ သန်းနေသည့်နှယ် ငုပ်ချီ ပေါ်ချီနှင့် မြင်ရသူတို့၏ အာရုံကို ကလိကစား၍ စွဲမက်အောင် ဆွဲယူနေသည်ကား "ပန်ထွာ ဘုရင်မကြီး" နှင့် "သျှိဝ မြို့စားကလေး"တို့၏ အချစ်မေတ္တာပင် ဖြစ်သည်။

သူတို့၏ မေတ္တာကား တိုင်းရေး ပြည်ရေး စစ်မက်ရေးများကြားထဲတွင် အားယူ၍ အားယူ၍ ပွင့်လန်းခဲ့ရသည်။ သူတို့၏ မေတ္တာမှာ သာမန်သူတို့ မေတ္တာကဲ့သို့ မြင်ကြားတွေ့ထိမှုဖြင့် အားသစ်လောင်းရသည်မဟုတ်ဘဲ အသည်းနှလုံး၌ ကိန်းအောင်းကာ နှလုံးသွေးဖြင့်သာ အားယူပွင့်လန်းခဲ့ရသည်။

သူတို့၏ မေတ္တာသည် သစ္စာနှင့် သိက္ခာတရားကို အခြေခံထားသဖြင့် ဖြူစင်သန့်ရှင်းသည်။ ခိုင်မာသည်။ စွဲမြဲတည်တံ့သည်။

ဤသည်ပင် "မဟူရာမေတ္တာ" ၏ ဇာတ်လမ်းပင် ဖြစ်လေသည်။

*ဒီအမှာစာကတော့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်လို့ ထင်ပါတယ်။ ကျတော်စာအုပ်မှာက 'ဒေါ်' တစ်လုံးပဲပါတော့လို့ပါ။*

# စာရေးသူ၏ ဝန်ခံချက်

မူလ ရှုမဝမဂ္ဂဇင်း(၁၉၉၆ ဧပြီ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်စ်)၌ ပါရှိသော ဝတ္ထုမှာ ၁၉၆ဝနှင့် ၆၁တွင် ရေးသားခဲ့သည်။ ထို့နောက် လုံချင်းထုတ်ဝေရန် ပြန်၍ရည်ရွယ်ပြီး ၁၉၆၉ခုနှစ်စဉ် အစမှ အဆုံးတိုင် ပြန်လည်ရေးသားပါသည်။

***နိဒါန်း***

ကျနော့်ဖခင်၏ ဆရာကြီးဖြစ်သော ဦးသက်ရှည်ထံမှ မှတ်တမ်းအချို့ကို ရရှိထားရာ ယခုရေးသား ဖော်ပြတော့မည် အဖြစ်အပျက်သည် ထိုမှတ်တမ်းများအတွင်းမှ ရွေးချယ် ကောက်နုတ် ရေးသားခြင်းဖြစ်ပါသည်။

ရေးသားရာ၌ ပေါ်လွင်စေရန် ဆန္ဒပြု၍ အဖြစ်အပျက် အချိန်ကာလနှင့် ဆီလျော် အံဝင်မည် မဟုတ်သည့် အသုံးအနှုန်းများကို ရေးသား သုံးနှုန်းခြင်းပြုသည့်အတွက် ခွင့်လွှတ်ကြစေလိုပါသည်။

ဤအဖြစ်အပျက်နှင့် စပ်ဆိုင်သော နိဒါန်းကို ဦးသက်ရှည်၏ မှတ်တမ်းများမှ ရွေးချယ်၍ အောက်တွင် ကူးယူ ဖော်ပြပါသည်။

## ***ဦးသက်ရှည်၏ မှတ်တမ်းများမှ ကောက်နုတ်ဖော်ပြခြင်း***

ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က ဗိဿနိုး မြို့တော်ကြီးသည် ယခု နတ်ကွယ်သဖြင့် ပျောက်နေသည်ဟု အဆိုရှိကြသည်။ ယင်းမြို့တော်ကြီး၏ ပြုမင်းသမီးကြီးတပါးသည် ဂန္ဓာရအတတ်တို့တွင် လွန်စွာ ကျွမ်းကျင်တော်မူသည်ဟူ၍ ကျွန်ုပ်တို့ ဖတ်ကြားခဲ့ရဘူး၏။ သိုက်ညွှန်းစာများကလည်း ထိုအတိုင်းပင် ညွှန်းဆိုလျက် ရှိကြလေသည်။ မင်းသမီးကြီးသည် ထိုလောကီဂန္ဓာရီအတတ် တန်ခိုးတော်တို့ဖြင့် ရန်သူများအား ချောင်းရေများ ကျဆင်းစေပြီး ရေနောက်မျောပါစေလျက် ပျက်စီးရှုံးနိမ့်စေခြင်း၊ ဗိဿနိုးမြို့ကြီးအား ယန္တယားငှက်၏ ကျောကုန်းထက်၌ တင်၍ အဝေးသို့ ရန်သူနှင့် ကင်းဝေးရန် ပျံသွားစေခြင်း စသည့်ဖြင့် ထင်ရှားလေသည်။ မင်းသမီးကြီးသည် ဘဝကဝင်္ကြွေးမကင်းသဖြင့် ရန်သူနောက်သို့ ပါရမည် ရှိသည်ကို သိတော်မူသဖြင့် သူ၏ လောကီဂန္ဓာရီအတတ်၊ အင်းအိုင်ခလှဲ့အတတ်၊ ယန္တယား အတတ်တို့အား မင်းပုန်း ကုက္ကိုတောင်ပေါ်၌ လျှို့ဝှက်စွာ စီမံထားရစ်ခဲ့သည်ဟု သိုက်ညွှန်းများက ဖော်ပြလျက် ရှိလေသည်။

ကျွန်ုပ်သည် ဆေးပညာ လိုက်စားစ၊ ငယ်နုသောအရွယ် တတ်ကြွဖျတ်လတ်သော အရွယ်ဖြစ်၍ ကျွန်ုပ်၏ ဆရာကြီးနှင့်အတူ မင်းပုန်း ကုက္ကိုတောင်သို့ လိုက်ပါသွားခဲ့လေသည်။

မင်းပုန်းကုက္ကိုတောင်သည် ပျဉ်းမနားမြို့နယ်၏ နောက်မြောက်ဖက်အစွန်း၊ ပဲခူးရိုးမကြော၏ တောအနက်ဆုံး အပိုင်း ဖြစ်သည်။ မြင်းမဏိတောင်တန်းများ အလယ်၌ ရှိလေသည်။ ကျွန်ုပ်နှင့် ဆရာကြီးသည် သားရဲ ကျား ကျားသစ်တို့၏ ရန်မှ ကင်းလွတ်ရန် ညတွင် လင့်ထိုး၍အိပ်ကြရပြီး နေ့လည်နေ့ခင်းတွင်သာ တောင်ပေါ်တွင် လျှောက်ကြည့်ကြရ လေသည်။ တောင်ကြီးမှာ မြင့်လွန်းသဖြင့် နေ့လည်နေ့ခင်း၌ပင် မြူနှင်းများ ဝေမှိုင်းလျက် အေးမြနေတတ်ပေသည်။ ညဥ့်အခါများတွင် အရိုးများကွဲကုန်ပြီလောဟု ထင်မှတ်ကြရသည်။ အံ့သြဖွယ် အခြင်းအရာတခုမှာ တောင်ကြီးတခုလုံးတွင် တောရိုင်းကုက္ကိုပင်များမှတပါး အခြားအပင်များ မပေါက်ရောက်ကြခြင်း ဖြစ်လေသည်။ ထိုထက်ပို၍ အံ့သြစရာကောင်းသည့်အရာမှာ တောင်မကြီး၏ မြောက်ဖက်အစွန်းရှိ ကျောက်တောင်ငယ်တခုမှာ ငှက်ကြီး ဧနန္ဒာ တကောင် ဝပ်နေပုံနှင့် တထေရာတည်း တူညီနေခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် ရောက်သည့်နေ့တွင် အံ့သြလွန်းသဖြစ် စကားအလျှင်း မပြောနိုင်၊ မျက်တောင်မျှမခတ်နိုင်၊ အသက်မျှ မရှူနိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

ခပ်ဝေးဝေးမှ လှမ်းမြှော်ကြည့်လျှင် ငှက်တကောင်၏ နှုတ်သီး၊ ငှက်တကောင်၏ အမောက်၊ အတောင်တို့ကို ထင်ရှားစွာမြင်နိုင်သည်။ မျက်လုံးနေရာမှ အစဉ်သဖြင့် ကျောက်သွေးများ ယိုဆင်းလျှက်ရှိပြီး ခပ်ဝေးဝေးမှနေကြည့်လျှင်ပင် တကယ့်သွေးများ စီးဆင်းနေသည်နှင့် မခြားပေ။ ဤဆေးဘက်ဝင်လွန်း အဖိုးတန်လွန်းသော ကျောက်သွေးတို့သည် တန်ဖိုးမဲ့ပစ္စည်းကဲ့သို့ အလျှံပယ်ဖြစ်နေသည်။ ညဥ့်အခါတွင် သားရဲ တိရစ္ဆာန်အပေါင်းတို့ ကျောက်သွေးများလာ၍ လျှက်နေကြသံများကို ကျွန်ုပ်တို့ လင့်စင်အပေါ်မှ ကြားနေရတတ်သည်။

ငှက်၏နှုတ်သီးမှ စမ်းရေများ စီးကျနေသည်။ စမ်းရေများသည် ချောင်းငယ်တခုဖြစ်လျက် တောင်မကြီးကို ကောက်ကွေ့စွာလှည့်ပတ်ပြီး အောက်ဖက် အသူတရာနက်လှစွာသော ချောက်ကြီးအတွင်းသို့ ဆူညံစွာ အော်ဟစ် စီးဆင်းသွားနေသည်။

ကျွန်ုပ်နှင့် ဆရာကြီးသည် ဤတောင်ပေါ်၌ ရက်ပေါင်းများစွာ ကုန်လွန်နေကြလေသည်။ သို့သော် ကျွန်ုပ်တို့ လိုချင်သော သိုက်ညွှန်းကို ရှာ၍ မရနိုင်သေး။ ရှာ၍ ရနိုင်ဖွယ်ရာ လမ်းစပင်မရှိ။ ဆရာကြီးသည် ကျောက်သွေး များနှင့် မဏိကက္ကရ ဆေးမြစ်များကို စုဆောင်းနေသော်လည်း ကျွန်ုပ်တို့၏လာရင်းကိစ္စကိုမူ လက်လျှော့ ချင်လာသည်။ သို့သော် ကျွန်ုပ်တို့သည် တနေ့ တွေ့နိုးနိုး တွေ့နိုးနိုးဖြင့် တရက်ပြီးတရက် ဆက်၍ သီးခံ ရှာဖွေနေကြသည်။

တနေ့ နေ့လည်တွင် ကျွန်ုပ်သည် ခါးဝတ်အင်္ကျီကို စမ်းချောင်း၏ နံဘေးရှိ လေးထောင့်စပ်စပ် ကျောက်တုံးပေါ်၌ ဖွပ်လျှော်မိသည်။ နေ့ခင်း၌ပင် အအေးဓာတ်မှာ ကြာရှည်သီးမခံနိုင်အောင် စိမ့်ပြီးအေးမြနေသည်။ ကျောက်တုံးသည် ရေ၌ တဝက်မြုပ်လျှက် ကုန်း၌ တဝက်ပေါ်နေသည်။ အစတွင် အမှုမဲ့နေသဖြင့် မသိသာသော်လည်း တဖြည်းဖြည်းနှင့် ကျွန်ုပ်၏နားထည်း၌ ကြားနေရသော ကျောက်တုံးနှင့် အဝတ်ထိသံကို သတိထားလာမိသည်။ ထိုအသံမှာ လုံနေသော စည်တိုတခုကို ထုနှက်နေသကဲ့သို့ လိုဏ်သံဖြစ်နေပေသည်။

နောက်ဆုံး အဝတ်ဖွပ်လျှော်ပြီး ထိုင်ရာမှ ထမည်ပြုသောအခါ ကျွန်ုပ်သည် လိုဏ်သံပါနေသော ကျောက်တုံးကို အမှတ်မဲ့ ကြည့်ရှုမိပြန်သည်။ ကျောက်တုံး၏ လေးထောင့်စပ်စပ် ဖြစ်နေပုံမှာ လူများပြုပြင်ထားသကဲ့သို့ ပုံကျပန်းကျ ဖြစ်နေသည်ကို သတိပြုလာမိသည်။ ထို့နောက် ကျောက်တုံးအထက်ခြေအနီးမှ တဖြောင့်တည်း တန်းပြေးသွားသော အစင်းကြောင်းရှည်ကြီးကို သတိထားလိုက်မိပြန်လေသည်။ ကျောက်တုံး၏ လှိုင်းရစ်များထနေပုံမှာ အင်ကြင်းသားတစ်ခုကို ဖြတ်တောက်ထားသည့် အတိုင်း ဖြစ်နေသည်။ ထို့နောက် ကောက်၍ မ ကြည့်သောအခါ ကျောက်တုံးတစ်ခုကဲ့သို့ မလေးဘဲ အတွင်း၌ အခေါင်းပါနေသဖြင့် ပေါ့နေသည်ကို တွေ့ရပြန်သည်။ အင်ကြင်းသားသေတ္တာတလုံးမှ နှစ်ပေါင်းကြာရှည်လာသောအခါ ကျောက်ဖြစ်သွားခဲ့ရသည့် ကျောက်သေတ္တာ ဖြစ်မည်မှာ သေချာပေသည်။

တနေ့ခင်းလုံးလုံး ကျွန်ုပ်သည် သေတ္တာကို ကြံဖန်၍ ဖွင့်နေ၏။ ညနေခင်းဘက်၌ ကျွန်ုပ်၏ လက်နှစ်ဘက်စလုံးမှာ သွေးများ ချင်းချင်းနီလျှက် ရှိလေသည်။ လက်ဖဝါးပြင်မှာ ပေါက်ပြဲလျှက် ရှိသည်။ သို့သော် နောက်ဆုံး၌ ကျွန်ုပ်သိချင်ဇော ပြင်းထန်သည့် ကျောက်သေတ္တာမှာ ပွင့်သွားရလေသည်။

ဆရာကြီးသည် ကျောက်သေတ္တာကို ငုံ့ကြည့်နေသည်။

အတွင်း၌ မြင်ရသော ပစ္စည်းများကို ဆရာတပည့်နှစ်ဦးသည် မျက်လုံးပြူးလျှက်၊ ပါးစပ်များဖွင့်ဟလျှက် အံ့အားသင့်နေကြလေသည်။ နှင်းမှုန်များ အုံ့ဆိုင်းနေသည့် အမှောင်ထည်း၌ ကျွန်ုပ်တို့မြင်နေရသော အရာများမှာ အံ့အားသင့်စဖွယ်လည်း ဖြစ်နေပေသည်။

http://cyberbooks.myanmarchat.org



ရွှေသရဖူ ဦးသျှောင်တခု၊ ပင်ကိုယ်က ပါးလျှပ်လှ၍ ယခု ပြာအတိ ဆွေးမြည့်နေပြီဖြစ်သော အဝတ်စတခု၊ ပေစာရွက်ထင်ရသည့် အရာသုံးခုနှင့် ကြေးညိုများဖုံးလွှမ်းလျှက် ပျက်စီးဘနန်းဖြစ်နေသော ပုရပိုက်ကြီးတခုကို တွေ့ကြရပေသည်။

ကျွန်ုပ်တို့ ကိုင်ကြည့်သောအခါ ပေစာရွက်နှင့် အဝတ်စမှာ လေထည်း၌ ပြာဖြစ်ပြီး ပါသွားကြသည်။ မှောင်နေပြီဖြစ်သဖြင့် ပြန်ပိတ်ခဲ့ပြီး ကျွန်ုပ်တို့သည် လင့်စင်ပေါ်၌ တတ်ရောက်အိပ်ကြရပေသည်။

ဦးသျှောင်မှာ ပန်ထွာ ဘုရင်မကြီး၏ သရဖူဖြစ်၍ ကြေးပုရပိုက်ကြီးမှာ လောကီဂန္ဓာရီ အတတ်ပညာများ ဖြစ်နေမည်ဟု မှန်းဆလျှက် ကျွန်ုပ်တို့မှာ တညလုံး အိပ်မပျော်နိုင်ကြတော့ပေ။ နံနက်လင်းလျှင်လင်းချင်း လင့်စင်ပေါ်မှ အပြေးဆင်းသွားကြပြီး ကျွန်ုပ်တို့သည် ပါလာသော ကြေးချွတ်ဆေးများဖြင့် တိုက်ချွတ်လျှက် ပုရပိုက်ကြီးကို ဖတ်ရှုကြလေသည်။

ထိုအခါ ကျွန်ုပ်တို့ ထင်တွေးထား မျှော်လင့်ထားသည်တို့နှင့် တတ်တတ်စင်အောင် လွဲနေသည်ကို တွေ့ကြရပေသည်။ . . . . . . ရှေးဟောင်း ပြူဘာသာ စတင်၍ ပေါ်ဦးကာလအတိုင်း ရှေးဟောင်း သက္ကဋ္ဌဘာသာ တဝက်နှောလျှက် ရှိပေသည်။ ဆရာကြီး အကူအညီဖြင့် ကျွန်ုပ်သည် ကြိုးစား၍ ဖတ်ရှုရပေသည်။

လူတို့သည် မည်သည့်ကာလမှစ၍ စာပေတို့ဖြင့် မှတ်တမ်းတင်သော အလေ့အထ ရှိလာခဲ့သနည်း။ သမိုင်းဆရာများ၏ အလုပ်သာဖြစ်ပေသည်။

သို့သော် ကျွန်ုပ်တို့ ဖတ်ရှုနေရသော ပုရပိုက်ကြီးမှာ လူတဦး၏ မှတ်တမ်းကြီးတစောင် ဖြစ်နေပေသည်။ စင်စစ် မူရင်းမှတ်တမ်း၌ အစီအစဉ်မရှိ၊ ကမောက်ကမ နိုင်လွန်းလှလေသည်။ စာတလုံး၏ ဆိုလိုချက်ကိုပင် ကျွန်ုပ်တို့သည် ဦးနှောက် ပျက်ကုန်တော့မည်အတိုင်း ရှာဖွေစေ့စုခဲ့ရပေသည်။ နောက်ဆုံးတွင် မူရင်း၏ ဆိုလိုချက်တို့ကို ကျွန်ုပ်တို့ ငုံမိပေပြီဟု ဆိုလာနိုင်သည်။

ကျွန်ုပ်တို့ လက်လျှော့ပြန်လာခဲ့ပြီးနောက် ရွှေသရဖူကို ကျွန်ုပ်တို့သည် ဂျူနရာဇာ ဆရာစံ၏ အဖွဲ့ဝင် လက်ရုံးများ ဖြစ်သည်နှင့်လျော်စွာ နိုင်ငံအကျိုးအတွက် ထုခွဲ၍ သုံးစွဲလိုက်ကြပေသည်။ ထို့နောက် ပုရပိုက်ကြီးမှ အကြောင်းအခြင်းအရာများကို ကျွန်ုပ်သည် ဆီလျော်အောင်ပြန်ဆိုရာ၌ မူရင်း အမည်နာမ အခေါ်အဝေါ်များမှာ ယခုခေတ် နှုတ်၊ အာ၊ လျှာတို့ဖြင့် ခေါ်ဆိုရန် ခဲယဉ်းလွန်းသဖြင့် ကျွန်ုပ်သည် စစ်ကိုင်း အင်းဝခေတ်များမှ သင့်လျော်ရာ အဓိပ္ပာယ်တူသော အမည်များကို သုံးစွဲလျှက် ရေးသားအပ်ပေသည်။

. . . . မှတ်တမ်းကို ဖတ်ရှုလျှင် ဆင်စွယ်နှစ်ခုဖြင့် ထုထွင်း၍ ထားသော . . . . . . . . . ကိုယ်ပွား ရုပ်တုငယ် . . . . . သည်။ ရုပ်တုကို ကျွန်ုပ်တို့ မတွေ့နိုင်တော့ပေ။ အဘယ်ကြောင့် ဆိုသော် ထိုပုရပိုက်ကြီးဖြင့် မှတ်တမ်းတင် ခဲ့သူသည် ဘုရင်မ၏ ရုပ်ထုတော်ကို သေသည့်တိုင်အောင် လက်မှ မချဘဲနေပြီး။ ၎င်းနှင့် အတူတကွ ပျောက်ကွယ်သွားမည် ဖြစ်သောကြောင့် ဖြစ်ပေတော့သည်။

မောင်သက်ရှည်
၁၂၉၅ခု တန်ခူးလဆန်း ၂ရက်
ခေတ္တ ခိုအောင်းပုန်းရှောင်(ဆွာမြို့)

http://cyberbooks.myanmarchat.org


*မဟူရာ ရတနာသည် ရှားပါးလွန်း၍*
*တန်ဖိုးကြီးလွန်းလှသည်ဟု ဆိုသည်။*

(၁)

သျှိုဝ၏ ဗဟိုချက်ခြာ စံတော်အိမ် တောင်ကုန်းထက်မှ ငုံ့ကြည့်လိုက်လျှင် သျှိုဝသည် နှင်းမှုန်များဖြင့် ရေးချယ်ထားသော ပန်းချီကားတချပ်အလား ထင်မှတ်မှားရလေသည်။ လမ်းသေး လမ်းမွှာမှန်သမျှသည် ဗဟိုတောင်ကုန်းမှ ခွဲဖြာ ထွက်သွားကြသည်။

အဝေး အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်လိုက်လျှင် ရွာပေါင်းများစွာ၊ လယ်ယာပေါင်းများစွာ၊ စိုက်ပျိုးဥယျာဉ်ပေါင်း များစွာကို မပီမသ မြင်ရသည်။ ထိုအရာတို့မှာ သျှိုဝ၏ ပိုင်နက် နယ်မြေများဖြစ်သည်။ အဆုံးသတ်တွင် တောင်တန်းပြာကြီးသည် ဘောင်ခတ်ပိတ်ဆို့လျှက် ရှိသည်။

ကျုပ်သည် စံတော်အိမ်တောင်ကုန်းမှ တောင်ခါးပန်း လှေကားထစ်များ အတိုင်း တထစ်ချင်းနင်း၍ ဖြေးဆေးလေးလံစွာ ဆင်းသက်နေမိ၏။ တောင်ခြေတွင် ညီလေးသူရ ဦးစီး၍ ဓါးခုတ် လှန်ထိုး လေ့ကျင့်ခန်း ဆင်းနေသော သျှိုဝ စစ်သူရဲကောင်များ၏ ဟစ်ကြွေးသံများသည် လေနှင့်အတူ မျော၍ တောင်ကုန်းအထက်သို့ ပင့်တက်လာနေသည်။ သို့သော် ကျုပ်၏ရင်ထည်းတွင် ဆူပူလှုပ်ရှားလျှက် ရှိလေသည်။ အစဉ်သဖြင့် အေးငြိမ်းသော သျှိုဝသည် ယခုအခါတွင်ကား မအေးငြိမ်းနိုင်တော့ပြီ။ အေးငြိမ်းမှု ဟူသည် တနေရာတည်း တကန့်တည်း၌ သီးသန့် သီးခြား ဖြစ်ပေါ်နေတတ်သော အရာမဟုတ်။

ဖခင်ကွယ်လွန်ပြီးနောက် ကျုပ်သည် သျှိုဝ မြို့စားကလေးအဖြစ်နှင့် အရိုက်အရာကို ဆက်ခံခဲ့၏။ သျှိုဝသည် မည်သည့် လက်အောက်တော်ခံမျှမဟုတ်ဘဲ သီးခြား တည်ရှိခဲ့၏။ ငြိမ်းချမ်းခဲ့၏။

သျှိုဝနှင့် တမြေ တရေတည်း၌မူ ငမင်၊ စစ်တား၊ ဗိဿနိုးတို့ ပေါင်းစပ် တည်ထောင်ထားသော ပန်ထွာ နိုင်ငံတော်ကြီး တည်ရှိနေသည်။ ပန်ထွာနှင့် သျှိုဝသည် အစားအသောက် အနေအထိုင်မှစ၍ အားလုံး တူညီခဲ့သည်။ ငမင်၊ စစ်ကား၊ ဗိဿနိုးတို့မှ ပြောင်းရွှေ့လာလိုသူများအတွက် သျှိုဝသည် အစဉ်သဖြင့် တံခါး

ဟင်းလင်း ဖွင့်လျှက်ရှိပြီး သျှိဝမှ ပြောင်းရွှေ့ သွားလိုသူများ အတွက်လည်း သူတို့သည် အစဉ်သဖြင့်ပင် တံခါးဟင်းလင်း ဖွင့်ပေးထားလျှက် ရှိသည်။ ထို့ကြောင့် ပန်ထွာနှင့် သျှိဝသည် ခွဲခြားမျဉ်းသားထား၍ ရသောအရာမဟုတ် ရေကိုခွဲဖြတ်၍ မရ။

သို့သော် သီရိခေတ္တရာနှင့်မူ သျှိဝသည် တောအလီလီ တောင်အထပ်ထပ် ခြားသည်။ ရေမြေ ခြားနေသည်။ ဘယ်စဉ်ကမျှလည်း မဆက်စပ် မပက်သက်ခဲ့။

တောင်ခါးပန်း လှေကားထစ်များပေါ်မှ ဆင်းသက်နေသော ကျုပ်၏ ခြေလှမ်းများမှာ ပို၍နှေးကွေးနေသည်။ လွန်ခဲ့သော လေးရက်ကို ဤ စကြဝဠာကြီးထည်းမှ ဖြုတ်၍ လွှင့်ဖယ်ပစ်ထားချင်လေသည်။

လွန်ခဲ့သည့် လေးရက်က သီရိခေတ္တရာဘုရင် ဒွတ္တဘောင်ထံမှ အမိန့်စာချွန်ရောက်လာလေသည်။ သျှိဝမှ ထွက်သမျှ ကုန်စည်တို့၏ ဆယ်ပုံတပုံကို သီရိခေတ္တရာ အရှင်မင်းမြတ်ထံသို့ အစဉ်အမြဲ အခွန်ပဏ္ဏာတော်အဖြစ် ဆက်သရမည်ဟု ဆို၏။ သျှိဝသည် အကြောင်းတစုံတရာမျှမပြန်ဘဲ သည်အတိုင်း နေလိုက်၏။ သို့သော် တခုခုတော့ ပြုမှုဖြစ်မည်။ ဦးရီးတော်သည် သူနှင့်မဆိုင်သလို မပူမပင်နေသည်။ ဦးရီးတော်၏ ဆန္ဒမှာ ကျုပ်တို့ ဆုံးဖြတ်သည့်အတိုင်း တာဝန်ပုံချပေးထား၏။ ညီလေးသူရကမူ သီရိခေတ္တရာ ရန်သူတပ်များကို ဇွတ်ခုခံတိုက်မည် ဟုသာ ဆုံးဖြတ်ထား၏။ သူသည် နေ့စဉ် စစ်ရေးအတွက် သွေးဆူပွက်စွာဖြင့် လေ့ကျင့်နေ၏။ ထိုအချိန်မှစ၍ သူတို့စစ်ရေးလေ့ကျင့်မှုမှာ ပို၍ပြင်းထန်လာသည်။ ယခုလည်း သူသည် စစ်ရေးကို အပြင်းအထန် လေ့ကျင့်နေလျှက်ပင်။

သူနှင့်ကျုပ်သည် မမျှော်လင့်ဘဲ သဘောထား တဖက်စီ ကွဲသွားလေသည်။ ကျုပ်၏ဆန္ဒမှာ သျှိဝသည် ပန်ထွာနှင့် တလုံးတစည်းတည်း စုပေါင်းလိုက်လျှင် မည်သည့်ရန်သူကိုမှ ကြောက်ရွံ့နေရမည် မဟုတ်။ ညီလေးကမူ ပန်ထွာနှင့်ပေါင်းရန် ဇွတ် ငြင်းဆန်လေသည်။ သူဆန္ဒအရ သျှိဝကို သီရိခေတ္တရာ လက်အောက်တော် ခံလိုက်ခြင်းနှင့် ပန်ထွာလက်အောက်တော် ခံလိုက်ခြင်းမှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် သီရိခေတ္တရာ တပ်များလာလျှင် ခုခံတိုက်ခိုက်မည်။ အသေခံ၍ တိုက်ခိုက်မည်။

အလွန်သေးငယ်သော သျှိဝသည် မည်သည့်နည်းဖြင့် သီရိခေတ္တရာတပ်မကြီးများကို တွန်းလှန်နိုင်ပါမည်နည်း။ ထိုနေရာမှစ၍ စကားဆိုင်ပြောလိုက်လျှင် ညီနှင့်နောင်သည် တဖက်တလမ်းစီဖြင့် . . . ၏။ နောက်ဆုံး ပဋိပက္ခမှာ ပို၍ပို၍ ကြီးမားလာလေသည်။ . . . . . လေ ရက်တာမျှ အချိန်ဆွဲ၍ . . . . . . . ဖျောင်းဖျနေခဲ့၏။ သို့သော် မရနိုင်တော့ပါ။ သူ့ကို နားလည်လာအောင် ပြော၍ ဖျောင်းဖျ၍ မရနိုင်တော့ပြီ။ စိတ်အား လျှော့ထားရမည် အချိန်ရောက်နေပြီ။

ကျုပ်သည် စိတ်ပင်ပန်း မောပန်းစွာဖြင့် တော၏ ခါးဆစ်ချိုးခုလပ်တွင် ရက်တန့်လိုက်လေသည်။ မည်သို့ဖြစ်စေ အချိန်ကုန်ခံ၍ မဖြစ်နိုင်တော့ပြီ။ ဒွတ္တဘောင်၏ အန္တရာယ်မှာ သည်နေ့လား၊ နက်ဖြန်လား ဖြစ်နေ၍ သူ့သဘောဆန္ဒကို အရညှိယူနေရန် အချိန်မရှိတော့။ ဆုံးဖြတ်ချက်အတိုင်း ဇွတ်ပြုလုပ်ရန် တချက်တည်းသာ ရှိတော့၏။ ကျုပ်သည် တောင်ခုလတ်မှ လက်ယမ်းပြလိုက်သည်။ စစ်ရေးလေ့ကျင့်သူများသည် မော့ပြီး ကြည့်နေကြ၏။ အဝေးဆီတွင်ရှိသောကြောင့် သူတို့၏မျက်နှာများကို ခပ်သေးသေး ငယ်ငယ်သာ လှမ်းမြင်ရလေသည်။

သူရသည် တောင်လှေကားထစ်များမှ ခပ်ပြေးပြေးလွှားလွှား တက်လာနေသည်။ သူ့ကိုယ်ပေါ်မှ အဝတ်များမှာ ချွေးသံများဖြင့် ရွှဲနစ်နေ၏။ သူသည် သေးသေးသွယ်သွယ် နွဲ့နွဲ့နောင်းနောင်း ကိုယ်ခန္ဓာနှင့် လူချောကလေး တယောက် ဖြစ်သည်။ သူ့မျက်နှာ ကလေးမှာ အစဉ်သဖြင့် ရွှင်မြူစွာ ရယ်မောနေတတ်သည်။ သူသည်

အောက်က လှေကားထစ်တွင် ရပ်တန့်လိုက်ပြီး ကျုပ်၏မျက်နှာကို မော်ကြည့်နေလိုက်သည်။ နုသစ်ပျိုမျှစ်သော သူ့မျက်လုံးများသည် နံနက်စောစော ဝေနေသည့် နှင်းမှုန်များထဲ၌ ထ၍ တောက်ပနေကြသည်။

“ငါအခုပြောတာ၊ မင်းကို တင်ပြနေတာ၊ မင်းဆန္ဒနဲ့ ကိုက်ညီအောင် ညှိနှိုင်းနေတာ မဟုတ်တော့ဘူး သူရ။ သျှိဝမြို့စား တယောက်အနေနဲ့ ယတိပြတ် ဆုံးဖြတ်ပြီးသားကို ချမှတ်ပြောပြနေတာ။ ဘာဖြစ်လို့လဲဆိုတော့ ဒို့များဟာ ဒီနေ့လား မနက်ဖြန်လား သီရိခေတ္တရာသားတွေ ချေမှုန်းတာကို ခံရတော့မှာ၊ ဒီတော့ ပန်ထွာကို သွားရမယ်။ ဖြစ်နိုင်တဲ့နည်းနဲ့ ရှိတဲ့ထွက်ပေါက်ကို အသုံးပြုရမယ်”

တောက်ပနေသော သူ့မျက်လုံးများသည် ရုတ်တရက် မှိန်သွား၏။ ထို့နောက် တဖန် ပြန်၍ တောက်ပလာကြပြန်သည်။ သူသည် နောက်လှေကားထစ် ထပ်၍ တက်လိုက်သည်။ ထိုခဏ၌ သူ့မျက်နှာမှာ မဲညစ်ညိုမှိုင်း သွားလေသည်။

“ယတိပြတ် ဆုံးဖြတ်ပြီးသားလား အကိုတော်။ ယတိပြတ် ဆုံးဖြတ်ချတ် ချမှတ်ချက်ဆိုတာ ပြင်လို့ မရတော့ဘူးပေါ့။ ကျွန်တော်တော့ ဘယ်သူကိုမဆို တိုက်မှာပဲ။ ကျွန်တော့် လူတယောက်က သူတို့လူ ဆယ်ယောက်ကို မကြောက်ဘူး။ အစော်ကားခံရတဲ့ လူတယောက်က သူ့ကိုသူ ခုခံကာကွယ်တာနဲ့ စော်ကားတဲ့ လူဆယ်ယောက် တိုက်ခိုက်တာနဲ့ အတူတူဘဲ။ ဒင်းတို့ကို ကျွန်တော် အပြတ်အသတ် တိုက်ပြပါ့မယ်။ သွေးအိုင်တွေ ပင်လယ်ပြင်ကြီး ဖြစ်သွားရပါစေ့မယ်။ အဲဒါ ဘယ်သူ့လက်အောက်မှာမှ မနေချင်တဲ့ စိတ်ဓာတ်၊ သီရိခေတ္တရာ လက်အောက်မှာ နေရတာနဲ့ ပန်ထွာနိုင်ငံရဲ့ ခြေဖဝါးတော်အောက်မှာ ပြားပြားမှောက်ရတာနဲ့ ဘာများထူးသေးလို့လဲ၊ ဘာများ ခြားနားနေသေးလို့လဲ”

ဒါဘဲလေ. . . . ဆုံးဖြတ်ပြီးသားဆိုတာ အလျှော့အတင်းမရှိတော့ဘူး၊ သျှိဝဟာ သူ့အင်အားနဲ့သူ ဘယ်နည်းနဲ့မှ မရပ်တည်နိုင်ဘူး သူရ”ဟု သူ့စကားကို ဝင်ရောက် ဖြတ်ပြောပစ်လိုက်သည်။ “ငါ အခုဘဲ ခရီးထွက်တော့မယ်။ ဗိဿနိုးက စစ်သည်အကူ အညီ ယူခဲ့မယ်။ ငါမရှိတုန်း သျှိဝကို မင်း ဦးရီးတော်နဲ့ တိုင်ပင်ပြီး . . . . . . . အုပ်ချုပ်ထားဘို့ လွှဲအပ်ခဲ့ရှဲဘဲ”

သူနှင့်ကျုပ်သည် တောင်ကုန်းထိပ် စံအိမ်ဘက်သို့ ဘေးချင်းယှဉ်၍ တတ်လာနေကြသည်။ သူသည် ခေါင်းကို ငုံ့ထား၏။ တခုခုကို လေးလေးနက်နက် တွေးတောလာနေပုံရ၏။ သူ၏ အသက်ဆယ့်ခြောက်နှစ် နုပျိုသော မျက်နှာကလေးမှာ အိုမင်းရင့်ယော်နေဟန် ပေါက်နေသည်။

ကျုပ်တို့ညီနောင်သည် တောင်ကုန်းထိပ်တွင် ရပ်တန့်ကြလေသည်။ ကျုပ်သည် ခရီးထွက်မည့် အစီအစဉ်များကို ချက်ခြင်း စီစဉ်လိုက်လေသည်။ ခရီးအမြဲသွားတိုင်း ပါနေကျဖြစ်သည့် မြင်းကြီးအာကာ၊ ကျုပ်အမြဲသုံးသည့် နှစ်ဖက်သွား ဓား၊ ထိုပြင် ဆေးပုရပိုက်ကြီးမှာ ကျုပ်၏ ခမည်းတော်လက်ထက် သမားတော်ကြီး ရေးမှတ်ခဲ့သော ပုရပိုက် ဖြစ်လေသည်။ ထိုဆေးပုရပိုက်ကြီးဖြင့် ရုတ်တရက်တွေ့ကြုံရသော အခက်အခဲများကို အကြိမ်ကြိမ် ဖြေရှင်းခဲ့ဘူး၏။ တခါက တောကြီးမျက်မည်းထည်း၌ နောက်ပါတယောက် မြွေကိုက်ရာတွင် ကယ်တင်ခဲ့ဘူး၏။ ခရီးသွားရင်း မြင်းကြီးအာကာလဲကျသွားသဖြင့် ထိုဆေးပုရပိုက်ကြီးမှ ဆေးနည်းဖြင့် ကုသခဲ့ဘူး၏။ တခါက ရေနစ်၍ သေအံ့ဆဲဆဲ လူမမာတဦးအား ထိုဆေးကျမ်းမှ နည်းဖြင့် ကယ်တင်ခဲ့ရဘူး၏။ ထိုအချိန်မှစ၍ ထိုဆေးကျမ်းမှာ ကျုပ်၏ ကိုယ်နှင့်မကွာ ရှိနေခဲ့ရလေသည်။ နောက်တခုမှာ ကျုပ်၏လက်နှင့် အစဉ်အမြဲ မကွဲမကွာ ရှိနေခဲ့သော စောင်း ဖြစ်လေသည်။

“ငါ သွားမယ်၊ မင်း ပြောစရာရှိတာ ပြောပါ” ဟု ကျုပ်သည် သူ့ကို အသံငြိမ်ငြိမ်ဖြင့် ပြောလိုက်လေသည်။

သူသည် ကျုပ်၏မျက်နှာကို နေရောင်ခြည်ထည်း၍ လှည့်ကြည့်လိုက်လေသည်။ သူ့မျက်နှာပေါ်တွင် တခါဘူးမျှ မမြင်မတွေ့ဘူးသေးသည့် အပြုံးတမျိုးကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပေသည်။ ထိုအပြုံးမှာ သရော်သော အပြုံးဟု ခေါ်ရမလို ဖြစ်နေ၏။ သူ့နှုတ်ခမ်း ထောင့်စွန်းများသည် အပေါ်သို့ ကော့၍ ပင်တက်နေကြလေသည်။ သူ့မျက်လုံးများသည် ရုတ်တရက် မှေးမှိန်သွားပြီး အေးစက်တင်းမာသွားသည်ဟု ထင်မှတ်ရသည်။

"ကျွန်တော် ပြောဆိုနိုင်ခွင့် မရှိပါဘူး၊ အကိုတော်။ သျှိဝနယ်မြေအားလုံးကိုရော၊ သျှိဝမှာ ရှိသမျှလူသူတွေကိုရော ကျွန်တော်တို့ကိုရော အကိုတော် ပိုင်သပါတယ်။ အကိုတော်ကြိုက်သလို လုပ်နိုင်ပါတယ်။ ကျွန်တော်တို့မှာ ငြိမ်သက်နေကြရုံပါဘဲ။ လယ်ပင်း စင်းပေးကြရုံပါဘဲ။ သျှိဝသားတွေကို ဗိသနိုးသားတွေ ခြေဖဝါးအောက် အရောက်ပို့ပေးတဲ့အထဲမှာ ကျွန်တော် မပါပရစေနဲ့"

"မင်း နားမလည်နိုင်ပါဘူး၊ သျှိဝနဲ့ ပန်ထွာဟာ တရေထဲ တမြေထဲ၊ ဘယ်တုန်းကမျှား ခွဲခြားထားခဲ့လို့ ရကြတာမဟုတ်ဖူး။ ဒါပေမယ့် စည်းစည်းလုံးလုံး ရှိခဲ့ကြတာ မဟုတ်ဖူး၊ အခုမှ စည်းစည်းလုံးလုံး ပြန်ဖြစ်ရမှာ ရန်သူကို ညီညီညာညာ ပြန်တိုက်ကြရမှာ"

"ပြီးတော့ အကိုတော်၊ သျှိဝဟာ ဘယ်တုန်းကမှ ဘယ်နိုင်ငံရဲ့ လက်အောက်ခံမှ မဖြစ်ခဲ့ရဘူးဘူး၊ အခုမှ ပန်ထွာကို အခွန်ပဏ္ဏာတော် ဆက်သရမှာ၊ အခုမှ ပန်ထွာက စစ်တပ်ကြီးတွေ ရောက်လာပြီး သျှိဝသားတွေရဲ့ ကျောပြင်ပေါ်မယ် တက်နင်းထားကြရမှာ၊ အခုမှ သျှိဝသားတွေဟာ ပန်ထွာသားတွေရဲ့ ကျွန်တွေဖြစ်ကြရမှာ"

"တော်တော့"ဟု ကျုပ်၏ ဒေါသ ပေါက်ကွဲ အော်ဟစ်လိုက်သံသည် တောင်ထိပ်ပေါ်၌ မြည်ဟိန်းသွားလေသည်။ သူသည် ခေါင်းကိုငုံ့လိုက်၏။ သို့သော် သူ့မျက်နှာပေါ်မှ သရော်ရိပ် လွှမ်းနေသောအပြုံးမှာမူ ထင်ဟပ်နေဆဲ ဖြစ်သည်။ အိမ်တော်မှူထမ်း တဦးက ခရီးထွက်ရန် အသင့်ပြင်ပြီးကြောင်း လာပြောသည်။ ဆံပင်များ ဖြူဆွတ်စ ပြုနေပြီဖြစ်သော ဦးရီးတော်က ကျုပ်အား နောက်လိုက်နောက်ပါ မပါဘဲ ခရီးမထွက်သင့်ကြောင်း ပြောနေသည်။ ခုအခါတွင် လူတစ်ယောက် လျှော့သွားခြင်းမှာ သျှိဝအတွက် အင်အားတစ ဆုတ်ယုတ်သွားခြင်းပင် ဖြစ်သဖြင့် ကျုပ်သည် ဦးရီးတော်အား မလိုအပ်ကြောင်း တိုတိုပြတ်ပြတ် ပြောလိုက်လေသည်။

"မင်းပြောတဲ့အတိုင်း ဖြစ်လာတဲ့နေ့မှာ အကိုတော်နဲ့စပြီး ပဋိပက္ခ ဖြစ်ရမယ် ညီငယ်"ဟု ကျုပ်သည် သူ့ပခုံးကို ခပ်သာသာ ကိုင်လှုပ်ပြီး ပြောလိုက်လေသည်။ ထိုနေရာ၌ စိတ်လေးလံ မှိုင်းတွဲ့စွာဖြင့် ခဏမျှ ရပ်တန့်ငေးမော နေမိသည်။ သို့သော် ကျုပ်၏ ဆုံးဖြတ်ချက်သည် အမှန်ကန်ဆုံး အတိကျဆုံးဖြစ်၏။ တနေ့တွင် ညီငယ်နားလည် လာပါလိမ့်မည်ဟု တွေးယူလျှက် ထိုနေရာမှ လှည့်ထွက်လိုက်လေသည်။

သျှိဝမြို့မှ ထွက်လာပြီးသည့်နောက်တွင်လည်း စိတ်ထည်း၌ ထိုင်းမှိုင်း လေးလံနေဆဲဖြစ်သည်။

သစ်စ ထွန်းစ နေခြည်အောက်တွင် နှင်းမြူဝိုင်းနေသော လှပသည် သျှိဝမြို့တော်သည် အဝေးဆီတွင် ကျန်ရစ်ခဲ့ပြီး တဖြည်းဖြည်းမှေးမှိန် ပျောက်ကွယ်သွားလေသည်။

ထိုနေ့သည် သာသနာ သကရာဇ် ၁၀၂ ခု၏ ဆောင်းနေ့တနေ့ ဖြစ်ပေသည်။

(၂)

ဘုရင်မအား ပထမဆုံးအကြိမ် တွေ့ဆုံဖူးမျှော်ရသောနေ့မှာ ယခုမှပြန်၍ တွေးလျှင် မနေ့ တနေ့ကဟု ထင်မှတ်နေရသော်လည်း စင်စစ် ၆ နှစ်ကျော်မြောက်၍ ၇ နှစ်အတွင်းသို့ ရောက်ခဲ့လေပြီ။

ဗိဿနိုးကို ရပယ်ချောင်းသည် လအကွေးလို ဝိုင်းရစ်ထား၏။ တိုင်ဝက်သာသာ ကျယ်ပြန့်သော ချောင်းပြင်ကျယ်ကြီးမှာ ကြည့်မျှော်၍မဆုံးဘဲ သဲကန္တာရတခုလို စိတ်၌ ထင်မှတ်စဖွယ် ဖြစ်လေသည်။ ချောင်းကို ရေများသည် ပြည့်အောင် မလာနိုင်ဘဲ ချောင်းထည်း၌ပင် ချောင်းငယ်ကလေးများအဖြင့် ရေစပ်စပ်မျှသာ စီးဆင်းနေနိုင်လေသည်။ စိမ်းညို့သော၊ ပြာမှိုင်းသော သစ်ပင် အစုအအုပ်ကလေးများသည် နေရာအနှံ့အပြား တွင် ချောင်းပြင်ထက်၌ ပေါက်ရောက်နေသည်။ မြင်းကြီးအာကာသည် ရေစပ်စပ်ထည်း၌ နှုတ်သီးနှစ်ပြီး အပန်းဖြေရေ သောက်နေသည်။ သူ၏ ကြွားရရွားနိုင်သော လည်ဆံမွေးများသည် အထက်သို့ ဖွာပြီး ပုံ့တတ်နေကြသည်။ ကျယ်ပြန့်သော ရပယ်ချောင်း၏ အထက်ဖက်ဆီ၌ တောင်တန်းညို့ကြီးနှင့် မှိုင်းပြာနေသော သစ်တောကြီးကို ခပ်ရေးရေး လှမ်းမျှော်မြင်ရသည်။

တောင်တန်းကြီးများ၌ မိုးရွာလျှင် ဤချောင်းသို့ ရေများအလျှံအပယ် ကျလာမည်။ ချောင်းမှာ တောင်တန်းမှ ရေတံလျှောက်တခုလို နိမ့်လျှောကြီး ဆင်းလာခဲ့သည်။ အကယ်၍ ရေများ ကမ်းပြည့်ကမ်းလျှံသာ ကျခဲ့လျှင် ချောင်းရေများမှာ ဆင်အုပ်ကြီးပေါင်းများစွာ ဖြတ်ပြေးလာသကဲ့သို့ လှိုင်းလုံးကြီးများ ဆူညံစွာ အော်ဟစ်ပြီး ကျဆင်းလာမည်။ အရာရာကို ဖျက်ဆီးဝါးမျိုပစ်လိမ့်မည်။

ရှေ့တွင် ရပယ်၏ နဖူးပေါ်တွင်ရှိသော ဗိဿနိုးမြို့ရိုးကြီးများကို လှမ်းမြင်နေရလေသည်။ ချောင်းမှအတတ် ကမ်းပါးယံကို ဖြိုခွဲထားသော ဗိဿနိုးမြို့တော် အဝင်လမ်းသည် ညီညာပြေပြစ်သော အတက်လမ်း ဖြစ်သည်။ အာကာသည် အတက်လမ်းမှ ခပ်ဖြည်းဖြည်း တက်ရောက်သွား၏။

တံခါးဝတွင် တံခါးမှူးသည် ကျုပ်ကိုရပ်တန့်စေ၍ စစ်ဆေးသည်။ ကျုပ်က သျှိဝမြို့စားဖြစ်ကြောင်း ဘုရင်မင်းမြတ်ကြီးအား အရေးကြီးလှသော ကိစ္စကြောင့် ဖူးမျှော်ရန် လာရောက်ကြောင်း ပြောသောအခါ သူသည် အစောင့်တယောက်အား မြင်းနှင့် အပြေးအလွှား လွှတ်လိုက်လေသည်။ ထို့နောက် အချိန်အတန်ကြာမှ အစောင့်သည်မြင်းနှင့် မြို့ထည်းဘက်မှ ပြန်၍စိုင်းလာခဲ့သည်။ ထိုအစောင့်က ရှေ့မှ လမ်းပြ ခေါ်ဆောင် သွားလေသည်။

ဗိဿနိုးသည် မိမိအတွက် အစိမ်းသက်သက် မြို့တစ်မြို့ဖြစ်နေသဖြင့် ကျုပ်သည် အရာရာတိုင်းကို ငေးမောကြည့်ရှု လာခဲ့မိလေသည်။ ဆင်တပ်၊ မြင်းတပ်၊ ဗြတိုက်တော်၊ ဗိဿနိုး၏ အဆောက်အဦးများသည် များသောအားဖြင့် မြေအုတ်တို့ဖြင့် ရဲရဲတောက်ပလျှက် ရှိသည်။ မြို့အတွင်း ရှုပ်ထွေးလှသော လမ်းသေး လမ်းမြွာများကို ဖြတ်သန်းလာခဲ့ပြီးနောက် နန်းတော်ဝင်း မြို့ရိုးကို တဆင့် လှမ်းမျှော်မြင်ရသည်။ မြင်းများသည် သဲဖြူများခင်းထားသည့် လမ်းမကြီးပေါ်မှ ဦးခေါင်းများ ကြွားရွှားဝင့်လျှက် ရှေ့သို့ ခပ်နှေးနှေး တိုးသွားနေ ကြသည်။ အာကာသည်လည်း အရာရာကို မှတ်သားနေသလို နှာခေါင်းဖြင့်မှော့၍ ရှုလျက်ရှိသည်။

နန်းတော် ဝင်းစောင့်များသည် ကျုပ်တို့အား ရပ်တန့်၍စစ်ဆေး လိုက်ကြပြန်သည်။ ထိုနေရာ၌ ကျုပ်ထံမှ ဓားနှင့်မြင်းကို သိမ်းပိုက်ကြ၏။ သူတို့သည် ဆေးပုရပိုက်ကြီးနှင့် စောင်းကိုမူ ကိုင်ဆောင်သွားခွင့် ပြုကြလေသည်။ ထိုနေရာ၌ မြို့စောင့်သည် သူ့မြင်းကို ပြန်လှည့်ပြီး မောင်းနှင်သွားလေသည်။ သူသည် ကျုပ်အား ဦးညွှတ်လျက် အရိုအသေပေးပြီး ပြုံးပြ နှုတ်ဆက်သွားသည်။

http://cyberbooks.myanmarchat.org


“သျှိဝ မြို့စားလား” ဟု အစောင့်တယောက်က ကျုပ်အားမေးလေသည်။ သူက သူ့နောက်လိုက်ခဲ့ရန် ပြောသည်။ သူ့နောက်မှ တဆင့် ငြိမ်သက်စွာ လိုက်သွားရလေသည်။ လိုက်ပို့သူသည် စံနန်းတော်ဘက်သို့ ခေါ်ဆောင်သွား၏။ စံနန်းတော်၏ သီးသန့်ဝင်းဝတွင် သူသည် စံနန်းတော်စောင့် အမှုးတော်ကြီးကို အကျိုးအကြောင်း ပြောပြပြီး ပြန်လှည့်သွားသည်။

အမှုးတော်ကြီးသည် ကျုပ်အား တဆင့် စစ်ဆေးပြီး လုံလောက်သော အထောက်အထားများအရ အပျိုတော် တဦးမှတဆင့်၊ အထိန်းတော်ကြီးမှ တဆင့် ဘုရင်မထံသို့ လျှောက်တင် ခိုင်းလိုက်လေသည်။

ထိုနေရာ၌ စောင့်နေစဉ်တွင် ကျုပ်သည် စိတ်လှုပ်ရှားလျက် ငေးမောနေ၏။ ဘုရင်မက ကျုပ်အား စံနန်းတော်ဝင်း အတွင်း ဝင်ခွင့်ပြုတော်မူမည် မဟုတ်ပဲ မနက်ဖြန် ညီလာခံ အချိန်ထိ စောင့်ဆိုင်းထားရန်သာ အကြောင်း ရှိသည်ဟု အစောင့် ဝင်းတော်မှုးကလည်း ထင်နေသည်။ အမှန်ပင် ဝင်ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ အကြောင်းသည် ရေးရေးဝါးဝါးမျှသာ ရှိလေသည်။

ဘုရင်မ၏ စံနန်းတော်ဝင်းအတွင်းသို့ မည်သည် ယောကျ်ားသားမျှ၊ မည်သည့် အချိန်အခါမျှ မည်မျှ အရေးကြီးကြီး ဝင်ခွင့်ပြုသည်မဟုတ်။ သို့သော် အရေးကြီးလှသော တိုင်းရေး ပြည်ရာကိစ္စဖြစ်သဖြင့် ယခု ချက်ခြင်းဝင်၍ တွေ့ခွင့်ပေးမှ ဖြစ်မယ်ဟု ကျုပ်ကလျှောက်တင်ခိုင်းထား၏။ ယခုအခါတွင် အချိန်အနည်းငယ် ဖင့်နှေးဆိုင်းတွနေခြင်းသည် အန္တရာယ်ကို မခုခံနိုင်ဘဲ စောင့်ကြိုနေခြင်း ဖြစ်နေပေသည်။

မကြာမီ ဝင်းဝ၌ အပျိုတော်ဟု ထင်ရသော ယဉ်ကျေးသိမ်မွေ့သည့် နန်းတွင်းသူတဦး လာ၍ ရပ်လိုက်လေသည်။ သူကိုယ်ပေါ်မှ အဝတ်များမှာ မတောက်ပဘဲ ရိုးရိုးယဉ်ယဉ် သိမ်သိမ်မွေ့မွေ့ ဖြစ်သည်။ သူ၏ လှုပ်ရှားမှုတို့သည် ညင်သာညက်ညောပြီး နူးညံ့လေသည်။ သို့သော် ခန့်ညားမှုများသည် သူ့မျက်နှာ၊ မျက်လုံး၊ . . . . . ငံးများ အပေါ်တွင် ပေါ်လွင်နေသည်။ သူသည် ဝင်းတော်မှုးအား စကားတိုးတိုး ပြောလေသည်။ ကျုပ်သည် ဝင်းဝဘက်သို့ လှမ်းထွက်သွား၏။

ထိုနောက် အရိုအသေပေးပြီး “ဝင်ခွင့်ပြုတော်မူပြီလား” ဟု ယဉ်ကျေးစွာ တိုးတိုးသက်သက် မေးလိုက်လေသည်။

သူသည် ခေါင်းကို ခပ်သာသာညိတ်လိုက်၏။ ထို့နောက် ပြန်လှည့်ပြီး နန်းတော်ဝင်းအတွင်း ကြွရွစွာ ခင်းထားသည့် မြက်ဖျာများပေါ်တွင် ခပ်နှေးနှေး နင်းလျှောက်သွားလေသည်။

ကျုပ်သည် ဝင်းအတွင်းသို့ ဝင်လိုက်၏။ အကွက်စေ့စေ့ လှပစွာ ခင်းထားသည့် မြက်ဖျာများနှင့် ခြေထောက် တွေ့ထိသောအခါ ခြေထောက်များသည် နူးညံ့မှုများကို တွေ့နေရ၏။ ကျုပ်ကိုယ်တိုင်မှာလည်း ရင်တထိတ်ထိတ် ခုန်နေသည်။

မြက်ဖျာများသည် ခြေကို ခြွပေးနေ၏။ မြက်ဖျာများ၏အနား ရေးသားထားသော ရွှေလွှာပါးပါး အပေါ်တွင် ညနေ နေခြည်များဖြာကျသောအခါ အရောင်တဖိတ်ဖိတ် လက်နေသည်။ လမ်းနှစ်ဖက်ရှိ ပတ္တမြားပန်းများသည် ရဲရဲတောက် အနီရောင်များ ဖိတ်စင်လျက်၊ ခပ်ဝေးဝေးရှိ စံနန်းတော် ရှေ့ရှိ ပန်းရုံများသည် လေတိုက်ခတ်နေသဖြင့် ယိမ်းနွဲ့နေကြပြီး အမွှေးရနံ့များ သင်းပျံ့နေသည်။ မြင်ရသမျှ အရာဝတ္ထုတို့သည် အရှင် ဘုရင်မကြီး၏ အရှိန်အဝါတို့ကို လှစ်ဟဖွင့်ဆိုနေကြသည်။ အရာရာတိုင်းသည် ပြောင်လက်တောက်ပ နေကြပြီး စိတ်တို့ကို ညှို့ယူဖမ်းစားထားသည်။ ရွှေချထားသော ကနုတ်ပန်းများ၊ ထည်ဝါခမ်းနားလှသော ပစ္စည်းများ၊ ကြီးကျယ် ခမ်းနားလှသော စံနန်းတော် ထိုသည်တို့က ကျုပ်အား ရင်ခုန်စေသလား။

http://cyberbooks.myanmarchat.org


တိုင်းရေး ပြည်ရာအတွက် အရေးကြီးလှသော အစိတ်အပိုင်းသို့ ဆိုက်ရောက်နေချိန်ဖြစ်နေ၍ ရင်ခုန်နေခြင်းလား။

သို့သော် အချက်အလက်တို့ကို လွှမ်းမိုး ချုပ်ကိုင်ထားသောအရာ အကြောင်းအချက်တခုသည် ထိုအချိန်၌ မိမိ၏ စိတ်နှလုံးသားထည်း၌ ထင်လင်းစွာ ပေါ်ပေါက်နေသည်။ ဘုရင်မကြီး၏ အလှသတင်းဖြစ်လေသည်။ အလှသတင်းသည် နိုင်ငံတဝှမ်း နေရာတကာ၌ ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည်။ သူတို့ တိုးချဲ့ပြီး ဖွဲ့ဆိုကြခြင်းလည်း ဖြစ်နိုင်၏။ ထိုအလှဘုရင်မ တပါးနှင့် တွေ့ဆုံရတော့မည် ဟူသော အသိစိတ်သည် ကျုပ်ကို ရင်ခုန်နေစေသည်။

နန်းတွင်းသူသည် လက်ဝဲဘက်သို့ ချိုးကွေ့ လိုက်လေသည်။ ထိုနေရာမှာ ချစ်စဖွယ်ကောင်းသော ပန်းရုံကြားလမ်းကလေး ဖြစ်လေသည်။ ပန်းရုံများသည် လမ်းကလေးပေါ်သို့ ညွတ်ကွေးကျနေကြ၏။ ပန်းရုံများသည် လမ်းကလေးပေါ်သို့ ညွတ်ကွေးကျနေကြ၏။ မျက်လုံးကို ဝေ့ကြည့်လိုက်လျှင် စံနန်းတော်၏ ဘေးတစောင်းမှဖြတ်လျှက် ဘုရင်မ ကန်တော်နှင့် ဘုရားသုံးဆူကို လှမ်း၍ ဖူးမျှော်နိုင်သည်။ တနေရာတွင် နန်းတွင်းသူသည် ကျုပ်၏ရှေ့နားတွင် ရပ်တန့်လိုက်သည်။ ထိုနေရာမှာ တပင်လုံး ရွှေပွင့်များ ပွင့်နေသလား ထင်ရအောင် ဝါထိန်စွာ ပွင့်နေသော နန်းလုံးကြိုင် ပန်းပင်အောက်တွင် ဖြစ်သည်။ ညနေဆည်းဆာ နေခြည်လျှံများသည် လှသော ပန်းပွင့်များ အပေါ်၌ ဖြာကျနေပြီး ပို၍ တောက်ပနေသည်။ နန်းလုံးကြိုင်၏ ရနံ့နှင့် ပန်းပေါင်းစုံ၏ မွှေးပျံ့သော ရနံ့သည် ကျုပ်၏ တကိုယ်လုံးကို ရစ်ပိုက်ထွေးလျှက် ရှိလေသည်။ ရှေ့၌ နန်းလုံးကြိုင်ပင်အောက်တွင် ရွှေကနုတ်များ ဖောက်ထားသော ကျောက်စောင်း သလွန်တော် တခု ရှိသည်။

“စံနန်းတော်ထဲ ဘယ်သူ့မှ ဝင်ခွင့်ပေးတာမဟုတ်ဘူး၊ ခဏနေတော့ အရှင်ကြွလာတော်မူမယ်။ ဒီက အရိုအသေပေးနေခဲ့ပါ” ဟု နန်းတွင်းသူသည် အသံမှန်မှန်နှင့် တိုးတိုးသက်သက် ပြောသည်။

သူသည် လှည့်ထွက်သွားရန် ခြေလှမ်းကို ပြင်လိုက်ပြီးမှ ပြန်၍ လှည့်ကြည့်လိုက်ရင်း “ပီးတော့ ဘုရင်မ မျက်နှာတော်ကို မဖူးမျှော်မိဘို့ သတိထားပါ” ဟု ပြောလိုက်ပြန်သည်။ နောက်ဆုံး စကားသံမှာ ရင်းနှီးခင်မင်ဟန်ပါနေသလို ထင်မှတ်ရသည်။

ကျုပ်သည် သလွန်ရှေ့တွင် ဒူးထောက်ချပြီး ဦးခေါင်းငုံ့ အရိုအသေ ပြုထားလိုက်လေသည်။ ထိုအချိန်၌ နန်းတွင်းသူ ပြောခဲ့သော သတိပေးခဲ့သော စကားသံကို ပြန်၍ ကြားနေသည်။ သူ့စကားမှာ တခွန်းတစအားဖြင့် တခုခုကို ထိပ်ငြိလျှက် ရှိသည်ဟု စိတ်ထည်း၌ မှတ်ထင်လာသည်။ ထိုစကားမှာ သူတို့ပြည် ဥပဒေတခု ဖြစ်နေမလားဟုလည်း တွေးတော နေမိပြန်သည်။ ဘုရင်မကို မော်ဖူးမျှော်ခွင့် မရှိ။ မော်၍ ဖူးမျှော်မိလျှင် သေဒဏ်ဟု ဥပဒေသ ပြဌာန်းထားသလား။

ကျုပ်သည် ဘေး၌ ချထားသော စောင်းကြိုးများကို ငုံ့ကြည့်နေရင်း ဘုရင်မကို ဖူးမျှော်လိုက်လျှင် မည်သို့ဖြစ်နိုင်သနည်းကို သိချင်စိတ် ဆန္ဒများ ပေါ်လာနေသည်။ ကလေးကလားနိုင်သော ထိုဆန္ဒတို့သည် မိမိ၏ ဘဝကို တမျိုးတဖုံ ပြောင်းလဲစေတော့မည်ကို ထိုအချိန်က မသိရှိခဲ့သေး။ ဘုရင်မအား ဖူးမျှော်၍ ရနိုင်သော အခွင့်အရေး သာလာလျှင် ဖူးမျှော်ပစ်လိုက်မည်ဟု ဆုံဖြတ်နေမိ၏။ ဖူးမျှော်နိုင်ရန် အခွင့်အရေး ရရှိရန်လည်း နည်းလမ်းထွင် ကြံဆမည်ဟု တွေးနေမိသည်။

မကြာမီတွင် နောက်ဖက်မှ ပုဝါဒရွတ်ဆွဲ ရွေ့လျားသံကို နားထည်းတွင် ကြားလိုက်ရသည်။ မြက်ခင်းပြင်ပေါ်သို့ ဘုရင်မ. . . . . . လာသံမှာ ညင်သာတိုးရွလွန်းလေသည်။ ထမီတော်၏ အနားတွင် တွဲဆက်ချည်နှောင်ထားသော ရွှေအပ်တို့သည် တခုနှင့်တခု ပွတ်ကြိတ်မိပြီး တိုးသက်လွန်းသော ခြုံသံလွင်လွင်ကလေးများ ထွက်ပေါ်နေသည်။ မြက်ဖျာများအပေါ်ခြေဖြင့် ပွတ်တိုက်မိသံသည် ကျုပ်၏ စိတ်နှလုံး အာရုံများကို နှိုးဆွ

http://cyberbooks.myanmarchat.org


ပေးနေသည်နှင့် တူနေသည်။ ခြေကျသံကို "စောင်းညှင်းသံအလား၊ ထင်မှတ်မှားဟု' ကျုပ်သည် စိတ်ထည်း၌ ဖွဲ့ဆိုနေသည်။

ထိုနောက် အမွှေးရနံ့တမျိုး သင်းပျံ့လာသည်။ ယင်းရနံ့မှာ ရင်ခုန် လှိုက်ဖို မောစဖွယ် ဖြစ်လေသည်။ ကတိုး၊ နံ့သာဖြူ နံ့သာနီ၊ ကရမက် စသော စသော အမွှေးရနံ့ အပေါင်းတွင် မည်သည့်ရနံ့နှင့်မျှ မတူသော ရနံ့၊ မည်သည့် ရနံ့နှင့်မျှ မနီးစပ်၊ ကြာပဒုံ၏ ရနံ့နှင့်လည်း မစပ်ဆိုင်၊ ယင်းရနံ့သည် ရွှေခြေကျင်းချင်း ရိုက်ခတ်သံ နီးကပ်လာလေလေ ပို၍ သင်းမြ လာလေလေ။ သို့သော် ထင်ထင်ရှားရှား ထင်းထင်း လင်းလင်းကြီးလည်း မဟုတ်။ မထင်းမရှားမျှသာ ဖြစ်၏။ ထိုရနံ့သည် တကိုယ်လုံးအား ရစ်ပတ်နှောင်ဖွဲ့ထား၍ ကျုပ်သည် ငြိမ်သက်လျှက် စိတ်နှလုံးထည်း၌ မွှန်းကျပ်နေသည်။ အသက်ပင် ရှူ့ရှိုက်စရာ မရှိ။

ထိုအချိန်၌ ဆရာကြီး ကာလီဒါသ၏ စကားတခုကို အမှတ်တရ တသ နေမိသည်။ "လှပလွန်းသော မိန်းမများ၏ ကိုယ်ရနံ့မှာ မွှေးပျံ့တတ်ပေသည်" ဟု စိတ်ထည်းမှ ပြန်၍ ရွတ်ဆို နေမိ၏။ ဆရာကြီး၏ အယူအဆမှာ မိန်းမတဦး၏ အလှသည် ၎င်း၏ အသားမစားသော အမူ အကျင့်ပေါ်တွင် တည်သည်။ အသား မစားသူ၏ ကိုယ်ရနံ့မှာ မွှေးပျံ့ပေသည်ဟူ၍ ဆိုလို၏။

"ပန်ထွာမင်းသမီးဟာ သက်တော် လေးဆယ်ပေမယ့် သက်တော်နှစ်ဆယ်လောက်လို့ ထင်ရတယ်၊ ဘုရင်မရဲ့ အလှကို ဖွဲ့လို့ဆုံးနိုင်မှာ မဟုတ်ဘူး" ဟူသည့် စကားများကို ပြန်၍ ကြားယောင်နေမိသည်။

ကျုပ်၏နံဘေးမှ ဘုရင်မဖြတ်သန်း ကြွလှမ်းသွားသည်။ ရှေ့တွင် မြေပေါ်ရှပ်တိုက်နေသော ဘုရင်မ၏ ထမီတော် အနားစမှ ရွှေအပ်မြှင်ကလေးများသည် ဆည်းဆာနေခြည်၌ တဖိတ်ဖိတ်လက်နေသည်။ ခြေဖဝါးအပေါ် အုပ်နေသည့် ထမီစကို ဖောက်၍ ခြေဖမိုး မို့မို့များကို မြင်နေရသည်ဟု ထင်သည်။ ခြေဖမိုး မို့မို့တို့သည် နူးညံ့ လွန်းနေမည်ဟု ထင်မှတ်ရသည်။ ထို့နောက် အရှင်သည် ကျောက်စောင်းထက်၌ ဖြေညင်းညံ့သက်စွာ ထိုင်တော်မူ လိုက်လေသည်။

"သျှိဝ မြို့စားလေး. . . "ဟု ဘုရင်မထံမှ တိုးတိုးသက်သက် မိန့်မြွက်တော်မူသံသည် ပထမဆုံး ပေါ်လာ၏။ "ကဲ လာရတဲ့ အကြောင်းကို ပြည့်ပြည့်စုံစုံ လျှောက်တင်ပေတော့ မြို့စားလေးရေ့. . . "

စိတ်နှလုံးတည်း၌ ရုတ်တရက် လှုပ်ရှားသွားမှု အတိုင်းအတာကို ကျုပ် မဖော်ပြနိုင်တော့ပေ။ အရှင်မ၏ အသံသည် မိုးကောင်းကင်ထက်မှ သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်ဟု ထင်မှတ်ရသည်။ အရှင်သည် ရာဇဂုဏ်၊ ရာဇမာန်၊ မာနတို့ ပြည့်လျှမ်းစွာ မိန့်မြွက်တော် မူမည်ဟု ထင်ခဲ့မှတ်ခဲ့၏။ ထိုအထင်တို့မှာ ယခုကြားရသော အသံတော်နှင့်မူ များစွာ ကွာခြားနေတော့သည်။ ယခု အသံတွင် ရင်းရင်းနှီးနှီး ပြောဆိုသံ ပါနေသည်မှာ အံ့အားသင့်စဖွယ် ဖြစ်သည်။

ထို အချိန်တိုကလေး အတွင်းတွင် ကျုပ်၏ ခေါင်းထည်း၌ အကြံတခုသည် ဖျတ်ခနဲ ပေါ်ပေါက်သွားလေသည်။ ဓားဖြင့် တိုက်ပွဲအကြိမ်ကြိမ် ဝင်သော ဓားသမားတဦး၏ ဦးခေါင်းထည်း၌ ထိုကဲ့သို့ ရုတ်တရက် လျင်မြန်သော အကြံတခုခု ဖျတ်ခနဲ ပေါ်တတ်လေသည်။ ကျုပ်သည် သျှိဝနယ်၌ နာမည်ထင်ရှားသော ဓားသမားတဦး ဖြစ်သည်။

"သျှိဝကို သီရိခေတ္တရာက ဆင့်ဆိုတဲ့ စာချွန်ဆက်သခွင့် ပြုတော်မူပါအရှင်. . . ။ သျှိဝဟာ ဗိသနိုးနဲ့ ခွဲခြားသီးသန့် ထားမရတဲ့ နယ်မြေ ဖြစ်ပါတယ်၊ သျှိဝက အခွန်တော် ဆက်သရမယ်လို့ ဘုရင် ဒွတ္တဘောင် အမိန့်စာချွန်က ဆိုပါတယ်"

မိမိ၏ အသံမှာ တုန်လှုပ်မှုများ ထိန်းထားသော်လည်း တစွန်းတစ ပါနေသည်။ စာချွန်တော် ဆက်သရစဉ်၌ ခေါင်းကို ငုံ့ထားသည်။ သို့သော် ခဏမျှဆိုင်းထားပြီး ဘုရင်မ အမိန့်တော် စာချွန်ကို ဖတ်နေချိန်တွင် ကျုပ်သည် မျက်လုံးကို မသိမသာ ဖွင့်ကာ ခေါင်းကို မသိမသာ မော့လိုက်လျှက် ဖူးမျှော်လိုက်လေသည်။

ထိုခဏတွင် အရှင်သည် မျက်နှာတော်ပေါ်တွင် လွှမ်းခြုံထားသော ပုဝါကို ဖွင့်လှစ်ပြီး စာချွန်တော်ကို ဖတ်နေသည်။ ကျုပ်၏ စိတ်နှလုံးတို့မှာ တနေရာ၌ အသေစွဲမြဲ သွားလေသည်။ ဘုရင်မ၏ အလှသည် ကျုပ်၏ စိတ်နှလုံးများကို ဆွဲ၍ ချုပ်နှောင်ထားလိုက်ကြသည်။ ရင်ထဲတွင် ပြင်းထန်စွာ လှုပ်ရှားနေပြီး ကျုပ်သည် သတိလစ် မေ့မြောလုမတတ် ဖြစ်နေသည်။

ဘယ်မျှ လှပ ပါသနည်း။
ဘယ်မျှ လှပ ပါသနည်း။
အရှင်၏ အလှကို တင်စားနှိုင်းချိန်ရန်သည် တခုတည်းသာ ရှိ၏။ ကြေးမုံပြင်ပေါ်တွင် ထင်နေမည့် အရှင်မ ကိုယ်တော်တိုင်၏ အရိပ်သည်သာလျှင် အရှင်မ၏ အလှနှင့် နှိုင်းချိန်အပ်ပေသည်။ အခြား နှိုင်းချိန်ရန် မရှိ။ အရှင်၏ အလှကို ဖွဲ့ဆိုရန် စကားလုံးမရှိ။ အရှင်၏ အလှတို့ကို ရေးချယ်ရန် စုတ်မရှိ။ ညနေချမ်း နေခြည်များသည် အရှင်မ၏ အသားတို့တို ထွင်းဖောက်နေသလား။ မျက်ခုံးတော်အလှ၊ မျက်လုံးတော်အလှ၊ အသားတော် အလှ ထိုအလှ ပေါင်းစုံကို ညွှန်းဆိုစံနှိုင်းရန် မရှိ။

“သိတ်လှတာဘဲလေ. . . ” ဟူ၍သာ ကျုပ်၏ နှလုံးသားများက မြည်ကြွေး တမ်းတနေသည်။ မျက်တောင် ခတ်ချိန်မရ၊ အသက်ရှူချိန်မရ၊ ငေးမောနေမိ၏။ ကြောက်ရွံ့စိုးရိမ်စိတ်သည်လည်း မရှိ၊ အသိဉာဏ် ဟူသမျှ သည်လည်း ကျုပ်၏ ကိုယ်မှ စွန့်ပြေး ပျောက်ကွယ်နေကြလေသည်။

ရန်ခုန်နေသည်၊ စိတ်မှာ ပြင်းစွာ လှုပ်ရှားလွန်းနေသည်။

သို့သော် ကျုပ်၏ စိတ်နှလုံးထည်း၌ ဖောက်ပြန် တပ်မက်စိတ်၏ အငွေ့အရောင်ကလေး မြူမျှပင် မတင်ပေ။ ကြည်ညို မေတ္တာတရားများသည် ရင်ထည်း၌ တငွေ့ငွေ့ ဝင်ရောက်နေသည်။ နှလုံးသားထည်း၌ ဝင်ရောက် စွဲထင်နေသည်။

ပထမ ရည်ရွယ်ချက်မှာ လှစ်ခနဲ ကြည့်ရှုမျှသာ ဖြစ်သည်ကို ကျုပ်သည် ရုတ်တရက် သတိဝင်လာ၏။ သို့သော် မျက်လုံးများကို ရုတ်တရက် မှိတ်ပစ်၍မရ၊ ခေါင်းကို ရုတ်တရက် ငုံ့ပစ်၍မရ ဖြစ်နေသည်။ ဘုရင်မသည် စာချွန်တော်ကို ဖတ်ပြီးလျှင် ကျုပ်ဘက်သို့ ငုံ့ကြည့်တော် မူလိမ့်မည်။ နန်းတွင်းသူ၏ စကားများ နောက်ကွယ်မှ တိမ်မြုပ်နေသော အဓိပ္ပာယ်တို့ကို ထိုအချိန်၌ တွေးနေမိသည်။ နန်းတွင်းသူက “ဘုရင်မ မျက်နှာတော်ကို ဖူးမျှော်မိရင် ဘုရင်မ မျက်နှာတော်မှတပါး လောကတဝှမ်းကို မေ့လျော့နေလိမ့်မယ်”ဟု ပြောဆိုသွားခြင်း ဖြစ်လိမ့်မည်။

ကျုပ်သည် ခေါင်းကို ဇွတ်ငုံ့စိုက်လိုက်ရလေသည်။ ရင်ထည်း၌ တင်းကျပ်စွာ ချည်နှောင်ထားသမျှတို့ကို ရုတ်တရက် ရုန်းလိုက်သဖြင့် ပြတ်ထွက်ကုန်ကြလေပြီဟု ထင်မှတ်ရသည်။ အချိန်မှီကလေးပင် ဖြစ်နေပြီး ကျုပ် ခေါင်းငုံ့၍ ဣန္ဒြေမရနိုင်သေးမီတွင်ပင် ဘုရင်မသည် စာချွန်တော် ဖတ်ကြားပြီးဆုံးသွားလေသည်။

“ဒီအတိုင်း ဖြစ်ရလိမ့်မယ်လို့ ကျွန်ုပ် စောစောပိုင်း ကတည်းက တွေးတောထားပြီးသားဘဲ မြို့စားလေး၊ ဒါကြောင့် လူယောက်ျားများ ဝင်ရောက်ခွင့် မပြုတဲ့ စံနန်းတော်ထဲကို မြို့စားလေးခေါ်ပြီး နားလေးဘက်ကြား တိုင်ပင်ရပေတာဘဲ”

ကျုပ်သည် စိတ်ကိုပြန်၍ ငြိမ်သက်သွားရန် ထိန်းသိမ်းချုပ်တည်းနေ၏၊ ထို့နောက်မှ အနယ်ထိုင်ပြီး တဖြည်းဖြည်း ကွန်ခြေရ ငြိမ်သက်လာလေသည်။ ကျုပ်က အသံတိုးတိုးဖြင့် ငမင်၊ စစ်တား၊ ဗိသနိုးနှင့် သျှိဝတို့ကို ပေါင်းစပ်မိလျှင် သီရိခေတ္တရာရန်မှ တွန်းလှန်ဖြိုဖျက်နိုင်ကြောင်း. . ၊ ပန်ထွာနိုင်ငံတော်အတွင်းမှ မြို့ငယ်တမြို့အဖြစ် သျှိဝကို သတ်မှတ်ပါရန် အပ်နှင်းကြောင်း လျှောက်ထားနေသည်။

"လောလောဆယ်ဆယ် ဘာကို အလိုရှိသလဲ မြို့စားလေး. . . "
"စစ်သည် အင်းအားပါ အရှင်"
"ဘယ်လောက်များလဲ"
"အရှင် မင်းမြတ် ကိုယ်တော်တိုင် ချင့်ချိန်တော်မူပါ"

ဘုရင်မသည် ခေတ္တမျှ ငြိမ်သက်နေ၏၊ ကျုပ်၏ ရှေ့တွင် ကျနေသော နေခြည်ပြောက်များသည် အရှင်မကိုယ်ကို ဖြတ်သန်းပြီးမှ လာရောက်ရခြင်း ဖြစ်လိမ့်မည်။ နေခြည်ပြောက်များသည် ပုဝါလွှမ်းခြုံထားပြီ ဖြစ်သည့် ဘုရင်မ၏ ညှံ့သက်သော ပါးပြင်ကိုလည်း ထိတွေ့နေမည်။ ပုဝါစတွင် ယီးလေးခိုတွဲနေမည်။ ဘုရင်မ၏ ကိုယ်ရနံ့နှင့် ပန်းအပေါင်း၏ ရနံ့ကို ကျုပ်သည် ခွဲခြားကြည့်နေ၏။ ကျုပ်သည် "ပြည့်ခြင်းမင်္ဂလာ"သီချင်းကို သီဆိုလိုက်ချင်စိတ် ပေါ်နေသည်။ ထိုသီချင်းသည် အမျိုးသမီးတဦး၏ အလှကို ဖွဲ့ဆိုထားလေသည်။ ---ခြင်း ဆန္ဒမှာ တရွေ့ရွေ့တိုးဝှေ့လျက် ရှိလေသည်။ သို့သော် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်သော ကိစ္စမဟုတ်။ ဘုရင်မ၏ ရှေ့တော်မှောက်တွင် အလှဘွဲ့တပုဒ်ကို သီကျူးရန် တွေးနေသူလောက် မိုက်မဲသော သူသည်မရှိ၊ ခုအချိန်တွင် မိမိ၏ စိတ်တို့မှာ မည်သို့ဖြစ်နေသနည်း။ မည်သည့်အတွက်ကြောင့် ရူးနှမ်းသော ကယောက်ကယက် အတွေးတို့ကို တွေးနေသနည်း။

"မြို့စားလေး စောင်းတီး ဝါသနာထုံတယ် ထင်တယ်၊ ဒါကြောင့် စံနန်းတော်ဝင်းထဲကို စောင်းကြီးတလက် ပိုက်လာပုံရတယ်. . . ၊ လမ်းတလျှောက်လုံးလဲ လေးလေးပင်ပင် သယ်လာခဲ့ရမှာဘဲ၊ လမ်းမှာလဲ စောင်းသံ တလွင်လွင်နဲ့ လာခဲ့မှာပဲ ထင်တယ်"

ဘုရင်မသည် သလွန်ပေါ်တွင် ကိုယ်ကို အနည်းငယ် ယိမ်း၍ လှုပ်ရှားလိုက်သည်။ ဘုရင်မ၏ အသံသည် သလွန်တဝိုက်၌ လှုပ်ရှားသွား၏၊ ညင်းညှံ့ညှံ့ ရွှင်ပျပျ ရယ်မောသံသည် ထိုစကားသံများထည်းတွင် ပါနေသည်ထင်သည်။ ကျုပ်၏ စိတ်နှလုံးတို့မှာလည်း ကြည်လင်ရွှင်ပျနေသည်၊ ဘုရင်မသည် ဆွေးနွေးတော်မူ လက်စ စကားကို ဖြတ်တောက်ပြီး အချိန်ဆွဲထားချင်၍ ဖြစ်လိမ့်မည်။ ထို အကြောင်းခြင်းရာအတွက် စဉ်းစား ချင့်ချိန်တော် မူချင်၍ ဖြစ်လိမ့်မည်။

"သီချင်းတပုဒ်ကို ဆိုတီးခွင့် ပြုတော်မူပါ"ဟု ကျုပ်သည် စိတ်ထည်းရှိသည်တို့ကို မချုပ်တည်းနိုင်မိ၊ ပျော်ရွှင်စိတ်ဖြင့် ရုတ်တရက် လှစ်ကနဲ လျှောက်တင်လိုက်လေသည်။

"ဆိုနိုင်ပါတယ် မြို့စားလေးရဲ့. . . ၊ နားထောင်ရတာပေါ့"

ဘုရင်မ၏ လိုက်လျောမှုသည် အံ့အားသင့်စဖွယ် ဖြစ်နေသည်။ မိမိက လျှောက်တင်မိ လျှောက်တင်ရဲ သည်မှာလည်း အံ့အားသင့်စဖွယ် ဖြစ်နေသည်။ မိန်းမတဦး၏ အလှဘွဲ့ကို ဆိုကျူးတော့မည်ဆိုသော မိမိ၏ စိတ်မှာလည်း အံ့အားသင့်စဖွယ်ပင်။ သို့သော် ဘုရင်မ၏ အသံ၌ ရယ်မောရွှင်ပျစွာ ရင်းနှီးခင်မင်သံ တဝက် ပါနေသည်။ ထိုအသံသည် အရာရာကို ကပြောင်းကပြန် ကမောက်ကမ ဖြစ်စေသည်။

ကျုပ်သည် ပုဆစ်တုပ်ရာမှ စောင်းကို ဖြည်းဖြည်းရွရွ ကောက်ကိုက်ပြီး ပေါင်ပေါ်တင်လိုက်လေသည်။ မွှန်ထူ

တုန်ယင်နေသော လက်များဖြင့် စောင်းကြိုးများကို သာအယာ တို့ထိနေသည်။ ထို့နောက် လက်များသည် စောင်းသံအခုတို့ကို စတင်တီးခတ်နေမိလျှက်သား ဖြစ်နေသည်။ ဆောင်းလေတို့၏ နူးညံ့သက်သာ ဆော့မြူးနေသံများမှတဆင့် တပေါင်းလေပွေမွှေ့သံသို့ ကူးပြောင်းနေစဉ်၌ စိတ်များသည် နဘေးသို့ လွင့်ပျံ့နေ၏။ ဘုရင်မ၏ မွှေးပျံ့သော ကိုယ်ရနံ့သည် စိတ်များ၌ လာ၍ စွဲငြိနေဆဲပင်။

"တန်ဆောင်ပြည့်လ၊ ညကောင်းကင်ယံသည် ကြယ်လတာရာတို့၏ အလှတို့ဖြင့် ဖွဲ့ဆိုမွှန်းထုံထားသည်။ လရောင်တောက်လျှက် ကြယ်တို့၏ ငွေရောင် စိန်ရောင် မြူးလျှက်၊ ရွှေရောင်များ မှုန်းခြယ်လျှက် အလှအင်္ဂါ အဖြာဖြာပြည့်သည်။ လအရောင်သည် ပွင့်လန်းစေသည်။ ရွှင်မြူးစေသည်။ အရာရာကို ဆွဲငင်ညို့ယူထားသည်"

ထို့နောက် စောင်းသံသည် ဝါခေါင်မိုးကဲ့သို့ ပျော့ပျောင်းနုသက်သော အကူးအဆက်များဆီသို့ ပြောင်းရွှေ့သွားသည်။ ဒုတိယပိုဒ်ကို ဆက်၍ ဆိုနေစဉ်၌ ကျုပ်သည် မှားယွင်းခဲ့လေပြီကို နောင်တရနေသည်။

"ရွှေအဆင်းကဲ့သို့ ဝါရွှေသော အသားရောင်လည်း ရှိသည်။ ကော့ပျံသော မျက်တောင်၊ ညှွတ်ကွေးသော မျက်ခုံးနှင့် အရည်လဲ့ဝင်းသော မျက်လုံးလည်း ရှိသည်။ နွဲ့ညွှတ်၍ သေးသွယ်သော ကိုယ်ဟန်လည်း ရှိသည်။ ခြေကို မြေသို့သက်သောအခါ မြက်ပင်များအပေါ်မှ နှင်းခဲများ မကြွေနိုင်အောင် ညင်သာသည်။ မိုးတိမ်ကဲ့သို့ ညံ့သက်နုထွေးသော အသားတို့ဖြင့်ပြီးလျှက် မျက်နှာတော်ပေါ်ဝယ် သိမ်မွေ့သော သိက္ခာများ ဆင်သထားသည်။ ထို့ထက် အဆရာထောင် သာလွန်သူ အကြင်မိန်းမကို မည်သို့ခေါ်ဆိုရမည်နည်း။ အကြင်မိန်းမကို တန်ဆောင်ပြည့်လ အလှဘုရင်မဟု ခေါ်ဆိုရလျှင် ကောင်းမည်လား။ အကြင်မိန်းမကို ပြည့်ခြင်း မင်္ဂလာ၏ အလှဘုရင်မဟု ခေါ်ဆိုပါမည်"

ဆောင်းတွင်း ဆီးနှင်းဖွဲဖွဲကျသံကဲ့သို့ စောင်းသံသည် တိုးရှသွားပြီး တိတ်သွားလေသည်။ ကျုပ်သည်လည်း အားအင် ကုန်ခန်းသွားသကဲ့သို့ မောသွားသည်။ စိတ်ဓာတ် အင်အားတို့သည် ရုတ်တရက် စွန့်ပြေးထွက်ခွာသွားလေသည်။ လေတိုးငွေ့သံများပင် ငြိမ်သက်တိတ်ဆိတ် သွားသည်။ အရာရာသည် အသက်ကင်းမဲ့သကဲ့သို့ အချိန်ကြာမြင့်လှစွာ တိတ်ဆိတ်သွားသည်။ ဆည်းဆာနေသည်လည်း တစတစ မှိန်ဖျော့သွားလေသည်။

ဘုရင်မသည် ကျုပ်အား ငြိမ်သက် စူးစိုက်ကြည့်နေမည် ထင်သည်။ ကျုပ်၏ ကျောပြင်ကို ငေးကြည့်ပြီး အံ့အားသင့်နေမည် ထင်သည်။ ကျုပ်ကား စော်ကားမော်ကား ပြုမိသကဲ့သို့ မှားယွင်းခဲ့လေပြီ။ တုန်လှုပ်စိတ် ကြောက်စိတ် ချောက်ချားစိတ်များသည် ကျုပ်၏ ကိုယ်တွင်ဝင်၍ ပူးကပ်ကြလေသည်။

"ဘာပြုလို့ ဒီသီချင်းကို ဆိုရတာလဲ မြို့စားလေး"

ငြိမ်သက် တိတ်ဆိတ်နေသော သက်မဲ့အရာဝတ္ထု အားလုံးကိုလှုပ်၍ နှိုးလိုက်သကဲ့သို့ ဘုရင်မ၏ စကားသံ တိုးတိုးသက်သက် ဖြတ်သန်း၍ ပေါ်လာလေသည်။ ထိုအသံသည် ငြိမ်ပြီး တိမ်ဝင်နေသည်။ အသံတိမ်တိမ်မိန့်မြွက်သံသည် စိတ်များကို ပို၍ တုန်လှုပ်ချောက်ချားစေသကဲ့သို့ ဖြစ်နေသည်။

ကျုပ်၌ ပြန်၍လျှောက်တင်ရန် အကြောင်းအချက်လည်း မရှိ၊ စကားလည်း မရှိ၊ ခြေကုန်လက်ပန်းကျပြီး ထုံထိုင်းနေသည်။ ထွက်ပေါက် ကင်းမဲ့စွာ ပိတ်ဆီးမိနေသကဲ့သို့ပင်။ ကျုပ်သည် တဆတ်ဆတ် တုန်လှုပ်နေသော မိမိ၏ လက်ချောင်းများကို ငေးစိုက်ကြည့်နေမိ၏။ ဓားချင်း တိုက်ပွဲပေါင်း များစွာကို ရင်ဆိုင်ခဲ့ဘူးသောလည်း ယခုအခါတွင် ရင်ဆိုင်နိုင်ရဲသော သတ္တိများသည် မိမိ၏ ကိုယ်ပေါ်၌ မည်သည့်နေရာတွင်မှ ရှိမနေနိုင်တော့ပေ။

"ဘာပြုလို့ ဒီသီချင်းကို ဆိုရတာလဲ မြို့စားလေး၊ ကျွန်ုပ်မေးနေတာကို ဖြေပါ၊ ဘာပြုလို့ ဒီသီချင်းကို ဆိုရတာလဲ"

“ဘာကြောင့်ရယ်လို့ မပြောတတ်ပါဘူး အရှင်၊ ဦးတည်ရာ သီချင်းတပုဒ်ကို ကောက်ဆိုလိုက်မိတာပါ”

“ကောင်းဘီ မြို့စားလေး၊ ဒါနဲ့ဘာပြုလို့ ဒီသီချင်းကို ဦးတည်လိုက်ရတာလဲ၊ ဖြေပါအုံး”

ထောက်ထားသော ကျုပ်၏ လက်များသည် တဆတ်ဆတ် တုန်ယင်လာလေသည်။ ကျုပ်၏ မျက်နှာပေါ်၌ ချွေးဥများ စေးထန်းလာလေသည်။ ကျုပ်သည် အလျှင်းလက်လျှော့ ပစ်လိုက်၏။ မည်သို့မျှ ပြန်၍ ချွေးဥများ စေးထန်းလာလေသည်။ ကျုပ်သည် အလျှင်းလက်လျှော့ ပစ်လိုက်၏။ မည်သို့မျှ ပြန်၍ မဖြေတော့ရန် ဆုံးဖြတ်ချက် ချလိုက်ရလေသည်။

အချိန်ပေါင်းများစွာ ကုန်လွန်သွားနေပြီး စိတ်ဆင်းရဲ ပင်ပန်းလွန်းသောအခါတွင်မှ အရှင်၏ တိုးတိုးသက်သက် ရယ်မောလိုက်သံကလေးတခု ပေါ်လာသည်။ ထို ရယ်မောလိုက်သံ ကလေးမှာ ရွှင်လန်းနေ၏။ ထို ရယ်သံကလေးသည် အလှအပေါင်းနှင့် ရောနှောသွား၏။ ထို့နောက် သီးသန့် အလှတရား တခုအဖြစ် ပြန်လည်၍ ပေါ်ပေါက်လာလေသည်။

“လူတို့တွင် ခလေးစိတ်များ သေသည်အထိ ရှိတတ်သည်”ဆိုသော ဤဒေသ၏ စကားပုံတခုကို သတိရလိုက်မိလေသည်။ ဘုရင်မကြီးသည် ကျုပ်အား ခလေးသူငယ်ကလေးကို ငိုအောင် စနေပုံမျိုးနှင့် ခပ်ဆင်ဆင် ပြုကျင့်သည်ဟု ဆိုလျှင် ယုံနိုင်ဖွယ်ရာ မရှိတော့ပေ။ ကျုပ်၏ ရင်ထည်း၌ ရှင်းလင်းပေ့ါပါးသွားလေသည်။

“စံနန်းတော် ဝင်းတော်စောင့် တပ်မှူးကို ပြောပါ မြို့စားလေး၊ တပ်မှူး အဆောင်တခုမယ် မြို့စားလေး တဲခိုဘို့ ခေတ္တနေရာချထားပေးဘို့ ပြောပါ။ မနက်ဖြန် ညီလာတော်ခံကို မြို့စားလေး တက်ရောက်ရလိမ့်မယ်။ ကဲ-ပြန်ပေအုံးတော့”

ထိုနေ့ညက စံနန်းတော်မှ ထွက်အလာတွင် ကျုပ်၏ စိတ်ထည်း၌ နန်းတွင်းသူပြောသည့် စကားမှ အခြားအဓိပ္ပာယ်တမျိုး ပါလာပေသည်။ “ဘုရင်မ မျက်နှာတော်ကို တကြိမ် ဖူးမျှော်မိရင် နောက်အကြိမ်ကြိမ် ဖူးမျှော်ချင်တဲ့ ဆန္ဒဟာ ဝေဒနာလို စွဲကပ်ပီး စိတ်ဒုက္ခ ရောက်ရရှာတော့တာပဲ သို့ဝ မြို့စားလေးရဲ့” နန်းတွင်းသူက လိုက်ပြောနေ သကဲ့သို့ပင် စိတ်တွင်း၌ မှတ်ထင်နေမိပေသည်။

(၃)

ညအမှောင်ထည်း၌ မီးခိုးနှင့် နှင်းမှုန်များ ရောနှောပြီး ပျောက်ကွယ်သွားသည်။ မီးဖိုများက မီးတောက်များထ၍ တောက်နေကြသည်။ နှင်း၏ အအေးသည် လွန်ကဲနေ၏။

တပ်ဗိုလ် ရန္တသည် ကျုပ်အနား တတောင်ကွာလောက်တွင် တခုခုပြောလိုက်သည်။ သူပြောလိုက်သည်မှာ အသံကျယ်ကျယ်ဖြစ်၏။ သို့သော် ထိုအချိန်၌ ကျုပ်သည် မီးရောင်ထည်းတွင် စောင်းကို ငုံ့ကြည့်ပြီး ငေးမောနေခိုက်ဖြစ်သဖြင့် သူပြောသည်ကို မသဲမကွဲလိုက်ဘဲ 'ဗျာ' ဟုပြန်၍ မေးလိုက်လေသည်။

ဘုရင်မသည် တပ်ဗိုလ် ရန္တ ဦးစီးသည် တပ်မတခုကို ကျုပ်နှင့်အတူ သျှိဝသို့ ထည့်ပေးလိုက်လေသည်။ မိုးချုပ်သွားသဖြင့် ခရီးမဆက်နိုင်တော့ဘဲ ဤတောင်ကြားတွင် ရပ်နားနေကြရသည်။ မီးဖိုများဘေးတွင် စစ်သည်များ ဝိုင်းထိုင်ပြီး သူတို့၏ စကားပြောနေသံများသည် တောင်ကြား၌ ဆူညံနေကြသည်။ မြင်းများ ဟီသံနှင့် တောတွင်း သားရဲတိရစ္ဆာန်များ၏ ခြောက်လှန့် အော်ဟစစ်သံများသည် တခါတခါတွင် တောင်ကြားထည်းသို့ ပြေးဝင်လာနေသည်။

ကျုပ်၏ စိတ်အာရုံများသည် ဤတောင်ကြားဒေသမှ အဝေးသို့ ပြန့်လွင့်ပြေးနေသည်။ ညင်သာစွာ ဘုရင်မ ရယ်မောတော်မူလိုက်သံ၊ ဘုရင်မ၏ တိုးညှင်းစွာ မိန့်ခွန်းတော် ချွေလိုက်သံ၊ ဘုရင်မ၏ ခြေဖမိုးမို့မို့ ပိုးခြုံလွှာတော် အနားတွင် ရစ်သီထားသည့် ရွှေအပ်မျှင်ကလေးများ မွှေးကြိုင်ထုံပျံ့သော နန်းလုံးကြိုင် ပန်း၏ရနံ့၊ ပန်းရုံလမ်းကြား ကလေး၊ ကျောက်စောင်း သလွန်တော်၊ ရွှေခြေကျင်းချင်း ရိုက်ခတ်သံ၊ စံနန်းတော်၊ ဆည်းဆာနေခြည်များ၏ အလှ၊ ပန်းပေါင်းစုံ၏ သင်းရနံ့၊ ထို့နောက် ဘုရင်မ၏ မျက်၏နှာတော်ကို ဖူးမျှော်ရပုံကို တွေးနေမိသဖြင့် သူမည်သည့် စကားများပြောလိုက်သည်ကို သတိထားမိနိုင်ပေ။

ထိုကြောင့် "ဗျာ" ဟုကျုပ်က ထပ်မေးလိုက်လေသည်။

"ကျွန်တော်မေးတဲ့ မေးခွန်းကို မကြားရပုံထောက်တော့ သျှိဝ မြို့စားလေး အတွေးလွန်နေတယ် ထင်ပါတယ်"

"မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော့်ကို ဘယ်သီချင်း အကြိုက်ဆုံးလဲလို့ မေးလိုက်တယ် မဟုတ်လား။ ကျွန်တော် အကြိုက်ဆုံးကတော့ ပြည့်ခြင်းမင်္ဂလာဘဲ မိတ်ဆွေကြီးရဲ့၊ သူ့ကို ကျွန်တော် သျှိဝ တောင်ပေါ်မှာ အမြဲ ဆိုနေကျဘဲ"

"စံနန်းတော်ထဲမှာ မြို့စားလေး တီးခဲ့ ဆိုခဲ့တဲ့ သီချင်းလား၊ ဘုရင်မ ရှေ့တော်မှောက်မှာ ဆိုခဲ့တဲ့ သီချင်း မဟုတ်လား"

"မိတ်ဆွေကြီး ဘယ်လိုများ သိရပါသလဲ"

"လွယ်ပါတယ် သျှိဝမြို့စားလေးခင်ဗျာ ကျွန်တော်တို့ဟာ ဘုရင်မင်းမြတ်ရဲ့ နားတွေဘဲ၊ ဒီလိုဘဲ ကြားကြရတာ ပေါ့လေ ဒါ ထားပါတော့၊ ဒါနဲ့ အဲဒီ သီချင်းကို အခု ဆိုမပြနိုင်ဘူးလား၊ နှင်းက အေးအေး မီးဖိုဘေးမှာ မျက်လုံးမှေးပြီး ဇိမ်နဲ့ နားထောင်ရအောင် ပေါ့ဗျာ၊ အပျင်းလဲပြေတာပေါ့"

သူသည် ရင်းနှီးစွာ ရယ်မောလေသည်။ ခင်မင်ဘွယ်ရာ ကောင်းသော လူတယောက် ရင်းနှီးထိုက်သော လူတယောက်ဖြစ်၏။ သူက အတန်တန် တောင်းပန်နေသဖြင့် ကျုပ်သည်လည်း ထိုသီချင်းကိုပြန်၍ တီးချင်စိတ်

ပေါ်နေလေသည်။

ကျုပ်သည် စောင်းကို ကောက်ကိုင်လိုက်ပြီး ပထမတွင် စိတ်ထွေပြားစွာဖြင့် စောင်းကြိုးများကို မထိတထိ တို့ထိ ကစားနေသည်။

အခြား စကားပြောနေသံ ဆူညံသံများ ရပ်သွားချိန်တွင် ကျုပ်သည် 'ပြည့်ခြင်းမင်္ဂလာ'ကို ကြေကွဲစွာ စတင်တီးခတ်ကာ ဆိုနေမိလေသည်။ ဘာကြောင့်လဲမသိ၊ ဤသီချင်းဆိုနေရချိန်၌ ကြေကွဲနေ၏။ စိတ်များသည် ဤတောင်ကြားဒေသမှ ထွက်ခွာကာ နန်းတော်ကြီးဘက်သို့ ပြန်၍ ရောက်သွားနေသည်။

သီချင်းဆိုရင်း ကျုပ်သည် သတိလစ် မေ့မြောနေသကဲ့သို့ ရှိလေသည်။ သီချင်း၏ အလယ်ပိုဒ်သို့ရောက်သောအခါ ဆက်၍ သီဆိုချင်စိတ် မရှိတော့ပေ။

ကျုပ်သည် သီချင်း အဆို အတီးကို ရပ်တန့်လိုက်လေသည်။

"ခင်ဗျားဆိုတာ အလွမ်းသီချင်းလား မြို့စားလေး"

"အို ဘာပြုလို့လဲ"

"ဘာပြုလို့လဲဆိုတော့ ကျွန်တော်လွမ်းလာမိသလိုဘဲ၊ ဘယ်ဆီကို လွမ်းတာလဲတော့ မသိဘူး၊ ဒါပေမယ့် ခင်ဗျားသီချင်းဟာ အလွမ်း သီချင်းတော့မဟုတ်ဘူး၊ ခင်ဗျားစိတ်ထဲမှာ ဘာများဖြစ်နေသလဲ သျှိဝမြို့စားလေး ရိုင်းတယ်မထင်ပါနဲ့၊ ရိုင်းရာကျရင်လဲ ကျမှာဘဲ၊ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် တကယ့်ညီအကိုလို ခင်မိတယ် သျှိဝမြို့စားလေးကို ကျွန်တော် ညီလေးလို ထင်မိတယ်။ ခင်ဗျားကို တကယ်ခင်တယ် မြို့စားလေး၊ ဘုရင်မ မျက်နှာတော်ကိုများ ဖူးမျှော်မိလေသလား"

"ဘုရင်မ မျက်နှာတော်ကို ဖူးမျှော်မိတာနဲ့ သီချင်းနဲ့ ပတ်သက်နေလို့လား"

သူသည် ခေါင်းကို ရှေ့ဖက်သို့ ငဲ့လိုက်သည်။ မီးရောင်ဖြင့် သူ့မျက်နှာမှာ ပို၍ ရှင်းလင်းစွာ ပေါ်လွင်သွားလေသည်။ ကျယ်ပြန့်သော သူ့နဖူးပြင်၌ မီးရောင်များဟပ်နေသည်။ တည်ငြိမ်နေသော သူ့ မျက်နှာ၌ နက်နက်နဲနဲ အတွေးတခု ဖြတ်သန်းသွားနေပုံ ရနေသည်။

"ခင်ဗျားကိုယ်တိုင် ပိုသိရမှာပေါ့"

သူက အသံတိုးတိုးအုပ်အုပ်ဖြင့် ပြောလေသည်။

"ဘာကို ပိုသိရမှာလဲ"

"ခင်ဗျားစိတ်ထဲမှာ ဘာတွေဖြစ်နေသလဲ မြို့စားလေး၊ သီချင်းဆိုနေဆဲမယ် ခင်ဗျားစိတ် ဗိသနိုးကို ရောက်သွားမယ် စံနန်းတော်ထဲကို ရောက်သွားမယ်၊ ရွှေကွပ်ထားတဲ့ မြက်ဖျာတွေအပေါ် နင်းသွားမယ်၊ ပတ္တမြားပန်းတွေကိုလဲ သတိရနေမယ်၊ ပန်းရုံကြားလမ်းကလေးကိုလဲ သတိရနေမယ်၊ နန်းလုံးကြိုင် ပန်းရုံကိုလဲ သတိရနေမယ်၊ ခင်ဗျား စောင်တီးခဲ့ပုံကိုလဲ သတိရနေမယ်၊ ပြီးတော့ အရှင်မကိုလဲ သတိရနေမယ်၊ အရှင်မ မျက်နှာတော်ကို မော်ဖူးခဲ့တာကို တသသဖြစ်နေမယ်"

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ"

"မဟုတ်ဘူးလား အဲဒီအတိုင်းဖြစ်ရတော့မှာဘဲ"

တောင်ကြားထည်းတွင် အခြားစစ်သည် ရဲမက်များ၏ စကားသံများသည် တဖန် ပျံ့လွင့် ထွက်ပေါ်လာပြန်သည်။ မီးဖိုများမှ ဝါးပေါက်သံသည် တောင်ကြားထည်း၌ မြည်ဟိန်း နေလျှက်ပင်။ ကျုပ်သည် စောင်းကို ဘေးသို့ ညင်သာစွာ ပြန်ချလိုက်သည်။ ထို့နောက် ဝမ်းနည်းကြေကွဲနေသလို သက်ပြင်းရှူလိုက်မိသည်။

"ခင်ဗျား အရှင်မရဲ့ အသက်ရှူလိုက်သံကလေးက စပြီး အရှင်မရဲ့ စကားတလုံး ပြောတဲ့ အသံအထိ မှတ်မိ တွေးမိနေမှာဘဲ။ ဒုက္ခပါဘဲ သျှိဝမြို့စားလေးရေ။ ကျွန်တော်နဲ့ ခင်ဗျားနဲ့ အစောတုန်းကသာ ခင်ရင် ဖြစ်တဲ့နည်းနဲ့ တားပါတယ်။ ကျွန်တော်တော့ တိုက်ပွဲတွေ ဘယ်လောက် တိုက်ရဲတိုက်ရဲ အရှင်မရဲ့ မျက်နှာတော်ကို ပုဝါ ဖွင့်လှစ်ထားဆဲအခါ မော်မဖူးမိတဲ့ ကိုယ် ဖြစ်ရပါစေလို့ ဆုတောင်းတယ်။ ဘုရင်မရဲ့အလှကို ကြောက်ဖွယ် ကောင်းသော အလှလို့ ကျွန်တော် ထင်တယ်။ နောက်ဆုံးတော့ ဒီအတိုင်းဘဲ ဖြစ်ကြရမှာဘဲ မြို့စားလေးရေ"

"ဘယ်လို ဖြစ်ရမှာလဲ"

"အို အခု သျှိဝမြို့စားလေးဟာ အရှင်မကို စွဲလမ်း တမ်းတနေရရှာတယ် မဟုတ်လား၊ ချစ်ကြိုက် နေရရှာတယ် မဟုတ်လား စိတ်ထဲမယ် ကြီးမားသော မျှော်လင့်ချက်ကြီး ထားလို့လေ၊ ဒါပေမယ့် ဘုရင်မကို စကားလေးတလုံး ပြောခွင့်ရမယ့် အရေးဟာ နှစ်ပေါင်း ဘယ်ရွေ့ ကြာရှည်အုံးမှာလဲ မသိနိုင်တဲ့ အဖြစ်မျိုးပေါ့၊ မျှော်လင့်ချက် လုံးဝ ကင်းမဲ့နေရှာတဲ့ အဖြစ်မျိုးပေါ့ တယောက်ထဲ အရူးတပိုင်းလို ဖြစ်နေရှာတဲ့ အဖြစ်မျိုးကို ပြောတာပါ"

ကျုပ်သည် သူ့မျက်နှာကို ကြည့်ပြီး ငေးမော မှင်သက်မိနေလေသည်။ သူ့ စကားများသည် လှပစွာ ပေါ်ထွက်လာသည့် ကျယ်ပြန့်လွန်းလှသော အဓိပ္ပာယ်ပေါင်း များစွာသည် တခုနှင့်တခု လှိုင်းရိုက် ကျန်ရစ်ခဲ့ လေသည်။ ကျုပ်၏ စိတ်နှလုံးထည်းသို့ ပြင်းထန်စွာ ဝင်ရောက်တိုးဝှေ့နေသည်။ ဘုရင်မကြီးအား မိမိသည် ချစ်ကြိုက်မိခြင်း မဟုတ်၊ 'မိမိ၏ စိတ်ဆန္ဒထည်း၌ ထိုညစ်ညမ်း နောက်ကျိမှုသည် အလျှင်းမျှ မတွယ်ငြိခဲ့။ ချစ်ကြိုက်ခြင်း ဆိုသည်မှာ ရမ္မက်နှင့် တွဲယှဉ်သော ညစ်ညမ်းသော စေတသိက် ဖြစ်လေသည်။

"ဖြစ်ကို မဖြစ်နိုင်ဘူး၊ ဖြစ်ကို မဖြစ်နိုင်ဘူး၊ ချစ်ကြိုက်တယ်ဆိုတာ ညစ်ညမ်းတဲ့ မဖြူစင်တဲ့ စိတ်ပဲ မိတ်ဆွေကြီး ကျုပ် ဘုရင်မကြီး အပေါ်ကို ဖြူစင်တဲ့ သန့်စင်တဲ့ စိတ်ပဲရှိတယ်။ ရမ္မက်စိတ် မပါဘူး၊ ဘုရင်မကြီးကို ချစ်ကြိုက် နေတယ်လို့တော့ ကျုပ် လုံးလုံး လက်မခံနိုင်ဘူး"

သူသည် ကျုပ်မျက်နှာကို ပြန်၍ ငေးမော ကြည့်နေသည်။ ထို့နောက် သူက အသံတိုးတိုးဖြင့် လူအမျိုးမျိုး စိတ်အမျိုးမျိုး အကြောင်း တွေးပြနေသည်။ ချစ်ကြိုက်သည် ဆိုခြင်းမှာ ညစ်ညမ်းသူများ အတွက် ညစ်ညမ်း သော်လည်း ဖြူစင်သူများ အတွက် ဖြူစင်ပေသည်ဟု သူက ပြောနေသည်။ သူသည် စကားလုံးများကို ရွေးခြယ်လျှက် အဓိပ္ပာယ် ပေါ်လွင်ရန် အမျိုးမျိုး ဝေဘန်သုံးသပ် ကြည့်ရှုပြနေသည်။

ကျုပ်မှာမူ ခေါင်းခါမြဲ ငြင်းဆန်မြဲ။ ချစ်ကြိုက်ခြင်းနှင့် ရယူပိုင်ဆိုင်လိုခြင်းမှာ ခွဲမရ၊ ဆက်စပ်လျှက် ရှိသည်။ ကျုပ်သည် ဘုရင်မကြီးအား ရယူပိုင်ဆိုင်လိုစိတ်သည်လည်း အလျှင်းမရှိ။ သို့သော် ဘုရင်မကြီး၏ မျက်နှာတော်ကို ဖူးမျှော်လိုသော ဆန္ဒရှိခြင်းနှင့် ဘုရင်မ၏ အသံတော်ကို ကြားနာလိုခြင်းသာ ရှိသည်။ ထိုစိတ်ဆန္ဒကို ချစ်ကြိုက်သော စိတ်ဟု လက်ခံ၍ မရနိုင်။

ညကား ပို၍ နက်လာလေသည်။ ကျုပ်တို့သည် စကားဝိုင်းကို ရပ်တန့်ပစ်လိုက်ကြ၏။ အမှောင်ထည်းတွင် မီးဖိုနံဘေး၌ လဲလျောင်း လိုက်ကြလေသည်။ စကားဝိုင်း ရပ်လိုက်သော်လည်း ကျုပ်မှာ အတွေးများကို အဆုံးသတ် ရပ်တန့်၍ မရတော့ပေ။ တပ်ဗိုလ် ရန္တ၏ စကားများသည် ကျုပ်၏ စိတ်နှလုံးများကို ရေလှိုင်းပမာ ရိုက်ခတ် ပွဲတင်ထပ်လျှက် ရှိနေသည်။

http://cyberbooks.myanmarchat.org


# မဟူရာမေတ္တာ (အပိုင်း-၂)

နိုင်ဝင်းဆွေ

(၄)

ဗိဿနိုးမှ ပြန်ရောက်လာပြီး ကျုပ်တို့သည် ပန်ထွာစစ်သည်များကို နေရာချပေးခြင်း၊ နောက်ထပ် စစ်သည်များ ထပ်မံ၍ တိုးချဲ့ခြင်းဖြင့် အလုပ်မအားနိုင်တော့ပေ။ အမြဲတန်း စစ်ရေးလေ့ကျင်းခန်းများ ယူနေကြရသည်။ သီရိခေတ္တရာ တပ်မကြီးများ တက်ရောက်အလာကို နေ့စဉ်နှင့်အမျှ သျှိဝစစ်သည်တို့သည် စောင့်ကြိုနေကြ၏။ နေ့စဉ်နှင့်အမျှ တိုက်ပွဲခိုက်ပွဲများအတွက် စိတ်အားထက်သန်လှစွာ ဆွေးနွေးနှီးနှောနေကြ၏။ သို့သော် သီရိခေတ္တရာ တပ်များကား နှစ်နှစ်တိုင်တိုင် ရောက်မလာကြသေး။

ဗိဿနိုးမှ ပြန်ရောက်လာပြီး ကတည်းက ညီလေးသူရနှင့် ကျုပ်၏ အနေအထိုင် အဆက်အဆံမှာ သိသိသာသာ စိမ်းသွားကြသည်။ သူရသည် ရင်ထည်း၌ မီးတောက်တခုကို တိတ်တဆိတ် မွေးလျှက်ရှိသည်။ သူသည် ငယ်ရွယ်လွန်းလှသေး၏။ သူ့တွင်ရှိသော ကြီးမားလှသည့် မာန်တရားတို့သည် နှင်းများကဲ့သို့ ဝေမှောင်ပြီး အမှန်တရားများ အပေါ်၌ အမှောင်ဖုံးထားလျှက် ရှိနေဆဲပင်။ သူသည် ကျုပ်နှင့် မျက်နှာချင်းဆိုင်ခဲ လှလေသည်။ တလနေ၍ ကျုပ်နှင့် မျက်နှာချင်း တခါဆိုင်ရန် ခဲယဉ်းနေသည်။ မျက်နှာချင်းဆိုင်လျှင်လည်း ပြောစရာစကားကို သွက်သွက်ပြောချပြီး ကျုပ်ရှေ့မှ ထွက်ခွာသွားတတ်၏။ ညီနှင့်နောင်သည် အတူတူ နေထိုင်ကြပါလျှက် စကားပြော ဟက်ဟက်ပက်ပက် မရှိနိုင်တော့သည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်နေသည်။

တနေ့သော နံနက်၌မူ သူသည် ကျုပ်ရှိရာ တောင်ကုန်းတဖက်သို့ ရောက်လာပြီး အနားတွင် ရပ်လေသည်။ သူ့၌ ပြောရန်စကား ပါလာသကဲ့သို့ ရှိသည်။ ထို့နေ့ကလည်း မှတ်မှတ်ရရ နံနက်စောစောတွင် နှင်းများ မှောင်ပိန်းနေခဲ့လေသည်။

ထိုနေ့ နံနက်ကလည်း အခြားနေ့များကဲ့သို့ပင် တောင်ကုန်းအောက်ခြေဝယ် မြင်းစီးစစ်သည်များ တိုက်ပွဲ ကျင်းပနေဟန် စစ်ရေးလေ့ကျင့်နေသည်။ တိုက်ပွဲလေ့ကျင့်ရေး ကွင်းထဲ၌ မြင်းစီးစစ်သည်များ တဖက်နှင့်တဖက် အတိုက်အခိုက် လေ့ကျင့်နေသည်။ ဓားခုတ် လှံထိုး၊ ဓားသံ တချွင်ချွင်ကို တောင်ကုန်းထိပ်မှ ကြားနေရသည်။

ညီလေးသည် သိန်းစွန်ရဲ့ကဲ့သို့ ထက်မျက်တောက်ပသော မျက်လုံးများဖြင့် တောင်အောက်ခြေကို ဝေ့ကြည့်ပြီး ကျေနပ်စွာ ပြုံးရယ်လေသည်။

သျှိဝမြို့ကိုကျော်၍ ခပ်ဝေးဝေးကို လှမ်းကြည့်လျှင် သျှိဝ၏ ဝင်ပေါက်ဖြစ်သော နယ်သတ်တောင်ရိုး မှိုင်းပြာပြာကို လှမ်း၍ မြင်တွေ့ရလေသည်။

တောင်ရိုး၏ အခြေတွင် တပ်ဗိုလ်ရန္တ၏ ဗိဿနိုးစစ်သည် တပ်မကြီးသည် စခန်းစိုက်ထား၏။ သူတို့သည် ဥယျာဉ် ခြံမြေများ လုပ်ကိုင်နေကြရင်း အစဉ်အမြဲ စစ်ရေးလေ့ကျင့်နေကြသည်။ တပ်ဗိုလ်ရန္တသည် အမြဲလိုလို

http://cyberbooks.myanmarchat.org


ကျုပ်ရှိရာသို့ လာ၍ လည်ပတ်တတ်၏။ သူသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်ပြီး ခင်မင်နှစ်လိုဖွယ်ရာ ကောင်းလေသည်။ တကိုယ်ရေ တကာယသမား ဖြစ်သောကြောင့် သျှိ၀၌ သူသည် ပျော်ရွှင်နေ၏။ ခုအချိန်တွင် သူတို့၏ တပ်သည်လည်း စစ်ရေးလေ့ကျင့်နေလိမ့်မည်။

ထိုတောင်ကြားဘက်မှ အမည်းစက်ကလေး တခုကို လှမ်းမြင်ရလေသည်။ အမဲစက်ကလေးသည် လျင်မြန်စွာ ပြေးလာနေပြီး တစတစ ကြည့်နေရင်း၌ပင် ကြီးမားလာသည်။ နှင်းမှုန်းများထည်း၌ အမဲစက် အပြောက်ကလေးမှာ ပို၍ ထင်ရှားလာနေသည်။

ညီလေးသူရသည် ကျုပ်၏ နံဘေးရှိ ကျောက်တုံးပေါ်တွင် ယှဉ်လျက် လာ၍ရပ်လိုက်သည်။ ထို့နောက် ကျုပ်ငုံ့ကြည့်နေရာဘက်သို့ သူသည်လည်း လိုက်၍ ကြည့်လိုက်သည်။

ကျုပ်သည် ခရုသင်းကို လက်ဖြင့် အသာစမ်းမိလိုက်လေသည်။ ဒွတ္တဘောင်၏ တပ်ကြီးများသည် ဗိဿနိုးမြို့စောင့်တပ်ကို ဝင်၍ ရုတ်တရက် စီးလိုက်ပြီး သျှိ၀သို့ ရှေ့တော်ပြေး တပ်ဦး လွှတ်လိုက်သည်လည်း ဖြစ်နိုင်သည်။ သို့သော် ပို၍ ထင်ရှားလာနေချိန်၌ ပြေးလာနေသည်မှာ မြင်းနှစ်စီးမျှသာ ဖြစ်နေသဖြင့် ကျုပ်သည် ခရုသင်းကို မသိမသာ လက်လွှတ်ထားလိုက်လေသည်။

မြင်းနှစ်စီးသည် တစီးနောက်မှ တစီး လျင်မြန်စွာ ပြေးလွှားလိုက်လာသည်။ တဖြည်းဖြည်းနှင့် ပို၍ သဲကွဲလာပြီး ရှေ့မှလူ၏ ခေါင်းပေါင်းမှ ငှက်ခါးတောင် အရောင်ကိုပင် မြင်နိုင်လာသည်။

ကြည့်နေရင်းပင် သူရ၏ မျက်နှာ၌ ဖြူလျော်လိုက်လာနေသည်။ သူသည် ပို၍ ငြိမ်သက်သွားနေသည်။ သူ့မျက်နှာမှာ မလှုပ်ရှားတော့ဘဲ မြင်းစီးလာသူများကို မခွာတမ်း စူးစိုက် ကြည့်နေသည်။

“ဒွတ္တဘောင်ဆီက စာချွန်သဝဏ်များလားဘဲ”ဟု ကျုပ်က တိုးတိုးပြောလိုက်လေသည်။ စိုးရိမ်မှုများသည် ကျုပ်၏ စိတ်နှလုံးထည်းသို့ စတင်ခိုဝင် ရောက်ရှိလာသည်။

“အကိုမသိဘူးလား”
“ဒါကြောင့် မင်းကို ပြောနေတာပေါ့”
“သူ့ခေါင်းပေါင်းက ငှက်ခါးတောင် အရောင်လေဗျာ”
“အဲဒါ ဘာပြုလို့လဲ”

သူသည် မျက်နှာကို ခပ်ဖြည်းဖြည်း ကျုပ်ဖက်သို့ လှည့်လိုက်လေသည်။ သူ့မျက်လုံးများသည် ကျုပ်၏ မျက်နှာပြင်တခုလုံးကို မွှေနှောက်ရှာဖွေနေသလို စိုက်၍ ကြည့်နေသည်။ အတော်ကြာမှ သူ၏ မျက်လုံးကို ပြန်၍ လွှဲလိုက်သော်လည်း သူ့နှုတ်ခမ်းထောင့်များသည် မသိမသာ တွန့်သွားလေသည်။ သူ့မျက်နှာပေါ်တွင် သရော်သည့် အပြုံးရိပ်များ မသိမသာ ထင်ဟပ်နေသည်။

“အဲဒါ ဘုရင်မရဲ့ ခြေမြန်တော်ပါ၊ ကျွန်တော့်ကို ရာဇဆိုတဲ့ လူက ငှက်ခါးတောင်အရောင် ခေါင်းပေါင်းအကြောင်း ပြောဘူးတယ်” သူက ခပ်တိုးတိုး ပြောနေသည်။

ဗိဿနိုးမှ ပြန်လာခဲ့ပြီးနောက် ကျုပ်သည် သျှိ၀ မြို့စားကလေး ဘ၀တွင် ကျင်လည်နေရင်း အမှုကိစ္စများ၌ နစ်မြုပ်နေခဲ့သည် မှန်သော်လည်း အချိန်ခါပေါင်းများစွာ ဗိဿနိုး နေပြည်တော်ကြီးကို သတိရနေခဲ့သည်။ တခါတရံ၌ ညောင်စောင်းထက်တွင် အိပ်စက်ရန် လဲလျောင်းနေကာ အိပ်မပျော်နိုင်ဘဲ ဖြစ်နေရသည်တို့မှာ

ဝမ်းနည်းဖွယ်ရာ ဖြစ်နေတတ်ပေသည်။ အမှန်ကို တိတိလင်းလင်း ဆိုရလျှင် သျှိဝမြို့စားလေး သူသသည် ဗိဿနိုး အရှင် ဘုရင်မကြီးအား တရံမလပ် သတိရနေကာ စိတ်နှလုံး ကြေကွဲနေတတ်လေသည်။ သို့သော် ထိုအရာမှာ ချစ်မေတ္တာစိတ် ဖြစ်သည်ဟူ၍မူ သျှိဝမြို့စားငယ်မှာ မည်သည့်အခါတွင်မျှ လက်ခံနိုင်မည်မဟုတ်။ ချစ်မေတ္တာ စိတ်ကား ကြမ်းတမ်း ညစ်ညမ်းပေသည်။

တခါတရံ၌ စောင်းကို ကောက်ကိုင်ကာ သီချင်း တပုဒ်ပုဒ်ကို တီးခတ်နေချန်၌ ထိုသတိရ စိတ်တို့ကို သျှိဝမြို့စားငယ်မှာ မျိုသိပ်ထားရသည်။

တပ်ဗိုလ် ရန္တနှင့် နောက်ပိုင်း၌ စကားများစွာပြောခဲ့သော်လည်း ဤအကြောင်းတို့ကို မပြောမိရန် သတိထားခဲ့သည်။

ယခုလည်း ဘုရင်မကြီးထံမှ ခြေမြန်တော် လာသည်ဆိုသောအခါ ကျုပ်သည် ငေးတွေးကာ ကြည့်နေမိပေသည်။ ဘယ်အရေး ဘယ်ကိစ္စများကြောင့်တုန်း၊ ကျုပ်အား နေပြည်တော်သို့ ခေါ်ယူလေမလားနှင့် တွေးနေမိကာ စိတ်ထဲ၌ လှုပ်ရှားနေမိသည်။

ညီလေးသည် ကျုပ်မျက်နှာကို စိုက်၍ကြည့်နေ၏။ သူ့နှုတ်ခမ်းများမှာ မသိမသာ သရော်တော်တော် ပြုံးနေသည်။

“အင်း ဗိဿနိုး အရှင်မင်းမြတ်ရဲ့ ခြေမြန်တော်ဟာ ဘယ်အဝတ်မျိုးဝတ်တယ်ဆိုတာကို အကိုတော် မသိဘူးဆိုတာ အံ့အားသင့်စရာဘဲ၊ အံ့ဩစရာ ကောင်းလှတဲ့ ကိစ္စဖြစ်နေပါပေလား”

သူသည် ထိုရန်လိုသော ပဋိပက္ခ စကားများကို ဝုန်းဝုန်းဒိုင်းဒိုင်း ပြောချလိုက်လေသည်။ ကျုပ်ပြန်လှည့်လိုက်ချိန်တွင် ကျုပ်အနားမှ ခပ်သွက်သွက် တဖက်သို့ လျှောက်သွားကာ လေ့ကားထစ်များအတိုင်း ခပ်ကြမ်ကြမ်း ပြေးဆင်းသွားလေသည်။ သူ့ကို လှမ်းခေါ်လိုက်ရန် သတိရသော်လည်း ကြည့်နေလိုက်ရ၏။ အကယ်၍ လှမ်းခေါ်လိုက်ပြီး ထိုအကြောင်းကို ဆက်၍ ပြောဆိုလျှင် ပို၍ ပဋိပက္ခ ဖြစ်လာတော့မည်။ ဤသို့ဖြင့် စိတ်မကောင်းစရာများ ပို၍ ဖြစ်လာတော့မည်။ ကျုပ်သည် စိတ်မကောင်းလှစွာဖြင့် ထိုနေရာတွင် ရပ်မြဲရပ်နေခဲ့၏။

မကြာမီ လှေကားထစ်အတိုင်း မြင်းသည်တော် နှစ်ဦး တတ်လာနေသည်။ သူတို့၏ မြင်းများကို တောင်ကုန်းအခြေရှိ မြားတဲ၌ ချည်နှောင်ခဲ့ကြသည်။ တောင်အခြေရှိ အစောင့်များသည် သူတို့ကို စစ်ဆေးမနေဘဲ လွှတ်လိုက်ကြပုံ ရသည်။ သူတို့သည် ကုန်းပေါ်သို့ အပြေးအလွှား တတ်လာနေသည်။ ရှေ့မှ ဘုရင်မ၏ ခြေမြန်တော် ဖြစ်ပြီး နောက်မှ ထပ်ကြပ်လိုက်ပါလာသူမှာ တပ်ဗိုလ်ရန္တ ဖြစ်လေသည်။

နိုင်ငံတော်၌ အရေးတစုံတရာကြုံတွေ့နေပြီထင်သည်။ အဝေးကြီးမှ လှမ်းမြင်နေရကတည်းပင် တပ်ဗိုလ်ရန္တ၏ မျက်နှာပေါ်တွင် တခုခု အရေးတကြီး ဖြစ်နေပြီကို သိသာနေသည်။ သူတို့သည် တောင်ကိုပတ်ကွေ့ပြီး ပြေးတတ်လာနေသည်။ ထို့နောက် သူတို့သည် စံအိမ်ဘက်ရောက်သွားပြီး စံအိမ်မှုထမ်းများ လိုက်ပို့သဖြင့် ကျုပ်ရှိရာဘက်သို့ ကွေ့ပက်ပြီး လျှောက်လာလေသည်။ ခြေမြန်တော်က ဘုရင်မ၏ အမိန့်စာချွန်တော်ပါကြောင်း ပြောဆိုလိုက်သည်။ ကျုပ်သည် အရိုအသေပြုပြီး အမိန့်တော် စာချွန်ကို ယူထားလိုက်သည်။ ထို့နောက် ခြေမြန်တော်သည် ပြန်ကွေ့၍ လှည့်သွားပြီး ဈေးကြီးသုတ်ပျာ ဆင်းသက်သွားသည်။ ရန္တနှင့် ကျုပ်သည် ထိုနေရာ၌ ရပ်တန့် ကျန်ရစ်ခဲ့သည်။

သူသည် ကျုပ်မျက်နှာကို စိုက်ကြည့်နေရင် “ငမင်စား သမာနတော့ ပုန်ကန်ခြားနားပါပကော သျှိဝမြို့စားလေး”ဟု

အသံတုန်တုန်နှင့် စတင်ပြောလိုက်လေသည်။

“ငမင်မြို့စား ခြားနားဘီ ဟုတ်လား”

“ဟုတ်တယ် မြို့စားလေး၊ ငမင်မြို့စောင့် ဘုရင်မ တပ်မတော်ကို သမာနက လုပ်ကြံပစ်လိုက်တယ်။ အခု ဘုရင်မရဲ့ ဗိသနိုး တပ်တော်ကြီးတွေ ချီတတ်သွားနေရဘီ။ သမာနဟာ တိုက်ရည်ခိုက်ရည် ပြည့်ဝတဲ့လူ၊ အစီအမံ သေသပ်ပိရိတဲ့လူ၊ ငမင်ကို ပြန်လုပ်ကြံဘို့ဟာ သိပ်မလွယ်လှဘူး။ ပီးတော့ သီရိခေတ္တရာက အကူအညီကိုလဲ ယူချင်ယူထားမှာဘဲ။ ငမင်ကို ပြန်ရအောင် အရေးတကြီး လုပ်ကြံနိုင်မှ ဖြစ်မယ်။ အတွင်းမီးတော့ ထတောက်ပီ မြို့စားလေရေ။ ကျုပ်တို့ နိုင်ငံတော့ နောက်ဆုံး ကွဲပြိုရမယ့်ကိန်း ဆိုက်ရောက်နေဘီ၊ အကြံအစည်သမားတွေ အကွက်ကြည့်နေတဲ့ လူတွေအတွက် ဒါ အခွင့်ရေးကောင်းတခုဘဲ။ ကျုပ်တို့လဲ သီရိခေတ္တရာကို ပြန်တွန်းလှန်နိုင်ဘို့ အမြန်ဆုံး စစ်ပြင်ထားနှင့်မှ ဖြစ်တော့မှာဘဲ။ ပီးတော့ ငမင်ကို အလွယ်တကူလေးနဲ့ ပြန်လုပ်ကြံဘို့ဆိုတာ မဖြစ်နိုင်ဘူး၊ သမာနလို လူတယောက်ထဲကိုတောင် လူတရာနဲ့ ဝိုင်းလုပ်ကြံမှ ညီမျှမယ်။ သမာနဟာ ဓါးရေး အလွန် ကျွမ်းကျင်တာကလား။ မျက်တောင်တယှက် ဓါးနှစ်ချက်ဆိုတဲ့ လူဘဲ”

ကျုပ်သည် စိတ်လှုပ်ရှားစွာဖြင့် တပ်ဗိုလ် ရန္တကို ငေးစိုက်ကြည့်နေသည်။ သူနှင့် ကျုပ်သည် စံအိမ်တော်ဘက်သို့ ပြန်၍ လျှောက်လာကြ၏။ ထို့နောက် တိုက်ရေးခိုက်ရေးနှင့် ပတ်သက်ပြီး သူနှင့် ကျုပ်သည် အရေးတကြီး တိုင်ပင်နေသည်။ သမာန မည်သည့်အတွက် ပုန်ကန်သည်ကို ကျုပ်တို့နှစ်ဦးစလုံးပင် အဖြေမှန်ရအောင် မရှာနိုင်ပေ။ သို့သော ကျုပ်၏ စိတ်ထည်း၌မူ ရေးရေးဝါးဝါး သိနေလေသည်။ သာမနသည်လည်း ညီလေး သူရကဲ့သို့ စိတ်ထားမျိုးရှိမည် ဟူ၍ ကျုပ်သည် မှန်းဆ တွေးတောနေ၏။ ကျုပ်မှာ ညီလေးသူရနှင့် ပတ်သက်သော တွေးတောနေမှု တို့ကို အဆုံးမသတ်နိုင်သေးပေ။ ထို့နောက်မှ ညောင်စောင်းပေါ်တွင် တင်ထားသည့် အမိန့် စာချွန်ကို သတိရသွားလေသည်။ ကျုပ်သည် စကြာဝဠာတံဆိပ် ခပ်နှိပ်ထားသည့် အမိန့်တော် စာချွန်လွှာကို ဖြေ၍ ကြည့်နေ၏။

စကြာဝဠာ တံဆိပ်သည် လေတွင် လွင့်ပျံဝဲလျှက် ရှိလေသည်။ ပိုးအလွှာတော်ကို ဖြန့်ကိုင်ထားသည့် ကျုပ်၏ လက်များမှာ တဆက်ဆက် တုန်လှုပ်နေသည်။

အမိန့်တော်မှာ ကျုပ်အား အမြန်ဆုံး နန်းတော်သို့ အရောက်လာခဲ့ရန် ဆင့်ဆိုလိုက်ခြင်းဖြစ်သည်။ ဘုရင်မသည် မြို့စားများကို ဥပါယ်တံမျဉ်ဖြင့် ခေါ်ယူပြီး တခုခုကို အကြောင်းပြလျှက် နေပြည်တော်၌ ကြာရှည်လေးမြင့်စွာ အကျယ်ချုပ် အချိန်ဆွဲထားလိမ့်မည်။ ထိုနည်းဖြင့် မြို့စားများသည် အကျယ်ချုပ် သဘောမျိုး ခံစားနေကြရမည်။ ထိုနည်းဖြင့် လောလောဆယ်၌ ဘုရင်မသည် မြို့စားများ ထကြွပုန်ကန်မည့် အရေးကို ကြို၍ ကာကွယ် ထားတော့မည်။

ကျုပ်သည် အမိန့်တော်လွှာကို နောက်ထပ် နှစ်ကြိမ်မျှ ထပ်၍ ဖတ်နေ၏။ ထို့နောက် စိတ်လှုပ်ရှားစွာဖြင့် စံအိမ်၏ လေသာဆောင်ဘက်၌ လမ်းလျှောက်နေသည်။ ကျုပ်အား တကြိမ်ကြိမ်တွင် နန်းတော် နေပြည်တော်မှ ခေါ်ယူလိမ့် မည်ဟု စိတ်ကူးအိမ်မက်များ မက်ခဲ့။ ဘုရင်မ၏ အပါး၌ အမြဲမပြတ် ခစားခွင့်ကြုံနေရလိမ့်မည်ဟု နှစ်နှစ်တိုင်တိုင် တွေးတောခဲ့၏။ “ဘုရင်မကြီးအား ချစ်မေတ္တာထားနေသည်” ဆိုသော တပ်ဗိုလ် ရန္တ၏ လွန်ခဲ့သော နှစ်နှစ်က စွပ်စွဲသံသည် နားထည်း၌ အပြန်ပြန် အလှန်လှန် ကြားနေလေသည်။ ကျုပ်သည် ချက်ခြင်းသွားရန် စိတ်ကူးစီစဉ်၍ နေသည်။ ဦးရီးတော်အား တရားစီစစ်ရေးကို လွှဲအပ်ခဲ့ပြီး ညီလေး သူရအား မြို့တော် ရဲမက်အုပ်ချုပ်မှုကို လွှဲအပ်ခဲ့မည်။

http://cyberbooks.myanmarchat.org


သို့သော် ထိုအစီအစဉ်သည်ပင် နောင်အခါ၌ ပန်ထွာ နိုင်ငံတော်ကြီးအတွက် ကြီးမားသော အန္တရာယ်ကြီးများကို ဖိတ်ခေါ်ယူလိုက်ခြင်းဖြစ်ကြောင်း သိရပေလိမ့်မည်။ ကျုပ်ကား ဦးရီးတောနှင့် ညီငယ်အား နေရာအထားမှားခဲ့လေပြီ။ ညီငယ်၏ ရင်ထဲတွင် တစတစ တောက်လောင်နေသော မီးတောက် မီးဖွားများကို ကျုပ်သည် မကြည့်မမြင် နမော်နမဲ့ နိုင်ခဲ့လွန်းပေသည်။

(၅)

ကျုပ်နှင့် စစ်တားမြို့စား ဘာရတသည် ပြည်ရေးပြည်ရာ ခန်းမတော်ဆောင်ဖက်မှ ထွက်လာကြပြီး နန်းတော်ကြီး၏ လှေကားစမုခ်ဖက်သို့ လျှောက်လာကြ၏။ စစ်တားမြို့စား ဘာရတကိုလည်း ယခုမှပင် မြင်ဘူးတွေ့ဘူးခြင်း ဖြစ်လေသည်။

ဘာရတသည် အစဉ်သဖြင့် ပြုံးနေတတ်သော မျက်နှာ၊ ဝဖြိုးသော ကိုယ်ခန္ဓာနှင့် သေးသွယ်သော လက်ချောင်းများ ရှိသူဖြင့်လျှက် လူငယ်တယောက်ကဲ့သို့ပင် သစ်လွင်တောက်ပ နုစိုသော အဝတ်များကို ဝတ်ဆင်တတ်သူ ဖြစ်သည်။ သူနှင့်ကျုပ်သည် နှုတ်ဆက်စကား ပဋိသန္ဓာရ စကားများကို ယဉ်ကျေးစွာ ပြောဆိုလာကြလေသည်။ မနေ့က သျှိဝမှ ရောက်လာပြီး ယခု ညီလာခံသို့ ဝင်ရောက်လာကြရသည်။ နိုင်ငံရေးရာ လှုပ်ရှားမှုများကြောင့် ယခုပင် မြို့စားများသည် မိမိတို့မြို့များသို့ ပြန်ပြီး စစ်သည်များ ထပ်မံသိမ်းသွင်း စုဆောင်းကြရမည်။ စုဆောင်းပြီး စစ်သည်များကို နေပြည်တော်သို့ ပို့လွှတ်ပေးရမည်။ သို့ဖြင့် မြို့စားများထံမှ စစ်သည်များ နေပြည်တော်သို့ ပို့လွှတ်ပြီးသောအခါ တော်လှန်ပုန်ကန်ရန် ခွန်အားရှိနိုင်တော့မည် မဟုတ်။ ကျုပ်၏ နားထဲ၌ ယခုပင် ပြည်ရေးပြည်ရာ ခန်းမဆောင်၌ ဘုရင်မ မြွက်ကြားတော် မူသည့် စကားသံများ ပဲ့တင်ထပ်၍ ပါလာခဲ့လေသည်။

"သျှိဝမြို့စားလေး အသက်အရွယ် ဘယ်လောက်ရှိပါပြီလဲ" ဟု စစ်တားမြို့စားကြီး ဘာရတက ခန့်ညားစွာ မေးလိုက်လေသည်။ သူ့အသံ၌ သြဇာတိက္ကမ ပြည့်ညောင်းစွာ ပါနေသည်။

"သုံးဆယ် မပြည့်တတ်သေးပါဘူး မြို့စားကြီး"

"အို အလွန်နုနယ်ငယ်ရွယ်လှတဲ့ အရွယ်လေးဘဲ"

ကျုပ်သည် ယဉ်ကျေးစွာဖြင့် သာသာဆဆ ပြုံးလိုက်လေသည်။

"အသက်သုံးဆယ် အရွယ်ဟာ လူ့ သက်တန်းမှာ အထက်မျက်ဆုံး၊ နေထိုင်လို့ အကောင်ဆုံး၊ လုပ်သမျှ အလုပ်မှန်သမျှ အအောင်မြင်ဆုံး အရွယ်လို့ ဆိုကြတယ် မဟုတ်ဘူးလား မြို့စားကြီး" ဟု ကျုပ်သည် ရယ်သံတဝက်ဖြင့် ပြန်၍ ပြောနေသည်။

"အဲတာက သျှိဝမြို့စားလေးရဲ့ အမြင်ကိုး၊ ကျုပ်အမြင်မကတော့ လူဟာ အသက် ငါးဆယ်ကျော် လာလေလေ တန်ဖိုး မြင့်လာလေလေထင်တယ်"

ကျုပ်တို့သည် လေသာဆောင်ဖက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာ ကြလေသည်။ ထို့နောက် နန်းတော်ကြီး၏ လှေကား စမုခ်ဘက်သို့ လျှောက်၍ သွားနေကြ၏။ ဘုရင်မသည် ညီလာခံတော် ခန်းမဆောင်ဖက်သို့ ကြွတော်မူရန် လေသာစကြံဆောင်သို့ ပြည်ရေးပြည်ရာ ခန်းမဆောင်မှ ထွက်လာနေသည်။ ထိုအချိန်ကလေး၌ပင် ကျုပ်၏ ဘဝအား တဆစ်ချိုးထောင့်တခုသို့ ကွေ့ရန် ဖြစ်ပေါ်လာလေသည်။

ငမင်ကို သိမ်းပိုက်သောတပ်များ ပြန်ရောက်လာပြီး စစ်သူကြီး ဗျဂ္ဃနှင့် ရဲမက်အချို့သည် ငမင်မြို့စား သမာနကို ဆွဲခေါ်လျှက် သူတို့သည် နန်းတော်ကြီး လှေကားမှ ခပ်ဖြည်းဖြည်း တတ်လာနေသည်။ ကျုပ်တို့သည် လှေကား အထက်စမုခ် ဘေးတွင် ခဏမျှ ရပ်ဆိုင်းနေကြသည်။

http://cyberbooks.myanmarchat.org



"အဲတာ ငမင်စား သမာနဘဲ မြို့စားလေး၊ ဓားရေး ဓားရာမှာ ပြိုင်ဘက်ကင်းတဲ့ လူဘဲ" ဟု စစ်တားစား ဘာရတက တိုးတိုးပြောနေသည်။

ငမင်စားသည် တောင့်ခိုင်ကြီးမားသော မေးရိုးကြီးများနှင့် သိန်းစွန်ရဲကဲ့သို့ ထက်မျက်သော မျက်လုံးရှိသူ ဖြစ်သည်။ သူသည် လှေကားအထက်သို့ မျက်လုံးဝေ့၍ ကြည့်နေသည်။ သူ့ မျက်လုံး ဝေ့ကြည့်လိုက်ပုံသည်ပင် ဓားသမားကောင်း တဦးဖြစ်ကြောင်း ဖော်ပြပြီးသား ဖြစ်နေသည်။ တောက်ပထက်မျက်သော သူ့ မျက်လုံးထဲတွင် သူ၏ ကြီးမားသော အတ္တမာနတရားများကို မြင်နိုင်ပေသည်။ သူ့ မျက်နှာသည် မထီတရီ ပြုံးလာသည်။ သူသည် အကျဉ်းသား တဦးနှင့် မတူဘဲ ခန့်ညားနေဆဲ ဖြစ်သည်။ သူ့ လက်လေးပေါ်၌ အင်္ကျီကို စွန်းထင်းနေသော သွေးကွက်သည် သူ၏ အလျှံတဖိတ်ဖိတ် တောက်သော စိတ်ထား စိတ်ဓာတ်ကို ဖော်ပြပေးနေသကဲ့သို့ ရှိသည်။

လှေကားအတက်၌ သူ့ခြေလှမ်းများသည် ပို၍ သွက်လက်လာလေသည်။ ထို့နောက် လှေကား အထက်ထိပ်၌ သူသည် တောင့်ခိုင်စွာ ရပ်တန့်လိုက်သည်။ ရုတ်တရက် သူရပ်လိုက်ပုံမှာ ကျောက်တိုင်တခုကို အသေ စိုက်ထူလိုက်သကဲ့သို့ ဖြစ်သည်။ သူ့ကို ဆွဲခေါ်လာသူများပါ အံ့အားသင့်သွားကြသည်။ သူ့ထံမှ သံကြိုးချင်း ရိုက်ခတ်သံ တချွမ်းချွမ်းသည် လေသာဆောင်ထိပ်၌ ပေါ်လွင်သွားသည်။

ညီလာတော် ခန်းမဆောင်သို့ ကူးမည့် ဘုရင်မသည် ခဏမျှ ရပ်တန့်လိုက်သည်။ ဘုရင်မသည် မျက်နှာတော်ကို လှေကား စမုခ်ဘက်သို့ ခဏမျှလိုက်ကြည့်လိုက်လေသည်။ မျက်နှာပေါ်တွင် လွှမ်းခြုံထားသော ပိုးပုဝါလွှာပါးပါးကို လေသာဆောင်၌ လေများ ဝှေ့ယမ်းသွားသည်။ ထို့နောက် ဘုရင်မသည် တရားရေးခန်းမဆောင်ဘက်သို့ ခြေဦးလှည့်တော်မူသည်။

"သျှိဝမြို့စားမင်းခင်ဗျာ၊ ကျုပ်နဲ့အတူတူ တရားရေးခန်းမတော်ဆောင်ဘက် ကြွလှမ်းလိုက်ပါတော်ဝံ့ပါသလား။ သျှိဝမြို့စားဟာ ဓားရေးမှာ အလွန်ဘဲ ထက်မျက်ပါပေတယ်လို့ အလွန်ဘဲ နာမယ် ကြီးပါတယ်။ ကျုပ်က မသေမီ သျှိဝ မြို့စားလေးနဲ့ ဓားရေးတပွဲလောက် စမ်းသွားချင်ပါတယ်။ ကျုပ်က သေမိန့်အပေးခံရမယ့် လူဘဲ မြို့စားလေး ဒီနိုင်ငံရဲ့ တရားဥပဒေအရ သေဒဏ်သင့်တော့မယ့် ရာဇဝတ်သားတဦးဟာ နောက်ဆုံးအနေနဲ့ အခွင့်အရေးထူး တခု တောင်းဆိုနိုင်ခွင့် ပြဌာန်းထားပါတယ်။ ဘာပြုလို့ ဘာပြုလို့ ဓားခင်းယှဉ် ကစားချင်စိတ် ပေါက်လာမိလို့ လဲဆိုတော့"

သမာန၏ ကျယ်လောင်စွာ ရယ်မောလိုက်သံသည် လေသာတပြင်လုံးတွင် သိမ့်သိမ့်တုန်မျှ ခါသွားလေသည်။ သူသည် အော်ကျယ်ဟစ်ကျယ် ပြောနေ၏။ ကျုပ်သည် အံ့အားသင့်လွန်းပြီး ကြက်သေသေ ငေးမောနေရလေသည်။ သူနှင့် ဆက်ဆံ ပတ်သက်ဖွယ်ရာ အကြောင်းလည်း မရှိ။ သူသည် မိမိ၏ မိတ်ဆွေလည်းမဟုတ်၊ ရန်သူလည်း မဟုတ်ခဲ့၊ သူနှင့် ရန်ညှိုးသိုရနလည်း မိမိသည် တစုံတရာမျှ မပြုမူဘူးခဲ့၊ ဘာကြောင့် သူသည် မိမိနှင့် ဓားချင်း ယှဉ်ပြိုင်လိုစိတ် ပေါက်နေရသနည်း။

ကျုပ်သည် သူ့မျက်နှာကို ငေး၍ကြည့်နေ၏။ သူ့ မျက်နှာပေါ်မှ မာနတောက်ပသော အပြုံးမှာ ပိုမို၍ ဝင့်ဝါနေသည်။ သူသည် ရင်အုံကို ကော့ထား၏။ ထိုအချိန်၌ ကျုပ်၏သွေးများမှာ မလှုပ်ရှား ငြိမ်သက်နေရာမှ တဖြည်းဖြည်း ဆူပွက်လာလေသည်။

ဓားသမား တဦးသည် သူ၏ ဓားရေး ဓားရာနှင့် ပတ်သက်လျှင် အစော်ကား ခံတတ်သည် မဟုတ်။ ကျုပ်သည် ကိုယ်ကိုတောင့်တောင့် မတ်မတ် ရပ်လိုက်သည်။ ကျုပ်၏ ဝင့်ဝါသော လက်ချောင်းများသည် ဓားကို ကိုင်ရန်အတွက် ထိုခဏ၌ ကြွရွသွားကြလေသည်။ လက်မောင်းများ၌ သွေးများ တဖျင်းဖျင်းနှင့် ဆင်းပြေး နေကြသည်။

http://cyberbooks.myanmarchat.org


ဘာရတ၏ ရှေ့ သက်တော်ရှည် ဝန်များ၏ ရှေ့၊ စစ်သည်တော်များ၏ ရှေ့၊ ဘုရင်မ၏ ရှေ့၌ ထိုစကားမျိုးကို ငြိမ်ခံနေ၍ ထိုတိုက်ပွဲမျိုးကို ရှောင်ရှားသွား၍ မဖြစ်။

"ဖြစ်ပါတယ် သူပုန်မြို့စားမင်း ခင်ဗျား ကျုပ်ကို တရားရေးခန်းမဆောင်ထဲ ဝင်ခွင့်ရအောင်သာ အခွင့်အရေး တောင်းဆိုပေးပါ။ ခင်ဗျားမယ် တောင်းဆိုပိုင်ခွင့် ရှိနေတာဘဲ"

သမာနသည် ဘုရင်မ နားတော်ပေါက်ရန် တမင်လျှောက်ကြားသကဲ့သို့ ကျုပ်သည်လည်း တမင် အော်ဟစ်၍ ပြောဆိုလိုက်လေသည်။ ဘုရင်မကိုယ်တော်တိုင် နောက်သို့ တဖန်ပြန်၍ လှည့်ကြည့်လိုက်ပြီးမှ ဆက်၍ ကြွလှမ်းသွားလေသည်။

သက်တော်ရှည်ဝန် တဦးသည် လေသာဆောင်ဘက်သို့ ပြန်၍ လျှောက်လာသည်။ အကျဉ်းသားကို ခေါ်သွားရန်နှင့် သူသည် စစ်သားကြီးကို ပြောလိုက်၏။ ဘာရတသည် ကျုပ်ကို နှုတ်ဆတ်ပြီး နံဘေးမှရှောင်တိမ်း ဆင်းသွားသည်။ ကျုပ်သည် အသားတဆတ်ဆတ် တုန်လျှက် ကျန်ရစ်ခဲ့၏။

သက်တော်ရှည်ဝန်သည် ကျုပ်ဘေးတွင် ရပ်တန့်ပြီး "အခု ကျုပ်ပြောမှာ ဘုရင်မ ကိုယ်တော်တိုင်ရဲ့ စကားဖြစ်တယ်လို့ မှတ်စေလိုပါတယ် သျှိဝမြို့စားလေး၊ ပန်ထွာရဲ့ တရားဥပဒေအရ သေဒဏ် အပြစ်ပေး ခံရတော့မယ့် အကျဉ်းသားမှာ အခွင့်အရေး တခုခုတောင်းဆို ခွင့်ပြုထားတယ်။ ဒါပေမယ့် အကြောင်းမဲ့ ဘာပြုလို့ သျှိဝမြို့စားလေးလို နိုင်ငံတော်အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ လူတစ်ယောက်က နိုင်ငံတော် သစ္စာဖောက်နဲ့ တွဲပြီး ဓားချင်းယှဉ်မလဲ၊ ဓားချင်းယှဉ်မယ်ဆိုရင် သိပ်မိုက်မဲတဲ့ မိုက်ရူးရဲအလုပ်ဘဲ သျှိဝမြို့စားလေး။ ပြီးတော့ သူနဲ့မတူလို့ တန်ဖိုးချင်း မညီမျှလို့ ဓားချင်းမခုတ်နိုင်ပါဘူးလို့ ငြင်းဆိုတာဟာ ရှက်စရာမကောင်းတဲ့အပြင် ဂုဏ်သိက္ခာရှိတဲ့ အလုပ်ဘဲ" ဟု တိုးတိုးပြောနေသည်။ "ကျုပ် ခင်ဗျားကိုယ်စား သမာနကို အဲဒီအတိုင်း စကားပြန်လိုက်မယ်"

"ဒါပေမယ့် ကျွန်တော်လဲ ဓားသမားတဦးဘဲ"
ကျုပ်သည် တိုးတိုးပင် ပြန်ပြောလိုက်လေသည်။

"ဒီအတိုင်းဆိုတော့ ကျွန်တော့ကို တရားရေးခန်းမတော်ဆောင်ထဲ ဝင်လိုက ဝင်ခွင့်ပြုလိုက်ပီ မဟုတ်လား"

"ဒါပေမယ့် သမာနဟာ ဓားရေးမှာ သာမန်ကျွမ်းကျင်တယ်လို့ ပြောရုံတင် မကဘူး"

ကျုပ်သည် သက်တော်ရှည်ဝန်အား ဖြတ်ကျော်လိုက်ပြီး တရားရေးခန်းမတော်ဆောင်ဘက်သို့ သွက်လက်ဖျတ်လက်စွာ ဖြတ်ကျော်သွားသည်။ တရားရေး ခန်းမတော်ဆောင် တံခါးမှူးသည် ကျုပ်အား ခေါင်းညိတ်၍ ဝင်ခွင့်ပြုလိုက်သည်။ ကျုပ်သည် လက်ဝဲဘက်လမ်းမှ ဦးခေါင်းငုံ့လျှက် ဖြည်းလေးစွာ ဝင်ရောက်လာသည်။

တရားရေး ခန်းမဆောင်သည် တိတ်ဆိတ် ငြိမ်သက်သွား၏။ နောက်ဖက် လေသာပေါက်များမှ အဆင့်ဆင့် သွင်းထားသည့် အလင်းရောင်များသည် ခန်းမဆောင်ထည်း၌ လင်းရှင်းနေသည်။ အတော်ကြာလျှင် မြို့တော်ဝန်ကြီး သူဇုသည် သမာန၏ ပြစ်မှုအတွက် စွဲချက်တင်ရန် ပါလာသည့် ဓမ္မသတ်များမှ ကောက်နုတ်ချက်များကို ဖတ်ကြားမည့် ပြင်ဆင်နေသည်။ သူ၏ ကိုယ်လက်လှုပ်ရှားသံသည် ခပ်တိုးတိုး အသံ အဖြစ်ဖြင့် ကြားသနေရသည်။ အဖိုးကြီး သူဇုမှာ တုန်ရှေးနေသည်။

ထိုအချိန်ကလေး၌ပင် လက်ျာဘက်မှ သံကြိုးချင်း ရိုက်ခတ်သံ ဆူညံစွာ ထွက်ပေါ်လာလေသည်။ အကျဉ်းသားသည် ဖွတ်ရုန်းပြီး နေရာမှ ထလိုက်၏။ သူသည် ကိုယ်အားယူ၍ စကားပြောသဖြင့် သူ့ကိုယ်ပေါ်မှ သံကြိုးများ ဆူညံသွားလေသည်။

“ကျွန်တော်ကို အချိန်ကုန်ခံပြီး တရားစီရင်ရင်နေဘို့ မလိုအပ်ဘူး” ဟု သူအော်လိုက်သံသည် တိတ်ဆိတ်ငြိမ်သက်သော အခန်းထည်း၌ လိုဏ်သံပါနေသည်။

“ကျွန်တော့်ကို နိုင်ငံတော်လုပ်ကြံမှုနဲ့ ကွပ်မျက်ပစ်ဖို့ တလမ်းထဲရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ တရားဥပဒေအတိုင်း သေဒဏ်အပြစ်ပေးခံရတော့မယ့် ဆဲဆဲ အကျဉ်းသားအနေနဲ့ သျှိဝမြို့စားလေး သူသနဲ့ တဦးချင်း ဓားယှဉ်ခွင့် တောင်းဆိုပါတယ်။ ပန်ထွာ အရှင်မင်းမြတ်ကလဲ မင်းကောင်း မင်းမြတ်ပီပီ၊ တရားဥပဒေနဲ့ ညီစွာ ဓမ္မသတ်တို့ကို ဂရုပြုလိမ့်မယ်လို့ ထင်ပါတယ်။ သျှိဝမြို့စားမင်းကလဲ ဓားသမားပီသစွာ ယောကျ်ားပီသစွာ ငြင်းဆိုလိမ့်မယ် မဟုတ်ဖူးလို့ ထင်ပါတယ်”

ထိုအချိန်၌ ကျုပ်၏ စိတ်ထားများမှာ ပြောင်းလဲနေကြလေသည်။ ကျုပ်သည် ညီးလေး သူရကို အမှတ်ရနေ၏။ သူ၏ ပြုံးချိုရွှင်ပျသော မျက်နှာကလေးကို သတိရနေသည်။ ညီလေး သူရနှင့် သမာနသည် စိတ်ထားသဘောထားချင်း အတူတူ ဖြစ်နေကြသည်။ ထိုအယူအဆမျိုး ရှိသူများသည် ကျုပ်ကို ရွံ့မုန်းနေကြ၏။ ရန်သူကြီးများအဖြစ် သတ်မှတ်ထားနေကြ၏။

ညီငယ်ဖြစ်သူ၏ ရင်ထည်း၌ ထိုမကျေချမ်းမှုသည် လွန်ခဲ့သော နှစ်နှစ်ကတည်းက ကြီးမားစွာ ပေါ်ပေါက်နေခဲ့လေသည်။ ရင်ထည်း၌ တောက်နေသောမီးသည် တစထက်တစ ပို၍ ကြီးမားကျယ်ပြန့် လာမည်။ သူနှင့်ကျုပ်တို့ ညီနောင်မှာ ယခင်ကလို ချစ်ချစ်ခင်ခင် မဟုတ်ကြတော့ပြီ။ ယခုအချိန်၌ ကျုပ်၏ စိတ်ထည်းတွင် ထိုစိုးရိမ်စိတ်သည် ဝင်ရောက်နေ၏။ ကျုပ်က ညီငယ်အား စစ်သည်ရဲမက် အုပ်ချုပ်ရေး၌ ဝကွက်၍ ပုံအပ်ခဲ့၏။ သူသည် ကျုပ်မရှိသည့် အခိုက်အတန့်ကလေး၌ တပ်ဗိုလ်ရန္တအား တိုက်ခိုက်ပြီး ပုန်ကန်ခြားနားနိုင်သည်။ ယခုအချိန်၌ပင် စတင်စိုးပြင်းချင် ပြင်းနေမည်။ ဦးရီးတော်သည် သူ့ကို လွန်ဆန်နိုင်သည် မဟုတ်။ သို့ဆိုလျှင် ဤနေရာ၌ ဓားချင်းယှဉ်ပြိုင်ပြီး ကလေးကလား သူရဲကောင်း စွမ်းရည်ပြပွဲ ကျင်းပနေသည်ထက်က သျှိဝသို့ အမြန်ပြန်၍ ပြေးသွားသင့်လေသည်။ တိုက်ပွဲ ကျင်းပနေခြင်းဖြင့် အချိန်များကို မကုန်ဆုံးစေသင့်။ ကျုပ်သည် အမှုမဲ့အမှတ်မဲ့ ဒေါသကို မချုပ်တည်းမိဘဲ လိုက်လာခဲ့မိခြင်း ဖြစ်၏။ သမာနသည် ညီငယ်သူရနှင့် တမင်အကွက်ဆင်၍ ယခုကဲ့သို့ ကျုပ်အား အချိန်ဖင့်နှေးစေရန် တမင်ပြုနေခြင်း ဖြစ်နိုင်ပေသည် စသည်တို့ကို ကျုပ်သည် ဖြေးလေးစွာ တွေးနေမိပေသည်။

လူသူအပေါင်းသည် ကျုပ်၏စကားသံကို ငံ့လင့် စောင့်ဆိုင်းနေကြသည်။ တရားရေးခန်းမတော်ဆောင်တခုလုံးမှာ အသံ တစိုးတစိမျှ မရှိဘဲ ငြိမ်သက်တွေဝေနေသည်။ သမာန၏ နောက်ဆုံး စိန်ခေါ်သံမှာ လူတိုင်း၏နားမှာ မထွက်နိုင်သေးဘဲ ရှိနေကြသည်။

“သျှိဝ မြို့စားလေးဟာ ဓားကစားဖို့ ဝန်လေးနေမယ် မဟုတ်ဖူးလို့ ထင်ပါတယ်။ ဓားရေးပြဖို့အတွက် အခုလို တရားရေး ခန်းမတော်ဆောင်ထဲကို ခွင့်တောင်းပြီး လိုက်ပါလာတာလို့ ထင်ပြီး ကျွန်တော် လေးစားနေပါတယ်။ ဒါပေမယ့် အခုလို အချိန်အထိ စကားတလုံးမှ ပြန်မပြောသေးပုံထောက်တော့ ဓားချင်းယှဉ်ဘို့အတွက် စိတ်လေးလံသွားပုံ ရပါတယ်။ ဒီအတိုင်းဆိုရင် ဓားရေး၊ ဓားစွမ်း တချက်မှမပြဘဲနဲ့ သျှိဝရဲ့ ဓားဘုရင်ဘွဲ့ကို ကျွန်တော်ကို လွှဲအပ်လိုက်ပြီးသားလို့ ယူဆရတော့မလို ဖြစ်နေပါဘီ။ အားလုံးက အဲဒီအတိုင်းဘဲ ဝိုင်ဝန်းအသိအမှတ်ပြုကြဘို့ ဖြစ်နေပါဘီ”

သမာန၏ ရယ်လိုက်သံသည် တရားရေး ခန်းမဆောင်တော်တွင် ပဲ့တင် ထပ်သွားပြန်လေသည်။ ကျယ်လောင်သော အောင်မြင်သော၊ ဩဇာတိက္ကမ ရှိသော သူ့စကားသံများသည် လူတိုင်းအပေါ်တွင် လွှမ်းမိုး ထားလေသည်။

သို့သော် ကျုပ်ကား ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ မိမိဘက်မှ မတိုက်ခိုက်လိုတော့သည့် အကြောင်းပြချက်ကို တင်ပြ၍လည်း မဖြစ်။ ထိုသို့ တင်ပြလိုက်လျှင် ညီငယ်၏ စိတ်ဓာတ်များကို အထုပ်ဖြေပြရတော့မည်။ ယခုကဲ့သို့ တရားရေးခန်းမထည်းသို့ လိုက်လာခဲ့ပြီးမှ ငြင်းဆို၍ မဖြစ်တော့။ ကျုပ်သည် အံကို တင်းတင်းကြိတ်နေ၏။ နဖူးမှ ချွေးများ စေးထန်းဖြာကျနေလျှက် လက်များ တဆတ်ဆတ် တုန်နေသည်။

ထို့နောက် အချိန်များစွာ ကုန်လွန် ဖြတ်သန်းနေပြီး နောက်မှ ရာဇပလင်ထက်မှ ဘုရင်မ၏ မိန့်မြွက်စကားသံသည် လူတိုင်း၏ နားထည်းသို့ ညင်သာစွာ ထိုးဖောက်ဝင်ရောက် လာလေသည်။

"သမာနအမှုကို စွဲချက်တင်ပါတော့၊ တရားဥပဒေမြတ်အတိုင်း လိုက်လျှောလို့ ပီးပါဘီ မြို့တော်ဝန်"ဟု မိန့်မြွက်လိုက်သံသည် တီးတိုးရေရွတ်သံ ဖြစ်နေသည်။

ထိုအထည်း၌ ကျုပ်အတွက် စိတ်မကောင်း ဖြစ်မှုမျိုးသည်လည်း ပါနေမည်ထင်သည်။ မြို့တော်ဝန် သူဇ၏ ခမ္ဘသတ်များကို ကိုင်တွယ်နေသော လက်မှာ တဆတ်ဆတ်တုန်နေသည်ဟု ထင်မြင်နေသည်။ အရှင်မင်းမြတ်သည် ကျုပ်အား အထင်သေးသွားပေပြီ။ ကျုပ်အား ဓားသမားမပီသသူ၊ ယောကျ်ား မပီသသူဟု ထင်သွားပေပြီ။ ကျုပ်၏ သွေးအတိုးနှုန်းမှာ တဖန်ပြန်၍ မြန်လာလေသည်။ အစောက ဒေါသစေတသိတ်များ သည် ရင်ထည်း၌ ပြန်ပေါ်၍ ဆူပွက်လာပြန်သည်။ ခုအတိုင်းဆိုလျှင် ဓားချင်း ယှဉ်ခုတ်ရန်မှတပါး တခြားနည်းလမ်း အခြားသော ထွက်ပေါက် မရှိတော့။

ကျုပ်သည် မျက်နှာကို ခပ်မော့မော့ အနေအထားဖြင့် ရဲရင့်သော ဓားသမားတဦး၏ အသွင်သဏ္ဍာန်ကို ပြန်၍ ယူလိုက်လိုက်လေသည်။

"ဓားသမား တယောက်ဟာ ဓားချင်းတိုက်ရမယ်ဆိုရင် ဘယ်တိုက်ပွဲကိုမှ ရှောင်ရှားလေ့ မရှိပါဘူး။ ဒီအတိုင်းဘဲ ခင်ဗျားနဲ့ ဓားခင်းယှဉ်ဘို့ ကျုပ် ဟောဒီ တရားရေး ခန်းမတော်ဆောင်ထဲ လိုက်ခဲ့တယ်။ ဒါပေမယ့် နိုင်ငံတော်အတွက် အရေးကြီးတဲ့ အချိန်လုလုပ်ရမယ့် ကိစ္စတစ်ခု ပေါ်လာလို့ ကျုပ်ရဲ့ ဂုဏ်သိက္ခာ အကျခံပီး ဓားချင်းယှဉ်ခုတ်ဘို့ ငြင်းဆန်မလို့ဘဲ။ ဒါပေမယ့် အခုတော့ ဓားချင်းယှဉ်ဖို့ ကျုပ်ကပြန်ပြီး စိန်ခေါ်လိုက်ပီ။ အခုတော့ အကြောင်းတခုကြောင့် ခင်ဗျားနဲ့ ဓားချင်းယှဉ်ရုံတင်မကဘူး ကြိုက်ရာလက်နက် ချင်းယှဉ်မယ်။ ကြိုက်ရာလက်နက်၊ ကြိုက်တဲ့အချိန် ကြိုက်တဲ့နေရာမှာ ယှဉ်မယ်"

ကျုပ်၏ တကိုယ်လုံးပေါ်၌ ဖြတ်လျှောက်နေသော သွေးတို့မှာ ပို၍ ရဲရဲနီထွေးသွားဟု ထင်ရသည်။ ကျုပ်၏ ပြတ်သားတင်းမာသော အသံသည် ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရင့်တောက်ပသွားသည်။ သို့သော် ကျုပ်၏ စကားများမှာ သမာနကို ပြောနေသော်လည်း ဘုရင်မကို ရည်ညွှန်းနေသည်။ အရှင်သည် ရိပ်မိချင် ရိပ်မိသွား ပါလိမ့်မည်။ ရိပ်မိချင် ရိပ်မိပါစေ။

ဘုရင်မသည်လည်း သက်ပြင်း ရှူရှိုက်လိုက်လေသည် ထင်ရသည်။ တီးတိုးရေရွတ်သံဖြင့် နာခံတော်အား အမိန့်တော် လိုက်ရေးမှတ်ရန် ဘုရင်မ၏ မိန့်တော်မူသံသည် တလုံး တပိုဒ် တပါဒချင်း ပေါ်လာနေသည်။

"ငမင်စားသည် ရာဇဝတ်ဒဏ် သင့်သူဖြစ်၍ ၎င်းအား အသေတိုက်ခိုက်ခြင်း မပြုရ။

http://cyberbooks.myanmarchat.org


အသေ တိုက်ခိုက်ချေသော် ငမင်စား၏ နေရာ၌ သျှိဝမြို့စားငယ်သည် အစားဝင်၍ ရာဇဝတ်ဒဏ် ခံယူရမည်။ ငမင်စားသည်လည်း သျှိဝစာအား အသေတိုက်ခိုက်ခြင်း မရှိစေရ။
ထိုသို့ဖြစ်ချေသော်
ဤကမ္ဘာကြီး မပျက်မစီးမီ ကာလပတ်လုံး ငမင်စားသည် တမလွန်ဘဝမှနေ၍
ဤဗိသနိုး မြို့တော်ကြီးအား တိုင်တည်၍ စောင့်ကြပ်စေ။
ဤအမိန့်တော်သည် တရားဥပဒေကို တိကျစွာလိုက်နာခဲ့သော ရှေးဘိုးဘေးများ
ဘုရားအဆူဆူ၏ ကျင့်စဉ်များ၊ နာယာယန နတ်မင်းကြီးအား တိုင်တည်၍
ကျွန်ုပ်ချမှတ်သည်။”

အားလုံးက သမာနနှင့် ယှဉ်လျှင် သျှိဝမြို့စားငယ်သည် ရှုံးနိုင်ရမည့်သူဟု အယူအဆရှိနေသည်။ ထိုအယူအဆသည် အရှင်မ၏ နှလုံးအိမ်၌လည်း ရှိမည်။ အရှင်သည် အရှင်၏စကား တလုံးတပါဒကြောင့် သျှိဝမြို့စားငယ်က သမာနအား ယှဉ်ပြိုင်၍ ဓားချင်း ခုတ်တော့မည်ကိုလည်း သိသည်။ ထို့ကြောင့် သျှိဝမြို့စားငယ်အား ထောက်ညာပြီး ဤကဲ့သို့ “အသေသတ်ခွင့် မပြု” အမိန့်တော်ကို ချမှတ်ခြင်းဖြစ်ပေလိမ့်မည်။

ထိုအချိန်ကလေးတွင် ကျုပ်၏ ရင်ထည်း၌ ဓားသမား တဦး၏ ပြည့်လျှမ်းထက်မျက်သော မာနတရားနှင့်အတူ ကြည်နူး ချမ်းမြေ့စိတ်များလည်း ပေါ်နေသည်။

(၆)

“သျှိုဝစားဘက်က လောင်းရဲတဲ့လူရှိရင် ဆယ်လေးတလေး ပေးမယ်ဟေ့” ဆိုသော အသံများသည် နားထည်း၌ တိုးဝင်နေ၏။ နန်းတော်ဝင်းအတွင်းသို့ ဝင်ရောက်ခွင့်မရှိသော မြို့သူမြို့သားသည် အပြင်ဘက် မင်းလမ်းမကြီး တလျှောက်တွင် ဆူညံနေကြသည်။ နန်းတော်၏ လေသာပြင်မှ ဘုရင်မကိုယ်ရံတော်တပ်များသည် ငြိမ်သက်စွာ နန်းတော်ကြီးရှေ့ မြက်ခင်းပြင်ကို ငုံ့ကြည့်နေသည်။ အထိန်းတော်ကြီး တဦးသည် နန်းယင်ပြင်သို့ ခဏထွက်လာပြီး ရိပ်ကနဲပြန်၍ ပျောက်ကွယ်သွားသည်။ ဘုရင်မသည်လည်း နန်းတော်၏ အဆောင်တော်တခုမှ တံခါးကိုလှစ်ဟ၍ တိုက်ပွဲကို ကြည့်ရှုရန် အသင့်စောင့် ဆိုင်းနေလိမ့်မည်။

“ပရိသတ်တွေ ဘာဖြစ်နေနေ အားတော့မရောနဲ့ သျှိုဝမြို့စားလေး၊ သူ့ ဓားချက်ဟာ ဘယ်ဘက်က ပတ်ပတ် ဝင်တတ်တယ်။ ခုတ်ဓားကိုဘဲ အားကိုးတယ်၊ ထိုးဓားလုံးလုံး မသုံးတတ်ဖူး၊ မြို့စားလေးရဲ့ ဒိုင်းနဲ့ သူ့ဒိုင်းနဲ့ အရွက်ချင်း၊ အလေးချိန်ချင်း အတူတူဘဲ၊ ဘယ်သူကမှ အားသာမှာ မဟုတ်ဖူး၊ စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ” ဟု မြို့တော်ဝန်သည် အသံပေါင်းများစွာကို ကျော်ဖြတ်ရန် နားအနီးသို့ပို၍ တိုးကပ်လာပြီး တိုးတိုးပြောလေသည်။ သူသည် အများနည်းတူ သျှိုဝမြို့စားက ရှုံးနိပ်လိမ့်မည်ဟု ကံသေ ကမ္ပ တွက်ဆထားပုံရသည်။

ကျုပ်သည် ငြိမ်သက်စွာ ရပ်နေ၏။ ဓားသမား တဦးအတွက် ဓားချင်းခုတ်ရသည့် တိုက်ပွဲမှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ထူးဆန်းသော အခြင်းအရာကား မဟုတ်ပေ။ သို့သော် တုန်လှုပ်စိတ်၊ ကြောက်စိတ်၊ ချောက်ချားစိတ် ဝင်လာလျှင် တိုက်ပွဲမှာ ရှုံးပြီးသား ဖြစ်နေလိမ့်မည်။

သမာနကို စစ်သူကြီးသည် တိုက်ကွင်းမြောက်ဖက်သို့ ခေါ်ဆောင်သွားနေသည်။ တိုက်ပွဲဝင်ရောက်တော့မည့် မြင်းကဲ့သို့ သမာန၏ကိုယ်ဟန်မှာ ကြွနေသည်။ ဝိုင်း၍ ဆူညံသြဘာ ပေးကြသံများသည် ကွင်းလုံး ပြည့်လျှံသွားနေသည်။

ထိုအချိန်၌ သမားတော်ကြီး ဇီဝသည် သူ့ဆေးလွယ်အိတ်ကြီးကို လွယ်လျှက် နန်းတော်ဝင်းဝမှ ဝင်လာနေသည်။ သူသည် အရပ်ရှည်ရှည် ခါးကိုင်းကိုင်း၊ အရိုးအဆစ်ကြီးကြီး၊ အသားနီစပ်စပ် ဖြစ်၏။ စစ်သည်ရဲမက်များသည် သမားတော်ကြီးအား သွားရောက်ပင့်ဆောင်ပြီး တိုက်ကွင်းဖက်သို့ လာနေသည်။

လူများကို တိုးဝှေ့ပြီး နန်းတော်ကြီး လှေကားဖက်မှ သက်တော်စောင့်ဝတ်စုံကို ဝတ်ဆင်ထားသော လူငယ်တယောက် ပြေးလာသည်။ သူသည် ပါးစပ်မှ တခုခုကို ကျယ်လောင်စွာ ဟစ်အော်လာသည်။ သူ့ အော်သံသည် အခြားသော အသံများအောက်တွင် ပျောက်ကွယ်နေသည်။ သို့သော် ထပ်ပြန်တလဲလဲ အော်နေ သဖြင့် သူ့ အော်သံကို တချက်တချက်၌ ကြားရလေသည်။

“သီဟယော်ဓာ ဘွဲ့တော်မြတ် ပေးဘို့သင့်လျော် သင့်တော်တဲ့ သျှိုဝမြို့စားလေးဖက်က ကျုပ်လောင်းပါတယ်။ ဟောဒီမှာ ငွေထုပ်၊ ကြည့်ကြပါ။ အခုဏက ဆယ်လေးတလေး ပေးရဲတယ်ဆိုတဲ့ မိတ်ဆွေများ ဒီဘက်ကို ထွက်လာခဲ့ကြပါ။ ရှေ့ဘက်ကို တိုးခဲ့ကြပါ”ဟု သူ၏ အော်ဟစ်ပြောဆိုနေသံမှာ ပျော်စရာ ဖြစ်နေလေသည်။

လူများသည် သူ့ကိုဝိုင်း၍ ရယ်မောပစ်ကြလေသည်။ သို့သော် ရယ်သံများကို ဂရုမပြုဘဲ သူသည်ဆက်၍ စိန်ခေါ်နေ၏။ ထို့နောက် ယှဉ်လောင်းမည့်သူများနှင့် သူသည် တကယ်ပင် လောင်းနေသည်။

“ကဲ ကျုပ်တို့သွားကြစို့လေ မြို့စားလေး” ဟု မြို့တော်ဝန်က သတိပေးလိုက်လေသည်။

http://cyberbooks.myanmarchat.org


သမာနသည် တိုက်ကွင်းမြောက်ဘက်မှ တောင့်တောင့်ရပ်ပြီး ကျုပ်ကို လှမ်း၍ ကြည့်နေသည်။ ကျုပ်သည်လည်း ကွင်းတောင်ဖက်တွင် တောင့်တောင့်ရပ်လျှက်ရှိသည်။ ကျုပ်တို့သည် ခရူသင်းမှုတ် အချက်ပေးသံကို စောင့်နေရသည်။ ပရိသတ်သည်လည်း တိတ်ဆိတ် ငြိမ်သက်သွားလေသည်။ အချိန်ကျလာသောအခါ စူးရှ ပြတ်တောင်းစွာ အချက်ပေး ခရူသင်းသံသည် ထွက်ပေါ်လာသည်။

ကျုပ်သည် ခါးမျှအမြင့်ရှိသော စည်းကြိုးကိုခုန်၍ ကွင်းအတွင်းသို့ အားကုန်လွှတ် ပြေးဝင်လိုက်သည်။ ထို့နောက် ကွင်းအလယ်တွင် သမာနနှင့် တွေ့ဆုံလိုက်လေသည်။

သူသည် လျင်မြန်စွာပြေး၍ ဆီးခုတ်လိုက်လေသည်။ သူ့ ဓားချက်များမှာ မရေမတွက်နိုင်လောက်အောင် တချက်နှင့်တချက် ဆင့်၍ ကျလာသည်။ နေရာအမျိုးမျိုး ထောင့်အမျိုးမျိုးမှ ပတ်ဝင်သည်။ ကျုပ်သည် ဓားကို တချက်မျှ မသုံးနိုင်ဘဲ ဒိုင်းနှင့် ဒလစပ်ကာပြီး တိုက်ပွဲစလျှင် စချင်း နောက်သို့ တလှမ်းပြီးတလှမ်း ရှောင်တိမ်းဆုတ်ခွာပေးရလေသည်။ ဓားကို အလျှင်း သုံးချိန်မရ။ အကယ်၍ ဓားကိုသုံးလိုက်လျှင် ကိုင်ထားသော ဒိုင်းသည် အချိန်အဆ လွဲမှားသွားပြီး ကိုယ်ပေါ်သို့ ဓားများ တချက်ပြီးတချက် ဆင့်ကျလာလိမ့်မည်။

သူ့ကို အလွယ်တကူနိုင်လိမ့်မည် မဟုတ်။ သူသည် ဓားအရေး၌ နာမည်ကြီးလောက်သူပင်။ ကျုပ်သည် ကိုယ်ကို ပစ္စည်းတခုသဖွယ် သဘောထား၍ လျှင်မြန်ကျင်လည်စွာ ရှောင်တိမ်းနေရ၏။ ဒိုင်းနှင့် ဓားများထိတွေ့သံသည် တဖြည်းဖြည်း စည်းကြိုးတောင်ဘက်စ အနီးသို့ ကပ်လာလေပြီ။ ဓားနှင့် ဒိုင်းထိသောအခါ မီးပွင့်များသည် ခေါင်းထက်၌ ထထ တောက်နေသည်။ ဓားခုတ်သံများသည် ပရိသတ်တို့၏ သမာနဘက်မှ ညာပေးသံများနှင့် အပြိုင် ပေါ်လာနေသည်။

သို့သော် သူတို့၏ ညာဟစ်သံမှာ တဖြည်းဖြည်း လျော့နည်းလိုက်လာသည်။ ဤမျှ သွက်လက်သော ဓားချက်များကို လွတ်အောင် ရှောင်ရှားနေသော သျှိဝစားအား သူတို့သည် တစတစ အံ့အားသင့်လာနေကြသည်။ ထို့နောက် အားလုံးအသံများမှာ ငြိမ်သက်သွားလျှက် ဓားခုတ်သံတခုတည်းသာ ကွင်းတခုလုံးတွင် ပျံ့လွင့်နေသည်။

ကျုပ်၏ကျောနှင့် တောင်ဘက် စည်းကြိုးသည် တရွေ့ရွေ့ နီးကပ်လာသည်။ တလှမ်းဆုတ်ပေးတိုင်း တလှမ်းစာ နီးကပ်လာသည်။ ကျောနှင့် စည်းကြိုးထိလိုက်လျှင် ကျုပ်ကား အရေးနိမ့်သွားလေပြီ။ ကျုပ်သည် တစတစဖြင့် အခက်ခဲကို ပို၍ သိလာ၏။ ဤအတိုင်းဆိုလျှင် တချက်မျှ ပြန်လှန်မခုခံနိုင်သေးဘဲ အဆုံးသတ် အရှုံးပေးလိုက်ရတော့မည်။ သူသည်လည်း ပြန်၍ မလှန်နိုင်တော့အောင် အစွမ်းကုန် တိုက်ခိုက်နေသည်။

ထိုအချိန်၌ ကျုပ်၏ ဦးခေါင်းထည်းတွင် ရုတ်တရက် ဆုံးဖြတ်ချက် တခုကို ချမှတ်လိုက်ရ၏။ ကျုပ်သည် သူ့ဓားချက်များကို ဖြတ်သန်းပြီး အနောက်ဘက်သို့ ကြွက်သားများတောင့်လျက် အားကုန်ခုန်လွှားလိုက်လေသည်။

သူ့ဓားချက်များသည် ကျုပ်၏လည်ပင်းရှိခဲ့ရာ နေရာတဝိုက်၌ တဗိုးဗိုး ဖြတ်သန်းသွားနေသည်။

ထိုလျှပ်တပြတ် အချိန်လေး၌ သူနှင့် ကျုပ်သည် ပြောင်းပြန်ဖြစ်သွား၏။ သူက တောင်ဘက် စည်းကြိုးအနားကပ်နေပြီး ကျုပ်က အနောက်ဘက် ရောက်သွားသည်။ သို့သော် သူသည် လျှပ်ပြက်လိုက်သကဲ့သို့ လှည့်လိုက်ပြီး တိုက်စစ်ကို ပြန်၍ယူသည်။ ကျုပ်တွင်ကား ရှောင်တိမ်းနေရသဖြင့် ဓားတချက်မျှ မသုံးနိုင်သေးဘဲ ရှောင်တိမ်းမြဲ ရှောင်တိမ်းနေရပြန်သည်။

ပရိသတ်သည် ငြိမ်သက်နေရာမှ ရုတ်တရက် ကျုပ်၏ နာမည်ကိုတပ်ပြီး ဆူညံစွာ အော်ဟစ်လိုက်လေသည်။

သို့သော် ကျုပ်၏ကျောနှင့် အနောက်ဘက် စည်းကြိုးသည်ကား နီးကပ်၍ လာနေပြန်သည်။ မြောက်ဘက်သို့ ရှောင်တိမ်းပြေးတိုင်း သူသည် ကျုပ်မြောက်ဘက်မှ ပတ်၍ ဆီးနေ၏။ ကျုပ်ကို စည်းကြိုး၏ ထောင့်ဘက်သို့ မရောက် ရောက်အောင် သူသည် ပို့ဆောင်ပေးနေ၏။

အခက်အခဲတခုကား ထပ်၍ ကြုံလာရပြန်လေသည်။ သို့သော် ယခုအချိန်အထိ ကျုပ်သည် ဓားကိုမြှောက်၍ တချက်ကလေးမျှ ပြန်လှန် မတိုက်ခိုက်နိုင်သေး။

နေသည် အနောက်ဘက်သို့ စောင်းရွေ့နေပြီ။ နေရောင်များသည် ပရိသတ်များအပေါ်သို့ ပြန့်၍ လွှမ်းမိုးထားသည်။ ကျုပ်၏ ခေါင်းထည်း၌ နောက်ထပ် အကြံတခု လှုပ်ကနဲ ပေါ်လာပြန်လေသည်။ သို့သော် စွန့်စားရမည် ဖြစ်သည်။ ထိုအလုပ်မျိုးသည် မလုပ်စကောင်းသော အလုပ်မျိုးဖြစ်၏။

ကျုပ်သည် ဒိုင်းနှင့်ကာလိုက်ခြင်း၊ ဓားနှင့် ထိုးလိုက်ခြင်း၊ ဒိုင်းကို ဝှေ့လိုက်ခြင်း သုံးခုကို တပြိုင်နက်တည်း ပြုလုပ်လိုက်၏။ အကယ်၍ သူကသာ ဓားဖြင့် ဆက်၍ ခုတ်လိုက်မည်ဆိုလျှင် ကျုပ်၌ အကာအကွယ် မဲ့နေပြီး တိုက်ပွဲမှာ အဆုံးသတ်သွားရုံသာ ရှိသည်။

သို့သော် စူးရှသော နေရောင်ခြည်များသည် ဒိုင်းပေါ်မှတဆင့် သူ့မျက်လုံးများထည်းသို့ စူးနစ်ဝင်ရောက်သွားပြီး သူသည် ကျုပ်၏ထိုးဓားကို ဒိုင်းဖြင့်မကာမိဘဲ ရုတ်တရတ် ခုန်ရှောင်လိုက်သည်။ ထိုအခွင့်အရေးကိုယူ၍ ကျုပ်သည် ဓားဖြင့် ဒလစပ် ထိုးမွှေနေလိုက်လေသည်။

ကျုပ်၏ ဓားချက်များသည် တလျပ်လျပ် ဝင့်နေ၏။ သူသည် ကစင့်ကရဲဖြစ်သွားပြီး ဒိုင်းနှင့်ကာနေကာ နောက်ဘက်သို့ ပြေးလွှား ဆုတ်ခွာပေးနေရတော့သည်။ သူသည် မျက်လုံးထည်း ဝင်နေသော နေရောင်ခြည် များမှ လွတ်ကင်းရန် သုံးကြိမ်မျှ ခုန်ရှောင်သေး၏။ သို့သော် လွတ်အောင် မရှောင်ရှားနိုင်တော့။ သူ့ကျောသည် အရှေ့စည်းကြိုးနှင့် ပို၍ နီးကပ်လာသည်။ သူ့ကို အနိုင်ဖိတိုက်ရန်မှတပါး အခြားမရှိတော့ပေ။ သူသည် ဒိုင်းနှင့်သာ ကာနေရပြီး အခြားမရှိတော့ပေ။ သူ့ကျောနှင့် စည်းကြိုးထိကပ်တော့မည်။ နောက်နှစ်ခါမျှ ခုန်ရှောင်လိုက်လျှင် ထိကပ်သွားတော့မည်။ ခုန်မရှောင်၍လည်း ရမည်မဟုတ်တော့။

ပရိသတ်သည် အသက်ပင် မရှူတော့သလား ထင်မှတ်ရအောင် လုံးဝတိတ်ဆိတ်သွားသည်။

သို့သော် အလွန်အံ့အားသင့်ဖွယ်ကောင်းသော လူမိုက်တယောက်၏ အလုပ်မျှသာ ဖြစ်သော အပြုအမူမျိုးကို သူသည် လျှပ်တပြတ်အတွင်း လုပ်လိုက်လေသည်။

ကျုပ် ထိုးလွှတ်လိုက်သည့် ဓားချက်ကို လွတ်သည်ဆိုရုံကလေး ကိုယ်ကို ယိမ်းငဲ့ပေးပြီး သူ့လက်တွင်းမှ ဒိုင်းဖြင့် ကျုပ်၏ ဒိုင်းကို ပေါက်ချလိုက်လျှက် သူ့ဓားဖြင့် ကျုပ်အား ပိုင်းချလိုက်သည်။ ဒိုင်းဖြင့်မကာဘဲ ကိုယ်လွတ် တိမ်းရှောင်ရာ၌ ကျုပ်ကသာ နောက်တချက် ထိုးခုတ်လိုက်နိုင်လျှင် သူသည် လဲကျသွားရုံသာ ရှိ၏။

သို့သော် ဒိုင်းနှစ်ခုစလုံး မြေပေါ်သို့ ပစ်ကျသွားသည်။

ထိုအပြုအမူအတွက် အံ့အားသင့်မိပြီး ကျုပ်သည် အသက်တခါရှူချိန်၏ တဝက်မျှလောက် ငေးကြောင်သွားသည်။ သူသည် ထိုအချိန်ကလေးကို အသုံးချလိုက်လေပြီ။ ကျုပ်၏ မြောက်ဘက်သို့ လွှားကနဲ ခုန်ရှောင်သွားပြီး

http://cyberbooks.myanmarchat.org



ဒလစပ် ထိုးခုပ် တိုက်ခိုက်လေတော့သည်။

ဒိုင်းသည် ခံစစ်အတွက် အဘိုးတန်လှ၏။ ဒိုင်းမရှိဘဲနှင့် ကျုပ်သည် ဓားဖြင့်သာကာပြီး အလွတ်ရှောင်တိမ်းနေရသည်။ ထိုအချိန်မှာ များစွာကြာသွားလေသည်။ ကျုပ်၏ကျောနှင့် မြောက်ဘက်စည်းကြိုး ထိကပ်တော့မည်။ နဖူးမှကျသော ချွေးများသည် မျက်လုံးများထည်းသို့ ဝင်ရောက်နေသည်။ ကျုပ်သည် စိတ်အားကို ပြန်၍တင်းနေသည်။ ကြိုးပေါ်၌ လှဲအိပ်ပြီး အရှုံးပေးလိုက်ရုံသာ ရှိတော့သည်။

ကျုပ်သည် စိတ်အားကို ပြန်တင်းလိုက်ပြီး ပါးစပ်မှ ရုတ်တရက်"ဟေး" ဟု သံကုန်ဟစ်လျှက် အရှေ့ဘက်သို့ ခုန်ထွက်လိုက်ပြီး ဓားကို ပစ်သွင်းလိုက်လေသည်။ သူ့ဓားသည် လေထည်း၌ ပျံဝဲသွား၏။ သူ ခဏမျှ အံ့အားသင့်သွားချိန်ကလေးတွင် ကျုပ်သည်ဓားဖြင့် ဒလစပ် ဖိတိုးတိုက်ခိုက် လိုက်လေသည်။ သူသည် ခပ်ဖြည်းဖြည်း နောက်ဆုတ် ရှောင်တိမ်းသွား၏။ ထို့နောက် အပြေးတပိုင်း ပြေးလွှား ဆုတ်ခွာသွားသည်။

"ငမင်စား ပြေးဘီဟေ့" ဟု ရုတ်တရတ် အော်ဟစ်လိုက်သော ပရိသတ်တို့၏ အသံများမှာ ကွင်းပြင်တခုလုံး လျှံတက်သွားလေသည်။

ပရိသတ်များသည် ရုတ်ရုတ်သဲသဲ ထကြည့်ကြ၏။ သို့သော် ကျုပ်ကား သမာန၏ မာယာလှည့်ကွက်၌ မိသွားခဲ့လေပြီ။ ကျုပ်သည် အားသွန်ပြေးလိုက်ပြီး ဖိ၍ တိုက်ခိုက်လိုက်လေသည်။

သူသည် ထိုသို့ အပြေးတပိုင်း လိုက်လာစေရန် တမင် မျှားခေါ်ခြင်း ဖြစ်လေသည်။

အနောက်ဘက် စည်းကြိုးနားအရောက်တွင် သူသည် တုံ့ကနဲရပ်ပြီး ကျုပ်အား ဓားဖြင့် ရင်ဝတ့တဲ့သို့ ထိုးစိုက်လိုက်လေသည်။ သူက ဆီး၍ခုတ်မည်ဟုသာ တွေးခဲ့၏။ သူသည် ထိုးဓားကို အလျှင်းအားသူ မဟုတ်၍ ထိုကဲ့သို့ ထိုးလိုက်လိမ့်မည်ဟု ကျုပ်သည် မထင်တွေးခဲ့။

ကျုပ်သည် လှစ်ကနဲ ကွေ့ရှောင်ပေးသေး၏။ သို့သော် မဆိုစလောက် အချိန်ကလေး နောက်ကျသွားပြီး ကျုပ်၏ ညာဘက်ပခုံသားထဲသို့ ဓားစူးနစ် ဝင်ရောက်သွားလေသည်။ မောလွန်းနေသဖြင့် ပခုံးကို ထိရုံဖြင့် ကျုပ်သည် မဟန်နိုင်တော့ဘဲ ရုတ်တရက် သတိလစ်ပြီး လဲကျသွားလေသည်။ နောဆုံး မြက်ခင်းပြင်နှင့် ကိုယ် ထိကပ်လိုက်သည်ကိုသာ ဝါးကနဲ မြင်လိုက် မှတ်မိလိုက်တော့သည်။

ကျုပ်၏ကိုယ်မှာ ပျော့ခွေသွား၏။ အားလုံး ပြာပြာမှိုင်းမှိုင်း အရာများအဖြစ် ရောထွေးပြီး နောက်ဆုံး ပျောက်ကွယ်ကုန်သည်။ ဆူညံသော အသံများသည် အဝေးကြီးသို့ လွင့်ထွက် ပြေးလွှားသွားကြလေသည်။

အချိန်မည်မျှ ကြာသွားပြီနည်း။

ကျုပ်သည် မိမိကိုယ်ကို မြက်ခင်းပြင် တိုက်ကွင်းထည်း၌ ဟူ၍သာ ထင်မှတ်နေသေးသည်။ တစက်ချင်း ကျနေသော ရေများကို စုတ်မျိုနေမိသည်။ ထိုနောက်မှ ရေအလွန် ငတ်မွတ်ဆာလောင်နေသည်ကို သတိထားလာမိလေသည်။ ကျုပ်၏ မျက်နှာပေါ်တွင် ဆေးနံ့သာများ ဆွတ်ဖျန်းထားသည့် ပုဝါတစတွင် လွှမ်းထားသည်။ ဆေးနံ့သာနံ့ တို့၏ မွှေးပျံ့မှုများကြောင့် အာရုံကြောများ ပြန်၍ လန်းဆန်းလာနေသည်။

ကျုပ်၏ ကျောပြင်မှာ ကမ္ဗလာအခင်းတခုပေါ်သို့ ရောက်နေသကဲ့သို့ ထင်မှတ်ရသည်။ စင်စစ် ကျုပ်သည် တိုက်ကွင်းထည်း၌ မဟုတ်တော့ဘဲ အတုလစည်တော်ဆောင်သို့ ရွှေ့ပြောင်း လာခဲ့ကြလေသည်။ ကျုပ်၏

ဘေး၌ တိုက်ပွဲကြည့် ပရိသတ်များ မဟုတ်တော့ဘဲ သမားတော်ကြီး ဇီဝက ငုံ့ကြည့်နေသည်။ ခေါင်းရင်းဘက်၌ ကြီးမားလှသော အတုလ စည်တော်ကြီး မိုးနေသည်။ နာယာယန နတ်မင်းကြီး၏ ရုပ်ထုတော်၊ ဗိဿနိုး အရှင်၏ ရုပ်တုတော်၊ ဗြဟ္မာကြီးများ၏ ရုတ်ထုတော်များနှင့် ဘုရားတရားနှင့် စပ်ဆိုင်သော ပူဇော်သက္ကာရ ပစ္စည်းတို့သည် ခေါင်းရင်းဘက်၌ တည်ငြိမ်စွာမလှုပ်မရှက် ရှိနေကြသည်။ လေများသည် အပေါက်ငယ်ကလေးများမှ သာသာညှင်းညှင်း တိုးဝှေ့ ဝင်ရောက်နေသည်။ အသံများသည် လုံးဝ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျုပ်၏စိတ်အာရုံသည် တဖြည်းဖြည်း တစတစ ကြည်လင်လိုက်လာသည်။ အမွှေးရနံ့ပေါင်းစုံကို ရှူရှိုက်နေရသည်ကို သိနေသည်။

အရှင်သည်လည်း ကျုပ်၏ ခေါင်းဘက်၌ ငြိမ်သက်စွာ ရပ်တန့်တော်မူနေသည်။ အရှင်သည် အစဉ်သဖြင့် လွှမ်းခြုံထားလေ့ရှိသော မျက်နှာတော်ပေါ်မှ ပုဝါစကို ခွာလှစ်ထားလေသည်။

သမားတော်ကြီးသည် အချိန်ကိုစောင့်ပြီး ငေး၍ ငုံ့ကြည့်နေသည်။ သူ့စိတ်ထည်းတွင် "ဘာပြုလို့ ဒီသူငယ်ကလေးကို ဘုရင်မကိုယ်တော်တိုင် ကြည့်ရှုနေရသလဲ" ဟု တွေးနေသည်။

"ဘယ်လိုနေသေးသလဲ သမားတော်ကြီးရဲ့ သူသေပလား၊ သေမလား" ဟု တိုးတိုးသက်သက် မေးနေသံလိုလို ကျုပ်၏နားထည်း၌ ကြားနေမိသကဲ့သို့ ဖြစ်နေသည်။

ဘုရင်မ၏ အသံလား။ အိပ်မက်ထည်းတွင် ကြားနေရသလို ဖြစ်နေသည်။ အဝေးကြီးမှ ပြေးလာနေသော အသံသဲ့သဲ့ဟု ထင်နေသည်။ ကျုပ်သည် ဓားခုတ်ပွဲကို သတိပြန်၍ရနေသည်။ ကျုပ်၏ ပခုံးထည်း၌ နစ်ဝင်သွားသော နောက်ဆုံးဓားချက်ကို သတိရနေသည်။ ထို့နောက် အလျှင်း သတိလစ် မေ့မြော သွားခဲ့သည် ကိုသာလျှင် မှတ်မိနေသည်။

"ရေပေးပါ. . ."
ကျုပ်က တိုးတိုး ရေရွတ်လိုက်လေသည်။
"ရေတောင်းနေပါတယ် . . . သမားတော်ကြီး"
"အခု ရေတိုက်လို့ မဖြစ်သေးပါ အရှင်မ ဘုရား၊ အမောစေ့ချိန် ရောက်မှ ရေတိုက်လို့ ဖြစ်ပါမယ်"

ကျုပ်သည် ကိုယ်ကို လှုပ်လိုက်၏။ မျက်နှာပေါ်တွင် အုပ်ထားသည့် နံ့သာပုဝါကို ဖယ်လယ်လိုက်လေသည်။ ဒဏ်ရာရထားသော ပခုံးမှ ရုတ်တရက် နာကျင်သွားလေသည်။ မျက်လုံးကို ဖြည်းညှင်းစွာ ဖွင့်နေမိသည်။ ပထမတွင် ပိန်းနေသော အမှောင်ထုကြီးကိုသာ မြင်ရလေသည်။ ထို့နောက် အမှောင်ပိန်းကြီးထည်းသို့ အလင်းရောင်သည် ထိုးဖောက် ဝင်ရောက်လာသည်။ အရာဝတ္ထုများသည် တဖြည်းဖြည်း ကြည်လင်လိုက် ပီပြင်ထင်ရှား လိုက်လာနေသည်။ သမားတော်ကြီး၏ အိုမင်းရင့်ယော် တည်ငြိမ်သော မျက်နှာကို အလျင် မြင်ရလေသည်။

သူက"မြို့စားလေး သတိရလာပလား" ဟု တိုးတိုး မေးနေသည်။

ထို့နောက် အတုလ စည်တော်ဆောင်ကို ပတ်ကာထားသော အနီရောင်စွေးစွေး ခန်းဆီးစကို လှမ်းမြင်ရသည်။

"ကျွန်တော် ဘယ်ရောက်နေသလဲ၊ ရေပေးပါ၊ ကျွန်တော်သတိရနေပါဘီ" ဟု ကျုပ်သည် သမားတော်ကြီးကို မော့၍ ပြောနေသည်။ သမားတော်ကြီးသည် ငွေခွက်ငယ်ထည်းမှ ရေများကို တစက်ချင်း ချပေးနေသည်။

ထိုအချိန်၌ ကျုပ်သည် သမားတော်ကြီး၏ ပခုံးစွန်းမှကျော်၍ မော့ကြည့်နေသည်။

ထိုအခါ၌ ကျုပ်သည် အရှင်၏ လှပလွန်းသော၊ တုနှိုင်းရာ ကင်းမဲ့သော မျက်နှာတော်ကို လှမ်း၍ ဖူးမျှော်မြင်တွေ့ရလေသည်။ အရှင်၏ မျက်တောင်များသည် မလှုပ်မယှက် ငြိမ်တွေနေသည်။ ပါးလှပ်သော နှုတ်ခမ်းတော်များသည် ပိရိစွာနေ၏။ ရွှေရောင်ဝါသော ဆေးတို့ဖြင့် မွှန်ခြယ်ထားသည် ထင်ရသော အရှင်၏ မျက်နှာတော်ပေါ်တွင် ကရုဏာတရားများ ဖြတ်သန်းနေသည် ထင်ရလေသည်။ အရှင်သည် ရုပ်တုတခုကဲ့သို့ လှပလွန်းစွာ ငြိမ်တွေနေသည်။ သို့သော် အရှင်၏ရင်အုံသည် နိမ့်သက်သွားလိုက် မြင့်တတ်လာလိုက်ဖြင့် လှုပ်ရှားနေသည်။ နဖူးတော်မှ ဆံနုကလေးများကို လေဝင်ပေါက်မှ ဝင်လာသည့်လေများသည် တို့ထိကစားနေသည်။ ဖယောင်းမီးများသည် မျက်နှာတော်ပေါ်၌ တဖျတ်ဖျတ် လှုပ်ရှားနေသည်။ ပုဝါစရှည်သည် ပခုံးအောက်ဘက်၌ ပုံကျနေသည်။

ထိုခဏကလေး၌ ကျုပ်သည် ထုံထိုင်းလှစွာ စိတ်လှုပ်ရှားမှု ပြင်းထန်လှစွာဖြင့် အစစအရာရာကို မေ့လျော့သွားလေသည်။ "ကြောက်ဖွယ်ကောင်းသည့်အလှ၊ ရူးသွပ်သွားစေနိုင်သည့်အလှ" ဟု အသိစိတ်ဝင်နေသည်။ ရင်ထဲ၌ လှိုင်းများရိုက်ခတ်နေသည်။

"ငမင်စားနဲ့ နောက်တကြိမ် ထပ်ပီးတိုက်ခိုက်ခွင့် ကြုံရအောင် စီစဉ်ပေးတော်မူပါ အရှင်။ ကျွန်တော်ဟာ ဓားမှာ သရဖူဆောင်းခဲ့တဲ့ ဓားသမားတဦးပါဘဲ၊ ဓားသမားတဦးအတွက် ဓားခုတ်ပွဲမယ် ရှုံးနိမ့်ရတာလောက် ဝမ်းနည်းကြေကွဲစရာ ကောင်းတာ မရှိနိုင်တော့ပါဘူး အရှင်၊ ပီးတော့ ဒီအတိုင်းဆိုရင် တသက်လုံးဘယ်တော့မှ ဓားကို လူကြားထဲမယ် ဝင့်ဝင့်ကြွားကြွား ထုတ်ကိုင်ရဲမယ့် အခြေအနေ မရှိတော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်တော် ရှုံးနိမ့်ပုံဟာ မဖြစ်စလောက်လေးကို မရှောင်တိမ်းနိုင်လို့ ဖြစ်ခဲ့ရတာပါ" ဟု ကျုပ်က ညည်းတွားရေရွတ်နေသလို လျှောက်ထားနေမိသည်။

ကျုပ်၏ ရင်အုံပေါ်တွင် လက်နှစ်ချောင်းကို ယှက်မိုးထားလျက် ရှိနေသည်။ ဘုရင်မသည် ကျုပ်၏ မျက်လုံးများ ထည်းသို့ ရုတ်တရက် စူးစိုက် ကြည့်လိုက်သလို ထင်ရသည်။ အရှင်၏ မျက်လုံးများပေါ်၌ ဝမ်းနည်းရိပ်ခြည်များ ရုတ်တရက် သန်းသွားသည်။ ထို့နောက် အရှင်သည် ပုဝါစကို ဖြည်းညှင်စွာ မတင်လိုက်ပြီး မျက်နှာတော် အပေါ်သို့ လွှမ်းတင်လိုက်လေသည်။ အရှင်သည် မိန့်ခွန်းတော် တစုံတရာမျှ မိန့်မြွက်တော်မူသည် မရှိဘဲ ထိုနေရာမှ ညင်သာလှစွာ ထွက်ခွာသွားသည်။

သမားတော်ကြီးသည် ငြိမ်သက်တွေဝေနေ၏ "မြို့စားလေးကို ခြောက်ရက်တော့ ကုသရမှာဘဲ၊ ခြောက်ရက် ကျော်ကျော်ကြာမှ ပကတိအတိုင်း ပြန်လှုပ်ရှားလို့ ရမယ်" ဟု သမားတော်ကြီးက တီးတိုး ပြောနေသည်။

ခဏကြာလျှင် ကန့်လန့်ကာကြီး လှုပ်ရှားသွားပြီး သက်တော်စောင့် ဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်လေး တယောက်သည် ရှေ့တွင် မရွံ့မရဲဟန်ဖြင့် လာ၍ ရပ်တန့်လိုက်လေသည်။ သူသည် ပိန်ပိန်ညှက်ညှက် သေးသေးသွယ်သွယ်ကလေး ဖြစ်၏။ အသက်နှစ်ဆယ် မျှပင် ရှိဦးမည်မဟုတ်သည့် လူငယ်ကလေး တဦး ဖြစ်နေသည်။ သူ့ အသားမှာ အဝါရောင်ဘက်လုနေပြီး သူသည် ဤဒေသသား ဇာတိ ဖြစ်ပုံမရပေ။ တိုက်ပွဲ အတွင်းက ငွေများထပ်၍ လောင်းခဲ့သော သူငယ်ကလေး ဖြစ်လေသည်။

"မြို့စားမင်းကို မြို့စားမင်းရဲ့ တည်းခိုတော်ဆောင်ကို ပြန်ပို့ပေးထားဘို့ အရှင်အမိန့်တော် ရှိပါတယ်။ ပီးတော့ ဝေဒနာ ပျောက်သည်အထိ သမားတော်ကြီးက ကုသပေးဘို့လဲ အမိန့်တော် ရှိပါတယ်"ဟု သူကပြောသည်။

သမားတော်ကြီးသည် နေရာမှ ဖြည်းဖြည်းလေးလေးထ၍ ရပ်လိုက်လေသည်။ ထို့နောက် ကျုပ်အား မသိမသာ

ပြုံးကြည့်လိုက်ပြီး ခပ်ဖြည်းဖြည်း အတုလဆောင်မှ ထွက်ခွာသွားသည်။

"သမာနနဲ့ နောက်တကြိမ် ထပ်တိုက်ဖို့ရောကွဲ့"ဟု ကျုပ်က မေးနေ၏။

"မြို့တော်ဝန် သူဇကို အမိန့်တော်ချမှတ်နေပါတယ်"
သူသည် ကျုပ်ကို ဖေး၍ တွဲထူလိုက်လေသည်။

http://cyberbooks.myanmarchat.org


(၇)

စောင်းကြိုးများသည် တချောင်းချင်း ဖြည်းညှင်း သာယာစွာ လှုပ်ရှားသွားနေသည်။ စောင်းသံ ညှင်းညှင်းညံ့ညံ့သည် လူတဦးတယောက်က ညည်းညည်းသသ တခုခုကို တီးတိုး ရေရွတ်နေသည်သလို ဖြစ်နေသည်။ ကျုပ်၏ လက်ချောင်းများမှာ ပကတိအတိုင်း ပြန်၍ လှုပ်ရှားရလာသည်။ ခြောက်ရက်တာမျှ အတွင်း ပကတိအတိုင်း ဒဏ်ရာမှ ပြန်၍ ကောင်းလာလေသည်။ စောင်း၏ တိုးတိုးသက်သာ အသံများသည် တဖြည်းဖြည်း ညှင်း၍ ပျောက်ကွယ်သွားနေသည်။ ထိုအချိန်၌ ကျုပ်သည် အကြောင်းအရာ တခုတည်းကိုသာ ထပ်ပြန်တလဲလဲ တွေးနေသည်။

ကျုပ်က ဘုရင်မကြီးအား ချစ်မေတ္တာ ထားနေမိလေသလား။

တပ်ဗိုလ်ရန္တ၏ စကားသံများကို ကျုပ်သည် ပြန်၍ တွေးတောအမှတ်ရနေသည်။ သူ့ စကားအတိုင်း မိမိမှာ ဖြစ်ပျက်နေသလား။ ဘာကြောင့် ဤအဆောင်ခန်းမှ ပျဉ်ချပ်ငယ်ကလေးတခုကို ဟထား မိပါသနည်း။

ဤအဆောင်မှာ စံနန်းတော်ဝင်း အပြင်ဘက်ရှိ စံနန်းတော်နှင့် အနီးကပ်ဆုံး အရှေ့ဘက် အစွန်ဆုံးအဆောင် ဖြစ်လေသည်။ မနေ့က ဖွင့်ဟလိုက်သော ပျဉ်ချပ်ငယ် အဟကြားမှကြည့်လျှင် စံနန်းတော်၏နောက်ဘက် လေသာ တော်ဆောင်ကို လှမ်းမြင်နေရသည်။ မနေ့ညနေက ဤ ပျဉ်အဟကြားမှ ကျုပ်သည် စံနန်းတော်ကို လှမ်းမျှော်ကြည့် နေသေး၏။

ထိုကဲ့သို့ သိက္ခာကင်းမဲ့သော၊ ရှုးနှမ်းသောအလုပ်ကို ဘာကြောင့် လုပ်မိပါသနည်း။ မနေ့က ညနေဆည်းဆာတွင် လေသာတော်ဆောင်မှ ထွက်၍ ရပ်တော်မူနေသည့် အရှင်မအား ဖူးတွေ့ခဲ့ရသေးသည်။ အရှင်သည် မင်္ဂလာ ကန်တော်ဘက်သို့ ငေးမျှော်ကြည့်တော် မူနေခဲ့သည်။ အရှင်၏ ကိုယ်ရုံဝတ်ရုံကို လေများ တဘွားဘွား တိုးဝှေ့နေလျှက် အရှင်၏ နဖူးထက်မှ ဆံနုဆံယှဉ်နွယ်များကို လေများတိုးဝှေ့နေလျှက်၊ တခြမ်းမျှသာ မြင်ရသော အရှင်၏ မျက်နှာတော်ပေါ်တွင် လှသော ဆည်းဆာနေခြည်များ ခစားနေလျှက်။

ထိုအမြင်ကို ကျုပ်သည် တမ်းတနေ၏။ မိမိ၏ စိတ်များမှာ လေးပင်ထိုင်းမှိုင်းနေသည်။ မိမိသည် ထုံထိုင်းနေသည်။ ထိုသို့ ဖြစ်နေရသည်မှာ ချစ်မေတ္တာစိတ်လား။

ညကလည်း ညတဝက်လုံးလုံး ပျဉ်အဟ ကြားမှနေ၍ စံနန်းတော်ဘက်သို့ အမှောင်ထည်း စူးစိုက်ပြီး ဘာမျှမမြင်ရဘဲ ကြည့်ရှုနေခဲ့သေးသည်။ အမှောင်ထည်း၌ပင် ဘုရင်မ ပေါ်လာရမည်ဟု ထင်စွဲနေသည်။ ဤအဆောင်တွင် ကျုပ်နေခဲ့မိခြင်းမှာ မှားလေပြီထင်သည်။

ငေးမောတွေးနေမိစဉ်တွင် အဆောင်ရှေ့ တံခါးဝ၌ တဦးဦးလာ၍ ရပ်လိုက်လေသည်။ သူသည် အပြင်ဘက်မှ တံခါးကို ဖြည်းညှင်းစွာ ခေါက်နေသည်။ သူကား လူငယ်ကလေး ဒက္ခဏာပင် ဖြစ်လိမ့်မည်။

ဒက္ခဏာသည် အချိန်ရှိသမျှ ကျုပ်၏ အဆောင်ဘက်သို့ လာရောက်နေတတ်သည်။ သမားတော်ကြီး ဇီဝထံမှ ဆေးများကို ယူဆောင်လာတတ်သည်။

တံခါးဖွင့်လိုက်သော အခါ သူသည် တံခါးဝ၌ ရပ်တန့်နေ၏။
“ဒီနေ့ အနာပျောက်ရက်လို့ သမားတော်ကြီး ဇီဝက အမိန့်ပါတယ် မြို့စားမင်း၊ အနာ ပျောက်ကင်းသွားပါပြီလား”
သူသည် တံခါးဝမှ တိုးဝင်လိုက်ရင်း မေးနေသည်။

"ပျောက်ပီ၊ မနက်ဖြန်ကာဘဲ သမာနနဲ့ ပြန်တိုက်နိုင်မယ်၊ ဖြတိုက်ဝန်ဆီ သွားအကြောင်းကြားပါ၊ ငါ့လက်ခားကို ကောင်းကောင်းကိုင်နိုင်ဘီ၊ ကောင်းကောင်းပြန်တိုက်နိုင်ဘီ၊ ကြည့် ဒီလက်ချောင်းတွေ ဘယ်လောက်ပြန်သန်နေပလဲ"

"ဒါပေမယ့် ခားရေးတော့ နဲနဲပါးပါး ပြန်ကျင့်အုံးမှပေါ့"

"မလိုအပ်ပါဘူး၊ ငါ့လက်ကို ငါသိပြီးသားဘဲ၊ ပြီးတော့ သမာနလက်ကိုလဲ ငါသိပြီးသားဘဲ။ သူဘယ်လို ပရိယာယ်ဆင်တတ်တယ် ဆိုတာလဲ ငါသိပြီးသားဘဲ၊ ပီးတော့ သူက အကျဉ်းထောင်ထဲမယ် ခားရေးလေ့ကျင့်ခွင့် မရှိဘဲ ငါက အပြင်ဘက်မယ် ခားရေးလေ့ကျင့်နေမယ်ဆိုရင် ဘယ်တရားပါ့မလဲ"

သူသည် မတ်မတ်ရပ်လျှက်မှပင် ကျုပ်၏ လက်များကို စမ်းသပ်ဆုပ်ကိုင် ကြည့်နေသည်။ သူ့မျက်လုံးများသည် တခုစဉ်းစားနေသလို ငြိမ်သက်နေသည်။ ထို့နောက် သူသည် သူ့ကိုယ်သူပြောနေသလို အသံတိုးတိုးဖြင့် "တာဝန်တခုတော့ အေးပြန်တာပေါ့လေ" ဟု ပြောနေသည်။

ကျုပ်သည် အမှတ်မဲ့ သူ့မျက်နှာကို မော့ကြည့်နေ၏။ သူသည် ကျုပ်အား တာဝန်အရ လာကြည့်နေသူဖြစ်သည်ကို အမှတ်မဲ့ သိလိုက်ရ၏။ ဘာ တာဝန်နည်း၊ မည်သူက ချမှတ်ထားသည့် တာဝန်နည်း။ သာမန်သက်တော်စောင့် စစ်သည်ကလေးသည် ငွေသားတထောင် လောင်းနိုင်သူ မဟုတ်ဟူသော အသိ ကျုပ်၏ ခေါင်းထည်း၌ ဝင်လာပြန်သည်။

မည်သူက သူ့ကို ငွေပေး၍ လောင်းခိုင်းသနည်း။ ထိုကဲ့သို့ လျှို့ဝှက်စွာ လောင်းစားသူမှာ မည်သူနည်း။ ထိုသူက ကျုပ်၏ ခားရေးခားရာကို မည်မျှ သိကျွမ်းထား၍နည်း။ ကျုပ်ကား တစုံတဦးကိုသာ တွေးမိလေသည်။ သို့သော် ဖြစ်နိုင်မည်မဟုတ်ဟု ထင်နေသည်။

"မင်းက တာဝန်နဲ့ လာကြည့်နေရတာ ဟုတ်သလား ဒက္ခဏာ၊ ဒါဖြင့် ဘယ်သူက လာကြည့်ဘို့ မင်းကို တာဝန်ပေးထားတာလဲ"
မေးရင်း ကျုပ်သည် သူ့ ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ သူ့မျက်နှာကိုလည်း စူးစိုက်၍ ကြည့်လိုက်လေသည်။ ရုတ်တရက် သူ့မျက်နှာမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် သူသည် ချက်ခြင်းပြန်၍ ရယ်လိုက်လေသည်။
"ဘယ်သူက တာဝန်ပေးတာ ဖြစ်နိုင်မှာလဲ မြို့စားမင်းခင်ဗျာ့၊ တာဝန်ဆိုတဲ့စကားဟာ ဘာလဲ၊ တခုခု လုပ်စရာရှိနေတာကို တာဝန်လို့ ခေါ်တာဘဲ၊ ဟုတ်တယ် မဟုတ်လား။ ကျွန်တော့် ငွေတထောင်ကို ပြန်ရမှဖြစ်မယ် မြန်မြန်ပြန်ရမှ ဖြစ်မယ်။ ပြန်မရသေးရင် အဲ တာဝန်တခု တင်နေတာဘဲ၊ ကဲ မနက်ဖြန်ကာ ခားချင်းတိုက်ပွဲ ဖြစ်လိုက်ပီးရင် ကျွန်တော်လောင်းတဲ့ ကိစ္စဟာ ရှုံးရှုံး နိုင်နိုင် ပီးသွားဘီ၊ ဆုံးခန်းတိုင် သွားဘီ။ ဒါပေမယ့် သျှိဝမြို့စား မင်းက နိုင်ကို နိုင်မှာပါ။ နိုင်ကို နိုင်ရမယ်။ ကျွန်တော် သျှိဝမြို့စားမင်းရဲ့ ခားရေးခားရာအကြောင်းအစေ့ကြီးထဲက သိထားလို့ လောင်းတာဘဲ၊ သျှိဝ မြို့စားမင်းလောက် ခားကို ကျင်ကျင်လည်လည် ကိုင်နိုင်တဲ့လူ ဒီဇမ္ဗူမှာ မရှိဘူးလို့ ကျွန်တော်ယုံတယ်။ ဘယ်အချိန် တိုက်တိုက်၊ ဘယ်သူနဲ့ တိုက်တိုက် သျှိဝမြို့စားမင်းကဘဲ နိုင်ရမယ်"

ကျုပ်သည် ခေါင်းကို ခါယမ်းနေ၏။ သူ့ စကားများမှာ လှီးလွှဲပြောဆိုသွားသော စကားများ ဖြစ်နေပေသည်။ သို့သော် သူ့ကို အစ်အောက်ထုတ်နေ၍ကား ရနိုင်မည်မဟုတ်ပေ။

“ကဲ မြို့စားမင်း၊ မနက်ဖြန်ကို ဓားချင်းတိုက်ပွဲဝင်မှာဖြင့် မြို့တော်ဝန် သူဇုဆီ စီစဉ်စရာတွေ သွားအကြောင်းကြားထားအုံးမယ်။ ဗြဲတိုက်ဝန်ဆီလဲ သွားပီး သမာနဆီ အကြောင်း ကြားခိုင်းထားအုံးမယ်။ ကျွန်တော် သွားတော့မှ”

သူသည် တံခါးဝဘက်သို့ ပြန်လှည့် လိုက်လေသည်။ ထို့နောက် သူသည် ရွှင်လန်းသွက်လက်စွာ အပြေးအလွှားလေချွန်၍ ဆင်းသွားပြီး အဝေး၌ ပျောက်ကွယ်သွားလေသည်။

ကျုပ်သည် ညောင်စောင်းပေါ်၌ ပြန်၍ ထိုင်လိုက်၏။ စောင်းကြိုးများကို လက်ဖြင့် သာအယာ တို့ခတ်ထိစမ်းနေမိပြန်သည်။ စောင်းသံသည် တဖန်ပြန်၍ အခန်းထည်း၌ ပေါ်လာသည်။ ထိုအချိန်၌ ကျုပ်၏စိတ်များသည်လည်း တဖန် ပြန်၍ ပျံ့လွင့် သွားပြန်သည်။ မနေ့က မြင်တွေ့ခဲ့ရသော အာရုံသည် ပြန်၍တမ်းတစဖွယ် ဖြစ်နေပြန်သည်။ မနေ့က ယခုလို အချိန် နေရောင်ဖျော့သော အချိန်ဖြစ်သည်။

ကျုပ်သည် ရင်ခုန်စွာဖြင့် နေရာမှ တဖန် ထလိုက်ပြန်သည်။ ထို့နောက် တံခါးမကို သွားရောက်ပြီး ပိတ်လိုက်ပြန်လေသည်။

အခန်းမှာ မှောင်မည်းသွားလေသည်။ ကျုပ်သည် ညောင်စောင်းပေါ်တွင် စမ်းပြီး ခဏမျှ ထိုင်နေပြန်သည်။ မောနေသလိုပင်။ ထို့နောက်မှ ဖြည်းဖြည်း ထသွားပြီး တုန်ယင်နေသော လက်များဖြင့်ပင် ပျဉ်အဟကို မသိမသာဆွဲဟနေသည်။ မျက်လုံး နှစ်ခုကြည့်သာရုံမျှ ပျဉ်သည် ဟသွားပြန်သည်။

ထိုနေရာ၌ ရပ်တန့်ကာ ကျုပ်သည် စံနန်းတော်ဘက်သို့ အချိန်ပေါင်းများစွာ ကုန်အောင် ငေးကြည့်နေသည်။ ဘုရင်မအား အဝေးမှ လှမ်း၍ ဖူးမျှော်ရခြင်းမှာ ကံအကြောင်းတရား တိုက်ဆိုင်၍ဖြစ်ပြီး နောက်ထက် ထိုသို့ဖူးမျှော်နိုင်ရန် မြှော်လင့်ထား၍ မရနိုင်သည်ကို သိပါသည်။ သို့သော် မည်သူသည် မိမိ၏ ရင်ထည်း၌ ပြင်းစွာတမ်းတနေသော ဆန္ဒကို ငြိမ်းသတ်ထားနိုင်ပါမည်နည်း။ ဘုရင်မအား မျှော်လိုသော ဆန္ဒကို မိမိမှာမငြိမ်းသတ်နိုင်တော့ပြီ။ ဤဆန္ဒတို့ကြောင့် တသက်ပတ်လုံး ကြေကွဲသွားရတော့မည်ကို မသိမဟုတ်၊ သိပါသည်။

တခါတရံ၌မူ ဆန္ဒ ကြီးမားပါက ဆန္ဒအတိုင်း ဖြစ်ပျက်လာတတ်သည်ဟု ဆိုရိုးစကား ရှိပါသည်။ ထို့နည်းအတူဤညနေ၌လည်း မမျှော်လင့်ဘဲ တခါက အရှင်ထွက်ရပ်တော်မူခဲ့သော လေသာပြတင်း၏ တံခါးမှာ တခါလိုပင် ဖြည်းညှင်းစွာ ပွင့်လာလေသည်။

ထို့နောက် ပြတင်းဝတွင် ထွက်ပေါ်လာသော အရှင်၏ ကိုယ်တပိုင်းကို အဝေးမှ လှမ်း၍ ဖူးမျှော်ရပြန်လေသည်။

ဤသို့ တွေ့မြင်ရသည်မှာ အိမ်မက်တည်း၌ တွေ့မြင်နေရသကဲ့သို့ ဖြစ်လေသည်။ အဝေးက မထင်မရှား လှမ်း၍ဖူးမျှော် နေရပြန်သော အခါတွင်လည်း မိမိစိတ်မှာ မချမ်းမြေ့နိုင်ဘဲ ကြေကွဲနေမိပြန်ပါသည်။

အရှင်၏ ဆံပင်များမှာ ပြေလျော့နေ၏။ ရင်စည်းတော်မှာ လျော့ရည်းနေသည်။ အဝေးမှပင် အရှင်၏ကော့ညွှတ်သော မျက်တောင်များကို မြင်နေရသည် ထင်ပါသည်။ အရှင်၏ နှုတ်ခမ်းတော်များ အလှကိုမြင်နေရသည် ထင်ပါသည်။ ညနေဆည်းဆာ၏ ဝင်လုဆဲဆဲ နေခြည်များသည် အရှင့်ပါးပြင်ပေါ်ဝယ်ခစားနေသည်။

ကျုပ်သည် အသက်ပင် မရှူမိဘဲ ငေးမော တွေဝေနေမိလေသည်။ မိမိ၏ အသည်းနှလုံးပေါ်သို့ တစုံတရာရာစိမ့်ကျနေသကဲ့သို့ ဖြစ်နေသည်။

ထိုခံစားမှုကို အမည်မတပ်ချင်ပေ။ အရှင့်အား သျှိဝမြို့စားလေး သူသက ချစ်မေတ္တာထားနေမိပါသည်ဟု အမည်တပ်ရမည်ဆိုလျှင် ရှုန့်ရင်းကြမ်းတမ်းရာ ကျလွန်းနေပါတော့သည် အရှင်။ ထိုသို့လည်း မဖြစ်နိုင်ပါ။ ထိုသို့ဆိုလျှင်လည်း အဖြစ်မှာ များစွာ ကြေကွဲဖွယ်ရာ ဖြစ်နေပါမည်။

ထိုသို့ အဝေးမှ လှမ်း၍ မသဲမကွဲ ဖူးမျှော်နေရင်း အရှင်၏ နှုတ်ခမ်းတော်များမှာ မသိမသာ တုန်ယင်၍များ နေလေသလားဟု ထင်နေမိပြန်သည်။ အရှင်၏ မျက်တောင်တော်များမှာလည်း ငေးစင်းကာ တွေဝေနေသည်ဟူ၍ပင် အဝေးကလှမ်းကြည့်ရင်း ထင်နေမိသည်။ မျက်လုံးတော်တို့သည်လည်း မမြင်နိုင်စွမ်းအောင် လှမ်းလှသော တနေရာကို တွေကြည့်တော်မူနေသည်။ အရှင်သည် ဝမ်းနည်းဆွေးမြေ့နေသည် ထင်သည်။ တခုခုကို ပြင်းပြင်းပြပြ ခံစားတော်မူနေရသည် ထင်သည်။ မျိုသိပ်ထားခဲ့သည်တို့မှာ ယခုအခါတွင် ဖွင့်အန်ပြနေသည်နှင့် တူနေသည်။ အရှင်သည် ပုထုဇဉ်သား ဖြစ်၏။ ချစ်မေတ္တာစိတ်မှ မကင်းနိုင်သေး။

ကျုပ်သည် ငြိမ်သက်လျှက် အတွေးတွင် မျောပါနေသည်။ ဘုရင်မသည် မည်သူ့အား တသစွဲလမ်းတော်မူနေပါသနည်း။ မျက်နှာတော်ပေါ်၌ ပေါ်လွင်သွားသော မေတ္တာသည်ကား ကြီးမားလှပါဘိ။ မည်သည့်နိုင်ငံတော်မှ မင်းသားတပါးပါးအား တမ်းတတော်မူနေသနည်း။ သီရိခေတ္တရာ၏ အရှင် ဘုရင်ဒွတ္တဘောင်အတွက်ပေလား။ ဘုန်းသမ္ဘာ ကြီးမြင့်တော်မူသော၊ ရုပ်ရည် ချောမွေ့တော်မူသော အရှင်ဒွတ္တဘောင်အတွက်လား။

ဤကဲ့သို့ ငေးမောနေချိန်၌ အလင်းရောင် မှန်သမျှ ပျောက်ကွယ်သွားပြီး အမှောင်ထုမှာ သိပ်သည်းစွာ လွှမ်းမိုးလာလေသည်။ ငေးမောကာ ကြည့်နေရင်း စူးစိုက်နေရင်းပင် အရှင့်ကို မမြင်နိုင်တော့ပြီ။

ကျုပ်သည် အလျှဦး မမြင်ရတော့သည့် တိုင်အောင် အမှောင်ထုထည်းကို ငေးစိုက်ကာ ကြည့်နေမိသေးသည်။

ညောင်စောင်းတွင် အမှောက်ထည်း၌ ငြိမ်သက်စွာ ပြန်ထိုင်မိသောအခါ၌ ခလေးဘဝတုန်းကလို ရှိုက်ကြီးတငင် ငိုကျွေးပစ်လိုက် ချင်လေသည်။ ကျုပ်သည် ညောင်စောင်း၏ ခေါင်းရင်းဘက်အစွန်း၌ ထုလုပ်ထားသော အရှင်နာယာန၏ ရုပ်တုတော်အား လက်နှင့် အသာအယာထိ၍ စိတ်နှလုံးထည်း၌ ဖြစ်ပေါ်နေသည်တို့ကို စိတ်ဖြင့်ပင် တိုင်တည်နေမိပေသည်။ အရှင် ကျွန်တော်၏ စိတ်နှလုံးသားတို့ကို ပြည့်အရှင် ဘုရင်မကြီး ရှေ့တော်မှောက်သို့ ယူဆောင်သွားပါတော့ အရှင်။ ကျွန်ုပ် စိတ်နှလုံးသားတွင် ဖြစ်ပေါ်နေသမျှတို့၏ အပုံတထောင်ပုံ တပုံမျှကို ပြည့်အရှင် ဘုရင်မကြီး သိရှိပါစေလော့ အရှင်။ အို အရှင် ကျွန်ုပ်၏ နှလုံးသားများကား မီးကျွမ်းလောင်နေပါပြီ။ အရှင် ကျွန်ုပ်၏ နှလုံးသားများကား သည်းထန်စွာ ငိုကျွေးနေပါပြီ။

ယခုအခါ ဘုရင်မ၏ ရုပ်နှင့် ထပ်တူထပ်မျှတူသော ရုပ်ထုကလေးတခုကို ပိုင်ဆိုင်နေကာ ထိုရုပ်တုကလေးကို ကြည့်ရှုခွင့်ရနေလျှင် တော်ပါပြီဟု ကျုပ်သည် တမ်းတနေမိ၏။ အမှန်တကယ်၌ကား ထိုတမ်းတချက်ကလေးပင်လျှင် ပြည့်စုံနိုင်ဘွယ်ရာ မြော်လင့်၍ မရပါ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ရုပ်တု အတက်ပညာ၌ ကျွမ်းသော ပညာသည်မှာ မရှိနိုင်ပါ။ ဤသို့ဖြင့် ဤကြေကွဲဖွယ်ရာ ကောင်းစွာ တမ်းတနေမှုတို့ကို အဆုံးသတ်သင့်ပါပြီ။

ကျုပ်နှင့် သမာနတို့ ဒုတိယအကြိမ် ဓားရေးပြိုင်ရမည့် နေ့ခင်း၌ အရှင်က ကျုပ်အား စံနန်းတော်သို့ ဝင်ရောက်ခစားရန် ထူးဆန်းစွာ အမိန့်တော်ရှိပြန်ပါသည်။ သို့ဖြင့် ယခင်နေရာ၌ တဖန် ရောက်ရပြန်လေသည်။

အရှင်သည် ကျောက်စောင်းသလွန်ထက်၌ ညင်သာစွာ ထိုင်တော်မူသည်။ "ဘာကြောင့် မြို့စားလေးကို စံနန်းတော်ထဲ ဒုတိယအကြိမ် ခေါ်ရတယ်ဆိုတာ ရိပ်မိ သိရှိပါသလား" ဟု တိုးတိုးညင်ညင် မေးတော်မူလိုက်

သံသည် ဤနေရာတဝိုက်၌ သာယာစွာ ပြန့်နှံ့သွားသည်။

"မသိနိုင်ပါအရှင်"

"ငမင်စားနဲ့ ဓားချင်းယှဉ်ပြိုင်တဲ့ပွဲမှာ သျှိဝစားငယ်သည်လဲ ဓားရေးထက်မျက် ကျွမ်းကျင်လှတဲ့ ပုဂ္ဂိုလ်တဦးဘဲလို့ အများက ဝိုင်းဝင်း အသိအမှတ် ပြုကြတယ်။ ဒါကြောင့် မြို့စားလေးရဲ့ ဓားရေးအတတ်ကို ချီးမွမ်းတော်မူလို တာလဲ တကြောင်းကြောင့်ဘဲ"

အရှင်၏ စကား တိုးတိုးမိန့်မြွက်တော်မူသံမှာ ခဏမျှရပ်တန့်သွားလေသည်။

"အခုအကြိမ် ဓားရေးပြိုင်ပွဲကို မြို့တော် အလယ်ဘက်မှာ ရွှေ့ပြောင်းစီမံတာ မြို့စားလေး သိပီးဖြစ်ပေလိမ့်မယ်။ ဓားရေး ပြိုင်ပွဲကို လူအများကတော့ မြေညွှတ်မတတ် ကြည့်ကြမှာဘဲ၊ သျှိဝမြို့စားလေးလဲ ဓားရေးယှဉ်ပွဲအတွက် အလေ့အကျင့်များ ပိပိရိရိ လုပ်ထားပါရဲ့လား"

"ကျွန်တော် သမာနရဲ့ ဓားအသွားအလာ အနုတ်အသိမ်း မှန်သမျှကို သိနေပါပြီအရှင်၊ သူလုပ်တတ်ကိုင်တတ်တဲ့ အပြုအမူမှန်သမျှလဲ သိရှိပြီး နေခဲ့ပါဘီ၊ သည်ဟာတွေဟာ ကျွန်တော်အတွက် လေ့ကျင့်ပြီသား ဖြစ်နေသလိုပါဘဲ"

"မဟုတ်ပေဘူး သျှိဝမြို့စားလေး၊ ငမင်စားဘက်ကနေ ကြည့်ရင်လဲ သျှိဝမြို့စားလေးရဲ့ အားနဲချက်တွေကို သိပီးသားဖြစ်မှာဘဲ၊ ပီးတော့ ငမင်စားကို ဓားနဲ့ ပတ်သတ်လာရင် ဒါလောက် အထင်သေးထားဘို့ မကောင်းဘူး။ ငမင်စားဟာ ဓားရေးဓားရာမှာ ပညာခန်းကုန်သွားပြီလို့ ပြောလို့၊ အစသတ်လို့ မရနိုင်တဲ့ လူစားမျိုးဘဲ၊ သူ့တယောက်ကို ဖမ်းဘို့အတွက် စစ်တပ်ကြီး တဝက်လောက်ကို အသုံးချရတဲ့လူဘဲ၊ သူ့ကို သျှိဝမြို့စားလေးက သည်လောက် ပေါ့ပေါ့ဆဆ မှားမှားယွင်းယွင်း အထင်သေး အမြင်သေး တွက်ဆတာတော့ မလျော်ဘူးထင်တယ်။ ငမင်စားဟာ ရဲရင့်တယ် လျင်မြန်ဖျတ်လတ်တယ်၊ ယောကျ်ားကောင်း ယောကျ်ားမြတ် တဦး ပီသပါပေတယ်။ သူသာ သစ္စာတော်ရှိရှိနဲ့ အမှုများထမ်းရွက်ရင် စစ်သည်တပ်မကြီး တတပ်လောက် အားကိုးရမယ်။ အခုတော့ နိုင်ငံတော်ကို သစ္စာဖောက်တဲ့ တရားခံ ဖြစ်နေရှာပေတယ်။

ဘုရင်မ၏ စကားသံသည် ပို၍ တိုးသက်သွားလေသည်။ ထို့နောက် အလျှင်းပင် ပျောက်ကွယ်သွားလေသည်ဟု ထင်မှတ်နေရသည်။ သို့သော် တိုးသက်စွာဖြင့် သမာန၏ ချီးမွမ်းခန်း ဖွင့်ဆိုနေသည်မှာ မဆုံးနိုင်တော့ဟူ၍ ထင်မှတ်ရသည်။ ကျုပ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်မည့် သူအား မည်သည့်အတွက်ကြောင့် ကျုပ်၏ ရှေ့မှောက်၌ ထိုမျှ ပိုလွန်ကဲသော ချီးမွမ်းခန်းကို ဖွင့်ဆိုနေဘိသနည်း။ သမာန၏ လက်တို့မှာ အသားအရေဖြင့် တည်ဆောက်ထားသည်မဟုတ်မူ၍ သံထည်တို့ဖြင့် တည်ဆောက်ထားသည်ဟူ၍ မှတ်ထင်ရသည်ဆို၏။ သူ ဓားကိုင်ပုံကအစ ရန်သူအား အနိုင်ယူပြီးသား ဖြစ်သည်ဟူ၏။ မြင်းစီးအတတ်တွင်လည်း သူရဲကောင်း သမာနအား ယှဉ်ပြိုင်နိုင်သူမှာ မရှိသေး။

ထိုစကားအပေါင်းသည် ကျုပ်၏ စိတ်ဓာတ်များအား အုံကြွလာစေသော စကားများဖြစ်နေသည်။ ပထမ တိုက်ပွဲတွင် ကျုပ်၏ ရှုံးနိမ့်ခဲ့ရမှုအတွက် ယခုအခါတွင် မခံမရပ်နိုင်အောင် ဝမ်းနည်း၊ မခံမရပ်နိုင်အောင် ရှက်စိတ်ဝင် လာလေသည်။ ထိုရှက်စိတ် မခံမရပ်နိုင်စိတ်များကို ကျုပ်သည် မပေါ်လွင်သွားစေရန် ထိန်းချုပ်ထားနေရသည်။

"ငမင်မြို့စားဟာ မြင်းစီးအတတ်မှာ ဘယ်လောက် ကျွမ်းကျင်သလဲ ဆိုရင် လူလေးယောက် မျှားလေးစင်းနဲ့ လေးဘက်လေးတန်က ဝိုင်းညှပ်ထားပီး မိုးသီးမိုးပေါက်ရွာသလို ပစ်သွင်းနေတာကို လူရောမြင်းရော လွတ်အောင်

ရှောင်နိုင်ပီး လေးသည်တော်နှစ်ဦးရဲ့ ခေါင်းကို ရအောင် ဖြတ်ယူသွားနိုင်တယ်”

ထို့နောက် အရှင်၏ သာသာဟဟ ရယ်မောလိုက်သံသည် ကျုပ်၏ အသည်းနှလုံးကို ဖောက်ဝင်သွားပြီး စူးရှနာကျင် ခံပြင်းစေသည်။ ကျုပ်၏ မျက်နှာပေါ်၌ ထိန်းထား၍ မရနိုင်ဘဲ ပေါ်လွင်နေသည့် မနာလို ဝန်တို စိတ်များကို အရှင်မသည် မြင်တွေ့သွားခဲ့လေပြီ။ ခုအခါတွင် ကျုပ်အား သဘောထားသေးသိမ်သူ၊ ယောကျ်ားမပီသသူ ဟူ၍ အရှင်မ ထင်သွားခဲ့လေပြီ။ ယောကျ်ားကောင်း တယောက်၏ အကြီးမားဆုံးသော အရည်အသွေးမှာ သဘောထား ကြီးမြတ်ခြင်း ဖြစ်လေသည်။ ယောကျ်ားကောင်း တဦးသည် ရန်သူအပေါ်၌ပင် သဘောထား ကြီးမြတ်ရပေသည်။

ယခုအခါတွင် ကျုပ်၏ ဦးခေါင်းမှာ ပြင်းထန်စွာ ဆူပူလှုပ်ရှားနေသည်။ သွေးများသည် ဆူပွက်နေပြီး ရှက်စိတ်တို့သည် တကိုယ်လုံးတွင် တသွင်သွင် ဖြတ်သန်း စီးဆင်းနေသည်။ ဤရှက်စိတ်တို့ကို ပြေပျောက်ရန် တခုခုဖြင့် ဆေးကြောသုတ်သင်ပစ်မှ ဖြစ်တော့မည်ကဲ့သို့ ရှိလေသည်။ သျှိဝ မြို့စားငယ်သည် သဘောထား သေးသိမ်သူ မဟုတ်ကြောင်း အရှင် သိတော်မူရန်အကြောင်း တိုက်ဆိုင်လာပါစေဟု ထိုအချိန်၌ ကျုပ်သည် ဆုတောင်းနေ၏။

ထို့နောက် အရှင်၏ ရွှင်ပျစွာ ရယ်သံမှာ တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

“မင်း သူ့ကို နိုင်အောင်တိုက်နိုင်မယ်လို့ ကတိပေးနိုင်ပါမလား”ဟု မေးလိုက်သံ ပေါ်လာလေသည်။

“နိုင်အောင်မတိုက်နိုင်ရင် ကျွန်တော့်ကို သေဒဏ် ပေးသနားတော်မူပါ အရှင်၊ ကျွန်တော် နိုင်အောင်တိုက်ပါ့မယ်၊ အဲဒီလို အနိုင်တိုက်နိုင်မှလဲ ကျဆုံးခဲ့သမျှ ကျွန်တော်အရှက်များကို ပြန်ဖုံးဖိရာရောက်ပါမယ် အရှင်၊ တင်နေတဲ့ အကြွေးကို ဆပ်ရာ ကျရောက်ပါမယ်”

“မင်းကိုလဲ ကျွန်ုပ် အထင်သေးတော် မမူသေးဘူး သျှိဝ မြို့စားငယ်၊ ဒီကပွဲမှာ မင်းအနိုင်တိုက်နိုင်မယ်လို့လဲ ကျွန်ုပ် အဆုံးတိုင်အောင် ယုံကြည်ထားပေတယ်။ မင်းသာ အနိုင်တိုက်နိုင်ရင် ကျွန်ုပ်က လိုရာဆုတော်မြတ် ပေးဘို့ ရည်ရွယ်ထားတယ် သျှိဝမြို့စားလေး။ အကယ်၍ တိုက်ပွဲမှာ မင်းက နိုင်လာခဲ့ရင် ထီးနန်းစည်းစိမ်၊ မထိုက်တန်သော ရာထူးမှတပါး မင်းကြိုက်ရာ ဆုကို တောင်းနိုင်တယ်။ မင်းဆန္ဒ အရှိဆုံးဆုကို တောင်းနိုင်တယ်”

ကျုပ်သည် တောင်းရမည့်ဆုကို တွေးနေ၏။ ဤတိုက်ပွဲမှာမူ ကျုပ်၏ အောင်ပန်းဆွတ်ယူပွဲသာလျှင် ဖြစ်ရလိမ့်မည်။

စံနန်းတော်ဘက်မှ ပြန်လာချိန်တွင် ကျုပ်၏ စိတ်ထည်း၌ ငြိမ်သက်နေ၏။ ကျုပ်သည် တိုက်ပွဲကို တမ်းတလာသည်။ ဤတပွဲတွင်မူ မိမိသည် အရေးမရှုံးနိမ့်နိုင်၊ အရေး ရှုံးနိမ့်ခဲ့လျှင်လည်း မိမိ၏ အသက်ကို ကတိအတိုင်း ပေးဆက်လိုက်ရုံသာ ရှိသည်။

မြို့တော်ဝန်၏ အမှုထမ်း တဦးသည် ကျုပ်အား အဆောင်မှလာ၍ စောင့်နေသည်။ မြို့တော်ဝန်က ကျုပ်အား မြို့အလယ် တိုက်ပွဲကွင်းမှ အသင့်စောင့်နေကြောင်း ပြောဆိုသည်။ ကျုပ်သည် ဓားနှင့်ဒိုင်းကို အသင့်စွဲကိုင်ပြီး လိုက်ပါလာခဲ့၏။ မင်းလမ်းမကြီး တလျှောက်၌ ကျုပ်သည် ဓားကို ခပ်ဆဆကိုင်ပြီး စိတ်ဓာတ်များ တက်ကြွနေသည်။ လူအုပ်ကြီးသည် ကျုပ်၏ နောက်မှ ပြုံ၍လိုက်ပါလာသည်။ သူတို့၏ ဩဘာလက်ခုပ်သံများ ဆူညံနေသည်။ ငမင်စား သမာနကိုမူ စစ်သေနာပတိကြီး ကိုယ်တိုင် တိုက်ကွင်းဘက်သို့ ခေါ်ဆောင်သွားနှင့် လေပြီ။

မကြာမီ နန်းတော်ကြီးဘက်မှ အရှင်၏ ရထားသည် အခြေအရံ ကိုယ်ရံတော်၊ လေးသည်တော်၊ မြင်းသည်တော် ကပ်များ ခြံရံလျက်လိုက်ပါလာသည်။

"ဘုရင်မင်းမြတ် ကြွချီတော်မူလာတယ် - ကြွချီတော်မူလာတယ်" ဟု ရှေ့တော်ပြေး၏ အော်ပြောသွားသံ ပွဲတင်ဟိန်းသွားလေသည်။ အားလုံးသည် မြေပြင်၌ ဝပ်သွားပြီး အရိုအသေ ပြုကြရလေသည်။ ထို့နောက် အရှင်မ၏ ရထားသည် ဖြတ်ကျော်လွန်သွားလေသည်။

အရှင်၏ ရထားသည် မြို့အလယ် ခါးရေးပြိုင်ကွင်း၏ အရှေ့ဘက် ကုန်းမြင့် ပန်းခြံအလယ်၌ ရပ်တန့်ထားသည်။ ခါးရေးပြိုင်ကွင်း၏ ပတ်လည်နှင့် ပန်းခြံ၏ ပတ်လည်၌ လေးသည်တော် စစ်သည်များ စောင့်ကြပ်နေလျက် အနီးအနား ပတ်ဝန်းကျင်တို့၌ မြင်းသည်တော်များ မြင်းများကို စိုင်းနှင်စောင့်ကြပ်နေသည်။

လူအုပ်ကြီးမှာ ကျိတ်ကျိတ်တိုးနေသည်။ လူသံ သူသံများသည် ကောင်းကင်ပြင်သို့ လျှံထွက်နေသည်။ ကုန်းအမြင့်ဘက်မှ လူအုပ်ကြီးကို ကျော်လွန်ပြီး ကွင်း၏ နံဘေးစတွင် သူရဲကောင်း သမာနကို ကျုပ်သည် လှမ်း၍ မြင်တွေ့ရသည်။ သူသည် တိုက်ကွင်းမြေပြင်ကို စိတ်ပါဝင်စားစွာ ဝေ့၍ ကြည့်နေသည်။ သူ့ခေါင်းထည်း၌ မြေပြင်ကို မှတ်သားပြီး တိုက်နည်းတိုက်ဟန် အသစ်ကို တွေးတောနေပုံ ရသည်။ ရှေ့တန်းမှ လူအုပ်ကြီး တနေရာတွင် သက်တော်စောင့် တပ်သားဝတ်စုံကို ဝတ်ထားသည့် လူငယ်ကလေး ဒက္ခဏာ၏ ပြုံးရွှင်သော မျက်နှာကို လှမ်းမြင်နေရသည်။

သူ၏ "ဆယ်လေး တလေး ဆရာများ ထွက်ခဲ့ကြပါ၊ ကျုပ် သျှိဝမြို့စားဘက်က လောင်းပါအုံးမယ်၊ ထွက်ခဲ့ကြပါ"ဟု အော်ဟစ်နေသံသည် အားလုံး အသံများထက် ပိုကျယ်၍ ရှင်းလင်းထင်ရှားလေသည်။

သမာနသည် တိုက်ကွင်းဘက်မှ ကုန်းပေါ်သို့ လှမ်းမျှော်ကြည့်ပြီး ကျုပ်ကို မြင်တွေ့သွားလေသည်။ ကျုပ်သည် လူကြားထည်းမှ ကန့်သတ်ထားသည့် သွားလမ်းအတိုင်း ကွင်းဘက်သို့ ဆင်းသက်သွား၏။ လူသံ သူသံများ၊ ချွေးနံ့များ၊ အငွေ့အသက်များကြောင့် မူးနောက်နောက် ငြီးစီစီကြီး ဖြစ်လောက်ပေသည်။ သို့သော် ဖျော့တော့သော ဆောင်းနေထည်း၌ နှင်းမှုန်များ လိမ်းကျံလျှက် ရှိသဖြင့် တိုက်ကွင်းပြင်ဘက်တွင် သာယာလျှက် ရှိလေသည်။

သူသည် အဝေးကြီးကတည်းက "သျှိဝ မြို့စားလေး. . . သျှိဝ မြို့စားလေး. . . "ဟု လှမ်း၍ အော်နေသည်။ သူ့ကိုယ်ပေါ်တွင် တုပ်နှောင်ထားသည့် သံကြိုးများမှာ တချွင်ချွင် မြည်လျှက်ရှိပြီး ကျုပ် သူ့အနား ရောက်သောအခါ သူသည် လက်အုပ်ချီ ဦးခေါင်းညွှတ်လျှက် အရိုအသေပြုလေသည်။

ကျုပ်၏ ဘေး၌ ရပ်နေသော မြို့တော်ဝန် သူဇကို သူသည်လှမ်း၍ ပြုံးလိုက်လေသည်။

"သျှိဝ မြို့စားလေးခင်ဗျာ. . .၊ သူရဲကောင်းတွေဟာ စစ်တလင်းပြင်မှာ အခင်မင်ဆုံး မိတ်ဆွေများအဖြစ် တွေ့ဆုံကြရိုး ရှိပါတယ်ခင်ဗျာ"ဟု သူ၏ အော်ပြောလိုက်သံသည် အသံအပေါင်းကို ကျော်လွန်သွားသည်။

"သမာနဟာ သူရဲကောင်း တဦးပါဘဲ သျှိဝ မြို့စားလေး ခင်ဗျာ၊ ဟောဟို ရပ်နေကြတဲ့ ဖြဲတိုက်ဝန်ကိုရော၊ သူ့ စစ်သည်တွေကိုရော. . ဟောဒီ မြို့တော်ဝန် အဖိုး ဇရာအိုကြီးကိုရော ရိုက်သတ်ပြီး သမာနဟာ လက်က ချည်ထားတဲ့ သံကြိုးတွေ ဖြုတ်ပီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားနိုင်ပါတယ်၊ အရင်တကြိမ်က မြို့စားလေးကို ကျွန်တော် ရန်သူကြီးတယောက်လို သဘောထားပီး တိုက်ခိုက်ခဲ့တယ်၊ အခုတကြိမ်တော့ ကျုပ်တို့ဟာ တကယ် ရင်းချာတဲ့ မိတ်ဆွေကြီးတွေ ဖြစ်နေကြလို့ ကျုပ်တို့ဟာ အလောင်းအစား တခုကို လုပ်ကြသလို လောင်းကြေး

တခုခုနဲ့ တိုက်ရရင် ကောင်းမယ်ထင်ပါတယ်၊ ဒါမှလဲ ပိုပျော်စရာ ကောင်းမယ် ထင်ပါတယ်"

"ကောင်းဘီ. .၊ ကျွန်ခံကြိုးစတမ်းဆိုရင် ကောင်းမလား. . . မြို့စားမင်း၊ ရှုံးတဲ့လူဟာ နိုင်တဲ့လူရဲ့ ကျွန်ဖြစ်ကြိုးစတမ်း၊ နိုင်တဲ့လူရဲ့ ကျွန်အဖြစ်၊ ဘယ့်နှယ်လဲ အဲဒီအတိုင်း ကောင်းမလား"

"ကျုပ်က သေရမယ့် လူဘဲ၊ ခင်ဗျားလောင်းကြေးဟာ အဓိပ္ပာယ် မရှိပါဘူး သျှိုဝမြို့စားလေး။ တခုခုကို ပြောင်းပြီး လောင်းစမ်းပါ"

ငမင်စားသည် သံကုန်ဟစ်၍ ဆူညံစွာ ရယ်လိုက်လေသည်။ သူ့လက်များမှ သံကြိုးချင်း ရိုက်သံ ဆူညံသွားလေသည်။ ကျုပ်၏ အော်ပြောနေသော စကားသံများကို သူ့အော်ဟစ်ရယ်သံက ဖုံးလွှမ်းသွားလေသည်။ ထိုရယ်သံသည် ပရိသတ်အများ၏ ဆူညံနေသံများ အပေါ်၌ လွှမ်းမိုးနေသည်။

"ဘာဘဲဖြစ်ဖြစ် ခင်ဗျား မလောင်းရဲလို့ ငြင်းဆိုနေတာလား"
"လောင်းပါတယ်၊ လောင်းပါတယ်၊ လောင်းပါတယ်"

(၈)

ကွင်းအလယ်မှ ကမူကို တိုက်မိသောကြောင့် ခေါင်းထက်မှ ဥသျှောင် ပြုတ်ကျသွားပြီး ဆံပင်များ မျက်နှာပေါ်သို့ ဖွာ၍ ကျနေသည်။ ဒိုင်းကို ဖက်ရွက်ကလေးတခုလို ကိုင်မြှောက်နေရသောကြောင့် လက်မောင်းများမှာ ပြင်းစွာ ကိုက်ခဲလျှက် ရှိနေသည်။ နဖူးမှ ချွေးစီးများသည် မျက်လုံးထည်းသို့ စီးဝင်နေပြီး မျက်လုံးမှာ ကျိမ်းစပ်ပြာဝေနေသည်။ မောပန်းလွန်းသဖြင့် သတိ လက်လွတ်မတတ် ရှိနေသည်။

ထိုပြင် နောက်ဘက်သို့ တွင်တွင်သာ ဆုတ်ခွာပေးနေရင်း စည်းကြိုးနှင့်ကျော ထိကပ်လုခမန်း ဖြစ်လာရပြန်လေသည်။ ကျုပ်ရှုံးနိမ့်တော့မည်။ နိုင်အောင် တိုက်ပါမည်ဆိုသော ကျုပ်၏ စကားများမှာ အချည်းနှီး အလဟဿဖြစ်ပြီး ပို၍ အရှက်တကွဲ အကျိုးနဲ့ ဖြစ်ရတော့မည်။ စိတ်ဓာတ်များထည်းတွင် အလျှော့ပေးလိုသော ဆန္ဒများ ဝင်ရောက်နေ၏။ စိတ်ဓာတ်များကို ပြန်၍ စုစည်းနေရလေပြီ။

သို့သော် အရှင်သည် ရထားထက်မှ နေ၍ တိုက်ပွဲကို ကြည့်ရှုနေတော်မူသည်။ အရှင်၏ ရှေ့မှောက်၌ ကျုပ်သည် လဲ့အိပ်ချပြီးကား မည်သည့်နည်းနှင့်မျှ မပေးနိုင်။ ကျုပ်သည် စိတ်ဓာတ်များ တစတစ ပြန်၍ စုစည်းနေ၏။

ထိုခဏ၌ သမာန၏ မျက်နှာမှာ လျှပ်ပြက်သကဲ့သို့ ဝင်းလက်သွားလေသည်။ သူသည် နောက်ဆုံး အနိုင်တိုက်ရန် အကြံအစည်တခု ပြုတော့မည်။

သူသည် ဓားဖြင့် ပိုင်းချလိုက်ပြီး တပြိုင်နက်တည်း ကျုပ်၏ ဒိုင်းကို သူ့ဒိုင်းဖြင့် ရိုက်ချလိုက်ရန် ကြိုးပမ်းလိုက်လေသည်။ သို့သော် ထိုခဏ၌ ကျုပ်သည် ဖြတ်ကနဲ သတိဝင်လာ၏။ သူ့ ဒိုင်းကို ကျုပ်၏ဓားဖြင့် ကာလိုက်ပြီး သူ့ဓားကို ကျုပ်၏ဒိုင်းဖြင့် ကာလိုက်လျှက် ကျုပ်သည် အထက်သို့ ပင့်မြှောက် တွန်းတင်လိုက်သည်။

ထိုတိုတောင်းလှသော လျှပ်တပြက် မကြာ အချိန်ကလေး၌ နှစ်ဦးစလုံးသည် အခွင့်အရေး ညီတူညာတူ ရနေလေသည်။

ပို၍ လျင်မြန်သူက ထိုအခွင့်အရေးကို အသုံးချလိမ့်မည်။

သူသည် မမြော်လင့်သော ဖြစ်ပျက်မှုကြောင့် မဆိုစလောက် အချိန်ကလေး ကြောင်သွားလေသည်။ ကျုပ်သည် ဓားကို လျှပ်ကနဲ ပြန်ရုပ်ပြီး ဒလစပ် ထိုးမွှေလိုက်လေသည်။ သူသည် ရုတ်တရက် ယောက်ယမ်းပြီး ခုန်၍ ရှောင်လိုက်သောကြောင့် ကျုပ်အတွက် အခွင့်အရေးများ ပိုမို၍ရသွားပြီး သူသည် ခံစစ်ဖြင့် နောက်သို့ တောက်လျှောက် ဆုတ်ခွာပေးနေရတော့သည်။

နောက်ဆုံးတွင် နှစ်ဦးစလုံးသည် လက်ပန်းကျပြီး မောပန်းလွန်း လာကြလေသည်။ ကျုပ်၏ ဓားချက်များ သည်လည်း လေးလံ နှေးကွေးလာသည်။ သို့သော် သူသည် ထိုအခွင့်အရေးများကို ကြားဖြတ်မယူနိုင်တော့။ ကျုပ်၏ ဓားချက်များသည် မူမမှန်နိုင်တော့။ ထိုအတိုင်းပင် ကျုပ်တို့သည် တိုက်ကွင်းကို တပတ်လည်လုခမန်း ဖြစ်နေသည်။

ပရိသတ်များသည် အလျှင်း ငြိမ်သက် တိတ်ဆိတ်နေသည်။ အစောက ဘဝင်လှုံမျှ အော်ဟစ်နေသံများမှာ ပျောက်ပျက်ကုန်သည်။ တိုက်ပွဲမှာ မကြာမီပင် အဆုံးသတ်တော့မည်။ ဓားတချက်မျှ မထိ၊ အရှုံး အနိုင် အလျှင်းမရှိဘဲ တိုက်ပွဲ နိဂုံးချုပ်သွားတော့မည်ဟု ပရိတ်သတ်သည် ထင်မြင်နေကြလေပြီ။

သူသည် ပထမတိုက်ပွဲထက် ပို၍ဆိုးသော ဓားပင်မကိုင်ဘူးသည့် လူမိုက်လူရမ်းကားများ၏ အလုပ်မျိုးကို ရုတ်တရက် လုပ်လိုက်လေသည်။ သူသည် ကျုပ်ထိုးလိုက်သည့် ဓားကို အလျှင်း မရှောင်တိမ်းနိုင်တော့ဘဲ ကျုပ်အား ဓားဖြင့်ဆီး၍ ပိုင်းချလိုက်လေတော့သည်။

ပရိသတ်များ၏ အလန့်တကြား အော်ဟစ်လိုက်သံမှာ ကွင်းတခုလုံး လျှံတတ်သွားလေသည်။ ထိုအသံကြီးသည် တဝေါဝေါ မြည်ဟိန်းလျှက်ရှိ၏။ ကျုပ်ကား မျက်လုံးများ ပြာဝေလျှက် ရှိနေသည်။ မောပန်းလွန်းသဖြင့် မဟန်နိုင်တော့အောင် ဖြစ်နေသည်။

သူခုတ်လိုက်သော ဓားချက်ကို ဒိုင်းဖြင့် ဆီးကာလိုက်သော်လည်း နှေးနေသဖြင့် ပခုံးကိုရှပ်၍ ထိသွား၏။ အသားသည် ဖွေးကနဲနေလိုက်သွားပြီး သွေးများ ရုတ်တရက် ဖြာဆင်းလာသည်။ ကျုပ်သည် သတိကင်းလွတ် ပြေးမည်ကဲ့သို့ ဖြစ်နေ၏။ လက်ထည်းမှ ဒိုင်းလည်း လွတ်ကျသွားလေပြီ။

ကျုပ်ထိုးလိုက်သည့် ဓားချက်သည် မူမမှန်ဘဲ သူ့ပိုဆိုး၏ အောက်ပိုးကျိုက်ကိုသာ ထိုးဖောက်သွားသည်။

နေရောင်ခြည်များက လင်းဖြာနေဆဲ ဖြစ်သည်။
"ဘယ်သူ ထိသွားသလဲ"
"ငမင်မြို့စားလား"
"သျှိဝမြို့စားလား"

ပရိသတ်များ၏ ဗလုံးဗထွေးနိုင်သော အော်ဟစ် ဆူညံသံများသည် နားထည်းသို့ စုပြုံဝင်ရောက်နေသည်။ ပရိသတ်များမှာ ထိန်းမနိုင် သိမ်းမရ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပြီး အားလုံးနေရာမှ ထရပ်၍ ကြည့်နေသည်။

ကျုပ်ထံသို့ သမာန၏ ဓားချက်များ ပြေးဝင်လာနေသည်ကို အိမ်မက်အတွင်း၌ မြင်နေရပြီး ကျုပ်သည် ရှိသေးသမျှ သတိလေးနှင့် ယောင်ယမ်း တိမ်းရှောင်ပေးနေသည်။ ကျုပ်သည် ယိုင်နဲ့စွာ နောက်သို့ ဆုတ်ပေးနေ၏။ လေးလံသော သူ့ဓားချက်များကို ပြန်လှန် ခုခံနိုင်အားလည်း မရှိတော့။ ထိုအချိန်၌ ကျုပ်၏ လက်အတွင်း၌ ကာကွယ်ရန် ဒိုင်းလည်းမရှိတော့။ သို့သော် သူရော ကျုပ်ပါ ဖုက်သက်ဝင်နေသကဲ့သို့သာလျှင် လှုပ်ရှား နေကြလေသည်။

ကျုပ်၏ ကိုယ်သည် တဖြည်းဖြည်း ယိမ်းယိုင် ညွတ်ကျလာနေသည်။ သတိများအားလုံး လွှက်ထွက်ကုန်တော့မည် အတိုင်း ဖြစ်နေသည်။

တောင့်ခံနိုင်သော စိတ်အားများ ကုန်ဆုံးသွားတော့မည်။ အရာရာသည် ချာချာလည်လျှက် ဝါးထွေး လိုက်လာသည်။

ပရိသတ်များ၊ ရန်သူ သမာန၊ အရှေ့ဘက်မှ ကုန်းမြင့်ပန်းခြံ ဘုရင်မ၏ ပန်းရထား၊ စစ်သည်တော်များ အားလုံးတို့သည် ဝါးဝါး ထွေးထွေး ဖြစ်နေ၏။

နေခြည်များသည်လည်း ကျုပ်၏ မျက်လုံးအတွင်းသို့ စူး၍ ဝင်ရောက်နေသည်။ ကျုပ်ကား မည်သည့်နည်းဖြင့် အရှေ့ဘက်စည်းကြိုး အနားသို့ ရောက်လာရသည်ကိုပင် သတိမထားနိုင်တော့ပေ။ ကျုပ်အတွက် အရှုံးပေး လိုက်ရန် တလမ်းတည်းသာ ရှိတော့သည်။

သူ၏ ဓားရေးကို ကျုပ်၏ဓားဖြင့် ဆီးခံလိုက်ချိန်တွင် သူသည် ဓားကို ပြန်မရုတ်သိမ်းဘဲ ပူးကပ်ထားလိုက်သည်။ ထို့နောက် သူ့ဘယ်လက်မှ ဒိုင်းဖြင့် ကျုပ်အား လှမ်း၍ ခုတ်ချလိုက်လေတော့သည်။ သူ့ဒိုင်းသည် ကျုပ်၏ လက်တွင်းမှ ဓားကို ရိုက်ချသွား၏။ သူ့ဒိုင်းရော ကျုပ်၏ ဓားပါ မြေပြင်ပေါ်သို့ ကျသွားလေသည်။

သူ့လက်တွင်း၌ ဓားရှိသေးသော်လည်း ကျုပ်ထံတွင်ကား ဘာမျှ မရှိတော့ပေ။ ကျုပ်ထံတွင် အရှုံးပေးရန် တခုတည်းသာ ကျန်နေရစ်ခဲ့သည်။

သို့သော် သူသည် ထိုဓားကို အသုံးပြုနေကျမဟုတ်ဘဲ ယခင် တိုင်ပွဲကဲ့သို့ ကျုပ်အား အနိုင်ပိုင်းရန် ဓားဖြင့် ပစ်ထိုးလိုက်သည်။ ကျုပ်သည် ဖျက်ကနဲသတိဝင်လာပြီး ကိုယ်ကို အနိုင်နိုင် တွန့်လိန်ပေးလိုက်လေသည်။ ထိုးဓားသုံးနေကျ မဟုတ်သောကြောင့် သူသည် အားလွန်ပြီး ကျုပ်၏ ရှေ့မှောက်သို့ ထိုးစိုက်ကျလာသည်။

သူလဲကျနေသော်လည်း ကျုပ်၏ လက်တွင်း၌ လက်နက်တစုံတရာမျှ မရှိတော့ပေ။ ထိုအချိန်၌ ကျုပ်သည် စိတ်အားတင်းလိုက်ပြီး သူ့ခြေရင်းတွင် ကျနေသော သူ့ဒိုင်းကို ကောက်ကိုင် မြှောက်လျှက် သူ့ခေါင်းကို ရိုက်၍ ချလိုက်၏။ ဒိုင်းအသွားနှင့် သူ့ခေါင်းထိတွေ့ သွားသံသည် တဒုန်းဒုန်း ထွက်ပေါ်လျှက်ရှိ၏။ သူသည် ကျုပ်၏ တွေဝေနေပြီဖြစ်သော မျက်လုံးထည်း၌ လူလွန့်နေသည်။ ကျုပ်သည် ထိုနေရာ၌ လက်တွင်းမှ ဒိုင်းကို ပစ်ချလိုက်၏။

သို့သော် တိုက်ကွင်းမှ လွတ်မြောက်အောင် သွားနိုင်တော့မည် မဟုတ်။ ထိုနေရာ၌ပင် တခါတည်း ပစ်လှဲချလိုက် ချင်တော့သည်။ ကျုပ်သည် အရှေ့ဘက်စည်းကြိုးမှာ အနီးဆုံးဖြစ်သည်ကို သတိရသွားသေး၏။ ထို့ကြောင့် ဒယိမ်းဒယိုင် ကိုယ်ဖြင့် အရှေ့ဘက်သို့ လှည့်လိုက်လေသည်။

"ရအောင်ထွက်ပါ မြို့စားလေး ၊ ရအောင်ထွက်ပါ၊ အရှေ့ဘက် သုံးလှမ်းစာဘဲ ကျန်တော့တယ်၊ သုံးလှမ်း ရောက်တော့မယ်"ဟု အော်ဟစ်နေသံတခုသည် နားထည်းသို့ ပြေးဝင်လာနေသည်။ လူငယ်အလေး ဒက္ခဏာ၏ အော်ဟစ်နေသံဖြစ်၏။

ဤစည်းကြိုးအတွင်းမှ ရန်သူအား အနိုင်တိုင်ပြီး မထွက်နိုင်လျှင် မရှုံးမနိုင်ပွဲ ဖြစ်သွားလိမ့်မည်။ ကျုပ်သည် မျက်လုံးကို မှိတ်ထား၏။ မူးနောက်နေသော ခေါင်းမှာ မဟန်နိုင်တော့ဘဲ ပို၍ ယစ်ဝေလာနေသည်။

ထိုခဏ၌ ဘုရင်မ၏စကားများကို ဖျက်ကနဲ သတိရနေ၏။
တလှမ်း . . . . .
နှစ်လှမ်း . . . . .
သုံးလှမ်း . . . . .

ကျုပ်၏ကိုယ်နှင့် စည်းကြိုး ထိသွားလေသည်။ ကျုပ်သည် ကြိုးကိုကိုင်ပြီး ယိမ်းယိုင်နေ၏။ ထို့နောက် ကြိုးကို ဖွဲ့နဘဲ ကြီးစွာဖြင့် ကျော်ဖြတ်လိုက်လေသည်။ ကြိုး၏ အပြင်ဘက်သို့ ရောက်ရှိနေပြီဟု သိလိုက်ပြီး ကျုပ်သည် စိတ်ဓာတ်အင်အား အပေါင်းကို လျှော့ချလိုက်လေသည်။ ထိုနေရာ၌ ကိုယ်သည် ညွှတ်ကျသွားပြီး ပစ်၍ လဲကျသွားလေသည်။

(၉)

အရှေ့ဘက် ဘုရင်မ ပန်းရထား ရပ်တန့်တော် မူထားရာ ပန်းခြံအတွင်းရှိ ပန်းရုံတရုံအောက်သို့ နေခြည်ပြောက် တခုပင် မကျ၊ ပန်းခြံ၏ နံဘေး ခပ်ဝေးဝေး၌ မြင်းသည်တော်များ လှည့်ပတ်နေပြီး လေးသည်တော်များသည် လေမြားတို့ကို ကိုင်လျှပ် ငြိမ်သက်ရပ်တန့် နေသည်။

ထိုပန်းရုံအောက်သို့ လူငယ်လေး ဒက္ခဏာသည် ကျုပ်အား ပွေ့ချီသွား၏။ သူသည် ကျုပ်၏ မျက်နှာပေါ်သို့ ဆေးနံ့သာပုဝါကို အုပ်ပေးထားပြီး ငြိမ်သက်စွာ ရပ်၍ ကြည့်နေသည်။ ကျုပ်သည် တဖြည်းဖြည်း အမောပြေလာ နေလျှက် အသက်ကို မှန်မှန်ရှူလာ နိုင်သည်။ ထိုအချိန်တွင် တိုက်ကွင်းအလယ်၌ သမားတော်ကြီး ဇီဝသည် သမာနအား ဆေးဝါးပြုစုနေသည်။

ကုန်းအထက်၌ ဘုရင်မ ပန်းရထား ရပ်တန့်ထားလေသည်။

“မြို့စားလေး၊ ဘုရင်မ ကြွလာတော်မူနေတယ်” ဟု ဒက္ခဏာသည် ကျုပ်၏ နားအနီးသို့ ကပ်ပြီး စကားတီးတိုး ပြောလေသည်။

သူ့စကားသံကို အိမ်မက်အတွင်းတွင် နားထောင်နေရသကဲ့သို့ ရှိလေသည်။ ထိုနောက် ပန်းရနံ့ပေါင်းစုံကို ဖြတ်သန်းလာသည့် လေသည် ကျုပ်၏ မျက်နှာပေါ်မှ ဖြတ်သန်း တိုက်ခတ်သွား၏။ ဒက္ခဏာသည် ကျုပ်၏ ပါးစပ်အတွင်းသို့ ချိုမြိန်သော ရေငတ်ပြေ၊ အမောပြေစေလည့် ဆေးနံ့သာများကို တစက်ချင်း ချပေးနေသည်။ ကျုပ်၏ နှလုံးသားများမှာ တဖြည်းဖြည်း အေးမြ ကြည်လင်လာ နေသည်။

ပန်းရွက်ကြွေများပေါ်၌ ဖြတ်နင်းလျှောက်လာသဖြင့် မြည်သံ၊ ပန်းရွက်များ အပေါ်သို့ ပုဝါလျှောတိုက်လာသံ၊ ထိုအသံတို့ကို ရေးရေးဝါးဝါး၊ တိုးတိုးသဲ့သဲ့ ကြားလာရသည်။ ထိုအသံများသည် ပို၍ နီးကပ်နေ၏။ ထို့နောက် ကျုပ်၏ နံဘေးတွင် ထိုအသံများ ရပ်တန့်သွားလေသည်။

ကျုပ်သည် မျက်နှာပေါ်၌ လွှမ်းထားသည့် ပုဝါကို အနည်းငယ်မျှ အောက်ဖက် ရွှေ့လိုက်ပြီး မျက်လုံးကို ဖွင့်လှစ်လိုက်သည်။ ပထမတွင် ဘာမျှမမြင်ရဘဲ ဝါးထွေးနေသည်။ ထို့နောက် တဖြည်းဖြည်း မြင်ကွင်းအတွင်းသို့ အနီရောင်များ၊ အဝါရောင်များ၊ အရောင်မျိုးစုံ ယှက်ဖြာ ကျလာသည်။ ပန်းရွက်ခြောက်များကို သဲကွဲစွာ မြင်လာနေရလေသည်။

ရွှေအပ်များဖြင့် သီထားသော ဘုရင်မ၏ ထမီ အနားစသည် ခပ်နီးနီး၌ လေတိုးဝှေ့နေသဖြင့် ရွှေအပ်မျှင် ကလေးများ တခုနှင့်တခု ရိုက်ခတ်နေသည်။ ထို့နောက် ထမီအနားစဖြင့် ဖုံးကွယ်ထားသည့် အရှင်၏ ခြေဖမိုးများကို မြင်ရလေသည်။

“သျှိဝမြို့စားလေး၊ မင်းဟာ စောင်းအခတ်တော်သလို ဓားကိုလဲ ပန်းပွင့်ကလေး တပွင့်ကို ကိုင်ပြနိုင်စွမ်းတဲ့ ယောကျ်ားကောင်း တယောက် ပီသပါပေတယ်။ ယောကျ်ားကောင်း တယောက်ရဲ့ မလျော့တဲ့ ဇွဲနဲ့ ပြည့်စုံပါပေတယ်။ မင်းကတိအတိုင်း တိုက်ပွဲကို အဆုံးသတ်နိုင်ပါပေတယ်။ ဆုတော်မြတ်ကို မနက်ဖြန် ညီလာတော်ခံမှာမှ ပေးဘို့ ရည်ရွယ်ထားရှိပေမယ့် သမာနကို လူတရာအားနဲ့ ညီမျှတဲ့ ဓားသမားတဦးနဲ့ ယှဉ်ပြိုင်လိုက်နိုင်တဲ့ အတွက် ဆုတော်မြတ်ပေးအပ်ရမှာဆိုတော့ အချိန်ကို ဆိုင်းငံ့ထားလိုတဲ့ ဆန္ဒ မရှိတော့ဘူး။ သျှိဝ မြို့စားလေး မင်းအလိုချင်ဆုံး အတမ်းတဆုံး ဆုကို တောင်းခံပေတော့”

ဒက္ခဏာသည် မြေတွင် ပြားပြားမှောက် ဝပ်နေ၏။ ကျုပ်သည် မျက်လုံးကို ပြန်မှိတ်ပြီး ကိုယ်ကို အနည်းငယ် စောင်းနေရာမှ ပြင်လိုက်လေသည်။ ကျုပ်၏ လက်များသည် အလိုလိုဦးခိုက်ပြီးသား ဖြစ်နေ၏။ ကျုပ်သည် မြေတွင် နဖူးနှင့် ထိကပ်ထားပြီး ငြိမ်သက်နေသည်။ အရှင်၏ စကားမိန့်မြွက်သံမှာ အနည်းငယ်ပင် တုန်တုန်ယင်ယင် ဖြစ်နေသလား ထင်နေသည်။

ဤတိုက်ပွဲ၌ ကျုပ်က နိုင်ခဲ့လျှင် တောင်းဆိုရမည့်ဆုသည် ကျုပ်စိတ်ထည်း၌ အကြိမ်ကြိမ် အဖန်ဖန် စွဲထင်နေပြီးသား ဖြစ်နေသည်။ ထိုဆုကိုသာ တောင်းဆို ရမည်ဟု တွေးတော နေပြီးသား ဖြစ်နေသည်။ ဘုရင်မ၏ ခြေဖမိုးပေါ်တွင် ရှိသည့် ထမီမြိတ်စပေါ်သို့ ထိုးဖောက် ကျနေသည့် နေခြည်ပြောက်ငယ်ကို ကျုပ်သည် ငေး၍ ကြည့်နေသည်။

"သမာနသာ သစ္စာတော်ရှိရှိနဲ့ အမှုတော် ထမ်းရွက်မယ်ဆိုရင် စစ်သည်တော် တပ်တတပ်လောက် အားကိုးရပေမယ်လို့ နေခင်းပိုင်းက အရှင် အမိန့်တော် ရှိခဲ့ပါတယ်။ သမာနနဲ့ ကျွန်တော်ဟာ အမုန်းဆုံး ရန်သူကြီးတွေ ဖြစ်ခဲ့ကြပေမယ်လို့ ဓားရေး ယှဉ်ပြိုင်ပြီး ချိန်ကစပြီး တဦးကိုတဦး လေးစားမှုနဲ့ အခင်မင်ဆုံး အရင်းခြာဆုံး မိတ်ဆွေကြီးတွေ ဖြစ်လာကြပါတယ် အရှင်မ ဖုရား။ ဒီအဖြစ်မျိုးကို ဓားသမားတွေသာ ပိုပြီး နားလည် ခံယူနိုင်ကြပါတယ်။ အခု ဓားရေးပြိုင်ပွဲမှာ အလောင်းအစားကြောင့် သူဟာ ကျွန်တော် ကျွန်တဦး ဖြစ်လာခဲ့ရပါဘီ။ သူ့ကို ကျွန်တော်ပိုင်နေပါဘီ။ သူဟာ ကတိသစ္စာကို ဘယ်သောအခါမှ မဖောက်ဖျက်တတ်တဲ့ လူစားမျိုးလဲ ဖြစ်ပါတယ်။ အလောင်းအစားမှာလဲ နာယာယန၊ ဗိဿနိုး၊ သျှိဝ၊ ကရစ်သျှနဲ့ ဗြဟ္မဏများကို တိုင်တည်ပြီး သစ္စာပြုခဲ့ ကြပါတယ်။ ဒါကြောင့် သူ့ကို အရှင့် စစ်သည်တော်တပ်မှာ အမှုထမ်းခိုင်းရင် အမှုထမ်းကောင်းတဦး ဖြစ်လာပါတော့မယ်။ ကျွန်တော့် ကျွန်ရဲ့ အသက်ကို ကျွန်တော့်ကို ပေးသနားဘို့ တောင်းခံပါတယ် အရှင်"

ကျုပ်၏ တိုးတိုး လျှောက်ကြားနေသံသည် ဖြေးဖြေးလေးလေး ထွက်ပေါ်လျှက် ရှိလေသည်။ အရှင်သည် ငြိမ်သက်စွာ တွေဝေပြီး ကျုပ်၏ ကျောပြင်ကို အချိန်ကြာမြင့်စွာ စူးစိုက်ကြည့်တော်မူနေသည် ထင်သည်။ သက်ပြင်းကို မှုင်းမှုင်းတွဲ့တွဲ့ ရှုသံလိုလို ကြားနေရလေသည်။ ကျုပ်၏ လျှောက်ကြားချက်တို့မှာ မှားယွင်းနေလေပြီ။ အရှင်၏ စိတ်နှလုံးသားများကို ထိခိုက်အောင် ပြုမူမိခဲ့လေပြီ။

"ဘာဆုကို တောင်းလိုက်ပါသလဲ သျှိဝမြို့စားလေး ကျွန်ုပ်လုံးလုံး မမျှော်လင့်မိတဲ့ စကားပေဘဲ။ ကျွန်ုပ်လုံးလုံး မတွေးတောခဲ့ဘူးတဲ့ ဆုတော် လာဘ်တော် ပေဘဲ"

အရှင်၏ အသက်ရှူသံကို ပို၍ ကြားလာရလေသည်။

"နေ့လည်က ကျွန်ုပ်က သမာနရဲ့ အကြောင်းကို ချီးမွမ်းမိလို့ သျှိဝမြို့စားလေးရဲ့ စိတ်ထဲမယ် မခံမရပ်နိုင် ဖြစ်နေတယ်။ ကျွန်ုပ်က သမာနသာ အမှုတော်ထမ်းရွက်ရင် အဖိုးတန် လူတယောက်ဖြစ်မယ် ဆိုတာ မြို့စားလေး စိတ်ထဲမှာ ကသိကအောက် ဖြစ်နေတယ်။ မင်းမျက်နှာ ပျက်သွားတော့ မင်းကို ကျွန်ုပ်က အထင်သေးသွားဘီလို့ ထင်နေတယ်။ လျှောက်တင်စမ်းပါအုံး မြို့စားလေး။ တမင် ဒီဆုကို တောင်းပြနေတာလား။ အမှန်တော့ သမာနကို ချီးမွမ်းတာဟာ မြို့စားလေး အတွက် သက်သက်ပဲ။ မြို့စားလေး မခံမရပ်နိုင် ဖြစ်လွန်းပြီး မနိုင် နိုင်အောင် တိုက်လာဖို့ ရည်ရွယ်တာဘဲ။ အခုတိုက်ပွဲမှာ သျှိဝမြို့စားလေးက နိုင်လိုက်ပီ၊ အနိုင်ယူလိုက်ဘီ"

အရှင်၏ အသံသည် တဖြည်းဖြည်း ပို၍ တိုးသက် သွားလေပြီ။ နောက်ဆုံး ကွယ်ပျောက်သွားတော့မည်ကဲ့သို့ ဝမ်းနည်းစဖွယ် ဆွတ်ပျံ့နေသည်။

“မင်းဟာ ပန်ထွာနိုင်ငံတော် တဝှမ်းလုံးမှာ အတော်ဆုံး၊ အထက်မြက်ဆုံး၊ အတောက်ပဆုံး ဓားသမားတဦး ဖြစ်လာရဘီ လူကလေး၊ ပြိုင်ဘက်ကင်းမဲ့တဲ့ အလျှံရဲရဲတောက် ဓားသမားတဦး ဖြစ်လာရဘီ၊ သည့်အပြင် ဆုတော်မြတ် တခုခုကို ပြောင်းလဲတောင်းဆိုစမ်းပါကွယ်။ ထီးနန်းနဲ့ မထိုက်တန်တဲ့ ရာထူးကလွဲရင် မင်းအလိုချင်ဆုံး အတမ်းတဆုံး ဆုကိုပြောင်းပီးတောင်းပါ၊ ကျွန်ုပ်လိုက်လျောပါမယ်၊ မဖြစ်နိုင် ဖြစ်နိုင်အောင် လိုက်လျောပါမယ်။ ဒါပေမယ့် သမာနဟာ သေဒဏ်အပေးခံရမယ့် အကျဉ်းသား ဖြစ်နေတယ်။ မင်းလိုချင်တဲ့ ဆုတော်ကလေး တခုအတွက် နိုင်ငံတော်ရဲ့ တရားဥပဒေတခုလုံးကို ဖျက်ဆီးပစ်ရမလို ပါလားကွယ်”

ဒါပေမယ့် သူ့ အမှုကို စွဲချက်တောင် မတင်ရသေးပါအရှင်၊ မြို့တော်ဝန် သူဇုဟာ သူ့စွဲချက် များကို မဖတ်ကြားရ သေးပါ အရှင်။ သမာနကသာ သူ့ကိုယ်သူ သေဒဏ်စီရင်လိုက်တာ ဖြစ်ပါတယ်။ သမာနဟာ တရားဥပဒေကို ဆုံးဖြတ်ပိုင်ခွင့်ရှိသူ မဟုတ်ပါဘူး အရှင်”

“သူ့လို ရာဇဝတ်သားကို သေဒဏ်မချမှတ်လဲ ချမှတ်ထားသလိုဘဲ မဟုတ်လား မြို့စားလေး၊ ပီးတော့ ဓားရေးပြိုင်ပွဲ အမိန့်ထဲမှာ ငမင်စားသည် ရာဇဝတ်ဒဏ်ဖြင့် သေစေရမည်လို့ ထည့်သွင်းခဲ့တဲ့အတွက် သူ့ကို သေဒဏ် စီရင်ပြီးသား ဖြစ်နေတယ်။ ပီးတော့ တိုင်းပြည် ပုန်ကန်မှုဟာ သေဒဏ်ကလွဲရင် ဒိပြင်အပြစ်ပေးစရာ နည်းလမ်းလဲ မရှိပေဘူး”

ထိုနေရာ၌ စကားစများ ရပ်တန့်သွားပြီးနောက် အရှင်သည် ငြိမ်သက်စွာ ရပ်တော်မူနေဆဲ ဖြစ်နေသည်။ အရှင်၏ စိတ်နှလုံးထဲ၌ မချမ်းမမြေ့ ဖြစ်တော်မူနေသည်။ ကျုပ်သည်လည်း မိမိ၏ တောင်းဆိုထားမှုကို ပြန်၍ ရုပ်သိမ်းလိုသော ဆန္ဒ ပေါ်လာနေသည်။ သို့သော် ထိုကဲ့သို့ ရုပ်သိမ်းလိုက်လျှင် ကျုပ်ကား စိတ်ဓာတ်မတည် ငြိမ်သူ အပြောင်းအလဲ များသော ယောကျ်ားကောင်းမပီသသူ ဖြစ်သွားလိမ့်မည်။ ကျုပ်သည်လည်း တွေဝေ ငြိမ်သက်နေသည်။

“အရှင်က သေဒဏ်ချမှတ် လိုက်တာလို့ ဆိုလိုလို့ မရပါဘူးအရှင်။ ငမင်စားက သူ့ကိုယ်သူ သေဒဏ်ချမှတ်ထားလို့ အရှင်က ထည့်သုံး မိန့်မြွက်တာသာ ဖြစ်ပါတယ်။ ပီးတော့ သမာနလို လူမျိုးတဦးအတွက် သေဒဏ်ထက် အဆပေါင်းများစွာ ဆိုးရွားတဲ့ အပြစ်ဒဏ်မျိုး ပေးသင့်ပါတယ်။ သူ့လို လူတယောက် သူတပါးကျွန် ဖြစ်ရတာဟာ သေဒဏ်ထက် အဆများစွာ ဆိုးရွားတဲ့ အပြစ်ဒဏ် ဖြစ်နေပါတယ်။ သူ့ကို ကျွန်တော် သျှိဝမြို့စားရဲ့ ကျွန်အဖြစ်နဲ့ သတ်မှတ် အပြစ်ပေးတော်မူတာဟာ သေဒဏ်ထက် ပိုထိရောက်တဲ့ အပြစ်ဒဏ် ဖြစ်ပါတယ်”

အရှင်မသည် ခြေဖဝါးများကို နေရာမှ ရွှေ့လိုက်လေသည်။ ထို့နောက် ညင်သာစွာ သက်မချသံသည် ပန်းရုံတဝိုက်၌ ပေါ်လာနေသည်။

“မြို့တော်ဝန် သူဇုကို သွားခေါ်ခဲ့ချေ ဒက္ခဏာ” ဟု အရှင်မ၏ မိန့်မြွက်တော်မူသံမှာ မကြည်မလင် ဖြစ်နေလေသည်။

ဒက္ခဏာသည် နေရာမှနောက်သို့ ရိုကျိုးစွာ ဆုတ်ခွာပြီး ပန်းခြံ၏ အပြင်ဘက်သို့ ထွက်ခွာ သွားလေသည်။ သူသည် မကြာမီပင် မြို့တော်ဝန်ကြီး သူဇုနှင့်အတူ ပြန်ရောက်လာသည်။ ထို့နောက် မြို့တော်ဝန်သည် အရှင်မ မိန့်မြွက်နေသည့် အမိန့်တော်ကို အံ့အားသင့်စွာ နာခံနေရလေသည်။

“အကျဉ်းသား သမာနသည် နိုင်ငံတော်အား ပျက်စီးရန် ကြံစည်ခြင်း၊ ပုန်ကန် ခြားနားခြင်း ပြုသည့် ပြစ်မှု များကြောင့် ဤအချိန်မှစ၍ သျှိဝမြို့စား၏ ကျေးကျွန် ဖြစ်စေရမည်” ဟူသော အမိန့်တော်သည် မြို့တော်ဝန်ကြီး သူဇုအား ပြင်းစွာ လှုပ်ရှားစေသည်။

အမိန့်တော်ကို နာခံပြီး မြို့တော်ဝန်ကြီးသည် ပန်းခြံ အတွင်းမှ ထွက်ခွာသွားလေသည်။

မြို့တော်ဝန်နည်းတူ ကျုပ်၏ စိတ်နှလုံးများသည်လည်း ပေါက်ကွဲတော့မည်အတိုင်း လှုပ်ရှားလျှက် ရှိပေသည်။

အရှင်သည် ကျုပ်အား အလျှင်း မပေးသင့်သော ဆုကို ပေးအပ်လိုက်လေပြီ။

သေဒဏ်သင့်ရမည့် ရာဇဝတ်သား တဦးအား ပေးအပ်လိုက်လေပြီ။

အရှင်သည် တရားဥပဒေကိုပင် တိမ်းစောင်းစေလျှက် ရှိနေပြီ။

ထိုကဲ့သို့ ပေးအပ်လိုက်သည်မှာ ယုံနိုင်ဘွယ်ရာ၊ လက်ခံဘွယ်ရာ မရှိတော့ပြီ။ ကျုပ်သည် အဆုံးမရှိ အစမရှိ ဝမ်းသာ ကြည်နူးစိတ်များ ပေါ်နေလေသည်။

ထိုဝမ်းသာကြည်နူးမှုတို့ကို တခုခု ပြုလုပ် ဖော်ပြလိုက်ချင် ပါသည်။ ကျုပ်သည် မွှန်ထူထုံထိုင်း နေသူတဦးကဲ့သို့ ရှေ့တွင်ရှိသော အရှင်မ၏ ခြေဖမိုးခုံးကို လက်များဖြင့် အုပ်လိုက်မိလေသည်။ ပါးလွှာသော ပိုးသားထမီတော်၏ အမြိတ်စများမှတဆင့် နူးညံ့သက်သော၊ နွေးအိနေသော၊ ခုံမို့နေသော ခြေဖမိုးအသားတို့ကို ထိကိုင်လိုက်မိလေသည်။

ထို့နောက် ကျုပ်သည် မွှန်ထူထုံထိုင်းစွာဖြင့် ခေါင်းကိုငုံ့လိုက်ပြီး ပါးနှင့် ခြေဖမိုးခုံကို ထိကပ်လိုက်လေသည်။ ထိုခဏ၌ ကျုပ်၏ရင်မှာ ဆူပွက်လျှက် စိတ်လှုပ်ရှားမှုများသည် အတိုင်းအဆ မရှိတော့ပေ။

အရှင်သည် အံ့အားသင့်တော်မူနေသလို ငေးငိုင်နေပြီးမှ ခေါင်းတော်ကို ငုံ့လိုက်လျှက် ကျုပ်၏ နဖူးပြင်အား လက်ဝါးဖြင့် ဆွဲ၍ မလိုက်လေသည်။ သေးသွယ်ညွတ်သော လက်ချောင်းကလေးများသည် တဆတ်ဆတ် တုန်ယင် နေလေသည်။

ထို့နောက် ကျုပ်၏ မူမမှန်သော မျက်နှာသည် မော့ကြည့်နေ လျှက်သားဖြစ်နေသည်။ ပိုးပုဝါ ပါးပါးကို ပေါက်၍ အရှင်၏ မျက်နှာတော်ကို တည့်တည့် စူးစိုက်မော်ဖူးနေမိလျှက်သား ဖြစ်နေသည်။ အရှင်၏ နှုတ်ခမ်းတော်များသည်လည်း တဆတ်ဆတ်လှုပ်နေလေသည်။ အရှင်၏ ရင်အုံတော်သည် အသက်ရှုပြင်းစွာဖြင့် မို့မောက်နေသည်။

ထို့နောက် ကျုပ်သည် သတိပြန်လည်၍ ဝင်လာပြီး လက်များကို ဖြေလွှတ်လိုက်လေသည်။

အရှင်သည် ကျုပ်၏ ရှေ့မှ ဖြည်းဖြည်းချင်း နောက်ဘက်သို့ ပြန်လှည့်တော်မူသည်။ ထို့နောက် ပန်းရွက် ကြွေခြောက်များ အပေါ်မှ ဖြတ်နင်းလျှက် ပန်းရထား ရှိရာဘက်သို့ လှမ်းကြွ သွားလေသည်။ အရှင်၏ သက်ပြင်း ရှူရှိုက်သံနှင့် ကိုယ်အမွှေးရနံ့ များသည် ကျုပ်၏ အနား၌ပင် ကျန်ရစ်ခဲ့နေသည်။

ကျုပ်သည် မလှုပ်မရှား ငြိမ်သက်ကျန်ရစ်ခဲ့၏။ ကျောက်ရုပ်တု တခုကဲ့သို့ အသက်ကင်းမဲ့ ကျန်ရစ်ခဲ့ပုံမျိုးနှင့် တူနေမည်။

ပန်းခြံတွင်းမှ ဘုရင်မ၏ ပန်းရထားကား ထွက်ခွာသွားလေပြီ။ မြင်းသည်တော်၊ လေးသည်တော် များသည်လည်း ပန်းခြံအပြင်ဘက်မှ ထွက်ခွာသွားကြပြီးလေပြီ။

ဒက္ခဏာသည် တိုက်ကွင်းဘက်မှ ပန်းခြံဘက်သို့ ခပ်ဖြေးဖြေး လျှောက်လာသည်။

"မြို့စားမင်း၊ ရင်ပေါ်က ပုဝါဖြေပါတော့၊ ဗြဲတိုက်ဝန်ရော၊ မြို့တော်ဝန်ရော တိုက်ကွင်းအပြင်ဘက်က စောင့်နေကြတယ်။ မြို့စားမင်း မလာနိုင်တာနဲ့ ကျွန်တော် လိုက်လာခေါ်ရတာ၊ ဟိုမယ် အကျဉ်းသား သမာနကို ပြန်ပြီး ဖမ်းချုပ်ထားနေရတယ်" ဟု သူသည် အရေးတကြီး ပြောနေသည်။

ကျုပ်အား အလျင်စလို တွဲထူပေးနေသည်။

ကျုပ်တို့သည် ပန်းခြံဘက်မှ လျင်မြန်စွာ ထွက်ခွာလာကြလေသည်။ တိုက်ကွင်းပြင်၏ တဖက်ထောင့်၌ မြို့တော်ဝန်၏ စစ်သည်များနှင့် ဗြဲဝန်မင်းတို့ အစုကို လှမ်းမြင်ရသည်။

ထိုအထည်း၌ မတ်မတ်ရပ်လျှက်ရှိသော သမာနကို မြင်တွေ့နေရသည်။ သူ့တကိုယ်လုံးတွင် သံဆူးကြိုးများ အထပ်ထပ် အဖန်ဖန် ပြန်လည်ချည်နှောင်ထားလျှက်။ သူ့ကိုယ်ပေါ်၌မူ အဝတ်အစားများ ပြည်စုံစွာ ပြန်လည်ဝတ်ထားလျှက် ရှိနေသည်။ ဥသျှောင် ဆောင်းထားပြီး သူသည် ကိုယ်ကို တည့်မတ်အောင် ထိန်းကာ ရပ်နေသည်။ သူ့ နားထင်စပ်နှင့် နဖူးစပ်တို့၌ ဟက်တက်ကွဲလျှက်ရှိသော ဒဏ်ရာများမှာ သွေးများဖြာကျနေဆဲဖြစ်ပြီး သူသည် မဟန်နိုင်အောင် မူးမိုင်းနေဆဲ ရှိလိမ့်မည်။

ကျုပ်သည် စစ်သည်များကို တိုးဝှေ့ပြီး ဝင်သွား၏။ ကျုပ်၏ မျက်နှာသည်လည်း မပြုံးမရယ် တည်ကြည်ငြိမ်သက်နေသည်။ သမာနနှင့် ကျုပ်သည် မျက်နှာချင်းဆိုင်၍ ရပ်နေမိကြလေသည်။ မာနကြီးသော သူ့နှုတ်ခမ်းများကို စေ့ထားသည်။ ညနေခင်းပိုင်း အလင်းရောင်မှုန်မှုန်တွင် သူ့ကို ကြည့်နေရသည်မှာ ဝမ်းနည်းစဖွယ် ဖြစ်နေသည်။

သူသည် သူ၏ တသက်လုံးတွင် စောင့်ထိန်းခဲ့သော ဂုဏ်သိက္ခာများကို လူပုံ အလယ်၌ ကျုပ်ထံသို့ လွဲအပ်ခဲ့ရပြီးလေပြီ။ ထို့ပြင် သူရဲကောင်း တဦးအတွက် သေသည်ထက် အဆမတန် ဆိုးရွားသော သူတပါး၏ ကျွန်ဖြစ်နေရလေပြီ။

ကျုပ်သည် အမှုထမ်းများအားသူ့ ကိုယ်ပေါ်မှ အတုပ်အနှောင်များကို ဖြေပေးလိုက်ရန် ပြောလိုက်လေသည်။ ထိုနောက် ဒက္ခဏာ အပါအဝင် အားလုံးသည် သူနှင့်ကျုပ်ကို ချန်ထားခဲ့ပြီး ထွက်ခွာသွားကြသည်။

ထိုနေရာ၌ သူနှင့်ကျုပ် နှစ်ဦးတည်း ရပ်တန့် ကျန်နေရစ်ခဲ့သည်။ သူနှင့် ကျုပ်သည် တဦးကိုတဦး အလင်းရောင်မှိန်မှိန်ထည်း၌ ငြိမ်သက်စွာ စိုက်ကြည့်နေကြ၏။ သူသည် ဒဏ်ရာများကြောင့် မူးမိုင်းလျှက် ရှိသော်လည်း မာနကြီးမားလှစွာ တောင့်ရပ်ထားနေသည်။

နှင်းများ ပို၍ သိပ်သည်းစွာ ကျလာနေသည်။ သူနှင့် ကျုပ်သည် တဦးကိုတဦး စူးစိုက်ကြည့်လျှက် ရပ်တန့်နေမြဲဖြစ်လေသည်။ သို့သော် သူ့မျက်လုံးများသည် ပို၍ မှေးမှိန်သွား၏။ ထိုအခိုက် သူ့ကိုယ်လုံးသည် ရုတ်တရက်ရှေ့သို့ ကိုင်းကျလာသည်။ ကျုပ်သည် သူ့ ပခုံးကို ဖမ်း၍ ကိုင်လိုက်သည်။ သူသည် ချက်ခြင်း ကိုယ်ကိုပြန်၍ မတ်လိုက်၏။

"ခင်ဗျား ကျုပ်ကို အနိုင်ယူသွားနိုင်တာတော့ အမှန်ပါဘဲ ခင်ဗျားလဲ ကျုပ်လိုဓားသမားကောင်း တဦးပါဘဲ၊ ဒါပေမယ့် ခင်ဗျားလို ဓားသမားတဦးဟာ ပြိုင်ဘက်ဓားသမားတဦးကို အနိုင်ယူပြီးရင် ဘယ်နည်းနဲ့မှ ဆက်ပြီး ညှည်းပမ်း နှိက်စက်ကလူ ပြုထားဘို့တော့ မကောင်းပါဘူး သျှိပမြို့စားလေး" ဟု သူသည် မူးမူးမိုင်းမိုင်းဖြင့်

http://cyberbooks.myanmarchat.org


တလုံးချင်း ပြောနေသည်။

ကြေကွဲဆို့နစ်သော သူ့ အသံသည် တိုက်ကွင်းပြင်ဘက်သို့ ဝေ့ပြီး ပျံ့လွင့်နေသည်။ ကျုပ်သည် သူ့ကို ငြိမ်သက်စွာ စိုက်ကြည့်မြဲ ကြည့်နေသည်။

"မဟုတ်သေးပါဘူး ငမင်းမြို့စားမင်း၊ ဓားသမားကောင်း တဦးဟာ တခြားဓားသမား တဦးကို မိတ်ကောင်း ဆွေကောင်း အဖြစ်နဲ့ အမြတ်မဲ့ ခင်မင်တတ်တယ်။ ခင်ဗျားလို ဓားသမားတဦးဟာ မသိဘဲ မနေပါဘူး၊ ဒါကြောင့် ခင်ဗျားလို လူမျိုးတဦး အသက်ဆုံးရှုံးသွားမှာကို ကျုပ်ကြည့်မနေနိုင်ဘူးဆိုတာ ဖော်ပြနေတဲ့ မလိုအပ်ပါဘူး"

"ကျွန်အဖြစ်နဲ့ အသုံးချနေရရင် သေသွားတာထက် အမြတ်ကျန်နေတာဘဲ မဟုတ်လား သျှိဝမြို့စားလေး"

"ခင်ဗျား သိပ်မှားနေပါတယ်၊ ကျုပ်လို ဓားအလွန်ချစ်တတ်တဲ့ လူတဦးကို ခင်ဗျား အဲဒီလို အထင်သေးတာဟာ မညှာတာလွန်းရာ ကျပါတယ်။ ကျုပ်ရဲ့ စိတ်ထားကို ခင်ဗျား အထင်သေးလွန်းနေတာဘဲ ငမင်းမြို့စား မင်းရဲ့။ ကဲ သစ္စာဆိုနေတဲ့ မလိုဘူး၊ ခင်ဗျား ပါးစပ်ကသာ ပန်ထွာရဲ့ ပျက်စီးရာ ပျက်စီးကြောင်း မလုပ်ပါဘူးလို့ နှုတ်ကတိ ကလေးဘဲပေး၊ ခင်ဗျား သွားချင်ရာကို သွားနိုင်ပါတယ်။ ကျုပ်ကို နှုတ်ကတိကလေး တခုဘဲ ပေးရစ်ခဲ့"

သူသည် သဲသဲကွဲကွဲ မြင်ရစေရန် မျက်လုံးကိုကျဉ်း၍ ကျုပ်မျက်နှာကို စိုက်ကြည့်နေသည်။ ကျုပ်၏ မျက်နှာ ပေါ်တွင် သူသည် အမှန်တရားများ ရှာဖွေ စစ်ဆေးနေသကဲ့သို့ ဖြစ်နေသည်။ ထို့နောက်မှ တစတစ ကြည်လင်သွားသော သူ့ မျက်နှာကို အမှောင်ထည်း၌ မသဲမကွဲ မြင်နေရလေသည်။ သို့သော် မာနကြီးသော သူ့နှုတ်ခမ်းများကိုမူ စေ့ထားလျှက်ပင်၊ သူ့ မျက်နှာထားမှာ တင်းမာနေဆဲပင် ရှိသည်။

ထို့နောက် သူ့လက်မှ ဒိုင်းသည် အမှောင်ထည်း၌ ရုတ်တရက် လွတ်ကျသွားလေသည်။ ဒိုင်း အရွက်သည် ကျုပ်၏ ခြေသလုံးကို အဖျားခတ် ရိုက်ချသွားသည်။ သူသည် တောင့်ခိုင်စွာဖြင့် ခြေကို ရှေ့သို့ တလှမ်းတိုးလိုက် လေသည်။ အမှောင်ထည်း၌ ကျုပ်၏ လက်မောင်းတဖက်ကို တင်းမာသော လက်ချောင်းများဖြင့် လှမ်း၍ ဆုပ်ကိုင် လိုက်လေသည်။ သူသည် ဒဏ်ရာပေါ် တည့်တည့်ကိုင်မိပြီး ကျုပ်လက်မောင်းမှ ဖြာကျလာသော သွေးများသည် သူ့လက်ဖဝါးပြင်ကို စွန်းထင်းလျှက် ရှိလေသည်။

ထိုအချိန်၌ ကျုပ်သည် မိတ်ဆွေကောင်း တဦးကို ရရှိနေပြီဟူသော အသိဖြင့် ပီတိဖြစ်လျှက် ရှိနေသည်။ မိတ်ဆွေကောင်း တဦး၏ တန်ဘိုးမှာ အဆုံးအဖြတ်မရှိပေ။ သူသည် ကျုပ်အား ကျေးဇူးတင်ကြောင်း၊ သူ အထင်လွဲမှားမှုကို တောင်းပန်ပါကြောင်း ပြောလိမ့်မည် မဟုတ်ပေ။

ကျုပ်သည် ခြေရင်း၌ ကျနေသော သူ့ ဒိုင်းကို ကုန်း၍ ကောက်ကိုင်လိုက်သည်။ "ခင်ဗျား ကျုပ်ကို နှစ်ယောက်မှ တယောက်၊ တစိတ်တဝမ်းထဲ မိတ်ဆွေကြီးအဖြစ် လက်ခံရင် ကျုပ်နဲ့ အတူတူ ကျုပ်တဲခိုတဲ့ အဆောင်ဘက် လိုက်ခဲ့စေလိုပါတယ် ငမင်းမြို့စားမင်း၊ ကျုပ်လဲ မကြာမီ သျှိဝ ပြန်မှာဘဲ။ ခင်ဗျား သျှိဝကိုလဲ လိုက်လိုချင်ရင် လိုက်ခဲ့ပါ။ ခင်ဗျား ခေါင်းမူးနေပုံ ရပါတယ်။ ကျုပ်လက်ကို တွဲပြီး လမ်းမဘက်က လိုက်ခဲ့ပါ။ ဟိုကျမှ ရထား တစင်းစင်း စီစဉ်ရမှာဘဲ"

သူသည် ကျုပ်၏ လက်ကို ဖြေလွှတ်လိုက်လေသည်။ ထိုနေရာမှ ထွက်ခွာလာသောအခါ အမှောင်ထည်းတွင် စမ်း၍ ကျုပ်နှင့်ယှဉ်လျှက် အတူတူ လိုက်ပါလာသော်လည်း သူသည် စကားတလုံးမျှ မပြောတော့ပေ။

မင်းလမ်းမကြီး၏ အမှောင်ရိပ်တွင် လူတယောက်သည် ရထားတစီးနှင့် ရပ်စောင့်နေ၏။ သူက အမှောင်ရိပ်

http://cyberbooks.myanmarchat.org



ထည်းမှ နေပြီး "မြို့စားမင်းတို့လား" ဟု လှမ်းမေးလိုက် လေသည်။

သူသည် ချစ်ခင် နှစ်လိုဖွယ် ကောင်းသော လူငယ်ကလေး ဒက္ခဏာ ဖြစ်သည်။

ကျုပ်တို့လည်း မြင်းရထားပေါ်သို့ ဆိတ်ငြိမ်စွာ တတ်၍ ထိုင်လိုက်ကြသည်။ သူငယ်ကလေးသည် မြင်းသုံးကောင်ကသည့် ရထားကို အမှောင်ထည်း၌ စတင်မောင်းနှင်လေသည်။ နှင်တံ သုတ်သံ၊ မြင်းခွာသံ၊ ရထားဘီးအော်သံများ ဆူညံလျှက် ရထားသည် အမှောင်ထည်း၌ ပြေးလျှက် ရှိနေသည်။

"ခင်ဗျားကို ဘုရင်မအခွင့်အရေး ပေးတာဟာ မယုံကြည်နိုင်စရာ အံ့အားသင့်စရာကို ဖြစ်နေလေရဲ့ သူသ၊ သေဒဏ်ပေးမယ့် အကျဉ်းသားတဦးကို ခင်ဗျားကို ဆုလာပ်တော် အဖြစ် ပေးသနားတော်မူတယ်ဆိုတော့" ဟု သမာနသည် ဝါကျ အဆုံးမသတ်သော စကားကို တလုံးချင်း ပြောနေလျှက်၊ ထိုအသံသည် ဆူညံသံများနှင့် ရောထွေးသွားနေသည်။

"ထီးနန်းနဲ့ မထိုက်တန်တဲ့ ရာထူးမှတပါး လိုရာဆုတော်မြတ်ကို အပ်နှင်းမယ်ဆိုတဲ့ ကတိရှိပေတာကိုး"
"မဟုတ်နိုင်သေးပါဘူးလေ မဟုတ်နိုင်သေးပါဘူး"
"ဒါဖြင့် ဘာကြောင့်လို့ ခင်ဗျားထင်နေသလဲ သမာန"

"ကျုပ်စဉ်းစားလို့တော့ ရသလိုဘဲ၊ ကတိကြောင့် ဆိုတဲ့ အကြောင်းပြချက်ကလေး တခုထဲကြောင့်တော့ မဟုတ်မမှန်တာ သေချာလှတယ်။ ဒါပေမယ့် အခြားအကြောင်းက ဘာကြောင့်လဲလို့ ဆိုတော့။ ထားပါလေ ကျုပ်ရေရေရာရာ တိတိကျကျတော့ မပြောဝံ့သေးတာ အမှန်ဘဲ၊ ဒါပေမယ့် တချိန်ကျရင် ကျုပ်တွေးတဲ့အတိုင်း ဟုတ်လာရပါလိမ့်မယ်"

သူ့စကားမှာ တဖြည်းဖြည်း လေးပင်ထစ်အလာပြီး အဆုံးတွင် တိကနဲ ရပ်တန့်သွားသည်။ သူ့မျက်နှာသည် တခုခုကို လေးလေးနက်နက် စူးစိုက် ကြည့်နေသကဲ့သို့ ရှိလေသည်။ ထိုအချိန်၌ ရထားသည် နန်းတော် တံတိုင်းအဝင်ဝနှင့် ပိုမို၍ နီးကပ်လာနေပေပြီ။

(၁၀)

"သျှိဝ မြို့စားလေး၊ မင်းကို ဘာပြုလို့ တပ်မှူးရာထူးကလေးသာ ပေးတယ်ဆိုတာ တွေးတော မိပါရဲ့လား။ မင်းလို မြို့စားတဦး အတွက် ရာထူးဟာ မအပ်မရာ သေးသိမ်ငယ်နုတ်လွန်း နေတယ်ဆိုတာ ကျွန်ုပ် တွေးတောမိပါရဲ့ မြို့စားလေးရဲ့ စိတ်ထဲမှာ မချမ်းမမြေ့ ဖြစ်နေမိပေမှာဘဲ"

အရှင်သည် တနေ့သောအခါတွင် ကျုပ်အား စံနန်းတော်သို့ ခေါ်တော်မူပြီး မိန့်မြွက်တော် မူလေသည်။

စင်စစ်တွင်လည်း မင်းတို့အရေးမှာ ပေါက်နှင့်ကျေးကဲ့သို့ ရှုပ်ထွေးကာ နားမလည်နိုင်ဘွယ်ရာ ဖြစ်နေပါသည်။

ကျုပ်အား သမာနနှင့်တိုက်ပွဲ ပြီးသွားသည့် နောက်တနေ့တွင် ဘုရင်မ၏ ကိုယ်ရံတော်၌ တပ်မှူးကလေးတဦး အဖြစ်ဖြင့် အမှုတော်ထမ်းရွက်ရန် အမိန့်တော် ချမှတ်ထားလေသည်။

ထိုအမိန့်တော်မှာ မယုံကြည်နိုင်ဘွယ်ရာ ဖြစ်နေလေသည်။ ပထမ အစီအစဉ်အရ စစ်သည် စုဆောင်းရန်အတွက် သျှိဝသို့ ပြန်ရမည်ဖြစ်သော်လည်း ယခုမူ ထိုကစ္စအတွက် ကျုပ်၏ နောက်ပါများအား သဝဏ်လွှာ တခုနှင့်အတူ သျှိဝသို့ ပြန်လွှတ်လိုက် လေသည်။

ဤနည်းအားဖြင့် သျှိဝမြို့စားငယ်အား သူပုန် ငမင်မြို့စား၏ အသက်ကို ကယ်သူဖြစ်၍ သံသယရှိသောကြောင့် အရှင်က ဖမ်းဆီးထားလိုက်ပြီးမှ သံသယ မရှိတော့ပေ။

ထိုကဲ့သို့သော သူမျိုးအား အဘယ်ကြောင့် စံနန်းတော်ထဲ၌ ခေါ်ယူတွေ့ဆုံတော် မူပြန်သည်မှာ တွေး၍ ရနိုင်စရာ မရှိပေ။ ဤနည်းဖြင့် ကျုပ်သည် တတိယအကြိမ် စံနန်းတော်ထဲသို့ ရောက်လာရပြီး အရှင်၏ အမေးကို ရုတ်တရက် မဖြေနိုင်သေးဘဲ ငေးငိုင်နေမိပြန်သည်။ အတန်ငယ်ကြာမှ. . . . . ။

"မှန်ပါတယ်၊ ကျွန်တော့်မှာ နားမရှင်းအောင် ရှုပ်ထွေးနေပါတယ် အရှင်။ ညီလာခံတော်မှာ ကျွန်တော့်ကို သျှိဝ မပြန်စေဘဲ နန်းတော်တွင်း ကိုယ်ရံတော် တပ်မယ် တပ်မှူးလေးအဖြစ် အမှုတော် ထမ်းရွက်ရမယ်လို့ အမိန့်တော် ချမှတ်လိုက်ကတည်းက နားရှုပ်ထွေး သွားပါတယ်အရှင်။ မြို့စားတဦးအတွက် တပ်မှူးရာထူး ပေးတယ်ဆိုတာ အဓိပ္ပာယ် တမျိုးမျိုးတော့ ရှိရမှာလို့ မတွေး မတောလို့ မဖြစ်တော့ပါဘူး အရှင်မဖုရား။ ပီးတော့ စစ်သည် စုဆောင်းရေးလို အရေးကြီးမားတဲ့ ကိစ္စမျိုးကိုတောင် တမျိုးတမည် စီမံတော် မူရတယ်ဆိုတော့ ပိုပီး ရှုပ်ထွေး လာပါတယ်။အမှန်တင်လျှောက်ရရင် ငမင်မြို့စား သမာနအရေးနဲ့ ဆက်စပ်နေတယ်လို့တောင် ထင်မှတ်ရတော့ မလိုပါဘဲ။ ဒါပေမယ့် ကျွန်တော် စိတ်ချမ်းမြေ့ ပါတယ် အရှင်"

ဘုရင်မသည် ရုတ်တရက် တိုးတိုးသက်သက် ရယ်မော လိုက်ပြန် လေသည်။

"အဲဒီအတိုင်း အများက ထင်မှတ်ကြမှာဘဲ၊ သျှိဝ မြို့စားလေးကို သမာန အရေးအခင်းနဲ့ ပတ်သက်ပီး သက်ာယန မကင်းလို့ အကျယ်ချုပ် သဘောမျိုးနဲ့ ထားတယ်လို့ အများက ထင်မှတ်နေ ကြမှာဘဲ""

အရှင်သည် ကိုယ်ကို ရှေ့သို့ ဖြေးလေး သိမ်မွေ့စွာ ညွတ်ကိုင်းတော်မူပြန်ကာ သာသာညှင်းညှင်း ရယ်မောတော် မူပြန်ပါသည်။ ဤသို့ဖြင့် အရှင်နှင့် ကျုပ်ကြား၌ မယုံကြည်နိုင်ဘွယ်ရာသော ရင်းနှီးမှု တခု ဖြစ်ပေါ် နေပါသည်။ ဤရင်းနှီးမှု ကလေးကို အစဉ်အမြဲ ဖြစ်ထွန်းနေပါစေဟု ဆုတောင်း၍ကား မရနိုင်ပေ။ "အရှင်သည် အရှင်ဖြစ်၏" ဟူသော အတွေးမျိုး ပေါ်လာလျှင် ကျုပ်မှာ စိတ်နှလုံး မချမ်းမမြေ့ ဖြစ်နေမိပြန်သည်။

“ဘာပြုလို့ မင်းကို တပ်မှူးရာထူးကလေးသာ ပေးပီး အကျယ်ချုပ်သဘောနဲ့ ထားရတယ်လို့ ထင်မြင်လာအောင် လုပ်ထားရသလဲ ဆိုတော့ မင်းအပေါ်ကို ကျွန်ုပ်ယုံကြည်ပီး အရေးကြီးဆုံး တာဝန်ကြီးတခု ပေးအပ်ချင်လို့ဘဲ မြို့စားလေး။ မှန်ပေတယ်၊ မင်းကို ကျွန်ုပ်အကြွင်းမဲ့ ယုံကြည်တော်မူမိတယ် လူကလေး။ မင်းအပေါ်ကို အလိုလို ယုံကြည် လွှဲအပ်လိုတဲ့ဆန္ဒ ကျွန်ုပ်စိတ်ထဲမှာ ဖြစ်ပေါ် လာမိတယ်။ ဒါကြောင့်လဲ သမာနလို ယုံကြည်နိုင်စရာ မရှိတဲ့ သစ္စာဖောက်တဦးကို မင့်လက်ထဲ ဆုအဖြစ် ပေးအပ်လိုက်တာဘဲ။ ပီးတော့ မင်းဟာ ဘယ်အခါမှာမှ ကျွန်ုပ် အပေါ်မှာရော ပန်ထွာနိုင်ငံတော် အပေါ်မှာရော သစ္စာဖောက်ဖျက်လိမ့်မယ် မဟုတ်ဖူးလို့ အလိုလို ယုံကြည်နေတယ်။ ပန်ထွာနိုင်ငံကြီး ပျက်စီးသွားပီးတောင်မှ မင်းဟာ သစ္စာတော် စောင့်သိနေမယ် လူလို့ ယုံကြည်နေမိတယ်။ မဆိုစကောင်း မင်းကသာ သစ္စာတော် ဖောက်ဖျက်ရင် ပန်ထွာမင်းသမီးဟာ လက်စားချေလို့ ဆုံးနိုင်တော့မှာ မဟုတ်ပေဘူး။ ရွံ့ရှာ ခါးသီးလို့ ဆုံးနိုင်တော့မှာလဲ မဟုတ်ပေဘူး”

“အဲဒီလိုသာ သစ္စာဖောက်ဖျက်မိရင် ကျွန်တော်လဲ မိမိကိုယ်ကို မိမိ ရွံရှာမုန်တီးလို့ ဆုံးနိုင်တော့မှာ မဟုတ်တော့ ပါဘူး အရှင်။ ကရစ်သျှန အရှင်သူတော်စင်၊ နာယာယန အရှင်၊ ဗိဿနိုးအရှင်၊ သျှိဝအရှင်၊ ပြဟ္မာဇာတို့ကို ကျိန်တွယ် တိုင်တည်ပီး ကျွန်တော် သစ္စာပြုပါတယ်။ အရှင်သူမြတ်တို့ ပေးအပ်တဲ့ အပြစ်ဒဏ်မှန်သမျှ ခံယူပါ့မယ်။ ငရဲအထပ်ထပ်၌ ကမ္ဘာပေါင်းများစွာ ကျခံပါရစေ။ သစ္စာဖောက်ရင် စကြာဝတေးမင်း ဖြစ်မယ်ဆိုတောင်မှ ကျွန်တော်ဟာ သစ္စာစောင့်သိနေမယ့် လူလို့ ယုံကြည်စိတ်ချ ထားပါတယ်”

“ကျိန်တွယ်ပြနေစရာ မလိုအပ်ပါဘူးကွယ်၊ ကဲ မြို့တော်ဝန် သူဇုရဲ့ တာဝန် ဝတ္တရားတွေ ပြောပြစမ်းပါ”

“မြို့တော်ဝန်မှာ မြို့ပြစီမံ အုပ်ချုပ်မှုတာဝန် ရှိပါတယ် အရှင်”
“ပီးတော့ရောကွဲ့”
“ပီးတော့ မြို့ပြ ကွပ်ကဲကာကွယ်မှု တာဝန်ရှိပါတယ်”
“ပီးတော့”
“ပီးတော့ မြို့ပြ ဖျက်ဆီးဘို့ ကြံစည်မှု၊ ဘုရင်သစ္စာတော် ဖောက်မှုတွေကို လက်ခံ စစ်ဆေးရပါတယ်။ စုံစမ်း ထောက်လှမ်းရပါတယ် အရှင်”

“ကောင်းဘီ သူသ၊ ဒီအတိုင်း ဆိုတော့ ဘုရင့် သစ္စာတော် ဖောက်မယ့်သူတွေဟာ သူတို့ကို ဘယ်သူတွေက စုံစမ်းမယ် ဆိုတာ သိမနေနှင့်ပေဘူးလား။ ဒါကြောင့် သမာနဟာ ပိပိရိရိနဲ့ မရိပ်မိအောင် ကြံစည်နိုင်ခဲ့တာဘဲ။ ဘယ်သူမှ မသိနိုင်တဲ့ လူတယောက်ကိုသာ တိတ်တဆိတ် တာဝန်လွှဲအပ်ထားရင် သူတို့ မကြံစည်နိုင်ခင်က သိနိုင်မယ်။ အဲဒီလို လွှဲအပ်ရမယ်သူဟာ ကျွန်ုပ်အယုံကြည်ဆုံး စိတ်အချရဆုံး ဖြစ်ရမယ်။ မိမိကိုယ်ကို မိမိယုံကြည်သလောက် ယုံကြည်နိုင်ရမယ့်သူ ဖြစ်ရပေမယ်”

အရှင်မ၏ စကားတို့ကို အိပ်မက်အတွင်း၌ ကြားနေရသကဲ့သို့ ရှိသည်။ ထိုစကားများသည် ကျုပ်၏ ကိုယ်ထည်းသို့ စိမ့်ဝင် ထိုးဖောက်နေကြသည်။ ကျုပ်အား အရှင်သည် သူ့ကိုယ်သူ ယုံကြည်သကဲ့သို့ ယုံကြည်သည်ဆို၏၊ ရှေ့သို့ ကိုင်းထားသောကြောင့် အရှင်၏ မျက်နှာတော်နှင့် ကျုပ်၏ ဦးခေါင်းမှာ ထိတွေ့တော့မည့် အတိုင်း နီးကပ်နေသည်။ အရှင်၏ ကိုယ်မှ သင်းရနံ့များသည် ပို၍ မွှေးပျံ့နေသည်။ စကားသံများထည်း၌ တုန်တုန်ယင်ယင် ဖြစ်နေသံလည်း ပါဝင်နေသည် ထင်မှတ်ရလေသည်။

ကျုပ်တွင် ဘုရင်မကြီး၏ မျက်နှာတော်အား မော်၍ ဖူးမျှော်လိုက်ချင်သော ဆန္ဒများ ပေါ်ပေါက်နေသည်။ ထို ဆန္ဒများကြောင့် ကျုပ်၏ တကိုယ်လုံးရှိ သွေးကြောများမှာ နွေးပူလျှက် ရှိနေသည်။

“အဲဒီ ရာထူးကို အခု မင့်ကို ကျွန်ုပ်ပေးအပ်လိုက်ပါဘီ မြို့စားလေး၊ ဒီရာထူး မင့်မှာ ရှိမှန်း မင်းတဦးတည်းသာ

သိရမယ်။ သက်တော်ရှည်ဝန်များက ရှိုးရှိုးစစ်သည်တော် ကလေးများအထိ အမြဲတမ်း အရိပ်အကဲ ဖမ်းနေရမယ်။ နိုင်ငံတော်အတွက် အရေးအကြီးဆုံး အချိန်ဖြစ်နေရဘီ မြို့စားလေး။ မင်း သျှိဝမှာနေတာထက် သည်မှာ နေတာဟာ တန်ဖိုး ကြီးမားပါတယ်။ ခိုင်လုံတဲ့ အထောက်အထား ရရှိတဲ့ အချိန်ကျရင် တရားတဘောင် စွဲဆိုဘို့ ကျွန်ုပ်ကို လွှဲအပ်ရမယ်။ မင်းမှာ လိမ္မာပါးနပ်တဲ့ အရည်ချင်းရှိတယ်၊ စွမ်းရည်သတ္တိ ရှိတယ်”

“ကျွန်တော် အသက်နှင်းအပ် ဆောင်ရွက်ပါမယ်”

“ပီးတော့ မင်းယုံကြည်ရမယ့် လူနှစ်ယောက်ကို သွေးသောက်ကြီးအဖြစ် ခန့်ထားဘို့ လူရွေးချယ်ပါ မြို့စားလေး”

အရှင်သည် ကိုယ်ကို နောက်သို့ ပြန်၍ မတ်လိုက်လေသည်။ ထို့နောက် မောပန်း နွမ်းနွယ်သွားသကဲ့သို့ အသက်ကို ပြင်းပြင်းရှုသွင်းနေသည်။ ကျုပ်သည် ငြိမ်သက်ပြီး ကုန်ခန်းနေသော အချိန်များကို နှမြောတသ နေသည်။ ပြောရန် စကားများ ကုန်ခမ်းသွားပုံ ရသောအခါ ဝမ်းနည်း ကြေကွဲစရာလိုပင် စိတ်ထဲ၌ ထင်နေမိ ပြန်သည်။ ထိုအချိန်လေး၌ ဆည်းဆာရီတွင် မြင်ခဲ့ရသော အရှင်၏ မျက်နှာတော်ပေါ်မှ မေတ္တာတရားများကို တမ်းတ သတိရနေမိသည်။ ထိုမေတ္တာ တရားများသည် မည်သူ့အား ညွှန်းဆိုသနည်း။ ကျုပ်၏ စိတ်ထဲ၌ အရှင်၏ ထိုမျက်နှာတော်အား မေ့၍ ဖျောက်၍ မရနိုင်တော့ပေ။

အရှင်သည် နေရာမှ ဖြေးလေးစွာ ထလိုက်လေသည်။ အနောက်ဘက်မှ ဖြာကျနေသော နေခြည်များကြောင့် အရှင်၏ကိုယ်မှ အရိပ် ရှည်ရှည်မျောမျောသည် ကျုပ်၏ ကိုယ်ပေါ်သို့ ကျနေသည်။ ထို့နောက် အရှင်၏ ခြေလှမ်းကြွသွားသံ သဲ့သဲ့သည် နားထဲသို့ တိုးဝင်နေသည်။ ထိုအသံတို့သည် တဖြည်းဖြည်း ဝေးကွာလှမ်းသွား နေကြလေသည်။

(၁၁)

သွားနေကျ ဖြစ်နေ၍ အမှောင်ထည်း၌ပင် ပန်းပု ဆရာကြီး၏ အိမ်ကို သွားသည့် လမ်းမြွာကလေးများကို ကျုပ်သည် သိနေ၏။ ယခုအခါတွင် ကျုပ်ကား ဆောက်ကို အချိန်အဆ မှန်စွာကိုင်တွယ် နေတတ်ပေပြီ။ ရုပ်ထွင်း ပညာ အခြေခံမှာ သဘောပေါက်ရန် ခက်ခဲ လှသည်ကား မဟုတ်ပေ။ ဆောက်အမှန်းအဆ မတည်ငြိမ်လျှင်သာ အားလွန်သွားခြင်း လိုအပ်သလောက် အားမစိုက်မိခြင်းများ ရှိပေသည်။ သို့သော် ဆောက်ကို ကိုင်တွယ်ဖန် များလာသောအခါ အချိန်အဆ စံနစ်ကျ လာတော့သည်။

နတ်ရုပ်ထု ဆရာကြီး၏ အိမ်မှာ ဗိဿနိုး၏ အရှေ့တောင်ထောင့် အစွန်ဆုံး မြို့ရိုးနဘေး၌ ရှိသည်။ မှောင်ပျပျ၌ ကျုပ်ရောက်သွား ချိန်တွင် ဆရာကြီးသည် အိမ်ကိုပိတ်ဆို့ သွားခဲ့သည်။ ကျုပ်သည် အိမ်ရှေ့ဘက် ငှက်ပျော ဥယျာဉ်ထည်း၌ လမ်းလျှောက်ရင်း ဆရာကြီး အလာကို စောင့်နေသည်။

ဥယျာဉ်ကိုကျော်၍ ဗိဿနိုးမြို့ရိုးကြီးမှာ မှောင်ပျပျထည်း၌ ညိုချိတ်ချိတ် ဖြစ်နေလေသည်။ အချို့နေရာတို့၌ သုတ်ထားသော ထုံးဖြူများ ကွာကျနေပြီး အကွက်များသည် အလင်းရောင် မှိန်မှိန်၌ မဲချိတ်နေသည်။ မြို့ရိုး၏ ထောင့်တနေရာ၌ အညိုရောင်သည် ပို၍မဲနက် နေ၏။ တနေရာ၌ မြို့ရိုးအခြေတွင် မြို့ရိုးကို မှီ၍ ပေါက်နေသော ဇီးပင်ပု ကလေးများမှာ မှောင်ပျပျ၌ အရွက်အရိုး မကွဲပြားတော့ပေ။

ကျုပ်သည် ဥယျာဉ်ဘက်မှ မြို့ရိုးဘက်သို့ အမှတ်မဲ့ လျှောက်သွားနေသည်။ ထိုအချိန်၌ ဇီးပင်ပု ကလေးများ အောက်မှ ခွေးကလေးနှစ်ကောင်သည် လန့်ပြေးလာသလို ရုတ်တရက် ထွက်လာပြီး ကျုပ်ကို တိုးဝှေ့ သွားလေသည်။ ရုတ်တရက် ဖြစ်သောကြောင့် လိပ်ပြာစင်မတတ် လန့်သွားမိသည်။ ပြီးမှ ရယ်မောလိုက်ရ လေသည်။

“ဒီအကောင်တွေ ဒီ ဇီးပင်ကလေးအောက်မှာ ဘယ်လို နေသလဲဘဲ”ဟု ကျုပ်သည် ရယ်ရင်း တယောက်တည်း ပြောနေသည်။

ကျုပ်သည် ဇီးပင်ကလေးကို ကိုင်မြှောက်ကြည့်နေ၏။ ဇီးပင်အောက်မှ အပေါက်တခုကို မှိန်ပျပျ ကျန်သေးသော အလင်းရောင်ဖြင့် မြင်နေရသည်။ ဗိဿနိုး မြို့ရိုးဟောင်းပေါ်မှ မြို့ရိုးသစ်တခု ထပ်ဆင့်ခဲ့ရာတွင် အောက်ဘက်မှ အုတ်အဟောင်းများမှာ မြေသားဖြစ်လုနီးပါး ဆွေးမြေ့နေခဲ့ပုံရပြီး ခွေးအများယက်သဖြင့် အပေါက်ကလေးတစ်ခု ဖြစ်နေပုံရလေသည်။ ထိုအပေါက်ကလေးမှာ အပြင်ဘက်သို့အရောက် ပေါက်ချင် ပေါက်ရောက်သွားလိမ့်မည်။ ထိုအချိန်၌ ကျုပ်သည် ဘုရင်မ ပေးအပ်ထားသည့် တာဝန်နှင့် ပတ်သတ်ပြီး ဤမြို့တွင်းမှ မည်သူမျှ မသိရှိနိုင်အောင် တိတ်တဆိတ်ထွက်၊ ပြန်ဝင်လုပ်ချင်လုပ်ရမည် ဖြစ်ကြောင်း တွေးနေမိပေသည်။ ဤအပေါက် ကလေးမှ တိတ်တဆိတ် အထွက်အဝင် လုပ်ရန် နောင်၌ အသုံးချကောင်း ချရလိမ့်မည်။

ကျုပ်သည် နတ်ရုပ်ထု ဆရာကြီး၏ အိမ်ဘက်သို့ ပြန်လျှောက်သွားပြီး အိမ့်အပြင်၌ ထားခဲ့သော ပျားဖယောင်းတိုင် တခုကို မီးထွန်းညှိ ယူလာခဲ့သည်။ ကျုပ်သည် ဇီးပင်ပုကလေးကို ဖယ်ပြီး ငုံ့ကြည့် လိုက်လေသည်။ ဖယောင်း မီးအရောင်ဖြင့် မြင်ရသော အပေါက်မှာ လူတယောက် ဝင်နိုင်အောင် ကျယ်ပြန့်နေသည်။ ထို အပေါက်မှ ကျုပ်သည် ဝပ်ပြီး တဖြည်းဖြည်း ဝင်ရောက်သွားနေသည်။ ထို့နောက် အပေါက်သည် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး လိုဏ်ကြီးတခု ဖြစ်လာလေသည်။

အလယ်၌ ကျုပ်သည် မတ်မတ်ရပ်နေ၏။ မီးအလင်းရောင်သည် အုတ်ဆွေးများ အပေါ်၌ ကျနေသည်။ ထိုအချိန်၌ မီးတောက်သည် တဖက်သို့ ယိမ်းငဲ့သွားသည်။ ဤအပေါက်မှာ မြို့ရိုးအပြင် ကျုံးဘက်အထိ

ပေါက်ရောက်နေပုံ ရသည်။ ကျုပ်သည် ဖြည်းဖြည်းလှမ်း၍ ရှေ့သို့ တိုးလျှောက်သွားလေသည်။ ထို့နောက် တဖြည်းဖြည်းနှင့် အပေါက်သည် ကျဉ်းမြောင်းသွား၏။ နောက်ဆုံး၌ ငုံ့၍ သွားရုံမျှဖြင့် မရတော့ဘဲ ဝပ်၍ သွားရလေသည်။

တဖြည်းဖြည်းနှင့် မြို့အပြင်မှ တိုက်ခတ်နေသော လေများကို ရှူရှိုက်ရလေသည်။ ကျယ်ပြန့်သော သစ်တောကြီးများကို ဖြတ်သန်း တိုက်ခတ်လာပုံရသည့် လေသည် လတ်ဆတ် သန့်ရှင်းနေ၏။ ကျုံးရေရနံ့များသည် လေထည်း၌ ပါလာနေသည်။

ထို့နောက် လက်မှ ဖယောင်းတိုင်သည် လွတ်ကျသွားလျက် ခြေထောက်များသည် ရေအစပ်ကို လှမ်း၍ နင်းလိုက်မိလေသည်။ အပြင်ဘက်တွင် ပေါက်နေသည့် ချုံပုတ်ကလေးတခုကို လက်များသည်း ယောက်ယမ်း ဆုတ်ကိုင်ထားမိလျက်သား ရှိနေသည်။ မြို့ရိုးပေါက်ကို အပြင်ဘက်မှ မမြင်နိုင်အောင် ဤချုံပုတ်ကလေးသည် မရည်ရွယ်ဘဲနှင့် ကာကွယ်ပေးထားနေသည်။ မြို့ရိုး အပေါက်ကလေးကို ကျုပ်မှ တပါး မည်သူမျှ မသိနိုင်။ ဤအပေါက်ကလေးကို အသုံးပြုတန်လျှင် အသုံးပြုရလိမ့်မည်။

အပြင်ဘက်မှ ကျုံးရေကို ဖြတ်သန်းတိုက်ခတ်လာသည့် ရေခိုးရေငွေ့ ပါလာသော လေမှာ အေးမြနေပေသည်။ ကျုံးရေများသည် လေသုတ်သောအခါ တဖျတ်ဖျတ် ခတ်နေကြလေသည်။ အပြင်ဘက်၌ အလင်းရောင် မှိန်မှိန်သည် ကျုံးထည်းမှ ကြာပဒုံများ၏ အလှကို ဖော်လှစ် ပြသပေးနေသကဲ့သို့ပင်။ ကြာပန်းတို့၏ ရနံ့သည် သင်းပျံ့နေ၏။

ထို့နောက် ကျုပ်သည် လာလမ်းအတိုင်း နောက်သို့ စမ်းပြီး ပြန်၍ ဆုတ်ခွာလာခဲ့လေသည်။ အမှောင်ထည်း၌ လိုဏ်၏ နံရံများကို စမ်းပြီး လျှောက်နေရလေသည်။ ဗီးပင်ပုကလေးများကို လက်ဖြင့် တွန်းပြီး ကြည့်လိုက်သောအခါ နတ်ရုပ်ထု ဆရာကြီး၏ အိမ်ဘက်မှ မီးထွန်းညှိထားသော အလင်းရောင်များကို မြင်တွေ့ရလေသည်။

ကျုပ်သည် အုတ်ဆွေးမှုန့်များကို ခါပြီး ဆရာကြီး၏ အိမ်ဘက်သို့ လျှောက်ထွက်လာခဲ့သည်။ ဒီနေ့ညတွင် အရုပ်သွန်းထုခြင်းနှင့် ပတ်သက်သည့် နောက်ဆုံး လေ့ကျင့်မှုကို ပြုလုပ်ရဦးမည်။ လေ့ကျင့်မှုများ အသားသေလာပြီးမှ ကျုပ် ထုလုပ်ချင်သည့် ပန်းပုရုပ်တုကို သစ်သားကြမ်းဖြင့် စတင်၍ ထုစမ်းကြည့်ရမည်။ ကျုပ်သည် အေးမြသော ငှက်ပျောဥယျာဉ်ကို ဖြတ်သန်း၍ တဖန် နတ်ရုပ်ထု ဆရာကြီး အိမ်ဘက်သို့ လျှောက်လာနေပြန်သည်။

http://cyberbooks.myanmarchat.org



# မဟူရာမေတ္တာ (အပိုင်း-၃)

နိုင်ဝင်းဆွေ

(၁၂)

နန်းတော်ကြီး လှေကားအထက်၌ တာဝန်ကျနေသည့် သွေးသောက်ကြီး ပါလနှင့် ဒက္ခဏာတို့သည် ညီလာခံ ခန်းမဆောင်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ သို့သော် သူတို့သည် ချက်ခြင်း ဂရုမစိုက်ဟန်၊ မတုန်မလှုပ် ဟန်များဖြင့် မျက်နှာများကို အပြင်ဘက်သို့ ပြန်လှည့်လိုက်ကြ လေသည်။ နန်းတော်ကြီး၏ အောက်ဘက် ပတ်ပတ်လည်မှ စောင့်ကြပ်နေသော စစ်သည်တော်များသည်၎င်း၊ နန်းတော်လှေကား အောက်ဆင့်ဘက်မှ တာဝန်ကျနေသော အစောင့်အကြပ် များသည်၎င်း၊ နန်းတော်ဝင်း အဝင် တံတိုင်း၌ စောင့်ကြပ် နေသူများသည်၎င်း အပြင်ဘန်းအားဖြင့် မတုန်မလှုပ် ဂရုမပြုဟန် ဆောင်နေကြသော်လည်း အတွင်းစိတ်များ ၌ကား တုန်လှုပ် ချောက်ချား နေကြလေသည်။ သူတို့သည် သီရိခေတ္တရာသံတမန် နှစ်ဦးကို သေချာစွာ စစ်ဆေး ခဲ့ကြပြီးပြီ။

ယခုအခါ၌ သံတမန်နှစ်ဦးသည် နောက်ဆုံး ဝင်ပေါက် ဖြစ်သည့် ညီလာခံ ခန်းမဆောင် အဝင်ဝရှေ့၌ ရပ်တန့်လျှက် ရှိနေသည်။ “ကျွန်တော်တို့ကို ရှာဖွေစစ်ဆေးခွင့်ပြုတော်မူပါ” ဟု တံခါးမှူး၏ ပြောနေသံမှာ ဟန်ဆောင် တင်းမာထား သော်လည်း မသိမသာကလေးမျှမူ တုန်ယင်လျှက်ပင် ရှိနေသည်။

သိုရင်းအင်္ကျီအညိုရောင်၊ အရပ်ပုပု၊ ဝဝ၊ မျက်နှာဝိုင်းဝိုင်း၊ ပြတ်သားတင်းမာစွာ နှုတ်ခမ်းစေ့ထားသော သံတမန်သည် လက်ျာဘက်မှ တောင့်တင်းခိုင်ခိုင် ရပ်နေသည်။ သိုရင်းအင်္ကျီ ဖြူဆွတ်ဆွတ်၊ အရပ်ရှည်ရှည်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်၊ ပါးလွှာသော နှုတ်ခမ်း၊ ကျယ်ပြန့်သော မဟာနဖူးနှင့် သံတမန်သည် သိမ်းစွန်ရဲ ကဲ့သို့ ဖျတ်ကနဲ ကြည့်တတ်ပြီး ရှုတ်တရက် စွေစောင်းသွားတတ်သော သူ့မျက်လုံးများသည် ကောက်ကျစ်စဉ်းလဲမှုကို ဖော်ပြနေသည်။ သူသည် အလိမ္မာဖက်ပြီး ချိုသာစွာ လှည့်ဖြားတတ်မည့် သူမျိုးဖြစ်လျှက် ပထမလူထက် ပို၍ ကြောက်ဖွယ်ကောင်းသူ ဖြစ်လေသည်။

တံခါးမှူးသည် ကျောက်ရုပ်ကဲ့သို့ ရပ်တန့်ပေးနေသော သံတမန်နှစ်ဦးအား အထပ်ထပ် အပြန်ပြန် ရှာဖွေနေသည်။ သိုရင်းအင်္ကျီဖြူနှင့် လူသည် ကျုပ်အား လှည့်ကြည့်နေရင်း အမှတ်မထင် ဖော်ရွေစွာ ပြုံးလေသည်။

“အလို လက်စသတ်တော့ သျှိဝမြို့စားကလေးပါဘဲကိုး၊ မြို့စားကလေး ဒီမှာလာပီး တံခါးမှူးလုပ်နေပါသလား”ဟု ထိုမျက်နှာသွယ်သွယ်နှင့်လူက ရင်းနှီးစွာ ပြောနေသည်။

ကျုပ်သည် အလိုက်အလျားသင့် ပြန်၍ ပြုံးလိုက်ရ၏။ သို့သော် သူတို့ကို ကျုပ်သည် အလျှင်းမသိဘူးခဲ့။ သူတို့ကမူ ကျုပ်ကို သိနေလေသည်။

ထိုအချိန်၌ တံခါးမှူးသည် ကျုပ်၏မျက်နှာကို ဖျက်ကနဲ တချက် ကြည့်လိုက်လေသည်။

ထို့နောက် သံတမန်နှစ်ဦးသည် ညီလာခံခန်းမ၏ တံခါးကို တွန်းဖွင့်လျှက် ဖြေးဖြေးလေးလေး ဝင်ရောက်သွားလေသည်။

ဤအချိန် ဤကာလမှာ ပန်ထွာနိုင်ငံတော်အတွက် အရေးအကြီးဆုံး အချိန်ကာလသို့ ဆိုက်ရောက်စပြုလာချိန်ပင်။ သီရိခေတ္တရာ နိုင်ငံမှ သံတမန်များသည် ဆိုးကျိုးများကိုသာ ယူဆောင်လာမည်ဟု ကျုပ်တွေးတောနေ၏။ ကျုပ်ကား ကျောက်ရုပ် ကျောက်သား ကဲ့သို့ ဖြောင့်မတ်စွာ ရပ်တည်နေသော်လည်း စိတ်များမှာ လှုပ်ရှားလျက် ရှိနေသည်။

တံခါးမှူးသည် ပျင်းရိလာပုံရပြီး မျက်တောင်များ စင်းလာနေသည်။ သူသည် နိုင်ငံအတွက် မည်မျှအရေးကြီးသော ကိစ္စဖြစ်ပါစေ သူ့အတွက် အရေးမကြီး၊ သူနှင့် မပတ်သက်ဟူ၍ ယူဆထားပုံရ၏။ သူ့တာဝန်မှာ တံခါးစောင့် ဖြစ်ပြီး စစ်ဆေးရုံ၊ အမိန့်တော်အရ ဝင်ခွင့်ပေးရမည် ဆိုလျှင် ပေးရုံသာရှိသည်ဟု ထင်နေမည်။ သူသည် မျက်လုံးကို အလျှင်း မှိတ်ပစ်တော့မည့် ပုံမျိုးရနေသည်။

ထိုစဉ်အခါ ညီလာခံ ခန်းမတော်ဆောင်၌မူ ပေါက်ကွဲလုခမန်း လှုပ်ရှားနေလေသည်။ အတွင်းဘက်မှ အော်၍ ပြောလိုက်သည့် အသံသည် တံခါးအဟကြားမှနေ၍ အပြင်ဘက်တိုင်အောင် ပျံ့လွင့်လာနေသည်။ ထိုအသံကို ကျုပ်သည် အာရုံစိုက်၍ နားစွင့်နေ၏။

"အခုလို ဧည့်ဝတ်မကျေပွန်တာ ရိုင်းစိုင်းရာကျလွန်း မနေဘူးလား. . . အရှင် မင်းသမီး"ဟု ပြတ်တောင်းသော အသံသည် အပြင်ဘက်သို့ ထင်ရှားစွာ ဖိတ်စင်ထွက်လာနေသည်။

ကျုပ်သည် စိတ်လှုပ်ရှားစွာဖြင့် ဓားရိုးပေါ် တင်ထားသော လက်ကို တင်းကျပ်စွာ ဆုပ်ထားလိုက်မိလေသည်။ ထိုခဏ၌ ကျုပ်၏ စိတ်ထည်းသို့ ဒေါသများ ဝင်လာနေသည်။ တံခါးမှူးသည်လည်း ငိုက်မျည်းနေရာမှ ဆတ်ကနဲဖြစ်သွားပြီး ကိုယ်ကို မတ်လိုက်လေသည်။ သူသည် ကျုပ်ကိုကြည့်ပြီး ပြုံးပြနေသည်။ ကျုပ်တွင် ညီလာတော်ခံ ခန်းမသို့ ကြည့်မြင်သိလိုစိတ်များ ထိန်းမရအောင် ပေါ်လာသည်။

"ကျွန်တော်တို့ ကြည့်ကြရအောင်ပါ"ဟု ကျုပ်က တံခါးမှူးကို တီးတိုး ပြောလိုက်မိလေသည်။

တံခါးမှူးသည် ခဏမျှ တွေနေ၏။ ထို့နောက် သူ့မျက်လုံးများသည် တံခါးအဟဘက်သို့ ရွေ့လျားသွားလေသည်။ ကျုပ်သည် ကိုယ်ကို ဟန်မပျက် ယိမ်း၍ တံခါးဝ အဟကြားမှ ကြည့်လိုက်သည်။

အလင်းရောင် ဝင်ပေါက်များမှ နေရောင်ခြည်များ ဆင့်ကဲဖြာကျနေသည်။ အရှင်မင်းမြတ် ကြွလှမ်းရာသာ ဖြစ်သည့် အလယ်လမ်းပေါ်ရှိ ရွှေရေးအနားသတ် ကမ္ဗလာထည်များပေါ်၌ နေရောင်ခြည်များ တဖိတ်ဖိတ်လက်နေသည်။ ခါးကိုစန့်၊ ဦးခေါင်းကိုမော့လျက် ထိုသံတမန်နှစ်ဦးသည် အရှင်မင်းမြတ် ကြွချီရာလမ်းမှ ခန့်ခန့်ညားညား သွားနေကြလေသည်။

အရှင်မကိုမူ အဝေးကြီးတွင်ရှိသည့် ရာဇပလင်ထက်တွင် ခပ်ရေးရေး ဝါးဝါးမျှသာ မြင်တွေ့နေရသည်။ အရှင်၏ ပုဝါစသည် ရှေ့ဘက်သို့ ကျနေလျက် သံလျှက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

သံတမန် နှစ်ဦးသည် ဦးခေါင်းများ မော့ထားကာ ရာဇပလင်ရှေ့တွင် တောင့်ခိုင်စွာ ရပ်လိုက်ကြလေသည်။ သူတို့ နှစ်ဦးသည် တညီတညာတည်း ရပ်နေကြသည်။

“အခု ကျွန်ုပ်တို့ပြောမှာ အရှင်မင်းသမီးလေး အတွက်သာ ဖြစ်ပေတယ်”ဟု ထိုစဉ်တွင် သံတမန်တဦး၏ စကားပြောသံသည် ထင်ရှားစွာ ပေါ်လာလေသည်။

“ကျွန်ုပ်ဟာ ဒွတ္တဘောင် ဘဝအရှင် မင်းမြတ်ရဲ့ အခါတော်ပေး အမတ်ကြီးဖြစ်တယ်။ လက်ညိုးညွှန်တော်မူရာ မှန်သမျှ ပျပ်ဝပ်ခစားရတဲ့ ဒွတ္တဘောင် အရှင်မင်းတြားကြီးရဲ့ သံတမန်တော်ကြီး ပဋ္ဌင်းညို ဖြစ်ပါတယ် အရှင်မင်းသမီးလေး. . .၊ အရှင် ဇကေရာဇ်မင်းမြတ်ရဲ့ အမိန့်တော်ကို ဦးထိပ်ပန်ရွက် ယူဆောင်လာသူများကို အရှင် ဇကေရာဇ်မင်းမြတ်ရဲ့ လက်အောက်တော်ခံ မင်းသမီးနယ်စား၊ ပယ်စား၊ ငယ်စားဟာ အထူးတလည် ဧည့်ဝတ်ကျေပွန်စွာ သင့်တင့်လျောက်ပတ်တဲ့ နေရာပေးသင့်ပေတယ်”

ထိုအသံသည် တိုတောင်းစွာ ရပ်ဆိုင်းသွား၏။ ထိုနောက် လှုပ်ရှားမှုအားလုံး ငြိမ်သက်သွားပြီး အသက်ဝိဉာဉ် ကင်းမဲ့သွားကြသကဲ့သို့ တိတ်ဆိတ်သွားလေသည်။ ကျုပ်သည် ဓားကို ယောင်ယမ်းပြီး ခပ်ဆဆ ဆွဲထုတ်လိုက်၏၊ ထို့နောက် ဓားကို ပြန်၍ ရိုက်သွင်းလိုက်သံသည် ရုတ်တရက် ပေါ်ထွက်သွားလေသည်။ ခုအချိန်တွင် ကျုပ်သည် အဆိပ်လူးထားသော မြားကဲ့သို့ ဒေါသများဖြင့် ပြည့်သိပ်နေသည်။ ဤမျှ စော်ကားသမှု ပြုခြင်းကို မည်သို့မျှ ငြိမ်သက်မနေသင့်။ သူတို့သည် ပန်ထွာအား ရန်စရန် တမင်လာကြ၏။ ပန်ထွာနှင့် စစ်မဖြစ် ဖြစ်အောင် တမင် ပြုကြတော့မည်။ သူတို့သည် အင်အား ကြီးမားသူများ ဖြစ်၏။ သို့သော် သီရိခေတ္တရာသား တရာနှင့် ပန်ထွာသား တယောက် မျှလိမ့်မည်။ သူတို့သည် ကျူးကျော်သူများဖြစ်၍ ပန်ထွာသားတို့သည် မိမိ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်မည့်သူများ ဖြစ်၏။ သတ္တိချင်း၊ သွေးချင်း၊ ဇွဲချင်း၌မူ ကျူးကျော်သူများသည် ခုခံကာကွယ်ရသူများကို လိုက်တုဖက်၍ ရနိုင်မည် မဟုတ်ပေ။

“သူတို့ ပါးစပ်တွေကို ပိတ်ထားကြစမ်း”

အရှင်မ၏ ရုတ်တရက် မိန့်မြွက်လိုက်သံသည် ငြိမ်သက်နေသည့် ကျောက်ရုပ်တုတခုမှ ရုတ်တရက် ထွက်ပေါ်လာသကဲ့သို့ ရှိလေသည်။ ထိုအမိန့်တော်သံသည် ကြီးမားလှစွာသော မာနဖြင့် ရဲရဲတောက်လျက် ရှိနေသည်။ လက်ဝဲဘက်မှ ခစားနေသော စစ်သူကြီး ဗျဂ္ဃသူသည် ရုတ်တရက် ထရပ်လိုက်၏။ သူသည် ကျွန်ခြေရှစွာဖြင့် သံတမန်နှစ်ဦး၏ နောက်မှသွား၍ ရပ်တန့်လိုက်လေသည်။

ထို့နောက် သူသည် တာဝန်တခုကို တိတိကျကျ ရွက်ဆောင်တတ်သူ ဖြစ်သည့်အလျောက် ကျွန်ခြေရှစွာဖြင့် ပြင်းထန်လှသော လက်ဝါးစောင်းများဖြင့် သံတမန်နှစ်ဦး၏ လည်ဂုတ်များကို နောက်ဘက်မှ ဖြတ်ရိုက်ချလိုက် လေသည်။ စစ်သေနာပတိကြီး၏ လက်ဝါးစောင်း ဖြတ်ရိုက်သံ နှစ်ချက်မှာ သစ်တုံးချင်း ရိုက်ခတ်လိုက်သကဲ့သို့ ဖြစ်လေသည်။ သံတမန် နှစ်ဦးသည် အရုပ်ကြိုးပြတ် လဲကျသွား၏။ ဖြအမှုထမ်းများသည် လက်ဝဲဘက်မှ အရှင်မ ရှေ့တော်မှောက်သို့ ပျပ်ဝပ်စွာ လာကြပြီး မူးမေ့လဲကျသွားသူ နှစ်ဦးအား သံကြိုးများဖြင့် တုပ်နှောင်လိုက်ကြလျှက် ထိုနေရာမှ ဆွဲထုတ်သွားကြလေသည်။

ဖြစ်ပျက် မြင်တွေ့နေရသည်တို့မှာ အလွန်အေးဆေး၍ ကျွန်ခြေရှရ ဖြစ်နေကြလေသည်။ သံတမန်နှစ်ဦးသည် ဝဲဘက်သို့ ရောက်ရှိသွားပြီး ရာဇဝတ်သားများ နေရာတွင် ရောက်နေကြလေသည်။ သူတို့သည် ထိုနေရာ၌ လူးလဲ၍ ထလိုက်ကြပြန်လေသည်။ သိုရင်းအင်္ကျီဖြူဆွတ်ဆွတ် ဝတ်ဆင်ထားသူမှာ ကျွန်ခြေမပျက်ပင် ရှိနေသေးသည်။ ပဋ္ဌင်းညို၏ မျက်နှာမှာမူ ဟန်မဆောင်နိုင်အောင် ဒေါသများ လွှမ်းနေလျှက် အသားတဆတ်ဆတ်တုန်ပြီး ကျွန်ခြေကင်းမဲ့နေသည်။

သူသည် “ကိုယ့်ကိုယ်ကို ဘုရင်မှတ်နေတဲ့ ဘီလူးမ”ဟု ကြမ်းတမ်းစွာ ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

သိုရင်းအင်္ကျီ ဖြူဆွတ်ဆွတ် ဝတ်ထားသူသည် စကားပြောရန် ကိုယ်ကို လှုပ်ရှားလိုက်၏၊ သူသည် ခြေလက်များကို တုပ်နှောင်ထားသဖြင့် စကားပြော၍ ဟန်ယူမရအောင် ဖြစ်နေသည်။

"ကျွန်ုပ်တို့ဟာ အရှင်မင်းမြတ်ရဲ့ သံတမန်တွေ ဖြစ်တယ်။ သံတမန်များကို သည်အတိုင်း ဆက်ဆံတာဟာ ဗိသနိုး မြို့ကလေးကို ပြာကျသွားစေဘို့ ဖြစ်တယ်၊ မင်းသမီးလေး- အရှင် ဒွတ္တဘောင် မင်းမြတ်ရဲ့ အမိန့်တော်ကို ဖတ်ကြားပါမယ်၊ အမိန့်တော် ဖတ်ကြားပါ မြို့တော်ဝန် ပဥ္စင်းညို"ဟု သူသည် အသံမှန်မှန် တည်တည်ငြိမ်ငြိမ်နှင့် ပြောနေသည်။

ထို့နောက် ပဥ္စင်းညိုသည် သူ့ကိုယ်သူ ဣန္ဒြေရသွားအောင် ကိုယ်ရှိန်သတ်နေသကဲ့သို့ ငြိမ်၍ ရပ်နေသည်။ သူသည် ကြိုးတုပ်ထားသော လက်များဖြင့် သိုရင်းအင်္ကျီထည်းမှ အမိန့်တော် စာချွန်ဗူးကို ဆွဲထုတ်နေသည်။ အတွင်းမှ ရွှေချထားသည့် တုတ်များဖြင့် အနားသတ်ထားသော အမိန့်တော်လွှာကို ထုတ်၍ ဖြန့်လိုက်လေသည်။ သူသည် ဣန္ဒြေရစွာဖြင့် အလွှာကို စတင် ဖတ်ကြားနေလျှက်၊ သူ့ဖတ်ကြားနေသံသည် အပြင်ဘက်သို့ ထင်ရှားစွာ ပြေးထွက်လာနေသည်။

သီရိခေတ္တရာ၏ အရှင်။ ပြူ ကမ်းယံ၊ သက်တို့၏ အရှင်။
မင်းမြတ်အပေါင်းတို့၏ ဧကရာဇ်။ သမ္မာတော် အပေါင်းတို့၏ အရှင်။
ဒွတ္တဘောင် မင်းမြတ်၏ အထံတော်မှ အမိန့်တော် ထုတ်ဆင့်လိုက်သည်ကား။

ပန်ထွာနယ်မှ ထွက်သမျှ ကုန်စည်တို့၏ ဆယ်ဖို့တဖို့ ဖြစ်ကုန်သော၊
ဒဿမဘာဂ အခွန်တော်ကို၊ တရားနှင့်အညီ ကောက်ခံတော်မူသည်ကား။

ပန်ထွာ မင်းသမီးငယ်၊ သိကြားလိုက်နာစေ။

နေခြည်များသည် ရာဇပလင်ပေါ်သို့ ဖြာကျနေလေသည်။ အရှင်မ၏ ဝတ်ရုံတော်မှ ရောင်ပြန်များ ပြန်ဟပ်နေသည်။ ထမီတော်၏ အမြိတ်စွန်းတွင် သီထားသော ရွှေအပ်မျှင်ငယ်များသည် ပြိုးပြိုးပြက်နေ၏။ ရာဇပလင်၏ ကျောက်သံ ပတ္တမြားတို့သည် ပိုမို၍ တောက်ပလာကြသည် ထင်နေရလေသည်။ အရှင်မသည် တည်ငြိမ်အေးစက်လှစွာဖြင့် ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ သို့သော် အရှင်မ၏ လက်ထည်း၌ရှိသော သံလျှက်သည် အရောင် တဖိတ်ဖိတ် လက်နေသည်။

ပဥ္စင်းညို၏ အသံသည် ရပ်ဆိုင်းသွား၏။

ထို့နောက် အသံဟူသမျှ တိတ်ဆိတ်သွားပြီး ညီလာတော်ခံ တခုလုံးတွင် အသက်ကင်းမဲ့ သကဲ့သို့ တည်ငြိမ် သက်သွားသည်။ သံတမန်နှစ်ဦးသည် ငြိမ်သက်နေ၏။ ထိုအချိန်တွင် အရှင်မသည် အသံတိုးသက် ဣန္ဒြေရစွာဖြင့် တစုံတရာ မြွက်ကြားလိုက်လေသည်။ ထိုအခါ နာခံတော်သည် အမိန့်တော် ပြန်တမ်းတခု လိုက်ကူး ရေးမှတ်ရန် လက်ျာဘက်မှ ရှေ့ဘက်သို့ တိုးရွှေ့ သွားလေသည်။

"သင်းတို့သည် သံတမန်တို့၏ ကျင့်ဝတ်နှင့် မလျော်ညီသည် ဖြစ်၍။ သင်းတို့သည် ဘုရင်မင်းမြတ် တဦးအားပင် အထပ်ထပ် အပြန်ပြန် စော်ကား မော်ကား မောက်မာ ကျူးလွန်သည်ဖြစ်၍။ ယခုပင်လျှင် သူသတ်ကုန်းသို့ ထုတ်ဆောင်ရမည်။ ယခုပင်လျှင် ကားစင်ထက်တင်၍ မသေမချင်း ကွပ်မျက်ပစ်စေရမည်"

ပြဲတိုက်ဝန်သည် နေရာမှ ရှေ့သို့ ကိုင်းညွှတ်လိုက်လေသည်။ အရှင်၏ ပြတ်သားတည်ငြိမ်သော ဒေါသ

http://cyberbooks.myanmarchat.org



အလျှင်းမပါသော အမိန့်တော် မြွက်ဟသံသည် ညီလာတော် ခန်းမဆောင်၌ ပဲ့တင်ရိုက်နေဆဲ ဖြစ်သည်။ ဖြိတိုက်ဝန်သည် နာခံတော်၏ လက်မှ အမိန့်တော်လွှာကို လှမ်းယူလိုက်ပြီး နဖူးနှင့် ထိကပ်လိုက်လေသည်။ သူသည် နေရာမှ ထွက်ခွာသွားရန် ကိုယ်ကို ပြင်နေ၏။ ယခုပင်လျှင် အာဏာသားတို့အား သွားခေါ်တော့မည်။

ကျုပ်သည်လည်း စိတ်လှုပ်ရှားစွာဖြင့် ကိုယ်ကို တောင့်ရပ်လိုက်၏၊ အနိုင်နိုင်ငံ၏ တရားဥပဒေအရ သံတမန်များ မည်မျှ ကျူးကျော်သည်ဖြစ်စေ ကွပ်မျက်ခွင့်မရှိ။ သူတို့၏ အရှင်သခင်ထံ ပြန်ပို့ပြီးမှ သူတို့၏ အရှင်သခင်က စီရင်ရမည်။ ထိုသို့ ဒွတ္တဘောင်အထံ ပြန်၍ပို့လျှင် ဒွတ္တဘောင်သည် အနိုင်နိုင်ငံ၏ တရားဥပဒေကို လေးမြတ်သော ပန်ထွာအား ရှုတ်ချည်း အကြောင်းကြားချက် မရှိဘဲ စော်ကားဝံ့တော့မည် မဟုတ်။ နိုင်ငံနှစ်ခု စစ်ပြိုင် ခင်းကျင်းသည့်တိုင်အောင် ပန်ထွာသည် အမှန်တရားဘက်တွင် ရပ်တည်နေလိမ့်မည်။

ထိုအချိန်၌ သက်တော်ရှည်ဝန် တဦးဦး၊ ပညာတော်ရှိ တဦးဦးက အရှင်မအား ကျိုးသင့် ကြောင်းသင့် လျှောက်ထားမည်ဟု ထင်နေ၏။ သို့သော် အားလုံးသည် နတ်ရုပ်တုများအလား မလှုပ်မရှား ငြိမ်သက်လျက် အသက်ကင်းမဲ့ နေကြဘိသို့ ရှိလေသည်။ ညီလာတော်ဆောင်ကြီး တခုလုံးမှာ ကြောက်မက်ဖွယ်ကောင်းအောင် တိတ်ဆိတ် ငြိမ်သက်နေလျက်။

ကျုပ်၏ ခေါင်းမှာ ချာချာလည်လျက်ရှိသည်။ ဤကိစ္စကို ဟန့်တားနိုင်မှ ဖြစ်မည်။ ပန်ထွာသည် သီရိခေတ္တရာအား စစ်စတင်ကြေငြာ၍ မဖြစ်။ စတင်တိုက်ခိုက်နိုင် စွမ်းလည်း မရှိ။ ခု အချိန်၌ ငမင်သည်လည်း ပန်ထွာ၏ အင်အားမှ ပဲ့ထွက်လျက် ရှိနေသေးဆဲ။ တခုခုကား လုပ်မှ ဖြစ်တော့မည်။ ထိုစဉ်အခါ၌ ကျုပ်၏ ဓားသမား ခေါင်းထည်း၌ လျင်မြန်သော အကြံတခု ရုတ်ချည်းပေါ်လာလေသည်။ ထိုအကြံအတိုင်း ချက်ခြင်း ကောက်လုပ်မှသာ ဖြစ်လိမ့်မည်။

အရှင်မအား တားဆီးနိုင်သူမှာ နန်းဦးဆရာတော် ရသေ့သူမြတ်ကြီး တပါးတည်းသာ ရှိတော့သည်။ အရှင်မအတွက် ပန်ထွာနိုင်ငံ တည်ထောင်ပေးရာ၌လည်း ရသေ့သူမြတ်ကြီးပင် ဦးစီးခေါင်းရွက် ပြုခဲ့၏။ ဘုရင်မအဖြစ် အုပ်ချုပ်စေခြင်းသည်လည်း ရသေ့သူမြတ်ကြီး၏ ကြံဖန်မှုကြောင့်ပင် ဖြစ်ခဲ့၏။ ရသေ့သူမြတ်ကြီးသည် အရှင်မအား ငယ်စဉ်ကတည်းက ကောက်ယူကျွေးမွေး ပြုစုခဲ့သော အရှင်၏ ဖခင် ဦးခေါင်းမြတ်ရတနာ ဖြစ်ပေသည်။ ယခု အရှင်သူမြတ်သည် မြို့၏ တောင်ဘက် မဝေးလှသော အရပ်၌ တောရပ်ဆောက်တည် နေ၏။

ကျုပ်သည် ရုတ်တရက် နန်းတော်၏ လှေကားဘက်သို့ ခြေလှမ်း ကျဲကျဲဖြင့် လှမ်းသွားလေသည်။ လှေကားထိပ်၌ အစောင့်အကျပ် တာဝန်ကျနေသည်မှာ ကျုပ် ရွေးချယ်ထားသည့် သွေးသောက်ကြီး ဒက္ခဏာနှင့် ပါလတို့ ဖြစ်လေသည်။ သူတို့နှစ်ဦးသည် ကျုပ်၏ မျက်နှာကို မော့ကြည့်နေ၏။ ယခုအချိန်၌ အစဉ်အမြဲ ရယ်မောနေတက်သော ဒက္ခဏာ၏ မျက်နှာ၌ အပြုံးရိပ်များ ပျောက်ကွယ်နေသည်။ ပါလသည် ဒက္ခဏာနှင့် အမူအကျင့် ရုပ်ရေအားလုံး ဆန့်ကျင်ဘက် ကွဲပြားသူဖြစ်သော်လည်း သူတို့နှစ်ဦးစလုံးသည် ခွဲမရအောင် အတူတကွ နေတတ် ချစ်ခင်တတ်သော မိတ်ဆွေများ ဖြစ်ကြလေသည်။

"ဒက္ခဏာရေ့ . . . . . ၊ နန်းဦး အရှင်သူမြတ်ကို ပြေးပင့်ချေတော့၊ ငါ့မြင်းကိုယူပြီး အမြန်ဆုံးပြေးပေတော့၊ သံတမန်နှစ်ဦးကို ဘုရင်မ သတ်မိန့်ပေးနေဘီလို့ လျှောက်တင်ခဲ့"

သူတို့ နှစ်ဦးစလုံးသည် ကျုပ်အား ငေး၍ ကြည့်နေသည်။ ဒက္ခဏာသည် လျင်မြန်သွင်လက်စွာ နန်းတော်လှေကားမှ ဆင်းပြေးသွားလေသည်။ ကျုပ်သည် ဣန္ဒြေမပျက် လေသာကိုဖြတ်၍ ညီလာခံခန်းမရှေ့ တံခါးဝသို့ ပြန်လျှောက်သွားသည်။

"ဘယ်သွားတာလဲ" ဟု တံခါးမှူးက ကျုပ်အား မေးလိုက်လေသည်။

ထိုအချိန်၌ပင် ဖြတ်ိုက်ဝန်သည် တံခါးကို အတွင်းဘက်မှ ဆွဲ၍ ဖွင့်လှစ်လိုက်တော့သည်။ ဖြတိုက်ဝန်၏ အိတ္တွဲ့လေးကနေသော ကိုယ်လုံးကြီး တဝက်သည် အပြင်ဘက်သို့ ထွက်ပေါ်လာ၏။ သူ၏ နဖူး၌ ချွေးကင်းဥများ စီနေသည်။ သူသည် ကျုပ်အား လှမ်းကြည့်ပြီး "သက်တော်စောင့် တပ်မှူးလေး၊ စစ်သည်တဦးကို ဖြတိုက်တော်ဆီ လွှတ်ပြီး ကျွန်ုပ်က အာဏာသားတဖွဲ့ကို ခေါ်ယူလိုက်တယ်လို့ အမိန့်ပို့ပေးပါ"ဟု ပြောလေသည်။

ထို့နောက် ဖြတိုက်ဝန်သည် ဖြေးဆေးနှေးကန်လှစွာ ပြန်လှည့်ပြီး ညီလာခံသို့ သွားနေသည်။ ကျုပ်သည် လေသာဆောင်ကို ဖြတ်ပြီး နန်းတော်၏ လှေကားသို့ ပြန်လျှောက်လာပြန်သည်။ "ဘယ်လိုတွေများ ဖြစ်ကုန်ကြပလဲ သျှိဝမြို့စားလေး . . . . "ဟု ပါလသည် ဆီး၍ မေးနေ၏။

"ပါလ မင့်လက်အောက်မှာ အဖျင်းဆုံး၊ အနှေးဆုံး၊ အထူအအဆုံး စစ်သည်တယောက် မရှိဘူးလား၊ ကောင်းဘီ ရှိရင် အဲဒီလူကို ရွေးပြီး ဖြတိုက်ကို နှေးနိုင်သမျှ သွားခိုင်း၊ အာဏာသားတဖွဲ့ကို နန်းတော်ကြီးကို လာခဲ့ဘို့ ဖြတိုက်ဝန် အမိန့်ရှိလိုက်တယ်လို့ ပြော"

ပါလသည် ငေး၍ ကျန်ရစ်ခဲ့လေသည်။ ကျုပ်သည်လည်း စိတ်လှုပ်ရှားစွာဖြင့် ညီလာခံ ခန်းမဆောင် ရှေ့သို့ ပြန်ရောက် လာပြန်သည်။ အရှင် သူတော်စင်သည် မြို့၏ အပြင်ဘက်တွင် ရှိ၍ အချိန်မီရောက်လာ၊ ဟန့်တားနိုင်မည် မဟုတ်ပေ။ သို့သော် လျင်မြန်ဖျက်လက်သော ဒက္ခဏာသည် ကျုပ်၏ မြင်းလိမ္မာကြီး အာကာကို စီး၍ လျင်မြန်စွာ ပြေးသွားနေမည်။ ခန်းမဆောင်ရှေ့တွင် ညီလာခံဘက်မှ အော်ဟစ်ပြောဆိုနေသော သံတမန်များ၏ အသံတို့ကို ကြားရလေသည်။ ထို့နောက် စစ်သေနာပတိကြီး၏ ထက်မျက် ပြင်းထန်သော လက်ဝါး စောင်းသံများနှင့်အတူ လဲကျသွားသံများပါ ကြားလိုက်ရပြန်သည်။

ကျုပ်သည် တံခါးဝ၌ တောင့်တောင့် ပြန်ရပ်ပြီး အပြင်ဘက်သို့သာလျှင် လှမ်းမျှော်၍ ကြည့်နေသည်။ နန်းတော်၏ လေသာ၌ နေခြည်များ ဖြာကျနေသည်။ လေသာကို ကျော်၍ ကြည့်လျှင် ရေမပြတ်အောင် လောင်းထား၍ စိမ်းညို့နေသည့် မြက်ခင်းပြင်ကြီးကို တွေ့ရသည်။ ကျုပ်၏ စိတ်နှလုံးကို့မှာ နောက်ကျိ ရှုပ်ထွေးလျှက်ပင် ရှိနေသေးသည်။

နန်းတော်၏ ရှေ့မြက်ခင်းပြင် နံဘေးလမ်းအတိုင်း အာဏာသားများ မကြာမီ ရောက်လာနေကြသည်။

ထိုအချိန်၌ နန်းတော်ဝင်း တံတိုင်းဘက်မှ မြင်းအပြေးနှင်လာသော ခွာသံများ ကြားရလေသည်။ မင်းလမ်းမကြီး တလျှောက်၌ ဖုံလုံးကြီး ဝေ့တတ်ပါလာသည်။

ကျုပ်၏ မြင်းလိမ္မာကြီး အာကာသည် ကောင်းကင်သို့ ပျံတက်တော့မည်အတိုင်း တရိပ်ရိပ် ပြေးလွှားလာပုံမှာ တိုက်ပွဲအတွင်း၌ ရန်သူ၏ ဦးခေါင်းကို ခွာစောင်းဖြင့် ရှပ်ခုတ်နေသည့် အတိုင်းပင် ဖြစ်လေသည်။

အာကာသည် အပြေးစိုင်းနှင်လျှင် ထိုကဲ့သို့ မြူးတူးနေတတ်၏။ မြက်ခင်းပြင်လမ်းအတိုင်း မဟုတ်ပဲ မြက်ခင်း အလယ်မှ ဖြတ်၍ ပြေးလာနေသည့် မြင်းကြီး အာကာနှင့် မြင်းစီးနှင်လာသူကို ကြည့်ပြီး စစ်သည် အပေါင်းသည် ရုတ်တရက် ကြက်သေသေ ငေးမောနေလေသည်။

တံခါးမှူးက "ဟိုမှာ . . . ဟိုမှာ . . . . " ဟု ပြောနေသည်။

http://cyberbooks.myanmarchat.org


အာကာ၏ ကျောထက်၌ လိုက်ပါသူမှာ ဒက္ခဏာမဟုတ်ဘဲ ရသေ့သူမြတ် အရှင် ဖြစ်နေလေသည်။ အရှင်သူမြတ်သည် သက်တော် ခုနှစ်ဆယ်အနီးသို့ ချဉ်းကပ်လာပြီဖြစ်၍ အိုမင်း ရင့်မှည့်သော ဇရာရုပ်လုံး ပေါ်နေလေပြီ။ မြင်းကြိုးကို ကိုင်မြှောက်ထားသည်။ အရှင်သူမြတ်၏ လက်မောင်းများမှ အရေပြားမှာ အိတွဲ့ ရှုံ့တွ ကျနေသည်။ ဝတ်ရုံ သက်န်းညိုသည် နောက်၌ လေတွင်ပျံ့ဝဲလျှက် ရှိနေသည်။

အရှင်သူမြတ်သည် ငယ်စဉ်က မြင်းစီးအတတ်၌ တဖက်ကမ်းခတ်မျှ ကျွမ်းကျင်ခဲ့ပေသည်။ အရှင်သူမြတ်သည် နန်းတော် လှေကားဦးအထိ အာကာကို စိုင်းနှင်လာပြီး ရပ်တန့်လိုက်လေသည်။ စစ်သည်တော် နှစ်ဦးသည် အာကာအနားသို့ ပြေးကပ်သွား၏။ ထို့နောက် အရှင်သူမြတ် မြင်းပေါ်မှ ဆင်းသက်ရန် မြင်းနှာကို ကိုင်ပေးလိုက်ကြလေသည်။ ရသေ့ သူတော်စင်သည် ဖြေးလေးစွာ ဆင်းသက်တော်မူပြီး နန်းတော်၏ လှေကားမှ တတ်လာသည်။ အရှင်သူမြတ်အား စစ်သည်နှစ်ဦးသည် ဖေးမ တွဲလာကြလေသည်။

ညီလာခံဆောင်၏ တံခါးပေါက်မှ အလယ်လမ်းမအတိုင်း သူတော်စင် အရှင်သည် ဖြေးလေးတည်ငြိမ်စွာ လျှောက်သွားနေသည်။ ညီလာခံ အဆောင်၏ ဆူပူသံအားလုံးမှာ ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွားသည်။ အသံများမျှသာ မကဘဲ သူတို့၏ စိတ်ထည်း၌ ပေါက်ကွဲနေသော ဒေါသ၊ မောဟ၊ လောဘ၊ မာနတရားများပါ အခိုးသေ ငြိမ်သက်သွားသကဲ့သို့ ရှိသည်။

အရှင်မသည် ရာဇပလင်ပေါ်မှ ဆင်းသက်လိုက်လေသည်။ အရှင်မသည် နောက်၌ ပုဝါစ ဝဲပျံ့နေလျှက် ရှေ့ဘက်သို့ လက်အုပ်ချီလျှောက်လာပြီး ဦးခေါင်းငုံ့ထားသည်။

ထိုအချိန်တွင်မှ အာဏာသားတို့၏ ရထားနီသည် နန်းတော်ကြီးဝင်း တံတိုင်းဝမှ ဝင်လာပြီး မြက်ခင်းပြင်ပေါ်တွင် ရပ်တန့်လေသည်။ ရထားထိန်း အဖိုးအိုသည် ရထားထက်မှနေ၍ နန်းတော်ကြီးကို မြော်ကြည့်နေသည်။ အာဏာသားတစုသည် ညီလာတော်ခံ၏ အဝင်ဝသို့ ရောက်လာကြသည်။

ရသေ့သူမြတ်သည် ရပ်တန့်လျှက်၊ အရှင်မသည်လည်း ရပ်တန့်ပြီး လက်အုပ်ချီထားသည်။ ထို့နောက် ရသေ့သူမြတ် စကားမိန့်မြွက်တော်မူနေသည်။ သို့သော် စကားသံများသည် တိုးသက်သဖြင့် အပြင်ဘက်သို့ အလျင်း ရောက်မလာတော့ပေ။ အရှင်မသည် စကားပြန်၍ မလျှောက်ဘဲ ငြိမ်သက်နေခြင်းဖြင့် ငြင်းဆန်တော်မူနေလျှက်။

အာဏာသားများသည် တံခါးဝမှ ခပ်ဝေးဝေး အပြင်ဘက်တွင် ရပ်နေသည်။

"သူတို့ သေမှာပါဘဲ"ဟု တံခါးမှူး၏ ခပ်တိုးတိုး ပြောသံသည် အပြင်ဘက်၌လည်း ပြန်၍ ငြိမ်သက်သွားပြန်သည်။

အရှင်သူမြတ်၏ ညည်းတွား ရေရွက်တော်မူနေသံသည် တလုံးစ နှစ်လုံးစ လှမ်း၍ ကြားရစ ပြုလာသည်။

"သမီးငယ်. . . ကျွန်ုပ်ကဲ့သို့ စင်ကြယ်သော ဖခင်သူတော်စင်၏ သမီးငယ်၌ လျှံထွက် တောက်လောင်နေသော ဒေါသ၊ မောဟ မာနတရားတို့ကား အံ့သြဖွယ်ပင် ဖြစ်ခြေသည်။ မယုံကြည်နိုင်ဖွယ်ရာ ဖြစ်ချေသည်တကား။ ကျွန်ုပ်ဖခင် အပေါ်၌ပင် စော်ကားနေဘိသကဲ့သို့ ဖြစ်နေချေသည်တကား"

ဘုရင်မသည် ငြိမ်သက်နေ၏။ သို့သော် အရှင်၏ နှုတ်ခမ်းတို့မှာ လှုပ်လျှက် ရှိနေသည်။ ထို့နောက် ဦးခေါင်းကို ဖြေးညှင်းစွာ မော့လိုက်ပြီး၊ လွှမ်းထားသော ပါးလျှက်သည့် ပုဝါကို ဖောက်လျှက် ရသေ့သူမြတ်၏ အိုမင်း ရင့်ယော်သော မျက်နှာတော်အား ကြည့်တော်မူနေသည်။

"လောကီရေးရာ မှန်သမျှဟာ အရှင်ဖခင် ဦးခေါင်းမြတ်ရတနာ သူတော်စင်နဲ့ မပတ်သက်တဲ့ မင်းရေးမင်းရာ ကိစ္စများ ဖြစ်တယ်ဆိုတာ သတိပြုတော်မူပါ"

"အို သမီးငယ်၊ ဤဗိသုနိုးမြို့တော်ကို ကွန်ုပ်နှင့် ချစ်သမီးငယ် တည်ထောင်ခဲ့သည် မဟုတ်လော. . . .၊ အို. . . ချစ်သမီးငယ် ဤဗိသုနိုးမြို့တော်ကြီး ပြာကျပျက်စီးစေမည့် အရေးသည် ကွန်ုပ်နှင့် မပတ်သက် မစပ်ဆိုင်ဟူ၍ ဆိုမည်လော. . .။ အို သမီးငယ် ဤပန်ထွာနိုင်ငံတော်အား အဘယ်နည်း အဘယ်ပုံ တည်ထောင်ခဲ့ဘိ သနည်း"

"ဖခင်၊ သမီးငယ်ဟာ အရဟတ္တမဂ်ဖိုလ်ဆိုက်နေတဲ့ သူတော်စင် မဟုတ်သေးဘူး၊ ဉာဏ်တာတော်မူပါ ဖခင်ဘုရား"

အရှင်မ၏ အသံမှာ ထွက်ပေါက်တခုမှ အားသွန် ထွက်လာရ သကဲ့သို့ တုန်ယင်နေလေသည်။ ကိုယ်ပေါ်မှ ဝတ်ရုံတော်သည်လည်း တဆတ်ဆတ်တုန်ယင်လျှက် ရှိနေသည်။ ထို့နောက် အရှင်မသည် စိတ်ထိခိုက် လွန်းလာသဖြင့် ပုဆစ်ဒူးတုပ်လိုက်လျှက် မျက်နှာကို လက်ဝါးဖြင့် ဖိကပ်လိုက်လေသည်။

မြင်နေရသည်တို့မှာ မသဲမကွဲမျှသာ ဖြစ်လေသည်။ သို့သော် စိတ်၌ ကြေကွဲဖွယ်ရာကဲ့သို့ ဖြစ်နေလေသည်။ ရသေ့ သူတော်စင်သည် ခေါင်းကို မော့၍ ခါးကို စန့်လိုက်လေသည်။ ညိုညစ်သော ရသေ့သူမြတ်၏ ကိုယ်ရုံထည်သည် လှုပ်ရှားသွား၏။ သူတော်စင်၏ ခေါင်းမှာ ဥသျှောင်သည် နောက်ဘက်သို့ ယိုင်ကျခမန်း ဖြစ်နေသည်။

"အို သမီးငယ်. . . .၊ ရာဇသတ်၌ သံတမန်များအား သတ်ခွင့်မရှိဟူ၍ တိတိကျကျ ဆိုထားချေသည်။ ပြည်သူပြည်သား တဦးတယောက်ဖြစ်သော ကွန်ုပ်ဖခင်သည် တိုင်းပြည်၏ အရှင်မင်းမြတ်ဖြစ်သော ချစ်သမီးငယ်ထံမှ တရားဥပဒေကို မတိမ်းစောင်းစေရန် တောင်းဆိုပေသည်။ အို. . . ချစ်သမီးငယ် နိုင်ငံ၌ တရားဥပဒေမရှိလျှင် အရံအတားမဲ့သော ဇရပ်၊ ကမ်းမရှိသော ချောင်း ဖြစ်ချေတော့မည်။ ထိုနိုင်ငံ၌ သူတော်မြတ်တို့ မမွေ့လျော်အပ်။ သမီးငယ်သည် ကွန်ုပ်ဖခင်အား နိုင်ငံမှ အပသို့ နှင်နေပေသည်တကား"

ရသေ့ သူမြတ်သည် ခေါင်းကို ညင်သာစွာ ညီလာခံတခါးဝ ဘက်သို့ ပြန်လှည့်လိုက်လေသည်။

သူတော်မြတ်၏ မျက်နှာတော်၌ ဥပေက္ခာတရားသည် ကြည်လင်စွာ ပေါ်လွင်လျှက်ရှိလေသည်။ အေးငြိမ်းမှု ငြိမ်းချမ်းမှုများ ပြည့်လျှမ်းနေသည်။ ရသေ့ သူမြတ်သည် ညင်သာစွာဖြင့် ညီလာခံ တံခါးကို ဆွဲဖွင့်နေသည်။

"သူတို့ကို ဒီအတိုင်းတော့ မလွှတ်နိုင်ပါ အရှင်"ဟု ဘုရင်မ၏ လှမ်း၍ လျှောက်တင်သံသည် ဒေါသ ပွှမ်းသိပ်နေသော ငိုသံဖြင့်သည်။

အရှင်မသည် ရာဇပလင်သို့ မောပန်းလှစွာပြန်၍ လျှောက်သွားနေသည်။ ထို့နောက် သံတမန်များအား ဦးခေါင်းရိတ် ကျောနှင့်ရင်ကို ကြိမ်ဒဏ် ငါးဆယ်စီ ရိုက်၍ နိုင်ငံတော်မှ အပသို့ နှင်ရပ် အမိန့်တော် ထုတ်ဆင့်နေသည်။

ညီလာခံသည် တိတ်ဆိတ်ငြိမ်သက်နေရာမှ ပြန်လည် ဆူပွက်သွားကြပြန်လေသည်။ သံတမန်နှစ်ဦး၏ ကြိမ်းဝါးသံသည် ပြန်၍ ဆူညံစွာ ပေါ်လာလေသည်။ ထို့နောက် ဗြတိုက်ဝန်သည် အာဏာသားများကို လာ၍ ခေါ်သည်။ အာဏာသားတို့လည်း ညီလာခံဝင်ပြီး သံတမန် နှစ်ဦးကို ဆွဲထုတ်ခေါ်လာသည်။ ခုအချိန်၌ နိုင်ငံတော်အတွက် အန္တရာယ်တို့ကား နောက်ကျောဘက်တွင် ကပ်လျက် ရှိနေလေပြီ။

(၁၃)

မိုးသောက်လေပြေများသည် ဗိသနိုး စစ်တားလမ်းမကြီးပေါ်၌ သုတ်ဖြူးဝှေ့ ရမ်းလျှက်ရှိနေသည်။ အာကာသည် ဖြေးဖြေးလေးလေး သွားလျှက်ရှိနေသည်။ ရန်သူ၏ အရိပ်အခြည်ကို မမြင်ရသေး။ ကျုပ်ကား စိတ်အိုက် ကျဥ်းကျပ်လျှက် ရှိနေသည်။ ကျုပ်၏ အစီအစဥ်တို့မှာ မှန်ကန်တိကျလျှက် ရှိမည်။ ညနေပိုင်း ကတည်းက နယ်သတ်မှတ်တိုင် တဝိုက်၌ စောင့်ကြပ် ချောင်းမြောင်း ထားခိုင်းခဲ့သော ကျုပ်၏ လူသုံးဦးသည် ခုအချိန်၌ ကျောက်တောင်ကြား တဝိုက်တွင် ရှိနေမည်။

ထိုသူသုံးဦးထည်းမှ ငမင်မြို့စားဟောင်း သမာနသည် ရန်သူတရာကို ရင်ဆိုင်နိုင်သူဖြစ်၏။

လူငယ်ကလေး ဒက္ခဏာသည် လျင်မြန်ဖျတ်လတ်ပြီး စိတ်ကူးစိတ်သန်း ထက်မြက်သူ ဖြစ်၏။

သွေးသောက်ကြီး ပါလမှာ မရယ်မပြုံးနှင့် တည်တည် ငြိမ်ငြိမ်ရှိသလောက် အရာရာတိုင်းကို တည်ငြိမ်တည့်မှန်စွာ လုပ်တတ်မည့် သူ ဖြစ်၏။

ဒက္ခဏာနှင့်ပါလသည် နေရာတကာ၌ ဆန့်ကျင်လျှက် ရှိသော်လည်း တဦးနှင့်တဦး မခွဲမခွာ နေလာခဲ့သည်။ ဒက္ခဏာသည် သေးသေး သွယ်သွယ် ပိန်ပိန်ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်ပြီး ပါလသည် တုတ်တုတ် ခိုင်ခိုင် မလှုပ်မရှားနှင့် ရယ်ခဲ ပြုံးခဲ လှသူဖြစ်၏။

တခါက ပါလအား သက်တော်စောင့် စစ်သည်တယောက်သည် ရန်စပြီး အကြိမ်ကြိမ် အဖန်ဖန် ကိုင်ပေါက်နေခဲ့ ဘူးလေသည်။ ထိုစဥ်က ပါလသည် သူ့ကိုယ်သူ အကျသက်သာအောင် နေကာ အကိုင်ပေါက်ခံရ ရာမှ ထရပ်လိုက်ပြီးတိုင်း "ငါးကြိမ်ရှိဘီ"၊ "ခြောက်ကြိမ်ရှိဘီ"နှင့် ရေတွက်နေသည်။ နောက်ဆုံး၌ သူသည် "ကဲ သူငယ်ချင်း မင်းကို ငါပြန်လုပ်သင့်ဘီ ထင်တယ်"ဟု ဒေါသမရှိသော မျက်နှာဖြင့် အေးအေး ငြိမ်ငြိမ် ပြောလိုက်လေသည်။ ထို့နောက် သူသည် ရန်စနေသူအား ခါးလည်မှ ကိုင်ရိုက်ချလိုက်လေသည်။ ထိုအချိန်မှစ၍ ကျုပ်သည် ပါလ၏ စိတ်နေ စိတ်ထားကို နှစ်သက်နေခဲ့၏။ ထို့ကြောင့် သူ့အား ကျုပ်၏ လက်အောက်ခံ သွေးသောက်ကြီးအဖြစ် ရွေးချယ်ခဲ့သည်။

ယခု သူတို့သုံးဦးသည် နယ်သတ်မှတ်တိုင်ဘက်၌ ရန်သူတဦးကို ဖမ်းဆီးရန် စောင့်နေကြလေပြီ။ ယခုအချိန်၌ နိုင်ငံတော်သည် မငြိမ်မသက် လှုပ်ရှားလျှက်ရှိပြီး နိုင်ငံတော်နယ်နမိတ်သို့ ဝင်ထွက်ခွင့်မရှိ။ ရာဇဝတ်ဒဏ် သင့်စေ အမိန့်တော်များ ထုတ်ဆင့်ထားသည်။

သံတမန်နှစ်ဦးအား ကြိမ်ဒဏ်ခတ်ပြီး ကားစင်၌ တင်ထားစဥ်တွင် ညဘက်၌ မြင်းသုံးကောင် ဆွဲလာသူ တဦးသည် တိတ်တဆိတ်လာပြီး သံတမန်နှစ်ဦးကို မြင်းပေါ်တင် ခိုးယူသွားခဲ့လေသည်။ သူ့အား ကျုပ်တိတ်တဆိတ် လိုက်၍ စုံစမ်းခဲ့ရာ စစ်တားအဝင် ချောင်းလက်တက်တခု၌ ကျုပ်အား မျက်ခြည်ဖြတ်ထားခဲ့သည်။ ဤကိစ္စတွင် စစ်တားမြို့မှ ဩဇာအာဏာရှိသူ တဦးဦးနှင့် ပတ်သက်နေသည်ဟု ယူဆပြီး ဒက္ခဏာအား စုံစမ်းရန် တာဝန်ပေးခဲ့သည်။

နောက်နေ့၌ ဒက္ခာဏာသည် စစ်တားမြို့ အပြင်ဘက် တနေရာ၌ လူသုံးဦး တိုင်ပင်နေသည်ကို မသင်္ကာ ဖြစ်ခဲ့ကြောင်း သူတို့ပြောသည့် စကားများအနက် "မြင်းနက်စီးလာမယ်၊ နယ်ခြားက စောင့်နေပါ" ဆိုသော အချိန်းအချက် စကားကို ကွဲကွဲပြားပြား ကြားခဲ့ရကြောင်း အစီရင်ခံသည်။

http://cyberbooks.myanmarchat.org


ပါလအား နယ်သတ်အနီး သူ့ အဆက်အသွယ်များ ရှိသည့် ဘောဂဘောက်သို့ သွားရောက်စုံစမ်းထားခဲ့ရာ လွန်ခဲ့သည့် နှစ်ရက်က သူ ပြန်လာခဲ့ပြီး သူ့ အတွေ့အကြုံများကို ပြောပြခဲ့သည်။

ပါလသည် နယ်သတ်မှတ်တိုင်ရှိရာ ကျောက်တောင်ငယ် နှစ်ခုအကြားရှိ လမ်းမှ နယ်သတ် မှတ်တိုင်နှင့် မနီးမဝေး ကျောက်အမိုးတခု အောက်တွင် ဝင်၍ ပုန်းအောင်း ချောင်းမြောင်းနေခဲ့သည် ဆို၏။ မှောင်ရိပ်ပျိုးစ အချိန်၌ သူ့ ရှေ့မှ မြင်းနက်တကောင် ဖြတ်ပြေးသွားသည်ကို တွေ့ရပြီး မြင်းပေါ်မှ လူမှာ အမျိုးအမည် မသိနိုင်သော အင်္ကျီ အနက်ကြီးတထည် ခြုံရုံထားသည်ဆို၏။ မှောင်မိုက်ထည်းတွင် အခြားတဖက်မှ ပြေးလာနေသော မြင်းဖြူတကောင်ကို တွေ့ရပြန်သည် ဆို၏။ သူတို့ချင်း မှတ်တိုင်တဖက်တွင် တွေ့ကြလျှက် စကားတီးတိုး တိုင်ပင်ကြသည်။ သို့သော် မည်သည့်စကားများ ပြောဆိုကြသည်ကိုမူ ပါလသည် မကြွပြားခဲ့။ သို့ဖြင့် သူက ရှေ့သို့ တိုးသွားသောအခါ သစ်ရွက်ခြောက်တခုကို နင်းမိလျက် အသံထွက်သွားသည် ထင်ခဲ့၏။ သို့သော် ယုန်တကောင် ဖြတ်ပြေးသံဟုသာ ထင်ကြသဖြင့် ထိုသူများ စကားဆက်၍ ပြောခဲ့သည်ဆို၏။ သို့ဖြင့် သူတို့၏ နောက်ဆုံး စကားကိုမူ ပါလသည် နားနှင့် ဆတ်ဆတ်ကြားခဲ့ ရ၏။ “ဒီနေရာကို ဆက်ဆက်လာပါ၊ လဆန်း ခုနှစ်ရက် အရုဏ်မတက်မီ”ဟု ချိန်းဆိုသွားခဲ့သည်။

ဤအတိုင်းဆိုလျှင် ထိုသူနှစ်ဦး ဖမ်းဆီးမိရန်မှာ သေချာသလောက် ရှိလေသည်။ ထိုသူနှစ်ဦးကို ဖမ်းဆီး လိုက်နိုင်လျှင် ဆက်စပ်၍ အခြားသူပေါင်း များစွာကိုလည်း ဖမ်းဆီးမိနိုင်သည်။

ကျုပ်က ယခု စစ်တားမြို့အနီးမှ ရန်သူ လှုပ်ရှားမှုများကို စောင့်ကြပ်ကြည့်ရှုရန် တာဝန်ယူထားလျှက် လိုအပ်လျှင် စစ်တားမြို့စောင့်တပ်၏ အကူအညီကို တောင်းတန်လျှင် တောင်းရမည်။ သူတို့ သုံးဦးသည် နယ်သတ် တောင်ကြားအနီး၌ တိတ်တဆိတ် ရောက်ရှိနေကြပြီ။

မှုန်ရေးရေး လရောင်ခြည်များမှာ တိမ်အစပ်၌ ခဏ ကွယ်သွားလေသည်။ စစ်တားမြို့ကို လှမ်းမြင်နေရရာမှ မှောင်ရိပ်ထိုးသောအခါ ကွယ်သွားသည်။ ထိုစဉ်တွင် ရှေ့ဘက် လမ်းခွဲတခုမှ အမှောင်ထည်းမှ မြင်းတကောင် ဖြတ်ပြေးလာသံ ကြားလိုက်ရလေသည်။

ကျုပ်က ဇက်သတ်လိုက်သောအခါ မြင်ကြီး အာကာသည် အရှိန်ကို လျှော့လိုက်ပြီး နံဘေး ခင်တန်းမြောင် ကြားလမ်းကလေးထဲ၌ ဝင်၍ ရပ်လိုက်လေသည်။ အာကာသည် အလျှင်းမလှုပ်ရှားဘဲ ငြိမ်သက်နေ၏။ တဖက်မှ မြင်းခွာသံမှာ ပို၍ နီးကပ်လာသည်။ စစ်တား၏ လမ်းကြီးအတိုင်း ပြေးလာနေသံ။ ရုတ်တရက် လရောင်ခြည် ပြန်ပေါ်လာပြီး လရောင်ခြည်ထည်းတွင် ရန်သူ့မြင်းကို ချောင်းမြောင်း လှမ်းမြင်လိုက်ရသည်။ မြင်းအနက်၊ မြင်းပေါ်မှ လူသည် ပါလ သတင်းပေးသည့်အတိုင်း အနက်ထည် ဝတ်ရုံကြီးကို ခြုံလွှမ်းထားသည်။ သူသည် မျက်နှာချင်းဆိုင်မှ မြင်းကို အပြေးစိုင်းနှင် လာနေသည်။

ဝတ်ရုံအင်္ကျီကြီး၏ တစသည် မျက်နှာကို ဖုံးလုမတတ် ဖြစ်နေလျက် ခေါင်းပေါင်းစကို ရှေ့ဘက်သို့ ငိုက်ထားသည်။ မြင်းတစီးတည်း၊ လူတယောက်တည်း ဖြစ်ပြီး သူ့ကို တယောက်ချင်း ဖမ်းဆီးနိုင်သည်ဟူသော အတွေးသည် ကျုပ်၌ ရုတ်တရက် ပေါ်လာလေသည်။

ကျုပ်ကဲ့သို့ ဓားသမားတဦးကို သူ မည်သူဖြစ်စေ လွတ်မြောက်နိုင်မည် မဟုတ်၊ သူ့ မြင်းသည်လည်း အာကာကို လွတ်အောင် ပြေးနိုင်မည် မဟုတ်။

ကျုပ်သည် ဓားကို လှစ်ကနဲ ဆွဲထုတ်လိုက်ပြီး အာကာအား ရှေ့သို့ ခုန်ထွက်သွားရန် နှင်လိုက်လေသည်။ အာကာသည် လရောင် ပြိုးပြိုးပြက်ပြက်၌ လွှားကနဲ ခုန်ထွက်သွားလေသည်။ သူ၏ ခန့်သော ကိုယ်သည်

မြားတံကဲ့သို့ လရောင်၌ တန်းပြေးသွားလေသည်။

ထို့နောက် လရောင်ထည်း၌ လမ်းမပေါ်တွင် ဓားချင်းယှက်တင် ခုတ်ကြရလေသည်။ တဖက်ရန်သူသည် ဓားခုတ်ကျင်လည်သူ ဖြစ်၏။

သူသည် ကျုပ်နှင့် ဓားချင်း ယှဉ်ခဲ့ဘူးသူထဲက ဖြစ်မည်ဟု ထိုခဏ၌ ကျုပ်တွင် အသိဉာဏ်ပေါ်လာသည်။ ဓားသမားများ ဓာအခုတ်၊ အထိုး၊ အဆွဲ၊ အနှုတ်၊ အကွေ့၊ အပတ်၊ အရှောင် အတိမ်း၊ တဦးနှင့်တဦး မတူကွဲပြားကြ၏။ သူသည် ကျုပ်နှင့် ဓားချင်းအသေအချာ ယှဉ်ခဲ့ဘူးသူထည်းက ဖြစ်နေ၏။ သို့သော် မည်သူမည်ဝါ ဟူ၍မူ မသိနိုင်ပေ။ သူသည် မြင်းကို ကွေ့ရှောင်ပြီး ဓားနှစ်ချက် ဆက်တွက်ခဲ့လျှက် လမ်းမအတိုင်း ရှေ့ဘက်သို့ ပြေးထွက်သွားလေသည်။

ထို့နောက် ရန်သူသည် ခင်တန်းကြော လမ်းအတိုင်း ကွေ့ဝင် သွားလေသည်။ ထိုအချိန်၌ သူ့ကို အလွယ်တကူနှင့် ဖမ်း၍ မိနိုင်မည် မဟုတ်သည်ကို ကျုပ် သတိထားလိုက်မိသည်။ သူ့အား ဖမ်းဆီးရန် ကြံမှုမှာ အမှားယွင်းကြီး မှားယွင်းခဲ့လေပြီ။

ခင်တန်းကြော၏ အကွေ့၌ သူ့မြင်းသည် ပျောက်ကွယ်သွား၏။ အာကာသည် မြားတံ တချောင်းကဲ့သို့ ပြေးလွှားလိုက်နေသည်။ လရောင်ပြယ်ပြယ်၌ ခြုံပုတ် မဲမဲချိတ်ချိတ်များကို အာကာသည် တောက်လျှောက်ပြေးလွှား ခုန်ကျော်ခဲ့သည်။ ရှေ့မှ မြင်းနက်၏ ခွာရှုပ်သံသည်လည်း မြင်းကောင်း တကောင်ပင် ဖြစ်ကြောင်း ဖော်ပြနေသည်။ ထို့နောက် ခင်တန်းကြော လမ်းကလေးမှာ ပို၍ ကျဉ်းကျပ်လာပြီး နောက်ဆုံး၌ ပျောက်ကွယ်လုခမန်း ဖြစ်နေသည်။ လမ်းသည် သစ်တောဘက်သို့ ထိုးကွေ့ဝင်သွား၏။ အာကာသည် သစ်ရွက်ကြွေများ အပေါ်၌ နင်းလျှက် ရှိလေသည်။

ရှေ့မှ မြင်းခွာသံ စိပ်စိပ်မှာ ပိုမို၍ လှမ်းသွားသည်။ ယခုအချိန်၌ ကျုပ်သည် အမှားများစွာကို ကျူးလွန်လာမိပြီကို သိနေသည်။ ရန်သူသည် ကျုပ်အား ထောင်ချောက်တခုခု ဆင်တော့မည်။ ရန်သူပေါင်းများစွာက ဝိုင်း၍ တိုက်ရန် အသင့်ဖြစ်ချင် ဖြစ်နေမည်။ သစ်ပင်များအရိပ်တွင် လရောင်ကင်းမဲ့နေပြီး လမ်းမှာလည်း မထင်မရှား မှောင်မည်းလျှက် ရှိနေသည်။

သို့သော် ရန်သူ၏ မြင်းခွာသံမှာ ထွက်ပေါ်မြဲ ထွက်ပေါ်နေလျှက် ကျုပ်ကနောက်မှ လိုက်မြဲလိုက်လျှက် ရှိလေသည်။ ထို့နောက် တောင်ကုန်း၏ ကျောရိုးပေါ်၌ ဖြတ်သွားရပြီး တဖြည်းဖြည်း ပြန်၍ ဆင်းသက်လာရသည်။

ရှေ့တွင် မကြာမီ နယ်သတ်မှတ်တိုင် တောင်ကြားသို့ ရောက်တော့မည်။ ရှေ့မှ မြင်းခွာသံများသည် စိပ်ရာမှ တဖြည်းဖြည်း ကျဲလာပြီး နောက်ဆုံး၌ ရပ်တန့်သွားလေသည်။ ကျုပ်၏ လူသုံးဦးသည် မှတ်တိုင်တဝိုက်၌ လှည့်လည်နေပြီး ဆီး၍ ဖမ်းထားလိုက်ခြင်း ဖြစ်လိမ့်မည်။ ထိုစိတ်ကူးဖြင့် ကျုပ်သည် အမှောင်ထည်း၌ မြင်းကို ဒုန်းစိုင်း နှင်လိုက်ပြန်လေသည်။

ရှေ့၌ အလင်းရောင် ကင်းမဲ့နေသော သစ်တောကြီး ကာဆီးနေသည်။ သစ်ပင်ရိပ်များသည် လရောင်၊ ကြယ်ရောင် မပြိုးပြက်နိုင်အောင် ရှိနေကာ အာကာကား ပြေးမြဲ ပြေးနေလျှက်ရှိသည်။ နယ်သတ်မှတ်တိုင်နှင့် တတိုင်၏ လေးပုံတပုံမျှသာ ရှိတော့မည်။ ရှေ့မှမြင်းခွာသံ ပျောက်ကွယ်သွားရာ နေရာနှင့် အလှမ်းဝေးသေးသည်။

အမှောင်ထည်းတွင် ရုတ်တရက် ကျုပ်၏ ကိုယ်နှင့် တစုံတရာ တိုက်ခိုက်မိလိုက်လေတော့သည်။ သစ်ပင်

နှစ်ပင်ကို ကြိုးတချောင်းနှင့် ပစ်၍ တန်းထားခြင်း ဖြစ်လေသည်။ ကျုပ်သည် မြင်းပေါ်မှ သစ်သီးကြွေသကဲ့သို့ ကျသွားသည်။ ကျုပ်၏ ကိုယ်နှင့် မြေကြီးပြင်းစွာ ရိုက်လိုက်မိလေသည်။ ခါးမှာ နာကျင်သွားပြီး မူးမိုင်းသွား၏။

ထိုအချိန် မှောင်ရိပ်ထည်းမှ ရန်သူသည် ပြေးထွက်လာ၏။ သူသည် ကျုပ်ဘေးမှ ဖြတ်သွားပြီး မြင်းအာကာ အပေါ်သို့ လွှားတက်လိုက်လေသည်။

ရန်သူသည် အာကာကို စီးပြီး ဒုန်းစိုင်း ပြေးထွက် သွားလေသည်။ အာကာသည် ကျုပ်လှမ်းခေါ်လျှင် မည်သည့် နေရာကိုမဆို ပြေးလာတတ်၏။ ကျုပ်က ခေါ်လိုက်လျှင် သူ့ဇက်ကို မည်သူက ကိုင်ထားသည်ဖြစ်စေ မည်သူက စိုင်းနှင်နေသည် ဖြစ်စေ အရောက်ဖွက်ပြေး လာတတ်၏။

ကျုပ်သည် ကမန်းကတန်း ထ၍ ရပ်လိုက်၏။ မူးမိုင်းနေသည့် ကြားထည်းမှ "အာကာ. . . အာကာ"ဟု လှမ်းအော် လိုက်သည်။

ကျုပ်၏ အသံသည် တောထည်း၌ ပျံ့လွင့်သွား၏။ ပဲ့တင်ထပ်သွားသည်။ ကျုပ်လည်း ရှေ့ဘက်သို့ အမှောင်ထည်း၌ စမ်း၍ ထွက်လာခဲ့သည်။

"အာကာ. . . . "

ကျုပ်ကား ထပ်ပြန်တလဲလဲ သံကုန်ဟစ်နေသည်။

ကျုပ်က တောင်ကုန်းပေါ်မှ လှမ်းခေါ်လျှင် အာကာသည် တောင်ကုန်း အခြေမှ မော့ကြည့်နေတတ်ပြီး မရောက် ရောက်အောင် ဖွဲ့တတ်နေတတ်၏။ ဤနည်းဖြင့် အာကာအား တောင်အတက် ကျင့်ပေးနိုင်ခဲ့၏။ ယခုကား အာကာ၏ နတ်မြင်းပျံလို စိုင်းသွားသော ခွာသံမှာ တဖြည်းဖြည်း ဝေးသွားနေပြီ။ အာကာကို စီးနိုင်သူမှာ မည်သူဖြစ်မည်နည်း။ အာကာနှင့် ရင်နှီးကျွမ်းဝင်အောင် ပေါင်းသင်းထားနိုင်သူကား မည်သူဖြစ်မည်နည်း။

ရန်သူကား လွတ်သွားလေပြီ။ ရန်သူသည် သူ့အား ချောင်းမြောင်းလုပ်ကြံသူများ ရှိနေပြီ ဖြစ်ကြောင်း သိသွားပေပြီ။ ရန်သူသည် သူ့မြင်း ခြေတခုခု ဖြစ်သွားသဖြင့် မြင်းချင်းရအောင် လဲလှယ်သွားပုံရ၏။ သူသည် ကျုပ်အား အသေသတ်ပစ်နိုင်ခဲ့ပါလျှက် မြင်းကိုသာ ယူသွားခဲ့၏။ ရန်သူသည် ကျုပ်ကို မသတ်ချင်သူထဲက ဖြစ်မည်။

ရှေ့တွင် လရောင်ထည်း၌ ရန်သူ၏ မြင်းနက်ကြီးကို မြင်ရလေသည်။ မြင်းနက်ကြီးသည် လန့်ဖြတ်ပြီး ခေါင်းမော့၍ ကြည့်နေ၏။ မြင်းကြီးမှာ အကောင်းအတိုင်းပင် ရှိနေသေးသည်။ သူသည် သူ့မြင်းကို မဖြေလွှတ်ခဲ့မိဘဲ သည်အတိုင်း ထားခဲ့၏။ ကျုပ်သည်လည်း ရန်သူ မြင်းရှိရာသို့ ပြေးသွားလျှက် မြင်းကျောပေါ်သို့ လွှားတတ် လိုက်လေသည်။

အာကာ၏ ခွာသံမှာ ပို၍ ဝေးသွားနေပြီ။ သို့သော် ရှေ့မှ အာကာ၏ ခွာသံသည် ကျဲလာနေသည်။ အာကာသည် ဖြေးနှေးစွာ သွားလျှက် ရှိနေပြီ။

ကျုပ်ကား မြင်းနက်ကြီးကို ဒုန်းစိုင်းပြီး "အာကာ. . . . အာကာ"ဟု အော်ခေါ်နေသည်။ ကျုပ်၏ အသံသည် တောတလျှောက်၊ တောတလျှောက်၌ ပဲ့တင်ထပ်နေ၏။

သို့သော် အာကာအား ပြန်၍ ပြေးမလာတော့ပေ။ အာကာ၏ ခြေသံသည် အဝေးဆီတွင် အလျှင်းပျောက်ကွယ်သွားလေသည်။ သမာနတို့ လူစုက ရန်သူအား ဖမ်းဆီးလိုက်လေပြီ ထင်သည်။ ကျုပ်သည် မြင်းကို ပိုမို၍ လျင်မြန်အောင် စိုင်းနှင်လျှက်ရှိလေသည်။

အရှေ့မှ မှုန်ပျပျ အလင်းရောင် သန်းလာသည်။ လသည် အနောက်ဘက်၌ ကွယ်သွားလေပြီ။ လမ်းသည် မှုန်မှုန် ရေးရေးထည်း၌ အလျှင်းပျောက်ကွယ်သွား၏။ သို့သော် သစ်ပင်မဲ့သော တောင်ကြောပေါ်၌ ရေစီးကြောင်းဟောင်း တခုမှာ လမ်းကဲ့သို့ ဖြစ်နေသည်။ တဖြည်းဖြည်း မြင့်တက်သွားနေသည်။ ကျောက်တောင်ကြောကို လှမ်း၍ မြင်နေရပြီ။ ကျောက်တောင်ကြော၏ အမြင့်ဆုံး နေရာ၌ ခါးဆစ်မှ ပြတ်သွားပြီး ထိုနေရာမှာ တောင်ကြားလမ်း ဖြစ်နေသည်။

ကျုပ်၏ လူများသည် တောင်ကြား၏ မြောက်ဘက်၌ရှိနေပြီး တောင်ဘက်မှ ဖြတ်ပြေးသော မြင်းခွာသံကို ကြားရမည် မဟုတ်ပေ။ ရန်သူကား လွတ်မြောက်သွားလေပြီ။ သို့သော် ကျုပ်စီးထားသော ရန်သူ၏ မြင်းသည် ရန်သူအား မည်သူမည်ဝါ ဖြစ်သည်ကို ညွှန်းဆိုပြ နေလိမ့်မည်။

ကျုပ်သည် မြင်းကို တောင်ကြော၏ တောင်ဘက်သို့ မောင်းနှင် လိုက်လေသည်။ မြင်းသည် တောင်ကြောနှင့် ယှဉ်လျှက် ပြေးနေသည်။

ထို့နောက် စစ်တားနှင့် သီရိခေတ္တရာသွား လမ်းမကြီးသည် ရှေ့၌ ကန့်လန့်ဖြတ် ပေါ်လာလေသည်။

ကျုပ်သည် မြင်းကို တောင်ကြားရှိရာသို့ စိုင်းနှင်လျှက် ရှိလေသည်။ တောင်ကြား၏ ကျောက်များပေါ်တွင် မြင်းသည် လျင်မြန်စွာ ပြေးသွားနေ၏။ တောင်ကြားထည်း၌ အလင်းရောင် အလျှင်း မရောက်သေးဘဲ မှောင်နေသည်။

တောင်ကြားအဝင်၌ မြင်းသည် ရုတ်တရက် ပတတ်ရပ်သွား၏။ မြင်း၏ ရင်အုံသားနှင့် ကျောက်မောင်းကြိုး ဝင်တိုက်လိုက်လေတော့သည်။ ရန်သူများ ဆင်ထားသည့် ကြိုးသည် အထက်ဘက်မှ ကျောက်တုံးကြီးများ တခုနှင့် တခု ခတ်မိစေပြီး ကျောက်တုံးများသည် အမှောင်ထည်း၌ တဝုန်းဝုန်း ပြိုဆင်းလာကြလေသည်။

ကျုပ်ကား သတိရပြီး ခုန်ထွက်လိုက်သေး၏။ မြင်းနက်ကြီး၏ အော်သံ၊ ကျောက်တုံးများ ပြိုကျသံ ဆူညံစွာ ကြားလိုက်ရလေသည်။ မြင်းနက်ကြီးမှာ ကျောက်တုံးများအောက်၌ ပိနေပြီ။ ကျုပ်၏ ခေါင်းမှာ မိုက်ကနဲ ဝေသွားသည်။

မှုန်ဝေနေသော မျက်လုံးများဖြင့် ကျုပ်သည် မထင်မရှားသော အရိပ်တခုကိုကား လှမ်း၍ မြင်တွေ့လိုက်သေးသည်။ ပါလ ပုန်းလျှိုးနေခဲ့သည်ဆိုသော ကျောက်ကမ်းပါး အမိုးအောက်မှ လူတယောက် ပြေးထွက်လာပြီး ကျုပ်၏ ကိုယ်ပေါ်သို့ တစုံတရာဖြင့် လွှမ်းမိုးလိုက်သည် ထင်သည်။

ထို့နောက် အရာရာမှာ ချာချာလည်သွားပြီး မည်သည့် အရာကိုမျှ မမြင်ရ၊ မကြားရတော့ဘဲ ကျုပ်ကား ကျောက်တုံးများပေါ်တွင် လဲကျသွားခဲ့လေသည်။

(၁၄)

စစ်တားမြို့စား ဘာရတ၏ မြင်းရထားကို နန်းတော်ကြီး အတွင်းသို့ ဝင်ခွင့်ပြုလိုက်လေသည်။ မြင်းရထားပေါ်သို့ ဘာရတနှင့် အတူ ဘုရင်မ၏ စစ်တား မြို့စောင့်တပ်မှ တပ်ဗိုလ်ဖြစ်သူပါ ပါလာသည်။ မြင်းရထားသည် နန်းတော်ကြီး၏ရှေ့ မြက်ခင်းပြင်ပေါ်တွင် ရပ်တန့်လိုက်သည်။

မကြာမီ ရေးကြီးသုတ်ပျာနှင့် မြို့တော်ဝန် သူဇု ရောက်လာသည်။ ထို့နောက် နန်းတော်ကြီး၏ ဝင်ပေါက်မှ သမားတော်ကြီး ဇီဝ ဝင်ရောက်လာပြန်လေသည်။ သက်တော်ရှည်ဝန် တဦးသည် နန်းတော်လှေကားမှ ဆင်းသက်လာသည်။

သူတို့သည် အတုလစည်တော် ခန်းမဆောင်ဘက်သို့ ရှေ့ရှုသွား နေသည်။ အတုလ စည်တော်ဆောင်၏ ခန်းဆီးစ အနီကြီးမှာ အရောင် တဖိတ်ဖိတ် လက်နေသည်။ အရာရာ အပေါ်၌ အတုလစည်တော်ကြီးသည် လွှမ်းမိုးထားနေ၏။ အတုလ စည်တော်ဆောင်ထည်းတွင် အားလုံးသည် ငြိမ်သက်နေကြလေသည်။ ကြေးခွက်ကြီးများ အတွင်း၌ ထွန်းညှိထားသော ဖယောင်း အလင်းရောင်သည် ခန်းမတော်ဆောင်ကြီးတွင် ဝါထိန်လျက် ရှိလေသည်။

အတုလစည်တော်ဆောင် ရှေ့ပြင်တွင် ဝေါယဉ်တော်ရပ်လိုက် လေသည်။ အရှင်မသည် ဝေါယဉ်တော်ပေါ်မှ ညင်သာစွာ ဆင်းသက်တော်မူသည်။ ထို့နောက် အရှင်မသည် အတုလစည်တော်ဆောင် ခန်းဝသို့ ဝင်သွားလေသည်။ အရှင်မသည် အတုလ စည်တော်ရှေ့တွင် ရပ်တန့်တော် မူလိုက်လေသည်။

ဖြေးဖြေးသာသာ ငုံ့ကြည့်တော်မူလျက် “ဘယ်သူကွဲ့”ဟု မိမိကိုယ်ကို ပြန်မေးသလို တိုးသက်စွာ မေးတော်မူနေသည်။

“သျှိဝမြို့စားလေး သူသ. . . . ”

“အရှင်မ သက်တော်စောင့်တပ်က တပ်မှူးလေး သူသပါ အရှင်”
တစုံတဦးသည် ခပ်တိုးတိုး လျှောက်ကြားနေ၏။

ထို့နောက် အရှင်မသည် ဦးခေါင်းကို ပြန်မော့ကာ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်သွားလေသည်။ မလှုပ်မရှား။ မရွေ့လျား။ အသက်ပင် မရှူ။ မည်သူမျှ မော်၍ ဖူးမျှော်ဝံ့သည် မဟုတ်၍ အရှင်၏ အမူအရာကို မမြင်မတွေ့နိုင်။

“သူ အသက်ရှိသေးသလား”ဟု ဘုရင်မ၏ မေးလိုက်သံသည် ပို၍ တိုးသက်သွားလေသည်။

“ရှိပါသေးတယ် အရှင်၊ သို့ပေမယ့် ဒဏ်ရာက သိပ်ပြင်းထန်ပါတယ်။ ခေါင်းကို ထိခိုက်တဲ့ ဒဏ်ရာများက ပိုဆိုးပါတယ်။ သွေးကြောများကိုတော့ မထိခိုက်သေးပါဘူး။ အသားများ ကြေမွကုန်ကြပါတယ်။ သူ မကြာခင် သတိပြန်ရလာလိမ့်မယ်လို့တော့ ထင်မှတ်ရပါတယ် အရှင်”

သမားတော်ကြီး ဇီဝသည် တလုံးချင်း လျှောက်ကြားနေရင်း ဤ သူငယ်ကလေးကိုပင် တခါက ဤအဆောင်၌ ဆေးကုသခဲ့ရဘူးသည်ကို တွေးနေသည်။ သူ့ စကားသံသည် အဆောင်တော်ထည်း၌ ပဲ့တင်ပြန်၍ ရိုက်နေသည်။ သူသည် လူနာကို ထပ်၍ ငုံ့ကြည့်နေ၏။ လူနာ၏ မျက်နှာကို ဆေးရည်စိမ်ထားသော ပုဝါဖြင့် ဖြန့်အုပ်ထားသည်။

http://cyberbooks.myanmarchat.org



ထိုအချိန်တွင် ကျုပ်၏ ခေါင်းထည်း၌ အလင်းရောင် ဖြာလက် သွားလေသည်။ ထို့နောက် ပိတ်သည်းနေသော အမှောက်တိုက်ကြီးသည် တစတစချင်း ရွေ့လျားသွားနေသည်။ မွေးပျံ့လှသော ရနံ့ အပေါင်းကို ရှူရှိုက်နေရသည်ကို သိစပြုလာသည်။ ထို့နောက် အုံလိုက်ကြီး ကျွက်ကျွက်ဆူပွက်နေသည်ဟု ထင်နေသည်။ ရင်အုံပေါ်၌ အလေးအလံ ပစ္စည်းကြီးတခု ပိကျနေသည်ဟု ထင်နေသည်။ စင်စစ် အမျိုးအမည် မဖော်နိုင်စွမ်းသော ဝတ်ရုံ အင်္ကျီအနက်ကြီးမှာ ကျုပ်၏ ကိုယ်ပေါ်တွင် လွှမ်းတင်လျက် ရှိနေသည်။

"လျှောက်ကြားပါမယ့် အရှင်" ဟု အသံတသံ ထွက်ပေါ်လာသည်။

ထိုစစ်တားမြို့စား ဘာရတ၏ လျှောက်တင်နေသံသည် ကျုပ်၏ နားထည်းသို့ မကွဲမပြား ဗလုံးဗထွေးနှင့် တချက်တချက် ဝင်ရောက်နေသည်။ ဘာမျှ မကွဲပြား။ ကျုပ်စီးလာသော မြင်းက ကျောက်မောင်းကို ဝင်တိုက်မိခြင်း ကျောက်တုံးများ ပြိုကျလာခြင်း၊ ကျောက်တုံးများ ပြိုကျသံ၊ မြင်းအော်သံ၊ အမှောင်ထည်းမှ ကျောက်တုံးများကိုသာ ကျုပ်သည် တချက်တချက် မြင်နေ ကြားနေသလို ဖြစ်နေသည်။ ထို့နောက် မည်သို့ဖြစ်သည်ကို မသိနိုင်တော့။ စစ်တား မြို့စောင့်တပ်ဗိုလ်နှင့် မြို့စားဘာရတကိုလည်း ကျုပ်ကို လာ၍ ရထားပေါ်တင် သယ်ဆောင် သွားကြသည်ကိုလည်း မသိနိုင်။ ဗိဿနိုးသို့ ပြန်ရောက်လာခဲ့ရသည်ကိုလည်း မသိ။ သမာန၊ ဒက္ခဏာနှင့် ပါလတို့ သုံးဦး ကျုပ်ကိုပစ်၍ ထွက်ပြေးသွားကြသည်ကိုလည်း မသိ။

စစ်တားမြို့စားသည် ခေါင်းကို ငုံ့လျှိုးထားရာမှ မသိမသာလေး တိမ်းငဲ့လိုက်သည်။

"လွန်ခဲ့တဲ့ တလကျော် နှစ်လလောက်ကတည်းက မသင်္ကာစရာ လူအချို့ စစ်တားမြို့ ပတ်ဝန်းကျင်မှာ လှုပ်ရှားနေခဲ့တာ သတိထားမိခဲ့ပါတယ် အရှင်မ။ ကျွန်တော်နဲ့ မြို့စောင့်တပ်တော် တပ်ဗိုလ်တို့ဟာ လေးကြိမ်အထိ ထောင်ဖမ်းခဲ့သော်လဲ မမိနိုင်ခဲ့ ပါဘူး"

မြို့စား၏ လက်တွင်း၌ သွေးစွန်းနေသော ပိုးအလွှာတော်တခုကို ဖြန့်ကိုင်ထားသည်။ မြို့စားသည် သူပြောလိုသည့် စကားများ ပိုမို၍ စိတ်ဝင်စားဖွယ် ဖြစ်လာအောင် ခဏဆိုင်းငံ့ထားသည်။

"နယ်သတ်မှတ်တိုင် အနီးမှာ ဝတ်ရုံရှည် အနက်ကြီးကို ဝတ်ဆင်ပြီး မြင်းအနက်စီးထားတဲ့ မသင်္ကာစရာကောင်းတဲ့ လူတဦး မကြာမကြာ သွားလာနေတာ တွေ့တယ်လို့ သတင်းဖြစ်ပွားနေပါတယ်။ အဲဒီလူဟာ မြင်းဖြူစီးထားတဲ့ သီရိခေတ္တာရာဘက်က ပုဂ္ဂိုလ်တဦးနဲ့ မကြာ မကြာ ချိန်းဆို တွေ့ဆုံတတ်တယ်လို့ သတင်း ရထားနေခဲ့ပါတယ် အရှင်မဖုရား။ ဒါနဲ့ ဒီနေ့ည သန်းခေါင်ကျော်ကျော် အချိန်မှာ စစ်တားမြို့နဲ့ သုံးတိုင်နည်းပါး အကွာ အဝေးက မြင်းနက်တစီး ဖြတ်သွားတယ်လို့ သတင်းအတိအကျ ရခဲ့ပါတယ်။ လွန်ခဲ့တဲ့ သုံးရက်လောက်ကတဲက နယ်သက်မှတ်တိုင် တောင်ကြားကို ကျွန်တော်နဲ့ ကျွန်တော်စစ်သည်များဟာ တိတ်တဆိတ် လျှို့ဝှက်ကျောက်မောင်း ဆင်ခဲ့ပါတယ်။ နေ့ခင်းဘက်မှာ မောင်းကို ဖြုတ်ထားပြီး ညခင်းဘက်မှာ တိတ်တဆိတ် မောင်းကို ပြန်တပ်ဆင်ကြပါတယ်"

အရှင်မသည် ခေါင်းကို ပြန်၍မော့လိုက်ပြီး မလှုပ်မယှက် ငြိမ်သက်မြဲ ငြိမ်သက်တော်မူနေသည်။

"ဒါနဲ့ ကျွန်တော်အပါအဝင် အရှင်မရဲ့ မြို့စောင့်တပ်ဗိုလ်နဲ့ စစ်သည်နှစ်ဆယ်ဟာ စစ်တားကနေပြီး ကျောက်တောင်ကြားဆီကို သွားကြပါတယ်။ ဟိုရောက်တော့ ကျွန်တော်တို့ကို လူသုံးယောက်က ဆီးပြီး တိုက်ခိုက်ကြပါတယ်။ ငမင်မြို့စားဟောင်း သမာနကို ကျွန်တော်မှတ်မိပါတယ် အရှင်မဖုရား။ ကျွန်တော်တို့ဘက်က လူနှစ်ယောက် ကျဆုံးသွားပြီး သမာနတို့ သုံးဦးဟာ သီရိခေတ္တာရာဘက်ကို ထွက်ပြေး လွတ်မြောက်သွားကြပါတယ်။ ပြီးတော့ သျှိဝမြို့စားလေးကို ကျောက်တုံးပိ ထိခိုက်တဲ့ ဒဏ်ရာတွေကြောင့် လဲနေခဲ့တာ တွေ့ရပြီး

သူစီးခဲ့ပုံရတဲ့ မြင်းနက်ကြီးဟာလဲ ကျောက်ပိပြီး သေဆုံးနေတာ တွေ့ခဲ့ရပါတယ်။ မြင်းအသေကို သက်သေခံပစ္စည်း အဖြစ် နန်းတော်ဝင်း အုတ်တံတိုင်းအပြင်မှာ ထားခဲ့ပါတယ်။ ပြီးတော့ သူ့အကျီရှည်ကြီးထဲက သဝဏ်လွှာတစောင် ရပါတယ်။ အခု ကျွန်တော် လျှောက်တင်ခဲ့တာကို အရှင်ရဲ့ မြို့စောင့်တပ်တော်က တပ်ဗိုလ်ကလဲ လျှောက်တင်ပါလိမ့်မယ် အရှင်. . . . ””

စစ်တားမြို့စား၏ စကားအချို့အဝက်ကို ကျုပ်သည် ကြားနေမိသလိုလို ရှိနေ၏။ သို့သော် မည်သူက ပြောနေမှန်းလည်း မသိ၊ မည်သည့်စကားများကို ပြောနေမှန်းလည်း မသိ။ ကျုပ်သည် ပြင်းစွာ ရေငတ်နေသော အာရုံခံစားမှု တခုတည်းကိုသာ သိနေ၏။ ရေတောင်းရန် ပါးစပ် လှုပ်ကြည့်၏။ လှုပ်၍ မရသေး။ ခေါင်းတခုလုံးမှာ တစစ်စစ်ကိုက်ပြီး နာကျင်နေသည်။

“ရေ. . . ရေ. . . . ရေ. . . ”ဟု ကျုပ်သည် တိုးတိုးယဲ့ယဲ့ ညည်းနေမိသည်။

သမားတော်ကြီးသည် ပုဝါကို ဖယ်ရှားလိုက်ပြီး ဆေးရေများကို တစက်ချင်း ချပေးနေသည်။ ကျုပ်သည် လေးလံနေသော မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လှစ်နေသည်။ ထို့နောက် ဝါးထွေးနေသော အရာဝတ္ထုများသည် မျက်လုံး အမြင်ထည်း၌ ချာချာလည်နေသည်။

“ရေ. . . ”ဟု ကျုပ်သည် ပီပီသသ ထပ်၍ ရွတ်လိုက်လေသည်။

“သူ့ အသက်ကို ရအောင် ယူရလိမ့်မယ် သမားတော်ကြီး သူဟာ နိုင်ငံတော် တရားဥပဒေအရ အရေးကြီးဆုံး ပုဂ္ဂိုလ်တဦး ဖြစ်နေဘီ၊ သူ့ အသက်ကို ရအောင်ယူနိုင်ရင် နိုင်ငံတော်အတွက် မမြင်နိုင်တဲ့ အန္တရာယ်တွေကို မြင်လာနိုင်ရမယ်၊ ကဲ အမှုကို နောင်မှဘဲ တရားစွဲတင်ပေတော့ မြို့စားမင်း ဘာရတာ၊ အမှုကို သျှိဝမြို့စား ထုချေနိုင်မှ ဖြစ်ပေမယ်”

ထိုမိန့်မြွက်တော်မူသံသည် ကျုပ်၏ အနားမှပင် ပေါ်ပေါက်လာလေသည်။ ကျုပ်ကား တစတစ ဝါးဝါးထွေးထွေး မြင်လာနေရသည်။ အရှင်မသည် ပုဝါလွှမ်းခြုံထားသော မျက်နှာတော်ဖြင့် ကျုပ်ကို ကြည့်နေသည်။ ထို့နောက် နေရာမှ ထွက်ခွာသွားတော်မူသည်၊ ပုဝါ လျှောတိုက်သံသည် ဝေးလှမ်းသွားလေသည်။

အရှင်မ၏ စကားမိန့်မြွက်တော်မူသံသည် နားထည်းမှ မထွက်နိုင်၊ စိတ်ထည်းမှ မထွက်နိုင်။ ကျုပ်အား အရှင်သည် မသေစေလို။ အရှင်၏ အသံနောက်တွင် ဖုံးကွယ်ထားသော တစုံတရာ ရှိနေပေသည်။ ထို့နောက် ကျုပ်၏ဘေးမှ လူအများ ထသွားနေကြသံများ ကြားနေရ၏။

ယခု ကျုပ် မည်သည့်နေရာ ဌာနသို့ ရောက်နေပါသနည်း မည်သည့်နည်းဖြင့် အရှင်၏အသံကို ကြားနေရပါသနည်း။ သစ်ရွက်ကြွေသံကိုပင် အရှင်၏ အသံဟု ယောင်မှား၍ တွေးနေသလား။ တကယ်ပင် အရှင်၏ အသံကို ကြားနေခြင်းလား။

‘မင်း တခါထဲ သေသွားဘို့ ကောင်းပေတာဘဲ သျှိဝမြို့စားလေး’ ဟု သမားတော်ကြီး ဇီဝ၏ ပြောလိုက်သံကို ကွဲကွဲပြားပြား ကြားရလေသည်။

ဇရာယွင်းနေသော အဖိုးအို၏ အသံမှာ တုန်နေသည်။ သူသည် ကျုပ်နှင့် သမာနတို့၏ စီးချင်းတိုက်ပွဲ ပြီးကတည်းက ကျုပ်အား တူငယ်၊ သားငယ်ကဲ့သို့ ချစ်ခင်နေသည်။

ထို့နောက် ကျုပ်သည် တဖန်ပြန်၍ သတိလစ် မေ့မြော သွားပြန်လေသည်။

(၁၅)

အကျဉ်းခန်းတံခါးကို ပြအမှုထမ်းများ လာ၍ ဖွင့်တော့မည်။

ကျုပ်သည် အကျဉ်းခန်း၏ ချောင်းကြည့်ပေါက်ငယ်မှ အဓိပ္ပာယ်မဲ့ အရှေ့ဘက် တောင်တန်းပြာကြီးများကို ကြည့်နေသည်။ ဘာအဓိပ္ပာယ်မှ မရှိ။ တောင်တန်းပြာကြီးများ၌ မိုးများ ညို့မှိုင်းနေသည်ဖြစ်စေ. . .၊ နေများ ပူပြင်းနေသည်ဖြစ်စေ . . . . ကျုပ်အတွက် အဓိပ္ပာယ် တစုံတရာမျှ ရှိသည် မဟုတ်ပေ။

ဗိဿနိုးမြို့အနီး၌ မိုးတို့သည် ညို့မှိုင်းနေတတ်ပြီး အလျှင်း မရွာသွန်းဘဲ ကွယ်ပျောက်သွားတတ်၏။ သို့သော် ယခုအချိန်တွင် ကျုပ်၏ စိတ်နှလုံးသားတို့မှာ အပြင်ဘက်တွင် ညို့နေသော မိုးများထက် ပိုမို၍ ညို့နေပေသည်။

ကျုပ်သည် အင်အားကုန်ခန်း နွမ်းနယ်နေ၏။ ကျန်းမာလာပြီး ဤအကျဉ်းခန်းငယ် အတွင်း၌ တဦးတယောက် တည်း နေခဲ့ရသည်မှာပင် ရက်ပေါင်း နှစ်ဆယ် ကျော်ခဲ့လေပြီ။

သမာန၊ ပါလနှင့် ဒက္ခဏာတို့သည် ကျုပ်အား သစ္စာဖောက်တရားခံအဖြစ် အပ်နှင်းခဲ့ပြီး ထွက်ပြေးသွားကြလေပြီ။

သည်နေ့တွင်ပင် ကျုပ်၏ အမှုအားစီရင် စစ်ဆေးလိမ့်မည်။ နိုင်ငံတော်အား သစ္စာဖောက်မှု ဖြစ်လျှက် မြို့စားဟောင်း တဦး ကိုယ်တိုင် ဖြစ်နေသောကြောင့် ဘုရင်မကြီး ကိုယ်တော်တိုင် စစ်ဆေးပြီးမှ သေမိန့်ပေးလိမ်မည်။ ကျုပ်အတွက် ငြင်းဆို၍ ရနိုင်ဖွယ်ရာလည်း မရှိ၊ အရာရာသည် ကျုပ်အား သေဒဏ် ပေးသင့်သည်ဟု ညွှန်းဆိုလျှက် ရှိနေသည်။ သမားတော်ကြီး ဇီဝအဖိုးအိုက “မင်းတခါထဲ သေသွားဘို့ ကောင်းပေတာဘဲ”ဟု ပြောခဲ့သည်အတိုင်း ကျောက်မောင်းပိသော ဒဏ်ရာတို့ဖြင့် တခါတည်း သေဆုံးသွားခဲ့လျှင် နောက်တကြိမ် သေရမည့်ဘေးမှ ကင်းလွတ်ပြီးသား ဖြစ်နေမည်။

ခပ်ဝေးဝေးမှ အမင်္ဂလာရထားနီ မောင်းနှင် လာလေသည်။ ထို့နောက် ရထားနီသည် အကျဉ်းတိုက်ရှေ့သို့ ရောက်လာပြီး ရပ်တန့်လိုက်လျှက် အာဏာတို့သည် အကျဉ်းခန်း ရှေ့ဘက်သို့ လျှောက်လာနေကြသည်။ သူတို့သည် အကျဉ်းခန်း၏ တံခါးများကို ယခုအချိန်၌ ဖွင့်နေကြလေသည်။

ကျုပ်ကား မွှန်ထူထုံထိုင်းနေ၏။ ကယောင်ကတမ်း စိတ်ဖြင့်ပင် အကျဉ်းခန်းမှ ထွက်လိုက်ပြီး အမင်္ဂလာရထားပေါ်သို့ တက်သည်။

ထို့နောက် ရထားဖြင့် နန်းတော်ကြီးဘက်သို့ ပါသွားနေစဉ်၌လည်း ထုံထိုင်းနေဆဲ။ နန်တော်ကြီး၏ လှေကားအတိုင်း အာဏာများ၊ ပြအမှုထမ်းများ ခြံရံလျှက် ခေါ်ဆောင်သွားနေစဉ်၌လည်း မွှန်ထူထုံထိုင်းနေဆဲ။ တရားရေးရာ ခန်းမတော်ဆောင်၌ အကျဉ်းသား၏ နေရာ၌ ဝပ်တွားလျှက် နေရစဉ်တွင်လည်း ငေးမောနေလျှက်။ စစ်တားစား ဘာရတ၏ စွပ်စွဲချက်သံများ ကြားနေရစဉ်၌လည်း ငေးမော တွေဝေလျှက်။ စစ်တား မြို့စောင့်တပ်ဗိုလ်၏ ဖြည့်စွက် စွဲချက်တင်နေစဉ်တွင်လည်း မိန်းမောနေလျှက်ပင်။

သူတို့၏ စွဲချက်များကို ကျုပ်သည် လွန်ခဲ့သော ရက်ပေါင်းများစွာ ကတည်းက ကြိုတင်၍ သိရှိထားနှင့်ပြီးသား ဖြစ်၏။ မိမိမှာ သစ္စာဖောက်မဟုတ်ဘဲ သစ္စာဖောက်များကို ဖမ်းဆီးသူဟု ပြန်လည်၍ သက်သေပြရမည့် မိတ်ဆွေ သုံးဦးကိုယ်တိုင်ပင် သစ္စာဖောက်များ ဖြစ်နေကြလေပြီ။

တရားရေး ခန်းမတော်ဆောင်တွင် အချိန်များ အလွန်လျင်မြန်စွာ ကုန်ခန်း လွယ်နေကြလေသည်။ တဦးပြီးတဦး

http://cyberbooks.myanmarchat.org


ထ၍ စွဲချက်တင်နေ၏။ ပြန်လှန်ငြင်းဆိုသူ မရှိ။ သက်တော်ရှည် ဝန်များသည်လည်း ငြိမ်သက်နေ၏။ မြို့တော်ဝန်သူဇသည်လည်း ငြိမ်တွေနေသည်။ ဖြတိုက်ဝန်သည်လည်း မလှုပ်ရှား။ အမှုမှာ ပိုမို၍ ပိုမို၍ ခိုင်မာသည်ထက် ခိုင်မာလာနေသည်။

အရှင်သည် ရာဇပလင်ပေါ်တွင် မလှုပ်မယှက် ငြိမ်သက်ကာ ဦးခေါင်းမှာ ရှေ့သို့ အနည်းငယ်တိမ်းညွှတ်လျှက် ရှိနေသည်။

ကျုပ်သည် စွပ်စွဲသံများကို မကြားဘိသကဲ့သို့ လက်များပေါ်၌ ချည်နှောင်ထားသည့် သံကြိုးများကို ငုံ့ကြည့်နေသည်။ မိမိကို သေမိန့်ပေးတော့မည် ဟူသော အသိသာလျှင် ခေါင်းထည်းသို့ ဝင်ရောက်နေသည်။ နန်းတော်ဝင်းမှူး၊ တံခါးမှူး၏ စွဲချက်တင်နေသံများသည် နားထည်းသို့ ဝင်လာနေသည်။

"သျှိဝမြို့စားလေး .... တပ်မှူးလေးဟာ ပဥ္စင်းဖြူနဲ့ အဆက်အသွယ် ရှိပါတယ်အရှင်၊ ပဥ္စင်းဖြူတို့ သံတမန်နှစ်ဦး ရောက်လာတုန်းက သူတို့ချင်း တိုးတိုးကျိတ် နှုတ်ဆက်ကြပါတယ်။ ပီးတော့ သံတမန်နှစ်ဦးကို အရှင်မ သတ်မိန့်ပေးနေဆဲမှာ အခု ထွက်ပြေးပုန်းရှောင်ပီး ရန်သူဘက် ခိုဝင်သွားတဲ့ တရားခံ သစ္စာဖောက်တဦးဖြစ်တဲ့ သွေးသောက်ကြီး ဒက္ခဏာကို သျှိဝမြို့စားလေးကဘဲ ရသေ့ သူမြတ်ဆီ လွှတ်ခဲ့ပါတယ် အရှင်။ ဒါကြောင့် အဲဒီတုန်းက သူ့မြင်းကြီးကို စီးပီး ရသေ့အရှင် အချိန်မီ နန်းတော်ကို ရောက်ရှိလာခြင်း ဖြစ်ပါတယ်"

"သမာနဟာ သစ္စာဖောက်ဖြစ်ပါတယ်။ သျှိဝမြို့စားနဲ့ ငမင်မြို့စားတို့ရဲ့ ဓားရေးပြိုင်ပွဲဟာ ဟန်ဆောင်ပြိုင်ပွဲ ဖြစ်ပါတယ် အရှင်...။ အရှင်ရဲ့ လိုရာဆုပေးဘို့ ကတိရတော့ ငမင်စားကို သျှိဝစားက မရ အရ ပြန်တောင်းဆိုလိုက်တာ၊ ငမင်စားရဲ့ အသက်ကို ကယ်တင်လိုက်တာ ဘယ်အကြောင်းကြောင့်လဲလို့ တွေးကြည့်တော် မူမယ်ဆိုရင် သူတို့ အချင်းချင်း ကယ်တင်ကြတာသာ ဖြစ်တယ်လို့ တွက်ယူရင်လဲ ရနိုင်ပါတယ် အရှင်.....။ ဘာ အကြောင်းကြောင့်လဲ ဆိုတော့ သည့်ပြင် တောင်းစရာဆုတွေ ပြည့်နေပါလျှက် ရန်သူရဲ့ အသက်ကိုသာ ဆုတော် လာဘ်တော်အဖြစ် မရအရ တောင်းဆိုခဲ့ပါတယ်ဆိုတာ စဉ်းစားနှိုင်းချိန်ဘို့ အကြောင်းချက်မတခု ဖြစ်နေနိုင်ပါတယ် အရှင်မဖုရား၊ ပီးတော့ ငမင်မြို့စားနဲ့ လူနှစ်ယောက် ထွက်ပြေးသွားကြရာမှာ သျှိဝမြို့စားကို သေပြီလို့ အထင်ရှိလို့ တကြောင်းလဲ ရှိပါတယ်။ ပီးတော့ လူသုံးယောက်ထဲနဲ့ ရန်သူအများကို ခုခံမတိုက်နိုင်တော့လို့သာ သျှိဝ မြို့စားကို ပစ်ထားခဲ့ခြင်း ဖြစ်လိမ့်မယ်လို့လဲ တွေးတောရင် ရနိုင်ပြန်ပါတယ် အရှင်။ အားလုံးကို ခြုံကြည့်ရင် သျှိဝမြို့စားငယ်ဟာ သစ္စာဖောက် တယောက်မှ တပါး ဘာမှမဖြစ်နိုင်တော့ပါလို့ ကျွန်တော် မြင်ပါတယ်...."

ထို့နောက် သည်းခံနိုင်ဘွယ်ရာ မရှိတော့လောက်အောင် အချိန်ပေါင်းများစွာ တိတ်ဆိတ်သွားပြန်သည်။ ကျုပ်သည် စိတ်အင်အား ကုန်ခန်းနေ၏။ ချက်ခြင်း ပြစ်မှုစီရင်လိုက်စေချင်သည်။ ကိစ္စအာလုံးမှာ တခါတည်း အမြန်ဆုံး ပြီးပြတ်သွားစေချင်၏။ လွတ်လမ်း မြော်လင့်ချက် မရှိတော့သည့်နောက် လျှောက်ထားနေရန်လည်း မလို၊ မထူးခြားတော့။

ထိုအချိန်တွင် မင်းလမ်းမကို ဖြစ်ကျော်၍ နာခံတော်သည် ကျုပ်ရှေ့တွင် လာရောက်ရပ်တန့် လိုက်လေသည်။

သူက "ဒါမြို့စားလေးရဲ့ ဝတ်ရုံနက်ကြီးထဲက သက်သေခံအဖြစ် တင်ပြထားတဲ့ စာအလွှာ"ဟု ပြောလိုက်လေသည်။

ကျုပ်ရှေ့၌ ပိုးအဖြူဖြင့် ရက်လုပ်ထားသည့် စာလွှာလိပ်ကလေး ကျန်နေရစ်ခဲ့သည်။ စာလွှာလိပ်ပေါ်တွင်

http://cyberbooks.myanmarchat.org



နီနေသော သွေးများ စွန်းထင်းနေသည်။ ထိုသွေးများသည် ကျုပ်၏ ကိုယ်မှ ထွက်ခဲ့သော သွေးများဖြစ်၏။ စာလွှာလိပ်ကို ကောက်ကိုင်နေစဉ်၌ ကျုပ်သည် ဝမ်းနည်းဆို့သိပ်နေသည်။ အစောပိုင်းက စစ်တားမြို့စားမင်း ဘာရတ၏ စွပ်စွဲချက်တွင် ဤစာလွှာအကြောင်း ဖော်ပြသွားခဲ့ပြီး လေပြီ။

ကျုပ်၏ မျက်လုံးများမှာ ပြာဝေနေသည်။ ကျုပ်သည် တဆတ်ဆတ်တုန်သော လက်များဖြင့် စာလိပ်ကို ဖြေးဖြေးချင်း ဖြန့်နေသည်။

> အဆွေတော် သျှိဝမြို့စားငယ်။
> အဆွေတော်ထံမှ ဗိသနိုး၏ အတွင်းရေးများ။ အခြေအနေ အစီရင်ခံစာများ မပြတ်ရရှိလျှက် ရှိသည်။ ကျွန်ုပ်တို့ ဗိသနိုးအား သိမ်းပိုက်ပြီးလျှင် အဆွေ၏ ဆောင်ရွက်မှုများ အတွက် ဘဝအရှင် မင်းတြားကြီး အသိအမှတ်ပြု၍ ထိုက်သင့်သည်နှင့်အမျှ ချီးမြှင့်စေရမည်။
> အကယ်၍ ပေါက်ကြားခဲ့လျှင် ကျွန်ုပ်တို့ ကတိသစ္စာအတိုင်း ထိန်းသိမ်းပါ။
>
> ပဍ္ဍင်းဖြူ
> သီရိခေတ္တရာ မြို့တော်ဝန်။

ရန်သူတို့သည် ကျုပ်အား အဖက်ဖက်မှ ဝိုင်းဝန်း၍ အကွက်စေ့စေ့ မောင်းဆင်ထားကြပေပြီ။ ကျုပ်သည် တဆတ်ဆတ် တုန်နေသော လက်များဖြင့် စာအလွှာအား ဆုပ်ချေနေသည်။

ထိုအချိန်တွင် "သျှိဝမြို့စားလေး လျှောက်ထားစရာ ရှိတယ်မဟုတ်လား" ဟု တိုးတိုးသက်သက် မေးတော်မူလိုက်သံသည် ငြိမ်သက်နေသော ခန်းမတော်ဆောင်ထည်းတွင် ပေါ်ပေါက်လာလေသည်။

ထိုအသံသည် တည်ငြိမ်နေ၏။ သို့သော် ဝမ်းနည်းသံ တိတ်တဆိတ် ပါနေသည်ဟု ကျုပ်က ထင်နေသည်။ ထိုခဏတွင် ကျုပ်သည် စံနန်းတော်ဝင်းအတွင်း နောက်ဆုံးအကြိမ်က အရှင်မ မိန့်မြွက်တော်မူခဲ့သည့် စကားများကို ပြန်၍ တသနေသည်။ အရှင်သည် မိမိကိုယ်ကို မိမိယုံကြည်တော်မူဘိသကဲ့သို့ သျှိဝမြို့စားငယ်အား ယုံကြည်သည်ဟု မိန့်မြွက်ခဲ့သည်။ ထိုကဲ့သို့ သူမျိုးက သစ္စာဖောက်လျှင် လက်စားချေ၍ ဆုံးမည်မဟုတ်။ ရွံ့ရှာစက်ဆုပ်၍ ကုန်နိုင်မည်မဟုတ် ဟူ၍ မိန့်မြွက်ခဲ့၏။ ယခုအခါတွင် အရှင်မသည် ကျုပ်အား အရွံ့မုန်း အခါးသီးဆုံး ဖြစ်နေတော့မည်။

"ဒီ အချက်အလက်တွေကို သူ ငြင်းမလားလို့ စောင့်ဆိုင်းနေရင် အချိန်များ ကုန်လွန်းလှပါဘီ အရှင်၊ သျှိဝမြို့စားငယ်ဟာ ငြင်းချက်ထုတ်နိုင်ပုံ မရှိတော့ပါဘူး" ဟု စစ်တားမြို့စားမင်းသည် အသံပြတ်ပြတ် တောင်းတောင်းဖြင့် လျှောက်တင် လိုက်လေသည်။ သူ့ အသံသည် အဆောင်ခန်းထည်း၌ ဩဇာတိက္ကမ ပြည့်စုံလှစွာ အောင်မြင်မြည်ဟိန်းသွားသည်။ သူသည် တခုခု အကြောင်းကြောင့် အလျင်စလို ဖြစ်နေပုံ ရလေသည်။

ထိုတခဏတွင် ကျုပ်၏ စိတ်ထားများမှာ ရုတ်တရက် ပြောင်းလဲ ကုန်နေလေသည်။ ထုံထိုင်း လေးလံစိတ်များ အစား ကျုပ်၏ စိတ်နှလုံးထည်း၌ ရုတ်တရက် တိုက်ပွဲဝင်လိုစိတ်မျိုး ပေါ်လာသည်။ ကျုပ်သည် ရုတ်တရက် ကိုယ်ကို လှုပ်ရှားယိမ်းခါ လိုက်လေသည်။ သံကြိုးများ တခုနှင့်တခု ပွတ်ကြိတ်သံသည် ချွမ်ချွမ် မြည်သွားနေသည်။

"အရှင်မင်းမြတ်. . . .၊ အစောပိုင်းက ကျွန်တော် ခေါင်းမှာ ရခဲ့တဲ့ ဒဏ်ရာတွေကြောင့် စိတ်များ တမျိုးတမည် ဖြစ်ပြီး ထုံထိုင်းနေခဲ့ပါတယ်။ အခု ကျွန်တော်ကလဲ တရားပြန်စွဲဆိုပါတယ် အရှင်. . .၊ စစ်တားမြို့စားဟာ သစ္စာဖောက် ဖြစ်ပါတယ်။ သူသာလျှင် ပဍ္ဍင်းဖြူနဲ့ ဆက်သွယ်ခဲ့တဲ့ သစ္စာဖောက်ဖြစ်ခဲ့ပါတယ် အရှင်. . ."

http://cyberbooks.myanmarchat.org


ကျုပ်၏ အသံသည် ပြတ်တောင်းတင်းမာနေလျှက် အရာရာကို အရင်းအမြစ်မှ ဆွဲကိုင် လှုပ်ခါလိုက်သကဲ့သို့ ဖြစ်လေသည်။ ထိုအသံသည် အရာရာ အပေါ်၌ လှိုင်းရိုက်ပြီး အပေါ်မှ ကျော်လွှားသွားနေသည်။ ရုတ်တရက် တရားရေး ခန်းမတော်ဆောင်၌ အသက်ဝင်သွားသကဲ့သို့ လှုပ်ရှားသွားသည်။

"အရှင် သံတမန်နှစ်ဦးကို ကြိမ်ဒဏ် ပေးထားတုန်းက ဘာရတရဲ့ ကျွန်ယုံတယောက်လာပီး သယ်ယူသွားပါတယ် အရှင်. . . ၊ နောက်ပိုင်း ပဋ္ဌင်းဖြူနဲ့ ဘာရတတို့ ဆက်သွယ်ကြပါတယ်။ အဲဒီအကြောင်းကို သက်သေပြနိုင်မယ့် လူသုံးဦးကို သူတို့ သတ်ပစ်ပီးပါဘီ။ အခု ကျွန်တော့်အပေါ် ဘာရတ စွပ်စွဲသမျှဟာ လုပ်ကြံစွပ်စွဲနေမှုများသာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ လူသုံးဦးက သူ့ကို လက်ပူးလက်ကြပ် ဖမ်းဆီးဘို့ အသွား သူက ကျွန်တော်တို့ကို ကြိုတင် သိထားနှင့်ပီး ကျောက်မောင်း ဖြုတ်ချပီး အခု ရှေ့တော်မှောက်မှာ တင်ပြသမျှတွေဟာ လည်ဆယ် လုပ်ကြံမှုများသာ ဖြစ်ပါတယ်အရှင်. . . . "

"သို့သော်လဲ သက်သေတော့ မပြနိုင်ပေဘူး မဟုတ်လား . . . . သျှိဝ မြို့စားလေးခင်ဗျာ"ဟု ဘာရတသည် ဝင်၍ ဖြတ်တောက် မေးလိုက်လေသည်။

"မှန်ပေတယ်၊ သက်သေတခုခု တင်ပြပါ မြို့စားလေး"

ထိုအခါတွင် ကျုပ်၌ ရှေ့ဆက်ပြောမည့် စကားစများ အလျှင်း ပျောက်ကွယ်သွားလေသည်။

အရှင်၏ စကားမိန့်သံသည် ကျုပ်၏ နှလုံးသားများကို ရစ်ပတ်သွားကြလေပြီ ထင်သည်။ အရှင်သည် ကျုပ်အား သက်သေတခုခု ပြစေချင်သော ဆန္ဒ ရှိနေသည်။ သို့သော် ငြင်းဆိုနိုင်မည့် ခိုင်မာသော အထောက်အထား တစုံတရာမျှမရှိ။ ကျုပ်သည် "သက်သေ. . . သက်သေ. . . . "ဟု ပါးစပ်မှ တီးတိုး ညည်းတွားနေမိလေသည်။

"မှန်ပါတယ် အရှင်မဖုရား. . . ၊ ကျွန်တော့်အတွက် သက်သေပြစရာ တစုံတရာမှ မရှိပါ အရှင်မဖုရား၊ တရားဥပဒေအရ စကားပြောလာရင် သက်သေဟာ အဓိကအရာအဖြစ် ဖြစ်နေပါတယ်။ သက်သေကို ကြည့်ပီး အမှုများကို ဆုံးဖြတ်ကြရပါတယ်။ ဒါကြောင့်လဲ တရားဥပဒေကို ကျွမ်းကျင်တဲ့ အမှုသယ်များဟာ သက်သေကို အလျင် ရှာကြပါတယ်။ အခုလဲ စစ်တားမြို့စားမင်းမှာ သက်သေများ ခိုင်လုံစွာ ရှာပီးသား ဖြစ်နေပါတယ်။ သူက ပိတ်သည်းနေအောင် တဖက်လူ တိုးမဝင်နိုင်အောင် အားလုံး ကာရံထားပီးသား ဖြစ်ပါတယ်။ ကျွန်တော်တို့ ဓားသမားတွေကျတော့ လူမိုက်တွေ ဖြစ်နေကြပါတယ် အရှင်. . . ။ အမှန်တရားဟာ လှည့်ဖြားလို့ မရဘူးဆိုတဲ့ အယူအဆ လှည့်ကွက်တွေကို ယုံနေကြပါတယ် အရှင်. . . ။ ပီးတော့ ကျွန်တော်တို့ဟာ နိုင်ငံကို ရိုးရိုးသားသား ချစ်တတ်ကြပါတယ်၊ တရားဥပဒေကို ရိုးရိုးသားသား ချစ်တတ်ကြပါတယ် အရှင်- တခါတရံတော့ တရားစီရင် သူတွေဟာ အလွန် အဖက်ဖက်က သက်သေခိုင်လုံအောင် ပြုထားတတ်ကြတဲ့ တရားရှင်တွေရဲ့ မျက်နှာကိုလဲ ကြည့်ရှုသင့်ပါတယ်။ တခါတရံမှာ တရားစီရင်သူများဟာ အလွန်ရိုးဖြောင့်ပါလျှက်နဲ့ မရိုးဖြောင့်သူတို့ရဲ့ ကြံရာပါအဖြစ် အလှည့်စား ခံရတတ်ပါတယ်။ ကျွန်တော် လျှောက်ထားစရာ တခုဘဲ ကျန်ပါတော့တယ်။ အဲဒါဟာ နိုင်ငံကို ချစ်တတ်၊ အမှန်တရားကို ချစ်တတ်သူမျိုးကို သူတို့မျက်နှာ၊ မျက်လုံးတွေအောက် နက်ရှိုင်းစွာ ကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။ သူတို့ဟာ ပြစရာသက်သေ မထားတတ်၊ မရှာတတ်၊ ကြိုတင်စီစဉ်မှု မပြုတတ်ကြပါဘူး အရှင်"

ကျုပ်၏ ထိုစကားများကား အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ ထိုစကားများကြောင့် အမှုကား တစုံတရာမျှ ပြောင်းလဲ တော့မည် မဟုတ်ပေ။ သို့သော် စကားပြော တင်လျှောက်နေရင်း ကျုပ်သည် ဝမ်းနည်းကြေကွဲ လာ၏။ စင်စစ် မိမိကိုယ်တိုင်ကပင် တရားခံအစစ်ကို သိသူမဟုတ်။ ကျုပ်အား လှည့်စားသွားသူများသည် သမာနတို့လား။

ဘာရတသည် ရိုးသားစွာ အရင်းအတိုင်း ပြောဆိုနေသည်လည်း ဖြစ်နိုင်၏။

ကျုပ်၏ စကားများ အဆုံးသတ်သွားချိန်တွင် တရားစီရင်မှု ခန်းမတော်ဆောင်သည် ဝမ်းနည်းစဖွယ် အသံတိတ်ငြိမ်သက်သွားသည်။ ကျုပ်၏ စကားသံများသည် အမှန်တရားကို ပြောဆိုနေကြောင်း ပေါ်လွင်နေမည်ဟု ထင်မှတ်ရ၏။ ကျုပ်၏ သစ္စာတရားကို အသံအနေထားများက ဖော်ပြပါလိမ့်မည်။ နောက်ဆုံးတွင် ကျုပ်၏ ဆန္ဒ တခုတည်းသာ ရှိတော့သည်။ သေရမည့် အတူတူ ဘုရင်မ၏ မျက်နှာတော်အား မော်၍ ဖူးမျှော်ပစ်မည်ဟူ၍ ဆန္ဒပေါ်လာလေသည်။

ကျုပ်သည် ခေါင်းကို မော့လိုက်၏။ အရှင်မသည် ငြိမ်သက်နေ၏။ ခပ်ဝေးဝေး ပျပျတွင် မြင်နေရသော ရုပ်တုတခုကဲ့သို့ မြင်နေရသည်။ အရှင်၏ ရင်အုံသည် မောက်မို့လာပြီး သက်ပြင်း ရှူသွင်းတော်မူနေသည် ထင်သည်။ ပုဝါကို လှစ်ဟလိုက်လျှင် မျက်ရည်ရစ်ဝိုင်းနေသော အရှင်၏ မျက်လုံးတော်များကို ဖူးမျှော်ရမည်။

သို့သော် "သျှိဝမြို့စားသည် နိုင်ငံတော် သစ္စာ ဖောက်ဖျက်ကြောင်း အဖက်ဖက်မှ ခိုင်လုံနေသဖြင့် ယခုညနေ၌ပင် ကွပ်မျက်စေ"ဟူသော အမိန့်တော်သံသည် အရှင်မ၏ နှုတ်ဖျားတော်မှ တိုးရှလွန်းစွာ တုန်ယင်လွန်းစွာ ထွက်ပေါ်နေသည်။ သက်သေများကို ငြင်းမရနိုင်တော့သဖြင့် ထိုအမိန့်တော်ကို တရားဥပဒေအတိုင်း ချမှတ်လိုက်ရသကဲ့သို့ ရှိသည်။ အရှင်၏ နှလုံးသားဆန္ဒ၌ ကျုပ်ဘက်မှလည်း အလားတူ သက်သေတခုခု ပြသနိုင်စေရန် လိုလား တိုက်တွန်းလျှက် ရှိမည်။

(၁၆)

မှောင်ပျပျ၌ အမင်္ဂလာ ရထားသည် ကုန်းပေါ်သို့ ပြေးတက်သွား၏။ မြင်းနှစ်ကောင် ကသော အမင်္ဂလာ ရထားသည် ကြမ်းတမ်းစွာ ခုန်လျှက်ရှိ၏။ ဤကုန်းမှာ သုသတ်ကုန်း ဖြစ်၏။

ကျုပ်သည် အမင်္ဂလာရထား၏ အလုံပိတ် လှောင်ထားသော ရာဇဝတ်သားများထားရာ အကန့်ကလေးထည်း၌ မောပန်းမွန်းကျပ်နေသည်။ အပြင်ဘက်ကို ဘာမျှမမြင်ရ၊ အလင်းရောင်ဟူ၍ မရှိ။ သုသတ်ကုန်းသို့ သွားနေရခြင်း ဖြစ်သည်ဟူသော အသိသာလျှင် ကျုပ်၏ ကိုယ်စိတ်နှစ်ပါး၌ ပူးကပ်နေသည်။ ကျုပ်၏ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်ကို ပူး၍ တုပ်နှောင်ထားသည်။ ကျုပ်သည် အားသွန်ရှုန်းကန် ဖြတ်တောက်ကြည့်နေ၏။ ကျုပ်၏ နောက်ဆုံး အချိန်မှာ ဆိုက်ရောက်ပေတော့မည် တကား. . . . ။ ဤကဲ့သို့ပင် လူတယောက်သည် အလွယ်တကူ သေဆုံးသွားရပေတော့မည် တကား . . . . ။

အမင်္ဂလာ ရထားနီသည် ရပ်တန့် လိုက်တော့၏။ သုသတ်ကုန်းသို့ ရောက်ပြီ။ ကျုပ်အား သတ်ကြတော့မည့် နေရာသို့ ရောက်ပြီ။ သူတို့သည် တံခါးကို ကြမ်းတမ်းစွာ ဆွဲဖွင့်လိုက်ပြီး ကျုပ်အား ကန်ချလိုက်လေသည်။ ကျုပ်၏ ကိုယ်မှာ အပေါက်ဝ လှေကားထစ် နှစ်ထပ်မှတဆင့် မြေမာပေါ်သို့ ပစ်ကျ သွားလေသည်။

သုသတ်များသည်လည်း ရထားပေါ်မှ လျင်မြန်လှစွာ ခုန်ဆင်းနေ၏။

မှောင်ပျပျထည်း၌ ကျုပ်သည် လူးလဲ၍ ထရပ်လိုက်၏။ သို့သော် ခြေထောက်နှစ်ချောင်းကို ထူးခတ်ထား၍ ထိုနေရာမှ ရွေ့သည်ဆိုရုံမျှသာ ရွေ့နိုင်သည်။ ကြောက်စိတ်သည် ကျုပ်၏ တကိုယ်လုံး၌ စိုးမိုးနေ၏။

သေရတော့မည်။ အသတ်ခံရတော့မည်။ ရှေ့နား၌ လူသတ်ကျောက်တုံးကြီးကို မှောင်ရီရီတွင် လှမ်းမြင်နေရသည်။ ကျောက်တုံးကြီးပေါ်၌ သွေးများ ခြောက်လျှက်ရှိနေပြီ။ လူပေါင်းများစွာကို ဤကျောက်တုံးပေါ်၌ တင်ပြီး လည်ပင်း တိကနဲဖြတ်ချခဲ့၏။ ယခုလည်း ထိုကျောက်တုံးပေါ်၌ ကျုပ်အား ပစ်တင်လိုက်ကြပြီး ကြိုးနှင့် မလှုပ်ရှားနိုင်အောင် တုပ်၍ ပုဆိန်နှင့် လည်ပင်းကို ပေါက်ချလိုက်ကြလိုက်မည်။

ယခုလည်း ကျုပ်ရှိရာဘက်သို့ သုသတ်များလာနေကြပြီ။ သူတို့၏ ရက်စက်ကြမ်းကြုပ်သော မျက်နှာများကို အလင်းရောင် မှိန်မှိန်၌ မြင်နေရသည်။ သူတို့ လက်ထည်းတွင် ကိုင်ထားသည့် ရဲတင်းပုဆိန်များမှာ သွေးဆာ ခါယမ်းလျှက် ရှိနေသည်။ ကျုပ်သည် မိမိကိုယ်ကို သေမည့်သူမဟုတ်၊ တစုံတရာ အကြောင်းကြောင့် လွတ်မြောက်လိမ့်မည်ဟု ယုံကြည်နေ၏။

ထိုအချိန်၌ မိုးသားများသည် ဗိဿနိုး မြို့ပေါ်၌ ရုတ်တရက် မှိုင်းအုံ့သွားပြီး ရှိသမျှ အလင်းရောင်များမှာ ပျောက်ကွယ်လုမတတ် ဖြစ်သွားနေသည်။ ရှေ့သို့တိုးလာသော သုသတ်တို့အား တခဏမျှ မမြင်ရတော့ သကဲ့သို့ ရှိနေသည်။

ထို တိုတောင်းလှသော အချိန်ကလေး၌ပင် သုသတ်ကုန်း၏ သစ်ပင်များကြားမှ ရုတ်တရက် မိန်းမတဦး ပြေးလာသည်။ သူသည် တကိုယ်လုံး ပိတ်အဖြူများဖြင့် ထုလုပ်ထားသကဲ့သို့ ဖြူဆွတ်နေသော ပိတ်ဖြူများကို ဝတ်ထားသည်။ မျက်နှာပေါ်တွင်လည်း အလားတူ ပိတ်ဖြူများဖြင့်ပင် ဖုံးလွှမ်းထားသည်။ သုသတ်များသည် ရုတ်တရက် သူ့ကို လှည့်၍ ကြည့်လိုက်သည်။ သူသည် ရှေ့ဘက်သို့ တိုးဝှေ့လာနေသည်။

ရုတ်တရက်အားဖြင့် မြင်လိုက်ရသော အခြင်းအရာမှာ လူသားတဦးစင်စစ် ဟုတ်မှ ဟုတ်ပါလေစဟု ထင်မှတ်

http://cyberbooks.myanmarchat.org


ရ၏။ ခပ်မှောင်မှောင်ထည်း၌ ကိုယ်ပေါ်တွင် လွှမ်းထားသော အဝတ်ဖြူဆွတ်ဆွတ်များသည် ပို၍ ထင်ပေါ်နေ၏။

"သူ့ အသက်ကို ငွေသုံးထောင်နဲ့ ကျွန်ုပ် လဲယူချင်တယ်။ ငွေသားသုံးထောင်နဲ့ လဲယူချင်တယ်"ဟု ရပ်တန့်ပြီး ပြောလိုက်လေသည်။ သူ့ အသံသည် တိတ်ဆိတ်နေသော သူသတ်ကုန်းကို ကြောက်ရွံ့ဖွယ်ရာကောင်းအောင် လွှမ်းမိုးသွားနေသည်။

သူသတ်များသည် ခဏမျှ ငေးကြောင်သွားကြ၏။ ထိုမိန်းမမှာ သစ်ပင်ငယ်နှစ်ခုအကြား၌ ရပ်တန့်လိုက်၏။

"ဗျာ"ဟု သူသတ်တယောက်က အော်လိုက်လေသည်။ သို့သော် ထိုမိန်းမ၏ စကားသံသည် လွှမ်းမိုးနေမြဲ ဖြစ်၏။ ထိုအသံကို ကျုပ်သည် တနေရာရာ၌ ကြားဘူးခဲ့၏။ သို့သော် မည်သည့်နေရာ၌ ကြားဘူးခဲ့သည်ကို မသိ။

"သူ့ကို မသတ်ပစ်ကြနဲ့ သတ်ပစ်ရင် ဒုက္ခများကုန်မယ်၊ ကဲ. . . . ကျွန်ုပ် ငွေသား ငါးထောင်ပေးမယ်၊ သို့မဟုတ် ငွေသား ခြောက်ထောင်ပေးမယ်"

သူသတ်တယောက်သည် ရှေ့သို့ ပြေးတက်ရန် လှုပ်ရှားလိုက်လေသည်။ ထိုမိန်းမသည် ရုတ်တရက် ကိုယ်ရောင် ဖျောက်လိုက်သကဲ့သို့ လျင်မြန်စွာ နောက်ဘက်၌ ပျောက်ကွယ် သွားလေသည်။ ချက်ခြင်း မြင်းခွာသံများ ကြားလိုက်ရလေသည်။ သူသတ်ကုန်းသို့ မြင်းတကောင် ပြေးတက်လာပြန်သည်။ မြင်းထက်၌ ထိုမိန်းမသည် ခေါင်းကို မော့လျှက် အပြင်း စိုင်းနှင်လာပြီး သူသတ်များရှိရာသို့ တည့်တည့် ဖြတ်ဝင်လာသည်။ သူသတ်များသည် အလန့်တကြား နံဘေးသို့ ရှဲပေးလိုက်ကြ၏။ သူသည် ငွေအိတ်များထည်းမှ ငွေသားများကို ရုတ်တရက် သူသတ်ကုန်းပေါ်သို့ သွန်ချလိုက်၏။ ငွေသံများသည် တချွင်ချွင် မြည်လျှက် သူသတ်ကုန်း၏ ကျောက်မြေ ပေါ်တွင် လိမ့်ပြေးသွားကြ၏။

အဲဒါ ငွေတထောင် . . .၊ သူ့ကို သတ်ပစ်ရင် အကုန်လုံး ဒုက္ခ ဖြစ်ကုန်ရစေ့မယ်၊ ခဏဆိုင်းထားကြ"ဟု မြင်းထက်မှ အော်ပြောလိုက်သံသည် သူသတ်တို့၏ စိတ်နှလုံးများကို ချောက်ချားစေလောက်အောင် အမိန့်ဆံသော အသံဖြစ်နေသည်။ ထိုအသံသည် အရာရာကို လွှမ်းမိုးနိုင်သော၊ မမြင်ရသော စွမ်းအား ရှိသကဲ့သို့ ဖြစ်နေ၏။

ထို့နောက် သူသည် မြင်းကို တပတ်ပြန်လှည့်ပြီး သူသတ်ကုန်းပေါ်မှ စိုင်းပြေးသွားသည်။

သူသတ်များသည် မလှုပ်မရှက် ငေးငိုင်နေ၏။ ထို့နောက် တယောက်သည် ရုတ်တရက် ထိုင်ချလိုက်ပြီး ငွေသားများကို ကုန်း၍ ကောက်လိုက်လေသည်။ သူသည် လောဘရမက်ကြီးစွာဖြင့် ငွေများကို အိတ်ထောင် ထည်းသို့ ကျုံး၍ ထည့်နေသည်။

သူသတ်တယောက်သည် သတိဝင်လာသကဲ့သို့ လှုပ်ရှားလာပြီး "ဘုရင်မင်းမြတ် အမိန့်တော်အတိုင်းဘဲ ဆောင်ရွက်ကြရမယ်" ဟု အော်လိုက်လေသည်။

ထို့နောက် အခြားနှစ်ယောက်သည် သတိဝင်လာပြီး ကျုပ်ရှိရာသို့ ပြေးလာလျှက် ကျုပ်ကို ကိုင်ပေါက်လိုက် လေသည်။

ရုတ်တရက် ဖြစ်သောကြောင့် တကြောင်း၊ ကြိုးတုပ်များကြောင့် တကြောင်း ကျုပ်၏ ကိုယ်မှာ ဟတ်ထိုးလဲကျသွား၏။ သူတို့သည် ကျုပ်အား ခြေထောက်မှ ဆွဲကိုင်လိုက်ပြီး သူသတ်ကုန်း ကျောက်ခဲများပေါ်၌ ဒရွက်တိုက် ဆွဲသွားနေသည်။ သူတို့သည် အလွန်အရေးတကြီး အလျင်စလို ဖြစ်နေကြ၏။ သူသတ်ကျောက်တုံးပေါ်တွင် ကျုပ်အား အလျင်စလိုဖြင့် ပက်လက်မထားကြဘဲ မှောက်လျှက် ဖြစ်နေ၏။ ကျောက်တုံးပေါ်၌ တင်နေသည့် သွေးခြောက်များသည် ကျုပ်၏ ပါးပြင်းနှင့် ပွတ်သပ်သွားကြ၏။ သွေးညှီရနံ့များသည် ကျုပ်၏ နှာခေါင်းထဲသို့ စုပြုံ ဝင်လာသည်။ ကျုပ်၏ ကိုယ်နှင့် ကျောက်တုံးကို ကြိုးဖြင့် တုပ်နှောင်သည်။ အလျင်စလို လုပ်သောကြောင့်လား တမင်ပြုလုပ်ခြင်းလား အကြောင်း တခုခုကြောင့် ကျုပ်၏ ကိုယ်၌ တုပ်နှောင်သည့် ကြိုးတစမှာ လျော့ရဲနေသည်။ ကျုပ်သည် အမှောင်ထည်း၌ မသိမသာ ကိုယ်မှ ကြွက်သားများကို ညှစ်ထုတ်၍ ရုန်းကန်ကြည့်နေ၏။ ထိုကြိုးစမှာ ပြုတ်ထွက်သွားလိမ့်မည်ကို ကျုပ် သိနေပါသည်။

ထို့နောက် မသိမသာ လှုပ်ရှားနေရင်း ကြိုးစကို ဖြုတ်နေသည်။

သူသတ် နှစ်ယောက်သည် ကျုပ်နောက်မှ အသင့် ရပ်နေလျက်။ တယောက်သည် ရထားရှေ့မှ ရပ်နေပြီး၊ တယောက်သည် သူသတ်ပုဆိန်ဖြင့် ကျုပ်၏ လည်ပင်းကို ခုတ်ချလိုက်ရန် အသင့် စောင့်ဆိုင်းနေ၍ အကြီးအကဲဖြစ်သူသည် နောက်ဆုံး အမိန့်တော်ပြန်တမ်းကို ဖတ်ရန် ကျုပ်၏ဘေးမှ စောင့်ရပ်နေ၏။

သူသည် အမိန့်တော်ပြန်တမ်းကို တမင်ပြုနေသကဲ့သို့ နှေးကွေးစွာ ဖြေနေသည်။ ထိုအချိန်ကလေး၌ ရုတ်တရက် လေများ တိုက်ခတ်လာပြီး မိုးသားများကြောင့် စာများကို မမြင်ရနိုင်ဘဲရှိအောင် ဖြစ်သွားနေသည်။ သူသည် တမင် နှေးကွေးစွာ ဖတ်နေသကဲ့သို့ အမိန့်တော် ပြန်တမ်းကို ဖတ်နေသည်။

ကျုပ်သည် ကိုယ်ကို ကျစ်၍ တုပ်ထားသောကြိုးကို ဖြုတ်မြဲဖြုတ်နေ၏။ ကြိုးသည် ပြုတ်တောက်သွားတော့မည်။ ထိုအချိန်၌ သေဒဏ် အသင့်ခံနေရသော ရာဇဝတ်သား၏ စိတ်ဓာတ်များသည် ကျုပ်ကိုယ်မှ ထွက်ပြေးသွားကြပြီး ကျုပ်ထံသို့ တိုက်ပွဲဝင် သူရဲကောင်းတဦး၏ စိတ်ဓာတ်များ ပူနွေးစွာ ဝင်ရောက်လာသည်။

> အသင်. . . . .
> သင်၏ သျှိဝမြို့စား အာဏာတို့အား ရုတ်သိမ်းပြီးဖြစ်၏။
> သင့်၌ မြို့စား၏ အာဏာမရှိပြီ။ သင်သည် သျှိဝမြို့စား မဟုတ်ပြီ။
> သင်၏ သက်တော်စောင့် တပ်မှူးအာဏာအား ဖျက်သိမ်းလိုက်၏။
> သင်ကား သက်တော်စောင့်တပ်မှူး မဟုတ်တော့ပြီ။
> သင်၏ ဝိညာဉ်အား ဤအချိန်မှစ၍ ကျွတ်လွတ်ခွင့်ပြုသည်။

ထိုအချိန်၌ ရုတ်တရက် ဆူညံသော အသံပေါင်းများစွာ ထွက်ပေါ်လာလေသည်။ အသံကြီးများသည် ကောင်းကင်သို့ လျှံထွက်သွားကြ၏။ ဖုံလုံးကြီးများသည် သူသတ်ကုန်းဘက်သို့ ပြေးလာနေသည်။ စစ်တပ်ကြီးများ ချီတက်သံ၊ မြင်းများ ချီတက်သံ၊ စစ်ကြွေးကြော်သံများ ခပ်ဝေးဝေးမှ ပေါ်လာသည်။ မည်သို့ ဖြစ်ပျက်ရသည်ကို နားလည်နိုင်ရန် မရှိတော့ပေ။ ရန်သူများ ဗိဿနိုးမြို့ကို ဝိုင်းရံထားပြီထင်၏။ သို့သော် ရန်သူတို့၏ သတင်းကိုလည်း အစအနမှ မကြားသိခဲ့ရ။ မိုးမှောင်ကျလာပြီး လေများ ကြမ်းတမ်းဆူညံစွာ တိုက်ခတ်လာကြလေသည်။

သူသတ်များသည် ခဏမျှ ငေးငိုင်သွားကြ၏။ ကျုပ်သည် ကိုယ်ကို အားကုန်သွန်၍ ဆောင့်ရုန်းလိုက်၏။ ကျုပ်ကား ကျားတကောင်ကဲ့သို့ သန်စွမ်းနေလျက် ပြတ်လုတဲတဲကြိုးသည် ရုတ်တရက် ပြတ်တောက်သွား၏။ ကျုပ်သည် ရှေ့တည့်တည့် သူသတ်၏ လက်ထည်းမှ ပုဆိန်ကို ခုန်၍ ဖမ်းဆွဲလိုက်၏။ ထို့နောက် အမှောင်ထည်း၌

ပုဆိန်ကို ဝှေ့ယမ်းလိုက်လေသည်။ ထိုခဏအတွင်း၌ ကျုပ်သည် ပုဆိန်ဖြင့် ဒေးဝိုင် အုံ့အားသင့်နေသော သူသတ်တဦး၏ ခေါင်းကို ရိုက်ခွဲချလိုက်လေသည်။ သူ၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံသည် သူသတ်ကုန်းပေါ်၌ အမှောင်ထည်းတွင် ကြောက်မက်ဖွယ် ထွက်ပေါ်လာလေသည်။

ကျုပ်သည် ခြေကို စုံခုန်၍ မှန်းဆသွားနေ၏။ ရုတ်တရက် သူသတ်တို့၏ ဆူသံများ ဆူပွက်သွားနေသည်။ စစ်တပ်ကြီးများ ချီတက်သွားနေကြ သံများသည်လည်း ပို၍ပို၍ များပြားလာနေသည်။ ထို့နောက် လေများ ငြိမ်သက်စ ပြုလာပြီး မိုးသားရှင်းလင်းလျက် အလင်းရောင်များ ပေါ်လာနေသည်။

ကျုပ်သည် မြင်းရထား အနီးသို့ ရောက်နေ၏။ သူတို့သည် ကျုပ်ကို မတိုက်ခိုက်ကြသေးဘဲ ရှေ့မှ ဝိုင်းအုံ လိုက်လာနေသည်။ ကျုပ်က မြင်းရထားကို ကျောဖြင့် မှီလိုက်မိ၏။ ရထားပေါ်တက်၍ မောင်းနှင်ပြေးရန် အကြံမှာ အောင်မြင်တော့မည်။ ထိုအချိန်၌ ရှေ့သို့ အာရုံစိုက်နေခိုက်တွင် ရထားပေါ်မှ ကျုပ်၏ ဦးခေါင်းကို ရိုက်ချလိုက်လေသည်။ ကျုပ်သည် ရှေ့သို့ မှုးမှိုင်းပြီး ဟတ်ထိုးလဲကျ သွားလေတော့သည်။ ကျုပ်အား သူတို့သည် တဖန် ပြန်၍ သူသတ်ကျောက်တုံးရှိရာသို့ သယ်ဆောင်သွားကြလေသည်။ ကိုယ်နှင့် ကျောက်တုံးကို ရစ်ပတ် တုပ်နှောင်လိုက်ကြပြန်လေသည်။

ထိုအချိန်၌ ဘုရင်မသည် နန်းတော်ကြီး၏ အတုလစည်တော်ဆောင်တွင် အတုလ စည်တော်ကြီး ရှေ့မှောက်၌ ငြိမ်သက်စွာ ရပ်တော်မူနေသည်။ ဘုရင်မသည် သက်မဲ့ရုပ်တု တခုကဲ့သို့ မျက်နှာတော်သည် မလှုပ်မရှား ငြိမ်သက်နေသည်။ စူးရှသော မာန်ဟုန်ကြီးသော တန်ခိုးအင်အား ကြီးမားတော်မူသော မျက်လုံးတော်များသည် အတုလစည်တော်ကြီးကို စူးစိုက်လျှက် ရှိနေသည်။

နာယာယနပုံတော်၊ သျှိဝ၊ ဗြဟ္မဏ၊ သူရဿတီတို့၏ ပုံတော်များသည် ခန်းမတော်ဆောင်ကြီး၌ ငြိမ်သက်နေ၏။ အင်းအိုင် ယန္တယားနှင့် ဆိုင်ရာများ၊ ကမ္မဝါကျမ်းစာများ၊ ယန္တယားနှင့် ဆိုင်သော လုပ်ရပ်ပစ္စည်းများ၊ ဂန္ဓာရီအတတ်နှင့် ဆိုင်ရာ အဇီဝ ရုပ်ကြွင်းများသည် ခန်းမတော်ဆောင်၌ ငြိမ်သက်နေလျှက်၊ နံ့သာပေါင်းစုံကို မီးရှို့ပူဇော်ထားသည့် မွှေးရနံ့ထုံသော မီးခိုးငွေ့များသည် လေသာပေါက်များကို လူလျှက်ရှိနေကြသည်။ နတ်ဗြဟ္မာတို့၏ ဘုံပြာသာဒ်များ၊ ကမ္ဘလာ အနီထည်ကြီးများသည် အရာဝတ္ထု အားလုံးအပေါ်သို့ လွှမ်းမိုးနေသည်။ ဘုရင်မ၏ ရပ်တော်မူနေပုံသည်ပင် အဇီဝ ရွှေစင်ရုပ်တုတခုနှင့် တူနေလျှက် မန္တယား အတတ်ပညာများဖြင့်ပြီးသော ဝိဇ္ဇာမယ အရှင်မကိုယ်တော်တိုင် ခန်းမတော်ဆောင်၌ ရောက်ရှိနေဘိသကဲ့သို့ ရှိလေသည်။ အသံဗလံဟူသမျှ ခန်းမတော်ဆောင်၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

အပြင်၌မူ လေပြင်းများ တိုးဝှေ့နေသည်။ သို့သော် လေများသည် အထပ်ထပ်သော ခန်းဆီးကမ္ဘလာတို့ကိုမူ မတိုးဝှေ့နိုင်။

ဗိဿနိုးရုပ်တုတော်၏ ရှေ့၌ ရသေ့သူမြတ်သည် အသံတိုးတိုးဖြင့် ယန္တယားအတတ်နှင့်ဆိုင်ရာ ဂါထာမန္တာန်ကို စတင် ရွက်ဖတ်သည်။ အရှင်သူမြတ်၏ ဂါထာရွက်ဖက်သံမှာ အိုမင်းမစွမ်းသံ၊ သြဇာထက်မြက်လှသံ၊ ကြောက်မက်ဖွယ်၊ တုန်လှုပ်ဖွယ်၊ အသည်းနှလုံး ချောက်ချားဖွယ် ထွက်ပေါ်လျှက် ရှိနေသည်။ ဗိဿနိုးအရှင် ကိုယ်တိုင်လိုက်၍ ရွက်ဖက်ပေးနေဘိသကဲ့သို့ အုတ်နံရံများမှ ပဲ့တင်သံများသည် မြည်ဟိန်းနေ၏။

ဘုရင်မ၏ ပိုးပုဝါ ခြုံထည်လွှာသည် အတုလ စည်တော်၏ အောက်ခြေ၌ ပုံလျှက်ကျနေ၏။ ယိမ်းနွဲ့လျှက်ရှိသော မီးညွှန့်များသည် အရှင်မ၏ ကိုယ်ပေါ်၌ တဖျတ်ဖျတ် ကျနေသည်။

ဤဗိဿနိုးမြို့တော်ကြီးအား အရှင်ရသေ့ သူမြတ်သည် ဦးဆောင်၍ တည်ဆောက်ခဲ့၏။ ယခင်အခါက

ဤဗိဿနိုးမြို့မှာ ရှေး ပဝေဏီက မြို့ဟောင်းကြီး တခုအဖြစ်ဖြင့် တောကြီးမျက်မည်းတည်း၌ တိမ်မြုပ်နေခဲ့၏။ ရသေ့ သူတော်စင်သည် တော အရပ်ရပ်၌ လှည့်လည်၍ ဥပုသ်ခူတင် ဆောက်တည်နေစဉ်၌ နို့စို့ သားအရွယ် ကလေးငယ်မျှသာ ဖြစ်သော အရှင်မအား တွေ့ရှိကောက်ယူ၍ သမီးအဖြစ် မွေးခဲ့၏။ ထိုသို့ ကောက်ယူခဲ့သည့် ညဉ့်ပင် အရှင် နာယာယန နတ်မင်းကြီးက အိပ်မက်ဖြင့် အို အရှင်သူတော်စင် ကျွန်ုပ်၏နှမငယ်အား အသက်၏ လက်သို့ အပ်နှင်းပြီးပေပြီ။ သူ့အား သာကီသွေးတွင် ဝင်စားစေ၍ သင့်ထံပေးပို့ခဲ့ပြီးပြီ။ သင့်၌ ကျွန်ုပ်ကိုယ်စား တာဝန်တင်ပေပြီ။ ဟူ၍ ပြောကြားခဲ့၏။

ထို့ပြင် နောက်ညဉ့်လည်း အိပ်မက်ဖြင့်ပင် ကရစ်သျှန အရှင် ဘုရားကိုယ်တော်တိုင် ယခု ချစ်သား၏ လက်ဝယ် ရောက်ရှိနေသူကား ငါ၏ သမီးတော် ဖြစ်ချေသည်။ ဟူ၍ မိန့်မြွက်တော်မူသည်။ ထို့နောက် အရှင့်သမီးတော် အရွယ်ရောက်စ၌ ဤ ဗိဿနိုးမြို့တော်ကြီးအား အိပ်မက်ကိန်းခန်း၊ တဘောင်ကိန်းခန်းအရ အသစ်တဖန် တည်ထောင်စဉ်က မြို့ဟောင်း၏ တခုသော၊ ကြီးမားလှစွာသော လိုဏ်ကြီးအတွင်းမှ ဤ ကြီးမားလှစွာသော အတုလမည်သည့် စည်တော်ကြီးကို ရရှိခဲ့ပေသည်။

များမကြာလတ်မီ ကာလ၌ ဖ-ကရစ်သျှနသည် လည်းကောင်း အရှင်နာယာယနသည် လည်းကောင်း အိပ်မက်ဖြင့် တဖန်။ ဤ မဟာ အတုလအား ဂါထာမန္တာန်တို့ဖြင့် ရသေ့သူမြတ် စီရင်စေ၍ အကြောင်းကြီးစွာ ဖြစ်ဘိ၍၊ တီးခတ်ချေလျှင် ဗိဿနိုး၏ ပတ်လည်၌ ဝန်းရံကုန်သော ချောင်းတို့၌ ကြောက်မက်ဖွယ်ရာ ရေများ လျှံစေချိမ့်မည်။ ဟူ၍ မြွက်ကြားတော် မူဘိသည်။

ယခု. . . . အရှင်သူမြတ်၏ ဂါထာမန္တာန်များ ရွတ်ဖတ်တော် မူနေစဉ်၌ နန်းတော်ကြီးလှေကား စမုခ်တွင် စစ်မှုရေးရာနှင့် ပတ်သက်ကုန်သော ပုဂ္ဂိုလ်အပေါင်းသည် အရှင်မ၏ ကြွလှမ်းအလာကို စောင့်မျှော်နေကြကုန်၏။ စစ်သေနာပတိသည် ငြိမ်သက်စွာ စိတ်မရှည်နိုင်စွာ စောင့်ဆိုင်းနေ၏။ စစ်သည်တပ်များကို ရန်သူနှင့် ထွက်တွေ့ရန် ချီတက်စေပြီး ဖြစ်သော်လည်း အရှင်မအထံတော်မှ တိုက်စေအမိန့်ကား မရသေး။ ရန်သူများကား နီးကပ်နေပြီး မိုးခြိမ်းသံကဲ့သို့ ကြီးမားသော ရန်သူများ စစ်ချီလာသံမှာ တရွေ့ရွေ့ နီးကပ်လာနေပြီ။

မြို့တော်ဝန် သူဇုသည် အသားတဆက်ဆက် တုန်ယင်နေလျှက် နှုတ်ခမ်းကို ပြတ်လုပြတ်ခင် ကိုက်ထား၏။ သတင်း တစုံတရာမျှပင် မရရှိဘဲ သီရိခေတ္တရာတပ်မကြီးသည် အဘယ်ကြောင့် ဤမျှအချိန်တိုတောင်းစွာ ချီတတ်လာနိုင်ရဘိသနည်း။ အဘယ်ကြောင့် စစ်သည်အင်အားကောင်းသော စစ်တားမြို့အား လျှပ်တပြက် အတွင်း၌ သိမ်းပိုက်နိုင်ရသည်နည်း။ ပုရွက်အုံကဲ့သို့ ဆင်၊ မြင်း၊ ခြေလျင်တပ်မကြီးများသည် စစ်အကြောင်း ကြောင်း ခွဲ၍ ယခု ချီတတ်လာနေကြပြီ။

နန်းတော်ကြီးနှင့် တွဲစပ်ထားသော တောင်ဘက်က မျှော်ကြည့်စင်မှ အထိန်းတော်ကြီးနှင့် အပျိုတော်နှစ်ဦးသည် တက်ရပ်ပြီး မြို့၏တောင်ဘက် တံခါးကို စူးစိုက်ကြည့်နေသည်။ အောက်ဘက်၌ ဗိဿနိုးမြို့တော်သည် ပြားချပ်နေ၍ ရပယ်သည် ရစ်ခွေထားသော ဆယ်လွန်းတင် ကြိုးတစကဲ့သို့ ဖြစ်နေသည်။ လေပြင်းများသည် သူတို့ကိုယ်ပေါ်မှ ပုဝါများကို ကျွတ်ပါသွားတော့မည့်အတိုင်း ဆွဲယူနေသည်။ အထိန်းတော်ကြီးသည် မျက်လုံးကို စုံမှိတ်မိတော့မည်အတိုင်း ဖြစ်နေလျှက် သူ့အသားတို့မှာ ကြောက်စိတ်ဖြင့် တဆတ်ဆတ် တုန်နေလေသည်။

အနောက်ဘက် လွန်စွာဝေးလံသော အရပ်၌ ဖုံလုံးကြီးများသည် ကောင်းကင်သို့ တိမ်တိုက်ကြီး တခုကဲ့သို့ လာနေသည်။ ထိုမှ စစ်ညာသံများသည် လေနှင့်အတူတူ ခပ်သဲ့သဲ့ ရောက်ရှိလာနေသည်။ ထို့နောက် ကြည့်နေရင်း ကြည့်နေရင်းပင် ဖုံလုံးကြီးများအောက်၌ အပြင်း ချီတက်နေသော ရန်သူ စစ်ကြောင်းများကို မြင်လာရသည်။

နောက်ဆုံး၌ ဖုံလုံးကြီးများသည် ရပယ်ချောင်း အခြေသို့ ဆိုက်ရောက်လာလေသည်။ ရပယ်ချောင်း အတွင်းသို့ ကြီးမားသော စစ်ကြွေးကြော်သံများကို ပြုလျှက် ဆင်းသက်နေသည်။ ရှေ့ဆုံးမှ မြင်းတပ်၊ အလယ်မှ ခြေလျင်တပ် နောက်ဆုံးမှ ဆင်တပ်ကြီးများကို သဲသဲကွဲကွဲ မြင်တွေ့နေရသည်။

ထိုစဉ်တွင် တပ်၏ရှေ့ဆုံးမှ မြင်းသုံးစီးသည် တပ်မမှ ခွဲထွက်ပြီး ရှေ့သို့ တဟုန်ထိုး ပြေးလာနေသည်။ သူတို့အား တစုသည် နောက်မှ လိုက်၍တိုက်နေကြ၏။

ထိုအချိန်၌ ဗိသနိုး၏ တပ်မတခုသည် ချောင်းအတွင်းသို့ ဆင်းသက် ပြေးသွားလေသည်။ ထိုတပ်မနှင့် သီရိခေတ္တရာတပ်များ နဖူးတိုက် တွေ့ဆုံပြီး အားလုံး ရောရောထွေးထွေး ဖြစ်ကုန်ကြလေသည်။ သီရိခေတ္တရာ တပ်အပေါင်းသည် ကျယ်ပြန့်သော ချောင်းပြင်ကြီး တခုလုံး ဖြန့်၍ တက်နေ၏။

“အချိန်ကျဘီ”ဟု အထိန်းတော်ကြီးသည် အော်၍ ပြောဆိုလေသည်။ လေများ ပြင်းစွာတိုက်ခတ်နေသဖြင့် အနီးမှ အပျိုတော် နှစ်ဦးကြားအောင်ပင် မနည်းအော်ပြောရလေသည်။ ထို့နောက် သူတို့သည် အတုလ စည်တော်ဆောင်နှင့် ဆက်သွယ်ထားသော ကြိုးကို အားကုန်ကိုင်လှုပ်လိုက်ကြလေသည်။

အတုလစည်တော်အနီးမှ ငွေခေါင်းလောင်းများသည် တခုပြီးတခု ဆက်တိုက် လှုပ်နေတော့သည်။

ဘုရင်မသည် သက်မဲ့ ရုပ်ကြွင်းတခု အသက်ဝင်လာသကဲ့သို့ ဖြေးလေးစွာ စည်တော်တုကို ကိုင်မြှောက် လိုက်လေသည်။ စည်၏ မျက်နှာပြင်သည် လေတိုးလျှင်ပင် မြည်တော့မည့်အတိုင်း ကြွနေသည်။ အရှင်မ- တချက်ချင်း ထုလိုက်သောအခါ စည်တော်သံသည် ပြင်းထန်လှစွာ မြည်ဟိန်းလှစွာ မြေသိမ့်သိမ့်တုန်၍ ထွက်ပေါ်သွားနေသည်။

အရှင်မ၏ မျက်နှာတော်သည် ဝိဇ္ဇာယမ အရှင်တပါး နတ်သမီးတပါး၏ မျက်နှာတော်နှင့် တူနေ၏။ မျက်တောင် မခတ်၊ ပါးစပ် မလှုပ်၊ မျက်လုံးမရွေ့၊ မျက်ခုံးမပင့်၊ အသက်မရှူ ဝိညာဉ်တခု လှုပ်ရှားနေသည်နှင့်မခြား၊ မြင်ရပုံမှာ ကြောက်ရွံ့ဖွယ် တုန်လှုပ်ဖွယ် ဖြစ်လေသည်။

အမှောင်ထုကြီးသည် အလွန် ပိတ်သည်းစွာ ရုတ်တရက် လွှမ်းခြုံလိုက်လေသည်။ မည်သည့်အရာကိုမျှ မမြင်ရတော့ပေ။ ပြင်းထန်စွာ တိုက်ခတ်နေသော လေများသည် အလျင်းငြိမ်သက်သွား၏။ မျှော်ကြည့်စင် ထက်တွင် မိန်းမသုံးဦးသည် တဦးကို တဦး ကြောက်ရွံ့တုန်လှုပ်စွာ တင်းကျပ်စွာ ပွေ့ဖက်လိုက်ကြလေသည်။

အမှောင်ထုကြီး ရုတ်တရက် ကျလာချိန်တွင် ကျုပ်သည် ကြိုးကို ဆောင့်ရုန်းလိုက် ပြန်လေသည်။ သည်တကြိမ်တွင်လည်း အလွန်အံ့အားသင့်စဖွယ်ပင် ကြိုးသည် တမင်တနေရာရာမှ ဖြတ်ထားသကဲ့သို့ အလွယ်တကူဖြင့် ပြတ်ထွက်ပြေး၏။ ကျုပ်လည်း လျင်မြန်စွာ ဘေးဘက်သို့ ခုန်ထွက်လိုက်လေသည်။ ထိုအချိန်၌ပင် ကျုပ်၏ ဦးခေါင်းရှိခဲ့ရာ နေရာသို့ ပုဆိန်သွားနှစ်လက် ဆင့်ကဲဆင့်ကဲ ကျသွားပြီး အမှောင်တိုက် ထည်း၌ မီးပွင့်များ လက်သွားလေသည်။

ကျုပ်သည် အနိမ့်ပိုင်းဘက်သို့ ကိုယ်ကို လှည့်ပြီး လူဆင်းပြေးသွားသည်။ ထို့နောက် ကျုပ်၏ကိုယ်သည် သစ်ပင်တခုတွင် ကန့်လန့်ခံကာ ရှေ့ဆက် မလိမ့်နိုင်ဘဲ ရပ်သွားလေသည်။

အမှောင်ကြီးထည်းမှ ကြောက်မက်ဖွယ် မြေတုန်ဟီးသံကြီးများ ပေါ်လာလေသည်။ အသံကြီးများသည် ဗိသနိုး၏ ပတ်လည်၌ အလွန်လျင်မြန်စွာ ပြေးသွားသည်။

ရပယ်ချောင်းသည် ရေအားကြီးလှစွာ ကျနေလေပြီ။ ရေလုံးကြီးများသည် အမှောင်ထည်း၌ ကြီးမားလှသည့် အသံကြီးများ ဖြစ်စေလျှက် သက်ရှိသက်မဲ့ ရှိသမျှကို အဟုန်ပြင်းစွာ ဝါးမျိုပြိုဆင်းနေ၏။ ကြီးမားလွန်းလှသော ရေလုံးကြီးများ နောက်၌ ဆင်ကြီးများပင် ဒလိန့်ခေါက်ကွေး မျောပါသွား၏။ လူများအော်သံ၊ မြင်းများဟီသံ၊ ဆင်အော်သံကြီးများသည် ဘဝင်လျှံမျှ ဖြစ်နေလေသည်။

ကျုပ်သည် သစ်ပင်ကို ရှောင်လိုက်ပြီး ဆက်၍ လိုမ့်ဆင်းနေလိုက်လေသည်။ သူသတ်များသည် အမှောင်ကြီး ထည်း၌ မကြုံစဖူး ထူးဆန်းလှသောကြောင့် အံ့အားသင့်လွန်းနေကြမည်။ မှောင်ထည်း၌ ကျုပ်ကို မမြင်ရ။ ရေကျသံများကြောင့် ကျုပ်၏လက်မှ သံကြိုးသံများကို မကြားကြရ။ ကျုပ်သည် နောက်ဆုံး၌ သူသတ်ကုန်း၏ အောက်ခြေသို့ ရောက်နေ၏။

အတော်ကြီးကြာလှမှ အမှောင်ထုကြီးသည် တစတစ ပါးလိုက်လာနေသည်။ သူသတ်ကုန်း၌ ထ၍ ရပ်နေကြသော သူသတ်များကို မသဲမကွဲ လှမ်းမြင်နေရ၏။ ကျုပ်ကား မြေပြင်၌ ပြားပြားဝပ်နေ၏။ အမှောင်ထုကြီး ပြယ်သွားတော့မည်ကို အလွန်အမင်း ကြောက်ရွံ့နေသော်လည်း အမှောင်ထုကား ပါး၍ လိုက်လာနေလေပြီ။

"ဟိုမှာ"ဟု တယောက်က အော်၍ ပြောလိုက်ပြီး ကုန်းပေါ်မှ ပြေးဆင်းလာလေသည်။ သူ့နောက်မှ ကျန်လူ လေးယောက်ပါ ရှေ့ဆင့်နောက်ဆင့် ပြေးလိုက်လာသည်။ ကျုပ်သည် မတ်မတ်တောင့်တောင့် ရပ်လိုက်၏။ ကျုပ်အား ရှေ့ဆုံးမှလူသည် ပုဆိန်ဖြင့် အပေါ်စီးမှ နဖူးတည့်တည့်အား အားကုန် လွှဲခုတ်ချလိုက်၏။ ကျုပ်လည်း လက်မှ သံကြိုးဖြင့် ဆီး၍ ခံလိုက်၏။ ထို့နောက် ဇရက်ခုန်သကဲ့သို့ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

သို့သော် အောက်ဘက်မှ မမြော်လင့်ဘဲ မြင်းခွာသံများ ကြားလိုက်ရလေသည်။ မြင်းစီးသမားသည် သူသတ်ကုန်း ပေါ်သို့ ပြေးတက်လာပြီး နောက်မှ ပြေးလိုက်လာသူ လေးဦးရှေ့၌ မြင်းနှင့် ဖြတ်ရပ်ပြီး ဒိုင်းတစင်းကို မြှောက်လျှက် အော်ဟစ်လိုက်လေသည်။ သူသည် သူသတ်လေးဦးအား မြင်းနှင့် အပြင်းလိုက်၍ တိုက်နေပြီး လက်တွင်းမှ ဒိုင်းကြီးကို တလွှားလွှား မြှောက်၍ ရိုက်နေသည်။ ထို့နောက် သူသတ်လေးဦးမှ သုံးဦးသည် ကုန်းပေါ်၌ လဲကျသွားလေသည်။

ကျုပ် အံ့အားသင့်နေစဉ်၌ ကျုပ်အား ခုတ်နေသူသည် အဝေးသို့ ပြေးထွက်သွားနေသည်။ မြင်းသည် ကျုပ်ရှိရာ အနိမ့်ဘက်သို့ ခြေကုတ်ဆင်းလာနေသည်။ သူသည် ကျုပ်ဘေး၌ ရပ်ပြီး မြင်းပေါ်မှ ခုန်ဆင်းသက် လိုက်လေသည်။ သူ့အသားများမှာ မဲနက်ပြီး ပြောင်နေသည်။

သူ့ကို တခဏ၌ ကျုပ်သည် မှတ်မိသွား၏။

"ဘယ်က လာတာလဲ သမာန"ဟု မေးလိုက်လေသည်။
"အလို. . . မြို့စားလေး၊ ကျွန်တော့်ကို မှတ်မိနေတယ်ကိုး"
"ရုပ်တော့ မမှတ်မိဘူး၊ ဒါပေမယ့် ပုဆိန်ကိုင်ထားတဲ့ လူသုံးဦးကို ဒိုင်းတလက်ထဲနဲ့ တခဏချင်း ရိုက်လှဲနိုင်တာ သမာနကလွဲရင် မဖြစ်နိုင်ဘူး"

သူသည် ကျုပ်ရှေ့၌ ထိုင်လိုက်ပြီး လက်တွင်းမှ အလွန်စားသော ဓားသွေးကျောက်တုံးငယ် တခုဖြင့် ပွတ်တိုက် ဖြတ်တောက်နေသည်။ မကြာမီပင် လက်များခြေများမှ သံကြိုးများပြတ်ကုန်ကြလေသည်။

ကျုပ်သည် အမင်္ဂလာ ရထားနီတွင် ကထားသော ရှေ့ဆုံးမှ မြင်းကို ပြေး၍ ဖြုတ်လိုက်လေသည်။

"ကျုပ်တို့ နန်းတော်ဘက်ကို သွားရမယ်"ဟု သမာနက ပြောလေသည်။

ကျုပ်ရောသူပါ ရာဇဝတ်သားများ ဖြစ်၏။ ယခု နန်းတော်သို့ သွားမည်ဆို၏။ ကျုပ်မည်သို့မျှ နားမလည်နိုင်တော့ပေ။ သို့သော် သူသည် ထိုမျှသာ ပြောသွားပြီး သူ့မြင်းကို ရှေ့မှ စိုင်းသွားလေသည်။

ထိုအချိန်၌ သူသတ်ကုန်းဘက်သို့ ပြေးလာနေသော မြင်းဆယ်စီးကို လှမ်းမြင်ရလေသည်။ ကျုပ်တို့သည် ခဏမျှ ဘေးဆင်းပြီး ငြိမ်ရပ်နေကြ၏။ "ငွေယူထားတာကိုးကွ. . ၊ ဒါပေမယ့် ဟိုအကောင် သေနေလောက်ပါဘီ"ဟု မြင်းတစီးပေါ်မှ ပြောလိုက်သံလိုလို ကြားရသည်။ ထိုမြင်းဆယ်စီးသည် သူသတ်ကုန်းပေါ်သို့ ပြေးတက်သွားကြလေသည်။

မြို့အတွင်း၌ လူအများသည် ပျားပန်းခတ် လှုပ်ရှားပြေးလွှားနေသည်။ "အခု သီရိခေတ္တရာသားတွေ ရေနောက်ပါကုန်ကြဘီ"ဟု ပြောနေသံများသည် နေရာအနှံ့၌ ဆူပွက်နေ၏။ နေရာအနှံ့၌ အော်ဟစ် ဆူညံနေသံများဖြင့် ပြည့်နေ၏။ "အရှင်မ၏ ဘုန်းကံသမ္ဘာ၊ အရှင်မ၏ ဘုန်းကံသမ္ဘာ"ဆိုသော စကားများဖြင့် နေရာတကာ၌ လျှံနေလေသည်။

ကျုပ်တို့သည် မြို့ကို ဖြတ်ကျော်သွား၏။ ထို့နောက် နန်းတော်ဝင်း အဝင်၌ "သမာန. . ငမင်မြို့စားဟောင်း" ဟု ပြောလိုက်ရုံဖြင့် ဝင်ခွင့်ပြုလိုက်ကြ၏။ ကျုပ်သည် အံ့အားသင့်နေ၏။ သမာနသည် နန်းတော်ဝင်း အတွင်းသို့ပင် မြင်းပေါ်မှ မဆင်းသက်ဘဲ စီးလျက်ရှိနေပေသည်။

ဤတိုတောင်းလွန်းလှသော အချိန်တိုကလေး၌ မည်သည့် အဖြစ်အပျက်မျိုးများနှင့် ကြုံတွေ့နေရသနည်း။ ဖြစ်ပျက်ပြောင်းလဲ နေရသည်တို့မှာ အိပ်မက်တခုကဲ့သို့ အပြောင်းအလဲ မြန်ဆန်နေသည်။

ရှေ့မှောင်ပျပျထည်း၌ အတုလ စည်တော်ဆောင်ရှေ့ မြက်ခင်းပြင် နံဘေး၌ ရပ်တန့်နေသော လူနှစ်ယောက်ကို လှမ်းမြင်ရလေသည်။ သူတို့သည် မြင်းခင်းပြင်ပေါ်၌ ရပ်တန့်နေ၏။ ကျုပ်တို့သည် မြင်းပေါ်မှ ခုန်ဆင်းလိုက ကြ၏။ ထို့နောက် သမာနသည် ထိုသူ နှစ်ယောက်ရှိရာသို့ သွားနေသည်။ သူတို့ နှစ်ယောက်သည် မှောင်ရိပ်ထည်း၌ ပြေးလာပြီး. . .

"တပ်မှူး. . . အို သျှိဝမြို့စားမင်း. . "ဟု ခေါ်လိုက်လေသည်။
"ဒက္ခဏာနဲ့ ပါလပါလား"
"ဟုတ်ပါတယ်"
"ငါတော့ သိပ်အံ့သြနေဘီ"

ကျုပ်သည် ပါလ၏ ပခုံးကို ဖက်ယမ်းလိုက်မိ၏။ ထို့နောက် ဒက္ခဏာ၏ ပခုံးကို လှမ်းဆုပ်လိုက်မိ၏။ ဒက္ခဏာ ပခုံး၌ ဒဏ်ရာကြီး တခုမှာ သွေးများစိမ့်နေသည်။ သူတို့သည်လည်း ပင်ကိုယ် အသားအရောင် မဟုတ်ကြတော့ပေ။ သို့သော် ဒဏ်ရာကြီး ကြီးကျယ်စွာ ရထားပါလျက် ပြုံးနေနိုင်သေးသော ဒက္ခဏာ၏ မျက်နှာပေါ်မှ အပြုံးကိုမူ အမှောင်ရိပ်ထည်းတွင်ပင် ကျုပ်သည် မှတ်မိနေ၏။

"နောက်မှပြောမယ်. . . ၊ သျှိဝ မြို့စားလေး မသေသေးဘူးဆိုတာလဲ ကျွန်တော်တို့ အလွန် အံ့အားသင့်ဝမ်းသာစရာ ဖြစ်နေတာလဲ. . "ဟု သမာန၏ ပြောသံသည် နံဘေးဘက်မှ ပေါ်လာနေလေသည်။ သမာန၏ လက်ထည်း၌ အထုပ်တခု ဆွဲကိုင်လာသည်။

အတုလ စည်တော်ဆောင်ရှေ့၌ တံခါးမှူးသည် ရှေ့ဘက် မြက်ခင်းပြင်သို့ ထွက်လာပြီး "ဝင်ခွင့်ပြုပါပြီ. . "ဟု ပြောလိုက်လေသည်။ ပါလနှင့် ဒက္ခဏာသည် ကျုပ်အား တဖက်တချက် ကိုင်ထားပြီး အတုလဆောင်ဘက်သို့ သွားနေသည်။

သမာနသည် ရှေ့ဆုံးမှဖြစ်လျက် အတုလဆောင်၏ ခန်းဆီးစကို တွန်းဖယ်ပြီး ဝင်ရောက်လိုက်လေသည်။ အထည်းခွဲမှု ဖယောင်းမီးညွန့် မီးရောင်များဖြင့် လင်းထိန်နေသည်။ အရာရာသည် ငြိမ်းချမ်းလျက် ရှိသည်ဟူ၍ ဖော်ပြနေသည်။ အရှင်ရသေ့သည် ဗိဿနိုးရုပ်တု ရှေ့မှောက်တွင် ဦးခေါင်းငုံ့ထားလျက် အရုပ်တခုကဲ့သို့ ငြိမ်သက်နေသည်။

ပါလ၏ မျက်နှာမှာ ငြိမ်သက်နေလျက်၊ ဒက္ခဏာ၏ မျက်နှာမှာ အောက်သို့ငုံ့၍ စိုက်ထားသည်။ သူတို့ သုံးဦး၏ ကိုယ်ပေါ်တွင် ဝတ်ထားသည့် အဝတ်အစားများမှာ ဟောင်းနွမ်းစုတ်ပြတ် နေကြလေသည်။ ဒက္ခဏာ၏ အင်္ကျီမှ သွေးများ တစိမ့်စိမ့်ထွက်နေလျက် သူသည် ဒဏ်ရာလေးငါးချက်ရပြီး ပခုံးမှ ဒဏ်ရာမှာ ပြင်းထန်ပုံရလေသည်။

သမာနသည် ပုဆစ်ဒူးတုပ် ထိုင်ချလိုက်ကာ သူ့အထုပ်ကို ရှေ့၌ထားလိုက်လေသည်။ ထိုအချိန်တွင် ငြိမ်သက်နေသည့် ဘုရင်မသည် အသက်ဝင် လှုပ်ရှားလာသကဲ့သို့ နေရာမှ ရှေ့ဘက်သို့ လှမ်းထွက်လာပြီး အလွန်စိပ်သော လှေကားထစ်ကလေးများပေါ်မှ နင်းပြီး ဆင်းသက်လာနေသည်။

သမာနသည် သူ့အထုပ်ဖြေလိုက်ရန် လက်ကို ပြင်လိုက်လေသည်။ ထုပ်လာသည့် အဝတ်မှာ သိုရင်း အင်္ကျီ အဖြူကြီး ဖြစ်နေကာ သီရိခေတ္တရာ အမှတ်အသားများပေါ်၌ သွေးများဖြတ်၍ စီးနေလေသည်။

"ပဋ္ဌင်းဖြူရဲ့ ဦးခေါင်းကို ကျွန်တော်များ ယူဆောင်လာခဲ့ပါတယ် အရှင်. .၊ သက်သေအဖြစ် သူ့ဦးခေါင်းကို တင်ဆက် ပြသလိုပါတယ် အရှင်"ဟု သမာနသည် ငြိမ်သက်စွာ လျှောက်ထားနေသည်။

"ငမင်မြို့စားလား"
"ကျွန်တော် ငမင်မြို့စားဖြစ်ပါတယ်"
"ပဋ္ဌင်းဖြူရဲ့ ခေါင်းလား"
"ကျွန်တော်များ ဖြတ်လာတာ ပဋ္ဌင်းဖြူရဲ့ခေါင်း ဖြစ်ပါတယ် အရှင်. .၊ လိုအပ်ရင် ဖြေလိုပါတယ်၊ ပြီးတော့ ပဋ္ဌင်းဖြူရဲ့ သိုရင်းအင်္ကျီထဲက စာသဝဏ်လွှာများ ပါလာပါတယ်"

"အထုပ်ကို မဖြေနဲ့ ငမင်စား"ဟု ဘုရင်မသည် တိုးတိုးသက်သက် မိန့်မြွက်တော်မူလိုက် လေသည်။

ငမင်စား တင်ဆက်သည့် စာသဝဏ်လွှာများကိုမူ တခုချင်းကောက်ယူ ဖတ်ရှုတော်မူနေသည်။ နောက်ဆုံးတွင် အရှင်သည် အလွှာလိပ်တခုကို ကျုပ်၏ ရှေ့သို့ ပစ်ချပေးလိုက်လေသည်။

"ဖတ်ရှု ကြည့်ရှုပါအုံး သျှိဝမြို့စားလေး"ဟု အရှင်မ၏ မိန့်မြွက်လိုက်သံသည် ရှေ့နားမှ တိုးတိုးသက်သက် ပေါ်လာလေသည်။

ကျုပ်သည်လည်း စာသဝဏ်လွှာလိပ်ကို ဖြေးဖြေးဖြန့်လိုက်သည်။ ကျုပ်သည် တလုံးချင်း အသံထွက်ပြီး ဖတ်ရှုကြည့်နေ၏။

မင်းတြားကြီး၏ သက်တော်ရှည် မြို့တော်ဝန်မင်း ဘုရား. . .။
လာမည့် လဆန်းလေးရက်၌ ကျုပ်၏ ဉပါယ်တမျဉ်ကြောင့် ပန်ထွာ မင်းသမီးငယ်၏
သူလျှိုတပ်မှူး၊ သျှိဝမြို့စားငယ်အား ကွပ်မျက်မည်။

ကျွန်ုပ်လည်း စစ်တား၌ အစစအရာရာ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ကျွန်တော်ခံ၊
ဘာတရ

ကျုပ်သည် မိမိ လျှောက်တင်ခဲ့သော စကားများကို ပြန်၍ သတိရနေ၏။ ယခု ထိုအတိုင်း ဖြစ်ပျက်ခဲ့ရကြောင်းမှာ ရှင်းလင်းသွားလေပြီ။ ထိုခဏ၌ ကျုပ်သည် ကလေးငယ်တဦးငယ်ကဲ့သို့ ရင်ထည်းတွင် ဆို့သိပ်နေသည်။

"ရပယ်ချောင်းထဲမယ် သင်တို့ မြင်းသုံးစီး တိုက်ခိုက်နေတာကို ကျွန်ုပ်ရဲ့ အထိန်းတော် မြင်တွေ့နေခဲ့ပါတယ် သမာန၊ ကဲ. . အနားယူဘို့ ပြန်နိုင်ကြပါဘီ၊ မနက်ဖြန် ညီလာခံကို လေးဦးစလုံး တက်ရောက်ကြပါ"

သမာနသည် သူ့အထုပ်ကိုကောက်၍ ယူနေလေသည်။ သမာနသည် ရှေ့ဆုံးမှ ဝပ်တွားလျှက် ထွက်ခွာသွားပြီး ပါလနှင့် ဒက္ခဏာသည် နောက်မှ ခပ်ဖြည်းဖြည်း ထနေသည်။ ပါလသည် ဒက္ခဏာ၏ ပခုံးကို ဆွဲ၍ ထူပေးနေသည်။

ကျုပ်သည် ဘာရတ၏ အလွှာကို ပြန်၍ ပေးဆက်နေ၏။ ပါလနှင့် ဒက္ခဏာသည် တောက်ပသော ခန်းဆီးစကို ဖယ်ရှားပြီး အပြင်ဘက်သို့ ရောက်သွားနေလေပြီ။ ကျုပ်သည်လည်း နေရာမှ နောက်ဖက်သို့ ဆုတ်သွားနေ၏။

ထိုအချိန်တွင် "သျှိဝမြို့စားလေး. . . "ဟု ခေါ်လိုက်လေသည် ထင်သည်။

ကျုပ်သည် ဦးခေါင်းကို ငုံ့နေလျှက် မတ်မတ် ရပ်တန့်နေလိုက်လေသည်။

"မင်းကို သစ္စာဖောက် တဦးဖြစ်တယ်လို့ ကျွန်ုပ် မယုံခဲ့ပါဘူး"

ကျုပ်သည် ဦးခေါင်းကို ငုံ့ထားကာ အလွန်ငြိမ်သက်စွာ ရပ်နေကာ စိတ်ထည်း၌ အလိုလို ဝမ်းနည်းကြေကွဲ လာနေမိလေသည်။ ဤအချိန်၌ ဤကမ္ဘာမြေပေါ်၌ အရှင်နှင့် ကျုပ် နှစ်ဦးတည်းသာ ကျန်ရစ်နေတော့သလို စိတ်ထည်း၌ ခံစားနေမိပေသည်။

အရှင်သည် အလွန် ညင်သာလှစွာဖြင့် ရှေ့သို့ တိုးလာနေပါသည်။ အရှင်၏ အသက်ရှူရှိုက်တော်မူနေသံကိုပင် ကျုပ် ကြားနေရတော့သည် ထင်ပါသည်။ ကျုပ် အရှင့်မျက်နှာကို မော့၍ ဖူးမျှော်လိုက်ချင်ပါသည်။ အရှင်၏ တောက်ပနေသော မျက်လုံးတော်များကို ကြည့်လိုက်ချင်ပါသည်။ ကျုပ်က အရှင့်ပေါ်၌ အပြစ်ဟူ၍ မြူမျှ မတင်ပါကြောင်း လျှောက်ထားချင်ပါသည်။

သို့သော် ထိုအခါတွင် ကျုပ်သည် စိတ်ကို မထိန်းနိုင်အောင် လှိုက်လှဲကြေကွဲနေသည်။ သည်းထန်စွာ အော်ဟစ် ငိုကြွေးပစ်ချင်နေသည်။

"ကျွန်ုပ်ကို ခွင့်လွှတ်နိုင်ဖွယ်ရာ မရှိပေဘူး သျှိဝမြို့စားလေး. . .။ သို့သော်လဲ ကျွန်ုပ်. . ကျွန်ုပ်. .၊ ကဲ. .

သွားပေအုံးတော့ မြို့စားလေး”

အရှင်ကိုယ်တိုင်က ကျုပ်အား သတ်မိန့်ပေးရန်အတွက် စိတ်မချမ်းမမြေ့ ဖြစ်ခဲ့ပါသည်။ အရှင်၏ စကား မြွက်ဟတော်မူသံမှာ ဝမ်းနည်းကြေကွဲနေပါသည်။ ကျုပ်၌ အရှင့်အား ပြန်၍ လျှောက်တင်ရန် စကားပေါင်း များစွာ၊ အကြောင်းအရာပေါင်းများစွာ ရှိနေပါသည်။ သို့သော် ကျုပ်မလျှောက်တင်နိုင်ပါ။ ကျုပ်သည် ခန်းဆီးစကို တွန်းဖယ်ပြီး အလွန်လေးကန်စွာဖြင့် ထွက်လာခဲ့လေသည်။ အပြင်ဘက်၌ ကျုပ်သည် ဦးခေါင်းကို စိုက်ကာ လျှောက်လာသည်။

(၁၇)

"ကျွန်ုပ်တို့ကား နတ်ပြဟ္မာတို့ကို အန်တုရ၍ တိုက်ခိုက် နေကြရလေပြီ။ နာယာယန ဗိဿနိုးအရှင်မြတ်သည် ကျွန်ုပ်တို့အား ငရဲ အထပ်ထပ်သို့ ပို့ဆောင်ပေးနေပေပြီ။ ဗိဿနိုးအား တိုက်ခိုက်ခြင်းမှာ ရှုံးသွပ်ခြင်းသာ ဖြစ်ပေသည်"

ထိုညည်းညူအော်ဟစ်သံများနှင့်အတူ အသက်မသေကျန်ရစ်သော သီရိခေတ္တရာတပ်များသည် အမှောင်ထည်း၌ ကစင့်ကရဲ ပြေးလွှားနေ၏။ သူတို့၏ အသံများသည် ချောင်းရေကျနေသံများနှင့် ရောနှောသွားသည်။ ပြင်းထန်စွာ အဟုန်ပြင်းစွာ စီးဆင်းနေသော ရေအလျဉ်သည် အရာဝတ္ထုအပေါင်း၊ သူသေအလောင်း၊ မြင်းသေကောင်၊ ဆင်သေကောင်များကို သယ်ဆောင်သွားနေသည်။

ရေကျသံများသည် သက်တော်စောင့် တပ်မှူး အဆောင်ထည်းသို့ ဝင်လာနေကြလေသည်။ ဒက္ခဇာသည် ဒဏ်ရာများကြောင့် အပြင်းဖျားပြီး အိပ်ပျော်သွားလေသည်။

"ကျောက်မောင်းဟာ ကျွန်တော်တို့ဆင်တာပါ"
"ဘာရတက သူဆင်တာလို့ ပြောတယ်"
"မဟုတ်ပါဘူး. . .၊ တပ်မှူးက ရန်သူဟာ နှစ်ယောက်ထဲ မဟုတ်ဘဲ များချင်သလောက် များနိုင်တယ်လို့ ပြောခဲ့တာကိုး။ ဒါကြောင့် မိုးချုပ်ကထဲက ကျောက်မောင်း ဆင်ကြတာ ညသန်းခေါင်လောက်မှ ပီးတယ်။ ခဏနေလို့ ကျွန်တော်နဲ့ ငမင်းမြို့စားမင်း အိပ်နေ၊ ဒက္ခဇာ စောင့်ကြည့်နေတုန်း ကျောက်မောင်းပြုတ်ကျတော့တာဘဲ။ ကျွန်တော်ပြေးလာပြီး တပ်မှူးကို ဆွဲထူနေတုန်း စစ်တားမြို့စား ရောက်လာတာဘဲ။ မတတ်နိုင်ဘူး သူတို့က စပီး အတင်းဝင်တိုက်တော့ ကျွန်တော်တို့လဲ ပြန်တိုက် ရတော့တယ်။ ပီးတော့ ကျွန်တော်တို့ကို နိုင်ငံတော် သစ္စာဖောက်မှုနဲ့ ဖမ်းမယ်လို့ ဘာရတက အော်ပြောတယ်၊ တပ်မှူးလဲ သေနေခဲ့ဘီလို့ထင်-၊ သူတို့ဘက်က လူနှစ်ယောက်လဲ ကျွန်တော်တို့ လက်လွန်ကုန်တော့ ရာဇဝတ်ဘေးသင့်မယ့် အတူတူ ကျွန်တော်တို့ ကိုယ်လွတ်ရုန်းပြေးကြတယ်။ ကျွန်တော် ဘောဂမယ် နေခဲ့တယ်။ ငမင်းမြို့စားမင်းနဲ့ ဒက္ခဇာတော့ ဆိတ်ကုန်သည်ယောင် ဆောင်ပြီး သီရိခေတ္တရာ သွားတယ်။ နောက်မှ တပ်မှူးမသေသေးဘဲ ရာဇဝတ်ဘေး သင့်ရတော့မယ်လို့ သတင်းရတယ်၊ ဒါပေမယ့် အဲဒီအချိန်မယ် ကျွန်တော်တို့ နေပြည်တော် မပြန်ဝံ့ကြတော့ဘူး။ ဒါနဲ့ ဘယ်သူတွေက ကျွန်တော်တို့ကို သစ္စာဖောက် ချောက်ချထားတယ်ဆိုတာ သိရအောင် ပဉ္စင်းညိုဆီမယ် ဖြစ်ဖြစ် စုံစမ်းမှ ရတော့မှာကိုး တပ်မှူး ဒါမှလဲ ရှင်းလင်းနိုင်မယ်"

ပါလသည် သမာန၏ အဖြစ်အပျက်ကို ဆက်၍ပြောရန် အားနာနေသည်။ သမာနသည် အိပ်ရာထည်းမှ မျက်လုံးဖွင့်ပြီး လှမ်း၍ ပြုံးပြလိုက်လေသည်။ သူသည် တခုခုကို တွေးတောနေသလို မျက်လုံးကို ပြန်၍ မှိတ်ထားလိုက်သည်။

ပါလသည် သမာနနှင့် ပဉ္စင်းဖြူ၏ မောင်းမငယ် တယောက်အကြောင်းကို ဆက်၍ ပြောဆိုသည်။ ထိုမောင်းမငယ်မှာ ပဉ္စင်းဖြူ အမေ့ သိမ်းပိုက်ထားသူကလေး ဖြစ်လေသည်။ သူက ဆိတ်ကုန်သည် သမာနအား နှစ်နှစ်ကာကာ ချစ်မေတ္တာ ထားရှာလေသည်။ မောင်းမငယ်သည် ပဉ္စင်းဖြူ၏ လက်မှ လွတ်မြောက်ရန် အစဉ်အမြဲ ကြံစည်ခဲ့သော်လည်း မလွတ်နိုင်ရှာပေ။ နောက်ဆုံး၌ သနားစဖွယ် မောင်းမငယ်ကလေးနှင့် သမာနတို့သည် မရှောင်မတိမ်းနိုင်ကြဘဲ နီးစပ်သွားကြလေသည်။ အစောင့်အထပ်ထပ်ကြားမှ မောင်းမငယ်၏ စီမံပေးမှုအရ သမာနသည် ပဉ္စင်းဖြူ၏ ဥယျာဉ်သို့သွားပြီး အကြိမ်ကြိမ်အဖန်ဖန်ပင် မောင်းမငယ်နှင့် ချိန်း၍ တွေ့ဆုံခဲ့ကြ လေသည်။ တညတွင် ချိန်းဆိုသည့်အတိုင်း သမာနသွားသောအခါ ဥယျာဉ်ထည်း၌ လမ်းလျှောက်ရင်း စကားစမြည် ပြောနေသော ပဉ္စင်းဖြူနှင့် ပဉ္စင်းညိုကို တွေ့ရကား သမာနသည် ပုန်းကွယ်

နေရကာ သူတို့ပြောသော စကားများထည်းမှ တန်ဖိုးရှိသော စကားများကို ကြားသိခဲ့ရလေသည်။

"ကျွန်ုပ်တို့ လကွယ်နေ့ ချီတက်ကြမယ်"
"လဆန်းလေးရက်နေ့ အစောပိုင်း စစ်တားကို သိမ်းနိုင်မယ်"
"အဲဒီညမယ် ဗိသနိုးကို တိုက်ကြမယ်"
"ကောင်းပါဘီ.. အစီအစဉ် အတိုင်းပါဘဲ။ ဗိသနိုးက သစ္စာတော်ခံများအတွက် ဘေးဥပါဒ် တစုံတရာ မဖြစ်အောင် သက်သေခံစာတမ်းများ ကျွန်ုပ် ကိုယ်မှမက္ခာ ရှိနေမှာဘဲ ပဥ္စင်းညိုရဲ့"

ထိုအချိန်က သူတို့နှစ်ဦးအား တချက်တည်း အပိုင်ဝင်၍ တိုက်ခိုက်ပစ်ရန် သမာနသည် အကြံအစည် ဖြစ်ခဲ့သေး၏၊ အစောင့်များ အထပ်ထပ် ဝန်းရံလျှက် ရှိသောကြောင့်သာ အကြံကို လက်လျှော့လိုက်ရလေသည်။

နောက်ရက်များ၌ ပဥ္စင်းဖြူ၏ သိုရင်းအင်္ကျီကြီးကို အရယူရန် သမာနသည် အကြိမ်ကြိမ်အဖန်ဖန် ကြိုးပမ်းခဲ့သေး၏။ သမာနသည် ဒက္ခဏာနှင့်လည်း အဆက်အသွယ် ပြတ်နေခဲ့ပြီး သတင်းပြန်မပို့နိုင်ခဲ့။ သတင်း ပြန်ပို့ရုံမျှဖြင့်လည်း သက်သေခံ မလုံလောက်သဖြင့် သမာနသည် သိုရင်းအင်္ကျီကြီးကို ရအောင် ကြိုးပမ်းနေရင်း တနေ့၌မူ အဖမ်းအဆီး ခံလိုက်ရလေတော့သည်။

ဒက္ခဏာသည်လည်း သမာနနှင့် ကွဲသွားပြီး သတင်းမရခဲ့သဖြင့် လိုက်လံစုံစမ်းနေသည်။ တခါတွင်မူ သူသည် သမာနနှင့် ကျွမ်းဝင်ခဲ့သော မောင်းမငယ်နှင့် ဆက်သွယ်မိပြီး သမာန၏ အဖြစ်ကို သိရလေသည်။ ထိုအချိန်တွင် ကား သီရိခေတ္တရာ တပ်မကြီးများမှာ ဗိသနိုးသို့ ချီတက်နေကြလေပြီ။

မောင်းမငယ်၏ အကူအညီဖြင့် ဒက္ခဏာသည် သမာနအား အကျဉ်းတိုက်မှ ကယ်တင်လာနိုင်ခဲ့သည်။ မောင်းမငယ်မှာမူ ပဥ္စင်းဖြူ လူယုံများက သိသွားပြီး သေဒဏ် အပေးခံလိုက်ရရှာပေသည်။

ဤသို့ဖြင့် မောင်းမငယ်နှင့် သမာနတို့၏ အဖြစ်အပျက်မှာ အဆုံးသတ်ခဲ့ရလေသည်။

သမာနနှင့် ဒက္ခဏာတို့ မြင်းကိုယ်စီစိုင်း၍ သီရိခေတ္တရာမှ ထွက်လာကြချိန်တွင်ကား သီရိခေတ္တရာ တပ်မကြီးသည် ရှေ့သို့ ချီတက်သွားလေပြီ။ စစ်တားမြို့အား သီရိခေတ္တရာ တပ်မကြီးက သိမ်းယူနေချိန်တွင် သူတို့သည် ပါလနှင့် ပြန်၍ တွေ့ဆုံကြလေသည်။

ထိုအချိန်၌ ဘောဂသေား အချို့သည် သစ္စာဖောက်၍ သီရိခေတ္တရာဘက်မှ အမှုထမ်းရန် အသင့်ဖြစ်နေကြသည်။ သူတို့ သုံးဦးသည် ဘောဂသေားများနှင့် ပူးပေါင်းမိကြ၏။ စစ်တားမြို့စား၏ တပ်များသည်လည်း သီရိခေတ္တရာ ဘက်မှ အမှုထမ်းနေကြသည်။ သူတို့သုံးဦးသည် ရုပ်ဖျက်ပြီး ထိုသူများနှင့် ပူးပေါင်းမိကြလေသည်။

စစ်တားမြို့ကြီးအား သီရိခေတ္တရာမှ အလွယ်တကူ သိမ်းပိုက်လိုက်လေသည်။ ထို့နောက် သီရိခေတ္တရာ တပ်များသည် စစ်တားမှတဆင့် ဗိသနိုးသို့ ချီတက်လာလေသည်။

ရှေ့ဆုံးမှ မြင်းတပ်ကို ပဥ္စင်းဖြူ ကွပ်ကဲပြီး အနီရောင်ဝတ်စုံများ ဝတ်ဆင်ထားသည့် သီရိခေတ္တရာ စစ်သည်တော်များနှင့် ရရာအဝတ်အစား ဝတ်ဆင်ထားသော ဘောဂသေားများ ပါဝင်သည့် စစ်တားတပ်များ ရောနှောလျှက်ရှိသည်။

ရှေ့ဆုံးမှ ပဥ္စင်းဖြူ၏ မြင်းမှာ အားသွန်ပြေးနေသည်။ ပဥ္စင်းဖြူ၏ တဖက်တချက်၌ စစ်ဦးစီးမှူး နှစ်ဦး၏ မြင်းများ

ခြံရုံလျှက် လိုက်ပါနေသည်။ နောက်မှ အရောရော အနှောနှော မြင်းများ ပရမ်းပတာ ပြေးလွှားလိုက်လာနေသည်။ စစ်တားသားများမှာ ဘုရင့်မြင်းတပ် အလယ်၌ ကြားဖောက် ရောနှောလျှက် ရှိနေသည်။

သမာနသည် ပါလ၏ မြင်းနှင့် ယှဉ်ပြေးနေရင်း "လူစုမကွဲစေနဲ့"ဟု တိုးတိုး ကပ်ပြောသည်။

ထို့နောက် သူတို့၏ မြင်းသုံးစီးသည် တပ်မအလယ်မှ အခြားမြင်းများကို ကျော်လွှားဖြတ်တက်လျှက် ရှိလေသည်။

သူတို့၏ မြင်းများသည် ပဋ္ဌင်းဖြူ၏ မြင်းနောက်ဘက်သို့ ရောက်သွားလေသည်။

ထိုအချိန်၌ ဗိဿနိုးမြို့တော်ကြီးအား ဖုံလုံးကြီးအကြားမှ လှမ်း၍ မြင်ရလေသည်။ ရှေ့ဆုံးမှ မြင်းတပ်သည် ရပယ်ချောင်းအစသို့ ဆင်းသွားလေသည်။

"ဖြန့်တက်ကြ- ဖြန့်တက်ကြ"ဟု စစ်ဦးစီးတဦးသည် ဓားကိုဝင့်ပြီး အော်ဟစ်အမိန့်ပေးနေကာ မြင်းများသည် ချောင်းအဆင်း၌ ဟိုမှသည်မှ ဖြန့်ပြေးနေကြသည်။

သမာနက "ဓားကို အသင့်ပြင်ပြီး ငါ့အခြေအနေကိုကြည့်၊ ပြေးသာပြေးကြပေတော့" ဟု ကပ်၍ ပြောနေသည်။

သမာနသည် ဘေးကို ဖြန့်တက်မည် ဟန်ဖြင့် မြင်းဇက်ကြိုးကို တောင့်တောင့်ဆွဲကိုင်ထား၏။

ထိုအခါတွင် လေများသည် ချောင်းပြင်မှ သဲမှုန်များကို သယ်ဆောင် တိုက်ခတ်စပြုနေပေပြီ။ သဲမှုန်များကြောင့် အားလုံးမှာ မမြင်မစမ်းဖြစ်သွားကြသည်။ လေပွေတခုသည် ပဋ္ဌင်းဖြူ၏ မြင်းကို ဝင်၍ မွှေ့သဖြင့် ပဋ္ဌင်းဖြူသည် သဲမှုန်များ မျက်လုံးအတွင်း မဝင်စေရန်လက်ဖြင့် ကာလိုက်ပြီး ဆဲရေးရေရွတ်လေသည်။

ထိုလျှပ်တပြက် အချိန်ကလေး၌ သမာန၏ မြင်းသည် ရှေ့သို့ ပြေးခုန်ထွက်သွား၏။ သမာန၏ ဓားသည် လေပွေထည်း၌ တပတ်ဝဲသွားလေသည်။ အမှတ်မဲ့ အချိန်၌ သမာန၏ လက်တွင်းသို့ ပဋ္ဌင်းဖြူ၏ ခေါင်းနှင့် ကိုယ်မှအပေါ်ဝတ်ရုံ အင်္ကျီကြီးပါ ရောက်ရှိသွားလေသည်။

"ငါတို့ စစ်သားတွေ တိုက်ကြတော့ဟေ့"ဟု သမာန၏ ကြုံးဝါး စစ်မိန့်ပေးသံမှာ အားလုံးသော အသံများကို ကျော်လွှန်ပေါ်လာလေသည်။

အလွန်လျင်မြန်စွာ ဖြစ်ပျက်သွားသော အဖြစ်အပျက်ကြောင့် အံ့အားသင့်နေကြစဉ်၌ သူတို့သုံးဦးသည် အားသွန်၍ ဖိတိုက်ပြီး တပ်၏ ရှေ့သို့ ပြေးထွက်သွားနေသည်။

သီရိခေတ္တရာ တပ်သားများသည် စစ်တားသားများက သစ္စာဖောက် တိုက်ခိုက်ကြပြီ ထင်လျှက် စတင်၍ နီးစပ်ရာကို ထိုးခုတ်တိုက်ခိုက်ကြတော့သည်။ စစ်တားသားများသည်လည်း ယောင်ယမ်းကာကွယ်ရင်း ဗလုံးဗထွေး တိုက်ပွဲများ နေရာတကာတွင် ဖြစ်သွား သွားတော့သည်။

"စစ်တားသားတွေ ပုန်ကန်ကန်ဘီ၊ သစ္စာဖောက်ကုန်ဘီ၊ တိုက်ကြတော့၊ တိုက်ကြတော့"ဟူသည့် စစ်မိန့်ပေးသံများ နေရာအနှံ့မှ ထွက်ပေါ်နေပြီး တနေရာမှ တနေရာသို့ ကူးစက်သွားနေသည်။

ရှေ့မှပြေးသွားသည့် မြင်းသုံးစီးနောက်သို့ နောက်မှ မြင်းအစီး နှစ်ဆယ်ကျော် ပြေးလိုက်သွားပြီး ချောင်းလယ်၌

သီးသန့်တိုက်ပွဲ ကလေးတခု ဖြစ်ပေါ်နေသည်။ ဒက္ခဏာ၏ ပခုံးစွန်းကို လှံတချက်စူး ဝင်သွားသည်။

ဒက္ခဏာသည် "ကျုပ်ကို ထားပစ်ခဲ့ကြတော့ဗျို့"ဟု ပါလက ပြန်ပြောနေသည်။

"မင်း ရှေ့ဆုံးကပြေးနှင့်" ဟု ပါလက ပြန်ပြောနေသည်။

ရှေ့သို့ လွတ်ထွက်ပြေးသွားပြီးသော သမာန၏ မြင်းသည် ထိုအခါတွင် နောက်သို့ ပြန်ပြေးလှည့်လာပြီး ရန်သူ့ မြင်းများအလယ်သို့ ဖောက်ဝင်သွားလေသည်။ တလက်လက် တလျှပ်လျှပ်နေသော ဓားချက်လှံချက်များ အတွင်းသို့ သမာန စွတ်ပြေး ဝင်ရောက်သွားပုံမှာ လူတဦးနှင့် မတူတော့ဘဲ ဘီလူး တကောင်ကဲ့သို့ ဖြစ်နေတော့၏။ သူ့ ဘယ်ဘက်လက်တွင် ပဋ္ဋင်းဖြူ၏ ဦးခေါင်း၊ သိုးရင်းအင်္ကျီကြီးနှင့် မြင်းဇက်ကြိုးများ ရောထွေးကိုင်ထားလျှက် သူ့ ညာလက်မှဓားသည် အရုပ်ရှုစ်မျက်နှာသို့ ယန္တရားကဲ့သို့ မွှေ့ယမ်းနေတော့သည်။ ရန်သူများသည် တဦးချင်း လိမ့်ကျနေ၏။ သူတို့ ပစ်သမျှ လှံများ ဓားများသည် သမာနအား မထိနိုင်တော့ပေ။

"ဒီလူဟာ လူမဟုတ်ဖူး"ဟု တယောက်သည် သမာနအား တိုက်ရန်ပြေးဝင်လာပြီး ကြောက်လန့်တကြား နောက်ပြန်ဆုတ်ပြေးသွားကာ အော်ဟစ်လိုက်လေသည်။ ရန်သူများသည် အလန့်တကြား တုံ့ကနဲ ရပ်သွား၏။

ဒက္ခာဏာသည် ရှေ့ရောက်နေရာမှ နောက်ဘက်သို့ သူ့ မြင်းကိုစိုင်းပြီး ပြန်ပြေးဝင်လာသည်။ သူသည် သွေးရူးသွေးတမ်း ဖြစ်နေသော ကျားနာ တကောင်ကဲ့သို့ ရန်သူများအား အတင်းဝင်၍ ထိုးဖောက် တိုက်ခိုက်တော့၏။ သူ့ တကိုယ်လုံးတွင် ဒဏ်ရာများ တချက်ပြီးတချက် ထိလျက်ရှိနေသည်။ ဆေးသုတ် ရုပ်ဖျက်ထားသော သူတို့၏ မျက်နှာများသည် ကြောက်ဖွယ်လိလိ ဖြစ်နေ၏။

ရန်သူများ၏ ကျန်သော မြင်းများသည် သွေးကြောင်သွားကြပြီး သူတို့၏ တပ်မကြီးထည်းသို့ ပြန်ပြေး ဝင်ကြလေသည်။

"လူတွေ မဟုတ်ဖူး"ဟု သွေးရူးသွေးတမ်း အော်ဟစ်သွားကြသည်။

မြင်းသုံးစီးသည် ရပယ်ချောင်းပြင်ထည်းတွင် ဗိဿနိုးဘက်သို့ ပြန်လှည့်ပြီး သဲနွံများကို ဖြတ်သန်း ပြေးလွှားသွားကြသည်။

ထိုအချိန်၌ ဗိဿနိုးမြို့ဘက်မှ ဗိဿနိုး တပ်မတခုသည် ပျားအုပ်များ ပျံသန်းလာသကဲ့သို့ ချောင်းအတွင်းသို့ ပြေးဆင်းလာနေသည်။ သမာနသည် ညာလက်ဖြင့် မြင်းဇက်ကိုကိုင်ပြီး ရန်သူမဟုတ်ဟူသော အထိမ်းမှတ်ဖြင့် ဘယ်လက်မှ သိုရင်း အင်္ကျီဖြူကို ဝှေ့ယှမ်းပြသပြီး ရှေ့မှ ဦးတည်စိုင်းနှင်သွားသည်။ ဗိဿနိုး တပ်များသည်လည်း သူတို့၏ တိုက်ပွဲကို မြင်ပြီးဖြစ်၍ လက်များဖြင့် ပင့်မြှောက်ပြကြသည်။

သမာနကို မြင်ပြီး သိရှိသွားသူ တပ်ဗိုလ်တဦးက
"ခင်ဗျား သျှိဝမြို့စားတော့ သူသတ်ကုန်းမှာ ဗျို့၊ သူ့ အလောင်းကို ကောင်းကောင်း သင်္ဂြိုလ်အုံး၊ ပီးတော့ ကျုပ်တို့ အလောင်းတွေလဲ သင်္ဂြိုလ်ကြပါအုံး"ဟု အော်ဟစ်ပြောသွားသည်။

ရန်သူ့ တပ်မကြီးနှစ်ခုသည် ချောင်းအလယ်၌ ထိပ်တိုက်သွား၍ ဆုံပြီး ပြင်းထန်လှသော တိုက်ပွဲကြီး ဖြစ်ပွားသွားလေသည်။ သီရိခေတ္တရာ၏ အားကုန်သော တပ်များသည် ချောင်းထည်းသို့ တဖြေးဖြေး စုပြုံ အိဆင်းလာနေသည်။ ဗိဿနိုးတပ်များသည် တအိအိ နောက်ဘက်သို့ ဆုတ်ခွာပေးနေသည်။

မြင်းသုံးစီး ဗိသနိုး ကမ်းပါးသို့ရောက်ချိန်၌ ကောင်းကင်တခုလုံးမှာ မဲမှောင်သွားပြီး မည်သည့်အရာကိုမျှ မမြင်နိုင်တော့အောင် ဖြစ်သွားလျှက် မကြာမီ ရေကျလာသံကြီးများကို စတင် ကြားရလေသည်။ ပြင်းထန်လှသော ကြောက်မက်ဖွယ် ကောင်းလှသော. . . တခါမျှ မကြုံဘူး မကြားဘူးသော ရေလုံးကြီးများသည် ပြိုဆင်းလာသကဲ့သို့ ဆင်းသက်လာကြတော့သည်။

ပါလသည် သူ့ စကားကို အဆုံးသတ်ပြီး သန်းဝေလိုက်လေသည်။

ယခုအချိန်အထိ ရပယ်ချောင်းမှ ရေကျသံများမှာ မရပ်နားသေးပေ။ သမာနသည် ပါလ စကားများကို ဆက်၍ ရေလှိုင်းကြီးများ၏ ကြောက်မက်ဖွယ်ကောင်းပုံ၊ ရန်သူတပ်များအား ဝါးမျိုသွားပုံကို ပြောနေသည်။

ဒက္ခဏာသည် အိပ်မောကျနေ၏။ သူ့ အနာမှ သွေးများမှာ တစိမ့်စိမ့်ကျနေဆဲ ဖြစ်လေသည်။ သူသည် စုတ်သတ်ပြီး ညည်းညူနေ၏။

ဤ ပျော်ရွှင်တတ်သော သူငယ်ကလေးသည် "သိပ် သနားစရာကောင်းတာဘဲ။ သူ့ကိုပါ အရခေါ် မလာနိုင်ခဲ့တာ သနားစရာ ကောင်းတာပါဘဲ။ သနားစရာကောင်းတဲ့ ကျွန်တော်တို့ ဒဏ်ကို ခံရရှာတယ်။ လုံမကလေးပါ မြို့စားမင်းရယ်. . . . " ဟု အဖျားသွေးဖြင့် ကယောင်ကတမ်း ရေရွတ်လျက်ရှိလေသည်။

(၁၈)

ထိုရက်ပိုင်းအတွင်း၌ ဖြစ်ပျက်နေရသည်တို့မှာ စဉ်တိုက်ဆက်တိုက် ဖြစ်နေပေသည်။

တိုက်ပွဲအပြီး နောက်တနေ့၌ ကျုပ်တို့လေးဦးသည် ညီလာခံသို့ တက်ရောက်ခဲ့ကြ၏။ ကျုပ်အား တပ်ဗိုလ်ရာထူးဖြင့် သက်တော်စောင့် တပ်တော်တွင် ဆက်လက် အမှုထမ်းစေသည်။ ပါလနှင့် ဒက္ခဏာတို့အား ကျုပ်၏ လက်အောက်၌ တပ်မှူးများအဖြင့် ရာထူးတိုးပေးလိုက်သည်။ သမာနကို တပါးကျွန်အဖြစ်မှ ကင်းလွတ်စေပြီး မြို့တော်ဝန် သူဇ၏ လက်အောက်ခံ မြို့စောင့်တပ်၌ တပ်ဗိုလ်တဦးအဖြစ် ခန့်ထားလိုက်၏။

ရက်များမကြာမီ၌ သျှိဝမြို့အား သူရ ပုန်ကန်တိုက်ခိုက် သိမ်းပိုက်ထားသည်ဟူသော သတင်းကို ကြားရသည်။ ကျုပ်၏ မိတ်ဆွေကြီး ရန္တ၏ ဦးခေါင်းကို သူရဖြတ်လိုက်သည်ဟူသော သတင်းသည် ကျုပ်အတွက် စိတ်အထိခိုက်ဆုံး ဖြစ်စေသည်။ သူရ၏ တိုက်ခိုက်မှုကြောင့် အသက်မသေ ကျန်ရှိနေသေးသော မြို့စောင့် တပ်တော်မှ စစ်သည် အချို့သည် ကစင့်ကလျား ထွက်ပြေးလာကြရသည်။

ထို့နောက် ဘုရင်မ၏ တပ်တော်ကြီးသည် သျှိဝအား ခုနှစ်ရက် တိုင်တိုင် ပြန်လည်၍ လုပ်ကြံယူရသည်။ ဘုရင်မ၏ တပ်တော်မှ သျှိဝမြို့စားလေး သူရအား ဖမ်းဆီးလာပြီး လုပ်ကြံမှု၌ မပါဝင်ခဲ့သော ဦးရီးတော်အား သျှိဝမြို့စား အဖြစ် တင်မြှောက်ခဲ့သည်။ လမ်း၌ သူရ ထွက်ပြေးလွတ်မြောက်သွားသည်။ သူရ ပုန်ကန်ခြားနားသည့် နေ့မှာ ဗိသနိုးသို့ သီရိခေတ္တရာတပ်များ ချီတက်တိုက်ခိုက်သည့်နေ့နှင့် တနေ့တည်း ဖြစ်ပေသည်။

ကျုပ်သည် ယခင် တည်းခိုခဲ့သော စံနန်းတော်နှင့် အနီးကပ်ဆုံး တပ်ဗိုလ်အဆောင်၌ပင် ပြန်နေရ၏။ ပျဉ်ချပ်အပယ်မှ ညနေတိုင်း စံနန်းတော်ဘက်ကို လှမ်းမြော်ကြည့်နေခြင်းသည် ကျုပ်အတွက် လူ့ဘဝတာဝန် တခုကဲ့သို့ပင် ဖြစ်နေရပေသည်။ သို့သော် နှစ်နှစ်နီးနီး ကာလပတ်လုံး ဘုရင်မ၏ မျက်နှာတော်သည် ထိုပြတင်းတော်မှ တခါဘူးမျှ ထွက်ပေါ်တော့မည် မဟုတ်ပေ။ ရံဖန်ရံခါ၌သာ အထိန်းတော်ကြီးအား မြင်တွေ့ရတတ်၏။

ထိုအချိန်များအတွင်း၌ ကျုပ်သည် ရုပ်တုတော်တခု ထုလုပ်ရန်သာ စိုင်းပြင်းနေရတော့၏။ သို့မဟုတ် စောင်းကို ဖြည်းဖြည်းညှင်းညှင်း တီးခတ်၍သာ နေရတော့၏။ ကြိုးစားသော်လည်း ကျုပ်ကား ရုပ်တုတော် သွန်းထုခြင်း၌ မအောင်မြင်၊ အကြိမ်ကြိမ် အဖန်ဖန် ပျက်စီးခဲ့တော့သည်။ နောက်ဆုံး၌ အရှင်၏ ရုပ်နှင့် ဆင်ဆင်တူလာသည်ဟူ၍ မှတ်ထင်ရ၏။ သို့သော် တခုခုမဟုတ် တခုခုကား ချွတ်ယွင်းနေလျှက် မအောင်မြင်နိုင်သေးပေ။

တခါတရံ၌ ကျုပ်သည် ရက်ရှည်လများ စံနန်းတော်၏ ဝင်းတော်မှူးအဖြစ် တာဝန်ယူနေရတတ်၏။ တခါတရံ၌ ရက်ရှည်လများ နန်းတော်ဝင်းစောင့်မှူး အဖြစ် တာဝန်ယူနေရ၏။

တခါတရံတွင် ကျုပ်သည် အဆောင်ထည်း၌ ညဥ့်နက်သန်းခေါင်တွင် စောင်းကြိုး ဖြည်းဖြည်းညှင်းညှင်း ခတ်လျှက် ပြည့်ခြင်းမင်္ဂလာကို တီးတိုး သီဆိုနေမိတတ်၏။ ထိုအခါများ၌ ကျုပ်၏ စိတ်ထည်းတွင် ကြေကွဲရမှုများ ပြည့်သိပ်နေတတ်၏။ ဤအချိန်တွင် အရှင်သည် ကျုပ်၏ စောင်းသံကို သဥ္စဘွေထက်မှ တိုးတိုးသက်သက် ကြားတော်မူမည်။ ကျုပ်၏ သီဆိုသံကို ကြားတော်မူမည်ဟူ၍ တွေးနေတတ်၏။

အားလပ်နေသော အချိန်များ၌ ကျုပ်သည် သမာနနှင့် မကြာမကြာ သွား၍ တွေ့တတ်၏။ သူနှင့် စကားများ ပြောနေရစဉ်၌ ကျုပ်သည် စိတ်လက် ပေါ့ပါးချမ်းမြေ့ ပျော်ရွှင်နေတတ်ပေသည်။ တခါတရံ၌ သူနှင့် ကျုပ်သည် သူ့ အဆောင်ခန်းကလေး ထည်း၌ ဓားရေး လေ့ကျင့်နေတတ်၏။ တခါတရံတွင် သူက ပဥ္စင်းဖြူ၏ မောင်းမငယ်

ကလေး အကြောင်းကို တမ်းတမ်းတတ ပြောနေသည်ကို နားထောင်နေရတတ်၏။ သူသည် ထိုမိန်းမငယ်တဦး အကြောင်း ပြော၍ အဆုံးမသတ်နိုင်တော့ပေ။ ထိုသို့ ပြောနေစဉ်၌ သူသည် တွေဝေမိန်းမော နေတတ်ပေသည်။

ဤသို့ဖြင့် မိုး၊ ဆောင်း၊ နွေတို့သည် အပတ်စဉ် မှန်မှန်လည်လျှက် ရှိနေရပေသည်။

(၁၉)

၁၀၆-ခု၊ ဆောင်း၏ တနံနက်။

"လှည့်ကြည့်စမ်းပါ လူကလေး"

အရှင်ရသေ့ကြီးသည် နှင်းမှုန်များ ခြုံထားသည့် ဇမင်သွားလမ်းသို့ ကြည့်တော်မူပြီး ကျုပ်အား တိုးတိုး မြွက်တော်မူသည်။

ဇရာသန်းနေသော အရှင်ရသေ့ သူအိုကြီး မျက်နှာတော်မှာ တည်ငြိမ်နေသော်လည်း အံ့သြနေမှုများကို မဖုံးဖိနိုင်ရှာပေ။

ကျုပ်သည် ကျောင်းသင်ခန်း၏ ပြတင်းကို ကျော်၍ အရှင်ရသေ့ သူမြတ် ညွှန်တော်မူရာဘက်သို့ လှမ်းမျှော် ကြည့်လေသည်။

အရှင်ရသေ့ကြီး ပြရာဘက်၌ ဇမင်စား လမ်းမကြီးမှ ခွဲထွက်လာသည့် လမ်းမြွာအတိုင်း ရှေ့ရှုလာနေသော ပုဂ္ဂိုလ်တဦးကို လှမ်းမြင်ရလေသည်။ ကိုယ်ပေါ်၌ ထူးဆန်းသော ဝတ်ရုံကြီးတခုကို ခြုံထားသည်။ ဝတ်ရုံမှာ ရှည်လျားလှသော ပိတ်စကြီးတခုဖြစ်နေပြီး ကိုယ်ပေါ်၌ ရစ်ပတ်ထားသကဲ့သို့ ရှိသည်။ အရောင်မှာ အဝါနှင့် အညိုကို ရောစပ်ထားပြီး ပိတ်အတိုအစပေါင်း များစွာကို သီ၍ ချုပ်ထားသကဲ့သို့ ရှိသည်။ ပုဂ္ဂိုလ်၏ ဦးခေါင်းမှာ ပြောင်လောက်အောင် ရိတ်ထားကာ တဖိတ်ဖိတ် လက်နေသည်။ ဤအသွင် သဏ္ဌာန်ကို မမြင်၊ မတွေ့၊ မကြားဘူးခဲ့သဖြင့် စိတ်ထည်း၌ ထူးထူးခြားခြား ဖြစ်နေရသည်။

"ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲ အရှင်သခင်"

"အယုဒ္ဓ ရဟန်းအသွင် သခာန်မျိုးလို့ ဆိုရမလားဘဲကွဲ့၊ သူတို့လဲ ကျွန်ုပ်တို့လို ဗုဒ္ဓဝါဒီ သူတော်စဉ်များပါဘဲ။ အခု သူတော်စင်ဟာ ရဟန်းဖြစ်အောင် ကြိုးစားနေဆဲ မဟုတ်ဘဲ ရဟန်းစင်စစ် ဖြစ်နေပါတယ်။ သူ လှမ်းကြွလာပုံဟာ သူတော်စင်တို့ရဲ့ အသွင်သဏ္ဌာန် အမှန်ပေဘဲ"

အရှင်ရသေ့ကြီးမှာ စိတ်နှလုံးဝမ်း ကြည်နူးချမ်းမြေ့လျှက် ရှိနေသည်။ ဗြဟ္မဏဗုဒ္ဓ သူတော်စင်များသည် အညိုမွဲရုံ အင်္ကျီဖား အရှည်ကြီးများနှင့် ညိုမွဲရောင် အဝတ်ပိုင်း များကိုသာ ဝတ်ကြလျှက် ဦးခေါင်းထက်၌ မြက်တို့ဖြင့် ရက်လုပ်သော ဥဿျောင်ရှည် ကြီးများကိုသာ ဆောင်းကြကာ ဆံပင်အရှည်ကြီးများကိုသာ ထားကြ၏။ လှမ်းမြင်ရနေသော သူတော်စင်မှာ အမြင်အာရုံ ဆန်းသစ်နေ၏။

လမ်းခွဲကလေးသည် အရှင်ရသေ့၏ ကျောင်းရှေ့မှ ဖြတ်သန်းသွား၏။ ကျောင်းပုရဝုဏ် အဝင်ဝ၌ သူတော်စင်သည် နှင်းများကြားထဲတွင် ရပ်တန့်တော် မူနေသည်။ ဦးခေါင်းသည် မြေသို့ ငုံ့လျှိုးနေသည်။ အတန်ကြီး ကြာမှ သူတော်စင်သည် ကျောင်းပုရဝုဏ် အတွင်းသို့ လှမ်းကြွလာသည်။ မျက်လုံးများသည် အောက်တည့်တည့်သို့သာ စူးစိုက်လျှက်ရှိ၏။ ခြေလှမ်းတို့မှာ အစိပ်၊ အကျဲ၊ အချိန် အားလုံး တသမတ်တည်း ညီလျှက်ရှိပြီး ယိုင်းယိုင်မှု မရှိ။ ဖောက်ပြန်မှုမရှိ။ သူတော်စင်၏ မျက်နှာတော်သည် ငြိမ်သက်အေးမြ ငြိမ်းချမ်းနေပေသည်။ သူတော်စင်သည် ကျောင်းရှေ့ နှင်းမှုန်များကြားထည်း၌ တဖန် တည်ငြိမ်စွာ ရပ်တန့်တော်မူသည်။ ကြည်ညိုဖွယ် ကောင်းပေစွ-ဟု ကျုပ်သည်လည်း စိတ်နှလုံး၌ ချမ်းမြေ့နေသည်။

http://cyberbooks.myanmarchat.org


အရှင်ရသေ့သည် နေရာမှထပြီး ကျောင်း လှေကားပေါက်ဘက်သို့ ရှေ့ရှုသွားသည်။

“မြင့်မြတ်သော အရှင်ရဟန်း . . . . အဘယ်ဒေသမှ ကြွရောက်လာခဲ့ ပါသနည်းအရှင် . . . .။ အဘယ်ဒေသသို့ ကြွချီတော် မူပါအံ့နည်း။ အဘယ်ကို အကြောင်း ပြုတော်မူပါသနည်း”ဟု အရှင်ရသေ့သည် သက္ကဋ္ဌစကားတို့ဖြင့် မေးတော်မူသည်။

“ဆရာတော် ရသေ့ သူတော်စင် . . . . အယုဒ္ဓမှသည် ဝေသာလီ၊ ဝေသာလီမှသည် ဗိဿနိုးသို့ လာခဲ့ပေသည်။ ဆရာတော် သူတော်စင် . . . ဖြဟ္မဏ ဗုဒ္ဓအယူဝါဒတို့၌ ကျွန်ုပ်မသိနိုင်စွမ်းသော အနက်တို့သည် ကျယ်ပြောလေစွ၊ အငုပ်တရားတို့သည် များပြား လေစွ။ ဆရာတော်ရသေ့ သူတော်စင်မူကား ဤဗိဿနိုး၌ ကျမ်းအတတ်တွင် ထူးလည်စွာ ကျွမ်းတော်မူ၍ ကျွန်ုပ်အား ခဲခက်သော အနက်တို့ကို ညွှန်းပေမည်ဟူ၍ ယုံကြည်ရင်းရှိသည်ဖြစ်၍ လာရောက်ခဲ့ရပါသည် အရှင်”

ကျုပ်သည် နေရာမှ မလှုပ်ရှား ငြိမ်သက်နေ၏။ ရဟန်း အရှင်၏ စကားသံ တိုးတိုးညှင်းညှင်းမှာ အရှင်ရသေ့ကိုကျော်၍ ကျောင်းပေါ်သို့ ရောက်လာနေသည်။ ထို့နောက် အရှင်ရသေ့၏ ပင့်ဖိတ်သံ၊ ထို့နောက် ရဟန်းအရှင်၏ လှေကား လက်ရမ်းကို ကိုင်၍ ဖြည်းဖြည်းညှင်းညှင်း တက်ရောက်လာသံများကို ကြားသည်။ အရှင် ရသေ့၏ နံဘေးသို့ ရဟန်းအရှင် ရောက်လာသောအခါ . . . . . .

“ဖြဟ္မာအပေါင်းတို့ စောင့်စေသတည်း”ဟု ဆုတောင်းလေသည်။

ထိုအချိန်များ၌ ကျုပ်၏ စိတ်အတွင်းတွင် သံသယတစသည် မှေးမှေးမှိန်မှိန် ရေးရေးဝါးဝါး ဖြစ်ပေါ်လျှက်ရှိ၏။

ရဟန်းအရှင်က သူသည် အယုဒ္ဓယသားဟု ဆို၏။ အယုဒ္ဓသားက သက္ကဋ္ဌလေသံ မပျက်ဘဲ ဝဲနေမည်။ ယခု ရဟန်းအရှင်သည် အယုဒ္ဓအသံ တမင်ဝဲနေအောင် ကြိုးစားနေသလားဟု ထင်နေသည်။

ရဟန်းသည် ရသေ့ကြီးပေးသည့် နေရာတွင် တည်ငြိမ်စွာထက်ဝယ် ဖွဲ့ခွေနေတော်မူသည်။ ထွက်ဝင်သက် ကမ္မဋ္ဌာန်းကို စီးဖြန်းသကဲ့သို့ ဦးခေါင်းငုံ့စိုက်၍ ငြိမ်သက်စွာ နေတော်မူသည်။

“အရှင်ရဟန်း၊ ကျွန်ုပ်ကား နားပင်ရှိလျှက် မကြားသောသူတည်း၊ မျက်စိပင်ရှိလျှက် မမြင်သောသူတည်း။ အရှင်သူတော်စင်၌ တပါးသော အမြင်တို့သည် ရှိ၏။ လေးနက်သောအရာတို့ ရှိ၏ဟု ကျွန်ုပ် အကဲခပ်နေဘိသည်။

သူတော်စင်နှစ်ပါးသည် အလာပသလာပ စကားတို့ကို ပြောဆိုကြကုန်လျှက် တရားဓမ္မ အတွေ့အကြုံတို့ကို မေးမြန်း ညှိနှိုင်းကြကုန်၏။ ထိုစကားတို့မှာ စိတ်ပါဝင်စားလွန်းဖွယ် ကောင်းရကား ကျုပ်သည်သူတော်စင်နှစ်ပါးတို့၏ စကားကို ငြိမ်သက်စွာနားထောင်လျှက် မိမိလာရင်း ကိစ္စအတွက် စကားမစနိုင်သေးဘဲ ရှိလေသည်။ နံနက်ဆွမ်းကပ် ကျွေးရန်အတွက် ဘုရင်မသည် အရှင် ရသေ့ကြီးအား ပင့်လျှောက်ခိုင်းလိုက်ခြင်း ဖြစ်၏။

အပြင်ဘက်၌ နှင်းများတဖြည်းဖြည်း ပါးလိုက်လာကာ ပူနွေးသော နေရောက်ခြည်များ ပိုမို၍ တောက်ပစ ပြုလာနေသည်။

“ဖခင် သူတော်စင် လောက၌ ငရဲကြီး အထပ်ထပ်တို့သည် အကယ်ရှိလေသလော ပညတ်သဘောမျှ သာလော။ ရှိသည်ဟူ၍ ဖြစ်အံ့၊ မရှိဟူ၍ ဖြစ်အံ့။ ပရမတပင် ဖြစ်အံ့၊ ပညတ်မျှသာ ဖြစ်အံ့။ ထိုအရာများကို အဘယ်မည်သူသည် တွေ့ဘူးခဲ့ပါသနည်း။ နားဖြင့် ဆတ်ဆတ် အဘယ် မည်သူသည် ကြားဘူးခဲ့ပါသနည်း။

ဖခင်သူတော်စင်သည် ရောက်ဖူးခဲ့သလော၊ မြင်တွေ့ဘူးခဲ့သလော၊ တွေ့ဖူးခဲ့သလော။ ထပ်၍ ဆိုအံ့ ဖခင်သူတော်စင်၊ ကရစ်သျှနသည်ပင် တွေ့မြင် ရောက်ဖူးလေသလော။ ဗုဒ္ဓရှင်သည်ပင် တွေ့ဘူး၊ ရောက်ဖူး မြင်ဘူးခဲ့လေသလော"

အရှင်ရဟန်း၏ အေးဆေးတည်ငြိမ် တိုးသက်သော စကားသံသည် အနိမ့် အမြင့် ညီစွာ ထွက်ပေါ်လျှက်ရှိသည်။

အရှင်ရသေ့၏ အိုစာသော မျက်နှာတော်ပေါ်၌ တစုံတရာသော အရိပ်များ ဖြတ်သန်းလျှက်ရှိလေသည်။ ယင်းတို့မှာ ဖုံးဖိ၍ မရနိုင်သော တုန်လှုပ်ချောက်ချားမှုများ ဖြစ်ပေသည်။

ကြောက်မက်ဖွယ် ကောင်းလေစွ၊ အဘယ်မည်သူသည် တရားတော် အဋ္ဌကထာတို့၌ ဖေါ်ပြပါရှိပြီးဖြစ်သော အပယ် ငရဲတို့အားရှိ၊ မရှိ စုံးစမ်းစစ်ဆေးခြင်းအမှုကို ပြုဝံ့ပါသနည်း။ ယင်းသည် အရာတို့မှာ တရားတော် အဋ္ဌကထာတို့အား မယုံကြည်သော အပြုအမူ၊ ဆန့်ကျင်သော အပြုအမူပင် မဟုတ်တုံလော။

အရှင်ရသေ့သည် ထူးဆန်းအံ့ဩစိတ် ကြောက်ရွံ့တုန်လှုပ်စိတ် တို့ဖြင့် ထိုခဏ၌ ရှုပ်ထွေးလျှက် ရှိနေသည်။ ထိုစကားတို့သည် အရှင် ရသေ့ အဖို့ လက်မခံ၊ မရပ်တည်နိုင်သော ဝါကျ ပိုဒ်များ ဖြစ်နေရပေသည်။

"အရှင် သူတော်စင် ထိုအရာတို့ကား အကျွန်ုပ်တို့၏ အကြော၊ အရိုး၊ အသား၊ သည်းခြေ၊ နှလုံးတို့၌ ဝင်ရောက် ခိုင်မာနေသော ရပ်တည် အမြစ်တွယ်နေသော ပရမတတို့သာ တကား"

ရသေ့ သူအိုကြီးသည် ညည်းတွား ရေရွက်လျှက် မြတ်သော ဦးခေါင်းကို ငုံ့စိုက်လိုက်လေသည်။ ရသေ့ သူအိုကြီး၏ တုန်ယင်နေသော ညည်းတွားနေသော ထိုအသံသည် ကျောင်းတော်ကြီး၏ ကြီးမားသော တိုင်လုံးကြီးများကို ဖြတ်သန်းပြီး အပြင်ဘက် နှင်းမှုန်များထည်းသို့ တိုးလျှိုးဝင်ရောက် သွားနေလေသည်။

"ဖခင် အရှင် မှန်သော သစ္စာတရားတို့သည် အကြည့်ခံနိုင်၏။ အမြင်ခံနိုင်၏။ အတွေးခံနိုင်၏။ အို ဖခင် မှန်သော သစ္စာတရား ပရမတတို့သည် တိမ်းစောင်းသွားသည် မရှိ။ စေ့ငု သုံးသပ်ခြင်းကြောင့် မှန်သော ပရမတ သစ္စာတို့သည် ပို၍ တောက်ပထင်ရှား လာသည်သာ ဖြစ်ဘိ၏။ ကျွန်ုပ်တို့ကဲ့သို့ မှန်သော ပရမတသစ္စာ တို့အား ရှာဖွေသူတို့သည် နားများကို အစဉ်ဖွင့်ထားခွင့် ရှိပါသည်။ မျက်လုံးများကို အစဉ်ဖွင့်ထားခွင့် ရှိပါသည်။ အစဉ်မြင် ကြား၊ သုံးသပ်ခွင့်ရှိသည် မဟုတ်လေ ဖခင်. . . . . "

"အို အရှင် ရဟန်း သူတော်စင်"

"ဖခင် ကျွန်ုပ်ကား ငရဲသို့ တကြိမ် ရောက်ခဲ့လေပြီ တကား။ ကျွန်ုပ်ကား ငရဲမှ တဖန် ပြန်လာခဲ့ပြီတကား။ အို ကျွန်ုပ်၏ ဖခင်. . . . ကရစ်သျှန ဘုရားအရှင်သည် ကျွန်ုပ်၏ ခန္ဓာကိုယ်ရုပ်နှင့် တကွ၊ နာမ်အစဉ်နှင့်တကွ ဖြစ်သော ကျွန်ုပ်ကို ငရဲသို့ ခေါ်ဆောင် သွားခဲ့ဘူးလေသည်တကား။ ကျွန်ုပ်၏ ရုပ်နှင့်ဆတ်ဆတ် ခန္ဓာ ငါးပါးနှင့် ဆတ်ဆတ် ဝိညာဉ် နာမ်တရား တို့နှင့် ဆတ်ဆတ်. . . . ပင် တကား။ သည်သို့ မြင်လှည့်၊ သည်သို့ ရှုကြည့်လှည့်နှင့် ရူပ၊ အရူပ၊ သညာ၊ အသညာတို့သို့ ပို့ဆောင်ခဲ့ပေသည် ဖခင်။ ထိုအရာတို့ကား ပရမတ သစ္စာတို့ဟူ၍ ကျွန်ုပ် သိခဲ့လေပြီ။ ထိုအရာတို့၏ ရှိခြင်း၊ တည်ခြင်းကို ကျွန်ုပ်မျက်စိဖြင့် တပ်အပ်သေချာ ရှုမြင်ခဲ့ရပြီ။ နားဖြင့် မုချဆတ်ဆတ် ကြားသိခဲ့ရပြီ"

ထို့နောက် အချိန်ကြာညောင်းစွာ ရပ်တန့် ငြိမ်သက်သွားလေသည်။ ရသေ့ သူအိုကြီးသည် ရဟန်း၏ မျက်နှာအား ငြိမ်တွေစွာ ကြည့်နေ၏။ မွဲသီနေသော ရသေ့ သူအိုကြီး၏ မျက်လုံးထည်း၌ အရောင်တမျိုး လျှမ်းတောက်လျှက် ရှိနေသည်။

"နာယာယနသည် ဖခင်သူတော်စင်နှင့် သူ၏နှမတော် ပန်ထွာမင်းသမီးငယ်ထံသို့ အရောက်သွားရန် ကျွန်ုပ်အား စေလိုက်လေပြီ။ သို့ကြောင့် ကျွန်ုပ်ကား လာရ၏။ သို့ကြောင့် ကျွန်ုပ် ရောက်၏။ အရှင် ကျွန်ုပ်၏ ဖခင်အား ကျွန်ုပ် မုချဆတ်ဆတ် ကြားသိခဲ့ရပြီးသော အဝီဇ အကြောင်းကို အမြွက်မျှ ဆိုပါအံ့။ ကာလသုတ် ငရဲ အကြောင်းကို အမြွက်မျှ ပြပါဆိုပါအံ့"

ရဟန်းသူတော်စင်သည် ထက်ဝယ် ဖွဲ့ခွေနေတော်မူရာမှ မျက်လုံးတို့ကို မှိတ်လိုက်ပြီး ငြိမ်သက်သွားပေသည်။

စကားတို့သည် ရဟန်းသူတော်စင်၏ နှုတ်ဖျားတော်မှ ထွက်ပေါ်နေသည်ဟူ၍ မယူဆရပေ။ ရဟန်းသူတော်စင်၏ နောက်ဘက်ရှိ သို့ဝ အရှင်၏ ပုံတော်ကဲ့သို့ ရဟန်း သူတော်စင်သည် ငြိမ်သက်နေ၏။ ပြောင်သော ဦးပြည်း ထက်တွင် အရောင်တို့ ဝင်းလက်နေသည် ဟူ၍ ထင်မှတ်ရ၏။ သင်္ကန်းမှ အရောင်တို့သည် ရဟန်း သူတော်စင်၏ မျက်နှာတော်ကို ရိုက်ဟပ်နေဘိသည်။ တိမ် ကင်းစင်သော လမင်းကဲ့သို့ သူတော်စင်၏ မျက်နှာမှာ ကြည်လင်နေ ပေသည်။

ထိုအချိန်၌ ရသေ့ သူအိုကြီး၏ မျက်နှာမှာ သနားစဖွယ် မေးမှိန် ဖျော့တော့သွားလေသည်။ ဇရာ၏ အမှတ်အသားဖြစ်သော တွန့်လိပ်သည့် အရေပြားတို့ အပေါ်၌ တုန်လှုပ်မှုများ ပြည့်လျှမ်းသွားသည်။ မျက်လုံးတော်သည် မှေးမှိန်သွား၏။ ရသေ့ သူအိုကြီးသည် ရုတ်တရက် တဆတ်ဆတ် တုန်လှုပ်သွားပြီး တုန်ယင်သော အသံဖြင့်-

"ကျွန်ုပ် နားလည်ပါပြီ အရှင်. . .၊ ကျွန်ုပ်သည် ဂန္ဓာရအတတ်တို့ဖြင့် ချောင်းကို ရေလျှံစေခဲ့၏။ ကြီးမားသော ရေအလျဉ်ကို ဖြစ်စေ၍ အများ သတ္တဝါတို့အား သေကြေစေခဲ့၏။ ကျွန်ုပ်နှင့် သမီးပန်ထွာငယ်တို့ လားရမည့် ငရဲအား ညွှန်ပြတော်မမူပါလင့် သူတော်စင်၊ မိန့်မြွက်တော် မမူပါလင့်။ မိုက်မှားခဲ့မှု အတွက် ယခု ပစ္စက္ခ၌ပင် ကျွန်ုပ်ကား ငရဲသို့ လားနေရချေပြီ။ ထိုငရဲမှ အဘယ်သို့သော ပုညကို ပြု၍ ကျွန်ုပ် လွတ်မြောက်ခွင့် ရပါမည်နည်း။ အဘယ်သို့သော ဓမ္မကို နာယူ၍ ကျွန်ုပ် လွတ်မြောက်နိုင်ပါမည်နည်း။ အဘယ်ဘာဝနာကို ပွား၍ ကျွန်ုပ် ရှောင်တိမ်းနိုင်ပါအံ့နည်း မိန့်မြွက်တော်မူပါ သူတော်စင်. . . . . ညွှန်ကြားတော်မူပါ အရှင် သူတော်စင်"

"မစိုးရိမ်ပါလင့် ဖခင်၊ သတ္တဝါတို့ ဖြစ်မှုပျက်မှုသည် သူတို့၏ အကျင့်ဝသီနှင့်သာ သက်ဆိုင်ပါသည် ဖခင်။ မိစ္ဆာတို့အား ရေ၌ မျောစေခြင်းကို ဖခင်သည် ပြုသည်မဟုတ်ခဲ့၊ ပန်ထွာငယ်သည် ပြုသည် မဟုတ်ခဲ့။ ထိုအမှုတို့သည် ဘုရားအရှင်တို့၏ တန်ခိုးဗျာဒိဟာသာ ဖြစ်ချေသည်"

"ကျေးဇူးကြီးမားလှပါဘိ အရှင်သူတော်စင်. . . "

ကျုပ်သည် ဆွမ်းစား ပင့်ဖိတ်ရန်လာရင်း ကိစ္စကို အမှတ်ရသော်လည်း ငြိမ်သက်နေမိ၏။

ရသေ့ သူအိုကြီး၏ မျက်နှာတော်မှာ တဖန်ပြန်၍ လန်းဆန်း ကြည်လင် လိုက်လာလေသည်။

"သို့ဆိုလျှင် ဂန္ဓာရီအတတ်၊ အင်းအိုင် ခလှဲ့အတတ်၊ ယန္တရား အတတ်တို့၌ ဘယ်သို့ ရှုမြင်ဘိသနည်း။ ဝိဇ္ဇာမယ အတတ်တွင် အရှင် အဘယ်သို့ သုံးသပ်တော် မူပါဘိသနည်း"

"ကျွန်ုပ် မဆိုစလောက်မျှသာ မြင်နိုင်ပါသည်အရှင်"

http://cyberbooks.myanmarchat.org



“မည်သို့ သုံးသပ်ဘိသနည်း သူတော်စင်”

“ကျွန်ုပ်၏ဖခင် စကြာဝဠာသည် အစဉ်ပြောင်းလဲဘိ၏။ စကြာဝဠာကို မှီ၍ ရာသီဥတု အအေး အပူတို့သည် အစဉ်ပြောင်းလဲဘိ၏။ ဇီဝ-အဇီဝတို့သည် ပြောင်းလဲသော ဥတုရာသီကို အစဉ်မှီ၍ ဖြစ်၊ ပျက်၊ ချုပ်ငြိမ်းမှုများ အစဉ်ဖြစ်ရ၏။ ဂြိုလ်နက္ခတ်တို့သည် ရာသီဥတုကို အစဉ်ဖန်ဆန်းအပ်၏။ လောက၏ ဖြစ်ခြင်း ပျက်ခြင်းတို့ကို ချုပ်ကိုင်၏။ အားလုံးသော အတတ်ပညာ အပေါင်းသည် ဂြိုလ် နက္ခတ်တို့၌သာ အခြေတည် မှီတွယ်ရပေသည် ဖခင်. . . .။ ယင်းသည် အတတ်တို့သည် ဂြိုလ်နက္ခတ်တို့၏ ကိန်းခန်းဓာတ် သဘောမျှသာ ဖြစ်ချေသည် ဖခင်။ ဂြိုလ်နက္ခတ်တို့ကို သအံ့၊ ရွေ့လျားဖြစ်ပေါ်မှုတို့ကို မြင်အံ့၊ ဇီဝ-အဇီဝတို့၏ ဖြစ်မှုပျက်မှုကို မြင်သည် မည်ပါသည် ဖခင်။ အကျယ်ကို ကျွန်ုပ်ဆိုပါအံ့”

စကားစ ဝင်သာချိန်တွင် ကျုပ်သည် ရသေ့ သူအိုကြီးအား ဘုရင်မက ဆွမ်းစား ပင့်ဖိတ်လိုက်ကြောင်း လျှောက်ထားလိုက်လေသည်။ ရသေ့ သူအိုကြီးသည် စကားစဖြတ်၍ ရဟန်းသူတော်စင်ကိုပါ ဆွမ်းစား ပင့်လျှောက်လိုက်၏။

“ရဟန်းသူတော်စင် တပါးကိုပါ ကျွန်ုပ် ပင့်ဆောင်လာခဲ့မယ်လို့ သမီးတော်ကို ပြောပါ. . . . သူငယ်”ဟု ကျုပ်ကို ပြုံးဘာသာဖြင့် မိန့်မြွက်လေသည်။ ထိုအချိန်၌ သူတော်စင်သည် ငြိမ်သက်နေရာမှ ကျုပ်အား တချက် လှမ်းကြည့်လိုက်လေသည်။

ကျုပ်သည် ကျောင်းအောက်ဘက်မှ မြင်းကို လွှား၍ စီးလာရင်း နောက်ဆုံး မြင်တွေ့လိုက်ရသည့် ရဟန်း၏ အကြည့်ကို ထပ်ပြန်တလဲလဲ သုံးသပ်နေ၏။ ကျုပ်၏ စိတ်တွင်း၌ မဝံ့မရဲ သံသယတခု ဝင်ရောက် ငြိတွယ်နေသည်။ ယင်းမှာ သူတော်စင်၏ ဖျတ်ကနဲ အကြည့်၌ ဝဲဘက်မျက်လုံး မသိမသာကလေးမျှ စွေ့ကြည့်သည်ဟု ထင်နေမိခြင်း ဖြစ်လေသည်။ ထိုအရာကို ကျုပ်သည် ထပ်ပြန်တလဲလဲ စွဲမှတ်နေ၏။

ထိုအရာသည်ပင် ရဟန်းသူတော်စင်နှင့် ကျုပ်၏ ကြား၌ ဝင်ရောက် စွဲကပ်လာသော အမျိုးအမည် ဖော်ပြ၍ မရသော၊ မရေရာသော သံသယ တခုဖြစ်ပေသည်။

(၂၀)

တနှစ်တာ အချိန်သည် လူ့ သက်တန်း၌ ကြာလိုက်သည်ဟု မထင်လိုက်ရပေ။

ရဟန်းသူတော်စင် ရောက်လာပြီး မကြာမီ၌ ရဟန်းသူတော်စင်သည် မင်းဆရာ၏ ကျောင်းတော်၌ နှစ်လကြာရှည် သီတင်းသုံးတော် မူလိမ့်မည်ဟူသော သတင်းပျံ့နှံ့ ထွက်ပေါ်လာသည်။

ဗိဿနိုး၌ ရဟန်းသူတော်စင်၏ သတင်းသည် များစွာ ပျံ့နှံ့နေ၏။ ရဟန်း၏ အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာတို့သည် အရပ်ရပ်၌ ပျံ့နှံ့ ကျော်ကြားနေသည်။ ရဟန်းသူတော်စင်၏ အစဉ်အမြဲ ရင့်ကျက် တည်ငြိမ်သော မျက်နှာ၊ ထူးဆန်းလှသော ဝတ်ရုံသင်္ကန်း၊ ကြွလှမ်းတော်မူပုံတို့ကို လူအများသည် သတိထားမိကြလျှက် ကြည်ညို၍ မဆုံး ဖြစ်နေရသည်။

ထို့နောက် ရဟန်းသည် မင်ဆရာရသေ့၏ ကျင့်စဉ်တို့ကို နှစ်သက်စွာ လက်ခံ ကျင့်သုံးတော် မူနေသည်ဟူသော သတင်းထွက်ပေါ်လာသည်။ ဘုရင်မသည် ရဟန်းသူတော်စင်အား ကြည်ညို သဒ္ဓါပွား၍ မင်းဆရာ ရသေ့ကြီး၏ ကျောင်းတော်ကြီးနှင့် ယှဉ်လျှက် ကျောင်းငယ်တဆောင် သီးသန့်ဆောက်လုပ် လှူဒါန်းတော်မူသည်။

ရဟန်းသူတော်စဉ်၏ ကျောင်းတော်၌ ရုပ်တုပေါင်း များစွာကို ဆည်းကပ် ကိုးကွယ်ထားသည်။ ရံဖန်ရံခါ ရဟန်းသည် ရက်ပေါင်း သုံးလေးဆယ်တိုင်တိုင် တံခါးပိတ်၍ တရားကျင့်ကြံတော်မူတတ်၏။ ထိုအခါများ၌ ကျောင်းသို့ တစုံးတဦးမျှ လာရောက်ခွင့်မပြု။ တရားကျင့်ကြံရာမှ ထတော်မူသောအခါ ရဟန်းရှင်သည် အရိုးပေါ် အရေတင် ကမ္မဋ္ဌာန်းရုပ်မျှ ပိန်ချောင်ကျသွားပြီး မမှတ်မိနိုင်လောက်အောင် ရှိတတ်၏။

တခါက-ရဟန်းသူတော်စင် ဆွမ်းခံကြွာတော် အမူတွင် လမ်းခရီး၌ လူတဦးနှင့် တွေ့ဆုံလေသည်။

ထိုသူကိုမြင်လျှင် “အချင်းလုင်. . . . အချင်း၌ တစုံတရာသော ဥစ္စ ပစ္စည်းပျောက်ဆုံး၍ ပူပန်သောက ဖြစ်နေရသလော”ဟု မေးတော်မူသည်။

ထိုသူမှာ အံ့အားသင့်စွာဖြင့် မိမိနွားတအုပ် ပျောက်ဆုံးနေပါကြောင်း လျှောက်ထားသည်။ သူတော်စင်သည် မြေပြင်ကို အချိန်ပေါင်းများစွာ ကြာအောင် ငုံ့ကြည့်တော်မူလျှက်. . . . .

“အချင်း လုင်ကား ကျွန်ုပ်၏ ဗေဒနက္ခတ် ဟောကိန်းထုတ်ရန် ကိုက်ညီလာချိန်၌ လာ၍တွေ့ဆုံရသောသူ ဖြစ်၍ ကုသိုလ်ကံကောင်းပေသည်။ သို့သော် ကျွန်ုပ်၏ ဗေဒင် ဟောမြွက်ကြောင်း သင်မှတပါး သူတပါး မသိစေရပါ ဟူ၍ သစ္စာ ပြုပါလေ”ဟု မိန့်မြွက်လိုက်လေသည်။

ထို့နောက် အရှင်သူတော်စင် ဟောသည့်အတိုင်း ပစ္စည်းများကို တသဝေမတိမ်း ပြန်၍ တွေ့ရှိရလေသည်။ သို့သော် လူတို့သည် ‘လျှို့ဝှက်မျိုသိပ်ထားပါ’ ဆိုသော စကားမျိုးကိုမှ မပြောရ မနေနိုင် ဖြစ်ရသည့် ဓမ္မတာအတိုင်း နွားပျောက်မှုကို ရဟန်း သူတော်စင်၏ ဗေဒင်အတိုင်း ဖြစ်ပျက်ခဲ့ကြောင်း ကျော်ကြား သွားလေတော့သည်။

နောင် ကြာသောအခါ၌ ရဟန်းသူတော်စင်သည် ဗေဒင် ဟောရန် နက္ခတ်မိချိန်၊ အဟောခံရမည့်သူ၏ နက္ခတ်များနှင့် ကိုက်ညီချိန်များတွင် ဗေဒင်ဟောသည် ဟူသော သတင်း ပြန့်ပွားနေသည်။ ဟောဆိုတိုင်းလည်း မှန်သည်ချည်း ဖြစ်နေ၏။ ထို့အပြင် ယန္တရားအတတ်၊ ဂန္ဓာရီအတတ်တို့၌ ရဟန်းသည် များစွာ ကျွမ်းကျင်တော်မူသည် ဟူသော သတင်းမှာ ပို၍ ပို၍ ကြီးမား လာလေသည်။ ကျောင်းပေါ်သို့ တက်လိုက်လျှင် ရုပ်တုတော်များ

အသက်ဝင်နေကြသည် ဟူ၍ လူအများ ပြောစမှတ်ပြု နေသည်။

ကိုးကွယ် ဆည်းကပ်သူများ လွန်စွာ ပေါများလေသည်။ သို့သော် လှူဒါန်းသမျှ ပစ္စည်းဒါနတို့အား ရဟန်းသည် ငြင်းပယ်သည်ချည်း ဖြစ်တော့၏။

"လောဘတဏှာ ကပ်ငြိခြင်းသည် ပူလောင်ခြင်း မည်ပေသည်။ ကျွန်ုပ်ကား ပူလောင်ခြင်း အလုံးစုံကို စွန့်ပယ်ခဲ့ပြီးလေပြီ"ဟု မိန့်မြွက်၍ ငြင်းပယ်တော် မူတတ်သည်ချည်း ဖြစ်လေသည်။

ရဟန်းသူတော်စင်အား ဘုရင်မသည် မကြာမကြာ ဆွမ်းပင့် လုပ်ကျွေးတော် မူတတ်လေသည်။

သို့သော် ရဟန်းသူတော်စင်သည် "ကျွန်ုပ်ကား သတ္တဝါအများကို မခွဲခြားအပ်သော မေတ္တာဖြင့်သာ ပွားစီးအပ်သည်။ တဦးတယောက်တည်း ပင့်ကျွေးသော ဆွမ်းကို မဘုန်းပေးလိုပြီ"ဟု ငြင်းပယ်တတ်၊ ဆယ်ခါမှ တခါသာ လက်ခံ၍ နန်းတော်သို့ ကြွမြန်းတတ်ပေသည်။

တခါတွင်မူ ရဟန်းသူတော်စင်သည် ဗေဒင် မဟောတော့ဟူ၍ ဆုံးဖြတ်တော် မူလိုက်ရလေသည်။ မေတ္တာတရား ပွားစီး၍ အများအတွက် ပြုကျင့်သော အမှုကိစ္စမျိုးပင် ဖြစ်သော်လည်း လူသတ္တဝါတို့၏ စိတ်ထားများနှင့် မသင့်လျော်တတ်ပေ တကား။

တနေ့တွင် မြောက်ပြင် သူဌေးတဦး၏ ရတနာထုပ် ပျောက်ဆုံးသော ကိစ္စတွင် ဟောဆိုရန် နက္ခတ်ကိုက်ညီ၍ မြင်တော်မူသဖြင့် ရဟန်းအရှင်သည် "သူဌေး၏ ရတနာအထုပ်မှာ အခြား တပါးသို့ မသွားမူ၍ သူဌေး ကိုးကွယ်သည့် ဗိသနိုး ရုပ်တုတော် နောက်သို့ ကြွက်ချီ၍ ပို့ထားသည်"ဟူ၍ ဟောပြောလိုက်လေသည်။

သို့သော် သူဌေးကြီးသည် 'မိမိ အိပ်ပျော်နေစဥ်၌ လူတဦး တယောက်လာသည်ကို အိပ်မက်အတွင်း၌ မြင်နေရသကဲ့သို့ မြင်နေရပါသည် ကြွက်ချီသည် မဟုတ်နိုင်ပါ' ဟူ၍ နီးစပ်ရာတို့၌ ပြောလေသည်။

ရဟန်းအရှင်သည် စိတ်ဝမ်း မချမ်းမြေ့ဖြစ်တော်မူလျက် "လူခိုးသည်ဆိုလျှင် အဘယ်ကြောင့် ယူမသွားဘဲ ပစ္စည်းကို နေရာရွှေ့ထား ခဲ့ရသနည်း"ဟု သူဌေးကြီးကို ခေါ်မေးလေသည်။

ထိုအခါ၌ သူဌေးကြီးက မိမိထင်မြင်မိခြင်းသာ ဖြစ်ပါကြောင်း အမှားကို ဝန်ခံ၍ တောင်းပန် လျှောက်ထားခဲ့ သေး၏။

သို့သော် ရဟန်းသူတော်စင်သည် "လူသားတို့နှင့် စပ်ယှဉ်သော ဤအမှုမျိုးကို တရားဝင်တော်မူသည်။ ထို့နောက် မည်သည့် အခါတွင်မှ သူတော်စင်သည် ဗေဒင်ဟောခြင်း အမှုကို မပြုမူ၍ နှုတ်ဆိတ်တော် မူလေသည်။ ထို့အပြင် ကျောင်းသင်ခန်းသို့လည်း လူသူလေးပါး ဝင်ထွက်ခွင့် ပြုတော်မမူဘဲ တရားဘာဝနာတို့၌သာ အားထုတ်တော် မူလေသည်။

ထိုအချိန်မှ စ၍ ရဟန်း သူတော်စင်အား ဖူးမြင်လိုသူတို့သည် အရှင်ရဟန်းကို တရားအားထုတ်ပြီး အညောင်းအညာ ဖြေတော်မူခိုက် ကျောင်းသင်ခန်း၏ ဝရံတာ၌သာ မျှော်ရလေသည်။

သို့သော် ရဟန်းအရှင်သည် အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ အတတ်တို့ကိုမူ မပြတ် စီရင်တော်မူလျက် ဗိသနိုး နေပြည်တော် အတွက် ကြီးစွာသော ကောင်းကျိုးချမ်းသာ တခုကို စီရင်တော်မူရန် နက္ခတ်တို့၏ အချိန်ကာလကို စောင့်ဆိုင်းတော် မူနေသည်ဟူသော သတင်းတခု ထွက်ပေါ်နေပေသည်။

(၂၁)

တနေ့တွင် တပ်မှူးနှစ်ဦးနှင့်အတူ ကျောင်းတော်ကြီး၏ လှေကားအောက်ခြေ၌ ကျုပ်သည် ငြိမ်သက်စွာ ရပ်နေ၏။ ကျောင်းအဝင် လမ်းမကြီးပေါ်၌ မြင်းခြောက်ကောင် က ပန်းရထားသည် မလှုပ်မရှက် ငြိမ်သက်စွာ ရပ်နေသည်။ ပန်းရထား၏ ရှေ့တွင် မင်းလုင်အဝတ်ကို ဝတ်ဆင်ထားသော မိန်းမ ရထားထိန်းသည် ငိုက်မျဉ်းနေ၏။ မင်းလုင်အဝတ် ဝတ်ထားသော ထီးတော်မိုး နှစ်ဦးသည် ကျောင်းတော်၏ လှေကားထစ် အပေါ်ဆင့်တွင် တောင့်တောင့် ရပ်နေသည်။ မြင်းသည်တော်များသည် ကျောင်းတော်ကြီးနှင့် မြို့တော်သွားရာ လမ်းတလျှောက်၌ ခေါက်တုံ့ခေါက်ပြန် မြင်းများကို ဖြည်းဖြည်း နှင်နေလျှက် လေးသည်တော်များသည် ကျောင်းတော်ကြီး၏ ဝင်းတော် အပြင်ဘက်တွင် စီတန်း၍ ရပ်နေသည်။ သက်တော်စောင့် စစ်သည်များသည် ကျောင်းတော်ဝင်း အတွင်းဘက် ပတ်ပတ်လည်တွင် လှုပ်လှုပ်ရှားရှား ရှိနေသည်။

ထိုအချိန်၌ တဖက်ကျောင်းငယ်၏ ဝရံတာရှေ့သို့ ရဟန်းသူတော်စင်သည် ငြိမ်သက်စွာ ထွက်၍ ရပ်တန့်တော်မူသည်။ ရဟန်း သူတော်စင်၏ နုပျိုမျစ်သော မျက်နှာမှာ အေးဆေးမှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုများဖြင့် ပြည့်လျှမ်းနေသည်။ သူတော်စင်၏ လက်အတွင်း၌ ပေလွှာတခုကို ညှင်းသာလှစွာ ဆုပ်ကိုင်ထားသည်။ အဝါရောင် ဝတ်ရုံသင်္ကန်းသည် ဝရံတာ၌ တောက်ပသွား၏။ ထို့နောက် ရဟန်းသူတော်စင်သည် အလွန်ညင်သာသော တသမတ်တည်းကျသော ခြေလှမ်းများဖြင့် ကျောင်းငယ်၏ လှေကားမှတဆင့် ကျောင်းအောက်သို့ ဆင်းသက်လာလျှက် ကျောင်း ကြားလမ်းကလေးအတိုင်း ကျောင်းတော်ကြီးဘက်သို့ လှမ်းကြွလာလေသည်။

ရဟန်းသည် မျက်နှာတော်ကို အောက်သို့ငုံ့ထားကာ ဘေးဘီကို အလျှင်း ကြည့်တော်မမူ၍ ခြေတလှမ်းစာမျှသာ ရှေ့သို့ ရှုတော်မူလာသည်။ တည်ငြိမ်သော ခြေလှမ်း၊ ရင့်ကျက်အေးငြိမ်သော မျက်နှာတော်တို့ဖြင့် ရှေ့ရှု လာနေသည်။ ငိုက်မျဉ်းနေသော ရထားထိန်းသည် ရထားပေါ်မှ လက်အုပ်ချီ၍ အရိုအသေ ပြုလိုက်၏။ စစ်သည် အပေါင်းသည် တာဝန်ကျရာ နေရာတို့မှ လက်အုပ်လှမ်းချီပြီး အရို အသေပြုနေ၏။ ရဟန်းသူတော်စင် လှမ်းနေသော မြေလမ်းကလေးပေါ်မှ မြက်ပင်ငယ်များသည်ပင် ရဟန်း သူတော်စင်အား ရှိခိုး ကော်ရော် နေဘိသကဲ့သို့ ရှိလေသည်။

ထိုအချိန် ကလေး၌ ကျုပ်သည် ကြီးမားသော ဆုံးဖြတ်ချက် တခုကို ချမှတ်ရန် ဇဝေဇဝါ ဖြစ်နေလေသည်။ ကျုပ်သည် ဓားရိုးပေါ်သို့ လက်ကို ဆန့်တန်းတင်လိုက်လျှက် တခဏအတွင်း၌ ဆုံးဖြတ်ချက်ချနေ၏။ မည်သို့ပင်ဖြစ်စေ ရဟန်းကို ကျောင်းတော်ကြီးပေါ်သို့ တက်ခွင့်မပြုပဲ တားမြစ်မည်။ အဘယ်ကြောင့် ဆိုသော်. . . . ။

ရဟန်းအပေါ်၌ ကျုပ်၏ အမြင်မှာ အများနှင့် ကြီးကျယ်စွာ ပဋိပက္ခ ဆန့်ကျင်လျှက် ရှိသည်။

ပထမအချက် . . . . သူသည် ပြုဖြစ်လျက် အယုဒ္ဓသားဟန်ဆောင်ပြီး သက္ကဋ္ဌစကားကို အယုဒ္ဓယ သံပေါက်အောင် တမင်ပြောဆိုခဲ့၏။

ဒုတိယ. . . . ပုဂ္ဂိုလ်တဦး တယောက်၌ ပင်ကိုယ် ကိုယ်အင်္ဂါ တခုခု ချွတ်ယွင်းလျှင် စိတ်ထား စိတ်ဓာတ်ပါ ချွတ်ယွင်းနေတတ်၏။ စိတ်နှင့် ရုပ်သည် အစဉ်တွဲစပ် ဖြစ်ပေါ်နေတတ်၏။ ဤရဟန်းမှာ မျက်လုံးတဖက် မသိမသာ စွေနေ၍ သူသည် စိတ်ဓာတ် ချွတ်ယွင်းနေသော၊ မှုမမှန်သော စိတ်ထားရှိသူ ဖြစ်ရမည်။

တတိယ. . . . သူသည် ဗေဒင်ပညာဖြင့် မကျော်ကြား ကျော်ကြားအောင် သူ့ ကိုယ်သူ ပြုခဲ့၏။ ‘မပြောပါနှင့်’

ဟု ပိတ်ပင်လျှင် လူတို့၏ ပိုမို၍ ပြောတတ်သော သဘောများကို သိထားနှင့်မည် ဖြစ်ပါလျှက် "မပြောပါနှင့်"ဟု တဖက်က ပိတ်ပြီး၊ တဖက်က ဗေဒင်ဟောခဲ့၏။ ကျော်ကြားမှုကို ဘာကြောင့် သူ အလိုရှိပါသနည်း။

စတုတ္ထ. . . . မြောက်ပြင်သူဌေး၏ ရတနာထုပ် ကိစ္စ၌ မြောက်ပြင် သူဌေးဘက်မှ အမှန်ဖြစ်နိုင်၏။ ရဟန်းသည် သူ၏ ကျော်ကြားမှုအတွက် သူ့လူများကို ပစ္စည်းဥစ္စာ ခိုးဝှက်ခိုင်းပြီး သူက ဗေဒင်ပြန်ဟောနေသည် ဖြစ်နိုင်၏။ ထို့ကြောင့် ဗေဒင်ဟောရန် နက္ခတ်နှင့် ကိုက်ညီမှုဟု အကြောင်းပြပြီး သူ ဟောချင်သူများကိုသာ ရွေးချယ်ဟောခဲ့၏။

ပဉ္စမ. . . . သူသည် ရသေ့အိုကြီးအား ချောက်လှန့် သိမ်းသွင်းခဲ့ပြီး ဘုရင်မ၏ ကြည်ညိုမှုကို မရအရ နည်းဖြင့်ယူနေ၏။

ဆဋ္ဌမ. . . . သူသည် အင်း၊ အိုင်၊ ခလှဲ့၊ မန္တရားအတတ်တို့၌ တဖက်ကမ်းခတ် ကျွမ်းကျင်လေဟန် လူသိများလေဟန် လူသိများရန် ပြုနေခဲ့၏။

ရွှေစွန်ညို ဘာကိုလို၍ ဝဲပါသနည်း။

ယခုလည်း သူသည် ကျောင်းတော်ကြီးသို့ သွားပြီး အရှင်မထံသို့ တွေ့ဆုံတော့မည်။ သူသည် လိမ်ညာလှည့်ဖြားသူကား အမှန်ဖြစ်၏။ သူသည် လိမ်ညာ လှည့်ဖြားသူကား အမှန်ဖြစ်၏။ သို့သော် ရွှေငွေ ရတနာ ဥစ္စာ ပစ္စည်း မလိုချင်ဘဲ သူသည် ဘာကို အလိုရှိ၍ ဝဲပါသနည်း။

တပ်မှူး ဒက္ခဏာနှင့် ပါလသည် လှေကားအရင်း၌ မြေပြင်တွင်ပြားပြားဝပ် မှောက်၍ အရိုအသေ ပေးလိုက်ကြလေသည်။

ကျုပ်ကား ရှေ့တည့်တည့်၌ စစ်မှုထမ်းတဦးပီပီ တောင့်ခိုင်စွာ ရပ်နေ၏။

ကျုပ်သည် ယတိပြက် ဆုံးဖြတ်ပြီးသား ဖြစ်နေ၏။ ကျုပ်၏ လက်များသည် ဓားရိုးကို မသိမသာ ဆုပ်ကိုင်ထားရာမှ သိသိသာသာ ကျစ်ကျစ်လစ်လစ် ဆုပ်ကိုင်လိုက်၏။ ကျုပ်၏ မျက်နှာမှာ ရုတ်တရက် တင်းမာသွားသည်။ စေ့ထားသော နှုတ်ခမ်းတို့သည် ပြတ်သားမှုများကို ဖော်ပြနေ၏။

သူသည် ဘေးကို အလျှင်းမကြည့်ဘဲ ရှေ့သို့သာ ကြည့်လာနေ၍ ကျုပ်၏ ရှေ့တည့်တည့် ဓားတကမ်းစာသို့ ဆိုက်ရောက်လာသည်။

ကျုပ်သည် ဓားကို လျှပ်ပြက်သကဲ့သို့ ဆွဲထုတ်လိုက်၏။ ဓားသွားမှ အဖျားခတ်သွားသံ 'ချွမ်'ကနဲ မြည်သွားလျှက်၊ ကျုပ်သည် လက်ကို ဆန့်တန်း ထုတ်လိုက်လေသည်။ ဓားဦးသည် ရုတ်တရက် ရဟန်း၏ ရင်ဝတည့်တည့် လက်နှစ်လုံးလောက် အကွာတွင် တန်းပြီး ရပ်သွားလေသည်။

လူငယ်လေး ဒက္ခဏာနှင့် ပါလတို့သည် အလန့်တကြား ထရပ်လိုက်ကြ၏။ သူတို့၏ မျက်နှာများမှာ အံ့အားသင့်မှုပြင်းစွာဖြင့် ဖေးကြောင်သွားကုန်သည်။ ရထားထိန်းသည် လန့်၍ အော်တော့မည့် အတိုင်း ပါးစပ်ကို ဖွင့်လှစ်လိုက်၏။ သက်တော်စောင့် စစ်သည်များသည် အလန့်တကြား လှမ်းကြည့်နေကာ အံ့ဩထိတ်လန့်နေကြသော မျက်လုံးအပေါင်းသည် ကျုပ်အပေါ်သို့ စုပြုံ ရောက်ရှိလာနေသည်။

ထိုအချိန်၌ ကျုပ်သည် ရဟန်း၏ မျက်နှာကို အလွန်သတိထားစွာ ကြည့်နေသည်။ သူ၏ မျက်နှာ၌ ရုတ်တရက် ဖြစ်သွားသော အချိန်ကလေးအတွင်းတွင် ကြောက်ရွံ့ထိတ်လန့်မှုများသည် အလန့်တကြား စုရုံးလာ၏။ ထို့နောက် ထိတ်လန့်မှု တုန်လှုပ် ချောက်ချားမှု အရိပ်အရောင် အပေါင်းသည် ချက်ခြင်း သူ့မျက်နှာပေါ်မှ ထွက်ပြေးသွားပြီး ပြန်လည် တည်ငြိမ်၍ အေးငြိမ်းသွားလေသည်။ သူသည် အားလုံးကို ဖုံးဖိနိုင်ရန် ခေါင်းကိုငုံ့လိုက်၏။ ဤသို့ ဖြစ်ပျက်ရမည်ဟု အိပ်မက်မျှ မက်ခဲ့မည် မဟုတ်ပေ။

"ဝတ္တရားအတိုင်း အရှင်ဘုရားကို ရှာဖွေရလိမ့်မယ် ကိုယ်တော်. . . ပီးတော့ အရှင်မရှိရာကို ဝင်ထွက် သွားရောက်ခွင့်ကို အမိန့်တစုံတရာ မရရှိဘဲ တပည့်တော် ခွင့်မပြုနိုင်ဘူး"

ကျုပ်သည် ပြူစကားဖြင့် ဝေါက်ငန်း ပစ်လိုက်၏။ သူသည် စိတ်ဓာတ် တုန်လှုပ် ချောက်ချားနေချိန်၌ ရုတ်တရက် ကျုပ်၏ စကားကို ပြူစကားနှင့်ပင် ပြန်၍ ဖြေကြားမည်ထင်၏။ သို့သော် ရဟန်းသည် ပကတိ အေးငြိမ်းနေသော မျက်နှာကို မေားသည့် ဆိုရုံမျှ ပြန်၍မော့လိုက်၏။

"အို အချင်းလုင်. . . ကျွန်ုပ် ပြူဘာသာ၌ မကျွမ်းသည်ကို သင်သိပါလော့။ ကျွန်ုပ်အား ပြူဘာသာ စကားတို့ဖြင့် အချန်မဖြုန်းပါလင့်"

သူ၏ သက္ကဋ္ဌ စကားဖြင့် အေးအေးငြမ်းငြိမ်း ရွက်ဆိုသံသည် ကျုပ်၏ ဒေါသသင့်သော စကားသံအားလုံးကို နိုင်နင်းစွာ ငြိမ်းသက်လိုက်သကဲ့သို့ ရှိလေသည်။

"ကိုယ်တော်ကို ဝတ္တရားစကား ပြောနေတာ"
"အချင်း သက္ကဋ္ဌဘာသာ၌ မကျွမ်းသလော"

ကျုပ်သည် ခဏမျှ ငြိမ်သက်သွား၏။ ထို့နောက် စိတ်လျှော့လိုက်ရ၏။

ထို့နောက် သက္ကဋ္ဌ ဘာသာဖြင့် "အရှင်ဘုရား ဒုက္ခရောက်သွားချင်သလား"ဟု မေးလိုက်လေသည်။

သူသည် ကျုပ်ကိုသော်၎င်း တစုံတရာကိုသော်၎င်း မကြည့် မမြင်သော မျက်လုံးများဖြင့် တည်ငြိမ်နေလျှက်ပင် ရှိနေသည်။

"သတ္တဝါရှိနေသမျှ ဒုက္ခတရားသည်ရှိ၏။ ဒုက္ခသစ္စာတို့၏ ဖြစ်မှုပျက်မှုသည် အစဉ်ဖြစ်ပေါ်နေဘိ၏။ ငါသည် ဒုက္ခကိုမြင်၏။ ငါကား ဒုက္ခမှ ကင်းမဲ့လေပြီ"

"ထားစမ်းပါ-ဒီနေရာဟာ ဝတ္တရားကို တိတိကျကျ ထမ်းဆောင် နေတဲ့နေရာ၊ ဆောင်ရွက်တဲ့နေရာ။ ကိုယ်တော် အလွတ်ကျက်ပီး ရွက်ဖတ်တဲ့ တရားတော်များကို နာယူနေတဲ့ နေရာမဟုတ်ဖူး၊ တရားဆိုတာ တရားနေရာမယ် တရားရှိမှ တရားပီသတယ်။ မတရားနေရာမယ် တရားလာရှိနေရင် မတရားတဲ့တရား ဖြစ်သွားမယ်။ ကဲ. . . တခုဘဲ မေးမယ် မှန်မှန်ပြောစမ်း၊ ကိုယ်တော်ဟာ ပြူစကား တတ်သလား၊ မတတ်ဖူးလား"

"ကျွန်ုပ် ပြူဘာသာ၌ မကျွမ်းဟူ၍ မိန့်ဆိုခဲ့ပြီးလေပြီ"

"ရှင်တုရှင်ယောင် မြွေရဲ့ခြေကို မြွေကမြင်တယ်၊ ကိုယ်တော်ဟာ ပြူစကားတတ်လျှက်နဲ့ ကိုယ်တော် သက္ကဋ္ဌစကားထဲမယ် ပြူသံမဝဲအောင် အယုဒ္ဓသံ ပေါက်နေအောင် တမင် လုပ်ကြံနေရတယ်။ ပီးတော့ ခင်ဗျားက

ခင်ဗျားလူတွေကို ပစ္စည်းခိုးခိုင်းပီး ဗေဒင်ဟောတယ်။ အဲတာ ကျုပ်တိတိကျကျ သိထားပီးဘီး။ ခင်ဗျားဘာဖြစ်မယ် ထင်သလဲ ရှင်ယောင်။ ခင်ဗျား ဘာဖြစ်မယ်ဆိုတာ သိရဲ့လား. . . ကဲပြောစမ်း၊ ထုချေစမ်း”

“အို ဘုရားမြတ်စွာအရှင် ဤသူငယ်သည် ကျွန်ုပ်က သတ္တဋ္ဌ စကားကို ပြုသံထွက်ရန် ပြောဆိုသည်ကို အယူအဆလွဲမှား ခဲ့ချေပြီ။ အိုဘုရားမြတ်စွာ အရှင် ကျွန်ုပ်ကား ဝဋ္ဋကျွေး မကင်းခဲ့ဘိသကဲ့သို့ ဗေဒင်ဟောခြင်း အမှုတို့ကို ပြုခဲ့ဘိသည်။ အရှင်ဘုရား. . . ကျွန်ုပ်ကဲ့သို့ သူတော်စင်သည် အဘယ် အကြောင်းကြောင့် ထိုလိမ်လည်မှုတို့ကို ပြုပါသနည်း။ ဤသနားစဖွယ် လုင်ငယ်အား အရှင်မြတ်စွာ ကိုယ်တော်တိုင် ထိုလိမ်လည်မှုတို့ကို ကျွန်ုပ် အဘယ်ကြောင့် ပြုသည်ဟူ၍ ထင်မြင်ချက် ပေးတော်မူပါ”

ရဟန်း၏ အသံသည် တဖြည်းဖြည်း ပို၍ပို၍ တိုးသက်သွားနေကာ ပျောက်ကွယ်ခမန်း ညင်သာနေသည်။ ဒေါသလည်း မဖြစ်၊ ကြောက်ရွံ့ မှုလည်းမဖြစ်၊ ပြကတိ တည်ငြိမ် အေးဆေးနေ၏။ ဓမ္မတေး တပိုဒ် ဂါထာတခုကို တိုးတိုးလှိုက်လှိုက် ရွက်ဆိုနေဘိသကဲ့သို့ ကြည်နူးဖွယ်ရာ ဆွတ်ပျံ့နေသည်။

ပါလသည် တည်ငြိမ်အေးဆေးစွာ ရပ်နေ၏။ ဒက္ခဏာ၏ မျက်နှာ၌မူ စိုးရိမ်မှုများ လွှမ်းနေသည်။ ဒက္ခဏာက ကျုပ်အား ရာဇဝတ်တော် သင့်မည်ကို စိုးရိမ်နေသည်။ သို့သော် သူသည် မပြောမဟန့်တကား။ ထိုအချိန်၌ အားလုံးသည် ငြိမ်သက်နေ၏။ လှေကား အပေါ်ဆင့်မှ ထီးတော်မိုး မိန်းမနှစ်ဦးသည်လည်း ငေးနေ၏။ သူတို့သည် ကျုပ်စကားတို့ကို မကြားတချက် ကြားတချက်ရှိမည်။ ကျုပ်သည်ပင် မိမိ လုပ်ခဲ့မိသည်တို့မှာ မှားယွင်းနေပြီလားဟု သံသယ စိတ်များဝင်ရောက် လာနေလေသည်။

“အဲဒီလိမ်လည်မှုကို ခင်ဗျား ဘာကြောင့်ပြုသလဲဆိုတာ ကျုပ်အကုန်သိတယ် ရှင်တုရှင်ယောင်၊ ခင်ဗျားကို ဘယ်နည်းနဲ့မှ ကျောင်းတော်ပေါ် တက်ခွင့်မပေးနိုင်ဘူး။ ကျောင်းတော်ပေါ် တက်မယ်ဆိုရင်”

ကျုပ်သည် စကားကို ရပ်တန့်လိုက်၏။ ထို့နောက် ဓားကို ရှေ့သို့ ဆန့်ထုတ်ပြီး အသားအနီး ကပ်အောင် ထိုးလိုက်လျှက် ရင်ဝမှ ခွဲချလိုက်လေသည်။ ဓားသွားသည် နေရောင်နှင့် လက်ကနဲ ထတောက်သွား၏။ ထို့နောက် ဝတ်ရုံသင်္ကန်းကို ဓားသွားနဲ့ ခွဲချသွားသံသည်“ရှီ”ကနဲ ထွက်ပေါ်သွားလေသည်။

“ရဟန်းနှင့် ကျုပ်သည် မျက်နှာချင်းဆိုင်၍ ရပ်လျက်သားရှိနေ၏။ သို့သော် ရဟန်း၏ မျက်နှာမှာ ပကတိ အေးဆေး တည်ငြိမ်လျှက်ပင် ရှိနေသေးသည်။ သူသည် သေခြင်းတရားကိုလည်း အမှုပြုတော့မည့် သူမျိုး မဟုတ်ဘိသကဲ့သို့ ရှိနေသည်။

“ကျွန်ုပ်သည်းခံပါသည်။ အချင်း လုင်ငယ်။ ကျွန်ုပ် သင့်အား မေတ္တာတရား ပွားများ၍ ဆုတောင်း ပတနာ ပြုပါသည်။ သင့်အား ဘုရားအရှင်သည် မငြိုငြင်ပါစေသတည်း။ သင့်၌ တင်ရှိသော အပြစ်တို့ကို ကျွန်ုပ်၏ အကျင့်သီလတို့ဖြင့် စင်ကြယ် သန့်စင်အောင် ဆေးကြောအပ်ပါသည်။ ကရစ်သျှနဘုရား အရှင်သည် ခွင့်လွှတ်ပါစေသတည်း”

ထိုအချိန်၌ ခရုသင်းကို ညင်းညင်းသာသာ မှုတ်သံ ထွက်လာလေသည်။ ကျုပ်သည် တာဝန်ဝတ္တရားကို ဆောင်ရွက်ရန် ထိုနေရာမှ ပြေးထွက်လာခဲ့၏။ ထို့နောက် ရထားအစီအစဉ် လူအစီအစဉ်များကို ချမှတ်ပေးပြီး ခရုသင်းကို ကျယ်လောင်စွာ တဆင့် မှုတ်လိုက်လေသည်။

ကျောင်းတော်ကြီး၏ လှေကားရင်း၌မူ ဘုရင်မသည် လက်အုပ်ချီပြီး ဆင်းသက် လာနေလေသည်။ သူတော်စင်သည် ဘုရင်မအား စကားပြောလျှက် လက်တွင်းမှ ပေချပ်ကို လှမ်း၍ပေးနေသည်။ ဘုရင်မသည်

ညွတ်ကိုင်းစွာ လှမ်းလင့် ယူနေလေသည်။

ဘုရင်မ၏ ပန်းရထားသည် စံနန်းတော်၏ ရှေ့စမုခ်တွင် ရပ်တန့် လိုက်လေသည်။ အရှင်သည် ရထားပေါ်မှ ဖြည်းညှင်းစွာ ဆင်းသက်တော်မူနေသည်။ အရှင်၏ လက်ထည်း၌ ပေရွက်ချပ်ငယ်ကို ကိုင်တွယ်ထားသည်။ အရှင်သည် လှေကားရှေ့ မြက်ခင်းပြင်၏ ဘေး၌ ရပ်တန့်တော်မူပြီး အထိန်းတော်ကြီးအား တစုံတရာ မိန့်ကြား ပြောဆိုလေသည်။ ထိုနေရာ၌ပင် အပျိုတော် ရံရွေတော်များသည် အရိုအသေပြု၍ ကျိုးဆုတ်ခွာလာပြီး မြက်ဖျာများတလျှောက် စံနန်းတော်၏ ဝင်းပေါက်သို့ လျှောက်လာကာ ဝင်းဝ အတွင်းဘက်၌ ရပ်လေသည်။

"သျှိဝ မြို့စားလေးကိုယ်တိုင် စံနန်းတော် အတွင်းဘက်ကို ဝင်ရောက်ခဲ့ဘို့ အမိန့်တော်မြတ်ရှိပါတယ်။ ကိုင်နေကျ ဓားကိုပါ ဆောင်ယူခဲ့ဖို့ မှာတော်မူလိုက်ပါတယ်"

အထိန်းတော်ကြီးသည် ဝင်းအပြင်၌ တာဝန်ကျနေသော ကျုပ်အား ပြောလေသည်။ ကျုပ်လည်း အထိန်းတော်ကြီး နောက်မှ စံနန်းတော်ဘက်သို့ ဦးခေါင်းငုံ့ကာ လိုက်ပါသွားသည်။ ဤသို့ဖြင့် ကြေကွဲ ဝမ်းနည်းဖွယ်ရာသော အောက်ပါဖြစ်ရပ်မှာ အချိန်ကျရောက်လာပြီ ဖြစ်သဖြင့် မည်သူမျှ မတားဆီးနိုင်တော့ဘဲ ဖြစ်ပျက် ရလေတော့သည်။

ကျုပ်သည် စံနန်းတော်၏ လှေကားဦးတွင် မြေ၌ ဝပ်လျှိုးကာ ခစားလေသည်။ မကြာမီ ဗိသနိုး ပြည့်အရှင်သည် ကျုပ်ရှေ့၌ ဖြည်းညှင်းစွာ ရပ်တန့်တော် မူလေသည်။

အရှင်သည် ရှင်ယောင်ဆက်လိုက်သည့် အလှာကိုကိုင်ကာ ငေးမောကြည့်ရှုနေသည်။

ကျုပ်ရောက်ပြီး အတန်ကြာမှ
"အလို့ . . . နားထောင်စမ်းပါ သျှဝမြို့စားလေး"

အရှင်၏ တိုးတိုးသက်သက် မိန့်မြွက်တော်မူသံမှာ တုန်ယင်နေပါသည်။ ကျုပ်အား ရင်းနှီးကျွမ်းဝင်ကြောင်း ဖော်ပြလျက် ရှိပါသည်။ အတန်ကြာမှ အရှင်သည် ရှင်ယောင်၏ စာကို ဖြေးလေးစွာ ဖတ်ရှုတော် မူလေသည်။

> "နာယာယန ဗိသနိုး အရှင်၏ နှမတော်
> ကရစ်သျှန ဘုရား အရှင်၏ သမီးတော်
>
> ဘုရားအရှင်၏ အလိုတော်မြတ်အတိုင်း ကျွန်ုပ်ညွှန်ကြားခြင်း ပြုသည်။ သင်သည် နှစ်တသောင်း ကာလာက ဤမြေပြင်၌ပင် စကြာဝတေးမင်း ဖြစ်ခဲ့၏။ ထိုကာလက သင်ဝတ်ဆင်ခဲ့သော တန်ခိုးအလျှံတို့၏ တည်ရာ ဖြစ်ခဲ့သော ပညာရပ်အပေါင်းဖြင့် စီရင်ရာဖြစ်ခဲ့သော နဝရတ်မည်သော လက်ဝတ်တော်သည် ဤပစ္စုန်ပွန်ကာလ သင်၏ စံနန်းတော်ရှေ့၌ ဖြစ်သော၊ အကွာအဝေး နှစ်တောင် အနက် တတောင်သော မြေ၌ ကရစ်သျှနဖခင်၏ အလိုဆန္ဒတော်မြတ်အတိုင်း တည်ရှိပေသည်"

အရှင်၏ အသံမှာ နက်မှောင်ပိန်းနေသော မီးခိုးလုံးကြီးများထည်း၌ အလျှင်းမမြင်ရသော အရာများကို ထွင်းဖောက် ကြည့်ရှုနေသကဲ့သို့ ရှိလေသည်။

တုန်ယင်နေသော ထိုအသံတော်သည် ဝေးလံလှသော အရပ်မှ ပေါ်လာသကဲ့သို့ ရှိလေသည်။

ကျုပ်သည် ယစ်မူးဝေနေသကဲ့သို့ မလှုပ်နိုင် မယှက်နိုင် ဖြစ်နေသည်။ ကျုပ်၏ စိတ်ထည်း၌ အမျိုးမျိုးဖြစ်ပေါ် အမျိုးမျိုးတွေးတောလျှက် ရှိသည်။ တနိုင်ငံလုံး ရဟန်းကို မကြည်ညိုသူမရှိ။ ရဟန်း၏ ဗေဒင်ပညာကို မယုံကြည်သူ မရှိ။ ရသေ့ သူမြတ်ကြီး ကိုယ်တိုင်ပင် ယုံကြည်ဆည်းကပ်နေ၏။ ခုအချိန်တွင် ဤတနိုင်ငံလုံး၌ ရဟန်းသည် လွှမ်းမိုးလျှက် ရှိ၏။

ကျုပ်သည် မြေကြီးကို တိုင်းထွာပြီး လက်မှဓားဖြင့် တူးယက်နေရလေသည်။ အရှင်မသည် အပေါ်မှ ငုံ့ကြည့်နေ၏။ အရှင်၏ ကိုယ်နှင့် ကျုပ်သည် လွန်စွာနီးကပ် ဆက်စပ်နေ၏။ အရှင်မ၏ မျက်နှာတော်သည် ကျုပ်၏ နဖူးပြင်နှင့် နီးစပ်နေသည်။ ထိုအချိန်၌ အရှင်မသည် မျက်နှာတော်မှ ပုဝါကို ဖယ်ရှားသည်။ ကျုပ်၏ စိတ်အာရုံ၌မူ လွန်စွာ ဝမ်းနည်းကြေကွဲလျှက် ရှိလေသည်။

တူးသည့် မြေမှာ မာလျှက်ရှိသည်။

လက်စွပ်ကို တွေ့ရမည်မှာ သေချာပေသည်-ဟု ထိုအခါတွင် ကျုပ်သည်တွေးနေ၏။ တူးနေသောမြေမှာ မာနေပြီဖြစ်သော်လည်း ဤရဟန်း၏ စေ့စပ်သေချာမှုကို မတွက်၍မရ။ ဤလက်စွပ်ကို လွန်ခဲ့သည့် တနှစ်လောက်ကတည်းက ကြိုတင်၍ မြှုပ်နှံထားခဲ့မည်။ လူ အဆင်းအတတ်များသော လှေကားခုံ နေရာတွင် ရွေးချယ် မြှုပ်နှံခြင်းမှာ မြေမာလွယ်စေရန် ဖြစ်မည်။ ဤစံနန်းတော်ဝင်း အတွင်း၌ ကြံရာပါတဦးဦး ပါမှဖြစ်နိုင်မည်။ ကြံရာပါ မည်သူဖြစ်မည်နည်း။ အပြင်အပလူသည် အစောင့်များကို ကျူးကျော်၍ - ဝင်ရောက်လာနိုင်ရန် မဖြစ်။

ထိုခဏတွင် ရဟန်းမရောက်မီ နှစ်လလောက်ကမှ အခစား ရောက်လာသော ဘောဂစော၏ သမီး အပျိုတော် ပစ္စယာကို အမှတ် ရမိလိုက်လေသည်။ ဘောဂစောသည်လည်း စိတ်ချရသူ မဟုတ်။ ပစ္စယာသည် အကြံအစည်နှင့် ကြိုတင်ရောက်နှင့်ခဲ့ခြင်း ဖြစ်မည်။ ကြိုတင်မြှုပ်နှံခဲ့ခြင်း ဖြစ်မည်။ ယခုလည်း ပစ္စယာသည် ဘေး၌ ရပ်လျှက် ခစား၍နေမည်။

အရှင်၏ မျက်နှာတော်သည် ပို၍ နီးကပ်လာသည်။ အရှင်၏ အသက်ရှုငွေ့များပင် ကျုပ်၏ လည်ဂုတ်သား တဝိုက်၌ လာ၍ ထိတွေ့နေသည် ထင်သည်။ အသက် ရှုသံ၌ပင် တုန်ယင်နေသည် ထင်သည်။ အရှင်၏ ရင်ခုန်သံကိုပင် ကြားနေရသည် ထင်သည်။

ကျုပ်တွေးသည့် အတိုင်းပင် ပြိုးပြိုးပြက်ပြက် အရောင် လက်နေသော လက်စွပ် ပေါ်လာလေတော့သည်။ ကျုပ်သည် တွင်းထည်းမှ နှိုက်ထုတ်လိုက်ပြီး စိတ်လှုပ်ရှားလှစွာဖြင့် ရုတ်တရက် ထ၍ ရပ်လိုက်လေသည်။ ကျုပ်သည် ကိုယ်ကို တောင့်တောင့်ထား၍ စစ်သည်တယောက်ပီပီ ရပ်လိုက်၏။ လက်စွပ်ကို တင်းတင်းကျပ်ကျပ် ဆုပ်လိုက်သည်။ အရှင်သည် တွင်းငယ်၏ တဖက်ထိပ်၌ ကျုပ်နှင့် ယှဉ်ရပ်လျှက်သား ဖြစ်နေပေသည်။ ကျုပ်သည် အလွန် နီးကပ်စွာပင် အရှင်မ၏ မျက်နှာတော်ကို စူးစိုက်ကြည့်နေ၏။ အလွန် ရဲတင်းလှစွာ၊ အလွန် စူးယှလှစွာ၊ အလွန် ထက်မြက်လှစွာ၊ အလွန် ဝင့်စားလှစွာ ကြည့်နေခြင်းဖြစ်၏။

ထိုအချိန် ထိုခဏ၌ ကျုပ်၏ စိတ်နှလုံးထည်း၌ အရှင်သည် ဘုရင်မင်းမြတ်တပါး ဖြစ်သည် ဟူသော အသိသည် အခြားသော စကြာဝဠာတပါးသို့ ပြေးသွားနေသည်။ အရှင်၏ အရပ်မှာ ကျုပ်၏ နဖူးမျှအထိသာ မြင့်မည်။ အရှင်၏ ပါးနှစ်ဘက်မှ သွေးများစို့နေသလို နီထွေးနေ၏။ နှုတ်ခမ်းများသည် ပတ္တမြားရောင် ရဲရဲရှိန်းရှိန်း တောက်နေ၏။ မျက်လုံးတော်တို့မှာ ကြည်ပြာလဲ့လဲ့ တောက်ပနေသည်။ နဖူးတော်၌ ဆံနုကလေးများ

ဝဲပြန့်နေ၏။ ထိုအရာများ ထိုအရာများအပြင် မဖော်ပြနိုင်သော အရာအပေါင်းကို ရောယှက် ပေါင်းစပ်လိုက်သောအခါ တုမနှိုင်းသာသော အလှတပါး ဖြစ်သွားလေသည်။ ကျုပ်သည် မောပန်းသကဲ့သို့ ဖြစ်နေသည်။ တုန်လှုပ်နေသည်။

ထို့နောက် ကျုပ်သည် လက်ဝါးကို ဖြန့်လိုက်ပြီး လက်စွပ်တော်ကို ပြလိုက်လေသည်။ အရှင်သည် ကျုပ်၏ လက်ဖဝါး အတွင်းသို့ ငုံ့ကြည့်တော်မူနေသည်။ ထိုအခါတွင် ကျုပ်သည် ရဟန်းအပေါ်၌ ကျုပ်ထင်မြင်ထားသည့် အထင်အမြင် မှန်သမျှကို အလွန်ထင်ရှားစွာ၊ အလွန်ပီပြင်စွာ၊ အလွန်ပြတ်သားလှစွာ လျှောက်တင်လိုက်လေသည်။ ကျုပ်၏ လျှောက်ထားသည့် အကြောင်းပြချက် ခြောက်ချက်မှာ ပိရိပိုင်နိုင်လှလေသည်။ အရှင်သည် ကျုပ်၏ မျက်နှာကို ငေး၍ ကြည့်နေလေသည်။

"လက်စွပ်ကိစ္စမှာလဲ ရှင်တုရှင်ယောင် ကြိုတင် စီစဉ်ထားနှင့်တာပါ အရှင်. . .။ နန်းတွင်းသူ တဦးကို သူမရောက်မီ တလလောက်က ကြိုတင်ပြီး နန်းတော်ထဲအရောက် ပို့ထားနှင့်. . ဒီမှာ လက်စွပ်ကို မြှုပ်ထားနှင့်၊ ဒါကြောင့် လက်စွပ် တူးဖော်တဲ့အခါ မြေဟာ အခြားမြေသားနဲ့မခြား မာကြောနေရခြင်း ဖြစ်ပါတယ် အရှင်မဖုရား"

ကျုပ်၏ အသံသည် အားလုံးသော အရာတို့ကို ဖုံးလွှမ်းထား၏။ အားလုံးသော အသံတို့ကို ဖုံးလွှမ်းထား၏။ ထိုအချိန်၌ ကျုပ်၏ စိတ်ဓာတ်သည်လည်း အားလုံးသော စိတ်ဓာတ် အပေါင်းကို ဖုံးလွှမ်းနေသည်ဟု ထင်ရလေသည်။

သို့သော် အရှင်၏ အသားတို့မှာ ထိုအခါတွင် မီးထတောက်မည့်အတိုင်း သွေးများဖြင့် ရဲရဲတောက်မျှ ဖြစ်နေသည်။ ဒေါသဖြင့် အသားများ တဆတ်ဆတ် တုန်လျှက် ရှိနေသည်။ မျက်လုံးတော်များသည် အရာရာကို တောက်ကျွမ်းအောင် တောက်ပနေတော့သည်။

ကျုပ်သည် ရုတ်တရက် နောက်ဘက်သို့ လှည့်လိုက်ပြီး အပျို (×××××××× ဒီနားမှာ စာရွက်တွေ ပြတ်နေတယ် ×××××××) ခစားနေကာ သူ့ထံသို့ ကျုပ်ပြေးသွားသောအခါ ကြောက်လန့်တကြား သံကုန်ဟစ်အော်လိုက်လေသည်။

"ကြံရာပါဟာ သူပါဘဲအရှင်. . ပစ္စယာ. . .၊ အပျိုတော် ပစ္စယာ"ဟု ကျုပ်သည် အော်၍ လျှောက်ကြားနေပြီး ဓားဖြင့် ထိုးရန် ချိန်ရွယ်လိုက်သည်။

ဘုရင်မ၏ အမိန့်ပေးသံ ထွက်ပေါ်လာလေသည်။ ဘုရင်မင်းမြတ်အား မခန့်လေးစား ပြုမှုဖြင့် အပြစ်တော်ဒဏ် ခံယူရမည်ဟု အရှင်မသည် မိန့်မြွက်နေ၏။ ထိုအသံသည် အလွန်ပြတ်သား တင်းမာလှလျှက် အရာရာကို လောင်ကျွမ်း သွားစေတော့မည့် အတိုင်း ဖြစ်နေပေသည်။

သို့သော် ကျုပ်သည် သေဒဏ်ကို မရှုံ့နိုင်တော့ဘဲ "ကရစ်သျှန ဘုရားအရှင်ကား တန်ခိုးအရာ၌ အတုမရှိ စွမ်းထက်လှပါသည်။ ဤလက်စွပ်သည် ဘုရားအရှင်၏ တန်ခိုးတော်မြတ်အတိုင်း ဖြစ်ပေါ်ခဲ့ခြင်း မှန်ပါလျှင် ဘုရားတပည့်တော်အား ကြီးစွာသော ပြစ်ဒဏ်ခတ်ပြတော်မူပါ၊ ဤနေရာမှ မရွေ့မီ မြေဟက်တက် ကွဲမျိုစေတော်မူပါ"ဟု အော်၍ ကျိန်တွယ်နေ၏။

ကျုပ်၏ အော်ဟစ်သံမှာ စံနန်းတော်ဝင်း တခုလုံး၌ ပဲ့တင်ထပ်လျှက် ရှိလေသည်။ ကြောက်ရွံ့ဘွယ်ကောင်းသော ကျိန်တွယ်သံသည် အဝေးသို့ ပြေးလွင့်သွားလေသည်။ ကျုပ်သည် အပျိုတော် ပစ္စယာ၏ရှေ့ မြက်ဖျာပေါ်တွင်

သူရှုးတယောက် အသွင်ဖြင့် ရပ်လျှက်ရှိသည်။ ထို့နောက် လက်တွင်းမှ ဆုပ်ကိုင်ထားသော လက်စွပ်ကို ကောင်းကင်သို့ မြှောက်ဝဲ၍ လွှင့်ပစ်လိုက်လေသည်။

လက်စွပ်သည် ကောင်းကင်၌ အရောင်တဖိတ်ဖိတ် တောက်ပြီး စံနန်းတော်ဝင်း အလည်ဘက်သို့ ပြေးသွားနေသည်။

ထိုအချိန်၌ "ဝင်ခွင့်ပြုပါ"ဟု ဘုရင်မ၏ အမိန့်သံ တိုးတိုးထွက်လာပြီး အပျိုတော်တဦးသည် စံနန်းတော် ဝင်းဝဘက်သို့ သွက်သွက်ပြေးသွားသည်။

ဝင်းတော်ဝ၌ ရဟန်းသည် ရောက်နေကာ. . ကောင်းကင်သို့ လက်နှစ်ဘက်မြှောက်လျှက်. . "အဖ ကရစ်သျှနဘုရား. . ဤသူငယ်ကလေးအား အပြစ်အပေါင်းမှ ခွင့်လွှတ်တော်မူပါ၊ ဤ သူငယ်ကလေးအား ကရုဏာ သင့်တော်မူပါ၊ မေတ္တာတရားတို့ဖြင့် ရစ်ပတ်တော်မူပါ၊ အပြစ်ပေးခြင်းမှ လွှတ်တော်မူပါ၊ အကျွန်ုပ် ကျင့်ကြံခဲ့သော သစ္စာ၊ သီလ၊ မေတ္တာ အပေါင်းတို့အား ထောက်ရှုတော်မူ၍ ဤသူငယ်ကလေးအား အပြစ်ယူခြင်းမှ ခွင့်လွှတ် သနားတော်မူပါ" ဆိုမည် ရေရွတ်လာလေသည်။

ထိုနေရာ၌ ရဟန်းသည် ကောင်းကင်ကို မော့ပြီး လက်နှစ်ဖက်ကို လက်အုပ်ချီထားကာ ရပ်တန့်နေသည်။ သူ့ရှေ့ မနီးမဝေး မြက်ဖျာပေါ်သို့ ရတနာကိုးပါးနှင့် စီခြယ်ထားသော လက်စွပ်သည် ကျနေ၏။ လက်စွပ်မှ အရောင်အမျိုးမျိုး ပြိုးပြိုးပြက်ပြက် လက်လျှက် ရှိနေသည်။ နေရောင်ခြည်များ လက်စွပ်ပေါ်သို့ စုပြုံ၍ ကျနေသကဲ့သို့ ရှိသည်။

ကျုပ်လည်း တခဏအတွင်း၌ ငိုင်၍ ရပ်နေမိလေသည်။ ကျုပ် ပြုလုပ်ခဲ့သမျှ အားလုံးမှာ တချက်တည်းနှင့် ပျက်စီး ဆုံးခန်းတိုင် သွားခဲ့လေပြီ။ ရဟန်း၏ စကားတခွန်းတည်းနှင့် အဆုံးသတ်သွားခဲ့လေပြီ။ ကျုပ်အတွက် သေဒဏ်ကဲ့သို့ အပြစ်မျိုး အပေးခံရရုံသာ ရှိတော့သည်။ ဘုရင်မင်းမြတ်အား မလေးမစား ပြုမူမှုလောက် ကြီးလေးသော အပြစ်သည် မရှိ။

ကျုပ်သည် စိတ်အားလုံးကို လျှော့ချလိုက်ပြီး ထိုနေရာ၌ ဒူးထောက်၍ ထိုင်ချလိုက်သည်။ လက်မှဓားကို လွှတ်ချလိုက်ပြီး ဘုရင်မအား ဦးညွှတ် အရိုအသေ ပြုလိုက်လေသည်။

ကျုပ်၌ ပြောစရာ စကားအပေါင်း လျှောက်ထားစရာ စကားအပေါင်းမှာ ကုန်ခန်းသွားလေသည်။

ရဟန်းသည် အလွန်တည်ကြည် ငြိမ်သက်စွာ ကြွလှမ်းလာပြီး လက်စွပ်ကို ကောက်ယူခဲ့လေသည်။ ရဟန်းသည် ကျုပ်ရှေ့မှ ဖြတ်သန်းသွားနေ၏။ ဘုရင်မသည် ဦးညွှတ်လျှက် ရှိခိုးပူဇော်လိုက်လေသည်။

ထိုအချိန်လောက် ဝမ်းနည်းဖွယ် ကောင်းသော အချိန်သည် မရှိ။ ရဟန်းသည် ဘုရင်မှရှေ့မှောက်၌ အလွန် တည်ကြည် ငြိမ်သက်စွာ ရပ်လေသည်။

လက်စွပ်ကို ဘုရင်မ၏ ရှေ့မှောက်သို့ ချလိုက်ပြီး "ကရစ်သျှန၏ သမီးငယ် နာယာယန၏ နှမတော်၊ ဤသူငယ်လေးအား ကျွန်ုပ် အပြစ်မှ လွှတ်ပါ၏။ သူ့အပြစ်များမှ လွှတ်ရန် ကျွန်ုပ် တောင်းဆိုအလျှုခံ၏။ ဤသူငယ်လေးအား သေဒဏ်ချမှတ်လျှင် ကျွန်ုပ် သူတော်စင်ကပင ချမှတ်သည် မည်ပေတော့မည်။ သူ့အား အပြစ်မှ ကင်းလွတ်ခွင့်ပြု၍ သူ့တာဝန်၌ပင် မြဲပါစေ"ဟု တိုးသက်စွာ ပြောနေသည်။

http://cyberbooks.myanmarchat.org


သူသည် ကျုပ်အား အပြစ်မှလွှတ်ရန် တောင်းပန်ပေးနေခြင်းဖြင့် သူ့အား သူတော်စင်ဟူ၍ ပို၍ပြီး အသိအမှတ် ပြုစေလိုပေသည်။ သူသည် အလွန်ပါးနပ်သော ပုဂ္ဂိုလ်ဖြစ်၏။ အခြေအနေ အရပ်ရပ်ကို သူ၏တန်ခိုး ထက်စေမှုအတွက် ပိရိစွာ သုံးတတ်၏။ သို့သော် ကျုပ်သည် ငြိမ်သက်နေရလေပြီ။ ယခုအခါ၌ ကျုပ်အတွက်တွင် ဤသို့ ငြိမ်သက်နေခြင်းဖြင့် အပြစ်ဒဏ်မှ သက်သာရာ ရပေတော့မည်။

(၂၂)

စိတ်ပျက်ပြီး ငြီးငွေ့ဖွယ်ကောင်းသော ဤဆောင်းရက်များသည် တရွေ့ရွေ့ ကုန်ဆုံးနေ၏။ ဤရက်များအတွင်း ကျုပ်ကို "ဘုရင်မင်းမြတ်အား မလေးမစားပြုမှု"ဖြင့် အကျဉ်းထောင်သို့ ပို့လိုက်လေသည်။ သေဒဏ် မပေးခြင်းမှာပင် တော်လှလေပြီ ဟူ၍သာ အောက်မေ့ရလေသည်။ သို့ဖြင့် မရေတွက်မိသော ရက်ပေါင်း များစွာသည် မြေတိုက် အကျဉ်းထောင်၌ပင် ကုန်ခန်းသွားနေကြသည်။

ထို့နောက် ကျုပ်အား အကျဉ်းထောင်မှ ပြန်လွှတ်လိုက်၏။ သို့သော် ကျုပ်သည် တပ်ဗိုလ်ကလေး သူသ မဟုတ်တော့ပြီ။ တပ်မှူး အဖြစ်ဖြင့်သာ အမှုတော်များ ထမ်းရွက်နေရသော်လည်း စံနန်းတော်၌ တာဝန်ချ ထားခြင်း မပြုတော့ပြီ။ တပ်ဗိုလ်၏ အဆောင်မှ ဆင်းသက်ပေးရလေသည်။

ထိုအချိန်များအတွင်း၌ ရဟန်းသူတော်စင်အား စံနန်းတော်၊ နန်းတော် မည်သည့်နေရာသို့မဆို တံခါးမရှိ ဓားမရှိ ဝင်ရောက်ခွင့် အမိန့်တော် ထုတ်ဆင့်ထားလိုက်လေသည်။ ထိုရက်များ အတွင်း၌ပင် ရဟန်းသည် ဂါထာမန္တာန် တို့ဖြင့် နန်းတော်ဝင်းကြီးအား စီရင်တော်မူမည်ဟု သတင်းဖြစ်ပွားလျှက်ရှိ၏။ မြို့တော်ကြီး တခုလုံး၌ မည်သည့်နေရာတွင်မဆို ရဟန်းအကြောင်း ပြောဆိုမဆုံး ရှိနေကြလေသည်။

တချိန်တွင်မူ ကျုပ်အား စံနန်းတော် ဝင်းစောင့်အဖြစ် တာဝန်ပြန်၍ ချမှတ်ပေးလေသည်။ နေ့တနေ့၌ ကျုပ် စံနန်းတော် ဝင်းစောင့်အဖြစ် တာဝန်ယူ ဆောင်ရွက်နေစဉ် ရဟန်းကြွလာသည်။ ထိုနေ့က စိတ်မချမ်းသာဖွယ် အကောင်းဆုံးမှာ အရှင်မင်းမြတ် (ဘုရင်မ)သည် စံနန်းတော် လှေကားမှ ဆင်းသက်၍ ဆံပင်ဖြန့်ခင်းပေးလျက် ရဟန်းအား ဆံပင်ပေါ်မှ နင်းလျှောက်စေရန် ပူဇော် သက္ကာယပြုခြင်း ဖြစ်လေသည်။ ရဟန်းသည် လက်ကာ၍ ငြင်းပယ်ခဲ့သည်။ ဘုရင်မသည် ရဟန်းအပေါ်၌ ထိုမျှအထိ တရားမရှိ ဓားမရှိ ကြည်ညိုလွန်းနေခြင်းကား စိတ်ချမ်းသာဖွယ်ရာ မရှိတော့ပေ။ ထိုနေ့က ကျုပ်သည် နေကုန်အောင် အစောင့်တာဝန် မယူနိုင်ဘဲ ပြန်လာခဲ့ရလေသည်။

သို့သော် အလားတူ ကိစ္စအပေါင်းမှာ နောင်တွင်လည်း ဖြစ်ပွားနေခဲ့လေသည်။ ရဟန်းသည် နဝရတ် လက်စွပ်တော်အား ဆေးစီရင်ရန် နက္ခတ်တာရာတို့၏ အချိန်ကာလကို စောင့်ဆိုင်းနေပြီဟူသော သတင်းသည် ဖြစ်ပွားလျက်ရှိ၏။

ဤသို့ဖြင့် သစ်ရွက်ဟောင်းများကြွေသော နွေဦးပင်ဆိုက်ရောက် လာခဲ့လေသည်။ နေရာတကာ၌ ပုရစ်ဖူးကလေးများ ဝေနေလျက် အရာရာသည် စိုပြည်လန်းဆန်း နေကြသည်။ သို့သော် ကျုပ်အတွက်မူ စိတ်ပျက်ငြီးငွေ့ဖွယ်ရာချည်း ဖြစ်နေသည်။

ထို့နောက်တွင် ရက်ပေါင်း မကြာမီအတွင်း၌ အခြေအနေမှာ တမျိုးတဖုံ ပြောင်းလဲလာလေသည်။ ရဟန်းသည် တဖြည်းဖြည်း စံနန်းတော်သို့အလာ ကျဲသွားသည်။

ဘုရင်မကြီးအား ညီလာတော်ခံသို့ တက်ရောက်သည်ကိုလည်း (++++++++++++++++++ဒီတလျှောက်လုံး စာရွက်လေးပြုသွားတယ်++++++) ရတော့။ ဘုရင်မ ညီလာတော်ခံ မတက်ရောက်တော့သည် ရက်များကို ကျုပ်သည် မှတ်သားနေ၏။ အရက် နှစ်ဆယ်ရှိပြီ၊ နှစ်ဆယ်ငါးရက် ရှိပြီနှင့် နေ့စဉ် ရေတွက်နေ၏။ လူများသည် အခြေအနေကို တိုးတိုးတိတ်တိတ် ကျိတ်၍ မေးမြန်း ထင်ချက် ပေးနေကြ၏။ သို့သော် မည်သူမျှ မသိနိုင်ကြ။ လူတိုင်းသည် ခေါင်းခါလျက် ရှိနေကြ၏။ လူတိုင်း၏ မျက်နှာမှာ ညှိုးနွမ်းလျက် ရှိနေကြလေပြီ။ သို့ဖြင့် ထိုရက်များကား တလပင် ပြည့်မြောက်ခဲ့လေပြီ။ ရဟန်း ကြွမလာသည်ပင် ကြာလေပြီ။

http://cyberbooks.myanmarchat.org



စံနန်းတော်ကြီးသည် အစဉ်အမြဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ အပျိုတော်၊ အထိန်းတော်၊ ရံရွေတော်၊ အလုပ်အကျွေးတို့၏ အသံများကိုပင် မကြားရ။ သူတို့၏ လှုပ်ရှားမှုကိုပင် မမြင်ရ။ ညနေချမ်း၌ ပန်းဥယျာဉ် ပြုစုသော အလုပ်အကျွေးတို့ကိုပင် မမြင်တွေ့ရတော့ပေ။ ပန်းဥယျာဉ်ကိုပင် ပစ်ပယ်ထားကြ၏။ ပန်းပင်များသည် ခြောက်သရောင်းကုန်ကြ၏။ လမ်းဘေးရှိ ပတ္တမြားပန်းများ သည်လည်း မဖူးပွင့်ကြတော့ပြီ။

မည်သို့ ဖြစ်ပျက်နေပြီနည်း။

ပြဲတိုက်တော်ရှေ့မှာ ကွေ့သွားရသော လမ်းမှာ မှောင်ပျပျဖြစ်နေသည်။ လရောင်ကို သစ်ပင်များ အုပ်ဆိုင်း၍ ကွယ်ထားသဖြင့် လမ်းပေါ်၌ မဲမဲချိတ်ချိတ် သစ်ရိပ်များ ဖြတ်ကျနေလျက်၊ လမ်းကြားတလျှောက် တိုက်ခတ်လာသည်မှာ သစ်ပင်များကို တိုးဝှေ့လာရသဖြင့် အေးမြနေ၏။ လမ်းဘေး ခြံကျယ်ကြီးများထည်း၌ ကိုယ်ပိုင် ဥယျာဉ်ငယ်လေးများ ပျိုးထားကြ၏။ ကျုပ်သည် ခြံတခြံရှေ့တွင် ရပ်တန့်လိုက်၏။ စိတ်ထည်းတွင်မူ သမားတော်ကြီး ဇီဝ၏အိမ် ဟုတ်မဟုတ် မရေမရာ ဖြစ်နေသည်။ သမားတော်ကြီးဇီဝ၏ အိမ်ကို ကျုပ်သည် နေ့ခင်းနေ့လည် တခေါက်မျှသာ ရောက်ခဲ့ဘူးလေသည်။

ညနေက စံနန်းတော် ဝင်းစောင့်အဖြစ် တာဝန်ကျနေစဉ်တွင် သမားတော်ကြီး ဇီဝသည် ရေးကြီးသုတ်ပျာနှင့် စံနန်းတော်သို့သွားပြီး ခဏနေသောအခါ ဦးခေါင်းငိုက်စိုက်ကျလျက် စံနန်းတော်မှ ဆင်းသက်လာခဲ့၏။ ဆရာကြီး၏ ခြေလှမ်းတို့မှာ နှေးကွေးလေးလန် နေလျက်။ ဆရာကြီး၏ မျက်နှာပေါ်၌ ဝမ်းနည်းခြင်း၊ စိတ်ပျက်အားငယ်ခြင်း၊ ယူကျုံးမရခြင်း၊ ဒေါမနဿ ဒေါသဖြစ်ခြင်းများ ပေါ်လွင်နေ၏။ ထိုအတိုင်းပင် ဆရာကြီးသည် ခြေလှမ်း နှေးကန်စွာဖြင့် စံနန်းတော်မှ ထွက်ခွာသွားခဲ့သည်။

ဤခြံသည် ဆရာကြီး၏ ခြံဖြစ်သည်ဟု ကျုပ်သည် အသေအချာ မှတ်မိလိုက်လေသည်။ ထိုအချိန်တွင် ခြံစောင့်သည် မှောင်မိုက်ထည်းမှ ထွက်လာသည်။ ကျုပ်က သူ့အား ဝင်ရောက်ခွင့်ပြုရန် တောင်းပန် တိုးလျှိုးလိုက်လေသည်။ သို့သော် သူသည် သမားတော်ကြီးက ဝင်ခွင့်ပြုမည် မဟုတ်ဟု ပြောနေသည်။

“ဆရာကြီးက ဘယ်ဝေဒနာရှင်ကိုမှ ဝင်ခွင့်မပြုရဘူးလို့ အမိန့်ထုတ်ဆင့် ထားပါတယ်”ဟု သူသည် ပြောနေ၏။ သူ့အား ကျုပ်သည် မရအရ တောင်းပန်လျက် အလွန်အရေးကြီးသော ကိစ္စကြောင့် သျှိဝမြို့စားလေးက ဝင့်ခွင့်ပြုပါရန် တောင်းပန်နေကြောင်း ဆရာကြီးထံ ပြောခိုင်းရလေသည်။

သမားတော်ကြီး ဇီဝသည် ကျုပ်အပေါ်၌ တူကလေး သားကလေးကဲ့သို့ ချစ်ခင်ရင်းစွဲ ရှိ၏။ မကြာမီ ခြံစောင့်ပြန်လာပြီး ခြံတခါး ဖွင့်ပေးလိုက်သည်။ ခြံစောင့်သည် အိမ်ပေါ် အတက်အထိ ကျုပ်အား လိုက်ပို့သည်။ အိမ်တခုလုံး ခြံတခုလုံးမှာ တိတ်ဆိတ် ငြိမ်သက်နေ၏။ ဖယောင်းမီးရောင်ငယ်များသည် လှေကားခုံပေါ်၌ မလင်းမရှင်း ကျနေသည်။ အိမ်ရှေ့ လသာဆောင်တွင်မူ ကြည်မြသော လရောင်များ ဖြာကျနေသည်။

ကျုပ်သည် အသံမပြုဘဲ လသာဆောင်၌ လျှောက်သွားနေသည်။ ခြေသံထွက်သွားမည်ကိုပင် အားနာစိုးရိမ်ရမည့် အတိုင်း တိတ်ဆိတ်လျက် ရှိနေသည်။ အားလုံး မြင်ရသမျှတို့သည် မလှုပ်ရှားသော အရာများချည်း ဖြစ်နေသည်။

ကျုပ်သည် နူးညံ့သော မြက်ဖျာ၏ တဖက်စွန်းတွင် ညင်သာစွာ ဝင်၍ ထိုင်လိုက်လေသည်။

ကျုပ် ထိုင်နေပြီး အချိန် အကြာကြီးကြာမှ ဆရာကြီးသည် ခေါင်းကို ဖြည်းလေးစွာ မော့ကာ ကျုပ်အား ပြုံးပြ နှုတ်ဆက်ပေသည်။ ဆရာကြီး၏ မွဲသီနေသော မျက်လုံးများမှာမူ မလှုပ်မယှက် ငြိမ်သက်နေသည်။ ဆရာကြီး၏ မျက်နှာပြင်ပေါ်တွင် စိတ်ပျက်မှု၊ စိတ်အားလျှော့မှု၊ သောကဖြစ်မှု၊ ဒေါသ၊ ဒေါမနဿများ ရောထွေး

http://cyberbooks.myanmarchat.org


နေလျက်ပင်။ ဖြူဆွတ်နေသော ဆံပင်များသည် ပွရောင်းနေ၏။ စိတ်မချမ်းသာသောကြောင့် ဇရာ အရေးအကြောင်းများမှာ ပို၍ နက်စွာထင်နေသည်။ အကြောပြိုင်းပြိုင်း ထနေသော လက်ကြီးကို ငွေကွမ်းအစ် ပေါ်၌ အသက်ကင်းမဲ့နေသကဲ့သို့ မလှုပ်မယှက် တင်ထားသည်။

ဤသို့ဖြင့် စကားတလုံးမျှ မပြောဘဲ ငြိမ်သက်နေကြလေသည်။
အချိန် ကြာတောင်း ကြာကာမှ. . . . . .
"ပြောပါအုံး . . . . သျှိဝမြို့စားလေး . . . . အရေးကြီးတဲ့ ကိစ္စဆိုတာ ဘာများတုန်း ပြောစမ်းပါအုံး"
ဆရာကြီးက ဖြည်းလေးစွာ မေးလေသည်။

ကျုပ်သည်လည်း ဆရာကြီးကို ငေးကြည့်နေရင်း စိတ်ပျက် အားလျှော့နေမိလေသည်။ ဆရာကြီးကိုမေးရန် စကားများပင် အစ ရှာမရအောင် ဖြစ်နေသည်။

သို့ဖြင့် . . . အတန်ကြာမှ. . . . "ကျွန်တော့်ကို နောက်ဆုံး အကျဉ်းထောင်ပို့လိုက်တာ ဖခင် သိတော်မူပါတယ် မဟုတ်လား။ ကျွန်တော်ဖြင့် ရဟန်းကို တစိုးတစိကလေးမှ အယုံအကြည် မရှိဘူး။ သူက ရဟန်းယောင်၊ ရှင်တုရှင်ယောင်၊ လူလိမ်၊ သူလိမ်နေတယ်ဆိုတာ ကျွန်တော် နားလယ်နိုင်ပါတယ် ဖခင်။ အခု စံနန်းတော်ထဲမှာ ဘာများဖြစ်နေသလဲ၊ ဘုရင်မကြီး တခုခု ဖြစ်နေတယ်မဟုတ်လား"ဟု ကျုပ်က တိုက်ရိုက်မေးချ လိုက်လေသည်။

"အို. . . တိုးတိုးပြောလေကွဲ့၊ အခုအချိန်မယ် ကျွန်ုပ် အိမ်ထဲလာရင်တောင် ရာဇဝတ်တော် သင့်တော့မယ့် အခြေအနေမျိုး။ အခုအခါမယ် ရဟန်းကို ရှင်တုရှင်ယောင်လို့ ပြောရဲတဲ့ ပါးစပ်ရှိရင် လျှာအဖြတ်ခံရတော့မယ့် အခြေအနေမျိုးဆိုတာ လူကလေး မသိသေးဘူးထင်တယ်။ ရဟန်းကို ဒီလိုပြောလိုက်တာဟာ ရာဇဝတ်ဘေး ပေဘဲကွဲ့။ မြို့စားလေးဟာ ကျောက်မောင်းပိတုန်းက တခါထဲသေသွားဘို့ကောင်းတာလို့ ကျွန်ုပ် ပြောခဲ့ပေတယ်။ အခုလဲ ရဟန်းအကြောင်း အော်ကျယ်ဟစ်ကျယ် ပြောရင် ကျောက်မောင်း ပိကျခဲ့တုန်းကထက် ဆိုးတော့မယ်။ အခု ကျွန်ုပ်ကို သမားတော်ကြီး ရာထူးက ဖြုတ်ချလိုက်ပေပြီ မြို့စားလေးရဲ့။ ကျွန်ုပ်နဲ့ သမားတော်ကြီး ရာထူးနဲ့ မသင့်လျော်ပေဘူးတဲ့။ ဇီဝကကို အားကျပြီး မှည့်ထားတဲ့ ကျွန်ုပ်နာမည်ဟာ ရေအလျဉ်နောက် မျောပါခဲ့ပကော မြို့စားလေရေ့ . . . . ။ ရပယ် ရေအလျဉ်ထက် ပိုမိုကြီးမားတဲ့ ရေအလျဉ်နောက်"

သူ့စကားသံမှာ ဒေါသဖြင့် ရောပွမ်းနေသည်ဟူ၍ ထင်မှတ်ရသော်လည်း တိုးတိုး သက်သက်ဖြင့် လသာဆောင်၌ ပျောက်ကွယ်သွားမတတ် ဖြစ်နေပြီး စကားစသည် ခဏမျှ တန့်ရပ်သွား၏။ စိတ်မကောင်းမှုများ ရောထွေးနေကာ ဝမ်းနည်းကြေကွဲစရာ ဖြစ်နေလေသည်။ ထိုအချိန်၌ လရောင်သည် ပို၍ လင်းလာပြီး ဥယျာဉ်များ ကြားမှ ဖြတ်တိုက်လာသည့် လေမှာ ပို၍ အေးမြလာသည်။

"ကျွန်ုပ်ကို ဘာပြုလို့ ရာထူးက ဖြုတ်ပစ်လိုက်ရသလဲ မြို့စားလေး သိရဲ့လား။ ကျွန်ုပ် မတော်လို့ မတတ်လို့ပေါ့ကွယ်။ အဲ. . . အဲဒီစကားဟာ ပြက်လုံး မဟုတ်ပေဘူး။ မြို့စားလေးရေ့၊ အမှန် ပြောရရင် ဘုရင်မရဲ့ ဝေဒနာကို ကျွန်ုပ်မသိဘူး။ မတွေ့ဖူးဘူး၊ မမြင်ဖူးဘူး၊ မကြားဖူးဘူး၊ မကြုံဖူးဘူး၊ ဒါပေမယ့် အရှင်ရဲ့ ရောဂါဟာ ဘာရောဂါမှန်း ကျွန်ုပ်မသိပါဘူး၊ သို့ပေမယ့် ကြိုးစားကုသခွင့် ပြုတော်မူပါ-လို့ မှန်တဲ့အတိုင်း လျှောက်ထားတယ် မြို့စားလေး။ မှန်တဲ့အတိုင်း လျှောက်တင်တာဟာ ညံ့လို့ပေါ့ကွယ်။ တော်တဲ့လူဆိုရင် ဘဇာရောဂါနဲ့ယှဉ်ပြီး ဖြစ်တာပါလို့ ကြံဖန်လျှောက်ထားမှာပေါ့။ ဒီတော့ ဘုရင်မက ကျွန်ုပ်ကို ရာထူးက ဖြုတ်လိုက်ပီ-လို့ အမိန့်ထုတ်ဆင့်လိုက်တယ်။ အို. . . ကျွန်ုပ် တဦးတည်း မဟုတ်ပေဘူး မြို့စားလေးရဲ့။ ပန်ထွာနိုင်ငံတော် အတွင်း အဘယ်သူမျှ ဆေးလွယ်အိတ် မကိုင်စေရ-လို့ မနက်ဖန် ညီလာတော်ခံကို အမိန့်ထုတ်ဆင့် ခိုင်းလိမ့်မယ်။ ဘုရင်မက သူ့ရောဂါကို အယုဒ္ဓယ ရဟန်းရဲ့ အင်းအိုင်ခလှဲ့ အတတ်နဲ့ ကုသမှသာ ပျောက်ကင်း မယ်လို့ ယုံကြည်တော် မူနေတယ်။ ကျွန်ုပ် စိတ်မကောင်းနိုင်တာက ကြိုးစားကုသခွင့် ကလေးတောင်

မရတော့လို့။ မင်းလဲ မတတ်နိုင်ပါဘူး လူကလေး”

“ရောဂါ လက္ခဏာကိုတော့ ဆရာကြီး သေသေချာချာ မှတ်မိမှာပေါ့”

“အို မှတ်မိတာပေါ့။ ကျွန်ုပ်ဟာ အတုမဲ့တဲ့ ဆေးဆရာကြီးဘဲ၊ ရောဂါရဲ့ လက္ခဏာသာ မကဘူး၊ ဘုရင်မကြီး ဘယ်ရက် ဘယ်အချိန်မှာ နတ်ရွာ စံတော်မူမယ် ဆိုတာပါ အသေအချာ သိတယ်။ နောက်ဆယ့်ငါးရက်၊ နောက်ဆယ့်ငါးရက်. . . . . ဆယ့်ငါးရက်ဆိုတာ ဘာမှ ကြာလိုက်တာ မဟုတ်ဖူး။ နောက်ဆယ့်ငါးရက်ဆိုရင် ကျွန်ုပ်တို့ နိုင်ငံတော်ကြီးဟာ မင်းမဲ့ နေပြည်တော် ဖြစ်တော့မယ်။အမိမဲ့သားများ ဖြစ်ကြတော့မယ်။ ကျွန်ုပ်ကုသခွင့်ကလေး လိုချင်ပေတယ် မြို့စားလေရယ်. . . . . ။ ရလိုရငြား ကြိုးစားချင်ပါတယ်။ ဒါပေမယ့် ဘာရောဂါမှန်း ကျွန်ုပ်မသိဘူး။ ဘယ်နည်း ဘယ်ပုံနဲ့ ကုသရမှန်း မသိဘူး။ ကျွန်ုပ်လောက်တော်တဲ့ သမားတော်ကြီး တဦး တွေးမရနိုင်တဲ့ ဝေဒနာဘဲ”

အရာရာအပေါ်သို့ အမှောင်တိုက်ကြီးတခု ဖြတ်သန်းသွားသည်ထက် အဆအရာ ပို၍ ဆိုးရွား၏။ ‘ဆယ်ငါးရက်’ ဆိုသော စကားသံသည် ကျုပ်၏ နားထည်း၌ အဖန်ဖန် အလဲလဲ ပေါ်ပေါက်နေသည်။ အရှင်သည် နတ်ရွာ စံရတော့မည်။ ဆေးကုသသူ မရှိဘဲ နတ်ရွာစံရတော့မည်။ ရှင်ယောင်၏ လိမ်ညာသော အင်းအိုင်ခလှဲ့တို့ကို ကိုးစားတော်မူရင်း တညည်းညည်း တညူညူဖြင့် ဝေဒနာကို ခံစားနေရ ရှာတော့မည်။

ပြည့်ခြင်းမင်္ဂလာ ကို ဆိုတီးခဲ့သည်မှစ၍ အကြောင်းအရာပေါင်းစုံကို ကျုပ်သည် ထိုအချိန်၌ တဖျတ်တဖျတ် သတိရနေ၏။ ဒုတိယအကြိမ် ဗိဿနိုးသို့ ရောက်ခြင်း၊ သမာနနှင့်တိုင်ပွဲ၊ ဆုတော်တောင်းခြင်း၊ ပျဥ်ချပ်ကို ဖွင့်ဟခြင်း၊ သစ္စာဖောက်မှုနှင့် ပြစ်ဒဏ်စီရင်မှု ခံရခြင်း၊ သူသတ်ကုန်း၊ အတုလစည်တော်ဆောင်၌ ခစားခြင်း နဝရတ် လက်ဝတ်ရတနာ တူးဖော်ခြင်း၊ ထိုအကြောင်းအရာအားလုံးသည် စိတ်ထည်း၌ ရှုတ်ထွေးနေ၏။ ယခု အရှင်ကား နတ်ရွာစံတော့မည် ဟူသည့် အသိသည် ဝမ်းနည်းစဖွယ် ဝင်ရောက်နေ၏။

“အယုဒ္ဓယ အရှင်ကရော ကုနိုင်မှာတဲ့လား”ဟု မေးလိုက်မိသော ကျွန်ုပ်၏ စကားသံသည် မိမိကို မိမိ ပြန်မေးနေခြင်း ဖြစ်လေသည်။ ထို့နောက် မိမိစိတ်များက ဝမ်းနည်းဖွယ်ရာ အဖြေကို ပြန်၍ ပေးပြီးသား ဖြစ်နေသည်။

“မြို့စားရဲ့ အမေးကို မြို့စားပြန်ဖြေမှ အမြန်ဆုံးဖြစ်မှာဘဲ၊ သျှိဝမြို့စားလေး၊-အော် သျှိဝမြို့စားလေး၊ မောင့်အကြောင်း ကျွန်ုပ်သိနိုင်ပါတယ်။ မောင့်စိတ်နှလုံးမယ် ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျွန်ုပ်သိပေတယ်”

“ဆရာကြီး အမိန့်ရှိပါအုံး”
“မထူးပါဘူး မြို့စားလေးရေ့. . . . ၊ အရှင် နတ်ရွာစံတော်မူဘီလို့သာ မှတ်သားထားပေတော့၊ အဲဒီလို စိတ်ချယုံကြည် ထားလိုက်ရင် စိတ်ထဲမယ် ကြည်လင်သွားနိုင်တယ်။ အရှင်ဟာ သူ့ကိုယ်သူ သတ်ပီး နတ်ရွာစံတော် မူတယ်ဆိုလို့သာ မှတ်သားထားပေတော့။ ဘာပြုလို့လဲ ဆိုတော့ ရဟန်းကလွဲရင် ဘယ်သူ့ အကုမှ မခံဘူး။ ရဟန်းကလဲ ကုနိုင်ရင် ကုပီးတာကြာဘီပေါ့။ နက္ခတ်နဲ့ မကိုက်ညီသေးလို့ ဘာပြုနေသေးလို့နဲ့ ဘာကြောင့် အချိန်ဆွဲနေမလဲ။ သေမဲ့ဆဲဆဲ ဝေဒနာရှင်က နက္ခတ်နဲ့ ကိုက်ညီတဲ့အထိ စောင့်နေရမှာလဲ”

ကျုပ်သည် စိတ်နှလုံး မငြိမ်မသက်ဖြင့် နားထောင်နေရင်း ရုတ်တရက် မြှော်လင့်ချက်တခုကို လက်ကနဲ သတိရသွား၏။ ဖျာပေါ်ထောက်ထားသော လက်များမှာ ထိုအချိန်တွင် တဆတ်ဆတ် တုန်လှုပ်နေ၏။ “ရောဂါ လက္ခဏာကို ကျွန်တော်ကို မိန့်မြွက်တော်မူပါ”ဟု ရုတ်တရက် ကြားဖြတ်ပြောလိုက်သော ကျုပ်၏ အသံမှာ တုန်ယင်နေ၏။ ဆရာကြီးသည် ကျုပ်၏ မျက်နှာကို လရောင်အောက်တွင် စူးစိုက်၍ ကြည့်နေသည်။ ဆရာကြီး၏

လက်တဖက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်မိလေသည်။

“ကျွန်ုပ်ဟာ ပန်ထွာနိုင်ငံတော်မှာ အတော်ဆုံး အထက်ဆုံး သမားတော်ကြီးဘဲမောင်. . .။ ကျွန်ုပ် ရှာမတွေ့နိုင်တဲ့ ရောဂါကို ဘယ်သူရှာတွေ့နိုင်ပါ့မလဲ။ ရှာတွေ့အုံး ရဟန်းကလွဲရင် ဘယ်သူမှ ကုသခွင့် ရှိမှာ မဟုတ်ဖူး၊ ဒါပေမယ့် ကျွန်ုပ်ဟာ သျှိဝမြို့စားကလေးအကြောင်း အနီးကပ်ဆုံး သိပေတယ်။ မောင်ဘယ်လို ကြိုးစားချင်ရှာမယ် ဆိုတာ သိပေတယ်။ ကဲ ကြိုးစားပေတော့။ သဘောကျ နှစ်ခြိုက်သလိုသာ အသုံးပြုပေတော့ လူကလေးရေ့ ကျွန်ုပ်ရဲ့သား သျှိဝမြို့စားလေးဟာ မရှိသောအရာကို ရအောင် ရှာဖွေနိုင်ပါလိမ့်မယ်”

ထို့နောက် ဆရာကြီးသည် အမှောင်ရိပ်ထည်းတွင် တုန်ယင်သော လက်များဖြင့် ငွေကွမ်းအစ်ကြီးကို ဖြည်းညှင်းစွာ ဖွင့်နေသည်။

“ရောဂါ လက္ခဏာများကို ကျွန်ုပ် အသေးစိတ် မှတ်သားခဲ့ပေတယ်”ဟု ရေရွတ်ပြီးနောက် လရောင်အောက်တွင် ပေရွက်ချပ်ကလေး တခုကို လှမ်းပေးလိုက်လေသည်။

ကျုပ်သည် အလျင်လိုစွာ ထရပ်လိုက်၏။ အားလုံးမှာ အချိန်လု၍ လုပ်ရလိမ့်မည်။ ယခုချက်ခြင်း ကျုပ်၏ အဆောင်ခန်းသို့ ရောက်ရှိအောင် ပြန်ပြေးသွားရမည်။ ဖယောင်းဆီမီးဖြင့် ဆေးကျမ်းကြီးနှင့် ပေရွက်ငယ်ကို တိုက်ကြည့်မည်။ ဖခင် ကိုးကွယ်သော ဆရာကြီး၏ ဆေးကျမ်းကြီး၌ မပါသော ရောဂါသည် ရှိမည်မဟုတ်ပေ။ နောက်နေ့၌ ကျုပ်သည် ဆေးဝါးကိုသိနိုင်လိမ့်မည်။ ကျုပ်၏ အသားများမှာ တဆတ်ဆတ် တုန်ယင်နေသည်။ “သွားပေအုံးတော့ သျှိဝမြို့စားလေးရေ့”ဟု ဆရာကြီး၏ နှုတ်ခွန်းဆက်သသံမှာလည်း တုန်ယင်နေသည်။

(၂၃)

ဖယောင်းမီးရောင်သည် တဖြည်းဖြည်း အားနည်းသွားပြီးနောက် ငြိမ်းသွားတော့မည် အတိုင်း ဖြစ်နေလေပြီ။ အလုံပိတ်ထားသော အဆောင်ခန်းထည်း၌ အမှောင်လွှမ်းနေသည်။ လုံးဝ မှောင်ပိန်း သွားတော့မည်။ အဆောင်ခန်းထည်း၌ မိမိ၏ အသက် ပြင်းစွာ ရှူရှိုက်သံကိုသာ မိမိပြန်ကြားနေသည်။ ထိုအသက်ရှူသံသည် ဖိုထိုးသကဲ့သို့ လှိုက်နေလျှက် အဆောင်ခန်းတခုလုံးကို လွှမ်းမိုးထားသည်။ ညောင်စောင်းပေါ်တွင် စောင် ခေါင်းအုံးတို့သည် ဖယိုဖရဲ လွင့်ကဲနေလျှက်၊ ညောင်စောင်း၏ ခေါင်းရင်း၌ စောင်းသည်လည်း ကြိုးများပြတ်နေလျှက်၊ ကျုပ်ကိုင်နေကျ ဓားသည် ခြေရင်းဘက်၌ လဲကျနေ၏။ တပ်ဗိုလ် အဆောင်အယောင် အဝတ်အစား အားလုံးမှာ ညောင်စောင်းအောက်၌ ပုံကျနေတော့သည်။ အရာရာသည် အဆောင်ခန်းထည်း၌ ကစင့်ကလျား ရှုတ်ထွေးနေ၏။ ထို့နောက် အရာရာတို့ကို မမြင်နိုင်လောက်အောင် ကျုပ်သည် မူးယစ် ဝေလာနေသည်။

ကျုပ်သည် ညောင်စောင်းထက်တွင် မှီအုံးကို မှီထားလိုက်၏ မျက်စိကို တခဏမျှ မှိတ်ထားလိုက်၏။ ညောင်စောင်း အောက်၌ အထပ်ထပ် အပြန်ပြန် အခေါက်ပေါင်း မရေတွက်နိုင်အောင် ကြည့်ရှုပြီး ဖြစ်သော ဆေးကျမ်း ကြေးပုရပိုက်ကြီးမှာ ပစ်စလက်ခတ် လဲကျနေ၏။ ကျုပ်၏ လက်ထည်း၌ ရောဂါလက္ခဏာ ရေးမှတ်ထားသည့် ပေရွက်ငယ်ကို ခပ်လျော့လျော့ ကိုင်ထားသည်။

“ငါးရက်ပဲ ကျန်တော့တယ်. . .၊ ငါးရက်. . . ငါးရက်၊ ဘုရင်မ နတ်ရွာစံဘို့ ငါးရက်ပဲ လိုတော့တယ်။ ဘုရင်မကြီးကို ဘယ်သူမှ မကယ်နိုင်ကြတော့ဘူး၊ အခုဆိုရင် သဋ္ဌာဆောင်တော်မှာ မေ့မြောနေလောက်ပီ။ ငါးရက်. . . ငါးရက်” နှင့် ကျုပ်သည် အဆုံးမသတ်နိုင်အောင် တွေးနေ၏။ ထိုသောကတို့သည် အဆုံးမသတ်။ စိတ်ဆင်းရဲမှုတို့သည် အဆုံးမသတ်။

ဆရာကြီးထံမှ ပြန်လာသည့်ညက ကျုပ်သည် ချက်ခြင်းအဆောင် ခန်းထည်း၌ ဖယောင်းဆီမီးဖြင့် ထွန်းညှိ၍ ဆေးကျမ်း ပုရပိုက်ကြီးကို ဖတ်ရှုခဲ့၏။ ထိုအချိန်က ကျုပ်၏ လက်များသည် မြှော်လင့်ဇောဖြင့် တဆတ်ဆတ် တုန်လျှက်၊ ရင်သည် ပြင်းစွာ ခုန်နေခဲ့၏။ ဘုရင်မကြီးအား မိမိ ကုသနိုင်ရမည်။ ဘုရင်မကြီး၏ ဝေဒနာ ပျောက်ကင်းစေရမည် ဟူသော ယုံကြည်ချက်သည် အလွန်ကြီးမား ပြင်းထန်နေခဲ့၏။ စာတလုံးပြီးတလုံး ဖတ်သွားတိုင်း စိတ်လှုပ်ရှားမှုမှာ ပို၍ ပြင်းထန်နေ၏။ သို့သော် နှမြောစဖွယ် စာလုံးများသာ တစထက်တစ ကုန်ခန်းလာသည်။ ဘုရင်မ၏ ဝေဒနာကို အစအနမျှ ရှာမတွေ့။

နောက်ဆုံး ညသန်းကောင်လွန်ပိုင်း၌ ဆေးကျမ်း ပုရပိုက်ကြီးမှာ ကုန်ဆုံးသွားလေသည်။ ထိုအခါ၌ မိမိသည် မြှော်လင့်မှု လုံးဝ ကင်းမဲ့သွား၏။ သို့သော် မျက်စိ မှောက်မှားမိသောကြောင့်သာ ရှာမတွေ့ခြင်း ဖြစ်လိမ့်မည်ဟု ပြန်၍ ထင်လာ၏။ ဘုရင်မ၏ ရောဂါကို တွေ့ရမည်။ မိမိကုသနိုင်ရမည် ဟူသည် ယုံကြည်ချက်သည် ပြန်၍ ထင်လာ၏။

နောက်နေ့တွင် အခွင့်ယူ၊ ထန်းလျှက် ပေါက်ပေါက် တင်လဲတို့ကို ဆယ့်ငါးရက်စာ စုလျှက် အဆောင်ခန်းထည်း သွင်းပြီး အဆောင်ခန်းကို အလုံပိတ်ထားလိုက်၏။

ထိုအခါမှစ၍ ကျုပ်သည် အဆောင်ခန်းထည်းမှ မထွက်တော့။ အိပ်ချိန်ဟူ၍လည်း မထားတော့။ စားချိန်ဟူ၍ လည်း မရှိ။ ခဏမျှ အိပ်ပျော်သွားပြီး ဆတ်ကနဲ ပြန်နိုးလာလျှက် ဖတ်လက်စ ဆေးကျမ်းကြီးကို ပြန်ဖက်၏။ တခေါက်ဖတ်၍ ပြီးဆုံးခါနီးတိုင်း ရှုံးသွားလုမတတ် မြှော်လင့်ချက် ကင်းမဲ့သွားသည်။ ထို့နောက် တနေရာရာကို မစေ့မစပ် ဖတ်မိသည်ဟူ၍ ပြန်ထင်လာပြန်၏။ ပြန်၍ ဖတ်ပြန်လေသည်။ ဆေးကျမ်းကြီး တခုလုံးကိုပင်

နှုတ်ငုံ့ရမတတ် ဖြစ်နေ၏။ ပူလောင်သောကတို့သည် တစထက် တစ ပို၍ ပြင်းထန် ကြီးမားလာနေသည်။ ရက်များသည် တရက်ပြီးတရက် ကုန်ဆုံးလာလျှက် မြော်လင့်ချက်များ တရက်ပြီးတရက် လျော့လိုက်လာနေသည်။ ကျုပ်သည် အားအင်ကုန်ခန်းလျှက် မျက်တွင်းဟောက်ပက် ပိန်ချောင် ကျသွားသည်။ ကြေးမုံပြင်ရှေ့တွင် ရပ်ကြည့်လိုက်သော အခါ အရိုးပေါ် အရေတင်၊ မျက်တွင်းဟောက်ပက်နှင့် အသားအရေ ဖြူဆွတ်နေလျှက် ကြောက်မက်ဖွယ်ရာ အသွင်သဏ္ဌာန် ဖြစ်နေလေသည်။

ဆယ်ရက်ပဲ ကျန်တော့တယ်။ ကိုးရက်။ ရှစ်ရက်။ ခုနှစ်ရက်။ ခြောက်ရက်။

မြော်လင့်မှုများ အလျင်းကင်းမဲ့နေသော အခြေအနေကို ဆိုက်ရောက်နေရလေပြီ။ ယခုအချိန်၌ ဤဆေးကျမ်းကြီးကို မြော်လင့် ကိုးစားနေခြင်းသည် ရူးနေခြင်းမျှသာ ဖြစ်နေလေပြီ။ ထို့နောက် ဘုရင်မကြီး နတ်ရွာစံတော့မည်မှာ ငါးရက်မျှသာ လိုတော့သည်။

ကျုပ်ခေါင်းထည်း၌ “ငါးရက်-ငါးရက်”နှင့် တွေးနေမှုတို့သည် အဆုံးမသတ် ခြာခြာလည်နေသည်။

မှီအုံးကို မှီထားသော ကျုပ်၏ခေါင်းမှာ နောက်ဘက်သို့ အားအင်ကုန်ခန်းစွာ ယိုင်ကျသွားသည်။ ခေါင်းထည်း၌ ပို၍ ယစ်မူးလာသည်။ ကျုပ်သည် မျက်လုံးကို ဤအတိုင်း မှိတ်ထားရာမှ အိပ်ပျော် ကျသွားချင်၏။ သို့သော် အဖန်ဖန် အလဲလဲ ပေါ်လာသော သောကတို့ကြောင့် အိပ်၍မရ။ ထိုသောကတို့သည် မီးကဲ့သို့ ကျွမ်းလောင်ပူပြင်းလျှက် ရှိနေ၏။

အတော်ကြာနေလျှင် အားနည်းသွားသော မီးရောင်သည် ငြိမ်းသွားလေသည်။ အဆောင်ခန်းထည်း၌ ကြီးမားသော အမှောင်ထုကြီး ပိတ်ဆီးလျှက် မည်သည့်အရာကိုမျှ မမြင်နိုင်တော့။ မိမိ၏ အသက်ရှူသံ ပြင်းပြင်းသည် အမှောင်ထုကြီးထည်းမှ ပေါ်လာနေ၏။ မြော်လင့်ချက်အားလုံးမှာ အဆုံးသတ် ကုန်ဆုံးသွားလေပြီ။ ယခုအချိန်တွင် ဤဆေးကျမ်းကြီးကို အားကိုးပြီး ဤဆေးကျမ်းကြီးဖြင့် ကယ်တင်နိုင်မည်ဟု ထင်မှတ်နေခြင်းသည် ရူးသွပ်နေခြင်း မျှသာ ဖြစ်တော့မည်။ ရူးသွပ်နေပြီလော. . . . ။ ရူးသွပ်နေခြင်းလည်း နေမည်။ အကောင်း ပြကတိ ရှိချင်လည်း ရှိမည်။ ထိုအဖြေသည်ပင် သေချာသော အဖြေ မဟုတ်တော့ပေ။ ယခုအခါ၌ သေချာသောအရာ ဆိုသည်မှာ မရှိတော့ပေ။ အားလုံးသည် မသေမချာချည်းသာ၊ မြော်လင့်ချက်ကင်းမဲ့နေချည်းသာ ဖြစ်နေသည်။

ကျုပ်သည် ဆရာကြီး ဇီဝ၏ စကားကို ပြန်၍ သတိရနေ၏။ သူ့မျှ ထက်မျက်သော သမားတော်ကားမရှိ။ သူကဲ့သို့ သမားတော်ကြီးပင် အမည်နာမမျှ မသိနိုင်သော ဝေဒနာကို အဘယ်မည်သူသည် ကုသနိုင်ပါမည်နည်း။ သို့သော် ယခုတခဏ၌ ကျုပ်၏ စိတ်အပေါင်း ယုံကြည်မှုအပေါင်းမှာ ပျက်စီးသွားလျှက် အခြား ယုံကြည်မှု တခု ဝင်လာလေသည်။

၄င်းမှာ အရှင်မ၏ ဝေဒနာအား ရဟန်းအရှင် ကုသနိုင်သည်ဟု ယုံကြည်နေခြင်းပင် ဖြစ်၏။

ကျုပ်ကား ရဟန်းသူတော်စင် အပေါ်၌ အထင်အမြင် လွဲမှားနေခြင်း သက်သက်မျှသာ ဖြစ်တော့သည်ဟု ပြန်၍ ယုံကြည်နေ၏။ ရဟန်း သူတော်စင်၏ မျက်နှာတော်သည် အစဉ်ငြိမ်းချမ်းနေ၏။ တရားမေ့ဖြင့်သာ မွေ့လျော်၏။ ရန်သူကိုယ်ပင် ခွင့်လွှတ်နိုင်၏။ ကရစ်သျှုန ဘုရားက ငရဲသို့ ပို့ ဘူးသည်လည်း မှန်၏။ ခလှံ့မန္တရား အတတ်၌ တတ်ကျွမ်း လှသည်လည်းမှန်၏။ နဝရတ်လက်စွပ်တော်ကို ရှာဖွေဖော်ထုတ်၏။ အရှင်၏ ဝေဒနာအား ဆေးကုသရန် နက္ခတ်ကို စောင့်ဆိုင်းနေ၏။ ယခုဆိုလျှင် အရှင်မအား ဆေးကုသ နေလောက်ပြီ။ ရဟန်းအရှင်ကား အရှင်နာယာယန၏ စေလွှတ်မှုဖြင့် ဆေးဝါးကုသ၍ ရနိုင်မည်ကား မဟုတ်။

ကျုပ်သည် ရှူးသွတ်နေသကဲ့သို့ "အရှင့်ကို ရဟန်း သူတော်စင် ဆေးကုသနေပါဘီ၊ အရှင် ကျန်းမာတော်မူလာပါဘီ"ဟု အမှောင်ထည်း၌ တဦးတည်း စကားပြောလိုက်မိသည်။

မိမိစိတ်ထည်းမှ တွေးနေခြင်းကို ပါးစပ်မှ ပြောဆိုမိလျှက်သား ဖြစ်နေသည်။ ထိုအတိုင်း အကယ်ပင်ဖြစ်ပျက်နေသည်ဟု သံသယမရှိ ယုံကြည်လာသည်။ ဘုရင်မ ပြန်လည် ကျန်းမာတော် မူလာသည်ကို ဖူးမျှော်လိုစိတ် ဆန္ဒများ ပေါ်လာသည်။ မိမိသည် ပြင်ပလောကနှင့် အဆက်အဆံ မည်သို့ဖြစ်ပျက်နေသည်ကို မသိနိုင်။ မိမိသည် အခြားတပါးသော စကြာဝဠာသို့ ရောက်နေရသကဲ့သို့ ဖြစ်နေ၏။ ခုချက်ခြင်း အပြင်နှင့် ပြန်၍ ဆက်သွယ်မည်။

ကျုပ်သည် မူးဝေလျှက်နှင့် ညောင်စောင်းပေါ်မှ ဖြည်းဖြည်းထလိုက်၏။ ထို့နောက် ဧည့်ဆောင်ကို ဖြတ်၍ လှေကားဘက် အမှောင်စမ်းစမ်းထည်း၌ လျှောက်သွားနေ၏။ ကိုယ်မှာ ယိမ်းထိုးနေသည်။ ကျုပ်က လှေကားထိပ်မှ တံခါးရွက်ကို စမ်းပြီး ဖွင့်သည်။ တံခါးရွက်သည် ဟသွားလျှက် အပြင်ဘက်မှ ညနေဆည်းဆာ၏ မှုန်ရီရီ အလင်းရောင်များ ပြေးဝင်လာပြီးနောက် မွန်းကျပ်နေသော အဆောင်ခန်းသို့ ပြင်ပမှ လေစိမ်းများ ဝင်ရောက် တိုးဝှေ့လာသည်။ ကျုပ်၏ လက်တဖက်သည် တံခါးကို ကိုင်ထားနေသည်။

ထိုအချိန်တွင် မူးဝေနေမှုများသည် တစထက်တစ ပို၍ပို၍ ပြင်းထန်လာနေသည်။ လှေကားခုံ၊ လှေကား၊ တံခါးရွက် အဆောင်ရှေ့ လမ်းမ၊ လေသာဆောင်၊ သက်ရှိသက်မဲ့ မြင်မြင်ရသမျှသည် ချာချာလည်လျှက် အပြားအချပ်လိုက်ကြီး ပြေးလာနေသည်။ တံခါးရွက်များသည် အဝေးသို့ ထွက်ပြေး သွားကြ၏။ စံနန်းတော်သည် လေ၌ လွင့်ပါသွားသည့် လဲမွေးငယ်ကဲ့သို့ မျက်စိရှေ့မှောက်မှ ပျောက်ကွယ်သွား၏။ မိမိသည် ကိုယ်ကို တောင့်ခံ မထားနိုင်၊ စိတ်ကို တောင့်ခံ မထားနိုင်တော့။ ထို့နောက် ကိုင်ထားသောလက်သည် အင်အားကုန်ခမ်းစွာ ပြေကျသွားပြီး ကျုပ်၏ ကိုယ်မှာ ဒိုးတလုံး လှိမ့်ချလိုက်သကဲ့သို့ လှေကားထိပ်မှ လှေကားထစ်များအတိုင်း လိမ့်ကျသွားတော့သည်။

သတိလစ်သွားချိန်မှာ ကျုပ်၏ စိတ်ထည်း၌ တခဏမျှသာ ကြာသည်ဟု ထင်သည်။

တဦးတယောက်သည် ကျုပ်၏ ပါးစပ်အတွင်းသို့ စတုမဓု ပျားရည်တင်လဲများဖြင့် ဖော်စပ်ထားသည့် ဆေးများကို တစက်ချင်း ချပေးနေသည်။ ဆေးထည်းတွင် ပါသည့် ဂမုန်းရနံ့သည် သင်းနေ၏။ အရာရာသည် မူလအတိုင်း တစတစ ပြန်၍ ရောက်ရှိလာနေသကဲ့သို့ ဖြစ်ပြီး မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်နေသည်။

ကျုပ်ကား သေသပ်စွာ ခင်းထားသော မိမိ၏ ညောင်စောင်းထက်၌ ရောက်ရှိနေ၏။ ပြတင်းတခါးများ အားလုံးကို ဖွင့်ဟထားလျက် လေသာဆောင်ဘက် ပြတင်းမှ နံနက်သစ်စလှသော ရွှေရောင်ဖြာသော နေခြည်များ ဝင်လာနေသည်။ စံနန်းတော် ဥယျာဉ်ဘက်မှ ဖြတ်တိုင်လာသည့် မွှေးရနံ့သင်းသော လေပြေများသည် သုန်ဖြူးလျက် ရှိနေသည်။ ခေါင်းရင်း ကလပ်ပေါ်တွင် စောင်းကို တင်ထားလျက် စောင်း၏ ပြတ်နေသော ကြိုးများကို မြင်ရသည်။

ထို့နောက် နံ့ဘေးမှ ပြုံးနေသော လူငယ်ကလေး ဒက္ခဏာ၏ မျက်နှာ မြင်ရလေသည်။ သူ့ လက်ထည်း၌ ငွေဇွန်းငယ်တခုကို ကိုင်ထားသည်။ သူ့ မျက်လုံးများသည်ပင် ပြုံးရယ်နေသလားဟု ထင်ရလေသည်။

"မြို့စားမင်း နိုးလာပလား"ဟု သူက မေးလိုက်လေသည်။

"မြို့စားမင်း ဆယ်ရက်လုံးလုံး တံခါးပိတ်ထားတာပဘဲ၊ ကျွန်တော်တို့ နေ့တိုင်း အချိန်တိုင်းလာပီး ကြည့်ကြတယ်။

တံခါးထုတာလဲ ဖွင့်မပေးဘူး။ မနေ့ ညနေခင်းက မြို့စားမင်း လေ့ကားက လိမ့်ကျလာတော့ ကျွန်တော် ရောက်လာတာနဲ့ အခန့်သင့်သွားတယ်၊ ဒါနဲ့ တညလုံးလုံး ဆေးတိုက်ရတယ်"

ထိုအချိန်၌ တရက် ကုန်သွားပြန်ပြီဟု ကျုပ်သည် တွေးလိုက်မိ၏။ ဘုရင်မကြီး နတ်ရွာစံရန် လေးရက်မျှသာ ကျန်တော့သည်။

လေးရက် မြော်လင့်ချက် အလျင်းမရှိသော လေးရက်။ ကျုပ်သည် ပါးစပ်ကို အားယူ၍ ဖွင့်လိုက်၏။ စကားကို စပြောရန် အားယူနေ၏။ သို့သော် အင်အားချိနဲ့ လွန်းနေသည်။ စိတ်မရှည်နိုင်စရာ ဖြစ်နေသည်။

"ဒက္ခဏာ"ဟု ကျုပ်က ခေါ်နေလေသည်။ သူသည် မျက်နှာကို ရှေ့သို့ ကိုင်းလိုက်၏။

"ဒက္ခဏာ အခု စံနန်းတော်ထဲမှာ ဘယ်လိုတွေများ ဖြစ်ပျက်နေသေးသလဲ၊ ဘုရင်မကြီး ဝေဒနာပျောက်ကင်း ကျန်းမာတော်မူဘီလား"

"မြို့စား အဆောင်ထဲက မထွက်ဘဲ ဘုရင်မ မကျန်းမာတာ ဘယ်နည်းနဲ့ သိနေသလဲ"

"မေးတာသာ ဖြေစမ်းပါ"

"ဖြေပါမယ်၊ မြို့စားဆောင်ကို စပိတ်တဲ့နေ့ကဘဲ၊ နိုင်ငံတော်မှာ ရှိသမျှ ဆေးဆရာမှန်သမျှ ဆေးလွယ်အိတ်တွေ စွန့်ပယ်ရမယ်၊ သမားတော်ကြီး ဇီဝကို ရာထူးတော်မှ ပြုတ်စေ၊ ဘုရင်မ ဝေဒနာကို မည်သူမှ ကုသခွင့်မတောင်းရ အမိန့်တော်တွေ ညီလာခံက ထုတ်ဆင့် တော့တာဘဲ၊ ဒီတော့မှ ဘုရင်မ ဝေဒနာနဲ့ လဲနေမှန်း နိုင်ငံက သိတော့တယ်။ ဘုရင်မက ရဟန်းအရှင်ရဲ့ ဆေး အကုအသသာ ခံယူမယ်တဲ့၊ ရဟန်းအရှင်ကလဲ ကရစ်သျှနရဲ့ အမိန့်တော်မြတ်ကို တောင်းဆိုနေတယ်လို့ ဆိုတယ်။ ဒါနဲ့ ဘာဆေးဝါးမှ မကုသရတော့ဘူး။ မနေ့ ညပိုင်းကတော့ ဘုရင်မကြီး လုံးလုံး သတိလစ်သွားဘီ၊ လုံးလုံး ပြန်မလယ်လာနိုင်တော့ဘူး"

ထို့နောက် ဒက္ခဏာ၏ စကားများ အားလုံးသည် ကျုပ်၏ နားထည်းမှ လျှံထွက်သွားနေ၏။ စိတ်ထည်းမှ လျှံထွက်သွားနေ၏။ သူ့ စကားသံများသည် အဆောင်ခန်းထည်းတွင် ဆက်လက်၍ ပေါ်နေသေးသော်လည်း ကျုပ်၏ စိတ်အာရုံသို့ မဝင်ရောက်နိုင်တော့။

ကျုပ်သည် အင်းအားကုန်ခန်းပြီး စိတ်ကို ဖြေချလိုက်၏။ မြော်လင့်ချက် အားလုံးမှာ ကုန်ခန်းသွားလေပြီ။ ဘုရင်မ နတ်ရွာစံတော့မည်။ အလွန်သေချာသည်၏ ဟိုဖက်သို့ ရောက်နေလေပြီ။ နတ်ရွာစံရုံမှတပါး ဘာမျှ မရှိတော့။ ဤလေးရက် ကုန်ဆုံးသွားလျှင် ဖယောင်းမီးညွန့်ကလေး တခု ငြိမ်းသေသွားသကဲ့သို့ ဆုံးခန်းတိုင် သွားတော့မည်။ ကျုပ်သည် မည်သို့မျှ မတတ်နိုင်။ ကျုပ်ဖခင်၏ ဆရာကြီး စီရင် ရေးသားခဲ့သည့် ဆေးကျမ်းကြီး သည်လည်း မကယ်နိုင်။ ရှင်ယောင်သည်လည်း မကယ်နိုင်။ အားလုံး ပျက်ပြားဆုံးရှုံးကုန်လေပြီ။

"သတိလစ်သွားဘီ။ ပြန်လယ် မလာတော့ဘူး"ဟု ကျုပ်သည် တိုးတိုး ရွတ်နေ၏။

ထိုအချိန်တွင် စိတ်ဓာတ်များ ရုတ်တရက် ပေါက်ကွဲထွက်သွား သကဲ့သို့ ဖြစ်သွားပြီး ကျုပ်သည် နေရာမှ အင်အားရှိသမျှ ဆောင့်ကန်၍ ထလိုက်၏။ ကျုပ်၏ ကိုယ်သည် မြောက်ကြွလာပြီး ကျုပ်သည် ထိုင်မိလျက်သား ဖြစ်သွားနေ၏။

http://cyberbooks.myanmarchat.org



"သတိလစ်သွားဘီ၊ ပြန်လယ်မလာတော့ဘူး"ဟု အားကုန် အော်ဟစ်လိုက်၏။ သူရှူးတယောက် အော်ဟစ်ကြွေးလိုက်သကဲ့သို့ ရှိလေသည်။ ရှူးသွက်သွားသူတဦးနှင့် မခြားတော့ပေ။

"သတိထားပါ-သတိထားပါ"ဟု ဒက္ခဏာသည် ကျုပ်ကို ဆီးပွေ့ရင်း အော်ပြောနေ၏။

"ဘာရဟန်းလဲ၊ ရှင်တုရှင်ယောင် ရဟန်းယောင် လူလိမ် လူညာ အလကားအကောင်၊ အလေနတော"နှင့် ကျုပ်သည် ကျယ်လောင်လှစွာ ဆဲရေးနေ၏။ ထိုအသံသည် ပြတင်းဝများမှ တဆင့် အပြင်သို့ ပွင့်လျှက်ရှိနေသည်။

"သတိထားပါ၊ အဲဒါ ရာဇဝတ်ဘေး"

ကျုပ်သည် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ မြှော်လင့်ချက်များ အားလုံး ကုန်ဆုံးကုန်ပြီ။ ဆေးကျမ်းကြီးသည် မည်သို့ အရာရောက်တော့မည်နည်း။ ဆေးကျမ်းကြီး အပေါ်သို့ ကျုပ်၏ ခြေထောက်များသည် တက်နင်းမိလျက်သား ရှိနေ၏။ ပေချပ်သည် ခေါင်းရင်းဖက်၌ လွင့်ကျနေ၏။

"ဒါကြီးကို ကိုင်ပေါက်လိုက်စမ်း ဒက္ခဏာ၊ ထယူပြီး ကိုင်ပေါက်လိုက်စမ်း ဟေ့ ထဟေ့၊ ယူလိုက်ဟေ့"ဟု ကျုပ်သည် အသံကုန် အော်ဟစ်နေ၏။

ဒက္ခဏာသည် ခဏမျှ ငေးနေသည်။ သူက ကျုပ်အား ရူးသွတ်နေပြီဟု ယူဆပြီး ကြောက်ရွံ့ တုန်လှုပ်နေသည်။

သူက "သွားဘီ. . . သွားဘီ"ဟု နှုတ်ခမ်းလှုပ်လျှက် တိုးတိုးရွတ်နေသည်။

သူ့ မျက်လုံးများထည်းတွင် မျက်ရည်များ ရစ်ဝိုင်းလျှက် ဖိတ်စင် ကုန်တော့မတတ် ရှိနေသည်။ သူသည် မျက်တောင်ကိုသာ တဖျတ်ဖျတ်ခတ်နေသည်။

"ပြောတဲ့အတိုင်း လုပ်စမ်း ဒက္ခဏာ အဲဒါကြီးကို ကိုင်ပေါက်လိုက်စမ်း၊ စိစိညက်ညက် ကျေအောင် ကိုင်ပေါက်"ဟု ကျုပ်သည် ဆက်၍ အော်နေ၏။

သူသည် ကျုပ်အား ထားပစ်ခဲ့ပြီး အောက်သို့ ခုန်ချလိုက်သည်။ ထို့နောက် သူသည် ဆေးကျမ်းပုရပိုက်ကြီးကို ကောက်ယူပြီး ကျမ်းပြင်၌ ကိုင်ပေါက်နေရ၏။ တခုချင်းဆုတ်ဖြဲနေရ၏။ ကြေးချပ်များ တခုချင်း ကျိုးကျေကုန်သည်။ အစများ တချပ်စီကွဲသွားလျှက် ထိုအချပ်များ တစိတ်စီကွဲကျနေသည်။ အဆောင်ခန်း တခုလုံးမှာ ကြေးချပ်များဖြင့် ပြည့်သိပ်နေသည်။ ကြေးချပ်များ ဖြန့်ခင်းထားသကဲ့သို့ ရှိနေသည်။

(၂၄)

ကျုပ်သည် မူးမိုက်ရီဝေစွာဖြင့် ညောင်စောင်းမှ ထရပ်ပြီး ဆင်းလိုက်လေသည်။ ဒက္ခဏာ ကိုင်ပေါက် လွှင့်ကြဲထားသည့် ကြေးချပ်များကို ငုံ့ကြည့်နေရင်း စိတ်ထည်း၌ ကြေကွဲဝမ်းနည်းကာ ဆို့နင့်နေသည်။

"သွားဘီ ဒက္ခဏာရေ. . . သွားဘီ သွားဘီ၊ ဆေးကျမ်းကြီးလဲ သွားဘီ၊ ငါလဲလက်လျှော့ လိုက်ပီ၊ အရှင်လဲ သတိလစ်သွားဘီ၊ ပြန်လယ်မလာတော့ဘူး၊ အရှင် နတ်ရွာစံတော့မယ် ဒက္ခဏာရေ"

ကျုပ်သည် တီးတိုးရေရွတ်နေ၏။ ကျုပ်၏ အသံသည် တစထက်တစ တိမ်ဝင်သွားနေသည်။ ထို့နောက် သူရူးတယောက်ကဲ့သို့ ကိုင်ပေါက်ထားသည့် ကြေးချပ်များကို တစချင်းတခုချင်း ဆုတ်ဖြဲပစ်နေ မိပြန်သည်။

"မြို့စားမင်းများ ရူးနေသလား၊ ကျွန်တော်များ ရူးနေသလား၊ မြို့စားမင်း ကောင်းနေသေးရင်တော့ ကျွန်တော်ရူးနေတာ ဖြစ်ရမယ်။ ဒါမှမဟုတ်ရင် နှစ်ယောက်စလုံး ရူးကုန်ကြတာ ဖြစ်ရမယ်"ဟု တိုးတိုးညည်း နေသည်။

ကျုပ်ကား ကြေးချပ်ငယ်များကို ငေးငိုင်ကြည့်ရှုမိပြန်ကာ. . . ဆေးပုရပိုက်ကြီးကို ဆုတ်ပစ်မိသည်မှာ မှားယွင်းလေပြီဟု ထင်လာပြန်သည်။ ဤဆေးကျမ်းကြီးထည်း၌ ရှိကို ရှိရမည်။ ဖခင်၏ သမားတော်ကြီးမှာ တော်စွလျော်စွ ဆေးသမားတော်ကြီး မဟုတ်၊ သူ မရေးမှတ်သည့် ရောဂါ မရှိစေရ၊ မိမိ စာအဖတ်များ၍ ကျော်ဖတ်နေမိ၍သာ ဖြစ်ရမည်. . . နှင့် ထင်နေပြန်၏။ ကျုပ်သည် ဒက္ခဏာအား ဆက်၍ မဆုတ်ဖြဲရန် ရပ်ခိုင်းလိုက်လေသည်။ ထို့နောက် ကျုပ်သည် ကြေးချပ်များကို တစချင်း ကောက်ဖတ် နေမိပြန်သည်။ ဒက္ခဏာသည်လည်း မည်သို့ အဓိပ္ပာယ်ရှိမှန်းမျှ မသိဘဲ ကောက်ဖတ်နေသည်။ သူသည် အသံထွက်၍ ဖတ်နေသည်။

အချိန်ပေါင်းများစွာသည် ကုန်ဆုံးနေ၏။ ကျုပ်ကား စိတ်ဓာတ် ကျဆင်းသွားနေပြန်လေသည်။ ကြေးချပ်များကို ကိုင်တွယ်နေရင်း မောပန်းနေသလို ဖြစ်နေလေသည်။ ဤကဲ့သို့ အချိန်များ ကုန်ဆုံးနေရသည်ကား သက်သာဖွယ် ရှိသေးသည်။ မြော်လင့်ချက် ကင်းမဲ့နေချိန်၌ မိမိသည် သူရူးတယောက်ကဲ့သို့ ဖြစ်နေ၏။

တချိန်လုံးတွင် ဒက္ခဏာ၏ စာအော်ဖတ်သံသည် အဆောင်ခန်းထည်း၌ ဆူညံလျှက် ရှိနေသည်။ ဤအချိန်တွင် သက်တော်စောင့် အဆောင် အားလုံးသည် တိတ်ဆိတ် ငြိမ်သက်နေကြ၏။ အားလုံးမှာ ညှိုးလျော် ခြောက်ခန်းနေကြလေသော အရာများချည်း ဖြစ်နေပေသည်။ လူတိုင်းသည် မနက်ဖြန် ဘာဖြစ်မည်ကို မတွေးရဲကြပေ။ ဘုရင်မကြီး နတ်ရွာစံလျှင် ဖြစ်ပျက်ရမည် ဖြစ်သော နိုင်ငံ၏ အခြေအနေကို ထည့်မတွက်ကြပေ။ အဆောင်ခန်းများ၏ ရှေ့မှလမ်းသည် တိတ်ဆိတ် ငြိမ်သက်နေလျှက် လမ်းပေါ်၌ ဖြတ်လျှောက်သွားလာနေသူ တဦးတယောက်မျှ မရှိ။

"ဟောဒီစာကိုတော့ ဖတ်မရဘူး မြို့စား"ဟု ဒက္ခဏာသည် စာဖတ်နေရင်းမှ စကားပြောပြီး အခြားတချပ်ကို ပြောင်းလဲ ဖတ်လိုက်လေသည်။

"ဒက္ခဏာရာ. . . ဖတ်မရတဲ့စာ ဒီပုရပိုက်ထဲမှာ မရှိပါဘူး"

"မဟုတ်ဘူး မြို့စားမင်း၊ ဖတ်လို့ ရကို မရဘူး၊ သိပ်ပါးပီး မှုန်နေတာဘဲ၊ ဘာမှမသဲကွဲဘူး။ ပီးတော့ သက္ကဋ ရှေးဟောင်းစာနဲ့ ရေးထားတာကလား၊ အစကလေးဘဲ နည်းနည်း ဖတ်လို့ရတယ်၊ ထိုရောဂါရှင်၏ နှုတ်ခမ်းဖျား

http://cyberbooks.myanmarchat.org


တို့၌ကား အဖြူ အနီ၊ အဝါ အရောင်သုံးပါးဖြစ်လျှက် ပီးတော့ ဖတ်မရဘူး၊ ယူဖတ်ကြည့်လေ. . . . ”

“အို. . ဘယ်လို. . . . ဘယ်လို”

ထိုမျှ တုန်လှုပ်ဖွယ်ကောင်းသော အခါသည် မရှိ၊ ကျုပ်သည် အသားတဆတ်ဆတ် တုန်သွား၏။ ဟောက်ပက်နေသော မျက်လုံးများ၌ မျက်ရည်ဝိုင်းသွား၏။ ရင်ထည်းတွင် ရုတ်တရက် တထိတ်ထိတ် ခုန်သွားသံကို အတိုင်းသား ပြန်ကြားနေရ၏။ ကျုပ်သည် မူးမိုင်းရစ်ဝေနေလျှက် ကြားမှ ရုတ်တရက် အားသွန်၍ ထရပ်လိုက်လေသည်။ ထို့နောက် ကြေးချပ်များ အပေါ်သို့ တက်နင်းပြီး ဒက္ခဏာရှိရာသို့ ထသွားနေသည်။

“ဟုတ်ရဲ့လား၊ မှန်ရဲ့လား၊ မင်း လိမ်နေတာလား”
ကျုပ်က အော်၍ ပြောနေလေသည်။

“ဟုတ်ပါတယ် မြို့စား . . . ကျွန်တော် ဘာကို လိမ်ရမလဲ။ ကျွန်တော် ဘာကို သိလို့ လိမ်နိုင်မလဲ။ အခု ကြေးချပ်တွေ ဖတ်နေရတာကို ဘာအဓိပ္ပာယ်ရှိလို့ ဘာကိုရှာပီး ဖတ်နေရမှန်း သိတာမဟုတ်ဘူး၊ မြို့စားကို လန့်ပီး ဖတ်ဆိုလို့ ဖတ်နေရတာ၊ ဒီမှာ ကြည့်လေ ဒီနေရာအထိဘဲ ဖတ်လို့ရတယ်။ ဟိုဘက်ကျတော့ ဝါးကုန်ဘီ ဘာမှကို ဖတ်လို့ မရတော့ဘူး”

သူ့အသံသည် ကျယ်လောင်နေသော်လည်း သံမှန်ဖြစ်၍ အေးဆေးတည်ငြိမ်နေသည်။ သူသည် လက်ထည်းမှ ကြေးချပ်ကလေးကို ထိုးပေးနေသည်။ ကြေးချပ်ကလေးမှာ တဖိတ်ဖိတ် လက်နေသည်။ ကျုပ်သည် ကြေးချပ်ကလေးကို လှမ်း၍ ယူလိုက၏။

ဖြစ်ရပာန်မှာ ဆေးကျမ်းပုရပိုက်ကို ပြုစုခဲ့သော ဖခင်ဆရာကြီးသည် ပန်းဘဲဖိုတခု၌ ကြေးချပ်များကို သွန်းထုခိုင်းခဲ့ရာတွင် ပန်းဘဲသည် ရှေးက ရှိခဲ့ဘူးသော ပုရပိုက်ဟောင်းတခုမှ ကြေးချပ်နှစ်ခုကို တေ၍ ကြေးချပ်တခုအဖြစ် ပေါင်းစပ် ပြုလုပ်ခဲ့လိမ့်မည်။ ယခု ရိုက်ချိုးသောအခါ၌ ထိုကြေးချပ်နှစ်ခု ပြန်၍ ကွာသွားမည်။

ကျုပ်သည် သီဝေနေသော မျက်လုံးများဖြင့် မှိန်လွန်းသော ရှေးဟောင်း သင်္ကေတစာလုံးများကို စူးစိုက်ကြည့်နေသည်။ ထိုအချိန်၌ အသက်မရှူမိဘဲ ငြိမ်သက်နေမိ၏။ စာလုံးများကို တလုံးစဉ် ဝါးဝါး ထွေးထွေး မြင်နေရလေသည်။ စာလုံးများ၏ အဓိပ္ပာယ်ကို ကျုပ်သည် တလုံးချင်း ကောက်ယူကြည့်နေ၏။

ဒက္ခဏာသည် ရုတ်တရက် အဆောင်မှ ပြေးဆင်းသွားပြီး ခဏနေသောအခါ ပြန်၍ ပြေးတက်လာသည်။ သူ့လက်တွင်း၌ မန်ကျည်းရွက်များ ဆုပ်ကိုင်ပါလာသည်။ သူသည် မန်ကျည်းရွက်များဖြင့် ကြေးချပ်ကို ဆွဲယူပြီး ပွတ်တိုက် နေသည်။ ကြေးချပ် ကလေးသည် နေရောင်၌ ရွှေရောင်ထတောက်လေသည်။ ကြေးညှိများလည်း တခု ချင်းလွင့်ပါးကုန်သည်။

သူက“ဘုရင်မကြီး ဝေဒနာနဲ့ ပတ်သက်နေလို့လား” ဟုမေးမြန်းနေသည်။ သူ့ အသံသည်လည်း တုန်ယင်လျှက်ရှိနေပေသည်။

ထို့နောက် သူသည် စာများကို တလုံးချင်း ဖတ်နေလေသည်။ ထိုရောဂါရှင်၏ နှုတ်ခမ်းများတို့၌ကား၊ အဖြူ အနီ အဝါ အရောင်သုံးပါးဖြစ်လျှက်။ ထိုရောဂါရှင်၏ အသားအရေတို့၌လည်း ထိုအရောင်ပင် ရှိလျှက်။

ထိုရောဂါရှင်၏ မျက်နှာတို့၌ကား။ အရောင် အဆင်း အလျင်း ကင်းမဲ့ဘိ၍၊ ကျောက်အဆင်းကဲ့သို့ ဖြူဆွတ်၏။

ထို၏ ဝေဒနာကို ကျွန်ုပ်ကာလီဒါသသည်။ သဘာဝနှင့် ကင်းသောကြောင့် အသွေးအကြော ရပ်ဆိုင်းသည့် ရောဂါဟု သမုတ်အံ့။

ထို၏ရောဂါကား။ ဆန့်ကျင်ဘက် လိင်၏ တွေ့အထိ ရှိချိန်တန်ပါလျှက် ကင်းကွာသောကြောင့် ဖြစ်ရချေ၏။

ထို၏ ရောဂါကို ကုသရန်ကား။ ဆန့်ကျင်ဘက် လိင်တို့၏ အတွေ့၊ အထိ၊ အငွေ့တို့ဖြင့် လက်ဝါးပြင်၊ ပခုံးစွန်းတို့အား ဆုပ်နယ်ပေးရာ၏။

ကျုပ်သည် ဒက္ခဏာ၏ လက်မှ ကြေးချပ်ငယ်ကို ဆွဲယူလိုက်၏။ ထိုအချိန်၌ ကျုပ်၏ နှုတ်ခမ်းဖျားများ တဆတ်ဆတ် တုန်နေကာ. . . . .

"ဘုရားမြတ်စွာ သခင် ညွှန်ပြတော်မူတာဘဲ ဖြစ်ရတော့မယ် ဘုရားသခင် ညွှန်ပြတာမှတပါး ဘာမှ မဖြစ်နိုင်တော့ဘူး"ဟု ပြောလျှက်ရှိနေသည်။

"ဘုရင်မကြီးရဲ့. . . ဝေဒနာလား၊ ဒီဝေဒနာမျိုးလို့ မြို့စားမင်း ဘယ်ပုံဘယ်နည်း သိနိုင်လို့လဲ"ဟု ဒက္ခဏာသည် တုန်တုန်ရီရီဖြင့် မေးနေသည်။ သူ့ကို ညောင်စောင်းအောက်မှ ပေရွက်ကိုကောက်ဖတ် ခိုင်းလိုက်သောအခါ သူသည် တုန်ယင်စွာဖြင့် ဖတ်နေ၏။

"ဘုရင်မ၏ ဝေဒနာမျိုးကိုကား ကျွန်ုပ်ဇီဝမမြင်၊ မတွေ့၊ မကြားဘူး။ မျက်နှာတော် တပြင်လုံးသည် သွေးကင်းမဲ့ဘိ အလား ဖြူဆွတ်၏။ နှုတ်ခမ်း၌ကား ကျွန်ုပ် မမြင်ဘူးသော အရောင် ရှိဘိ၏။ ကျွန်ုပ်စိတ်တွင် ထိုအရောင်သည် ဖြူ နီ၊ ဝါ သုံးပါးစလုံး ပေါင်းစပ်သည်ထင်၏။ သို့သော် အဖြူဘက်မှ ကြည့်ကောင်းသော်လည်း အဖြူဟုမထင်ရ။ မျက်နှာမှ လွဲသော ကျန်အသားအရေ တကိုယ်လုံး၌ ထိုအရောင်သည် ကြောက်ဖွယ်လိလိ လွှမ်းလျှက်ရှိ၏"

ဒက္ခဏာက "အကျိုးပေးပုံ သိပ်ဆန်းပြားတာဘဲ၊ ဒါ ဘုရားမြတ်စွာ ဖန်ဆင်းတော် မူတာဘဲ ဖြစ်ရတော့မယ် ဘုရားမြတ်စွာရဲ့ တန်ခိုးတော်မှတပါး ဘာမှ မဖြစ်နိုင်တော့ဘူး။ ဘာမှ မဖြစ်နိုင်တော့ဘူး"ဟူ၍ ပြောနေသည်။

"ဒါပေမယ့် ငါဘယ်လိုလုပ် ဆေးကုရမလဲ ဒက္ခဏာ၊ ရဟန်းက လွဲပြီး ဘယ်သူမှ ဆေးကုသခွင့်မရှိ အမိန့်တော် ထုတ်ဆင့်ထားတယ်"

"ဒါဖြင့် ရဟန်းကို ဆေးနည်း ပေးပြီး ရဟန်းကို ကုခိုင်းပေါ့"
"ဘယ်လို ဒက္ခဏာ"
"ရဟန်းကိုဘဲ ကုသခိုင်းရတော့မှာပေါ့၊ ဒီနည်းကလွဲရင် ဒိအပြင် ဘယ်နည်းမှ သုံးလို့ရတော့မှာ မဟုတ်ဖူး။ အခုဟာ နိုင်ငံတော်ရဲ့ အရေးဘဲ။ ပန်ထွာ နိုင်ငံတော်ကြီးရဲ့ အရေး ဒီတနည်း ဒီတလမ်းဘဲ ရှိတယ်။ ပီးတော့ ရဟန်းအရှင်က အမိဋ္ဌာန်တဲ့အတွက် ဒီဆေးနည်း တွေ့တာ ဖြစ်ရမယ်"
"ဟုတ်တယ် ဒက္ခဏာ ဒီအတိုင်းဘဲ လုပ်ရမှာဘဲ"

ကျုပ်သည် ကြေးချပ်ငယ်ကို ညောင်စောင်းပေါ် တင်ထားလိုက်လေသည်။ ဤနည်းအတိုင်း ရဟန်းရှိရာသွားပြီး ရဟန်းအတုဖြင့် ကုခိုင်းရုံမှတပါး အခြားသော နည်းလမ်း မရှိ။ တဖြည်းဖြည်းနှင့် ကျုပ်၏ ဝမ်းသာမှုများသည် လေနောက်ဝယ် တိမ်တိုက်များ လွင့်ပါသွား ကြသကဲ့သို့ မှိန်လိုက်လာနေသည်။ ဤအဖြစ်အပျက်မှာ ကြေကွဲစရာ တို့ဖြင့် အဆုံးသတ်တော့မည်ကို သိနေရပါပြီ။

ကျုပ်သည် အပြင်းစိုင်းနှင်လာသော မြင်းကို ကျောင်းသခ်န်းငယ်ရှေ့တွင် ရပ်တန့်လိုက်လေသည်။ မြင်းပေါ်မှ ဆင်းပြီး လှေကားလက်ရမ်းကို ကိုင်ပြီး တက်သွားနေစဉ်၌ ကျုပ်၏ ခေါင်းများ မူးဝေနေဆဲ ဖြစ်လေသည်။ ကျုပ်သည် ကျောင်း၏ ဝရံတာမှ ဖြတ်ကျော်သွားလျှက် ကျောင်းတံခါးပေါက်၌ တောင့်ရပ်ပြီး ကျောင်းဆောင်၏ ဦးခန်း၌ကား ကိုးကွယ်ရာ ရုပ်တုအပေါင်းဖြင့် ပြည့်သိပ်နေသည်။ ပုရပိုက် အထပ်လိုက်ကြီးသည် ဆီး၍ ဟန့်တားထားသကဲ့သို့ ရှိလေသည်။ ဆေးဝါးဆိုင်ရာ အစီအရင် တခုကို ပြုနေသကဲ့သို့ ဆီမီးများ ပူဇော်ထားသည်။ နံ့သာအပေါင်းကို မီးရှို့ပူဇော်ရာ အမွှေးရနံ့များသည် အပေါက်ဝသို့တိုင်အောင် ပျံ့သင်းနေသည်။

ရဟန်းသည် ထက်ဝယ် ဖွဲ့ခွေနေလျှက် ရုပ်တုများ ရှေ့မှောက်၌ ပါးစပ်မှ ဂါထာမန္တာန် တခုကို တီးတိုး ရွတ်ဆိုလျှက် ရှိသည်။ ရွတ်ဆိုသံ မကြားရသော်လည်း တံခါး အဟကြားမှ ဝင်နေသော နေရောင်ခြည်ဖြင့် လှမ်း၍ မြင်တွေ့နေရသည့် ရဟန်း၏ မျက်နှာမှာ မလှုပ်မရှား တည်ငြိမ်လျှက် ရှိသည်။ ကျောင်းဆောင်ငယ် တခုလုံးသည် အသံ အလျှင်းမထွက်ဘဲ တိတ်ဆိတ်နေ၏။

"ဘုရားကို အာရုံပြုပြီးပါပြီလား အရှင်ဘုရား"

ကျုပ်က အသံတိုးတိုးဖြင့် လျှောက်တင်လေသည်။ ကျုပ်သည် ဦးခေါင်းကို မတ်မတ်မှ လှမ်း၍ လက်အုပ် ချီထားသည်။

ရဟန်းသည် လှည့်၍ ကြည့်လိုက်သောအခါ ကျုပ်သည် တရွေ့ရွေ့ တိုးကပ်သွား၏။

"ကျွန်ုပ်နှင့် တွေ့ဆုံလိုပါသလော"ဟု ရဟန်းသည် ညင်သာတိုးတက်သော အသံဖြင့် မေးလိုက်လေသည်။

ရဟန်း၏ လက်တဖက်သည် သက်န်းကြားသို့ မသိမသာ လျှိုသွင်းနေလေသည်။ ကျုပ်အား မသင်္ကာစိတ် ရှိနေမည်။ ကျုပ် မြင်းစိုင်းနှင်လာသည်ကို ကြိုတင်၍ မြင်ချင်မြင်ထားမည်။ ကျုပ်သည် ရှေ့ဘက်နားသို့ တိုးရွေ့ ရပ်လိုက်ပြီး ငြိမ်သက်နေသည်။

ယခုအခါတွင်ကား ရဟန်းအပေါ်၌ ကျုပ်သည် အရှင်းအလင်းဆုံး မြင်နေရပေပြီ။ သူသည် အလွန် တည်ငြိမ်သော မျက်နှာကို ဖန်ဆင်းထားနိုင်သော်လည်း သူ့ လက်တဖက်ကား သင်္ကန်းကြားမှ ဓားရိုးပေါ်၌ အသင့် အသိမသာ တင်ထားလျှက် ရှိနေပေပြီ။

သူကား လူလိမ်ဖြစ်၏။ အလွန် ကြောက်မက်ဖွယ် ကောင်းသော လူလိမ်ဖြစ်၏။ အစောပိုင်းက သူ့အပေါ်၌ အကယ်ပင် သူတော်စင် ဖြစ်လေသလော၊ အကယ်ပင် သူသည် ကရစ်သျှန ဘုရား၏ အကူအညီတော်ကို တောင်းခံခြင်းဖြင့် ဘုရင်မ၏ ဝေဒနာအတွက် အလွန်ထူးဆန်းသော ဆေးနည်းကို ကောက်ရခြင်း ဖြစ်လေသလော စသည့် ယုံကြည်ဖွယ်ရာ စိတ်များသည် အလျှင်း ပြေးထွက်ကုန်လေပြီ။ ယခုကား သူ၏ အတွင်းစိတ်တို့ကို မျက်နှာ၌ ဖုံးကွယ်ထားနိုင်သော်လည်း အားလုံးမှာ ရှင်းရှင်းလင်းလင်း ပေါ်လွင် သွားခဲ့လေပြီ။

ကျုပ်သည် ဒူးပဆစ်တုပ်၍ လက်အုပ်ချီလျှက် "မှန်ပါတယ် အရှင်ဘုရား။ ဘုရင်မ ဝေဒနာအတွက် တပည့်တော် လာခဲ့ရခြင်း ဖြစ်ပါတယ်။ ဘုရင်မ ဘယ်တော့ နတ်ရွာစံတော့မယ်ဆိုတာ အရှင်ဘုရား သိတော်မူပါသလား။ နောက် လေးရက်၊ နောက်လေးရက် ကြာရင် နတ်ရွာစံတော့မယ်"ဟု မေးလျှောက်လိုက်လေသည်။

ကျုပ်သည် မျက်နှာပေါ်၌ ပေါ်လွင်နေမည့် အရိပ်အကဲ တခုခုကို တွေ့မြင်သွားရဘိသကဲ့သို့ သူ့မျက်လုံးများသည်

ရုတ်တရက် ကြည်လင်သွားလေသည်။

သူသည် မျက်နှာကို အနည်းငယ် မော့လိုက်၍ "အို. . . နောက်ငါးရက်ထက် ပိုပြီး နေရမယ်လို့ ကျုပ်မထင်ခဲ့ပါဘူး ကျုပ်လည်း အင်း၊ ခလှဲ၊ မန္တာန် အတတ်မှာသာ ကျွမ်းပြီး ဆေးဝါးအမှုမှ မကျွမ်းကျင်ပေဘဲကိုး။ ဘုရင်မကလဲ ကျုပ် ဆေးအကုမှ လွဲရင် မည်သူ့ဆေးအကုမှ မခံဘူး ဆိုလေတော့. . . . ကျုပ်လည်း ကျုပ်တတ်တဲ့ မန္တာန်အတတ်နဲ့ဘဲ အဖ ကရစ်သျှနရဲ့ အကူအညီတော်မြတ်ကို တောင်းပန် အသနားခံရပေတာဘဲ။ အဖ ကရစ်သျှန ညွှန်ကြားတော် မူမှုနဲ့ ကုသမယ့် ဆေးဆရာတဦးကို သည့်နေဘဲ ကျွန်ုပ် လွှတ်တော်မူဘို့ အသနားတော်မြတ် ခံထားရပေတယ်။ ပေါ်ပေါက်လာရင် ကျွန်ုပ်အနေနဲ့ ကျွန်ုပ်ရဲ့ အကုအသအဖြစ်နဲ့ ကုစေရမှာဘဲ။ ကျွန်ုပ် ဤမျှဘဲ တတ်နိုင်ပေတယ်။ ဝင့်နဲ့ကြမ္မာမလွတ်သာလို့ အဖ ဘုရားမြတ်စွာ မျက်နှာလွှဲတော်မူမယ် ဆိုရင်တော့ ဘုရင်မရဲ့ ကံကြမ္မာကို ကျွန်ုပ်လည်း မတတ်နိုင်ပေဘူး၊ အဘယ်သူအားမျှလည်း တတ်နိုင်မှာ မဟုတ်ပေဘူး"ဟု တလုံးချင်း မြွက်ကြားနေသည်။

သူသည် သူ့စကားကို သူ ယုံကြည်ရဲသော သူဖြစ်၏။ သူဆုံးဖြတ်သမျှကို သူသည် အခိုင်အမာ ရဲရဲရင့်ရင့်နှင့် ပြောဆိုရဲဝံ့သူ ဖြစ်၏။ ထို့ကြောင့် သူ့စကားမှာ အဖြစ်မှန်များကို အကယ်ပင် အခိုင်အမာ ပြောနေသကဲ့သို့ချည်း ကြားရသူအား ယုံကြည်စေတတ်၏။

ကျုပ်သည် ခေါင်းကို ပို၍ ငုံ့လိုက်၏။ ခု အချိန်၌ ကျုပ်၏ အတွင်းစိတ်ခံစားချက်များကို ဖုံးကွယ်ထားနိုင်မှ ဖြစ်မည်။ သို့သော် သူကဲ့သို့သော ပါးနပ် လိမ္မာလှသော ပုဂ္ဂိုလ်တဦးကိုမူ ဖုံးကွယ်ထား၍ ရနိုင်ရန် မလွယ်ကူပေ။

ကျုပ်၏ စိတ်နှလုံးသားထည်း၌ သူ့အား ခါးသီးရွံရှာ မုန်းနေမှုမှာ ဆပွားတိုးတက်လျက် ရှိပေသည်။ ဤတကြိမ်၌မူ အခါးသီးဆုံး အရွံရှာဆုံး ဖြစ်နေ၏။ သူကဲ့သို့ လိမ်ညာနိုင်သူ မရှိ၊ သူကဲ့သို့ ပါးနပ်သူမရှိ။ သူသည် တခုခုကို လိုချင်တပ်မက်သော စိတ်ဖြင့် အလွန် ခိုင်မာကြီးကျယ်စွာ ရဲဝံ့လှစွာ အခြေအနေ အရပ်ရပ်ကို ဖန်ဆင်းယူ နေသည်။ သူလိုချင်သော အရာသည် မည်သည့် အရာနည်း။ သူတောင့်တနေသော အရာသည် မည်သည့် အရာပေနည်း။ ရွှေစွန်ညို ဘာကိုလို၍ ဝဲနေပါသနည်း။

သူသည် ဆေးကုနိုင်သူအပေါင်းမှာ သူ့ထံမှတဆင့် ကုသရမည်ကို ကြို၍ တွက်ချက်ထားပြီး ဖွဲ့ကောင်းလှစွာဖြင့် စောင့်မျှော်လျက်ရှိ၏။ ထို ဆေးအကုအသကို သူ့ အကုအသဖြစ်အောင် အဆင်သင့် လည့်ကွက်ဆင်ထားပြီးသား ရှိ၏။ ထိုလှည့်ကွက်ကို သိလျက် မြင်လျက် ကျုပ်သည် ဝင်၍ တိုးနေရပေပြီ။

ဤတကြိမ်မျှလောက် အရေးရှုံးနိမ့်ရသော တိုက်ခိုက်ပွဲသည် မရှိနိုင်တော့။ သို့သော် ထိုကဲ့သို့မျှ မပြုလျှင်လည်း မဖြစ်နိုင်တော့။ အရှင်၏ အသက် ရှင်ရေးအတွက် မိမိသည် အရာရာကို စွန့်လွှတ်နိုင်ရမည်။ အရှင်၏ အသက်ရှင်ရေး တခုတည်းကိုသာ ကြည့်ရတော့မည်။

"မှန်လှပါ အရှင်ဘုရား၊ တပည့်တော် အရှင်မရဲ့ ဝေဒနာကို ဆေးကုသဘို့ နည်းရတာ ဘုရားသခင် မစသလို ထူးခြားလှပါသည်။ အရှင် သူတော်စင်ကို တပည့်တော် မတော် မတရား ရန်သတ္တရု ပြုခဲ့ဘူးပါတယ်။ ဒါပေမယ့် အရှင် သူတော်စင်ဟာ တပည့်တော်ကို အစဉ်အမြဲ သည်းခံတော်မူပြီး၊ အစဉ်အမြဲ ခွင့်လွှတ်တော်မူပြီး၊ အစဉ်အမြဲ မေတ္တာတရားနဲ့ ထွေးပိုက်သနားပါတယ်ဆိုတာ တပည့်တော် အခု နောင်တကြီးစွာ ရနေပါဘီဘုရား။ တပည့်တော်ကို မင်အာဏာ ဖီဆန်မှုနဲ့ သေဒဏ်လွတ်ကင်းအောင် အရှင်ဘုရား သူတော်စင်တို့ရဲ့ မေတ္တာတော်နဲ့ ထွေးပိုက်တော်မူခဲ့ ဘူးပါတယ်။ အဲဒီ အကြိမ်ကတည်းက တပည့်တော်မှာ နောင်တရမဆုံး စိတ်နှလုံး ဝမ်းနည်းမဆုံး ဖြစ်ခဲ့ရပါတယ် အရှင် သူတော်စင်ဘုရား။ ဒီကနေ့ကစပြီး အရှင် သူတော်စင်ရဲ့ တပည့်သားငယ် အဖြစ် မှတ်ယူတော်မူပါ"

ကျုပ်သည် ဦးခေါင်းကို ငုံ့လျက် တိုးတိုး ပီပီသသ လျှောက်ထားနေသည်။

ထိုအချိန်၌ ကျုပ်၏ အသံများမှာ စိတ်မချမ်းမြေ့မှုများကြောင့် တုန်ယင်နေသည်။ ထိုတုန်ယင်နေသော၊ စိတ်ပျက်အားလျော့နေသော၊ မာန်စွယ်ကျိုးနေသော အသံများသည် ကျုပ်ပြောနေသည့် စကားများကို အမှန်ဖြစ်သည် ဟူ၍ ဖော်ပြပေးနေသကဲ့သို့ ရှိသည်။

“တပည့်တော်ရဲ့ ဖခင်ရဲ့ ဆရာအိုကြီးဟာ တပည့်တော်ဆီကြွလာပီး ဆေးကုသဖို့နည်းလမ်း ညွှန်ကြားပေးသွားပါတယ်။ အဲဒီနည်းလမ်း အတိုင်း ကုသလို့မပျောက်နိုင်ရင် ဆယ်သက်တသက် လောင်းဝံ့ပါတယ်လို့ အမိန့်ရှိပါတယ်။ တပည့်တော်တော့ ဆရာအိုကြီးကို အလွန်ဘဲ ယုံကြည်ပီး ဆရာအိုကြီးလောင်းသလို လောင်းဝံ့ပါတယ်။ ဒီနေ့မနက်ဘဲ ရောက်လာပီး ဆရာကြီး ချက်ခြင်းပြန်ကြွသွားပါတယ် အရှင်ဘုရား။ အခုသူနေတဲ့ အရပ်ဒေသကို မေးတော့ ရေရေရာရာ မဖြေကြားပါဘူး။ ဆရာအိုကြီးရောက်လာပုံဟာ အိပ်မက်ထဲမှာလိုဖြစ်ပီး အိပ်မက်မက် ဆေးနည်းပေးတာနဲ့ ဘာမှ မခြားပါဘူး။ တပည့်တော် အလွန် အံ့အားသင့်နေရပါတယ်”

ရဟန်းသည် ဦးခေါင်းကို ပြန်ငုံ့လိုက်လျက် ငြိမ်သက်နေလျက်မှ ဂါထာ မန္တာန်တပုဒ်ကို တီးတိုး ရွတ်ဆိုလေသည်။ သူ့ အသံမှာ မကြားရတချက် ကြားရတချက် ရှိသည်။ ထိုအချိန်၌ ဖယောင်းဆီ မီးများသည် ယိမ်းငဲ့နေ၏။ နေရောင်ခြည်များမှာ တဖြည်းဖြည်း ရှည်မျောလာလေသည်။

ထို့နောက် “အချင်းပြောသည့်အတိုင်း ကျွန်ုပ်အား အဖ ကရစ်သျှန မိန့်မြွက်တော် မူပေသည် တကား။ အို ဝသုန္ဒြေ သင်သည် ကျွန်ုပ်၏ မေတ္တာကို ခံယူလျက် ရွှင်လန်းစေသတည်း။ အို အမှောင်တို့အား အလင်းသည် ရှေ့ဆောင် စေသတည်း။ အချင်းလုင်ငယ်” ဟု တီးတိုးရေရွတ်သံသည် ညင်သာစွာ ထွက်ပေါ်နေသည်။

“အချင်းလုင်ငယ်. . . ၊ သင့်အား အဖကရစ်သျှန၏ လက်သို့ ကျွန်ုပ်အပ်နှင်းပေတော့အံ့။ ဤအချိန်မှ အစပြု၍ လက်သည် သင့်လက်၊ ခြေသည် သင့်ခြေ၊ ဦးခေါင်းသည် သင့်ဦးခေါင်း၊ အရိုး အသားတို့သည် သင့်အရိုးအသားတို့ ဖြစ်လျှက် သင်ပြုသမျှတို့ကား အဖ ကရစ်သျှန၏ တန်ခိုးတော်များသာ ဖြစ်စေသတည်း။ အချင်းလုင်ငယ် ကျွန်ုပ်ပေးသော ဂါထာ တပုဒ်မျှကိုကား သင်နှုတ်တိုက် အာဂုံဆောင်ရမည်။ ထိုဂါထာကို ရွက်ဖက် သရဇ္ဈာယ်လျှက် ကုသခြင်းအမှုကို ပြုရမည်”

ဂါထာတပုဒ်ကို ကျုပ်သည် အလွတ်လိုက်၍ ရွက်နေရ၏။ ဂါထာ၏ အဖြတ်အတောက် အသံအထားအနိမ့်အမြင့်များကို ကျုပ်သည် မှန်ကန်အောင် ကြိုးပမ်းနေရ၏။ ဂါထာရသော အချိန်၌ ရဟန်းသည် ဘုရင်မထံသို့ ပေးအပ်ရမည့် အလွှာတခုကို ရေးသားနေလေသည်။ ထိုအလွှာစာနှင့်သာ ဆိုလျှင် ကျုပ်သည် စံနန်းတော်သို့ ဝင်ရောက်ကာ ဘုရင်မကြီးအား ဆေးဝါး ကုသခွင့် ရပေတော့မည်။

အလွှာကို လှမ်းယူနေချိန်၌ ကျုပ်၏ လက်များ တဆတ်ဆတ် တုန်ယင်နေသကဲ့သို့ နှလုံးသားများမှာလည်း တုန်ယင်နေသည်။ ကျောင်းသင်္ခမ်းမှ မြင်းကို ပြန်မောင်းလာခဲ့သောအခါ လမ်းတွင် ကျုပ်သည် စိတ်ကို မထိန်းနိုင်ဘဲ ငိုကြွေးခဲ့ချင်လေသည်။ ကံကို မည်သူနိုင်မည်နည်း ဟူ၍သာ စိတ်ကို ဖြေလာခဲ့ရပေသည်။ အနာဂါတ်ကာလကို မတွေးတောမိဘဲ နေခြင်းသည်သည်လျှင် စိတ်ချမ်းသာဖွယ်ရာ ရှိပေတော့သည်။

http://cyberbooks.myanmarchat.org



# မဟူရာမေတ္တာ (အပိုင်း-၄)

နိုင်ဝင်းဆွေ

(၂၅)

စံနန်းတော် တခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။ ဆောင်တော်ကူးလမ်းများ တလျှောက်၌ အပျိုတော်များ၊ အဆောင်ကိုင်များသည် ငြိမ်သက်နေကြလေသည်။ သူတို့၏ မျက်လုံးအိမ်များထည်းတွင် ဖိတ်ကျလုမတတ် မျက်ရည်စများ အိုင်နေလေသည်။ သူတို့သည် မငိုမိကြစေရန် စိတ်ကို တင်းထားကြပြီး ဝမ်းနည်းကြေကွဲစွာ တိတ်ဆိတ် ငြိမ်သက်နေ၏။ အထိန်းတော်ကြီးသည် ကျုပ်ကို ရှေ့မှ လမ်းပြခေါ်ဆောင် သွားနေသည်။ သူ့မျက်နှာသည် စိတ်အားငယ်ခြင်း ဝမ်းနည်းကြေကွဲခြင်းများဖြင့် ငိုကြွေးတော့မည့်အတိုင်း ဖြစ်နေပေသည်။

"နေ့လည်ခင်းကထဲက သတိလစ်သွားတာ ပြန်လယ် မလာတော့ပါဘူး မြို့စားလေး၊ သတိလုံးလုံး ပြန်လယ် မလာတော့ပါဘူး"

သူက အသံတိုးတိုး တုန်တုန်ယင်ယင်ဖြင့် ပြောသွားသည်။ ငိုသံ ပါနေသော၊ ငိုလုမတတ် ဖြစ်နေသော ထိုအသံသည် ဆောင်တော်ကူး လမ်းများတလျှောက်၌ ဝမ်းနည်းဖွယ်ရာ ဖြစ်ပေါ်နေသည်။

"အခုတော့ ရဟန်း သူတော်စင် အရှင်မြတ်ရဲ့ တန်ခိုးတော်၊ မြတ်စွာအရှင်ရဲ့ တန်ခိုးတော်ကြောင့် သတိပြန်လယ်လာပြီး ပြန်လယ်ကျန်းမာတော် မူလာရတော့မှာပေါ့ အထိန်းတော်ကြီး။ ရဟန်း သူတော်စင်က နက္ခစန်းနဲ့ အယှဉ်ကို စောင့်တော်မူရသေးတာကို။ အခု ရဟန်းသူတော်စင်ရဲ့ ညွှန်ကြားတော်မူမှုနဲ့ ကုသရမှာဘဲ"

ကျုပ်၏ စိတ်ထည်း၌လည်း ယုံကြည်မှု ပြေသွားကာ သံသယများ ဝင်ရောက်နေပါသည်။ ရောဂါကျွမ်းလျှင် မည်သည့်ဆေးဝါးမျှ တတ်နိုင်တော့မည် မဟုတ်။ အရှင်ကား သတိလစ်နေသည်အထိ ရောဂါကား ကျွမ်းနေပါပြီ။ သမားတော်ကြီး ဇီဝ၏ အဆိုအမိန့်အရ လေးရက်မျှသာ ကျန်တော့သဖြင့် မှိတ်လုမှိတ်ခင် မီးအား ပြန်လည်၍ ထွန်းညှိရသည်ထက် အဆပေါင်းများစွာ ခက်ခဲလှပေမည်။ မိမိသည် ဆေးဝါး၌ အလျှင်း တတ်ကျွမ်းသူလည်း မဟုတ်။ ဆေးစာလေး တပိုဒ်မျှဖြင့် ရမ်းဆ၍ ကုသရတော့မည့် ဆေးဆရာတဦး ဖြစ်နေရသည်မှာ စိတ်မောဖွယ်ရာ ကောင်းလှပါဘိ။

သဉ္ဇာဆောင်တော် ရှေ့၌ အထိန်းတော်ကြီးသည် ငြိမ်သက်စွာ ရပ်တန့်လိုက်လေသည်။ သူ့မျက်နှာပေါ်၌ မျက်ရည်များ ငြိမ်သက်စွာ တတွေတွေ ကျဆင်းနေသည်။ ဝမ်းနည်းဖွယ်ရာ ထိုမျက်ရည်စများသည် သူ့ ပါးတလျှောက်၌ တဖြည်းဖြည်း အိုင်ဖြစ်လာနေသည်။ သူတို့ အတွက် ဤအချိန် အခါသည်ကား အားကိုးရာ

မဲ့နေသော၊ စိတ်ကို မတင်းနိုင်သောအခါ ဖြစ်နေပေသည်။

“သည်အဆောင်ပါဘဲ မြို့စားလေး ကျွန်မတော့ အထဲကိုမဝင်ပါရစေနဲ့တော့ ငိုမိတော့မှာဘဲ၊ မငိုမိအောင် ထိန်းလို့ မရနိုင်တော့ပါဘူး”

“ထိန်းရမှာပေါ့၊ စိတ်ကိုလည်း တင်းထားရမှာပေါ့ အထိန်းတော်ကြီးရဲ့ စိတ်ကို တင်းလို့ရအောင် တင်း၊ ထိန်းလို့ရအောင် ထိန်း။ အခုနှယ်အချိန်မှာ လူတိုင်း ငိုချင်နေကြတာဘဲ၊ နေရာတကာမယ် လူတိုင်းငိုယို နေကြတာဘဲ။ ဒါပေမယ့် ကျုပ်တို့ကျတော့ တာဝန်ရှိနေကြဘီ။ ကျုပ်တို့ ငိုနေလို့ မဖြစ်ကြပေဘူး၊ ကျုပ်တို့ကျတော့ သေမင်းကို ရင်ဆိုင်တိုက်ခိုက်ကြဘို့ တာဝန်တင်နေကြတာဘဲ”

“ဟုတ်ပါတယ်၊ ထိန်းရပေမှာပေါ့”

သူသည် ပုဝါစွန်းဖြင့် မျက်ရည်စများကို သုတ်သင် ဖယ်ရှားပစ်ပြီးနောက် အဆောင်၏ တံခါးကို ဖြည်းညှင်းစွာ တွန်းလိုက်လေသည်။

တံခါးသည် အသံမမြည်ဘဲ ဖြည်းလေးစွာ ရွေ့လျားသွားလေသည်။ အတွင်းဘက်၌ အစိမ်းရင့်ရောင် ခန်းဆီးစတခုသည် ရှေ့၌ ကာဆီးထားလျှက် ရှိသည်။ လှပစွာ သီထားသော ရွှေမျှင် ရွှေသားများကြောင့် ခန်းဆီးစသည် လေးလံ ကျနေလျှက် အရောင် တဖိတ်ဖိတ် တလက်လက်တောက်နေသည်။ အထိန်းတော်ကြီးသည် ခန်းဆီးစကို ညင်သာစွာ တွန်းရွှေ့နေသည်။

ခန်းစီးစသည် ဖြည်းလေးစွာ နံဘေးသို့ ရွေ့လျားသွားလေသည်။ အလွန်ထိန်လင်းသော မီးရောင်များသည် လျှံထွက်လာနေသည်။ အမွှေး နံ့သာ ရနံ့များ သင်းမြနေသည်။ အဝေးကြီးဆီတွင် သဋ္ဌာညောင်စောင်းကို လှမ်း၍ မြင်တွေ့ရလေသည်။ လှပသော တဖိတ်ဖိတ် တလက်လက် တောက်ပနေသော ကြာခြည်များကို မီးရောင်များ ဖြတ်သန်းနေသည်။

ကြာခြည်ကို ဖောက်၍ မျက်နှာတော် မှုန်ဝါးဝါးကို လှမ်းမြင်တွေ့နေရသည်။ အားလုံးသည် အသက်ဇီဝ ကင်းမဲ့နေသကဲ့သို့ အသံမထွက် ငြိမ်သက်နေသည်။ အထိန်းတော်ကြီး၏ ကိုယ်သည် တဆတ်ဆတ် တုန်ယင် သွားလေသည်။ သူသည် မူးမိုက် လဲကျသွားခမန်း ဖြစ်နေလျှက် တချက်ရှိုက်လိုက်လေသည်။

ထိုနေရာ၌ပင် ကျုပ်သည် ငြိမ်သက် ငေးတွေ နေမိပြီး တောင့်ခိုင်စွာ ရပ်နေ၏။ အထိန်းတော်ကြီး၏ ရှိုက်သံ တချက်သည် ငြိမ်သက်နေသော အဆောင်တော် ခန်းမ၌ ပဲ့တင်ထပ်သွား သကဲ့သို့ ရှိလေသည်။ နောက်ဘက်၌ လျှောကျအောင် စီမံထားသည့် ခန်းဆီးစနှစ်ခုသည် အလိုလို ဆွဲစေ့သွားသည်။

အထိန်းတော်ကြီး ကျုပ်ရှေ့မှ ဖြေးလေးစွာ ဖြတ်သန်း သွားနေခိုက်တွင် ကျုပ်သည် အိပ်မက်တခု၌ တွေ့ကြုံနေရဘိ သကဲ့သို့ မွှန်ထူ ထုံထိုင်းနေသည်။ အတော်အတန် ကြာမှ ကျုပ်သည် အထိန်းတော်ကြီးနောက်မှ ဖြည်းလေးစွာ လိုက်သွားပြီး သဋ္ဌာ ညောင်စောင်းဘေးတွင် မလှုပ်မယှက် ငြိမ်သက်ကာ ရပ်နေမိပေသည်။

အထိန်းတော်ကြီးလည်း ခြေရင်းတွင် ရပ်တန့်လိုက်ပြီး ကြာခြည်ကို ကတုန်ကယင် မလေသည်။

သူသည် မငိုမိစေရန် နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။

http://cyberbooks.myanmarchat.org


အရှင်၏ မျက်နှာတော်ကို ကျုပ်သည် အနီးကပ် ငုံ့ကြည့်နေမိ၏။ အရှင်သည် အသက်ကိုကား ငွေ့ငွေ့မျှ ရှူရှိုက်နေဆဲ၊ လှုပ်ရှားမှု အလျှင်းမရှိ ငြိမ်သက်လျှက်။ မျက်လုံးတော်များကို မှိတ်ထားသည်။ မျက်တောင်တို့သည် အောက်မျက်ခွံများ အပေါ်မှ ကျော်ဖြတ်ဆင်းနေသည်။ အသားအရေများ ကြုံလှီလွန်းနေ၏။

“ခြုံထည်စောင်ကို နဲနဲလှပ်ပေးပါ”
ကျုပ်၏ တိုးတိုးပြောလိုက်သံမှာ တုန်နေသည်။

အထိန်းတော်ကြီးက ခြုံထည်ကို သာအယာ မတင်လေသည်။

အရှင်၏ မျက်နှာတော်သည် ကျောက်သား ပြကတေ့ ဖြူလွှနေပေပြီ။ နှုတ်ခမ်းတော်သည် မမြင်စဖူးသော အရောင်တမျိုး လွှမ်းနေသည်။ မြင်ရသည်တို့မှာ တုန်လှုပ် ချောက်ချားဖွယ်ရာ ဖြစ်နေသည်။

ကျုပ်သည် မျက်လုံးကို ခဏမျှ မှိတ်လိုက်၏။ ရင်ထည်းမှ တုန်လှုပ်ချောက်ချားမှုများကို ဖယ်ထုတ်လိုက်၏။

“စကား မပြောပါနဲ့တော့ အထိန်းတော်ကြီး”ဟု သတိပေး လိုက်၏။

အရှင်၏ရင်မှာ အနိမ့်အမြင့် အညီညွှန်စွာဖြင့် မှန်မကန် အသက်ရှူလျှက် ရှိနေပါပြီ။ မြော်လင့်ချက်များ မထားရှိနိုင်တော့သော အခြေအနေ။ မြော်လင့်၍ မရနိုင်တော့သော အခြေအနေ။ မိမိသည် အသက်ငွေ့ငွေ့မျှ ရှိတော့သော နတ်ရွာစံလုဆဲဆဲ ဘုရင်မကြီးကိုမှ ဆေးဝါးကုသ ရတော့မည်။ ထိုမျှမိုက်မဲစွာ ဆေးကုသတော့မည့် ဆေးနည်းတခုသာ သိထားသော သမားတော်ကြီး ဖြစ်နေ၏။

ကျုပ်က ရဟန်းပို့ချလိုက်သည့် ဂါထာကို အသံတိုးတိုးဖြင့် စတင်၍ ရွတ်ဖတ်လိုက်လေသည်။ အချို့အပိုဒ်များကို ကျော်လွှားသွား၏။ အချို့အပိုဒ်များကို စဉ်စား၍မရ မေ့နေ၏။

အရှင်၏ လက်တဖက်ကို ကျုပ်သည် သာအယာ ဆွဲမလိုက်၏။ နှင်းပွင့်ကဲ့သို့ အေးစက်နေသော လက်ဖဝါးပြင်ကို ဆုပ်နယ်နေ၏။ ထိုအချိန်၌ကား ကျုပ်သည် ရင်ခုန်လာလေသည်။

အရှင်၏ သေးသွယ်သော လက်ချောင်းကလေးများမှာ အဖျားရှူးသွယ်သွားသော မြစ်ငါးစင်း အပြိုင် စီးဆင်းနေကြသကဲ့သို့ ရှိ၏။ ထိုလက်ချောင်းကလေးများ၏ အလှတန်ဘိုးမှာ ပြည်ကြီး ငါးပြည်၊ နိုင်ငံကြီး ငါးနိုင်ငံ တန်သည်ဟု ထင်မှတ်ရ၏။ ယခုမူ-ဝေဒနာကြောင့် ထိုလက်ချောင်းကလေးများမှာ မကြုံစဖူး ထူးကဲသော အရောင်လွှမ်း ထားလျှက်ရှိနေသည်။ နဝရတ် လက်ဝတ်တော်သည် ချောင်ကျနေလျှက်ရှိ၏။ တပ်မက်စွာ ဝတ်ဆင်ထားဆဲရှိ၏။

“အထိန်းတော်ကြီး၊ အရှင်ရဲ့ ဝေဒနာဟာ အကြောနဲ့ စပ်ဆိုင်ဖြစ်ပျက်ရတာလို့ ရဟန်းအရှင် မိန့်တော် မူလိုက်တယ်။ ပီးတော့ ကျွန်တော်လက်များကို ဗိသနိုးအရှင်၊ နာယာယန အရှင်များရဲ့ မိန့်ခါးပတ်တော်နဲ့ စီရင် မန်းမှုတ်တော် မူတယ်။ ကျွန်တော့်လက်များနဲ့ ပခုန်းတော်က အကြောများကို ဖြေပေးရမယ်။ ကူညီပါ”

ကျုပ်က တီးတိုးပြောပါသည်။

သူသည် မျက်ရည်စမ်းနေသော မျက်လုံးများဖြင့် ကျုပ်၏ မျက်နှာကို စိုက်ကြည့်ပြီး ငေးနေသည်။

http://cyberbooks.myanmarchat.org


သောက်ရေတော် တခွက်ပေးပါ၊ တိတ်တိတ်နေပါ။ ဒီအချိန်ဟာ အရေးကြီးဆုံး အချိန်ဘဲ

သူသည် ရွှေခရားမှ ရေများကို ငှဲ့လေသည်။ ရေခွက်ပေးသော သူ့လက်များသည် တုန်ယင်နေ၏။ ဒကွဏာထံမှ ယူလာခဲ့သည့် တင်လဲနှင့် ဖော်စပ်ထားသော ဆေးကို ကျုပ်သည် ငွေခွက်ထည်းသို့ ဖြည်းဖြည်းသာသာ ထည့်နေရင်း "အာယုကပ္ပ သိဒ္ဓိဏ္ဏ ဆိုတာသည်ဆေးပေဘဲ အထိန်းတော်ကြီးရဲ့ အနောဝတကို အရှင်မြတ် ကိုယ်တော်တိုင် ကြွပြီး သုံးနှစ် ဖော်စပ် ရှာဖွေယူရတာ"ဟု ဆေးအမည်နာမကို ရွတ်နေ၏။

အထိန်းတော်ကြီးသည် နောက်သို့ ရိုးကျိုးစွာ ဆုတ်လိုက်လေသည်။

ကျုပ်သည် ဆေးခွက်ကို ချထားလျှက် ခါးကို ညွှတ်ကိုင်းလိုက်သည်။ ဘုရင်မ၏ ပခုံးတော်ပေါ် လက်တင်ပြီး သာယာ ဖြည်းညှင်းစွာ ဆုပ်ကိုင်လိုက်လေသည်။ ပိုးသားများကဲ့သို့ ညက်မွေ့နေသော ပခုံးအတွင်းသို့ လက်များ သာသာဖွဖွ နစ်မြုပ်သွားသည်။ ကျုပ်သည် အသက်ရှူမောနေ၏။ ဤသည်မှာ ဆေးကုနေခြင်းပင် တကားဟု စိတ်များကို ပြောင်းလဲနေ၏။ အရှင်၏ အသက်ရှူသံမှာ တချက်ပေါ်လာလိုက် အကြာကြီး ရပ်တန့်သွားလိုက် ဖြစ်နေသည်။ ကျုပ်၏ လက်တဖက်သည် လက်ဖဝါးပြင်ကို ပွတ်သပ်နေသည်။ ချောမွတ်သော၊ နုသက်သော အတွေ့အထိတို့ကို တွေ့ထိနေရလေသည်။

အထိန်းတော်ကြီးသည် ဘုရင်မ မျက်နှာတော်အား မျက်ရည်ရစ်ဝိုင်းစွာဖြင့် ကြည့်နေသည်။ ဤအချိန် အပေါင်းသည် အိပ်မက်ထည်း၌ ရီဝေထုံထိုင်းစွာ ဖြစ်ပျက်နေရသကဲ့သို့ ရှိ၏။ အချိန်ပေါင်းများစွာ ကုန်လွန်သွားနေသည်။ ကျုပ်သည် အခြားသော ပခုံးတဖက်ကို ပြောင်း၍ နှိပ်နယ်ဆုပ်ကိုင်ထား၏။ ကျုပ်၏ မျက်နှာမှာ အရှင်၏မျက်နှာနှင့် ပို၍ နီးစပ်နေ၏။

အထိန်းတော်ကြီးသည် နေရာမှ ဖြည်းညှင်းစွာ ထသွားပြီး ပြတင်းတံခါးများကို တချက်ချင်း လိုက်ဖွင့်နေသည်။ အသံ အလျှင်းမပြည်ဘဲ သဥ္ဇာဆောင်တော်မှ ပြတင်းတံခါးများ ပွင့်နေလေသည်။ ထိုပြတင်းများမှ ဘုရင်မကန်တော်ကို ဖြတ်သန်း တိုက်ခတ်လာသော လေများ သုတ်ဖြူး ဝင်ရောက်လာနေသည်။ အပြင်ဘက်၌ နေရောင် အလျှင်း မရှိတော့ဘဲ ငွေကြယ်များ လက်နေသော ညအခါ ဖြစ်နေပေပြီ။

အတန်ကြာမှ အထိန်းတော်ကြီးသည် အလွန်ညင်သာစွာ ပြန်၍ လျှောက်လာလေသည်။ အထိန်းတော်ကြီးသည် သူ့ နေရာမှ ပြန်ရပ်ပြီး နှင်းခဲကဲ့သို့ ဖြူလွနေသော အရှင်မမျက်နှာတော်ကို ကြည့်နေသည်။

ထိုအခိုက်တွင် ဖြူလွနေသော မျက်နှာတော်ပေါ်၌ လျှပ်ကနဲ သွေးခြည်များ တချက် သန်းပြေးသွားလေသည်။ မျက်နှာတော်၊ လည်ပင်းတော် အားလုံးအပေါ်မှ ဖြန်းသွားသည်။ ခဏကလေးမျှသာ ကြာပြီး အားလုံးမှာ ပျောက်ကွယ်သွားလျှက် မူရင်းအတိုင်း ပြန်ဖြစ်သွား၏။

မြှော်လင့်မှုများသည် ကျုပ်၏ စိတ်နှလုံး၊ အထိန်းတော်ကြီး၏ စိတ်နှလုံးထည်းသို့ ဟုတ်ကနဲ ဝင်ရောက် လာကြလေသည်။ အထိန်တော်ကြီးသည် ပို၍ တိုးကပ်ကာ ငုံ့ကြည့်လိုက်၏။

အချိန်အတန်ကြာပြီး နောက်တကြိမ် သွေးခြည်များ လျှမ်းသွားပြန်လေသည်။

ကျုပ်သည် ပခုံးသားထည်း နစ်မြုပ်ခမန်း၊ ဆုပ်ကိုင်ထား၏။ အေးနေသော ပခုံးသားများကို ကျုပ်၏ လက်ဖဝါးတို့မှ အပူငွေ့များ ပေးနေသည်။ အထိန်းတော်ကြီးသည် အသက်ရှူကို ရပ်ထားပြီး ရှေ့သို့ တိုးလိုက်လေသည်။ နောက် တခဏ၌ အရှင်၏ မျက်နှာတော်ကား မလှုပ်ရှား၊ ငြိမ်သက်နေမြဲ။ အထိန်းတော်ကြီးသည် အရှင်၏

မျက်နှာတော် တခုတည်းကိုသာ အလွန်မြော်လင့်လျှက် ကြီးစွာဖြင့် စူးစိုက်ငေးမော နေသည်။

ခဏ၌ ကျုပ်သည် အရှင်၏ ရင်အုံတော်ကို ဖျတ်ကနဲ ကြည့်လိုက် မိလေသည်။

ဘုရားမြတ်စွာ၊ အရှင်၏ ရင်အုံတော်မှာ အသက်ရှူ ရပ်ဆိုင်းနေလေပြီ။ ငြိမ်သက်နေလေပြီ။ အရှင်သည် နတ်ရွာ စံလွန်တော်မူခဲ့လေပြီ၊ ကျုပ်၏ လက်အတွင်း၌ နတ်ရွာ စံလွန်တော်မူခဲ့လေပြီ။ ငြိမ်းလုလုမီးသည် ဟုတ်ကနဲ ထ၍ တောက်သကဲ့သို့ အရှင်သည် မျက်နှာတော်၌ သွေးခြည်များ လျှမ်းသွားပြီးနောက် နတ်ထံ စံလွန်တော်မူ သွားလေပြီ။

ကျုပ်သည် မျက်လုံးကို ခဏမှိတ်ပစ်လိုက်၏။ လက်များကို ဖြေလိုက်လေသည်။ မြော်လင့်ချက်အပေါင်းမှာ ဆုံခန်းတိုင်သွားလေပြီ။ ရွှေတောင် ငွေတောင်ကြီးများကား ပေါက်ကွဲပြိုပျက် သွားခဲ့လေပြီ။

ယခု အချိန်အထိ အထိန်းတော်ကြီးသည် သတိမထားမိသေးပေ။ သူသည် အရှင်၏ မျက်နှာတော် အပေါ်၌သာ အာရုံပြုလျက်ရှိသည်။ သူ့၌ မြော်လင့်ချက်များသည် ထိပ်ဖျားအစွန်းရောက်အောင် မြင့်တက်လျက်ပင် ရှိသေးသည်။

ပြတင်းဝများမှ လေများ သုတ်ဖြူးလာသဖြင့် မီးညွန့်များသည် ယိမ်းသွားကြ၏။ ထိုခဏ၌ ကျုပ်၏ ကိုယ်မှ ထွက်နေသော အမှောင်ရိပ်သည် အရှင့် ရင်အုံပေါ်တွင် ဖုံးဖိပေးထားသကဲ့သို့ ကျနေသဖြင့် အရှင် နတ်ရွာစံတော်မူသည်ကို အထိန်းတော်ကြီး မသိနိုင်သေး။

ကျုပ်ကား သမားတော်ကြီး ဇီဝ၏ စကားကို ဆင်ခြင်အောက်မေ့ နေမိပေသည်။ ကျုပ်ကား ဆေးပညာရပ်ကို တစွန်းတစသောမျှ သိရှိသူမဟုတ်။ ဝေဒနာတို့၏ လှည့်ဖြားတတ်သော မာယာသဘောကို သိသူမဟုတ်။ သမားတော်ကြီး ဇီဝမျှ တတ်ကျွမ်းနားလည်သော ပုဂ္ဂိုလ်သည် မရှိ။ သူက လေးရက်ဟူ၍ အချိန်ကို အတိအကျ ကန့်သတ် ထားပေးခဲ့ဘူး၏။ သူ့စကားသည် လွဲမှားနိုင်မည် မဟုတ်။ ထိုသို့ ဆင်ခြင်သောအခါ မြော်လင့်ချက် အပေါင်းသည် ကျုပ်၏ ကိုယ်စိတ်နှစ်ပါးကို တစတစ ပြန်လည်စုရုံး၍ ရောက်လာကြလေသည်။

ကျုပ်သည် စိတ်ကိုထိန်းနိုင်လာကာ သတိဝင်လာပြီး ခြုံလွှာတော်ကို ယူပြီး အရှင်၏ ရင်အုံတော်အပေါ်၌ လွှမ်းခြုံလိုက်လေသည်။

"ခဏလေး နောက်ဆုပ် ပေးစေချင်ပါတယ်"

ကျုပ်သည် အသံတိုးတိုး အက်အက်ဖြင့် ပြောလေသည်။ အထိန်းတော်ကြီးသည် ကျုပ်မျက်နှာကို ဖျတ်ကနဲ လှည့်ကြည့်ပြီး ရိုကျိုးစွာဖြင့် နောက်သို့ ဆုတ်သွားပေသည်။

ကျုပ်သည် တဖန် ပခုံးစွန်းနှင့် လက်ဖဝါးတို့ကို ဆုပ်ကိုင်ပွတ်ချေပေးနေ၏။ ကျုပ်၏ ပါးစပ်မှ ဂါထာကို ပြန်၍ ရွက်ဆိုနေ၏။ အခေါက် အခါပေါင်း မည်မျှရွတ်ဆို နေမိလေသည်ကိုကား မသိနိုင်၊ အချိန်မည်မျှ ကုန်သွားနေပြီကိုကား မသိနိုင်။ ထိုအချိန်၌ အဆောင်တော်ခန်း တခုလုံးမှာ အလျှင်း အသံမထွက်တော့ဘဲ ကြောက်မက်ဖွယ်ရာ ငြိမ်သက်တိတ်ဆိတ် နေလေသည်။ ထိုအခါတွင် ကျုပ်၏ စိတ်နှလုံးသားများ၌ သောက ဗျာပါဒများ ဝင်ရောက်ဖိစီးနေသည်။

နတ်ရွာစံလုလု ဘုရင်မကိုမှ ဆေးကုသမိသော အဖြစ်။ ဘုရင်မ နတ်ရွာစံပြီဟု ကြားသည်နှင့် ရဟန်းကား

ဤနိုင်ငံကို စွန့်ခွာ ထွက်ပြေးသွားတော့မည်။ ကျုပ်ကြောင့်ဟူ၍ တနိုင်ငံလုံးက စွပ်စွဲပြီး ကျုပ်၌ ကြီးမားသော ရာဇဝတ်ပြစ်ဒဏ် သင့်တော့မည်။ ထိုအဖြစ်ကား ပူပန်နေစရာ မဟုတ်တော့ဟု ကျုပ် တွေးနေသည်။ ကျုပ်မှာ ဘုရင်မ မျက်နှာတော်အား ငုံ့ကြည့်နေရင်း 'နတ်ရွာစံလေပြီ' ဟူသော အသိကြောင့်သာ ဝမ်းနည်းဆို့သိပ် လာနေသည်။ ကျုပ်၏ အသက်ရှူသံထည်း၌ ငိုကြွေးမြည်တမ်းသံ ပါနေမည်။ အသည်းနှလုံးများထည်း၌ ပြင်းစွာ ပူလောင်လျက် ငိုကြွေးနေ၏။ ရင်ထည်းတွင် သောကလှိုင်းများသည် လိပ်၍လိပ်၍ တက်လာနေ၏။

ဘုရင်မ၏ လက်များ အသားများကား အေးစက်သည်ထက် ပိုမို၍ အေးစက်လာနေလေပြီ။ အလုံးစုံသော မြော်လင့်ချက် စိတ်အားမှန်သမျှတို့သည် ကျုပ်၏ စိတ်နှလုံးသားကို တစတစ ပြန်၍ စွန့်ခွာ သွားကြပြန်လေပြီ။ ဤအခါတွင်ကား နတ်ရွာစံပြီကို ငြင်းမရနိုင်တော့ပေ။

"ဘုရင်မကြီး နတ်ရွာစံပြီ"ဟု ကျုပ်က ငိုပြီး ပြောလိုက်တော့မည် ဖြစ်သွားနေပြီ။
သို့သော်. . . . . .
ထိုအခါ၌ပင် အရှင်၏ လက်မှာ ရုတ်တရက် နွေးလာလေသလားဟူ၍ ထင်လိုက်မိ၏။

နွေးလာသည်မှာ အသေအချာလား၊ မသေချာသေး။ သေချာပြန်ပြီ၊ မသေချာသေး။ မိမိ၏ စိတ်များက ဖန်ဆင်း ထင်မြင်နေခြင်းသာ ဖြစ်မည်ထင်၏။ ကယောက်ချောက်ချား ထင်မှတ်နေခြင်းသာ ဖြစ်မည်။

ကျုပ်၏ မျက်လုံးများသည် အရှင်၏ မျက်နှာတော်အား ငုံ့ကြည့်နေဆဲ။ မျက်လုံး အိမ်ပေါ်၌ မျက်ရည်များ ပြည့်လျှံလာသဖြင့် မြင်ရသည်တို့မှာ ဝါးနေသည်။

ယခုအချိန်အထိ အသက်ရှူရပ်တန့်နေသည်ကား သေချာပေသည်။ သို့သော် မျက်နှာတော်၌ သွေးခြည်ဥများ သန်းလာရန် အစပြုလာပြီလားဟု ထင်မှတ်လာပြန်သည်။ ပြန်၍ ပျောက်ကွယ်သွားကြပြန်ပြီဟု ထင်မှတ်ပြန်သည်။

ထို့နောက် ကယောင်ချောက်ချား ထင်မြင်နေတတ်သော စိတ်များဖြင့် မည်သည့်အရာကိုမျှ မြော်လင့် စောင့်စား ကြည့်ရှုနေလိုစိတ် မရှိတော့ပြန်ပေ။ အားလုံးကို လက်လျှော့လိုက်တော့မည်။

ကျုပ်သည် မျက်လုံးကို စုံမှိတ်ပစ်လိုက်ပြန်၏။

စိတ်အတွင်းမှ "ဘုရားမြတ်စွာ မှိုင်းမတော်မူပါ"ဟု ကျုပ်သည် ဆုတောင်း ပတနာနေ၏။

"အရှင့်အသက်ကို မကယ်နိုင်ကြတော့ဘူးလား"ဟု ကျုပ်၏ နှလုံးသားများသည် အော်မြည် ငိုကြွေး၏။

"အို မြို့စားလေး"ဟု ရုတ်တရက် ယောင်ယမ်း အော်လိုက်သည့် အထိန်းတော်ကြီး၏ အသံမှာ ထိုအချိန်တွင် အထိန်းအချုပ် မရှိဘဲ ထွက်ပေါ်လာလေသည်။

"နှုတ်ခမ်းတော် နှုတ်ခမ်းတော် အရှင့် နှုတ်ခမ်းတော်"ဟု သူသည် ကယောင်ကတမ်းနှင့် တုန်လှုပ်ချောက်ချားစွာ ဆက်၍ ပြောနေသည်။

ဘုရင်မ၏ အရှိုက်အပေါ်၌ အုပ်ထားသည့် ကျုပ်၏ လက်ဖဝါးပြင်ကို တထိတ်ထိတ် လာ၍ တိုးနေသကဲ့သို့ ရှိသည်။

ဘုရင်မ၏ လက်ဖဝါးပြင်ပေါ်မှ အေးစက်နေခြင်းများ လျော့သွားပြီး ပူနွေးလာနေသည်မှာ အလွန် သိသာ ထင်ရှားပေသည်။

ဘုရင်မ၏ မျက်နှာတော်ပေါ်သို့ အနုမြူပရမာထက် အဆများစွာ သေးငယ်သည်ဟု ထင်မှတ်ရသော သွေးခြည်၊ သွေးဥ၊ သွေးမျှင်ငယ်များသည် တခုစီ၊ တစစီ၊ ဖြည်းဖြည်းရိပ်ရိပ် တက်လာနေသည်။ နှုတ်ခမ်းတော်မှ အရောင်များသည် အလွန်နွေးကွေးလှစွာ အဖြူရောင်ဘက်သို့ ပြောင်းလဲလာနေ၏။ အဝါရောင် အနီရောင်များသည် နောက်သို့ ဆုတ်ခွာသွားနေကြ၏။ ထို့နောက် အဖြူရောင်သည် တစတစ လွှမ်းနေလေသည်။ ထို့နောက် သွေးခြည် သွေးမျှင်ငယ်များသည် မျက်နှာတော်မှ တဆင့် နှုတ်ခမ်းတော်ပေါ်သို့ တစချင်း တစချင်း ဖြန့်တက်နေလေသည်။

"ထူးဆန်းလှ ပါကလား"

အထိန်းတော်ကြီးသည် တီးတိုးရေရွတ်နေ၏။ ဘုရင်မ၏ မျက်နှာတော် နှုတ်ခမ်းတော်တို့မှ သွေးခြည်များကို အထင်အရှား တွေ့လာနေရလေသည်။ ထို့နောက် အသက်ရှူ ဖြည်းညှင်း နွေးကွေးလွန်းနေရာမှ တစထက် တစ မှန်လာပြီး အသက်ရှူနေသံကို နားဖြင့် ဆတ်ဆတ်ကြားလာရလေသည်။

အရှင်၏ အရှိုက်ပေါ်၌ တင်ထားသော ကျုပ်၏ လက်ဖဝါးဖြင့် အောက်သို့ သွေးများ တိုးဝင်နေသကဲ့သို့ ဖြစ်၏။ လက်သည် အရှင် အသက်ရှူနေချိန်၌ လှိုင်းငြိမ့် စီးသကဲ့သို့ ဖြစ်နေ၏။ ကျုပ်သည် လက်များကို အရှင်၏ ပခုံးသား နှစ်ဖက်သို့ ရွှေ့ပြောင်းလိုက်ပြီး ဆုပ်နယ်ပေးနေသည်။ ထိုအချိန်၌ကား နွေးထွေးသော၊ နုသက်သော၊ ရင်လှိုက် ခုန်ဖွယ်သော တုန်လှုပ် ချောက်ချားဖွယ်သော အတွေ့အထိတို့ကို ကျုပ်သည် တွေ့ထိနေ၏။ မိမိ၏ ရင်သည်လည်း မြန်ဆန်လှစွာ တထိတ်ထိတ် ခုန်လျှက်ရှိ၏။ မိမိ၏ အသက်ရှူသံသည် စည်းဝါးမမှန်တော့ဟူ၍ ကျုပ်သည် သိနေ၏။ လက်နှစ်ဖက်စလုံးသည် ပခုံးသားများကို ဆုပ်နယ်နေသောကြောင့် ကျုပ်၏ မျက်နှာသည် လှပလွန်းသော အရှင်မ၏ မျက်နှာတော် အနီးသို့ ချဉ်းကပ်နေသည်။

ကျုပ်၏ ကိုယ်တပိုင်းသည်လည်း အရှင်၏ ကိုယ်အထက်ပိုင်းပေါ်မှာ မိုးနေသည်။

ဘုရင်မ၏ နှုတ်ခမ်းတော်များ တဆတ်ဆတ် လှုပ်လာနေသည်။ ပါးပေါ်မှ သွေးခြည်ဥများ နီထွေးလာနေသည်။

ဤအချိန်တွင် ကျုပ်သည် ကွယ်လွန်ခဲ့ရှာပြီ ဖြစ်သော မိတ်ဆွေကြီး ရန္တ၏ စကားနှင့် ဆရာကြီးဇီဝ၏ စကားတို့ကို ပြန်၍ သတိရနေ၏။

ယခုအခါ၌ မိမိကိုယ်ကို မိမိ အမှန်ဆုံး ပြန်၍ မြင်တွေ့နေ၏။ မိမိ၏ စိတ်ဆန္ဒတို့ကို ငြင်းကွယ်မရနိုင်အောင် ဖမ်းဆုပ်နိုင်၏။ မိမိ၏ နှလုံးသားတို့သည် သူတို့ ပြောခဲ့သည့် စကားတို့အား မငြင်းကွယ် နိုင်တော့။ မိမိသည် ဘုရင်မကြီး အပေါ်၌ ချစ်မေတ္တာထားခဲ့မိခြင်းသာ ဖြစ်၏။ ကြီးမားလှစွာသော ခိုင်မြဲလှစွာသော လွန်မင်းလှစွာသော စွဲမြဲလှစွာသော ထုထယ်ကြီးမားလှစွာသော မေတ္တာများဖြင့် ကျုပ်သည် အရှင့်အပေါ်၌ ချစ်နေမိ၊ မေတ္တာသင့်မျှ နေမိလေပြီ။

ဤအချိန် အခါ၌ ကျုပ်သည် စိတ်၏ လှုပ်ရှားဖောက်ပြန်မှုကို ထိန်းချုပ်မရတော့ဟု ထင်မှတ်ရ၏။ အရှင်၏ ကိုယ်ကို ပွေ့ယူချီမပြီး ရင်ခွင်ထည်း၌ နှစ်မြှုပ်ထားပစ်လိုက်၏။ ပါးချင်းသင့်အပ်လိုက်ချင်၏။ ထိုဆန္ဒ ရမက်တို့သည် တစထက်တစ ပို၍ ပေါက်ကွဲလာသည်။ ဘုရင်မ၏ ပခုံးကို ဖျစ်ညှစ်နေသော လက်များမှာ အသားထည်း၌ နစ်ဝင်သွားလျက် ဆုပ်ကိုင်ထားသည်။ ကျုပ်သည် မျက်နှာချင်း အပ်ပစ်လိုက်သဖြင့် မျက်နှာကို အောက်သို့ ငုံ့လိုက်တော့မည့် အတိုင်း ဖြစ်နေသည်။

"နှုတ်ခမ်းတော် လှုပ်လာတယ်နော်"
ထိုအခိုက်တွင် အထိန်းတော်ကြီးက တိုးတိုးပြောနေသည်။

ကျုပ်လည်း သူ့စကားကြောင့် သတိဝင်လာကာ ကယောင်ကတမ်းဖြင့် လက်များကို ဖွလိုက်မိ၏။ နောက်မှ တာဝန် ဝတ္တရားတခုကို ထမ်းဆောင်နေရသည့် အသိစိတ် ဝင်လာပြီး ပြန်၍ ဆုပ်နယ်နေလိုက်လေသည်။

ကျုပ်သည် ဂါထာကို တီးတိုး ရွတ်ဆိုနေပြန်သည်။ လှုပ်ရှားနေသော စိတ်တို့ကို ဘုရား၊ တရား၊ သိကြား၊ နတ်များနှင့်ဆိုင်သော ဝေါဟာရတို့ကြောင့် တမျိုးတဖုံ ပြောင်းလဲသွားစေချင်သည့် ဆန္ဒလည်း ဖြစ်နေ၏။ ယခုအခါတွင် မိမိ၌ အသွေးအသားတို့သည် မရှိမူ၍ သစ်သားတို့ဖြင့်ပြီးသော ကိုယ်ခန္ဓာ ဖြစ်နေစေချင်သည်။

ထိုခဏ၌ အရှင်၏ နှုတ်ခမ်းတော်များသည် တဆတ်ဆတ် လှုပ်ရှားလာပြီး စကား တခုခုကို တီးတိုးသက်သာ ပြောနေသကဲ့သို့ ရှိနေသည်။ အမှန်ပင် အရှင်သည် ကယောင်ကတမ်းဖြင့် စကားတီးတိုး မြွက်ဟတော်မူနေပေသည်။ စကားသံမှု တစုံတရာမျှ မကြားရ။ အသက်ရှူသံ မြှင်းမြှင်းသာ ထွက်ပေါ်လျက်ရှိပြီး အရှင်၏ အသက်ရှူငွေ့တို့သည် ကျုပ်၏ နဖူးပြင်ကို ညှင်းညှင်းသာသာ တိုးဝှေ့နေသည်။

ထို့နောက် အမှန်စင်စစ်ပင် မသဲမကွဲ စကားမိန့်မြွက်တော်မူသံများ ထွက်လာလေသည်။

"သူ့ကို သတ်မိန့်ပေးရတော့မှာပဲ မောင်တော် နာယာယနအရှင်၊ ဘုရင်မရဲ့ မျက်ရည်ကို သူသိမှာ မဟုတ်ပါဘူး၊ သူ့ကို ကယ်တင်တော်မူပါ အရှင်"

ထိုစကားသံတို့သည် လေသံသဲ့သဲ့ဖြင့် ထွက်ပေါ်လျက်ရှိ၏။ ထိုအတိုင်း ရေရွတ်တော်မူနေပြီ ထင်၏။ သို့သော် သဲ့သဲ့မျှသာ ဖြစ်၍ သေချာမှုမရှိ။ ထိုအတိုင်းပင်လျှင် ဖြစ်နိုင်ဘွယ်ရာလည်း ရှိ၏။ သို့မဟုတ် ထိုအတိုင်းဟူ၍ ကျုပ်က တွေးယူနေခြင်း၊ စိတ်ကူး ဖန်တီးနေခြင်း သက်သက်မျှသာလည်း ဖြစ်နိုင်၏။

အရှင် နှုတ်ခမ်းတော်များမှာ ပြန်၍ ပိတ်ကာ ငြိမ်သက်သွားပြန်လေသည်။

တဖန် အချိန်ပေါင်းများစွာ ကုန်ဆုံးလာပြီးနောက် အရှင်၏ စိမ်းညိုသော မျက်တောင်များသည် တဖျတ်ဖျတ် လှုပ်လာလေသည်။ မျက်တောင်တို့သည် အထက်သို့ တက်သွားပြီးမှ နေရာသို့ ပြန်ရောက်လာနေသည်။ အပေါ် မျက်ခွံတို့သည် တရွေ့ရွေ့ လှုပ်ရှားလာ၏။ တရွေ့ရွေ့ ဖြည်းဖြည်းချင်း မျက်လုံးများ ပွင့်လာလေသည်။ မျက်လုံးများသည် ဝါးဝါးထွေးထွေး မပီမသ ဖြစ်နေပုံမျိုးဖြင့် ပထမတွင် အပြာရောင်သန်းနေကာ လှုပ်ရှားနေလျက်ရှိပြီး၊ ပြီးမှ ပြန်လည်ကြည်လင်၍ အနက်ရောင် တောက်ပလာသည်။

ထိုအချန်၌ အရှင်သည် ကျုပ်၏ မျက်နှာကို ကြည့်တော်မူနေလျက်သားရှိပြီး ကျုပ်သည်လည်း အရှင်၏ လှပလွန်းသော မျက်နှာတော်ကို ငေးမော မှင်သက်မိပြီး ကြည့်နေသည်။ အနက်ရောင် တောက်ပနေသော၊ လှနေသော အရှင်၏ မျက်လုံးများသည် ဝိုင်းဝိုင်းလည်ခမန်း ဖြစ်နေသည်။ နားမလည် စိတ်ရှုပ်ထွေးနေမှု၊ အံ့အားသင့်နေမှုတို့ကို ဖော်ပြလျက်ရှိနေသည်။

ကျုပ်သည် ပခုံးသားများကို ဆုပ်နယ်လျက်ရှိပြီး ဖျစ်ညှစ်နေမြဲပင်။

အရှင်သည် အင်အားကုန်ခန်းလွန်းနေကာ ငြိမ်တွေနေ၏။ လှုပ်ရှားမှု မပြုနိုင်။ မျက်နှာတော်၌ သွေးများသည် ပို၍ ဖြန်းဆွတ်နေပြီး ပို၍ ပို၍ နီထွေးလာနေသည်။ သို့သော် စကား တစုံတရာပြောရန် နှုတ်ခမ်းတော်များ

တဆတ်ဆတ် လှုပ်လာပြီးမှ ပြောမထွက်နိုင်အောင် ရှိနေပုံမျိုး။ စကားတို့သည် လည်ချောင်းဝ၌ ဆို့နစ်နင်နေသကဲ့သို့ လည်ချောင်းဝမှ ပြန်၍ ဆင်းပြေး နစ်မြုပ်ပျောက်ကွယ် နေသကဲ့သို့ရှိနေ၏။ ထိုအချိန်သည် အရှင်မ၏ အလှဆုံးအချိန် ဖြစ်၏။ အလှအပေါင်းတို့ စုစည်းနေ၏။

အရှင်အား မွေ့ရမ်းပစ်လိုသော ဆန္ဒများ ကျုပ်၏ စိတ်နှလုံး၌ ပေါ်လာပြန်သည်။ ခုအချိန်တွင် မိမိ၏ ရင်ထည်း၌ နှစ်ပေါင်းများစွာ ကိန်းအောင် ဆောက်တည်လာခဲ့သော အကျိုတ်အခဲတို့ကို သွန်ထုတ်ပြချင်၏။ မိမိသည် ဘာမျှ မဟုတ်သည့် ကိုယ်ရံတော် သက်တော်စောင့်တပ်မှ တပ်မှူးငယ်ကလေးတဦး၊ အရှင်၏ ကျေးကျွန်ငယ်ကလေး တဦးမျှသာ တကားဟု တွေးမိသောအခါ ကြေကွဲစွာ ငိုကြွေးချင်လာသည်။

မိမိ၏စိတ်ကို ပြန်၍ ထိန်းချုပ်ထားနိုင်ရန် အတွက် ကျုပ်သည် ဂါထာကို ရွတ်ဖတ်၏။ ဂါထာအတွင်း၌ စိတ်များ နစ်မြုပ်သွားစေ လိုပါသည်။ သို့သော် ဂါထာသည် အဟုန်ပြင်းထန်လှသော စိတ်ဆန္ဒရိုင်း လှိုင်းတံပိုးကြီးများ အတွင်း၌သာ နစ်မြုပ် ပျောက်ကွယ် သွားရလေသည်။ ဂါထာသည် အစနှင့် အဆုံး၊ အမြီးနှင့် ခေါင်းမှားယွင်းပြီး အခါခါ ချာချာလည်နေသည်။ အခေါက်မည်မျှ ချာချာလည်၍ ရွတ်ဆိုနေမိသည်ကို မသိတော့။

အရှင်၏ မျက်နှာတော်၌ ပိုမို၍ အံ့အားသင့်နေ၏။ မျက်လုံးတော်များသည် အံ့အားသင့်နေခြင်းကြောင့် ဝေးစိုက်လျှက်ရှိပြီး၊ နှုတ်ခမ်းတော်များကို ချစ်စဖွယ် ခလေးငယ်တဦး၏ နှုတ်ခမ်းများကဲ့သို့ ဖွင့်ဟထားသည်။ ခု အခါ၌ အရှင်၏ မျက်နှာတော်၌ မသိနားမလည်သော ခလေးသူငယ် ဆန်နေ၍၊ ကြည်လင်နေ၍၊ နီထွေးနေ၍ လှနေသည်။

အထိန်းတော်ကြီးသည် ခေါင်းရင်း ကလပ်ထည်းမှ ပေချပ်ငယ်ကို ဖြည်းဖြည်းလေးလေး လှမ်းယူလိုက်ပြီး ပုဆစ်ဒူးတုပ် ထိုင်ကာ အသံတိုးတိုးဖြင့် လေးလေးမှန်မှန် ဖတ်ကြား လျှောက်တင်နေသည်။ ရဟန်း၏ စာသဝဏ်လွှာ ဖြစ်လေသည်။

*မြင့်မြတ်သော ကရစ်သျှန၏ သမီးငယ်။*
*မြင့်မြတ်သော မဟာနာယာယန၏ ဗိဿနိုးအရှင်၏ နှမတော်။*
*ဖကရစ်သျှန၏ ဆန္ဒတော်မြတ်နှင့် လျော်ညီစွာ နေ့နံနက္ခတ်များနှင့် ကိုက်ညီစေ၍။*
*ဖခင်၏ တန်ခိုး အာနုဘော်အားဖြင့် ဆေးဝါးကုသရန် ဤသူငယ်အား အပ်နှင်းစေလွှတ် လိုက်ပေပြီ။*
*ရောဂါဘယ ဝေဒနာပျောက်ကင်းမှုသည် ကျွန်ုပ်နှင့် ဖခင်အရှင် နာယာယန၏ တန်ခိုးအရာသာတည်း။*

အထိန်းတော်ကြီး၏ ဖတ်ကြားလျှောက်တင်သံ တိုးသက်သွားသည်နှင့် အမျှ ကျုပ်သည်လည်း ဆုပ်နယ်ထားသော လက်များကို ဖြေလျှော့ချနေ၏။

“ရဟန်းသူတော်စင်က ဆေးတခွက်နဲ့ ဂါထာတပုဒ်ကို အပ်နှင်းပြီး ဆေးကုသဘို့အတွက် ကျွန်တော့်ကို ရွေးချယ်တော် မူပါတယ် အရှင်။ အရှင်ရဲ့ ဝေဒနာဟာ အကြောအခြင်နဲ့ စပ်ဆိုင် ဖြစ်ပျက်ခဲ့လို့ နေ့နံနက္ခတ်နဲ့ ကိုက်လျော်ညီတဲ့ ကျွန်တော်လက်များကို မဟာမန္တာန် အကြိမ်တထောင်စီ စီရင်တော်မူပြီး ပခုံးနဲ့ လက်ဖဝါးတော်ပြင်ကို နှိပ်နယ်ပေးဘို့ မိန့်မှာတော်မူပါတယ်။ အနောဝတ အိုင်မှာ သုံးနှစ်ကြာစီရင်ခဲ့ရတဲ့ ဆေးကိုလဲ ကျွန်တော့် လက်များနဲ့ တိုက်ကျွေးရမယ်လို့ မိန့်မှာတော်မူပါတယ်၊ ခွင့်ပြုတော်မူပါ အရှင်”ဟု ကျုပ်သည်လည်း တလုံးချင်း လျှောက်တင်ပါသည်။

ကျုပ်၏ အသံမှာ တုန်ယင်နေကာ လက်များကို ပခုံးသားတွင် ထက်အောက် စုန်ဆန် နှိပ်နယ်နေသည်။

အရှင်သည် ဝိုင်းလည်နေသော မျက်လုံးတော်များဖြင့် ကျုပ်အား ကြည့်နေဆဲ ဖြစ်၏။ အရှင်၏ ရင်ခုန်နေသံကို ကြားနေရသည် ထင်၏။ အရှင်၏ မျက်နှာတော်မှာ သနားစဖွယ် မသိနားမလည်ဟန် ပေါ်နေဆဲသာ ဖြစ်လေသည်။ ထိုအချိန်တွင် စကားတခုခု မိန့်မြွက်ရန် နှုတ်ခမ်းများ လှုပ်ဟ၍ အားယူလိုက်သော်လည်း စကားတို့သည် လည်ချောင်းဝမှ ဆို့နစ်ပြီး ပြန်ဆုတ်ပြေးသွားကြသကဲ့သို့ နှုတ်ခမ်းတော်များ ပြန်၍ ပိတ်သွားလေသည်။ ထိုနှုတ်ခမ်းတော်တို့သည် တဆတ်ဆတ် တုန်ယင်နေ၏။ မျက်နှာတော်၌ သွေးများ လျှမ်းတက်နေသည်။

ကော့သော မျက်တောင်များ လေးလံစင်းကျသွားလျှက် အရှင်သည် မျက်လုံးများကို သာသာဖြည်းဖြည်း မှိတ်လေသည်။
"ဆေးတိုက်ချိန် ရောက်လာပါဘီ အရှင်"
ကျုပ်က တိုးတိုးသက်သက် လျှောက်လိုက်လေသည်။

တဖန်အရှင်မသည် မျက်လုံးများကို ဖွင့်ဟသည်ဆိုရုံမျှ ဖွင့်ဟလိုက်လေသည်။ မျက်တောင်များအကြားမှနေ၍ ကျုပ်အား ကြည့်နေသည်။ နှုတ်ခမ်းများကို အားယူ လှုပ်ရှား၍ စကားတခုခု ပြောလိုက်ပြန်သည်။ ဤတကြိမ်၌မူ မသဲမကွဲ၊ မပီမသ၊ သစ်ရွက်ချင်း ရိုက်ခတ်သံမျှ ကဲ့သို့သော တိမ်ဝင်နေသည့်အသံ ထွက်ပေါ်လာလေသည်။

"သျှိုဝမြို့စားလေး"ဟု အရှင်မသည် ကျုပ်အား မြည်တမ်းတသလို ခေါ်လိုက်သည်။ ထို့နောက် အခြားစကားများကို မပြောနိုင်ဘဲ ထိုစကားစု ကလေးများ ပြန်လည်၍ မြုပ်ဝင် ပျောက်ကွယ်သွားသကဲ့သို့ ရှိနေသည်။

သို့သော် တိုးသက်ညင်သာသော ထိုစကား မိန့်ဟသံသည် ညွတ်နူးယစ်မူးဖွယ်ရာ ကောင်းလျှက် ကျုပ်၏ နှလုံးသည်းအိမ်ထည်း၌ ဝင်ရောက် ရစ်ပတ်နှောင်ဖွဲ့လျှက် ရှိနေသည်။

ကျုပ်သည် လက်များကို ဖြေလျှော့ပြီး ခပ်ကိုင်းကိုင်းရပ်ကာ ငွေခွက်ကို ကောက်ကိုင်ပြီး ဂါထာ ရွက်ဖတ်လေသည်။ ဂါထာရွတ်ဖတ်သံသည် ဌာန်ကရိုဏ်း မကျနိုင်တော့ပေ။ အချစ်တေးတပုဒ်ကို သီကြွေးနေသကဲ့သို့သာ ရှိ၏။ ရင်ခုန်သံ၊ စိတ်၏ လှုပ်ရှား ဖောက်ပြန်သံ အားလျော့မောပန်းသံ တို့ဖြင့်သာ ပြီးတော့၏။

ထို့နောက် ကျုပ်၏ လက်တဖက်ကို ဘုရင်မ၏ ကျောအောက်သို့ လျှိုသွင်း လိုက်လေသည်။ နွေးထွေးသောအတွေ့ နူးညံ့သက်မှုတို့ကြောင့် ထိန်းချုပ်စိတ်တို့သည် ပေါက်ကွဲတော့မည် ထင်၏။ အရှင်၏ မျက်လုံးသည် ကျုပ်၏ မျက်လုံးများနှင့် နီးကပ်နေ၏။ အရှင်၏ နှုတ်ခမ်းတော်များနှင့် ကျုပ်၏ ထူအမ်းသော နှုတ်ခမ်းတို့ ထိစပ်ကြတော့ မည့်အတိုင်း။ အသီးသီး၏ အသက်ရှူငွေ့တို့သည် အသီးသီး၏ မျက်နှာပြင်များပေါ်မှ ဖြတ်သန်းနေ၏။ အရှင်၏ မျက်တောင်များသည် ဝိုင်မှေးစင်းနေလျှက်။ အရှင်၏ နှုတ်ခမ်းတော်များသည် တုန်ယင်နေလျှက်။ အရှင်၏ လက်တဖက်သည် ကျုပ်၏ လက်မောင်းကို မှီ၍ ရွရွညင်ညင် ဆုပ်ကိုင်ထား၏။

ထို့နောက် အရှင်၏ ရင်နှင့်ကျုပ်မှာ ရင်အုံချင်း ထိနေပြန်သည်။ အိထွေးသော၊ နူးညံ့သော ရင်သားတော်မြတ်တို့၏ ယစ်မူးဘွယ် အထိအတွေ့ကို ထိတွေ့နေ၏။ အရှင်၏ ရင်ခုန်သံကို ကျုပ်၏ ရင်ဖြင့် ကြားနေရ၏။ အထိန်းတော်ကြီး ကိုယ်တိုင် ကူညီ ဖေးမပေးနေသော်လည်း ဖက်ရွက်ကဲ့သို့ ပျော့လှပ်သော အရှင်၏ ကိုယ်ကို မကူရာ၌ အကူအညီယူနေရန် မလိုအပ်။

ထိုအချိန်၌ ဖြစ်လိုရာ ဖြစ်စေတော့၊ ဘုရင်မကြီးအား ပွေ့ယမ်း နမ်းရှုပ်လိုစိတ်တို့သည် ပေါက်ကွဲကုန်တော့မည်။ မိမိ၏ သွေးတို့သည် ပြင်းထန်စွာ လှုပ်ရှားနေ၏။ အရံရံသော တံတိုင်းတို့ကို ချိုးဖျက်ပစ်တော့မည်။ ဘောင်စည်းတို့ ပေါက်ပျက် ကျော်လွှန်ကုန်တော့မည်ဟု ထင်ရလေသည်။

သို့သော် ထိုအချိန်ကလေး၌ "မှီအုံးတော်ကို ဒီမှာ ထားလိုက်ရမယ်လား သျှီဝမြို့စားလေး" ဟု အထိန်းတော်ကြီး၏ နောက်ဖက်မှ စကားပြောသံ ထွက်လာသည်။

ထိုအသံသည် ကျုပ်၏ စိတ်ဆင်ရိုင်း စိတ်ဆန္ဒတို့ကို မောဟနယ်ပယ်မှ ပြန်၍ နှုတ်ယူလိုက်သကဲ့သို့ ရှိသည်။ ကျုပ်တွင် အသိတရား ပြန်ဝင်လာပြီး တုန်လှုပ်ချောက်ချားသွားသည့် ထိုဇာ၌ပင် ဝမ်းနည်း ကြေကွဲစိတ်များ စိတ်နှလုံး၌ သန်းလာသည်။

မိမိသည် ဆေးဆရာ၊ အရှင်သည် ဝေဒနာရှင်. . ။ မိမိကား ကျေးကျွန်ငယ်၊ အရှင်မကား အရှင်သခင်။ ကြားတွင် ခြားနေသော တံတိုင်းအထပ်ထပ် သမုဒ္ဒရာ အလီလီကို ကျုပ်ပြန်လည်၍ မြင်နေရပါပြီ။

"အရှင်. . အရှင်. . "
"ဘာလဲ မြို့စားလေး. . "
"ဆေးတိုက်ပါတော့မယ် အရှင်. . . "

ဘုရင်မအား မှီအုံးတော် အပေါ်သို့ သာသာညင်းညင်း တင်လိုက်လေသည်။ ခုအခါ၌ ခြေတို့သည် ညောင်စောင်း သလွန်ထက်မှ တွဲလဲကျနေကာ. . ပိုးသားဖျော့ဖျော့ အဝတ်တို့သည် ပေါင်ပေါ်၌ စီးကျနေသကဲ့သို့ ရှိ၏။ ရင်စည်းတော်မှာ ပြေလျော့နေသည်။ အသက်ရှူသောအခါ ရင်အုံသည် နိမ့်၊ မြင့်၊ တက်ဆင်း ဖြစ်နေသည်။ အသက်ရှူသံ ညင်းညင်းညံ့ညံ့ကို ကြားနေရ၏။ ဆံနွယ်ယဉ်တို့သည် ရွှေရောင်ဝင်းသော နဖူးပြင်ထက်၌ ရွှေ့လျား လွင့်ပါးနေ၏။

ထို့နောက် ကျုပ်သည်လည်း ဆေးရည်ကို တိုက်ကျွေးနေ၏။

ဤပုံစံတော်တိုင်း ပန်းပုထုလုပ်ရန် စိတ်ကူးပေါ်နေသည်။ ဤပုံအသွင်သဏ္ဌာန်ကို ကျုပ်သည် ပန်းပုဆရာ၏ ထက်မြက်သော မျက်လုံးများဖြင့် ကြည့်ရှုနေ၏။ ပန်းပုထု စမ်းနေသည်မှာ လေးနှစ်တိုင်တိုင် ရှိပြီ။ သို့သော် အရှင်၏ ပုံတူရုပ်တုတော်ကိုကား ပီပြင်အောင် မထုနိုင်သေး။ ရုပ်ထုပေါင်းများစွာကို ဖျက်ဆီးပစ်ခဲ့ရ၏။ သည်တခါကား မုချမသွေ အောင်မြင်ရမည်။ ဤပုံစံတော်သည် အသည်းနှလုံး၌ ဝင်၍ စွဲငြိနေပြီး အသဲနှလုံးသား ထက်၌ မှတ်တမ်းတင်ထားပြီး ဖြစ်နေပေပြီ။

"မောလိုက်တာ အထိန်းတော်ကြီးရယ်. . "
"မင်းပြန်ပါတော့. . . "ဟု ကျုပ်အားလည်း တီးတိုး မိန့်မြွက်နေ၏။

ကျုပ် စံနန်းတော်မှ ပြန်လာခဲ့ချိန်တွင် ညမှာ ကုန်ဆုံးတော့မည်။ အရှေ့၌ အရုဏ်ရောင်ခြည်များပင် လာနေပေပြီ။ အချိန်များ ဤမျှ ကုန်ဆုံးသွားပြီ ဆိုသည်မှာ ယုံနိုင်ဘွယ်ပင် မရှိပေ။ လင်းအရုဏ်လာချိန်၌ ညသည် နောက်ဆုံးလှုခြင်းဖြင့် လှနေပါသည်။ ကျုပ်ကား အိပ်မက်မှ လန့်နိုးလာပြီး အိပ်မက်ကို တမ်းတမ်းမက်မက် တမ်းတနေမိပြန်ပါသည်။

(၂၆)

ဆေးကုသရက်များ တရက်ပြီး တရက် ကုန်ဆုံး လိုက်လာနေသည်။

ဒုတိယနေ့၌ ဘုရင်မသည် ညောင်စောင်းထက်၌ လဲလျောင်းလျှက် စားတော် သုံးဆောင်ခြင်း မပြုသေး သော်လည်း ရွှင်လန်းလျှက်ရှိသည်။

တတိယနေ့တွင်ကား ကစီရည် အနည်းငယ်မျှ သုံးဆောင်တော်မူလာသည်။

စတုတနေ့တွင်မူ ကျုပ်သည် စိတ်များကို မနိုင် မနင်း ထိန်းချုပ် ထားနေရသည်။ တခါတရံ ထိန်းချုပ်ထားလျှက်မှ ပေါက်ကွဲ သွားတော့မည်ကဲ့သို့ ဖြစ်ခဲ့ရသေးသည်။ ကိုယ်စိတ်နှစ်ပါးစလုံးကို ကွဲ သွားတော့မည်ကဲ့သို့ ဖြစ်ခဲ့ရသေးသည်။ ကိုယ်စိတ်နှစ်ပါးစလုံးကို မနိုင်မနိုင်း ထိန်းချုပ်နေရသည်မှာ ရှူးသွပ် သွားတော့မည်ကဲ့သို့ ရှိသည်။ ဤရက်များ၌ စိတ်တို့သည် အစဉ်လှုပ်ရှားလျှက်ရှိသည်။

မမေ့နိုင်ဘွယ်ရာ အကြောင်းအချက်များသည်လည်း ရာနှင့်ထောင်နှင့် ချီ၍ ရှိပေသည်။ ဘုရင်မကြီးသည်လည်း ကျုပ်ရောက်လာချိန်ကို မြော်တော်မူတတ်ပေသည်ဟူ၍ အထင်ရှိ၏။ မိမိ အထင်မျှသာ ဖြစ်ပါလိမ့်မည်။ ကျုပ် ပြန်တော့မည်ဆိုလျှင် အရှင်၏ မျက်နှာတော်မှာ ညှိုးသန်းသွားတတ်သည်ဟု ကျုပ်၏ စိတ်များက လည့်စားနေပုံ ရသည်။

တခါတရံ၌ အရှင်၏ အပြုံးတို့မှာ အဓိပ္ပာယ် အထွေထွေကို ဆောင်လျှက် ရှိသည်ဟု ထင်မိပြန်၏။ တခါတရံ ပခုံးကို ဆုပ်ကိုင်လျှင် ရင်ခွင်အတွင်းသို့ ပြေးဝင်လာတော့မည်ဟု ထင်မိအောင် ကျုပ်၏ စိတ်နှလုံးသားများသည် လှည့်စားနေ၏။

ဘုရင်မ၏ ဝေဒနာကား ပျောက်ပါတော့မည်။ သို့သော် ကျုပ်သည် ထိန်းမနိုင်၊ ချုပ်တည်းမရနိုင်တော့ဘဲ စိတ်၏ လှုပ်ရှားဖောက်ပြန်မှု၊ ဝမ်းနည်းကြေကွဲမှု ဒဏ်များကို ခံနေရပေသည်။ အရှင်၏ ဝေဒနာ ပျောက်ကင်းသွားလျှင် စံနန်းတော်ပေါ်သို့ တက်ရောက်၍ ထိုကဲ့သို့ အရှင်၏ ပခုံးနှစ်ဖက်ကို ယုယစွာ ဆုပ်ကိုင်နိုင်ရန် မဆိုထားဘိ။ အရှင်၏ မျက်နှာတော်ကို ဖူးမျှော်ရရန်ပင်လျှင် အလျှင်း မဖြစ်နိုင်တော့ပြီ။ သို့ဖြင့် အိပ်မက် မက်ပြီး အိပ်ရာမှ နိုးလာရသူကဲ့သို့ ဖြစ်ရလေတော့မည်။ ကျုပ်ကား တစထက်တစ စိတ်ဆင်းရဲမှုဒဏ်ကို မခံမရပ် နိုင်တော့အောင် ဖြစ်လာရလေပြီ။ အိပ်၍လည်းမရ၊ စား၍လည်းမရ မျိုမကျနိုင်တော့။ ကျုပ်၏ အသားအရေတို့မှာ ပိန်ချုံးချောင်ကျ သွားတော့သည်။

ဤသို့ဖြင့် အိပ်မက်၏ အဆုံးသတ်နေ့မှာ ကြေကွဲဖွယ်ရာပင် ရှောင်တိမ်း၍ မဖြစ်နိုင်ဘဲ ရောက်လာရပေသည်။

ပဥ္စမနေ့
ဤနေ့၏ ညနေ ဆည်းဆာ၌ အရှင်သည် လေသာဆောင်တွင် အထိန်းတော်ကြီး အကူအညီအဖြင့် လမ်းလျှောက်တော်မူသည်။ ဤ ညနေဆည်းဆာ၌ အရာရာသည် လန်းဆန်း ပွင့်လန်း လှုပလျှက် ရှိသည်။

အရှင်သည် အထိန်းတော်ကြီး၏ လက်မောင်းကို ဆုပ်ကိုင်လျှက် လေသာ၏ လက်ရမ်းတိုင် တခုကို နွဲ့လျစွာ မှီ၍ ရပ်လေသည်။

အရှင်၏ ကိုယ်သည် သေးသေးလှီလှီ ချပ်ရပ်နေသည်။ ခါးသည် ပို၍ သေးကျင်နေသည်။

ကျုပ်သည် လေသာဆောင်၏ အပေါက်အဝင်ဝ၌ ခေါင်းကို ငုံးလျှိုး၊ ခါးကို ညွတ်ကိုင်းလျှက် ရပ်နေသည်။

အရှင်သည် ကျုပ်ဘက်ကို ခဏမျှကြည့်လိုက်ပြီး အထိန်းတော်ကြီးအား တခုခု တိုးတိုးသက်သက် ပြောလေသည်။ အထိန်းတော်ကြီးလည်း ကျုပ်ဘက်ကို လှည့်ကြည့်ပြီး ပြုံးရယ်ကာ တခုခုကို လျှောက်တင်လေသည်။ ထို့နောက် အထိန်းတော်ကြီးသည် လေသာဆောင်၏ အပေါက်ဝင်ဝသို့ လျှောက်လာသည်။

သူသည် ကျုပ်ရှေ့၌ ရပ်တန့်လိုက်ပြီး "မြို့စားလေးကို အခေါ်တော်ရှိပါတယ်" ဟု ရယ်သံမပျက်သေးဘဲ ပြောလိုက်လေသည်။

ကျုပ်သည် လေသာဆောင်ဘက်ကို လျှောက်သွားပြီး အရှင်၏ ရှေ့တော်မှောက်၌ ခါးကို ညွတ်ကိုင်းပြီး ရပ်တန့်သည်။

အရှင်နှင့် ကျုပ်မှာ ကြား၌ နှစ်တောင်မျှသာ ခြားလေသည်။ အရှင်၏ ပင်ပန်းနွမ်းနယ်စွာ အသက်ရှူသံကိုပင် ကြားရပါသည်။

အရှင်သည် စကားမိန့်မြွက်တော်မူရန် ရှိသော်လည်း တွေဝေ ငြိမ်သက်နေကာ အချိန်ဆွဲနေသကဲ့သို့ ရှိသည်။ အတန်ကြာမှ သက်ပြင်းရှူသံလိုလို ကြားရသည်။

"ဆေးဝါးကုသဘို့ မလိုအပ်တော့ပါဘူး သျှိဝမြို့စားလေးရဲ့"
အရှင်၏ တိုးတိုးသက်သက် မိန့်မြွက်လိုက်သံ၌ ရယ်မောသံပါနေသည်။

ဤသို့ဖြင့် မိမိတွေးထင်မိသည် အတိုင်း အိပ်မက်မှာ စင်းစင်းကလေး အဆုံးသတ်သွားတော့မည်။ ကျုပ်သည် ခေါက်ငုံ့မြင့်ငုံ့နေ၏။

ဘုရင်မသည် လက်ရမ်းကို အခြား လက်တဖက်ဖြင့် ပြောင်းရွှေ့ ကိုင်လိုက်လေသည်။ အရှင်၏ သေးသွယ် နွဲ့လျသော ကိုယ်ကို ကျုပ်ဖက်သို့ တိုးရွှေ့လိုက်သကဲ့သို့ ရှိ၏။

"အင်း သျှိဝမြို့စားလေးရဲ့ အယူဒွယ အရှင်သူမြတ်ဟာ အစွမ်းထက်မြတ်လှပါပေတယ်။ အရှင်သူမြတ်သာ မကယ်တင်ရင် ကျွန်ုပ် အသက်ရှင်ခွင့် ရရှိတော့မှာ မဟုတ်ပေဘူး၊ ဒါနဲ့ မင်းနဲ့ အရှင်သူမြတ်နဲ့ အထင်အမြင် လွဲမှားကြပြီးကာမှ အခု ဘယ်လို အကြောင်းကြောင့်များ ပတ်သက် ဆက်သွယ်မိကြပြန်တာလဲ"

ထိုအချိန်၌ အရှင်၏ လက်တဖက် လှုပ်ယမ်းလိုက်ပြီး ဆည်းဆာ ရောင်ထည်းတွင် နဝရတ် လက်ဝတ်တော်သည် တောက်ပသွား၏။

ရှင်ယောင်၏ ပရိယာယ်တို့ကား သေသပ်ပိရိလှလေသည်။ ကျုပ်ကား အမှန်ကိုသိပါလျှက် အမှန်ကို လျှောက်မတင်ဝံ့။ အမှန်ကို ပြောမပြဝံ့။ သူက ပိရိလွန်းနေသဖြင့် ကျုပ်က အမှန်တရားကို တင်ပြလျှင်လည်း အမှန်တရားမှာ လည်ဆည်လုပ်ကြံမှု အဖြစ်သာ အယူအဆ ခံရတော့မည်။ အရှင်မ၏ စိတ်နှလုံး၌ စွဲမြဲနေသော သဒ္ဒါကြည်ညိုမှု၊ ရဟန်းအပေါ်၌ ယုံကြည်မှုတို့ကား မည်သည့် အခါတွင်မှ ပျက်ယွင်းမည်မဟုတ်။ လျော့နည်း သွားမည်မဟုတ်။

"ဒီလိုပေါ့ အရှင်၊ ရဟန်းသူတော်စင်ဟာ မြင့်မြတ်တော်မူပါတယ်။ ပီးတော့ ပတ်သက် စပ်ဆိုင်လာရတာကလဲ

ပတ်သက်ဖို့ အကြောင်းကြောင်းတွေဟာ တိုက်ဆိုင်လာရတော့တာပါဘဲ"

"မင်းဟာ လူတမျိုးဘဲ၊ စကားပြော တင်လျှောက်ပုံလဲ တမျိုးဘဲ၊ ပီးတော့ ဘာပြုလို့ မင်းမှာ ငေးငေးငိုင်ငိုင် ဖြစ်နေရတာလဲ လူကလေး၊ မင့်စိတ်ထဲမှာ ဘာများဖြစ်နေလို့လဲ။ ဘုရားတန်ခိုးတော်နဲ့ အရှင်သူမြတ်ရဲ့ တန်ခိုးတော်ကြောင့် ဝမ်းနည်းစရာ တခုခုတော့ ဖြစ်မနေပါစေနဲ့ကွယ်"

အရှင်၏ အသံမှာ လေသာဆောင်မှ ပျောက်ကွယ်သွားတော့မည့်အတိုင်း တိုးသက်သွားလေသည်။ အရှင်၏ စကားသံသည် ကျုပ်၏ တကိုယ်လုံးကို ဆွဲကိုင်လှုပ်လိုက်သကဲ့သို့ပင်။ ဤအကြိမ်သည် နောက်ဆုံးအကြိမ် ဤအချိန်သည် နောက်ဆုံးအကြိမ်။ နောက်၌ တဖန် ဤကဲ့သို့ တွေ့ဆုံခွင့် တကြိမ်ထပ်၍ ရနိုင်ရန် မျှော်လင့်မရ။ ဤအကြိမ်၌ မိမိ၏ စိတ်နှလုံးထည်း ရှိသမျှကို ဖွင့်ပြောလိုက်ရန်သာ ရှိတော့၏။ အခွင့်အရေးလည်း သင့်၏။

"အရှင်မ အပေါ်မယ် ချစ်မေတ္တာ ထားနေမိတဲ့ စိတ်ကြောင့်ပါ"ဟု လျှောက်တင်လိုက်ရန်သာ ရှိသည်။

ထိုအတိုင်း လျှောက်ကြားလိုက်ပါက အရှင်မသည် ရက်စက်ပြတ်တောင်းစွာ ရာဇဝတ်ဘေးဒဏ်ကိုမူ တုံ့ပြန်မည် မဟုတ်ပေ။ အရှင်၏ မျက်လုံးတော်၊ နှုတ်ခမ်းတော်တို့သည် ထိုအတိုင်း ဖော်ပြနေ၏။ လျှောက်ကြားလိုက်တော့ မည်။ ဖြစ်လိုရာ ဖြစ်စေတော့။

ကျုပ်သည် ခေါင်းကို မော့ပစ်လိုက်၏။

ထိုအခါတွင် အရှင်မနှင့် မျက်နှာချင်းဆိုင် ရပ်နေမိလျှက်သား ရှိလေသည်။ မျက်လုံးချင်းဆိုင်၍ ကြည့်နေမိ၏။ အရှင်သည် ကျုပ်မျက်နှာကို ကြည့်နေလျှက်။ မျက်နှာတော်ပေါ်ဝယ် ဖုံးလွှမ်းထားတတ်သော ပုဝါသည် ပခုံးတော်ပေါ်တွင် ကန်ကိုဖြတ်၍ တိုက်ခတ်လာသည့် လေနောက် တဖျတ်ဖျတ် လွင့်နေသည်။

အရှင်၏ မျက်လုံးများသည် အရောင်တောက်လျှက် ရှိသည်။ မျက်တောင်များ ကော့စင်းယှက်မွေးနေသည်။ နှုတ်ခမ်းတော်များသည် ပတ္တမြားသွေး စိုစွတ်နေသည်။ နဖူးတော်ပြင်ထက်ဝယ် ရွှေရည် လူးထားသကဲ့သို့ ရှိပြီး ဆံယဉ်နုများ ရစ်ဝဲနေသည်။ ပါးများမှာ တရှိန်းရှိန်း နီစွေးနေသည်။ နွဲ့လျသော အလှ၊ တုနှိုင်းမဲ့သော အလှ ဖြစ်လေသည်။ ထိုစဉ်ဝယ် အရှင်၏ အသက်ရှူရှိုက်သံမှာ မောလျသံ ပါနေသည်။ ထိုအသံသည် အရာရာကို ဆွဲဆောင် ညို့ယူလျှက်ရှိ၏။

ကျုပ်သည် တဆတ်ဆတ် တုန်ယင်နေသကဲ့သို့ ဖြစ်နေ၏။ ပါးစပ်မှ ဖွင့်လှစ်ပြောရန် ကြံစည်အားယူနေချိန်၌ ကျုပ်၏ ရင်ခုန်မှုမှာ ထိန်းထား၍ မရနိုင်အောင် ရှိသည်။ ဖွင့်လှစ်ပြော၍ကား ဖြစ်နိုင်တော့မည် မဟုတ်။ ပါးစပ်မှ ထွက်ပေါ်နိုင်မည် မဟုတ်။ ရှေ့သို့ တိုးရွှေ့လျှက် ဘုရင်မအား ပွေ့ညှစ်ပစ်လိုက်။ ရင်ခွင်ထည်းသို့ ဆွဲသွင်းလိုက်။ ပါးပြင်အနှံ့ကို နမ်းကြူပစ်လိုက်။ ထိုသို့ ရင်ထည်းတွင် ခံစားနေရမှု ချစ်စိတ်များကို ဖော်ပြမှ ဖြစ်မည်။

ထိုအချိန်၌ အရှင်၏ နေခြည်ဆမ်းထားသော မျက်နှာတော်မှာလည်း သွေးများ ဖြန်းတက်နေသည်။ အရှင်သည် သျှိဝမြို့စားငယ်၏ ဖွင့်လှစ်မပြောနိုင်သော စကားတို့ကို သိတော်မူပါလိမ့်မည်။

"ကျွန်တော်ဟာ ကျွန်တော်ဟာ သိပ် . . . . . သိပ်ပီးတော့ အရှင်"
ကျုပ်သည် ဖွတ်မှိတ်ကာ စတင်ပြောလေသည်။

သို့သော် ကျုပ်၏ စကားတို့မှာ ထိုမျှဖြင့်သာ ရပ်တန့်သွားလျှက် ရှေ့သို့ မဆက်နိုင်တော့။ တုံးတုံးတိတိကြီး ရပ်တန့်သွားလေသည်။ ပြောရန် ကြိုးစားသော်လည်း လည်ချောင်းများ ကွဲအက်သွားကုန်တော့မည် ထင်သည်။

အရှင်သည် ရှေ့သို့ ညွှတ်ကိုင်းလိုက်လေသည်။
"ဘာလဲ. . . ဘာလဲ. . . . ပြောလေ သူသ၊ မင်းပြောလေ"

အရှင်မ၏ မေးတော်မူသံသည် တုန်ယင်နေသည်။ အရှင်၏ မျက်နှာတော်သည်လည်း ပို၍ နီစွေးသွားလေသည်။ အရှင်၏ နွဲ့လျသော ကိုယ်ကို ရှေ့သို့ ညွှတ်ကွေးထားပုံမှာ မဖော်ပြနိုင်အောင် လှသည့်အလှတပါး ဖြစ်နေသည်။ ထိုအချိန်၌ အရှင်၏ ကိုယ်မှ အမွှေးရနံ့သည် ထုံပျံ့နေ၏။

ကျုပ်ကား စကားကို ဆက်၍ ပြောပစ်လိုက်ရန် အားယူပါသည်။ သို့သော် မွှန်ထူထုံထိုင်းနေသဖြင့် စကားလုံးတလုံးမျှ စဉ်းစား၍ မရတော့၊ အစရှာမရတော့။ ကိုယ်ကို ညွှတ်ကိုင်းပြီး အရှင်၏ သေးသေးနွဲ့နွဲ့ ကိုယ်လုံးတော်ကို အမိဖမ်းယူ ပွေ့ညှစ်လိုက်ရုံသာ ရှိတော့သည်။ ထိုအတိုင်း ဖြစ်လိုရာ ဖြစ်စေတော့ ကျုပ် ပြုမူလိုက်ပါတော့မည်။

ဤအချိန်ကလေးမှာ အိပ်မက်တခုကို အဆုံးသတ်လိုက်သည့် အချိန်ဖြစ်နေသည်။ အရှင်မသည် ရုတ်တရက် ကိုယ်ကိုပြန်၍ တည့်မတ်လျက် ကျုပ်၏ ပခုံးပေါ်မှကျော်၍ လေသာဆောင် အဝင်ဝဘက်ကို ကြည့်တော်မူလေသည်။ အရှင်၏ မျက်နှာ၌ အစောက ထင်ဟပ်ခဲ့သော အရိပ်အခြည်များ အားလုံးမှာ ပြောင်းလဲသွားလေသည်။

"အထိန်းတော်ကြီး"
အရှင်မ၏ တီးတိုး မေးမြန်းတော်မူလိုက်သံသည် ပြောလက်စ၊ ပြောတော့မည့် စကားတို့ကို ဖြတ်တောက် သွားလေသည်။

ကျုပ်သည် ခေါင်းကို ပြန်၍ ငုံ့လိုက်ပြီး ခါးကို ညွှတ်ကိုင်းလိုက်လေသည်။

ယခုအချိန်၌ မိမိသည် ကျေးကျွန်ငယ်ကလေး တဦးပင်တကား-ဟုသော အသိစိတ်သည် စိတ်နှလုံးသားထည်းသို့ ဝမ်းနည်း ကြေကွဲဖွယ်ရာ ဝင်လာသည်။

"အယုဒ္ဓယ အရှင်သူမြတ် တတိယအဆောင်တော်ရှေ့ စကြံအတိုင်း ကြွလှမ်းလာတော်မူနေပါတယ် အရှင်"

အထိန်းတော်ကြီး၏ လျှောက်တင်လိုက်သံသည် လေသာဆောင်၏ အဝင်ဝဘက်မှ ပေါ်ပေါက်လာသည်။ ထို့နောက် အထိန်းတော်ကြီးသည် ကျုပ်၏ နောက်ကျောဘက်သို့ သာသာညင်းညင်း ဖြတ်လျှောက်လာနေသည်။

"အရှင်သူမြတ်ရဲ့ ဂုဏ်ကျေးဇူးတော်ဟာ ကြီးမြတ်လှပါတယ်။ ခဏကလေး မြို့စားလေး"

အရှင်မ၏ ထိုစကားသည် ကျုပ်၏ နှလုံးသားပေါ်မှ ဖြတ်သွားသကဲ့သို့ ရှိလေသည်။ ကျုပ်ကဲ့သို့ ကျေးကျွန်ငယ် တဦးက ဤကဲ့သို့ ရဟန်းလာနေစဉ်၌ ရပ်နေရန် မသင့်ဟု ဆိုလိုလေသည်။

ကျုပ်သည် နောက်ဖက်သို့ ပြန်၍ ဆုတ်ခွာသွားနေလျှက် ခပ်ဝေးဝေး၌ ဝပ်တွားခစား လိုက်ရလေသည်။ ဤအချိန်၌မူ အရှင်မနှင့် ကျုပ်၏ ကြားထည်း၌ တောင်အထပ်ထပ်၊ သမုဒ္ဒရာ အလီလီ ခြားသွားလေပြီ။

အရှင်သည် မျက်နှာတော်ပေါ်သို့ ပုဝါကို ဖုံးလွှမ်းတော်မူသည်။ ထို့နောက် အထိန်းတော်ကြီးသည် အရှင်မအား တွဲ၍ ထိုလေသာဆောင် အလယ်ရှိ သလွန်ဘက်သို့ လျှောက်သွားလေသည်။ ရဟန်းသည် အလွန် ရင့်ကျက် တည်ငြိမ်လှစွာ တလှမ်းချင်းတက်လာပြီး သလွန်ဘက်သို့ ဦးခေါင်းငုံ့စိုက်လျှက် ကြွလှမ်းသွားသည်။ အရှင်မသည် ဦးနှိမ်ဝတ်ဖြည့်ပြီးနောက်၊ ရဟန်းအရှင်၏ ကျေးဇူးတရားတော် ကြီးမားလှပုံ၊ အသက်သခင် ဖြစ်ပုံများကို လျှောက်တင်နေသည်။

အရှင်မ၏ စကားသံ၌ စကားလုံးတိုင်း၌ ရဟန်းအား ကြည်ညိုမှုများ ပြည့်သိပ် ပါရှိနေသည်။ ကြည်ညိုသဒ္ဓါ ပွားသော စိတ်များကို အရှင်မ အသံက ဖော်ပြနေပေသည်။ အရှင်မ၏ ယုံကြည် ကြည်ညို သဒ္ဓါပွားမှုများ၌ အဆုံး မရှိသကဲ့သို့ပင်။

ဤတပွဲ၌ ကျုပ်ကား အဆုံးကြီး၊ အရှုံးကြီး ရှုံးခဲ့ရလေပြီ။ ကျုပ်၏ ဆေးအကုမှာ ရဟန်း၏ ဆေးအကု ဖြစ်နေပေပြီ။ ထို့ကြောင်းစုံကို အရှင့်အား လျှောက်ကြား၍လည်း ရနိုင်မည်ကား မဟုတ်။ အရှင်မ၏ ယုံကြည်မှု၊ ကြည်ညိုမှုတို့ကို မည်သည့်အရာ၊ မည်သည့်အကြောင်း အချက်ကမျှ ချေဖျက်နိုင်တော့မည်ကား မဟုတ်။

ထိုအချိန်တွင် ကျုပ်သည် ရဟန်းအပေါ်၌ အဆုံးတိုင်အောင် ခါးသီးလျှက် ရှိနေလေသည်။ သူသည် ဘုရင်မ၏ အကြည်ညိုခံရမှု အတွက် အကြီးမားဆုံးသော လိမ်လည်မှုများကို တခုပြီးတခု ပိရိသေသပ်လှစွာ လုပ်နိုင်သူ ဖြစ်၏။

ရဟန်းသည် အရှင်မ၏ စကားတို့ကို အဆုံးသတ်အောင် ငြိမ်သက်စွာ စောင့်ဆိုင်းနေပြီးမှ . . . .

"ကျွန်ုပ်နှင့် မပတ်သက်ပေဘူး၊ အဖ ကရစ်သျှန၏ တုမယှဉ်နိုင်သော တန်ခိုးတော်ကြောင့်သာတကား" ဟု မိန့်မြွက်လိုက်လေသည်။

"ပန်ထွာသား အပေါင်းတို့၏ အကျိုးကို အစဉ်သဖြင့် လိုလားဆောင်ရွက်၏။ သင့် မယ်တော်၏ အကျိုးကို သော်လည်း ဆောင်ရွက်၏။ ဘုရားအရှင်၏ တပည့်ရင်းဖြစ်သော ကျွန်ုပ်၏ တပည့်ရင်း ဤသူငယ်အား သူ၏ ရာထူး၌ ပြန်၍ အပ်နှင်းသင့်ချေပြီ"ဟု ရဟန်း၏ စကားမိန့်မြွက်သံ ကြားလိုက်ရသော အခါတွင်ကား ကျုပ်မှာ အသား တဆတ်ဆတ် တုန်ယင်လျှက် ရှိလေသည်။

ရှင်ယောင်သည် ဤနည်းဖြင့် အရာရာကို လှည့်စားလျှက် ရှိ၏။ ကျုပ်အားလည်း ရာထူး၌ပြန်၍ ရစေပြီး သူ့အား ကြည်ညိုလာအောင် ပြုလျှက်ရှိ၏။ ကျုပ်အတွက်ကား ထိုစကားမျှလောက် ခါးသီးသောစကား မရှိ။ အရှင်မအပေါ်၌ ကျုပ် ထားရှိသည့် မေတ္တာစေတနာကို ထိုကဲ့သို့ ရာထူးဖြင့် ဆုံးဖြတ်ပေးနေခြင်းမှာ ခါးသီးဖွယ်ရာ ဖြစ်လေသည်။

ကျုပ်သည် အဆိပ်တက် နေသကဲ့သို့ ရှိသည်။ ဤရှင်တုရှင်ယောင်နှင့် ပတ်သက်ပြီး ဖော်ထုတ်ပစ်ရန် စိတ်ကူး ဆုံးဖြတ်နေ၏။

ကျုပ်သည် ရုတ်တရက်ထ၍ ရပ်လိုက်သည်။ သတိအလျှင်း ကင်းလွတ်နေဘိသကဲ့သို့ပင် ဖြစ်နေ၏။ အရှင်မသည် ကျုပ်အား လှည့်ကြည့်လိုက်၏။ အထိန်းတော်ကြီး၏ မျက်နှာမှာ လှုပ်ရှားသွားလေသည်။

သို့သော် ရဟန်းသည် အလွန် တည်ကြည် ငြိမ်သက်စွာဖြင့် ဖြည်းဖြည်းချင်း ကြည့်သည်။ ရဟန်း၏ မျက်နှာ၌ အေးငြိမ်းမှု၊ လောဘ ဒေါသ မာန မောဟ တရား အစဉ်ကင်းပမှုများ ဖော်ပြနေကာ ကြည်လင်နေသည်။

ကျုပ်သည် ရဟန်း၏ မျက်နှာကို စူးစိုက်၍ ကြည့်လိုက်လျှက်
“ကိုယ်တော်နဲ့ ဘာမှ မပတ်သက်ပါဘူး၊ တပည့်တော် ရာထူးတပ်မက်လို့ တစုံတရာ လိုချင်တပ်မက်လို့ ဆေးကုတာ မဟုတ်ဖူး၊ ကျုပ်ဟာ သျှိဝမြို့စားလေး၊ ဒီရာထူးမျိုးကလေးကို ဂရုပြုနေမှာ မဟုတ်ဖူး။ ကောင်းဘီ ကိုယ်တော် တပည့်တော်မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ထားပါ။ ကိုယ်တော် လိမ်ညာနေတာမှန်သမျှ တနေ့ ပေါ်လွင်သွားရမယ်”

မည့်သည့်အရာကိုမျှ မမြင်စွမ်းနိုင်တော့အောင် ကြီးမားလှသော ဒေါသများဖြင့် ကျုပ်သည် ဝုန်းဝုန်းဒိုင်းဒိုင်း ပြောချလိုက်တော့၏။

ဤရဟန်းသည် အရှင်မ ဝေဒနာ သည်းထန်လာသောအခါ စံနန်းတော်သို့ မလာရောက်တော့၊ ထို့နောက် အရှင်မ ကျန်းမာလာချိန်၌ အကြည်ညိုခံယူရန် စံနန်းတော်သို့ ပေါက်လာ၏။ ထို့နောက် ဆေးကုသသူ ကျေနပ်စေရန် ရာထူးဖြင့်ချော့၍ သူ့အား ကျေးဇူးတင်ရဦးမည့် အတိုင်းပြု၏။ ယခုကား သူသည် အလွန် တည်ငြိမ်သော သူတော်ကောင်း မဖြစ်ဖြစ်အောင် အလွန်ပိရိလွန်းစွာ ဟန်ဆောင်ထားနေ၏။

စကားပြောနေရင်းမှ ကျုပ်သည် မိမိ၏ အမှားအယွင်းကို ပြန်သိလာလေသည်။ ကျုပ်၏ စကားတို့ကို လက်ခံမည်သူ မရှိ။ ယုံကြည်မည့်သူ မရှိ။ ကျုပ်ကို ဆရာသခင်ကိုပင် တုံ့ပြန်လျှက်ရှိသူ အဖြစ် မြင်တော့မည်။ ရဟန်းသည် မိမိ၏ ဆရာအရင်း ဖြစ်သည်ဟု အကြိမ်ကြိမ် အဖန်ဖန် ပြောခဲ့သည်။

ထိုအချိန်တွင် အရှင်မသည် ရုတ်တရက် ထရပ်လိုက်သဖြင့် ယိမ်းယိုင်သွားသောကြောင့် အထိန်းတော်ကြီးသည် ဆီး၍ ပွေ့ရလေသည်။

အရှင်သည် ရှေ့သို့ တိုးလာလေသည်။

ကျုပ်သည်လည်း ခေါင်းကို ဖြည်းဖြည်းငုံ့လိုက်၏။ ထိုခဏတွင်မူ ကျုပ်၏ ရင်ထည်း၌ ဒေါသများ မရှိတော့ဘဲ မိမိ မှားယွင်းသွားလေပြီကို သိကာ စိတ်နှလုံး ထိခိုက်နေတော့သည်။ အရှင်သည်လည်း ကျုပ်၏ တကိုယ်လုံးကို ငြိမ်သက်ကာ စူးစိုက်၍ ကြည့်နေသည်။ ပုဝါခြုံထားသည့်အောက်မှ ရေးရေးမြင်နေရသော အရှင်၏ မျက်လုံးများမှာ ဝမ်းနည်း နေတော့သကဲ့သို့ ရှိသည်။

ကျုပ်၏ ရင်ထည်း၌ ဖြစ်ပေါ်နေသော သောကများကို အရှင် မြင်တွေ့တော် မူပါလိမ့်မည်။ ကျုပ်၏ ရင်ထည်းမှ မှန်သော သစ္စာတရား၊ မှန်သော စေတနာတို့ကို အရှင် မြင်တွေ့တော် မူပါလိမ့်မည်။ သို့သော် ဤဒေါသ မထိန်းသိမ်းနိုင်သော အကြောင်းကြောင့် ကျုပ်ကား အရှင်မ၏ ဦးထိပ် ပန်ဆင်ထားသည့် ရဟန်းအား စော်ကားပြီးလေပြီ။ ထိုအပြုအမူသည် အရှင့်အား စော်ကားလိုက်ခြင်းပင် ဖြစ်နေတော့၏။ ယခုအချိန်၌ကား အမှန်တရားမှာ အရှုံးပေးလျှက် ရှိနေရလေပြီ။ သို့သော် များစွာသော ဝမ်းနည်း ကြေကွဲဖွယ်ရာတို့ ဖြစ်ပျက်ပြီးမှ ဖြစ်လိမ့်မည်။

ကျုပ်သည် အသားတဆတ်ဆတ် တုန်ယင်ကာ မျက်လုံးအိမ်ထည်း၌ မျက်ရည်များ တစတစ ရစ်ဝဲလာသည်။ နှုတ်ခမ်းတို့သည် တဆတ်ဆတ်လှုပ်နေ၏။

“အရှင်. . . အရှင်”ဟု ကျုပ်က ကြေကွဲစွာဖြင့် လျှောက်တင်မည် ကြံသေး၏။ သို့သော် ဤအချိန်ခါ၌ မိမိတွင် စကားတလုံး တပါဒမျှ ပြောဆို၍ ရမည်ကား မဟုတ်တော့ပေ။

http://cyberbooks.myanmarchat.org


"သျှိဝမြို့စားလေး၊ မင်းအပေါ်မှာ ကျွန်ုပ်ထားမိတဲ့ စေတနာကို မင်း သိနိုင် မြင်နိုင်ပါတယ်။ အခုတော့ အဲဒီ စိတ်စေတနာ အပေါင်းကို ကျွန်ုပ် ရုပ်သိမ်း ပစ်လိုက်ပြီလို့ ပြောကြားပါရစေ မြို့စားလေး- မင်းအပေါ်ကို ကျွန်ုပ် ယုံကြည်စိတ်ထားလို့ မရနိုင်တော့ဘူး။ မင်းကို မနက်ဖြန်ကာက စပြီး တပ်ဗိုလ်အဖြစ် ပြန်ခန့်အပ်တယ်။ ဒါပေမယ့် သက်တော်စောင့်တပ်မှာတော့ မင့်မျက်နှာကို မမြင်တွေ့လိုတော့ဘူး။ မနက်ဖြန်ကျမှ မင်းအမှုထမ်းရွက်ချင်တဲ့ စစ်သေနာပတိကြီးဆီမှာ တောင်းပေတော့။ ကဲ မင်းပြန်ပေတော့ မြို့စားလေး"

ထိုစကားလုံးတို့ကို ဘုရင်မသည် ဖြေးဖြေးလေးလေး ရွတ်နေ၏။ အသံထည်းတွင် ပြင်းထန်ပေါက်ကွဲသော ဒေါသများလည်း ပါ၏။ သို့သော် ဝမ်းနည်းကြေကွဲမှုများက ဒေါသအပေါ်၌ ဖုံးလွှမ်းနေသည်။ အသံသည် တစတစနှင့် ပျောက်ကွယ်လုမတတ် ဖြစ်ပြီးမှ ရပ်တန့်သွားသည်။

ထိုစကားစုတို့ကို မိန့်မြွက်ပြီး အရှင်မ၏ ကိုယ်မှာ ယိမ်းယိုင်သွား၍ အထိန်းတော်ကြီးသည် လှမ်း၍ ထိန်းလိုက်ရပြန်သည်။ ထို့နောက် အရှင်သည် ကျုပ်အား ကျောပေး စွန့်ခွာ သွားလေသည်။

ကျုပ်သည်လည်း ထိုနေရာ၌ပင် ကျောက်ရုပ် ကျောက်ဆစ် တခုအလား အတောင့်လိုက်ကြီး ရပ်တန့်နေသည်။

(၂၇)

ကျုပ်သည် အဆောင်ခန်း၏ ပြတင်းကို ဖွင့်လိုက်ပြီး အလင်းရောင် မှုန်မှုန်ပျပျတွင် ပေရွက်ပေါ်မှ စာများကို ဖတ်နေသည်။ ဤပေချပ်ကလေးသည် မည်သည့်အချိန်က အဆောင်ခန်းအတွင်းသို့ ရောက်နေမှန်း မသိ။ မည်သူကလာ၍ ထားခဲ့သည်ကိုလည်း မသိ။ ပေချပ်ကလေးမှာ သူရ၏ လက်ရေးဖြင့် ရေးသားထားလျှက် ရှိ၏။ ယခုအခါ၌ ညီငယ်သည် အဘယ်အရပ်ဆီ၌ ရောက်နေသနည်း။ သူ့ အကြောင်းကို ကျုပ် အလျှင်း မသိခဲ့ရတော့ပေ။ သူ့ သတင်းကို အလျှင်း မကြားခဲ့ရတော့ပေ။ သူသည် သျှိဝမြို့အား ပုန်စားပုန်ကန် ပြုပြီးနောက် ဘုရင်မ တပ်တော်က ဖမ်းဆီး ခေါ်ဆောင်လာခဲ့စဉ် လမ်း၌ လွတ်ပြေးသွားခဲ့ပြီး သူ့လှုပ်ရှားမှုသတင်း အစအနကိုမျှ မကြားရတော့ပေ။

သို့သော် သူ့ကို ကျုပ်အစဉ်သဖြင့် အမှတ်ရ နေတတ်ပါသည်။ သူနှင့် ကျုပ်မှာ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဆန့်ကျင်လျှက် ရှိသော်လည်း ညီတဦးအပေါ်တွင် ထားသော သံယောဇဉ် ကြိုးများကိုမူ အမျှင် မပြတ်နိုင်ပေ။

ငယ်စဉ်ကတည်းကပင် ညီငယ်သည် သူမှန်သည်ထင်လျှင် ဇွတ်တရွတ် လုပ်တတ်၏။ ထိုစဉ်ကတည်းက ကျုပ်ကိုပင် သူသည် အကြိမ်ကြိမ် ရန်ပြုလျှက် သူမှားယွင်းကြောင်း သိသောအခါ၌ ရှိုက်ကြီးတငင် ငိုတတ် လေသည်။ ဤညီငယ်လေးမှာ ကျုပ်နှင့် အသက်ချင်းကွာခြားလှပြီး ကျုပ်အတွက် သားကလေး တဦးကဲ့သို့ မှတ်ထင်ရ၏။ ဖခင် ကွယ်လွန်ပြီးနောက် သူ့ကို လေးနှစ်သားလောက် ကတည်းက ကျုပ်သည် မွေးလာခဲ့၏။

ယခုမူ သူက ကျုပ်နှင့် သည်နေ့ည၌ တွေ့ဆုံလို၍ ဆဒ္ဒံချောင်းဆုံအရပ်သို့ လာခဲ့ပါရန် ရေးသားထားလေသည်။ သူ၏ မှားယွင်းခဲ့မှု များအတွက်လည်း သူသည် နောင်တ ရနေပါပြီဟု ဖော်ပြထားသည်။

ကျုပ်လည်း ပေချပ်ကို ညောင်စောင်းပေါ်သို့ တင်စေပြီး ငေးမောနေမိသည်။ ယခုအချိန်တွင် ညီငယ်လေး သူရ၏ အခြေအနေမှာ မည်မျှ ဆိုးရွားနေသည်ကိုလည်း မသိနိုင်တော့ပေ။ သို့သော် သူ့အခြေအနေနှင့် ကျုပ်၏ အခြေအနေသည်လည်း များစွာ ကွာခြားလှမည်ကား မဟုတ်ပေ။ သူ့ အခြေအနေမှာ စိတ်ပျက် ငြီးငွေ့ဘွယ်ရာ ကောင်းနေမည် ဖြစ်သကဲ့သို့ ကျုပ်၏ အခြေအနေမှာလည်း စိတ်ပျက်ငြီးငွေ့လွန်းဘွယ်ရာ ဖြစ်လေသည်။

ကျုပ်ကား နန်းတွင်းနှင့် ဝင်ဆံ့တော့သည် မဟုတ်တော့ နန်းတွင်းနှင့် ပတ်သက်တော့သည် မဟုတ်တော့။ အရှင်မသည် ကျုပ်၏ မျက်နှာကို မမြင်တွေ့လိုသဖြင့် သက်တော်စောင့် တပ်မှ ကျုပ်အား ထုတ်ပယ်ပစ်လိုက် လေသည်။ ကျုပ်သည် စစ်သေနာပတိကြီး၏ မြင်းသည်တော်တပ်သို့ ရောက်ရှိလာခဲ့ရ၏။ ဤမြင်းသည်တော် တပ်၌ စိတ်ပျက် ငြီးငွေ့ဘွယ်ရာ မြော်လင့်ချက် ကင်းမဲ့စွာ ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ရပြီးလေပြီ။

တခါတရံ၌ မြို့တော်ဝန်၏ မြို့စောင့်တပ်မှ သမာနသည် ကျုပ်ရှိရာသို့ လာ၍ သူနှင့်ကျုပ် နှစ်ယောက်အတူ မြို့တော်အပြင်သို့ မြင်းစီးထွက်တတ်လေသည်။ သို့သော် သူနှင့် ကျုပ်သည် နိုင်ငံတော်ရေးရာနှင့် ပတ်သက်ပြီး စကားစမြည် ပြောလေ့ပြောထ ရှိကြသည်မဟုတ်ပေ။ ဤသို့ မြင်းစီးထွက်သည့် အချိန်များမှာမူ စိတ်ချမ်းသာ ဘွယ်ရာ ဖြစ်တတ်လေသည်။

တခါတရံ၌ ကျုပ်နှင့် သမာနသည် စစ်တုရင် ကစားကာ စဉ်တိုက်ဆက်တိုက် နှစ်ရက်ဆက်၊ သုံးရက်ဆက် အချိန်များကို ဖြုန်းတီးပစ်တတ်၏။

စင်စစ်တွင် ဤရက်များအတွင်း၌ ကျုပ်အတွက် မြော်လင့်ချက်မှန်သမျှ ကုန်ဆုံးနေပြီး ပြုလုပ် လှုပ်ရှားနေရသမျှမှာ အချိန်ကို မကုန်ကုန်အောင် ဖြုန်းတီးနေခြင်းမျှသာ ဖြစ်လေသည်။

ဒက္ခဏာသည် မကြာမကြာ ကျုပ်ထံသို့ ပေါက်လာတတ်သည်။ သူလာလျှင်မူ ကျုပ်မှာ နန်းတွင်းနှင့် ပြန်လည်၍ ပတ်သက်နေရ သကဲ့သို့ရှိသည်။ သူသည် နန်းတွင်းရေးရာကို တခုမဟုတ်လျှင် တခု အမြဲတမ်း ပြောတတ်သည်။ သို့သော် သူပြောသမျှမှာလည်း စိတ်ချမ်းသာဘွယ်ရာ အကြောင်းမဟုတ်သည့် ရဟန်းနှင့် ပတ်သက်နေခြင်း များသာ များလေသည်။ ရဟန်းသည် အစဉ်မပြတ် ဆိုသလို စံနန်းတော်သို့ လာတတ်၏။ ရဟန်းလာလျှင် အရှင်မသည် အလွန်ကြည်ညို သဒ္ဓါတရား ထက်လှစွာဖြင့် ပူဇော်သက္ကာရ ပြုတတ်၏။ ထို့နောက် နဝရတ် လက်ဝတ်တော်နှင့် ပတ်သက်၍ ဆေးဝါးမန္တာန် အစီအစဉ်တော်တခု လုပ်မည်ကဲ့သို့ ကြားရ၏။ ဤအကြောင်းအရာများကို ကျုပ်သည် အလျှင်း မကြားလို၊ မသိလို၊ မတွေးလိုပေ။ ရဟန်းအကြောင်းနှင့် ပတ်သက်ပြီး ဖော်ထုတ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း အရာရောက်မည် မဟုတ်။ အရှင်မသည် လက်ခံတော်မူမည် မဟုတ်သဖြင့် ထိုအကြောင်းကို အလျှင်းမစဉ်းစားဘဲ နေခြင်းသည် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

ကျုပ်သည် တနေကုန် တနေခန်း ငြီးငွေ့စွာဖြင့် စောင်းကို အဓိပ္ပာယ်မဲ့ တီးနေတတ်၏။ တခါတရံ၌မူ အရှင်၏ ပုံတူ ရုပ်တုတော်တခု ထုလုပ်ရန် ကြိုးပမ်း စိတ်ကူးနေခြင်းဖြင့် အချိန်များကို ဖြုန်းတီးပစ်နေသည်။

နောက်ပိုင်းရက်များ၌ ပန်းပုထုသော အလုပ်ဖြင့် အချိန်များစွာ ကုန်ဆုံးလာလေသည်။ သစ်သား ရုပ်တုပေါင်းများစွာ ထုလုပ်ပြီး ဆင်စွယ်ရုပ်တုကို ဆက်၍ ထုလုပ်သည်။ ထိုအချိန်၌မူ စိတ်သည် ပန်းပုရုပ်တု အလုပ်အပေါ်၌သာ သမာပတ်ဝင်စားလျှက် ရှိသည်။ အရာရာတို့ကို ကျုပ်သည် မေ့လျော့နေတတ်၏။ တခါတရံ၌ ကျုပ်ကိုယ်တိုင်ပင် ပန်းပုရုပ်တု တခုဖြစ်နေသလားဟု ထင်စားရသည်။ ဤပန်းပု ရုပ်တု ထုလုပ်နေစဉ် အတွင်း၌မူ စိတ်မချမ်းသာစရာ မှန်သမျှ ကွယ်ပျောက်နေခဲ့လေသည်။

ကျုပ်သည် အလင်းရောင် မှုန်ရေးရေး၌ ညီငယ်၏ စာကိုငေးစိုက်၍ ကြည့်နေလေသည်။ ဆောင်းညနေ နေခြည်များသည် ပြတင်းဝမှ အဆောင်ခန်းအတွင်းသို့ ဝင်ရောက်နေသည်။ မြင်ရသမျှ အားလုံးမှာ အသက်မရှိ ငြိမ်သက်နေသည်။ ကျုပ်၏ ဓားသည် ညောင်စောင်းနံဘေး၌ မှီထောင်ထားလျှက်၊ စောင်းသည် ခေါင်းရင်း ကလပ်တခုပေါ်၌ တင်ထားလျှက် ရှိနေသည်။ ထုလုပ်ဆေးရေးခြယ်ပြီးစ ရုပ်တုကလေးမှာ ညောင်စောင်းထက်၌ ရှိနေသည်။

ရုပ်တုကလေး၏ မျက်နှာတော်သည် ရွှင်ပနေ၏။ အသားတို့သည် ဝါညက်နေ၏။ မျက်နှာတော်ပေါ်၌ ရှက်သွေးများ လျှမ်းနေသည်။ ရင်စည်းတော်သည် လျော့ရည်းနေ၏။ ပိုးထမီသည် ပေါင်သားများအပေါ်၌ စီးကျနေသကဲ့သို့ ပေါ်လွင်နေသည်။ မျက်လုံးများသည် ရွှန်းလဲ့တောက်ပနေ၏။ သေးသွယ်သော လက်ချောင်းကလေးများမှာ ပျော့ညွတ်နေသည်ဟု ထင်မှတ်ရလေသည်။ မျက်တောင် တို့သည် ကော့စင်းနေ၏။ နှုတ်ခမ်းများသည် ပြုံးမလိုလို မပြုံးမလိုလို ရှက်ရွံ့ဟန် ထင်နေလျက် မျက်နှာတော်တခုလုံး၌ ချစ်မေတ္တာ၏ အသွေးအရောင်များ ထင်ဟပ်နေသည်။

ဤ ရုပ်တုကလေးမှာ တကယ့် အရှင်မ ကိုယ်တော်တိုင်ပေလားဟု ယိုးမှားဆင်တူနေသည်။ ယခုလို ဝင်လုလု ဆည်းဆာရောင် ဟပ်နေချိန်တွင် ပို၍ တူနေသည်ထင်သည်။ ဤရုပ်တုကလေးက ကျုပ်ကို စကားမြွက်ဆိုတော်မူတော့မည်ကဲ့သို့ပင် တခါတရံ၌ ထင်မှတ်နေမိသည်။ တခါတရံ၌ ကျုပ်၏ အဆောင်သို့ အရှင်သည် သက်ရှိထင်ရှား ကြွရောက်နေသလား ထင်မှားရ၏။ ဤရုပ်တုကလေးကို ထုလုပ်နေစဉ်၌ အကြောကလေးတခု ရှက်သန်းနေပုံကအစ ကျုပ်သည် အတိအကျ မှတ်မိနေ၏။ နှုတ်ခမ်းတော်၏ အလှ။ နှုတ်ခမ်းရစ်ကလေး တခုမှစ၍ မှတ်မိနေ၏။

ကျုပ်သည် ညောင်စောင်းဘက်သို့ လျှောက်သွားပြီး ရုပ်တုကလေးကို မြှောက်ယူကြည့်လေသည်။ ဤကဲ့သို့

http://cyberbooks.myanmarchat.org



ရုပ်တုကလေးကို ငြိမ်သက်စွာ ငေးကြည့်နေမိသော အခါများတွင် ကျုပ်မှာ ရင်ထည်းတွင် တမြေ့မြေ့ ဝမ်းနည်းနေမိတတ်သည်။ တမြေ့မြေ့ ဆွေးနေမိတတ်လေသည်။ အရှင်ကား ပြည့်အရှင် ဘုရင်မင်းမြတ် တပါးဖြစ်ကာ ကျုပ်မှာမူ ကျေးကျွန်ငယ်ကလေး တဦးမျှသာတကား။ ကျုပ်၏ ရင်ထည်း၌ တမြမြ ပေါ်ပေါက်နေသော ချစ်မေတ္တာကို ချိုးနှိမ်ထားရမည်သာတကား။

ထိုသို့ ငေးကြည့်နေပြီး အတန်ကြာမှ ကျုပ်သည် ရုပ်တုကလေးကို ညောင်းစောင်းအောက် ကျောက်သေတ္တာထဲ ထည့်လိုက်လေသည်။ အဆောင်ထည်း၌ လျှောက်သွားနေရင်း ကျုပ်သည် ညီငယ်ကို သတိရနေ မိပြန်ပါသည်။

သူက ကျုပ်အား အရောက်လာဖြစ်အောင် လာခဲ့ပါဟု ရေးသားထား၏။ အရေးကြီးသော ကိစ္စဖြစ်သည ်ဟူ၍လည်း ပါသည်။ သူနှင့် သွား၍ တွေ့ဆုံသင့်သည်ဟု တွေးနေမိလေသည်။ သူ၏ အရေးကြီးသော ကိစ္စကိုလည်း သိချင်နေသည်။ သူ့အား ဖြောင်းဖျ ပြောဆိုမည်။ သူ၏ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အသက်မှ ချမ်းသာရာရအောင် ကြိုးစားမည်။ သူ၏ ငယ်စဉ်တောင်ကျေးက ဆော့ကစားတတ်ပုံများကို ပြန်၍ သတိရနေသည်။ သေးသေးလှီလှီ ပျော့ပျော့ပျောင်းပျောင်း ခန္ဓာကိုယ် မျက်နှာသွယ်သွယ်နှင့် အစဉ်အမြဲ နှစ်လိုဘွယ်ရာ ရယ်မောနေတတ်သော ညီငယ်လေး။ သူ့ကို တိတ်တဆိတ်သွား၍ တွေ့ဆုံရန် ကျုပ်သည် တွေးနေ၏။ နတ်ရုပ်ထု ဆရာကြီး၏ ငှက်ပျော ဥယျာဉ်နောက်ဖက် မြို့ရိုးအပေါက်မှ ထွက်ခွာသွားလျှင် ကျုပ်အား မည်သူမျှ မြို့အပြင်သို့ ထွက်ကြောင်း သိရှိ ရိပ်မိမည် မဟုတ်ပေ။

သို့သော် ကျုပ်၌ ညီငယ်နှင့် သွားရောက် တွေ့ဆုံခွင့် မရရှိနိုင်တော့ပါ။

ဤညနေ၌ကား ကျုပ်၏ ကံကြမ္မာမှာ ရှောင်မပြေးသာအောင် ဖိစီးဆိုးရွားလာလေသည်။ ဤညနေ၌ ကျုပ်၏ အဆောင်သို့ ညီးလေးသူရ၏ စာကို ဝင်ရောက်ပို့ခဲ့သူမှာ အဖမ်းခံထားရလေပြီ။ သူသည် ညီငယ်သူရနှင့် အတူ သျှိဝအား ပုန်ကန်သိမ်းပိုက်လိုက်စဉ် ကတည်းက လက်ရုံးတဆူဖြစ်ခဲ့လျက် သူရ လွတ်မြောက် ထွက်ပြေးသွားသော အခါ၌လည်း အတူတကွ ပါသွားခဲ့လေသည်။ သူ့ကို မြို့အတွင်း၌ ဖမ်းမိလိုက်၏။ သို့သော် သူသည် ဒဏ်ရာပြင်းထန်စွာ သေလောက်အောင် ရခဲ့လေသည်။ သူသည် မသေမီတွင် သူသည် သူရနှင့် မပြတ်အစဉ် ဆက်သွယ်သည်ဟု ထွက်ဆိုသွားသည်။ သူတို့ကား ကျုပ်ကို လွန်စွာ ရွံ့ရှာမုန်းတီးနေကြသူများ ဖြစ်လေသည်။ ယခု အချိန်၌ ပြဲတိုက်ဝန်၏ ရဲမက်များသည် ကျုပ်အား သူပုန်နှင့် ဆက်သွယ်မှုအတွက် ဖမ်းဆီးရန် မြင်းများ ဒုန်းစိုင်းလာနေလေပြီ။

(၂၈)

အကျဉ်းခံနေရသော နှစ်လအတွင်းတွင် ညနေဘက်များ၌ အကျဉ်းခန်း၏ ထမင်းပို့ရာ အပေါက်ငယ်မှ ကျုပ်သည် အပြင်ဘက်လောကသို့ ငေးမျှော်ကြည့်တတ်၏။ ကျုပ် အတွက်ကား ဤအကျဉ်းခန်း၌ လွတ်မြောက်ရက်ကိုလည်း မြော်ကိုး၍ မရနိုင်တော့ပြီ။ သို့သော် အပြင်၌ အမှုတော် ထမ်းရွက်နေသည်ပင်ဖြစ်စေ၊ အကျဉ်းခန်း၌ အကျဉ်းကျ ခံနေရသည်ပင် ဖြစ်စေ၊ မြော်လင့်ချက်များ ကုန်ဆုံးနေသည်ချင်း အတူတူပင် ဖြစ်လေသည်။ ထူးခြားလှသည်ကား မဟုတ်ပေ။

ကျုပ်၏ အမှုကို မြို့ဝန်မင်း၏ ရုံးတော်မှ တဆင့် ညီလာခံသို့ တင်ပြသည်။ သူသသည် သျှိဝမြို့စားအဖြစ်မှ နှုတ်ဖယ်ထားခြင်း ခံနေရသကဲ့သို့ ဖြစ်နေ၍ နိုင်ငံတော်အပေါ်၌ မကြေမချမ်း ဖြစ်နေသည် စသည့် အတွေးမျိုးဖြင့် သူရနှင့် အစဉ်မပြတ် အဆက်အသွယ် ပြုသည်ဟူသော စွပ်စွဲချက်ကို လက်ခံသည်။ ထို့ပြင် သူရ၏ ချိန်းဆိုစာ သည်လည်း ခိုင်မာသော အကြောင်းပြချက် ဖြစ်နေသည်။ ဤသို့ဖြင့် ညီလာခံမှာလည်း အကျဉ်းချထားရန်ပင် ဆုံးဖြတ် လိုက်လေသည်။

ဤနှစ်လ ကာလအတွင်း၌ ကျုပ်သည် အသိ အဆွေခင်ပွန်း တဦးဦးနှင့်မျှ မတွေ့ဆုံရပေ။ မြို့ဝန်မင်း၏ ရုံးတော်၌ အမှုစစ်ဆေးနေစဉ်ကမူ ပါလနှင့် ဒက္ခဏာအား ရုံးအပြင်ဘက်၌ လှမ်းမြင်ခဲ့ရသေး၏။

ယခုအချိန်တွင် သူတို့နှစ်ဦးအနက် တဦးဦးနှင့် ခဏတဖြုတ်မျှကား တွေ့ချင်ဆုံချင်မိသည်။ အယုဒ္ဓယ ရဟန်းအကြောင်း သတင်းစကားများကိုလည်း ကြားသိလိုသည်။ ထို့ပြင် အဆောင်ခန်း၏ ကျောက်သေတ္တာ ထည်းတွင် ထားပစ်ခဲ့သည့် ရုပ်တုတော်ကိုလည်း ယူထားချင်သည်။ ရုပ်တုကို တဦးဦး တွေ့ရှိသွားမည်ကို စိုးရိမ်နေသည်။ ထိုစိုးရိမ်စိတ်သည် နေ့စဉ်နှင့်အမျှ စိတ်ထည်း၌ ဝင်ရောက်နေသည်။ ရုပ်တုငယ်အား ဤအကျဉ်းခန်း၌ ထား၍ အပေါက်ငယ်မှ မှောင်ပျပျ ဝင်လာသည့် အလင်းရောင်ဖြင့် ကြည့်ရှုနေချင်သည်။ ကျုပ်သည် ဘာကြောင့်များ ဤအဇီဝ သက်မဲ့ရုပ်တုကလေး တခုကို ဤမျှ စွဲလမ်းနေရပါသနည်း။

တညနေ၌ ကျုပ်သည် ထမင်းပို့သည့် အပေါက်ငယ်မှ အပြင်ဘက်သို့ လှမ်းမျှော်ကာ ငေးကြည့်နေစဉ်တွင် ကျုပ်၏ လူငယ်ကလေး ဒက္ခဏာ အကျဉ်းတိုက်ဘက်သို့ လာနေသည်ကို လှမ်း၍ မြင်တွေ့ရလေသည်။

သူသည် ကျုပ်ကို တွေ့ရန် လာသည်ပင် ဖြစ်လိမ့်မည်။ ပထမဆုံး နေမင်း၏ ရောင်ဝါများကို မြင်တွေ့ရသူ ကမ္ဘာဦး လူကဲ့သို့ ကျုပ်ကား ဝမ်းသာသွားလေသည်။

သူလျှောက်လာသည်မှာ ရေကြီးသုတ်ပျာ နိုင်လေသည်။ ဝေးဝေးကပင် သူ၏ ပိန်ပိန်ပါးပါး ကိုယ်ဟန်ကို ကျုပ် မှတ်မိပေသည်။ သူလာချိန်၌ မှောင်ရီပျိုးစ ပြုနေပေပြီ။

သူသည် အကျဉ်းထောင်မှူး ရှိရာသို့ သွားရောက်ကာ လာဘ်ထိုးပြီးမှ အကျဉ်းတိုက်ဘက်သို့ လျှောက်လာကာ အခန်းများကို ရေတွက်ပြီး ကျုပ်၏ အခန်းရှေ့တည့်တည့် အပေါက်၌ ရပ်လိုက်လေသည်။

မှောင်ရီရီထည်း၌ သူ့မျက်နှာ တခုခုအတွက် တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား ဖြစ်နေကာ အရေးတကြီး နိုင်ပေသည်။ သူသည် အပေါက်ဝ၌ ပါးစပ်ကိုတေ့လိုက်ပြီး . . . . . .

“သျှိဝမြို့စားပါလား ခင်ဗျား”ဟု အသံကို ထိန်းကာ တိုးတိုးမေးလေသည်။

သူ့အသံကို အခြားတပါးက ကြားသွားမည် စိုးနေသကဲ့သို့ ဖြစ်နေ၏။ သူ့နဖူး၌ ဇောချွေးများဖြင့် စေးထန်းနေလေသည်။ သူ့မေးသံမှာ တုန်ယင်နေသည်။

ကျုပ်လည်း အပေါက်ဝဘက်သို့ တိုးလိုက်သည်။
"သျှိုဝမြို့စား ဟုတ်ပါသလား သျှိုဝမြို့စား သူသ"
သူ၏ ထပ်မံ၍ မေးသံမှာ ပိုမို တုန်ယင်နေသည်။
"ဟုတ်ပါတယ် ဒက္ခဏာရေ ဘာပြုလို့လဲ ဘာပြောစရာ ရှိလို့လဲ"
"သက်တော်စောင့် တပ်တော် တပ်ဗိုလ်ဟောင်းသူသ ဟုတ်ပါတယ်နော်"
"အေးပါ ဟုတ်ပါတယ် ငါပါဘဲ"

သူထံမှ သက်ပြင်း ရှူရှိုက်လိုက်သံကို ကြားရပြန်လေသည်။ သူသည် အကျဉ်းတိုက်၏ နံရံနှင့် ကိုယ်ကို ပို၍ တိုးကပ်ကာ အမှောင်ထည်း၌ ကျုပ်ကို စိုက်ကြည့်နေသည်။ ကျုပ်အား ကွဲကွဲပြားပြား မြင်ရလိမ့်မည်ကား မဟုတ်ပေ။

"မြင်းသည်တော်တပ်က တပ်ဗိုလ်ဟောင်း သူသလား"
"ဟုတ်ပါတယ်ကွ၊ မင်းနဲ့အတူ ဘုရင်မကြီး ဝေဒနာကို ရှာတွေ့ခဲ့တဲ့ သူသ။ မင်းကို မင်းဆရာရသေ့ကြီးဆီ လွှတ်ခဲ့တဲ့ သူသ။ ငါ့အသံကို မင်းမမှတ်မိလို့လား"
"ဟုတ်တယ် မြို့စား၊ အထဲက စကားပြောနေတာ အုတ်နံရံလိုဏ်သံ ပါနေတယ်"
"မင်း သိပ်နေနိုင်တဲ့ လူဘဲ၊ နှစ်လအတွင်း ဒီတခါဘဲ မြင်ရတယ်"
"ကျွန်တော် မြို့စားနဲ့ လာဆက်သွယ်ရင် တိုင်းပြည် သစ္စာဖောက်မှု ကြံရာပါအဖြစ် အဖမ်းခံရမှာ ကြောက်လို့ပါ"
"ဒါဖြင့် အခုလာတာလဲ မင်း အဖမ်းခံချင် ခံနေရမှာဘဲ"

သူသည် အပြင်ဘက် အမှောင်ထည်း၌ ငြိမ်သက် သွားလေသည်။ သို့သော် သူ့ထံမှ သက်ပြင်း ရှူရှိုက်လိုက်သံ လိုလို ကြားရလေသည်။

"အဖမ်းခံရရုံတင်တောင် မကဘူး၊ အသတ်တောင် ခံချင်ခံရမယ်၊ အသတ်ခံရဘို့ ပိုများတယ်"ဟု သူသည် အသံတိုးတိုးဖြင့် တုန်တုန်ယင်ယင် ပြောနေသည်။

"ဘာ. . . ဘာပြောတယ် ဒက္ခဏာ"
"အကျဉ်းခန်းထဲမှာ မြို့စားတဦးထဲနော်. . .၊ ဒါဖြင့် ရှေ့ဘက်တိုးပါအုံး သေသေချာချာ နားထောင်ပါ"

ကျုပ်သည် အုတ်ခုံပေါ်မှ တက်ရပ်လိုက်၏။ အပေါက်ဝနှင့် နားကို တေ့ကပ်ထားလိုက်သည်။

"အခု နန်းတော်ထဲမှာ အယုဒ္ဓယရဟန်း ခြေများနေတယ်။ နေ့လယ်က ကျွန်တော် စံနန်းတော်ဝင်းမှူး တာဝန်ယူရတယ်။ အယုဒ္ဓယ ရဟန်း စံနန်းတော်ထဲကို မနက် အစောကတည်းက ဝင်သွားတာ အခု ညနေစောင်းမှ ပြန်ထွက်လာတယ်"

"ဘာဖြစ်တာလဲ"

"ကျွန်တော်စကားကို ဆုံးအောင် ပြေပါရစေအုံး၊ ပီးတော့မှ ကျွန်တော် ဘာလုပ်ရမလဲ ညွှန်ကြားပါ။ ကျွန်တော်က အမြဲတမ်း မြို့စားရဲ့ တပ်မှူးကလေး၊ ဒါနဲ့ ဒါနဲ့ တာဝန်ပီးလို့ ကျွန်တော် အဆောင်ကိုပြန်တော့ ကျွန်တော့်

နောက်က အထိန်းတော်ကြီး လိုက်လာတယ်။ သူ့မျက်နှာကို ပုဝါနဲ့ ဖုံးထားတယ်"

"သေသေချာချာ ကြားတယ် မဟုတ်လား မြို့စားမင်း"ဟု ဖြတ်၍ မေးနေသည်။

"သူက ကျွန်တော်ကို ပြောတယ်။ နောက် ရှစ်ရက်ကြာရင် အယုဒ္ဓယ ရဟန်းက စည်တော်ကို ပြင်ကြက်လိမ့်မယ်တဲ့။ ဘုရင်မက ဆေးနဲ့ စီရင်ထားတဲ့ နဝရတ်လက်ဝတ်တော်ကို ဝတ်ပြီး အတုလကို တီးခတ်ရင် တရာ့တပါး မင်းများ အခစား ဝင်ရောက်ရမယ်တဲ့။ ဘုရင်မဟာ စကြာဝတေးမင်းကြီး ဖြစ်တော့မယ်လို့ ရဟန်းက မိန့်မြွက်တယ်။ ဘုရင်မလဲ အယုံကြည်တော် ရှိတယ်။ စည်တော် ပြင်ကြက်မှာဘဲ"

သူ့ စကားတိုးတိုးသည် အုတ်နံရံများကို ပြင်းထန်လှသော အဟုန်ဖြင့် ရိုက်ခတ်နေသည် ထင်ရသည်။ မိုးကြိုးသွားထက် ပို၍ ပြင်းထန် ထက်မြက်နေသည် ထင်နေရသည်။

"အထိန်းတော်ကြီးလား၊ လာတာ အထိန်းတော်ကြီးလား"ဟု ကျုပ်လည်း ပြန်၍ မေးနေ၏။

"ဟုတ်တယ်၊ သူက မြို့စားအကြောင်းလဲ သိတယ်၊ ရဟန်းအရှင်ကို အရင်က အယုံအကြည်ရှိခဲ့ပေမယ့် အတုလစည်တော်ကို ပြင်ကြက်မယ်ဆိုတော့ သူ့စိတ်ထဲမယ် သံသယ ဖြစ်တော့တာဘဲ၊ မြို့စား ပြောခဲ့တာတွေ ဟုတ်နိုင်တယ်၊ ဟုတ်ရမယ်လို့ ယုံကြည်လာတယ်။ ပညာရှိတွေ ဆိုတာလဲ ဘာမှ ဘုရင်မကို ဆန့်ကျင်ပြီး လုပ်ကြတာ၊ တွေးကြတာ၊ တွက်ကြတာ မဟုတ်ဖူး။ ဒါကြောင့် ဒီကိစ္စမှာ မြို့စားဆီကို သွားဖို့ အထိန်တော်ကြီးက ကျွန်တော့်ကို လွှတ်တယ်။ မြို့စား ဘယ်လိုစီရင်မလဲ"

"အထိန်းတော်ကြီးက ဘယ်လို ထင်လို့လဲ"
"သီရိခေတ္တရာက စည်တော်ကို ဖျက်ဖို့ ရဟန်းကို လွှတ်လိုက်တာလို့ ထင်တယ်"

ကျုပ်သည်လည်း အမှောင်ထည်းတွင် အုတ်နံရံကို ခေါင်းနှင့် မှေးထားလိုက်မိလေသည်။ မူလက ကျုပ်၏ အထင်မှာ ရှင်ယောင်သည် ဘုရင်မကြီးအား ရယူလို၍ နန်းတော်တဝိုက်၌ ဝဲနေသည်။ ရနိုင်အောင် အကွက်ဆင်၍ နေသည်ဟု ထင်မှတ်ခဲ့၏။ ယခုကား သူသည် နိုင်ငံကို လိုချင်၍ ကြံစည်နေသူ ဖြစ်နေလေပြီ။ ထို့ကြောင့် သူသည် ပြူဖြစ်လျှက်နှင့် အယုဒ္ဓယသံ ပေါက်အောင် သက္ကဋ္ဌစကားကို ပြောဆိုနေခြင်းဖြစ်၏။

သီရိခေတ္တရာသားတို့သည် အတုလ စည်တော်ကို ရွံ့ကြောက်လျှက် စစ်မပြုဝံ့။ ဤစည်တော်အား ဖျက်ဆီးပစ်ပြီးလျှင် သူတို့သည် ပန်ထွာအား အလွယ်တကူကလေး သိမ်းပိုက်လိုက်တော့မည်။ ဤကိစ္စကို ကျုပ်မည်သို့ ဟန့်တား တားဆီးနိုင်ပါမည်နည်း။ ဤမှောင်နေသော၊ ကျဉ်းကျပ်နေသော အုတ်နံရံများ အရပ်ရှစ်မျက်နှာမှ ပတ်ဝိုင်းထားသည့် အကျဉ်းတိုက် ကလေးထည်းမှ နေ၍ မည်သို့ ပြုလုပ်နိုင်ပါမည်နည်း။ ကန့်ကွက်နိုင်သော အခွင့်အရေးလည်း မရှိ။ ရာဇဝတ်သား တဦးမျှသာ ဖြစ်နေရသော မိမိ တတ်နိုင်ဘွယ်ရာ မရှိ။ သို့သော် တခုခုကားလုပ်မှ ဖြစ်တော့မည်။

"ရှင်ယောင်ကို သတ်ပစ်လိုက်ရုံပေါ့ ဒက္ခဏာ"

"အဲဒါ မဖြစ်နိုင်လို့ပေါ့၊ ပါလရော၊ ကျွန်တော်ရော၊ ငမင်မြို့စားရော အပြင်ဖက်မယ် ရှိနေတာဘဲ၊ အဲဒါ ဖြစ်နိုင်ရင် လုပ်ပစ်မှာပေါ့၊ အဲဒီ အကြံမျိုး ကြံစည်မယ့်လူတွေ ရှိနေမှာကို အရှင်က ကြိုတင် တွက်ဆတော်မူတယ်။ ဒါကြောင့် အခု ရဟန်းရဲ့ ကျောင်းတော်ကို အစောင့်တွေ အထပ်ထပ် ချထားတယ်။ အစောင့်တွေ ဘယ်လောက် ပိတ်သည်းနေသလဲ ဆိုရင် ယင်တကောင်တောင်မှ ဖြတ်ဝင်နိုင်ဖို့ မလွယ်ကူဘူး"

သူရော ကျုပ်ပါ အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားပြန်လေသည်။ ဖြစ်နိုင်သည့် နည်းမှန်သမျှကို ကျုပ်သည် ရှောက်၍ တွေးကြည့်နေ၏။ ရွှေအပ်မျှင်ကလေး တခုကို မှောင်ကြီးထည်း၌ ရှာနေရသကဲ့သို့ ဖြစ်သည်။ ဤကိစ္စမှာ မည်သည့် အရာနှင့်မျှ ဆီးတား၍ မရနိုင်သော ရေအလျဉ်ကြီးတခု ကျရေ၀ံလာသကဲ့သို့သာ ဖြစ်လေသည်။ မည်သည့် အရာကမျှ ဘုရင်မအား ဟန့်တားနိုင်မည် မဟုတ်။ ထိုသို့ တားဆီးလျှင် တားဆီးခြင်းသည်ပင် ရာဇ၀တ်ဘေး ဖြစ်ပေတော့မည်။ ယုံကြည်မှု တခုကို ပြောင်းလဲသွားစေရန်ကား လွယ်ကူသည် မဟုတ်ပေ။ ရဟန်းကား အကွက်စေ့စေ့ ဆင်ထားပြီး ဖြစ်လေသည်။ ဖျက်မရနိုင်အောင် ပိရိစွာ တပ်ဆင်ပြီးသား ဖြစ်နေပေပြီ။

သို့သော် တခုခုကိုကား အလွန်တိုတောင်းလှသည့် အချိန်ကလေး အတွင်း၌ လုပ်ရတော့မည်။ အကျဉ်းခန်း ကလေးမှာ ပို၍ ကျဉ်းမြောင်းလျှက် အသက်ရှူ၍ မရနိုင်အောင် ဖြစ်သွားလေသည် ထင်၏။

“ငါကြိုးစားကြည့်မယ် ဒက္ခဏာ၊ အောင်မြင်ချင်လဲ အောင်မြင်မှာပေါ့။ ဒါပေမယ့် လုပ်ဖို့ရာ ဒို့တာ၀န်ဘဲ၊ မင်းလုပ်ရဲပါတယ်။ ငါ့အဆောင်ကို သွားပီး ပေရွက်နဲ့ ကညစ်ယူခဲ့။ အဆောင်ထည်းက ညောင်စောင်း နောက်ဖက် ကျောက်သေတ္တာထည်းမယ် အထုပ် ကလေးတခုရှိတယ် အဲဒါယူလာခဲ့”

သူသည် အပေါက်၀မှခွာပြီး အမှောင်ထည်းသို့ လျင်မြန်စွာ ထွက်ခွာသွားလေသည်။ ကျုပ်လည်း အကျဉ်းခန်း ကလေးထည်း၌ အရှင်မထံသို့ ဆက်သရမည့် စာသ၀ဏ်အတွက် တွေးတောရင်း ကျန်နေခဲ့သည်။ စိတ်အားမှာမူ လျော့ကျနေသည်။ အရှင်မ လက်ခံလိမ့်မည် မဟုတ်သည်ကို သိနေ၏။

ရဟန်း၏ ပေဒင်ဟောပုံအပေါ်မှ မသက်ာဘွယ်ရာများ၊ သဒ္ဒေး၏ ရတနာထုပ်ကိစ္စ၊ ဘုရင်မ၏ ၀ေဒနာကို ကုသရန် ဆေးနည်းကို မိမိနှင့် ဒက္ခဏာ တွေ့ရှိသော်လည်း မိမိကုသ၍ မဖြစ်နိုင်ပုံ၊ ထိုကိစ္စတွင် ရဟန်းဟန် ဆောင်၍ ကြားမှ အမည်ခံယူသွားပုံ၊ ရဟန်း၏ စကားသံ၌ ပြူသံပါနေ၍ သီရိခေတ္တရာသား ဖြစ်နိုင်ပုံ၊ ဘုရင် ဒွတ္တဘောင်က စည်တော်ကို ကြောက်ရွံ့၍ မတိုက်ပုံ၊ စည်တော်ကို ဖျက်ဆီးပြီးလျှင် ဒွတ္တဘောင်၏ တပ်များ ချီတတ်လာမည်။ န၀ရတ် လက်စွပ်သည် ရဟန်းလိမ်လည်ခြင်းသာဖြစ်၍ အပျိုတော် ပစ္စယာအား စစ်ဆေး မေးမြန်းလျှင် အမှန်အတိုင်း ပေါ်နိုင်၍ စစ်ဆေးပုံ၊ ထို့ပြင် ကျောင်းသို့အသွား၌ ရဟန်းသည် ကျုပ်အားမြင်လျှင် သက်န်းကြားမှ ဓားကို ဆွဲထုတ်မည်ကဲ့သို့ပြုပုံ မိမိမှာ တင်လျှောက်ရှင်းပြခွင့် မရတော့၍သာ နေရပုံတို့ကို ရေးသားတင်ဆက်မည်။

ထိုအတိုင်း ပြည့်ပြည့်စုံစုံ ရေးသားဆက်သလျှင် အရှင်သည် စဉ်းစားတော်မူလိမ့်မည်။ အနည်းဆုံးကား ပစ္စယာအား စစ်ဆေးလိမ့်မည်။ ဤသို့တွေးတောနေရင်း ကျုပ်သည် မိမိ၏ တွေးတောမှု အပေါ်၌ ယုံကြည်လာ နေသည်။

လထွက်လာချိန်တွင်မှ ဒက္ခဏာလည်း အပြေးအလွှားဖြင့် ပြန်ရောက်လာသည်။ သူ့လက်ထည်း၌ ပေရွက် ကညစ်နှင့် ဖယောင်း ဆီမီးခွက်များပါ ပါလာသည်။ သူသည် ကျောက်သေတ္တာထည်းမှ ဘုရင်မ ရုပ်တုတော် အထုပ်ကလေးကိုပါ ပါအောင် ယူလာသည်။ ထိုပစ္စည်းများကို တခုစီလှမ်းပေးနေစဉ် သူ့လက်များသည် တုန်ယင်နေ၏။ အပေါက်ကို သူသည် အပြင်ဘက်မှ အ၀တ်တခုဖြင့် ပိတ်ဆို့လိုက်လေသည်။ ထို့နောက် ကျုပ်သည် ဖယောင်းဆီမီး ထွန်းညှိပြီး စာများကို တိုတို ထိထိမိမိ၊ ပြည့်ပြည့်စုံစုံ ရေးသားနေသည်။

*အရှင်. . . . ။*
*နာယာယန အရှင်၏ တန်ခိုးတော်၊ ဗိဿနိုးအရှင်၏ အာနုဘော်တို့ဖြင့်*
*စီရင်အပ်သော ဤအတုလ စည်တော်အား အဘယ်သူသည် ထို့ထက်*
*ပို၍ တန်ခိုးအရာ၌ ထက်မြက်ရန် စီရင်နိုင်ပါမည်နည်း။*

http://cyberbooks.myanmarchat.org


အချိန်များစွာ ကုန်လွန်သွားပြီးနောက် စာမှာရေး၍ ပြီးသွားခဲ့လေသည်။ ကျုပ်သည်လည်း ဖယောင်းဆီမီးကို ငြိမ်းသတ်လိုက်ပြီး ပေချပ်ကို အပေါက်မှ လှမ်းပေးလိုက်သည်။

“ဒို့က တခုခုကို လုပ်တော့မယ် ဆိုရင် မအောင်မြင်တဲ့ ဘက်က အရင်ကြည့်ရဲရမယ်။ ပီးတော့မှ လုပ်ရမယ်။ အခုဟာ အောင်မြင်ဘို့လမ်းက တွေးလို့မရနိုင်ဘူး ဒက္ခဏာ၊ ရေးရေးဝါးဝါး ကလေးသာ ရှိတာဘဲ။ ဘုရင်မရဲ့ ယုံကြည်တော်မူမှုကို ဖျက်လို့ရနိုင်ဘို့ လမ်းမရှိတော့ သလောက်ပဲ။ မအောင်မြင်ရင် ဒို့ဖြစ်စရာဟာ တလမ်းဘဲရှိတယ်”

ဤသူငယ်ကလေးသည် မှောင်ထည်း၌ ပေစာများကို သူ့ခါးပိုက်ထောင်ထည်းသို့ ထည့်နေလေသည်။

“ဟုတ်ပါတယ်။ ကျွန်တော် အကုန်တွေးပီးသားဘဲ၊ မနက်ဖန်ဖြစ်ဖြစ် သဘက်ခါ ဖြစ်ဖြစ် ကျွန်တော် ဒီကို ပြန်လာခဲ့မယ်”ဟု သူသည် အမှောင်ထည်း၌ တိုးတိုးပြောလေသည်။

ထို့နောက် အစဉ်အမြဲ ပျော်ပျော်ရွှင်ရွှင် နေတတ်သော ချစ်ခင်ဖွယ်ရာကောင်းသော ဤသူငယ်ကလေးသည် အကျဉ်းထောင် ရှေ့မှ လျင်မြန်စွာ ပြေးထွက်ပျောက်ကွယ် သွားလေတော့သည်။

(၂၉)

ကျုပ်ကြိုတင်၍ တွေးတော တွက်ဆထားသည့် အတိုင်းပင် နောက်နှစ်ရက်အကြာ နေ့ခင်း၌ လူငယ်ကလေး ဒက္ခိဏာမှာ ကျုပ်ရှိရာ အကျဉ်းတိုက်သို့ ရောက်လာခဲ့ရ လေတော့သည်။

သူရောက်လာသောအခါ နေ့လည် နေပူရှိန်ရှိန်ကြီးဖြစ်၏။

ကျုပ်ရှိသော အကျဉ်းတိုက် တံခါးကို ဆွဲဖွင့်ပြီးသောအခါ အကျဉ်းတိုက်ရှေ့၌ ရပ်နေသော သူ၏ သေးသေးလှီလှီ ကိုယ်လုံးကို လှမ်းမြင်ရလေသည်။ သူ့လက်များကို နောင်ကြိုး တဲထား၏။ သူ့နောက်၌ သူ့ကို တင်ဆောင်လာသော အမင်္ဂလာ ရထားနီသည် ရပ်တန့်နေ၏။

သူသည် နံဘေးတွင် ရပ်နေသော ပြအမှုထမ်းနှစ်ဦးကို အလျှင်းဂရုမပြုဘဲ အကျဉ်းခန်းထဲသို့သာ ဖြေးလေး တည်ငြိမ်စွာ ဝင်လာလေသည်။ သို့သော် သူ့မျက်နှာကား ကြောက်စရာ အကောင်းဆုံးသော ရာဇဝတ်ပြစ်ဒဏ် သင့်လာခဲ့ရပြီကို ဖုံးဖိမထားနိုင်ရှာပေ။

ရထားနီသည် ထွက်ခွာမသွားသေးဘဲ ရပ်တန့်နေဆဲ ဖြစ်လေသည်။ ထို့နောက် ရထားနီပေါ်မှ အခြား အကျဉ်းသား တဦးပါ ဖြည်းဖြည်းသက်သက် ဆင်းသက်လေသည်။ သူကား အထိန်းတော်ကြီး ဖြစ်လေသည်။ ပုဝါကို လွှမ်းရစ်ထားလျှက် မျက်နှာကို အောက်သို့ ငုံ့စိုက်ထားသည်။ သူသည်လည်း ရှေ့သို့ တည်တည်ငြိမ်ငြိမ် လျှောက်လာနေသည်။

သူတို့သည် အကျဉ်ခန်းအလယ်သို့ ရောက်လာပြီး ကျုပ်ရှေ့၌ ရပ်နေကြလေသည်။ အပြင်ဘက်မှ အကျဉ်းခန်း၏ တံခါးကို ဆွဲပိတ်လိုက်၏။ အလင်းရောင်များမှာ ပျောက်ကွယ်သွားလျှက် အကျဉ်းခန်း၏ မဲမဲမှောင်မှောင် အသွင်သဏ္ဍာန် ပြန်၍ ပေါ်လာလေသည်။ မလှုပ်မရှက် ရပ်နေသော သူတို့မျက်နှာများမှာ အလင်းရောင် မှိန်သွားသဖြင့် မသဲမကွဲ ဖြစ်သွားလေသည်။ အထိန်းတော်ကြီး၏ ကိုယ်ပေါ်မှ အဖြူရောင် ပုဝါထည်သည် အမှောင်ရိပ်ထည်း၌ ထင်ရှားလာ၏။ ပေါက်ပွဲနေသော အကျဉ်းတိုက်၏ နံရံများသည် အမှောင်ထည်း၌ မထင်မရှား ပျောက်ကွယ်သွား၏။

"ကျွန်တော်ပြန်လာဘီ၊ ထင်တာတွေထက် ဆိုးကုန်ဘီ"
အချိန် အကြာကြီးကြာလှမှ ဒက္ခိဏာက ပြောလေသည်။ အထိန်းတော်ကြီးကား ခေါင်းကိုမဖော်တော့ဘဲ ငုံ့ထားလေသည်။

"အထိန်းတော်ကြီးပါ ပါလာတယ်။ ဘယ်လိုဖြစ်ရတာလဲ"
ကျုပ်က တိုးတိုးပြန်မေးသည်။

"ဒီအတိုင်းသာဖြစ်ကြ ပျက်ကြရမယ်လို့ ကျွန်မအစောကတည်းက တွက်ဆထားနှင့်တာဘဲ မြို့စားလေး။ စည်တော်ပြင်ကြက်မယ့် သတင်းကို အပြင်ဘက် ပေါက်ကြားတာ ကျွန်မကြောင့်လို့ အရှင်မ မတွက်လို့ မရပါဘူး။ အဲဒီတုန်းက စည်တော်ပြင်ကြက်မှာကို ရဟန်းနဲ့ အရှင်မနဲ့ ကျွန်မဘဲ သိထားတာဘဲ။ မထူးလှပါဘူး မြို့စားလေးရဲ့ အခု အရှင်မသတ်လို့ မသေရလဲ နောက်တော့ ဒွတ္တဘောင်သတ်ရင် သေရမယ့်အတူတူ မထူးခြားလှပါဘူး။ စည်တော် ပြင်ကြက်ပီးရင် ဒွတ္တဘောင် တိုက်မှာဘဲ"

အထိန်းတော်ကြီး၏ အသံမှာ မယုံကြည်နိုင်လောက်အောင် အေးဆေးငြိမ်သက် နေလေသည်။ မိန်းမသားတဦး၏

စကားသံပင် ဟုတ်မှ ဟုတ်ရဲ့လားဟု ထင်မှတ်ရသည်။ သူသည် ခေါင်းကို ပြန်၍မော့လိုက်ပြီး ပုဝါကို လက်ဖြင့် ကျစ်ကျစ်ဆုပ်ကိုင် ထားသည်။

"အရှင်မ သတ်လို့ မသေရလဲ ဟုတ်လား"

ဒက္ခဏာသည် ရှေ့ဘက်သို့ တိုးလာသည်။ အမှောင်ထည်း၌ ကျုပ်၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး လက်မောင်းကို လှမ်းဆုပ်လိုက်လေသည်။

"ဟုတ်ပါတယ် မြို့စား- ဘုရင်မသတ်လို့ သေရမှာဘဲ"ဟု ဒက္ခဏာ၏ ပြောနေသံမှာ တုန်ယင်နေသည်။ သူသည် ကျုပ်၏ လက်မောင်းကို တင်းတင်းဆုပ်လိုက်ပြီးမှ ပြန်၍ ပြောလိုက်လေသည်။ ထို့နောက် လက်ကို ပြန်ရုပ်သိမ်းလိုက်လျှက် ထိုအတိုင်းပင် ရပ်နေသည်။

အထိန်းတော်ကြီးသည် ငြိမ်သက်နေ၏။ သူသည် နေရာမှ မလှုပ်ရှား။ သူသည် အံ့သြဘွယ်ကောင်းသော မိန်းမတဦး ဖြစ်လေသည်။ သေရမည့် ဘေးကို အမှန်တကယ် ရင်ဆိုင်လာရလျှင် ယောကျ်ားတယောက်ပင် ရူးသွပ် သွားနိုင်ပါလျှက် သူသည် တည်ငြိမ်စွာ ရပ်နေနိုင်သေးသည်။

"ပြောပါအုံး"ဟု ကျုပ်သည် စိတ်ကို ထိန်း၍ တိုးတိုးမေးလိုက်၏။

"ရဟန်းအကြံစည်တာ ပိရိလှတယ်။ အစက ရှစ်ရက်ကြာမှ စည်တော်ကို ပြင်ကြက်မယ် ဆိုပေမယ့် အခု ခြောက်ရက်လို့ ကန့်သတ်လိုက်တယ်။ ခြောက်ရက်နေရင် ပိုပီး နက္ခတ်မိမယ်တဲ့။ အခုဆိုရင် သူလွှတ်လိုက်မယ့် စေတမန်ဟာ သီရိခေတ္တရာကို ရောက်သွားလောက်ပီ။ စည်တော် ပြင်ကြက်ပီး စည်တော်ကို စမ်းသပ် မတီးသေးခင်မယ်. . . ဗိသနိုးသားတွေဟာ စည်တော်ကို ကိုးစားပီး စစ်ပြင်ကြမှာ မဟုတ်ဖူး၊ အဲဒီအချိန်မယ် အလွယ်ကလေး ဝင်တိုက်မှာဘဲ၊ စည်တော် စမ်းတီးကြည့်ပီးလို့ ရေမကျဘူးဆိုရင် ဗိသနိုးတွေ စစ်ပြင်ကြရင် အလွယ်ကလေး ဝင်တိုက်လို့ မရဘူး။ စည်တော် ပြင်ကြက်ပီးချိန်မယ် သီရိခေတ္တရာ တပ်တွေဟာ စစ်တားကို သိမ်းထားလောက်ပီ ဒါပေမယ့် ဗိသနိုးက စစ်ပြင်ကြမှာ မဟုတ်သေးဘူး။ ရဟန်းဟာ လူတွေရဲ့ အင်အား စွမ်းအားရော၊ စည်တော်ရဲ့ တန်ခိုးစွမ်းအားရော တချက်ခုတ် နှစ်ချက်ပြတ် ကြံစည်တာဘဲ"

"ဒို့ကိစ္စကို ပြောပါ"

"စည်တော် ပြင်ကြက်မယ့်ကိစ္စမှာ မြို့စားလေးနဲ့ အပေါင်းပါနှစ်ဦးဟာ လုပ်ကြံလိမ်လည် လှည့်ဖြားတဲ့ စိတ်နဲ့ ဖျက်လို့ဖျက်ဆီး စော်ကား နှောင့်ရှက်ဝံ့တယ်တဲ့။ ဒါကြောင့် နောက်ရှစ်ရက်ကြာလို့ စည်တော်ကို စမ်းသပ်မယ့် နေ့မှာ နှောင့်ရှက်ဖျက်ဆီးသူ သုံးဦးကို သေဒဏ်ပေးရမယ်တဲ့။ နောက်ထပ် နှောင့်ရှက်ဝံ့သူ ရှိသေးရင်လဲ သည်အတိုင်းဘဲ ဆုံးဖြတ်တော် မူရလိမ့်မယ်တဲ့"

"ဘုရား . . . . ဘုရား"

"ဒီအတိုင်းဘဲ မြို့စား၊ အခုအတိုင်းဆိုတော့ တရားဥပဒေဆိုတာ မရှိတော့ပါဘူး"

"ဟုတ်တယ်လေ. . ."ဟု ကျုပ်သည် ရေရွတ်လိုက်၏။ "ရက်စက်လှချည်လား၊ သေဒဏ်ပေးဘို့ ထိုက်တဲ့ ပြစ်မှုကြီးတဲ့လား"ဟု တီးတိုး ရေရွတ်နေသံသည် တုန်ယင်နေသည်။

ကျုပ်သည် အမှောင်ထည်း၌ မျက်လုံးကို မှိတ်ထား၏။ အရှင်မက ထိုအတိုင်း ဆုံးဖြတ်လိုက်သည်ကို ကျုပ်သည် မယုံနိုင်တော့ပေ။ ရက်စက်စွာ လူသတ်မှု ကျူးလွန်လိုက်ခြင်းသာ ဖြစ်တော့သည်။ အရှင်မသည် သူ၏ သက်တော်စောင့် ဤလူငယ်ကလေး ဒက္ခဏာအား သတ်ပစ်တော့မည်။ သူနှင့် နှစ်ပေါင်းများစွာ အတူတကွ အစစအရာရာ သွန်သင် ဆောင်ရွက်ပေးနေသည့် သနားစဖွယ် ဤအထိန်းတော်ကြီးအား သတ်ပစ်တော့မည်။ အရှင်သည် သူက "သူ့ကိုယ်သူ ယုံသကဲ့သို့ ထပ်တူထပ်မျှ ယုံကြည်သည်" ဆိုသော သျှိုဝမြို့စားငယ်အား သတ်ပစ်တော့မည်။ အရှင့်အတွက် အစဉ်အမြဲ ဆောင်ရွက်နေသည့် ဤသုံးဦးအား သတ်ပစ်တော့မည်။ ထိုအခြင်းအရာသည် ယုံနိုင်ဖွယ်ရာ မဟုတ်တော့။

အရှင်သည် အနည်းဆုံးက အပျိုတော် ပစ္စယာအား စစ်ဆေးသင့်၏။ ဤကိစ္စမှာ အပျိုတော် ပစ္စယာအား စစ်မေးရုံဖြင့် ပို၍ သံသယ ရှင်းသွားနိုင်၏။ သို့မဟုတ် သမာနကဲ့သို့ လူတော်များကို စေလွှတ်ပြီး သီရိခေတ္တရာ၌ စုံစမ်းသင့်၏။

ခုအချိန်တွင် အရှင်၏နားသည် မကြားနိုင်တော့ပေ။ မျက်လုံးသည် မမြင်နိုင်တော့ပေ။ ရဟန်းသည် အရှင့်အား ဖုံးကွယ်ထား၏။ ဤကဲ့သို့ အနှိုင်းအဆ ကင်းမဲ့သော ဘုရင်တပါး၏ ခြေဖဝါးအောက်၌ ရှိသော တိုင်းပြည်သည် သူတပါး လက်အောက်သို့ ကျွန်သဘောက်အဖြစ် ကျရောက်ရုံမှတပါး အခြားနည်းလမ်းမရှိတော့။

"ငါနားမလည်နိုင်ဘူး ဒက္ခဏာ၊ စည်တော်ပြင်မှာက ခြောက်ရက်နေရင်ပြင်မယ်၊ အစမ်း တီးခတ်ကြည့်တော်မူမှာက ရှစ်ရက်နေ့မှ"

"ခြောက်ရက်အကြာမှ စည်တော်ပြင်ဆင်ဘို့ နက္ခတ် အကိုက်ညီဆုံးဖြစ်မယ့် စည်တော် စမ်းသပ်တော်မူဘို့ကျတော့ ရှစ်ရက်အကြာမှ ပိုပြီး နက္ခနဲ့ ကိုက်ညီသင့်လျော်မယ်တဲ့။ ရဟန်းအပေါ်မှာ ဘုရင်မ ယုံကြည်တော်မူတာ လွန်လွန်းလှပါတယ် မြို့စား"

"ရှစ်ရက်အကြာမှ တီးခတ်ရင် သီရိခေတ္တရာ တပ်မကြီးတွေ ဗိဿနိုးပတ်လည်မှာ ဝိုင်းထားပြီးဘီ၊ အဲဒီတော့မှ စည်တော်စမ်းလို့ ရေမကျရင် ဒို့မှာ စစ်ပြင်ချိန် လုံးလုံး မရှိတော့ဘူး"

ကျုပ်လည်း စိတ်ပျက်အားလျော့စွာဖြင့် အကျဉ်းခန်း၏ နံရံကို ကျောဖြင့် မှီကပ်လိုက်လေသည်။ အမှောင်ထည်းတွင် ကျုပ်၏ လက်များသည် အရှင်၏ ရုပ်တုတော်ကို စမ်း၍ ကိုင်မိလိုက်လေသည်။ မိမိ၏ အသနားခံသော မေတ္တာကို အရှင်မ မသိမမြင်လေရော့သလား၊ ဤမေတ္တာစိတ်တို့သည် မိမိအား သေသည်အထိ သတ်ကြတော့မည်။ အဖြစ်အပျက် အားလုံး၏ အရင်းခံမှာ အရှင့်အပေါ် စွဲလမ်းမိသော မေတ္တာ၊ ထိုမေတ္တာမှ ပေါက်ဖွား သန့်စင်လာသည့် စေတနာတို့မှ အရင်းခံ၏။ ယခုကား အရှင်မသည် မိမိအား တကြိမ်နှင့် မသေနိုင်သေး၍ နောက်တကြိမ် သတ်တော့မည်။

အထိန်းတော်ကြီးသည် ခေါင်းကို ပြန်၍မော့လိုက်ပြီး အမှောင်စမ်းစမ်းထည်း၌ ကျုပ်၏ မျက်နှာကို ရှာဖွေ ကြည့်ရှုနေသည်။ အပေါက်ငယ်မှ ဝင်လာသည့် နေရောင်များဖြင့် သူသည် ကျုပ်၏ စိတ်အတွင်း၌ ခံစားနေရသော ဝမ်းနည်း ကြေကွဲမှုများကို မြင်တွေ့နေပုံရသည်။ ရှေ့သို့ ဖြည်းဖြည်းရွေ့ရွေ့ တိုးလာလေသည်။ ကျုပ်နှင့် အလွန်နီးကပ်စွာ၌ ရပ်တန့်လိုက်ပြီးမှ သူသည် တချက်ချင်း ရှိုက်ငိုလိုက်လေသည်။

"အရှင်မက မြို့စားလေးကို ရက်စက်တော်မူမယ်လို့ တွေးခဲ့ဘူးပါရဲ့လား။ ယုံနိုင်ပါရဲ့လား"ဟု သူက ပြောနေသည်။

သူသည် တင်းထားသမျှ စိတ်များကို မခံမရပ်နိုင်တော့သည့် အဆုံး ဖြေလျှော့ချလိုက်ပုံရသည်။ သူသည် ကိုယ်ကို

ရှေ့သို့ ညွှတ်ကိုင်းထားနေ၏။ သူ့ငိုရှိုက်သံမှာ တစထက်တစ ကျယ်လောင်လာသည်။ သူ့အသားများသည် တဆတ်ဆတ် တုန်ယင်လျှက် ရှိနေသည်။

"ယုံရမှာပေါ့ . . . ယုံရမှာပေါ့"ဟု ကျပ်သည် ပွဲတင်ခတ်နေသလို တိုးတိုးရေရွတ်နေသည်။ "ဒီထက် ရက်စက်ဖို့ ရှိသေးရင်လဲ ဒီထက် ပိုပြီး ရက်စက်လိမ့်အုံးမယ်၊ အဲဒီအတိုင်းဘဲ ကျွန်တော် ယုံတယ် အထိန်းတော်ကြီး"

(၃၀)

“စစ်တားမြို့ကို သီရိခေတ္တရာ တပ်ကြီးတွေ ဝိုင်းထားဘီတဲ့”
“ဘုရင်မလဲ ဥပုတ်တော်ဆောင်က မထွက်သေးဘူးတဲ့”
“အယုဒ္ဓယ ရဟန်းလဲ စည်တော် ပြင်ကြက်ပီးကတည်းက ဥပုတ်တော်ဝင်နေသတဲ့၊ ကျောင်းကို အလုံပိတ်ပီး လောကီရေးရာမှာ ပါဝင်တော်မူမိလို့ အာပတ်ဖြေနေတယ်တဲ့”

ဗိဿနိုးမြို့တော်ကြီး၏ နေရာအနှံ့အပြား၌ ထိုစကားတို့ဖြင့် သဲသဲလှုပ်နေကြသည်။ လူပေါင်းများစွာသည် မြို့တော်သို့ ဝင်ရောက် ခိုလှုံနေကြသည်။ ထိုသူများကို နေရာချထားပေးရန် အလုပ်ရှုပ်ထွေးနေသည်။

စစ်၏ သေနာပတိကြီး ဗျဂ္ဃသူသည် ဤရက်အတွင်း၌ ဒေါသ ထိန်းချုပ်မရအောင် ပေါက်ကွဲနေသည်။ သူသည် တိုက်ရေးခိုက်ရေးအတွက် အမိန့်တော်ရယူရန် နန်းတော်ကြီးသို့ မကြာမကြာ ပြေးသွားခဲ့သော်လည်း ဘုရင်မအား ဖူးမြော်ခွင့်ပင် မရရှိနိုင်။ အမိန့်တောင်းဆိုခွင့် မရ။ “အရှင်မင်းမြတ် ဥပုတ်တော်ဆောင် ဝင်နေပါတယ်”ဟူသော စကားကိုသာ ထပ်ပြန်တလဲလဲ ကြားနာခဲ့ရ၏။

‘စစ်တားမြို့ကို ရန်သူ့ စစ်သားတွေ အထပ်ထပ် အရံရံ ပတ်လည်ပတ်လုံး ဝိုင်းဝန်းပိတ်ဆို့ ထားဘီ၊ တိုက်နေကြဘီ၊ ဒီကိုလဲ မနက်ဖြန်လား ရောက်လာတော့မယ်၊ ဥပုတ်တော်ဆောင်က အရှင်မင်းမြတ် ထွက်တော်မူမလာသေးခင် ရန်သူတွေရောက်လာမှ ကျုပ်တို့ ရင်ကွဲနာကျပီး သေပြလိုက်ကြပါစို့၊ ကျုပ်တို့ စစ်သည်ဆိုတာကတော့ တိုက်ဖို့ဘဲ နားလယ်တယ်။ ရန်သူလာရင် တိုက်မယ်၊ ဒါဘဲ နားလယ်တယ်”ဟု ဗျဂ္ဃသူသည် သက်တော်ရှည် ဝန်တဦးကို အော်ဟစ် ပြောဆိုခဲ့၏။

“ပြတ်ပြတ်ရှင်းရှင်း အမိန့်တော်မြတ်ကို လိုချင်တယ်၊ တိုက်ရမှာလား တိုက်မယ်။ ပြေးရမှာလား ပြေးမယ်။ ဒီအတိုင်း နေရတာတော့ စစ်သည် မပီသကြတော့ဘူး”

“ကျုပ်တို့ ဒီမြို့ထဲမှာထည့်ပီး အလုံပိတ်ထားသလို နေရမှာတော့ မနေချင်တာ အမှန်ဘဲ၊ ထွက်ပီးတိုက်မယ်။ ဒီမြို့ထဲမယ် ပိတ်မိနေရင် ရန်သူ မထိုးဖောက်နိုင်တောင် ရိက္ခာပြတ်နာနဲ့တင် အရှုံးပေးလိုက်ရမယ်”

သေနာပတိကြီး ဗျဂ္ဃသူ၏ ဆန္ဒကား ရန်သူများကို ကြို၍ တိုက်လိုလေသည်။ လမ်းမှဖြတ်၍ တိုက်ရလျှင် တောင်ကြားလမ်းများ၊ ချောက်ကြို မြောင်ကြိုများတွင် ရန်သူတရာနှင့် မိမိဘက်မှ ဆယ်ယောက်မျှသည်။ ရန်သူတို့သည် မုချ မထိုးဖောက်နိုင်ဘဲ ရှိမည် ဟူ၍ သူသည် ယုံကြည် ယူဆထား၏။

သို့သော်လည်း တဖြေးဖြေး သူသည် စိတ်လျှော့လာရလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ စစ်သည် အပေါင်းသည် စစ်မတိုက်လိုကြတော့ဘဲ၊ တိုက်ခိုက်ခြင်း အလုပ်ကို အတုလ စည်တော်ကသာ ပြုလုပ်သွားလိမ့်မည်ဟု ယုံကြည်နေကြသောကြောင့် ဖြစ်လေသည်။

ယခုလည်း ညီလာတော်ခံ ခန်းမဆောင်၌ သူသည် စိတ်ပျက်ဒေါသ ထွက်နေသည်။

စစ်တားမြို့ကြီးများကို ရန်သူများ သိမ်းပိုက်ပြီးနေပြီ။ ရန်သူ့ တပ်မကြီးများသည် စစ်တားကို ကျော်လွန်ပီး အင်အားကြီးမားလှစွာ တက်ရောက် လာနေပြီ။ နန်းတော်သို့ ထွက်မလာမီ ကလေး၌ပင် သူ့ထံသို့ လူပေါင်း ခြောက်ဆယ်ခန့် ရောက်လာသည်။ ထိုသူများမှာ စစ်တားမြို့စောင့်တပ်မှ စစ်သည်များဖြစ်၏။ အားလုံးမှာ ဒဏ်ရာဒဏ်ချက်ပေါင်း မြောက်များစွာ ရထားလျှက် တယောက်သာလျှင် ဒဏ်ရာအလျှင်းမရှိဘဲ လွတ်မြောက်

လာသည်။ သို့သော် ထိုသူမှာလည်း သွေးပျက်၍ ရှူးသွပ်နေပြီ။ "လူတွေကို သတ်နေပါတယ်"ဟူ၍သာ အော်ဟစ်ငိုယိုနေခဲ့၏။

ဘုရင်မသည် ရာဇပလင်ပေါ်၌ ငြိမ်သက်နေသည်။ လှုပ်ရှားမှု အလျှင်းမပြု။ အသက်ပင်မရှူဟု ထင်မှတ်ရလေသည်။

စစ်သေနာပတိ၏ မျက်နှာ၌ ဇောချွေးများ ပြန်နေသည်။ ဤသို့ ငြိမ်သက်တိတ်ဆိတ်နေခြင်းကို သူသည် သည်းမခံနိုင်တော့ပေ။ ယခု အတိုင်းဆိုလျှင် ညီလာတော်ခံ ခန်းမဆောင်၌ အသက်ဝိညာဉ် ကင်းမဲ့နေသူများချည်း စုဝေး ရောက်ရှိနေသကဲ့သို့ ဖြစ်လေသည်။

"ကျွန်တော် လျှောက်တင်ပါမယ် အရှင် ခြေမြန်တော်များ သတင်းပို့ကြတဲ့ အတိုင်းဆိုရင် ဒီနေ့မှာ စစ်တားမြို့ကြီး ကျဆုံးသွားခဲ့ရပါဘီ။ နယ်ခြားစောင့်တပ်များလဲ အကွဲကွဲ အပြားပြားဖြစ်ပီး မြို့တော်ထဲကို ပြန်ပြေးလာနေကြရကုန်ပါဘီ။ အခု ကျွန်တော်များကို ထွက်တိုက်ခွင့် ပေးသနားတော်မူမယ်ဆိုရင် ရန်သူများကို ပိတ်ဆို့ပီး ဖြိုဖျက်နိုင်မယ့် တောင်ကြားတခုကို အရယူနိုင်ပါသေးတယ် အရှင်။ တောင်ကြားကနေပီး တန်းစီဝင်လာနေသလိုဝင်လာနေကြရမယ့် ရန်သူများကို ဆီးပီး တဦးစီ တဦးစီကို တိုက်ခိုက်နေရရုံလောက်အထိ လွယ်ကူပါတယ်။ အဲဒီ တောင်ကြားကလွဲရင် သည့်ပြင်လမ်းလဲ သူတို့မှာ မရှိကြပါဘူး။ ကျွန်တော်များ တပ်တွေအားလုံး အသင့်ဖြစ်နေကြပါဘီ အရှင်. . .။ ချက်ခြင်း တိုက်ခိုက်ခွင့် အမိန့်ထုတ်ဆင့်တော်မူပါမှ အချိန်မီ တောင်ကြားကို သိမ်းပိုက်နိုင်ပါမယ်"

စစ်သေနာပတိကြီး ဗျဂ္ဃသူ၏ အသံသည် ငြိမ်သက်နေသော ညီလာခံအပေါ်၌ အင်အားကြီးမားစွာ လွှမ်းမိုးလျက်ရှိသည်။ သူသည် စစ်သည်တဦး ပီသနေလျှက် သူ့လျှောက်တင်သံမှာ တင်းမာပြတ်သား ရှင်းလင်းလှ၍ သူ၏ သွေးဆူပွက်နေမှုများကို ပေါ်လွင်စေသည်။ သူသည် လျှောက်တင်နေရင်း စိတ်၌ မငြိမ်မသက် ဖြစ်နေသည်။ ယခုချက်ခြင်း တိုက်မိန့်ယူ၊ ယခုချက်ခြင်း တပ်မကြီးများကို အပြင်းချီတက် သွားနေလိုသည်။ သူ့လက်များသည် ချွေးများ စေးထန်းနေလျက် သူသည် အငြိမ်ရပ်တည် မနေနိုင်အောင် ဖြစ်နေသည်။

"ကျွန်တော် တပ်များလည်း အသင့် ရှိနေပါတယ် အရှင်"ဟု မြို့တော်ဝန်သည် အတန်ကြာလျှင် တင်လျှောက်လိုက်၏။ သို့သော် မြို့တော်ဝန်၏ အသံမှာ အင်အားမရှိ။ တိုးသက်နေသည်။ စိတ်ပါဝင်စားဖွယ် မရှိဘဲ ပျင်းရိခြောက်ကပ်နေသည်။ သူသည်လည်း တိုက်ခိုက်လိုစိတ် မရှိ။

ထို့နောက် ညီလာတော်ခံမှာ ပြန်လည် အသက်ကင်းမဲ့ သွားသကဲ့သို့ ငြိမ်သက် တိတ်ဆိတ်သွားလေသည်။ အဆင့်ဆင့် စီမံထားရာမှ ပေါ်ထွက်လာသည့် နေရောင်ခြည် အလင်းရောင်များသည် လူတိုင်း၏ မျက်နှာများကို မီးရောင် ထိန်လင်းစွာ ထွန်းညှိ ပြနေသကဲ့သို့ ရှိသည်။ သက်တော်ရှည်တို့သည် ခေါင်းငိုက်စိုက်ကျလျက် တွေဝေနေသကဲ့သို့ ရှိသည်။

အရှင်သည်လည်း ငြိမ်သက်တော်မူနေမြဲ။ နေရာမှ မလှုပ်ရှား။ အသက်ဇီဝ ကင်းမဲ့နေသည့် အလားပင်။ စစ်သေနာ ပတိကြီး၏ စစ်မာန်ဟုန်ဖြင့် တင်လျှောက်နေသံကိုလည်း မကြားဘိသကဲ့သို့ ရှိသည်။ သည်ကိစ္စသည် အရှင်မနှင့် မစပ်ဆိုင်သကဲ့သို့ ရှိသည်။ စစ်တားမြို့ကြီး ကျဆုံးသွားခြင်း၊ ရန်သူ့တပ်များ အင်အားကြီးမားစွာ ဆက်လက်၍ ချီတက်လာခြင်းသည် အရှင်မနှင့် မပတ်သက်သေး။

စစ်သေနာပတိကြီးသည် လက်ဝါးချင်း မသိမသာ ပွတ်သပ်နေသည်။ ဤနေရာမှ ထွက်ပြေး စွန့်ခွာသွားလိုသည်အထိ စိတ်ဓာတ်လျှောကျ နေသည်။

ပညာရှိပိုင်းသည်လည်း ငြိမ်သက်နေ၏။ အကြာကြီးကြာမှ ပညာရှိတဦးသည် သူ့ကိုယ်သူ ပြန်၍ ပြောပြနေသကဲ့သို့ "သူတို့ သူငယ်ကလေးတွေက ဓားနဲ့ မြားနဲ့တိုက်မှ စစ်တိုက်သည် မည်တယ်လို့ တရားသေ စွဲမှတ်ထားကြတယ်၊ တန်ခိုးတော်နဲ့ တိုက်ရမယ့် တိုက်ပွဲကို ဓားနဲ့မြားဟာ ဘယ်လာ ယှဉ်တုနိုင်ပါ့မလဲ"ဟု တီးတိုး ရေရွတ်လေသည်။

ခဏနေလျှင် အခြား ပညာရှိတဦးသည် ဆောင်ပုဒ် ဂါထာတပုဒ်ကို တီးတိုး ရေရွတ်ပြန်လေသည်။

"တန်ခိုးတော်အရာဖြင့် နတ်ပြဟ္မာတပါးက လက်ညှိုးညွှန် ဟန့်တားလျှင် ခေါဘာဏီတပ်ကြီးများ ရပ်တန့်နေအံ့"ဟု သူ၏ ဂါထာ တီးတိုး ရွတ်ဆိုသံသည် ငြိမ်သက်နေသော ညီလာခံတခုလုံးမှ ကြားနေရသည်။

ဗျဂ္ဂသူသည် အံကို မသိမသာ ကြိတ်လိုက်၏။ "ဒို့က စစ်သည်တွေဘဲ၊ ဒို့ကတော့ တိုက်ဖို့ဘဲ နားလည်တယ်၊ အခု တိုက်ရမလား။ ဘယ်သူနဲ့ဖြစ်ဖြစ် တယောက်ချင်း မသေမချင်း တိုက်ကြစို့ ဆိုရင်လဲ အခု ထတိုက်လိုက်ချင်တယ်"ဟု သူသည် တီးတိုးပြန်ပြော၏။ ထိုအသံသည် လုံနေသော ခန်းမတော်ဆောင်၌ ဟိုမှသည်မှ ကြားရလျှက် လူတိုင်း၏ နားဝသို့ ဝင်ရောက်သွားသည်။

ထို့နောက် ညီလာတော်ခံသည် ပြန်လည်၍ တိတ်ဆိတ် ငြိမ်သက်သွားပြန်လေသည်။ အတန်ကြာမှ အခြား တီးတိုးသံများ ထွက်ပေါ်လာသည်။ ညီလာတော်ခံသည် တဖြည်းဖြည်း နှစ်ခြမ်း ကွဲသွားတော့မည်ကဲ့သို့ ထင်မှတ်လာရသည်။

ဘုရင်မသည် မည်သည့်စကား၊ မည်သည့်အသံကိုမျှ မကြားမသိ သကဲ့သို့ ငြိမ်သက်မြဲ ငြိမ်သက်နေလျှက်ပင် တကား။

မိမိသည် ကရစ်သျှန်၏ သမီးတော်၊ နာယာယန အရှင်၏ နှမတော်၊ လွန်ခဲ့သည် နှစ်ပေါင်း တသောင်းက ဤစကြာဝဠာထက်၌ စကြာဝတေးမင်း ဖြစ်ခဲ့ဘူး၏။ ထိုစဉ်က အစွမ်းတန်ခိုးအပေါင်း စုညောင်းရာ ထက်မြက်လှသော လက်ဝတ်တော်ရတနာကို ယခုမိမိ၏ လက်၌ ဆေးဝါးမန္တာန်တို့ စီရင်၍ ဝတ်ဆင်ထားပြီး အတုလအား တီးခတ်လျှင် လိုရာ တ-ရာ ရတော့မည်။ ရပယ်ချောင်း ရေများလျှံ၍ ကျလာလျှက် ရန်သူအပေါင်းအား သေကြေပျက်စီး မျောပါစေလို သလော. . .။ ဒွတ္တဘောင် ဗိဿနိုး အနီးသို့ရောက်လာမှ စည်တော်ကို တီးခတ်လျှင် အခစား ဝင်ရောက်ခိုင်းမည်လော. . .။ အရာရာကို တန်ခိုးတော်များ အားဖြင့်သာ အဆုံးသတ်စေအံ့။

ထို့နောက် ဘုရင်သည် ရာဇပလင်ထက်မှ အနည်းငယ်မျှ လူးလွန့် လှုပ်ရှားတော်မူလေသည်။

ထို့နောက် "မော်၍ ဖူးမျှော်ကြစေ"ဟု အရှင်မသည် တိုးတိုးသက်သက် မိန့်မြွက်တော် မူလိုက်လေသည်။

ထိုမိန့်မြွက်တော် မူသံသည် တပါးသော အရပ်မှ လာသကဲ့သို့ ရှိသည်။ နံရံများကို တိုးသက်ညင်သာစွာ တိုးဝှေ့ပြီး နံရံများမှ တဖန် တိုးသက်ညင်သာစွာ ပြန်လာသည်။ ထိုအသံသည် စိတ်ဓာတ်အပေါင်းကို ရုတ်တရက် ချိုးဖျက်လိုက်သကဲ့သို့ ရှိသည်။ ရုတ်တရက် ညီလာခံသည် ပြန်၍ ငြိမ်သက်သွား၏။ ထို့နောက် အားလုံးသည် ရာဇပလင် ရှိရာသို့ မော်၍ ကြည့်ရှုလိုက်ကြလေသည်။

ထိုအချိန်၌ ဘုရင်မသည် မျက်နှာတော်ပေါ်၌ လွှမ်းထားသည့် ပုဝါကို ဖြည်းညှင်းစွာ ဖွင့်လှစ်လေသည်။ ထို့နောက် ပုဝါကို ပခုံးတော်ထက်၌ တင်လိုက်လေသည်။ ညီလာတော်ခံ ခန်းမဆောင်တော် တခုလုံးသည် အသက်လုံးဝ

ကင်းမဲ့သွားကြဘိ သကဲ့သို့ ငြိမ်သက်တွေဝေ မိန်းမောသွားလေသည်။ အသက်ရှူသံကလေး တချက်မျှ မကြားရ၊ နေရာရွှေ့သံကလေး အနည်းငယ်မျှပင် မထွက်ပေါ်လာတော့ပေ။

အရှင်မ၏ အလှများကြောင့်ချည်းကား မဟုတ်ပေ။

ထိုအခါတွင် အရှင်မ၏ မျက်နှာတော်ပေါ်၌ ကြောက်မက်ဖွယ်ရာ ကောင်းလှသော၊ တန်ခိုးအင်အား စွမ်းအား ကြီးမားလှသော အရာအပေါင်း လွှမ်းခြုံနေသည်ဟု ထင်မှတ်ရသည်။ မျက်နှာတော်ကား ရိုးရိုးသွေးသားတို့ဖြင့် တည်ဆောက်၍ ထားသည်ဟူ၍ မထင်ရဘဲ တန်ခိုးတော်များဖြင့် ဖန်ဆင်း၍ ထားသည်ဟု ထင်ရသည်။ ဖူးမျှော်မိသူများသည် ခဏ၌ကား ငေးမောတွေဝေ မူးမိုင်းသွားသကဲ့သို့ နှလုံးအခုန် ရပ်ဆိုင်းသွားကြဘိ သကဲ့သို့ ရှိသည်။ အရှင်မသည် အတုလ စည်တော်အပေါ်၌ အလွန်ခိုင်ကျည်စွာ ယုံကြည်သည်။ ထိုယုံကြည်မှု အပေါင်းသည် ယခုအခါ၌ အရှင်၏ မျက်နှာတော်ပေါ်၌ ကူးယူ ဖော်ပြနေသကဲ့သို့ ရှိပြီး ယုံကြည်မှုတို့သည် နေရာအနှံ့သို့ ပျံ့နှံ့သိမ်းသွင်း ကူးစက်နေစေသည်။

ထို့နောက် အရှင်မသည် ပုဝါကို ဖြည်းနှေးလှစွာ ပြန်၍ လွှမ်းခြုံတော်မူနေလေသည်။ ထို့နောက် သက္ကဋ္ဌဘာသာဖြင့် ဂါထာရွတ်ဘိ သကဲသို့ မိန့်ခွန်းတော်ကို စတင်မြွက်ကြားသည်။ တိကျသော၊ တင်းမာသော၊ ခိုင်ကျည်သော အသံတော်ဖြင့် ညီလာခံတခုလုံးကို မြွေ၏ အကြေးခွံများနှင့် ရစ်ပတ်ထားသကဲ့သို့ အေးစက်စွာ မလှုပ်ရှား နိုင်တော့အောင် ရစ်ပတ်ထားသည်။

*"အဘယ် စစ်ရေးစစ်ရာမှူး အပေါင်းတို့။*
*ကျွန်ုပ်ကား ကရစ်သျှန ဖခင်၏ သမီးတော်တည်း။*
*ကျွန်ုပ်ကား နာယာယန အရှင်၏ နှမတော်တည်း။*
*ကျွန်ုပ်ကား ဤတသောင်းသော စကြာဝဠာ၌ စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။*
*အင်း၊ အိုင်၊ ခလှဲ့တို့ဖြင့် ပြီးအပ်သော နဝရတ် လက်ဝတ်ကို ပိုင်သ၏။*

*တန်ခိုးတော်တို့ဖြင့် ပြီးအပ်သော အတုလကိုပိုင်၏။*
*အင်း၊ အိုင်၊ ခလှဲ့ အတတ်တို့၏ ဘုရင်ဖြစ်၏။*
*အို. . . စစ်ရေး စစ်ရာမှူး အပေါင်းတို့။*
*အတုလအား တီးခတ်ရှုံမှုဖြင့် ရန်သူများအား ရေသည် ဝါးမျိုခဲ့ပြီး မဟုတ်တုံလော။*
*ယခုကား စည်တော်အား တိုး၍ တန်ခိုးဖြင့်လွှမ်းစေခဲ့ပြီ။*
*ဓားတို့ဖြင့် တိုက်ရန် လိုပါသေး၏လော။*
*တန်ခိုးတော်အား မည်သူ အန်တု ဆန့်ကျင်နိုင်မည်နည်း။*
*အဖကရစ်သျှနအား အဘယ်သူ ယှဉ်ပြိုင်နိုင်အံ့နည်း။*
*နာယာယနအား အဘယ်သူ တုပတွံ့အံ့နည်း။*
*ပြောကြပါကုန်လော့။*
*ပြောကြပါကုန်လော့"။*

ထိုအသံတို့သည် မိမိနှုတ်တော်များမှ ထွက်ပေါ်နေသော်လည်း မိမိပြောဆိုသည်ကား မဟုတ်မူ၍ ဘုရင်မသည် သိနေ၏။ တစုံတရာသော တန်ခိုးဣဒ္ဓိတို့က ပြောသည်။ အဖကရစ်သျှန ကိုယ်တော်တိုင် နှုတ်ဖျား စိတ်နှလုံးကို စီး၍ မိန့်မြွက်သည်။ မိမိကား တန်ဆာပလာ ပစ္စည်းရုပ်တခုမျှသာ ဖြစ်ချေ၏။ မိမိ၏ စိတ်တို့သည် ကိုယ်တွင်း၌မရှိ။ သွေးရိုးသွေးသားတို့သည် မိမိ၏ ကိုယ်ပေါ်တွင် မရှိတော့. . . စသည်ဖြင့် ထင်မြင် ယုံကြည်နေ၏။

http://cyberbooks.myanmarchat.org


ဘုရင်မ၏ အသံတော်၌ ယုံကြည်မှုအင်အားများ အပြိုင်းအပြိုင်း ပါရှိ၏။ ထိုအင်အားတို့သည် ညီလာခံကြီး တခုလုံးကို မလှုပ်ရှား နိုင်တော့အောင် ဖုံးလွှမ်းရစ်ပတ်ထားသည်။ ဘုရင်မ၏ အသံလှိုင်းအောက်တွင် ညီလာခံကြီး မလှုပ်နိုင် မယှက်နိုင်စရာ မျောပါနေလေသည်။

ညီလာခံ၌ ရှိနေသူများ၏ မှုရင်းစိတ်ဓာတ်များ လွင့်စင်သွားလျှက် လိပ်ပြာငယ်နေကြသည်။ အရှင်၏ အသံသည် မှုရင်းစိတ်ဓာတ် အပေါင်းကို အပိုင်းပိုင်း အတစ်တစ် ဆွဲထုတ်ပစ်လေသည်။ ကြက်သီးထ မိန်းမောကုန်သည်။ လူအပေါင်းသည် အစကတည်းက အရှင်မ၏ တန်ခိုးတော်အပေါ်၊ အတုလ အပေါ်၌ ယုံကြည်ရင်းစွဲ ရှိပြီး ဖြစ်လေသည်။

“ပြောကြပါကုန်လော့”
“တင်လျှောက်ကြပါကုန်လော့”

ညီလာတော်ခံမှာ မှုးမှိုင်းသကဲ့သို့ ငြိမ်သက်နေဆဲ။ မည်သူကမျှ စကားတလုံးတပါဒမျှ မဖွင့်ဟနိုင်။ လူများသည် မလှုပ်ရှား၊ အသက် မရှုနိုင်ကြသေးပေ။

ထို့နောက် “မဟုတ်ကြဘူးလား စစ်ရေးစစ်ရာမျုး အပေါင်းတို့ရဲ့ ကျွန်ုပ်တို့ စောင့်နေကြရုံပါဘဲ၊ ရန်သူများ ရေနောက် ပါကုန်ကြတာကို စောင့်ကြည့်နေကြရုံပါဘဲ စစ်ရေး စစ်ရာမျုးတို့”ဟု အရှင်မသည် ချိုအေးစွာ မှုရင်းအသံတော်ဖြင့် မိန့်မြွက်တော် မူလိုက်လေသည်။

ထိုအသံသည် အားလုံးကို မူရင်းနေရာများသို့ ပြန်၍ ပို့ဆောင် ပေးနေပေသည်။

(၃၁)

လေသာဆောင် တံခါးဝတွင် တပ်ဗိုလ်သည် သူ့ခါးပေါ်မှ ဓားရိုးပေါ်သို့ လက်ကို သာသာဖွဖွ တင်လိုက်လေသည်။ သူသည် ဓားရိုးကို လက်ဖြင့် အုပ်ထားလိုက်၏။ ထိုအပြုအမူသည် မြို့တော်ဝန် သူဇာအား သိသိသာသာ ခြိမ်းခြောက်လိုက်ခြင်း ဖြစ်တော့သည်။ တပ်ဗိုလ်၏ မျက်နှာမှာ ချွေးစေးများဖြင့် စေးထန်းနေသည်။ အသားတို့မှာ နေရောင်ထည်း၌ ပြောင်လက်နေသည်။ တပ်ဗိုလ်သည် နှုတ်ခမ်းကို စိစိစေ့ထား၏။ သူသည် ယတိပြတ် ဆုံးဖြတ်ထားပုံရသည်။ တပ်ဗိုလ်သည် ရတနာ ပန်းပင်များအောက်ရှိ မြို့တော်ဝန်၏ သက်တော်စောင့် စစ်သည်များကို မသိမသာ လှမ်း၍ ကြည့်လိုက်လေသည်။

"ကျုပ်တို့က စစ်သည်တွေဘဲ မြို့တော်ဝန်မင်းဘုရားရဲ့ ဘာဘဲဖြစ်ဖြစ် ရန်သူကို တိုက်ဖို့ဟာ ကျုပ်တို့တာဝန်လို့ နားလယ်တယ်။ ဒီအတိုင်း ရန်သူ့ ဓားအောက်မှာ လည်ပင်းစင်း မပေးထားနိုင်ဘူး။ စစ်သည်ပီပီ သူတိုက် ကိုယ်တိုက် သူသေကိုယ်သေဘဲ ကြိုက်တယ်။ ဟိုခွေးမသားတွေရဲ့ စစ်ချီလာသံကြားလား။ စစ်တားက သူ့တို့ ထွက်လာတာ ကြာဘီ၊ အခု လမ်းရဲ့ လေးပုံ သုံးပုံရောက်နေဘီ။ လေးပုံ တပုံလောက်ပဲ ကျန်တယ်။ အခုချက်ခြင်း ကျုပ်တို့ ထွက်တိုက်ရမှ ဖြစ်မယ်။ ကျုပ်စစ်သည်တွေ အားလုံး အသင့်ဖြစ်နေဘီ။ ကျုပ်က ဒီက မြို့တော်ဝန်မင်းဘုရားရဲ့ အမိန့်ကို ယူသွားရုံဘဲ"

မြို့တော်ဝန်သည် သူ့နဖူး၌ ဖွာကျနေသည့် ဆံပင်ဖြူများကို သပ်တင်လိုက်သည်။ သူ့လက်များသည် မသိမသာ တုန်ယင်နေ၏။ ယခု သူ့လက်အောက်ခံ တပ်ဗိုလ်၏ စကားများမှာ သိသိသာသာ ခြိမ်းခြောက်နေ၏။ ထိုသူသည် မည်သည့်ကိစ္စကို မဆို တကယ်ပင် လုပ်မည့်သူမျိုး ဖြစ်သည်ကိုလည်း မြို့တော်ဝန်သည် သိနေ၏။

"မောင် ရူးနေတာလား။ လူ၊ ဓား၊ လေး၊ မြှားက တိုက်စရာ မလိုဘူး၊ တန်ခိုးတော်နဲ့ တိုက်ရမယ်လို့ အမိန့်တော်မြတ် ထုတ်ဆင့်ထားတာ မကြားဘူးလား။ ကျွန်ုပ် အရှင့်အမိန့်တော်မြတ်ကို မနာယူဘဲ ဘာအမိန့်မှ ထုတ်ဆင့် မပေးနိုင်ဘူး၊ မောင် အခုချက်ခြင်း ဆင်းသွားတော့"

တပ်ဗိုလ်သည် လျှင်မြန်စွာ ရှေ့နေပူရှိန် ပြင်းရာဘက်သို့ တလှမ်းတိုးလိုက်လေသည်။ သူသည် လက်တဖက်ဖြင့် မြို့တော်ဝန်၏ လက်ကို ဖမ်းဆုပ်လိုက်၏။ သန်မာသည့် လက်ချောင်းများသည် သံတုံးများဖြင့် ဖိညှပ် လိုက်သည့်အတိုင်း ညှပ်၍ ဆုပ်ကိုင်ထား၏။ သူက အသံတိုးတိုးမာမာဖြင့် "ကျုပ် တိုးတိုးပြောနေတာ တိုးတိုးဘဲ ပြန်ပြော မင်းဘုရားရဲ့၊ ကျုပ် ခင်ဗျားထက် အဆမတန် ဒေါသဖြစ်နေတယ်။ လှမ်းကြည့်စမ်း၊ ခင်ဗျား သက်တော်စောင့် စုစုပေါင်းမှ ဆယ်ယောက်ထဲ ရှိတယ်။ ကိုယ့်ဃို့ကားယား လုပ်ရင် ခင်ဗျားကို အရင်သတ်ပီးမှ ခင်ဗျားလူ ဆယ်ယောက်စလုံးကို ကျုပ်သတ်သွားမယ်။ ခင်ဗျားလူတွေထဲ ဓားခုတ်တတ်တဲ့လူ တယောက်မှ မပါ ပါဘူး။ သမာနလို့ ကျုပ်နာမည် ထုတ်ပြောလိုက်ရုံနဲ့ မျက်လုံးပြာကုန်ကြမယ့် လူတွေ။ ကျုပ် အိမ်နောက်ဖက်က တက်လာတာ ခင်ဗျားလူတွေ တယောက်မှ သိတာ မဟုတ်ဘူး။ ကျုပ် မြင်းအဆင်သင့် ထားခဲ့တယ်"

"မောင် ကျွန်ုပ်ကို ခြိမ်းခြောက်ဝံ့သလား။ သီရိခေတ္တရာ စစ်သည်တွေ ရေနောက်ပါသွားပီးရင် မောင့်ကို ကျွန်ုပ် ဘယ်လို အပြစ်မျိုး ပေးနိုင်တယ်ဆိုတာရော တွေးမိရဲ့လား"

"ခြိမ်းခြောက်နေတာ မဟုတ်ဖူး မြို့တော်ဝန်မင်းဘုရားရဲ့။ ကဲ ဟောဒီအမိန့်တော် အလွှာမယ် လက်မှတ် ရေးထိုးလိုက် သို့မဟုတ်ရင် ခင်ဗျားကို ကျုပ် သတ်ပစ်လိုက်ရမှာဘဲ။ ဒါ အတိအကျ ဆုံးဖြတ်ထားတာ"

မြို့တော်ဝန်သည် ဤငယ်ရွယ်နုပျိုသော တပ်ဗိုလ်၏ မျက်နှာကို စူးစိုက်ကြည့်နေလိုက်၏။ ဤ တပ်ဗိုလ်ငယ်သည်

http://cyberbooks.myanmarchat.org


ရှုံ့သွပ်နေပြီထင်၏။ ဓားဖြင့် မာနလွန်ကဲစွာ ဟောက်လျှက် ရှိ၏။ ဓားဖြင့် ထွက်တိုက်ခွင့် တောင်းဆိုနေသည်မှာ သူ့ကိုယ်သူ သေခွင့်တောင်း နေခြင်းပင် ဖြစ်တော့သည်။ ဤသူငယ်အား သီရိခေတ္တရာသား အချို့က "လူ့ဘီလူး"ဟု ခေါ်ဆိုကြခြင်းမှာ ဤသူငယ်၏ ကြမ်းတမ်း ရက်စက်လွန်းစွာ ပြုလုပ်တတ်မှုတို့ကြောင့် ဖြစ်မည်။ ယခုလည်း သူသည် နှုတ်ခမ်းကို ပို၍ ဖိကိုက်လိုက်လျှက် ဓားကို အနည်းငယ်မျှ ဆွဲထုတ်ထားသည်။ သူသည် မည်သည့် အရာကိုမျှမဆို တကယ်လုပ်တော့မည်။

တပ်ဗိုလ်သည် လက်တဖက်ဖြင့် ခါးပုံစမှ ပေရွက်လွှာတခုကို ထုတ်ယူပြီး လှမ်းပေးနေသည်။ မြို့တော်ဝန်သည် လှမ်းယူပြီး ဖတ်ကြည့်နေ၏။

တပ်ဗိုလ် သမာန၏ တပ်အား ရန်သူများကို အဆောတလျင် တိုက်ထုတ်ခွင့် ပြုသည်ဟု မြို့တော်ဝန်သည် ရေရွတ်ကြည့်နေ၏။ လက်မှတ်ရေးမထိုးဟု ငြင်းပယ်၍ကား မရတော့။ သို့သော် ဤသူငယ် အောက်သို့ ဆင်းသွားမှ အချက်ပေး ဖမ်းဆီးလိုက်ရန် မြို့တော်ဝန်သည် စဉ်းစားလိုက်၏။

"ကျွန်ုပ်က လေသာဆောင်ကို ကညစ်တံ ယူလာလေ့ မရှိပေဘူး"
"အို ကျွန်တော်မယ့် အဆင့်သင့် ပါလာပါတယ် မြို့ဝန်မင်းဘုရား"
မြို့တော်ဝန်သည် ကညစ်တံကိုယူ၍ လက်မှတ် ရေးထိုးလိုက်၏။ ထို့နောက် အမိန့်စာကို ပေးလိုက်ပြီး အေးအေးဆေးဆေး လှည့်ထွက်သွားရန် ပြင်လိုက်လေသည်။ သို့သော် တပ်ဗိုလ်သည် မြို့တော်ဝန်၏ လက်တဖက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်ပြန်သည်။

"ကျွန်တော့်ကို မြို့တော်ဝန်မင်းဘုရားကိုယ်တိုင် ခြံဝင်းအပြင်ဖက် ကျွန်တော့် မြင်းအနားရောက်အောင် လိုက်ပို့တော် မူစေလိုပါတယ်"ဟု သူသည် တိုးတိုးတိတ်တိတ် ပြောပြီး ရယ်လိုက်လေသည်။

+ + + + + + + + + + + + +

ကျုပ်တို့အား ကွပ်မျက်မည့်နေ့မှာ အတုလစည်တော်ကြီးအား ပြင်ဆင်၍ ကြက်ပြီးနောက် ပထမဆုံး ဟည်းမည့်နေ့ ဖြစ်သော်လည်း ဤနေ့တွင် အခြားအကြောင်းမျာပါ တိုက်ဆိုင်နေတော့သည်။

အကြောင်းမှာ ထိုနေ့ ညနေပိုင်း၌ပင် ကျုပ်ကြိုတင်၍ တွက်ဆထားသည့် အတိုင်း ရန်သူ့ တပ်မကြီးပေါင်း များစွာသည် စစ်တားမြို့ကို အလွယ်တကူ သိမ်းပိုက်ပြီးနောက် ဗိဿနိုးမြို့တော်ကြီးကိုပါ သိမ်းရန် အပြင်း ချီတတ်လာနေသောကြောင့် ဖြစ်ပေသည်။

ကျုပ်တို့ အမင်္ဂလာ ရထားပေါ်သို့ ရောက်သောအခါ အထိန်းတော်ကြီးမှာ မေ့မျောနေလေပြီ။ ဒက္ခဏာကို ပွေ့တင်လိုက်ကြပြီး ဒက္ခဏာသည် သံကုန်အော်ဟစ်ကာ ဆဲရေးတိုင်းထွာ နေတော့သည်။ ထိုအချိန်၌ ဝင်လုဆဲဆဲ နေရောင်အောက်တွင် စစ်တားမြို့ကြီးဘက်မှ ကောင်းကင်သို့ ထိုးတက်နေသော မီးစွယ် မီးတောက်ကြီးများ မီးခိုးများကို မြင်ရလေသည်။ မိုးကောင်းကင် တခုလုံး ပြိုကြတော့မည့်အတိုင်း ကြီးစွာသော အသံများသည် အော်ဟစ်ကြွေးကာ စစ်ချီတက်လာသံကို ကြားရလေသည်။

ကျုပ်သည် ကျဉ်းကျပ်လှသော အမင်္ဂလာ ရထားထည်း၌ လဲကျနေရာမှ လူးလဲထရင်း ဤတကြိမ်၌လည်း ကျုပ်မှာ လွတ်မြောက်လိမ့်ဦးမည်ဟု ပြင်းစွာ ယုံကြည်နေသည်။

"တိတ်စမ်းဟေ့ ဒက္ခဏာ၊ စစ်တားမြို့ကြီး မီးလောင်နေတာ မြင်ရသလား၊ ရန်သူ့တပ်တွေ တက်လာနေသံ

http://cyberbooks.myanmarchat.org



ကြားရသလား” ကျုပ်က အော်ဟစ် ပြောဆိုလိုက်လေသည်။

အမင်္ဂလာ၏ တံခါးများကို အာဏာတို့သည် ဆောင့်တွန်းပိတ်လိုက်ကြ၏။ အမင်္ဂလာရထား စတင်ထွက်ခွာသွားသံ မြင်းကြာပွတ်ခတ်သံ၊ ဘီးများလိမ့်သံများကို ဆူညံစွာ ကြားရလေသည်။

ကျုပ်သည် အသက်ကို ပြင်းပြင်းရှူနေ၏။ ခု အချိန်တွင်ကား အရှင်မ သတ်၍ မသေရလျှင်လည်း အပြင်ဖက်၌ ဒွတ္တဘောင်နှင့် တိုက်ခိုက်ရင်း သေရပါလိမ့်မည်။ သေခြင်းမှာ ရှောင်လွှဲမရ၊ ထူးဆန်းလှသည် မဟုတ်ဟု တွေးကြည့်နေ၏။ လုံနေသော ရထားထည်း၌ အထိန်းတော်ကြီးကဲ့သို့ မေ့မျောနေရလျှင် ကောင်းမည်။ သို့သော် ထိုကဲ့သို့ မေ့မျောနေ၍ မဖြစ်။ ကျုပ်သည် မိမိကိုယ်ကို သေလိမ့်မည် မဟုတ်၊ မိမိသည် ဤကဲ့သို့ သူတပါးသတ်၍ အလွယ်တကူ သေမည့်သူ မဟုတ်ဟု ယုံကြည်ယူဆနေသည်။ တကြောင်းမဟုတ် တကြောင်း၊ တခုခု မဟုတ် တခုခုကြောင့် လွတ်မြောက်ရလိမ့်မည်ဟု ခိုင်မြဲစွာ ယုံကြည်နေသည်။

“မိတ်ဆွေများ ခင်ဗျား”ဟု ကျုပ်သည် ရထားထည်းမှ သံကုန်အော်ဟစ်လိုက်၏။

“ဘာပြုလို့ ဒီလိုအချိန်မျိုးမှာ လူသတ်ဖို့ ဝတ္တရားကို ထမ်းရွက်နေကြသေးတာလဲ။ ရန်သူ့တပ်တွေ ချီတက်လာသံ မကြားကြဘူးလား မိတ်ဆွေတို့။ ခဏနေရင် ဗိဿနိုးမြို့ကြီး ပြာကျတော့မယ်။ ခဏနေရင် ခင်ဗျားတို့ အလုပ်ပြုတ်ကုန်ကြဘီ။ အလုပ်ရှင် မရှိတော့ဘူး”

ရထားသည် ရှေ့ဘက်သို့ ဆက်၍ စိုင်းနှင်သွားနေဆဲ ဖြစ်လေသည်။

“ဒီခွေးကောင်တွေ ရေနောက်ပါသွားမှာပါ မြို့စားလေး။ ကျုပ်တို့ အမြဲတမ်း ဝတ္တရားဆောင်ရွက်နေမှာပါ”ဟု တယောက်၏ အော်ပြောလိုက်သံသည် ရထားထည်းသို့ သဲ့သဲ့ ပြေးဝင်လာနေသည်။

“မိတ်ဆွေများ ရှူးနေကြဘီ၊ အတုလစည်တော်မှာ တန်ခိုးရှိသေးရင် သူတို့ ဘယ်တက်လာဝံ့မလဲ။ တန်ခိုးအာနိသင် မှန်သမျှ ရှင်ယောင်က ဖျက်ဆီးပီးလို့သာ ချီတက်လာရဲတာဘဲ မိတ်ဆွေတို့”

“သျှိဝမြို့စားလေး ခင်ဗျာ၊ မြို့စားလေးရဲ့ အဲဒီ အပြောတွေကြောင့် အခုလို အမင်္ဂလာ အပေါ်ကို ရောက်ရောက် လာရတာဘဲ ခင်ဗျ”

အမင်္ဂလာ ရထားနီသည် သူသတ်ကုန်း မော့်တက်ကို ခပ်နှေးနှေး တက်နေသည်။ သီရိခေတ္တရာ တပ်မကြီးများ ချီတက်လာနေသံသည် ပို၍ နီးကပ်လာနေသည်။ ရထားအတွင်းဖက်သို့ပင် ထိုအသံများသည် ဖောက်ဝင်နေ၏။ သို့သော် ဗိဿနိုးကား ငြိမ်သက်နေဆဲပင်။

\+ + + + + + + + + + + + +

အတုလ စည်တော် ရှေ့မှောက်၌ ဘုရင်မသည် ကျောက်ရုပ် ကျောက်သားကဲ့သို့ ငြိမ်သက်စွာ ရပ်တန့်တော် မူနေသည်။

ဖယောင်းဆီမီးတို့သည် ငြိမ်သက်စွာ ညီးညီးလျှံမျှ လင်းနေသည်။ လေတို့သည်လည်း မတိုက်။ ခန်းဆီး ကန့်လန့်ကာကြီး များသည်လည်း ငြိမ်သက်နေသည်။ ပူဇော်သက္ကာရ ပြုသော အမွှေးနံ့သာတို့သည် အခန်းတော်ထည်း၌ ပြည့်သိပ်နေ၏။ ဤအတုလ အဆောင်တော်၌ အရှင်မ တပါးတည်းသာ ရပ်တည်နေသည်။

အရှင် သူတော်စင်သည်လည်း မလာရောက်၊ ဖခင် ရသေ့ကြီးလည်း မရှိ။

မျိုးစုံသော ရုပ်တုတော်တို့သည် မလှုပ်ရှား။ အရှင်သည်လည်း သက်မဲ့ ရုပ်တုတခုကဲ့သို့ အသက်မျှ မရှူပေ။ သက်မဲ့အပေါင်းကို နေရာတကျ လှပစွာ စီခင်းထားသည်နှင့် တူနေသည်။ သို့သော် ဘုရင်မ၏ စိတ်တော် အထင်တွင်မူ အရာရာတို့သည် အသက်ဝင် လှုပ်ရှားလျှက် ရှိသည်။ မိမိအနီး၌ ဖခင် ကရစ်သျှနသည် လည်းကောင်း နာယာယန အရှင်ကိုယ်တော်တိုင်သည် လည်းကောင်း ယှဉ်၍ ရပ်တော်မူနေသည်။ ရုပ်တုများ၌ ဆိုင်ရာသက်ဇီဝများ ဝင်ရောက်နေသည်။ အတုလ၏ မျက်နှာကြက်ရှိ ဆေးခြယ်ထားသော အင်းချပ်တို့သည် လည်ပတ်လှုပ်ရှားနေသည်။ မိမိလက်၌ ဝတ်ထားသော နဝရတ်လက်ဝတ်တော် ရတနာသည် တထိတ်ထိတ် တိုးလျှက် အသက်ဝင်လှုပ်ရှား နေသည်။ ယခုအချိန်၌ ကျောင်းတော်မှနေ၍ အယုဒ္ဓယ အရှင်သူမြတ်သည် ဂါထာမန္တာန်ကို ရွတ်ဖတ်လျှက် အင်း အိုင်များ စီရင်တော်မူနေပြီ။ ထိုသို့ စီရင်မည်ဟူ၍ မိန့်မြွက်သွားခဲ့သည်။ ဖခင်သူတော်စင်ကား ကြွရောက်လာရန် မလိုအပ်၍ ကြွရောက်မလာခြင်းသာ ဖြစ်ပေသည်တကား။

နန်းတော်ဝင်း တခုလုံး၌ တပ်ဗိုလ် ပါလ၏ ငါးရာတပ်ကလေး တတပ်သာလျှင် ပတ်လည်လှည့်ပတ် စောင့်နေသည်။ ကျန်တပ်များသည် စစ်သေနာပတိ၏ တပ်နှင့်အတူ တိုက်ခိုက်ရန် လိုအပ်မယ်ရ သွား၍ ပူးပေါင်းနေသည်။

တပ်ဗိုလ်ပါလသည် အတုလ စည်တော်ဆောင်ရှေ့၌ ရပ်နေ၏။ သူသည် နေရာမှ မလှုပ်မရှားဘဲ ဓားရိုးကိုသာ စူးစိုက်၍ ကြည့်နေသည်။ သူသည် ငြိမ်သက်၍ နေသော်လည်း စိတ်များက မတည်မငြိမ်လှုပ်ရှား နေသည်။ ယခုကား နေဝင်ရောက်သွားတော့မည်။ ခုအချိန်၌ သူ၏ မိတ်ဆွေကြီး ဒက္ခဏာသည် သူသတ်ကုန်း၌ ရောက်နေလောက်ပြီး သူသည် ဒက္ခဏာ၏ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေတတ်သော မျက်နှာကို ပြန်၍ မြင်ယောင်နေသည်။ ဒက္ခဏာ၏ စတတ်ပြောင်တတ်ပုံကို သတိရနေသည်။ မိမိနှင့် အလျှင်း စရိုက်မတူသည့် ဒက္ခဏာနှင့် မိမိသည် ပေါင်းသင်းခင်မင်မိသည်။ ခုအချိန်၌ မိမိသည်လည်း မည်သို့မျှ မတတ်နိုင်တော့ပေ။ ဒက္ခဏာကား မည်သို့မျှ သေနိုင်မည် မဟုတ်ဟု သူယုံကြည်နေသည်။

ယခု သီရိခေတ္တရာ တပ်မကြီးများ၏ ဆူညံစွာ ချီတက်ကြွေးကြော်လာသံကြီးသည် တဖြည်းဖြည်း နီးကပ်လာသည်။ သျှိဝမြို့စားလေး သူသ တွေးသည့်အတိုင်း ရဟန်းသည် စည်တော်ကို ဖျက်ဆီးပစ်ခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် စစ်ပြင်ဆင်ချိန် မရသေးမီ ရန်သူ့တပ်ကြီးများ လျင်မြန်စွာ တက်ရောက်လာနေပြီ။ အကယ်၍ ထိုအတိုင်းသာ ဖြစ်နေလျှင် ရန်သူများက လက်ဦးနေပြီ။

မျှော်ကြည့်စင်ထက်မှ အဆောင်ကိုင် အပျိုတော် တဦးသည် အချက်ပေးကြေးကို ဆွဲလှုပ်ရန်အတွက် သီရိခေတ္တရာ တပ်မကြီးများ ချီတက်လာရာလမ်းကို မျှော်ကြည့်နေသည်။

ပျောက်ကွယ်လုလု နေရောင်ထည်း၌ ဖုံအလုံးလိုက်ကြီးသည် ကောင်းကင်ကို တက်လျှက်။ ဖုံလုံးကြီးများသည် လေပွေကြီးများ တရွေ့ရွေ့ပြေးလာနေ သကဲ့သို့ ဗိဿနိုးမြို့တော်ဘက်သို့ ပြေးလာနေသည်။ ဖုံလုံးကြီးများထည်းမှ ကြောက်မက်ဖွယ်ရာ စစ်ကြွေးကြော်သံများသည် မျှော်ကြည့်စင်သို့ ရောက်လာနေသည်။ ဖုံလုံးကြီးများအောက်မှ ရန်သူ့တပ်မကြီးများကို ဖြည်းဖြည်းချင်း မြင်လာနေရသည်။ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင် တပ်များသည် မြွားဦး သဏ္ဍာန်ဖြင့် ပြေးလာနေသည်။ အဆောင်ကိုင်များသည် စိတ်ကိုတင်း၍ နှုတ်ခမ်းကို ကိုက်ထားသော်လည်း ရင်တုန်နေခြင်းမှာ မပျောက်သွား ပို၍သာ ဆိုးလာနေသည်။

မျှော်ကြည့်စင်အောက်သို့ ငုံ့၍ကြည့်လျှင် ပြားချပ်နေသည့် ထင်ရသည့် ငြိမ်သက်တိတ်ဆိတ်နေသော ဗိဿနိုး မြို့တော်ကြီးကို မြင်ရသည်။ ဗိဿနိုး မြို့တော်ကြီးကား အိပ်မောကျနေသကဲ့သို့ ငြိမ်သက်နေဆဲပင် တကား။

မြင်းတပ်စုကလေးများသည် အပန်းဖြေ မြင်းစီးခရီးသွားနေသကဲ့သို့ မြို့၏ တံခါးပေါက်များသို့ ဖြေးဆေးစွာ သွားနေသည်။ မြို့ရိုး၏ သူရဲခံတပ်များမှ လေးသည်တော် တပ်စုငယ်များမှ စစ်သည်တော်တို့သည် ချီတတ် လာနေသော ရန်သူတပ်များကို ပွဲလမ်းသဘင်တခု ကြည့်နေကြဘိသကဲ့သို့ လက်ညှိုးထိုးပြ ကြည့်ရှုနေသည်။

သို့သော် မင်းလမ်းမကြီးမှ ငါးရာ တပ်ငယ်တခုသည် မြင်းများကို ဒုန်းစိုင်းနှင်နေသည်။ အဆောတလျင် စစ်ပြင်းချီသကဲ့သို့ ချီတက် ပြေးသွားသောကြောင့် မင်းလမ်းမကြီး၌ ဖုံလုံးကြီးများ ထလျှက် ရှိနေသည်။ တံခါးဝတွင် တံခါးမှူးသည် မြင်းသည်တော်တပ်ကို တံခါးဖွင့်ပေးလိုက်၏။ မြွားအုပ်တအုပ် ပစ်လွှတ်လိုက်သကဲ့သို့ မြင်းသည်တော် တပ်သည် ရပယ်ချောင်း အတွင်းသို့ ထိုးဆင်း ပြေးသွားနေသည်။

"ဘာလုပ်မလို့ပါလိမ့်၊ ဘယ်သူတွေများလဲ၊ အရှူးထ-တာလား၊ အပျော်ကစားတာလား၊ ဘယ်သူတွေကများ ရှူးနှမ်းနှမ်း လုပ်ခွင့်အမိန့် ထုတ်ပေးပါလိမ့်" အဆောင်ကိုင်သည် နားမလည်နိုင်စွာ တွေးတောလေသည်။

မြင်းသည်တော် တပ်ကလေးမှာ နောက်ပိုင်း ကျယ်ကားလျှက် အဖျားရှူးသွယ်သွားသည့် မြွားတစင်း ပြေးသွားပုံအတိုင်း ရပယ်ချောင်းကို ဖြတ်တတ်ပြေးသွား၏။ ထို့နောက် သီရိခေတ္တရာ တပ်မကြီးရှိရာသို့ ဖုံလုံးကြီးထည်း၌ တည့်တည့်မတ်မတ် စိုင်းပြေးသွားလေသည်။

စိန်သွားဖြင့် ဖြတ်ခွဲလိုက်သကဲ့သို့ ဖုံလုံးကြီးထည်းတွင် တပ်မကြီးများကို အလယ်ခေါင်မှ ဖြတ်ခွဲသွား၏။ ရန်သူ့ တပ်မကြီးများသည် တုံကနဲ့ ရပ်ဆိုင်းသွားပြီး မြင်းစီးတပ်ကလေးမှာလည်း ရန်သူ့ တပ်မကြီးအလယ်၌ အစပျောက်သွားသည်။

အဆောင်ကိုင်သည် ငေးနေ၏။ ရင်ထည်း၌ ချောက်ချား တုန်လှုပ်နေသည်။

"ဘယ်လို လူတွေများလဲ၊ ရူးနေကြတာလား။ ရန်သူကို တန်ခိုးတော်နဲ့ တိုက်ကြရုံ ရှိတာဘဲ"ဟု တိုးတိုး ရွတ်ဆိုနေမိသည်။

ထို့နောက် ရန်သူ့ တပ်မကြီး၏ နောက်ဆွယ်တွင် မြင်းစီးတပ်ကလေးသည် ရုတ်တရက် ပြန်၍ ပေါ်လာပြန်သည်။

တဖန် မြင်းစီးတပ်ကလေးသည် နောက်ဖက်ရှိ ရန်သူ့ ခြေလျင်တပ်ကြီးများ အလယ်သို့ ဖောက်ဝင်သွား ပြန်လေသည်။ ခြေလျင်တပ်ကြီးများ အလယ်သို့ ဖောက်ဝင်သွားပြန်လေသည်။ ခြေလျင်တပ်မကြီးကို အစိတ်စိတ် အမြွာမြွာ ခွဲနေသကဲ့သို့ ရှေ့မှ နောက်၊ နောက်မှ ရှေ့ ရက်ကန်းရှယ်နေသည်။ သို့သော် ကြည့်နေ၊ မြင်နေရင်းပင် မြင်းတပ်မှာ ငါးရာ၊ လေးရာ၊ လေးရာမှ သုံးရာ၊ သုံးရာမှ နှစ်ရာ၊ နှစ်ရာမှ တရာသို့ တဖြည်းဖြည်း လျော့ကျသွားနေသည်။

"သနားစရာ ဘယ်သူကများ အမိန့်ပေးပါလိမ့်"ဟု အဆောင်ကိုင်သည် တိုးတိုး ရွတ်ပြန်လေသည်။ "ဆင်ကြီး ဗိုက်အောက်မှာ ခွေးကလေးတကောင် ခေါက်တုံခေါက်ပြန် ရှောက်ပြေးနေသလိုဘဲ"ဟု အောက်မေ့နေသည်။

ထို့နောက် ငါးရာတပ်မှာ ငါးဆယ်မျှပင် မကျန်တော့။

သို့သော် မြင်းစီးတပ်ကလေး ဝင်သွားတိုင်း ရန်သူတပ်များသည် ဘေးသို့ ရှဲ၍ ပေးနေကြ၏။ ဖုံလုံးကြီးထည်းမှ ထိုတိုက်ပွဲမှာ အပြီးမသတ်နိုင်၊ အဆုံးမသတ်နိုင်အောင် ရှိနေသည် ထင်ရ၏။ ရန်သူတပ်မကြီးသည် အားလုံးသည် ရှေ့သို့ မရွေ့နိုင်ဘဲ ရပ်ဆိုင်းသွားနေလေသည်။

နောက်ဆုံးတွင် ရန်သူ့ မြင်းတပ်ကြီးများသည် နောက်သို့ ပြန်လှည့်လိုက်ကြလေသည်။ ငါးဆယ် အရေအတွက်မျှပင် မကျန်တော့သည့် မြင်းသည်တော် တပ်ကလေးသည် မြွားဦးပုံ မဖျက်သေးဘဲ ရန်သူ့ မြင်းတပ်ကြီးကို ကစင့်ကရဲ ဖြစ်သွား၏။ ထို့နောက် ရန်သူ့မြင်းတပ်ကြီးရှေ့မှာ မြင်းနှစ်စီး ပြန်ပေါ်လာသည်။ တပ်ဦး၌ မြင်းနှစ်စီးကို ရန်သူ့မြင်းများ ပတ်ပတ်လည် ဝိုင်းထားသည်။

ဤနေရာ၌ ဝဲဂယက်တခု စုတ်ယူနေသကဲ့သို့ တိုက်ပွဲတခုကား ဖြစ်ပေါ်နေသည်။ သို့သော် မကြာမီ၌ ထိုတိုက်ပွဲသည် အဆုံးသတ်သွားလေသည်။ သို့နောက် ရန်သူ့တပ်များသည် ကစင့်ကရဲ ဖြစ်နေရာမှ ပြန်၍ စုနေသည်။ တပ်မကြီးများသည် ရှေ့သို့ ပြေး၍ ချီတက်လာလေသည်။

နေဝင်ဖျဖျ နောက်ပိုင်း၌ ကျန်ရစ်ခဲ့ကြသည့် အလောင်းပေါင်းများစွာကို မျှော်ကြည့်စင်ထက်မှ အပျိုတော်သည် လှမ်း၍ မြင်တွေ့နေရ၏။ မြင်းသေကောင်ပေါင်း မြောက်များစွာ၊ သူသေအလောင်းပေါင်း များစွာသည် တိုက်ပွဲ ဖြစ်ပွားရာတလျှောက်၌ ပြန့်ကျဲကျန်ရစ်ခဲ့သည်။

သီရိခေတ္တရာ တပ်မကြီးများသည် ရပယ်ချောင်းအတွင်းသို့ ပြေးဆင်းသွားလေသည်။ ကျယ်ပြန့်သော ချောင်းသဲပြင်ထက်ဝယ် မမဲလှုပ်မျှသော စစ်သည်တော်များသည် သဲထဲ၌ ရှုန်းကန်နေ၏။ ချောင်းကမ်းမှ လေးလံနှေးကွေးသည် ထင်ရသော ဆင်များ ဖြန့်ဆင်းနေသည်။

အပျိုတော်သည် တုန်ယင်နေသော လက်များဖြင့် အချက်ပြကြိုးကို ဆွဲလှုပ်လိုက်လေသည်။

ထိုအခါတွင် ငြိမ်သက်တိတ်ဆိတ်နေသော အတုလစည်တော်ဆောင်မှ ငွေခေါင်းလောင်းငယ်များ ပြင်းစွာ လှုပ်သွားသည်။ ငွေခေါင်းသံများသည် သာယာနာပျော်ဖွယ်ရာ အတုလဆောင်တော်၌ ပေါ်ပေါက်လာလေသည်။

အရုပ်တခု ရွေ့လျားလိုက်သကဲ့သို့ ဘုရင်မသည် နေရာမှ လှုပ်ရှားလိုက်၏။

စည်တော်ပေါ်သို့ အရှင်မသည် အချက်မှန်မှန် ရိုက်ထုနေလျက် မိုးခြိမ်းသံ၊ မြေဟုန်ဟည်းကဲ့သို့ စည်တော်သံသည် အဆက်မပြတ် ထွက်ပေါ်နေ၏။ မြေသည် သိမ့်သိမ့်တုန်နေ ခါနေတော့သည်။ အဆောင်ကိုင်သည် နားနှစ်ဖက်ကို လက်ဖြင့် ပတ်ထားလိုက်လေသည်။

သို့သော် လေများသည်လည်း ငြိမ်သက်နေမြဲ။ မိုန်ဖျော့ဖျော့ နေရောင်သည်လည်း လင်းနေဆဲ။ ချောင်းပြင်၌ ရန်သူတပ်များသည်လည်း ရွေ့လျားနေမြဲ။ ဖုံများသည် တထောင်းထောင်း ထနေဆဲ၊ ရပယ်ချောင်းသည် သူ့နကိုအတိုင်း အိပ်ပျော်နေသည်။

ရန်သူ့တပ်များ၏ ရယ်မောလိုက်သံများကိုပင် ကြားရလေသည်။

ယခုမှပင် ဗိသနိုးမြို့တော်ကြီးသည် အိပ်ပျော်နေရာမှ အလန့်တကြား လူးလွန့်လာလေသည်။ လူများသည် ကြက်သေသေ ငေးမောလျက် ကြည်လင်တောက်ပနေသော ကောင်းကင်ပြင်ကြီးကို မော့ကြည့်လေသည်။ စစ်သည်များသည် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြ၏။ ဗိသနိုး မြို့သူမြို့သား အပေါင်းတို့၏ ပျာလောင်ခတ် ပြေးလွှားနေသံ၊ ဆူပူ အော်ဟစ် ငိုယိုကြသံများသည် ငရဲပွက်သကဲ့သို့ ရှိသည်။

အဆောင်ကိုင်သည် သွေးမရှိတော့သော မျက်နှာဖြင့် မျှော်ကြည့်စင်ထက်မှ ကိုယ်ကိုထိန်း၍ ဆင်းသက်ပြီး သူသည် အော်ဟစ်ငိုယိုကာ အတုလအဆောင်တော်သို့ ပြေးသွားလေသည်။ အတုလ အဆောင်တော် ရှေ့၌

တပ်ဗိုလ် ပါလသည် ကျောက်ရုပ်တု တခုကဲ့သို့ ငြိမ်၍ ရပ်နေသည်။

အတုလ စည်တော်ဆောင်ထည်း၌ ဘုရင်မသည် ငြိမ်သက်၍ ရပ်နေသည်။ အသက်မရှုတော့။

သွေးကြောတို့သည် ရပ်ဆိုင်းနေ၏။ မျက်ရည်များ စီးကျနေသည်။ နှလုံး ကြေကွဲနေသည်။ မျက်လုံးများ ပြာဝေနေသည်။ ဘုရင်မသည် လာရပ်သော အဆောင်ကိုင်၏ ပခုံးကို ဆုပ်ကိုင်တော် မူလေသည်။ ထိုအချိန်၌ အရှင်မ၏ လက်များသည် သွေးမရှိ၊ မျက်နှာတော်၌လည်း သွေးမရှိတော့ပေ။

"သူပြောတာတွေဟာ အမှန်တွေပါ၊ သူ့ကို လွှတ်လိုက်ကြပါစေကွယ်"ဟု အရှင်မ၏ မိန့်မြွက်သံသည် တီးတိုး မပီမသ ဖြစ်လေသည်။

ထို့နောက် အရှင်မသည် အသက်ဇီဝိန် ကင်းမဲ့သွားသကဲ့သိုပင် အတုလစည်တော်အား မှီလျက် လဲကျသွား လေသည်။

+ + + + + + + + + + + + +

နေလုံး ပျောက်ကွယ်သွားလေပြီ။ အမိန့်တော် ပြန်တမ်းကို သူသတ်တို့သည် ရွတ်ဆိုနေဆဲ ဖြစ်လေသည်။ ဒက္ခဏာသည် ကျောက်တုံးထက်၌ ရှုန်းကန်နေရင်းမှ ဆဲရေးနေသည်။ အထိန်းတော်ကြီးကား သတိလစ် မေ့မျောနေဆဲ ဖြစ်သည်။

မြို့တံခါးဖက်မှ ရန်သူများ၏ ဆင်များ၊ သစ်တုံးတို့ဖြင့် မြို့တံခါးကို ရိုက်ဆောင့် ဖွင့်နေသံသည် မြေတုန်ဟည်းနေသည်။ စစ်သေနာပတိ၏ တပ်အချို့သည် တိုက်ပွဲဝင်ရန်အတွက် မြို့တံခါးဆီသို့ ကစင့်ကလျား ပြေးသွားနေကြသံများ ဆူညံနေသည်။

"ခွေးကောင်တွေ၊ အခု မင်းတို့ ရေမကျလာဘူး၊ ရန်သူ့တပ်တွေ တံခါးဖွင့်နေသံ မကြားဘူးလား၊ မင်းတို့ အခုထိ တာဝန် ကျေနေတုန်းဘဲလား"
ဒက္ခဏာသည် အော်ဟစ် ဆဲရေးနေ၏။

ကျုပ်သည်လည်း တောင်းပန်တိုးလျှိုးနေ၏။ သို့သော် သူသတ်တို့သည် ပုဆိန်များကို ကိုင်မြှောက်လိုက်ကြ လေသည်။ ပုဆိန်သွားသည် အလင်းရောင် မှိန်မှိန်ထည်း၌ လက်သွားသည်။ အလွန် ခိုင်မာစွာ ကြိုးတုပ်ထားသဖြင့် လှုပ်ရှား၍ အလျှင်းမရ၊ ကျုပ်သည် မျက်လုံးကို မှိတ်ပစ်လိုက်၏။ လည်ပင်း၌ ပြင်းထန်သော ပုဆိန်သွား နစ်မြုပ်သွားမည်ကိုသာ စောင့်နေ၏။

သို့သော် ထိုအချိန်၌ သူသတ်ကုန်းအတက်မှ
"အမိန့်တော်မြတ် ပါလာတယ်"ဟု လှမ်းအော်လိုက်သံကို ကြားလိုက်ရလေသည်။

ပုဆိန်ကို ရွယ်မြှောက်ထားသော သူသတ်တို့သည် သူသတ်ကုန်း အတက်သို့ လှည့်ကြည့်လိုက်ကြ၏။

နေစွယ်ရောင် မှိန်မှိန်၌ မြင်းကိုယ်စီးလျှက် ပြေးတက် လာနေသူမှာ ပါလ ဖြစ်လေသည်။ သူသည် သူ့ကိုယ်နှင့် ကျုပ်နေသည့် အမိန့်တော်ပြန်ဝန်၏ အင်္ကျီကို ဝတ်ထားသည်။ သူ့မြင်းသည် အမင်္ဂလာ ရထားအနီး၌ ယှဉ်ရပ်လိုက်၏။ ထို့နောက် သူသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး . . . .

“လွှတ်စေ အမိန့်တော်မြတ်ပါတယ် ကြိုးဖြေကြလေ”ဟု အော်ပြောလိုက်လေသည်။

သူသတ်များသည် ခဏမျှ ငေးငိုင်နေကြ၏။ ပါလသည် ပြေးလာပြီး ကြိုးများကို ဓားဖြင့် ဖြတ်တောက်လိုက်လေသည်။ ကျုပ်လည်း ကျောက်တုံးပေါ်မှ ဆင်းပြီး ထရပ်လိုက်၏။ ဒက္ခဏာသည်လည်း ထရပ်လိုက်လေသည်။ အထိန်းတော်ကြီးမှာမူ မေ့မျောနေဆဲ ဖြစ်လေသည်။

“မြို့စားမင်း နန်းတော်လုံခြုံရေး တာဝန် မှန်သမျှကို မြို့စားမင်းကို လွှဲအပ်လိုက်ပီ၊ အခု မြို့တော် တောင်တံခါးလဲ ပွင့်သွားဘီ။ ရန်သူတွေ ဖိဝင်လာနေဘီ၊ သျှိုဝက အမှုတော်ထမ်း တပ်တွေရော၊ စစ်တားက တပ်တွေရော ပုန်ကန် သစ္စာဖောက်ကုန်ပီ။ ငမင်ကတပ်နဲ့ ဗိဿနိုးတပ်တွေ အားလုံးကို အပြင်ရန်၊ အတွင်းရန် နှစ်ဖက်ညှပ်နေဘီ။ အားလုံး စိတ်ဓာတ်ကျကုန်ဘီ။ ဒီနေ့ ညတွင်းချင်း ဗိဿနိုး မြို့တော်ကြီး ပြာကျတော့မယ်. . ”ဟု ပါလသည် အသံပွင့်ပွင့်ဖြင့် ပြောနေသည်။

ကျုပ်နှင့် ဒက္ခဏာသည် အထိန်းတော်ကြီးကို ပွေ့ချီလျှက် ရထားနီပေါ်သို့ တင်လိုက်လေသည်။ အမှောင်ထည်း၌ သူသတ်များသည် ငေး၍ ကျန်ရစ်နေသည်။ ဒက္ခဏာသည် အမင်္ဂလာရထား၏ ရထားထိန်း နေရာ၌ ဝင်ထိုင်လိုက်လျှက် ရထားကို ပြန်ကွေ့ပြီး အပြေးစိုင်းနှင်လေသည်။

“မင်းလမ်းမကြီးအတိုင်း မမောင်းနဲ့ ဒက္ခဏာ. . . ”
“ဘာဖြစ်လို့လဲ. . . ”
“နေရာတကာမှာ သစ္စာဖောက်နေကြဘီ၊ သစ္စာဖောက်တွေနဲ့သာ တွေ့ရင် ဒို့မျှား နန်းတော်ထဲတောင် ရောက်နိုင်မှာ မဟုတ်ဘူး”ဟု ပါလက ကျိန်၍ ပြောနေသည်။

ထို့နောက် ရထားသည် အမှောင် လမ်းကြားများကို ဖြတ်၍ မောင်းနှင်နေသည်။ ကျုပ်သည် ဓားကို ဆုပ်ကိုင်ထား၏။ အထိန်းတော်ကြီးသည် လူးလွန့်လှုပ်ရှားလာပြီး ကြောက်လန့်စိတ်ဖြင့် အော်ဟစ်လိုက်လေသည်။ ကျုပ်သည် အထိန်းတော်ကြီး၏ ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်၏။ ရထား ဆောင့်နေသံကြားထဲ၌ အခြေအနေ အဖြစ်အပျက်ကို အတိုချုံး၍ ပြောလိုက်ရလေသည်။

ထို့နောက် အထိန်းတော်ကြီးသည် ဝမ်းနည်းပက်လက်ဖြင့် တိုးတိုးကျိတ်ရှိုက်ပြီး ငိုကြွေးနေသည်။ ကျုပ်သည်လည်း အော်ဟစ် ငိုကြွေးပစ်လိုက်ချင်လေပြီ။

ယခုအတိုင်းဆိုလျှင် ဗိဿနိုးတပ်များသည် ရန်သူကို မိုးလင်းလာချိန် တိုင်အောင်ပင် ခုခံနိုင်တော့မည် မဟုတ်ပေ။ ယခုအချိန်၌ အရှင်မ အပေါ်၌ သစ္စာရှိရှိ ယုံကြည်ဖွယ်ရာ အမှုတော် ထမ်းရွက်မည့်တပ်မှာ ကျုပ်တို့၏ သက်တော်စောင့် တပ်ကလေး တတပ်မျှသာ ကျန်တော့သည်။ ထိုအင်အားစု ကလေးမျှဖြင့် ဒွတ္တဘောင်၏ တပ်မကြီးများကို မည်သို့ တိုက်ခိုက်နိုင်မည်နည်း။ ဘုရင်မကြီးသည် အတုလဆောင်၌ သတိမေ့ လဲကျနေပြီ။ ဘုရင်မကြီးအား ရန်သူ့လက်သို့ အပ်နှင်းလိုက်ရုံသာ ကျန်တော့သည်။ ယခုအချိန်၌ ရန်သူ့တပ်များသည် မြို့တံခါးတိုင်း၌ ပိတ်ဆို့ထားလောက်ပြီ။ ရန်သူများ မသိနိုင်ဘဲ တိတ်တဆိတ် လွတ်မြောက် ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့ပေ။

ရထားသည် နန်းတော်ကြီး၏ မလွယ်တံခါးပေါက်မှ ဝင်ရောက်လိုက်လေသည်။ နန်းတော်ကြီး ရှေ့မှ စစ်သည်များသည် မှောင်ဝါးဝါးထည်း၌ လှုပ်ရှား ပြေးလွှားနေသည်။ ရထားသည် မြက်ခင်းပြင်ကြီးကို ဖြတ်သန်းနေ၏။ ထို့နောက် အတုလ စည်တော်ဆောင် ရှေ့တွင် ထိုးဆိုက်လိုက်လေသည်။

ကျုပ်၏ ခေါင်းထည်း၌ ရှုပ်ထွေးနေသည်။ တခုခုကို အမြန်ဆုံး ပြုလုပ်ရတော့မည်ကိုသာ သိနေသည်။

“စစ်သည်တွေ အားလုံးစုပါ ပါလ”

ကျုပ်သည် ရထားပေါ်မှ ခုန်ဆင်းပြီး ရည်ရွယ်ချက် မရှိဘဲ အော်ပြောလိုက်လေသည်။

“ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ”နှင့် လူတိုင်းက ပျာယာခတ် မေးနေသည်။ ဘာလုပ်ရမည်ကို မသိနိုင်သေး။ ဘယ်သို့ ပြုရမည်ကို မသိနိုင်သေး။

“တိုက်ကြရုံဘဲပေါ့”ဟု အော်ဟစ် ပြောဆိုလိုက်ရန်သာ ရှိတော့သည်။

(၃၂)

မည်သို့ ပြုရမည်နည်း။

ကျုပ်၏ နဖူးထက်မှ ချွေးသီးချွေးပေါက်များသည် အမှောင်ရိပ်ထည်းသို့ စမ်းတဝါးဝါးနှင့် ကျနေ၏။ လေးလံလှသော တာဝန်များ ခက်ခဲလှသော အကျဉ်းအကျပ်။

အရှင်သည်လည်း မေ့မျောနေဆဲသာ ရှိသေးသည်။ မြို့ရိုးတံခါး ပွင့်ထွက်သွားသံ၊ ထို့နောက် တိုက်ခိုက်နေကြသံများ အော်ဟစ်ဆူညံ နေကြသံများ တိုက်ပွဲမှ ဆူပွက်နေသော ငရဲပွက်သံများ၊ အားလုံးသော အသံများ စုပေါင်းလျှက် ပိုမို၍ ပွက်ပွက်ညံနေသည်။ ဘုရင်မကြီးအား ကျုပ်ကို အားကိုးတကြီးနှင့် တာဝန်ပုံ၍ အပ်သွားခဲ့လေပြီ။

"ကျုပ်တို့ တိုက်ရမလား၊ တိုက်မိန့် ပေးမလား၊ အခုထွက်တိုက်မယ်"

တပ်မှူးတဦးသည် အမှောင်ထည်းမှ တိုးတိုးကျိတ်၍ ပြောနေ၏။ အားလုံးသည် မြက်ခင်းပြင်၌ မဲမဲအရိပ်များ အဖြစ်ဖြင့် စုနေကြလေပြီ။ သူတို့သည် တီးတိုးသံများ ထွက်ပေါ်လျှက်ရှိ၏။ များပြားလှသော ရန်သူတပ်ကြီးများကို ခုခံတိုက်ခိုက်လိုသော ဆန္ဒများ ဖြစ်ပေါ်နေသည်။

"သမာနလို ကျုပ်တို့ အသေခံပြကြပါစို့လား။ မြို့စားလေး ဦးစီးရင် ဘာမဆို လုပ်ရဲတယ်။ ငရဲပြည်ကို သွားမလား"ဟု အသံသြသြဖြင့် တယောက်က ပြောလိုက်သည်။

တပ်ဗိုလ် ပါလသည် အမှောင်ထည်းတွင် ကျုပ်လက်ကို စမ်း၍ ဆုပ်ကိုင်လိုက်လေသည်။ သူ့လက်သည် ချွေးများဖြင့် စေးထန်းနေ၏။

"တိုက်မိန့်ပေးလိုက်ပါလား မြို့စားလေး၊ ကျွန်တော်တို့ အခု ရန်သူတွေထဲကို ဖြတ်ဝင်သွားမယ်။ ဒီအတိုင်း ကြာကြာနေလို့ မဖြစ်ကြတော့ဘူး။ အခု အပျိုတော် ပစ္စယာကို ဘယ်သူ သတ်သွားမှန်း မသိဘူး။ စံနန်းတော် လှေကားဝယ် ခေါင်းတခြား ကိုယ်တခြား" သူက တိုးတိုးကပ်ပြောလိုက်လေသည်။

ဤ အကျဉ်းအကျပ်ကြားထည်းတွင် ကျုပ်တို့၏ မျက်လုံးထည်း၌ အပျိုတော် ပစ္စယာငယ်၏ ရုပ်ကို ထင်ရှားသက်ရှိ မြင်လိုက်ရသကဲ့သို့ အမှတ်ရသွား၏။ အယုဒ္ဓယ ရဟန်းကား ထွက်ပြေးလွတ်မြောက် သွားလောက်ပြီဟု ကျုပ်သည် တွေးလိုက်၏။ မင်းဆရာ ရသေ့ကြီးသည်လည်း ကျောင်းတော်၌ပင် ရှိသလော။

ထိုခဏ၌ စိတ်အာရုံတို့သည် လက်ရှိ ကျဉ်းကျပ်မှောင်ပိန်းနေသော အခက်အခဲပေါင်းစုံမှ ခေတ္တ လွတ်မြောက် သွား၏။ ခဏမျှ လက်ရှိ အခြေအနေကို မေ့လိုက်သလိုရှိသည်။ ထိုသို့ စိတ်ကို လျှော့ချလိုက်သလို အနားယူလိုက်သလို ဖြစ်နေချိန်၌ ကျုပ်၏ စိတ်ကူးအတွင်းသို့ လျှက်တပြက်အတွင်း အကြံဉာဏ်တခု ပြေးဝင်လာလေသည်။ စစ်သည်တွေ ကိုယ့်မြင်းအပေါ် ကိုယ်ရသမျှ ရိက္ခာစုကြ၊ တင်ကြ၊ တပ်မှူးတဖွဲ့က ဘဏ္ဍာတော်တိုက်က ရနိုင်သမျှ ရတနာမှန်သမျှ စုပြီး၊ အမင်္ဂလာအပေါ်တင်၊ ဖြတိုက်အမှုထမ်းတွေရဲ့ မြင်းလွတ်တွေလဲယူ၊ အချိန်ကုန် မခံနိုင်ဘူး။ နေအုံး၊ ဖြတိုက်ဖက်ကို မသွားကြနဲ့၊ ဖြအမှုထမ်းတွေရော အားလုံး ဘယ်သူ့ဆို ဘယ်သူ့အသိမှ မခံနိုင်ဘူး။ ဘယ်သူမှ မသိနိုင်အောင် လုပ်။ အမြန်ဆုံး လုပ်၊ အချိန်ဟာ ဒို့အသက်ဘဲ"

ကျုပ်အသံမှာလည်း အလွန် ပြတ်သားတိကျသော စစ်မိန့်ပေးသံ ဖြစ်နေ၏။ လွတ်မြောက်ရမည် ဟူသော

ယုံကြည်ချက်သည် အသံထည်း၌ အရှင်းသား ဖော်ပြနေသည်။

"မြို့တံခါးတိုင်းမှာ သီရိခေတ္တရာတပ်တွေ ပိတ်ဆို့ထားကြဘီ မြို့စား"
"ငါသိပါတယ်ကွာ၊ မြန်မြန်ဆန်ဆန် လုပ်ကြဘို့သာ မင်း စီစဉ်ပီး ခိုင်းပေးပါ"

ထို့နောက် ကျုပ်သည် မှောင်မည်းမည်းထည်း၌ စံနန်းတော်ဖက်သို့ ပြေးလွှားသွားသည်။ စံနန်းတော်၏ လှေကားခုံနဘေးတွင် အပျိုတော် ပစ္စယာ၏ အလောင်းကို တိုက်မိသည်။ ရထားရုံ၏ တံခါးကို ဆွဲဖွင့်နေစဉ်၌ တပ်သားငယ် နှစ်ဦးသည် ရထားတွင်ကရန် မြင်းများကို မြင်းရုံဘက်မှ ဆွဲလာနေကြသည်။ စမ်းတဝါးဝါး အလင်းရောင်၌ မြင်းများ တပ်ဆင်နေသည်မှာ အရေးတကြီး အလျင်လိုနေလေသည်။ အပျိုတော်များ ရံရွေတော်များ၊ အဆောင်ကိုင်များ တဦးတယောက်မှ မရှိကြတော့ပေ။ သိုတို့ကို ခေါ်၍လည်း မရတော့။ သူတို့သည် ပစ္စယာကို သတ်လိုက်သည့်အတွက် အမှောင်ထည်း၌ ကြောက်လန့်တကြား ပုန်းအောင်းနေကြသည်။

ရထားကို အတုလ အဆောင်တော်ရှေ့၌ ရပ်တန့်လိုက်ချိန်တွင် ဘဏ္ဍာတော်များ တင်ဆောင်လာသည့် အမင်္ဂလာသည်လည်း ဆိုက်ရောက်နေ၏။ ထို့ပြင် ရိက္ခာများ အပြည့်တင်လာသည့် အခြားရထား လေးစီးလည်း ပါလာသည်။ ထို့နောက် နန်တော်ကြီးရှေ့ မြက်ခင်းပြင်ကြီးတွင် အသီးသီးသည် မြင်းများအပေါ်၌ ရိက္ခာ အပြည့်တင်၍ ဆွဲလာနေသည်။ သူတို့သည် အမှောင်ထည်း၌ စည်းကမ်းသေဝပ်စွာ ငြိမ်သက်နေသည်။ အသံ တစုံတရာမျှ မထွက်ပေါ်အောင် ထိန်းသိမ်းထားသည်။

အတုလ ဆောင်ရှေ့၌ စစ်သည်နှစ်ဦးသည် ဝတ္တရားထမ်းဆောင်ပြီး စောင့်နေဆဲဖြစ်၏။

ကျုပ်သည် တံခါးကို တွန်းရွေ့၊ ခန်းဆီးစကို မယူပြီး အထည်းသို့ တိုးဝင်လိုက်၏။ အတွင်း၌ အမွှေးနံ့များ ထုံသင်းနေကာ ဖယောင်ဆီမီးများသည် တောက်ပနေဆဲ ဖြစ်၏။ ဘုရင်မကို အထိန်းတော်ကြီးသည် ပွေ့ထူထားပြီး ယပ်ခတ်ပေးနေသည်။ အထိန်းတော်ကြီး၏ မျက်နှာ၌ မျက်ရည်များ တဖြိုင်ဖြိုင်စီးကျနေသည်။ ဘုရင်မသည် အသက်ရှူနေဆဲ ဖြစ်သော်လည်း သတိကား ပြန်၍ လည်မလာသေး။

"ကျွန်မတို့ ဘာလုပ်ရမလဲ သျှိဝမြို့စားလး"

အထိန်းတော်ကြီး၏ ငိုပြောသံသည် ဤ အတုလ အဆောင်တော်ထည်း၌ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်နေသည်။

"ကျုပ်တို့တတွေ လွတ်မြောက်ရာလမ်း ရှိပါသေးတယ်။ ရန်သူကိုတော့ ခုခံတိုက်ခိုက်ဘို့အင်အား မရှိတော့ပါဘူး။ ဘုရင်မကို ပန်းရထားပေါ်တင်မှ ဖြစ်တော့မှာဘဲ အထိန်းတော်ကြီး"

"ဘယ်ကို သွားကြမလို့လဲ"

"ဘယ်ကို ဆိုတာတော့ စိတ်ကူး မရှိသေးဘူး၊ လောလောဆယ်ဆယ်မယ် ရန်သူ့လက်အောက်က လွတ်မြောက်သွားဘို့ကို အဓိကထားရမယ်"

အတုလ စည်တော်ကြီးသည် အပေါ်မှ မိုးနေ၏။ ကျုပ်တို့သည် လှေကားထစ် စိပ်စိပ်များအတိုင်း ထိုနေရာသို့ တက်သွားပြီး ပုဆစ်ဒူးတုပ် ထိုင်လိုက်လေသည်။ ထို့နောက် ပုဝါဖယ်ရှားထားသော အရှင်၏ မျက်နှာတော်ကို ငုံ့၍ ကြည့်လိုက်လေသည်။ ချစ်နှစ်သက်ဖွယ်ရာ အပေါင်းသည် ထိုမျက်နှာတော်ပေါ်တွင် စုနေလေသည်။ ပွေ့မ ယူရန်အတွက် ကျုပ်သည် အရှင်မ၏ ကျောအောက်သို့ လက်လျှိုသွင်းလိုက်လေသည်။ နွေးထွေးသော

အိညက်သော၊ ထုံရစ်သော အတွေ့အထိတို့ကြောင့် ကျုပ်၏ ရင်ခုန်လှိုင်းမှာ မြန်လာနေသည်။ ပါးလျသော အရှင်မ၏ကိုယ်သည် ကျုပ်၏ ရင်ခွင်ထည်း၌ ဖက်ရွက်ကလေး တခုကဲ့သို့ ပေါ့ပါးစွာ ပါလာသည်။ ရင်အုံချင်း ထိကပ်ပူနွေး နေပြန်လေသည်။ အရှင်၏ အသက်ရှူငွေ့သည် လက်မောင်းကို တိုးဝှေ့နေသည်။

ပန်းရထားထက်ရှိ သလွန်မွေ့ရာထက်သို့ ဘုရင်မအား တင်ထားလိုက်ပြီးနောက် ရထားထိန်း၏ နေရာတွင် ဝင်ရောက် ထိုင်လိုက်ပြီးသည့်တိုင်အောင် ကျုပ်သည် ရင်ခုန်ဆဲရှိပြီး လူမှာ ထုံရစ်ရစ် ထိုင်းမှိုင်းမှိုင်း ဖြစ်နေသေးသည်။

အမှောင်ထည်း၌ ဒက္ခဏာသည် စမ်းပြီး လျှောက်လာကာ ကျုပ်၏ ဓားနှင့်စောင်းကို ပေးလေသည်။

"လုပ်စရာရှိတာ မြန်မြန်သာ ညွှန်ကြားပေတော့ မြို့စားမင်း။ ရန်သူတွေ စစ်သေနာပတိတပ်ကို ဝါးမျိုနေဘီ မြို့တော်ဝန်ရဲ့ တပ်တွေလဲ ကစင့်ကလျားဖြစ်ပီး နောက်ဆုတ်လာနေရဘီ"ဟု ပါလသည် ရထားတဖက်မှ ပြောနေ၏။ သူ့အသံမှာ အရေးတကြီး အလောသုံးဆယ် နိုင်နေသည်။

"တပ်မှူးတွေကို ကိုယ့်တပ်ကို ကိုယ်စစ်ဆေး၊ အသံ တခုကလေးမှ မထွက်စေနဲ့၊ အေးအေးဆေးဆေး စံနစ်တကျ လိုက်ခဲ့ကြဖို့ ခိုင်းပါ"

ကျုပ်လည်း အသံကို ထိန်း၍ပြောပြီး အမှောင်ထည်းတွင် မြင်းဇက်ကြိုးများကို လျှော့ပေးလိုက်၏။ ပန်းရထားသည် နန်းတော်ကြီး အရှေ့ မလွယ်တံခါးဖက်သို့ ရှေ့ရှု သွားနေလေသည်။ ထိုအချိန်၌ ပြိုးပြိုးပြက်နေသော ကြယ်ရောင်များသည် လင်းထိန်လာနေသည်။ လမ်းသေး လမ်းမြွာများကို ကျုပ်သည် တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်လာသည်။ မြို့ဆင်ခြေဖုံး အစွန်အဖျားပိုင်းကို ကျော်လွန်လာပြီး ဥယျာဉ်များ အလယ်မှ လမ်းကြမ်းများကို ရထားသည် ဖြတ်ကျော်လာ၏။ ဤလမ်းများကိုကား ကျုပ်သည် အမှောင်ထည်း၌ မျက်စိမှိတ်သွားလျှင်လည်း မှားနိုင်မည် မဟုတ်ပေ။ ပန်းပုဆရာကြီး၏ အိမ်သို့ ပန်းပုရုပ်တု အတတ်သင်ရင်း ညအခါများ၌ပင် အကြိမ်ကြိမ် သွားလာခဲ့ဘူး၏။ ပန်းပုဆရာကြီး၏ ငှက်ပျောဥယျာဉ်ထောင့်၌ ရထားကို ကပ်ရက်လိုက်လေသည်။

ကျုပ်သည် ရထားပေါ်မှ အသံမထွက်စေဘဲ ညင်သာစွာ ဆင်းသက်လိုက်လေသည်။ ယခုအချိန်၌ အချိန်တိုင်း အချိန်တိုင်းမှာ အဖိုးတန်နေသဖြင့် ကျုပ်၏ စိတ်မှာ အလျင်လိုနေပေသည်။ သို့သော် တပ်ဖွဲ့အပေါင်းသည် ငှက်ပျောပင်ရိပ်များ၌ အသံအလျှင်း မထွက်စေဘဲ စည်းကမ်းသေဝပ် ငြိမ်သက်နေ၏။ သူတို့သည် ရိက္ခာများ တင်လာသည့် မြင်းများ၏ နံဘေးတွင် ငြိမ်သက်စွာ ရပ်နေကြသည်။ ကြယ်ရောင်အောက်၌ အားလုံး၏ မျက်နှာများသည် ပြတ်သား တင်းမာနေကြ၏။ မည်သည့် အန္တရာယ်ကိုမဆို ရင်ဆိုင်ရန် အသင့်ဆုံးဖြတ်ထားသော မျက်နှာထားများ ရှိနေသည်။ ဓားရိုးများအပေါ် တင်ထားသော သူတို့၏ လက်များမှာလည်း မာကြောနေသည်။

ပန်းပုဆရာကြီး၏ ဥယျာဉ်နှင့်အိမ်မှာ ငြိမ်သက်နေသည်။ လူတဦး တယောက်မျှမရှိ။

ကျုပ်သည် တပ်မှူးများ သွေးသောက်များ၊ အကြပ်များ၊ အိုးစားများ အားလုံးကို လူစစ်ခိုင်းလိုက်၏။ ယခုအချိန်၌ တဦးတယောက် သစ္စာဖောက်သွားနိုင်သည်ကို သတိထားရမည်။

ထို့နောက် ကျုပ်သည် မြို့ရိုး၏ အပေါက်ငယ်ကို စမ်း၍ ရှာဖွေလိုက်လေသည်။ အားလုံးကို တယောက်တလက် အုတ်အဆွေးများခွာ၍ အပြင်ဘက် ကျုံးအတွင်းသို့ ချခိုင်းလိုက်၏။ တယောက်မကျန် ခြွေးတလုံးလုံးဖြင့်

စည်းကမ်းတကျ အသံမထွက်စေဘဲ အုတ်ဆွေးများကို ရေထည်းသို့ ချနေကြ၏။ အသက်ရှူသံကိုပင် သူတို့သည် ထိန်းထားကြ၏။

လမထွက်မီ ပြီးစီးမှ ဖြစ်မည်။ လထွက်လာလျှင်ကာ အကြီးအကျယ် ဒုက္ခရောက်ပြီး ရန်သူ့လက်အောက်သို့ ရောက်သွားလိမ့်မည်။

မြို့တော်ဝန်၏ တပ်များ ကြာရှည် ခုခံနိုင်ပါစေဟုသာ ဆုတောင်းရတော့မည်။

စစ်သေနာပတိ၏ တပ်များကား အတွင်းအပြင် ရန်များကြောင့် ကျဆုံးသွားခဲ့ရလေပြီ။ စစ်သေနာပတိကြီး ကိုယ်တိုင်လည်း မြို့ရိုးတံခါးတိုက်ပွဲ၌ ကျဆုံးသွားခဲ့ရလေပြီ။ သို့သော် မြို့တော်ဝန်၏ တပ်များသည် သမာနတပ်၏ နမူနာကိုယူလျှက် စည်းကမ်းသေဝပ်စွာ၊ ဇွဲသတ္တိရှိစွာ ခုခံနေကြသည်။

သို့သော် ယခုအချိန်၌ အင်အားချင်း မမျှလွန်းသဖြင့် တပ်များကို စည်းကမ်း သေဝပ်စွာဖြင့် နောက်သို့သာ ဆုတ်ခွာပေးနရသည်။

မြို့အလယ်ဖက်သို့ ရန်သူများ ကျွံဝင်လာကြလေပြီ။ နန်းတော်ကြီးဖက် တရွေ့ရွေ့ နီးကပ်လာနေကြလေပြီ။ မြို့ကို ရန်သူများ စတင်၍ မီးတင်ရှို့လေပြီ။ မီးတောက်များသည် သေးရာမှ ကြီးမားလာနေပေပြီ။

"မီးရှို့ကုန်ဘီ"ဟု ပါလက တိုးတိုးကျိတ်၍ ပြောလိုက်၏။

မီးရောင်သည် တချက်တချက်၌ လာ၍ ထင်ဟပ်နေ၏။ သို့သော် ငှက်ပျောဥယျာဉ်သည် ကျုပ်တို့အား ရန်သူမျက်မြင်မှ ကွယ်ထားနေသည်။

မြို့ရိုးအပေါက်သည် ရထား ဖြတ်မောင်းနိုင်အောင် ကျယ်သွား၏။ ပထမ၊ မြင်းလွတ်များကို မောင်းခိုင်းလိုက်သည်။ အုတ်များခင်းထားသဖြင့် ရေများ မြင်း၏ ဒူးဆစ်မျှအထိသာ နက်တော့လျှက် ဘုရင်မ၏ ပန်းရထားကို ဖြတ်မောင်းလိုက်သောအခါ ဘီးများသည် အုတ်ဆွေးများထည်း၌ ကျွံဝင်နေသည်။ လူအားဖြင့် ဝိုင်းမြှောက် တင်နေရ၏။ ထို့နောက် အမင်္ဂလာသည်လည်း ထိုအတိုင်း၊ နောက်မှ ရိက္ခာတင် ရထားများသည်လည်း ထိုအတိုင်း၊ ထိုနေရာမှနေ၍ ကျုပ်တို့သည် အချိန်ပေါင်းများစွာကို ဖွဲ့သုံးနေကြရ၏။

ဒက္ခဏာဦးစီးလျှက် အကြပ်စိတြာ၏ တပ်စုကလေးသည် မြို့ရိုးအပေါက်ကို အတွင်းဖက်မှ ဖာထေးပြီး ပကတိအတိုင်းလိုလို ဖြစ်အောင်လုပ်၍ နေရစ်ခဲ့သည်။ ရုပ်တုဆရာကြီးအိမ်မှ ထုံးများတွေ့သဖြင့် ယူ၍ သုတ်လိမ်းလိုက်ကြ၏။ အပြင်ဖက်မှလည်း ထို့အတူပင် လုပ်နေကိုင်နေကြပုံမှာ အသံအနည်းငယ်မျှ မထွက်။ ပိုမိုလျင်မြန်စွာ ပြီးစီးနေသည်။

အပြင်ဖက်၌ အားလုံး ရောက်ရှိလာကြပြီ။ ဒက္ခဏာနှင့် စိတြာ၏ တပ်ဖွဲ့သားများသည် မြို့ရိုးပေါ်မှ ကျော်တက်လာကြ၏။

"အာလုံးအသင့်ဖြစ်ပလား၊ ရောက်ပလား"
"အသင့်ပါဘဲ"စု တပ်မှူးများက တီးတိုးပြောသည်။
"အသံတခုမှ မထွက်စေနဲ့၊ ဒို့များ ခရီးစထွက်မယ်"

http://cyberbooks.myanmarchat.org


အမှောင်ရိပ်များ အတွင်းသို့ မြို့တွင်းမှ မီးရောင်သည် တချက်တချက် လာ၍ ဟပ်နေ၏။ အပြင်ဖက်၌လည်း ရန်သူ့ တပ်ဖွဲ့များ မကြာမကြာ ပတ်လှျက်ရှိမည်။ မတော်တဆ ရန်သူ့တပ်ဖွဲ့ငယ် တခုနှင့် တိုးလျှင်မူ အသံ မထွက်နိုင်အောင် တိုက်ခိုက်ပစ်နိုင်မှ ဖြစ်မည်။ ကျုပ်သည် ရင်တထိတ်ထိတ်ခုန် စိုးရိမ်လှျက်ရှိ၏။ ထို့ပြင်လည်း မည်သည့်ဒေသသို့ သွားရမည်ကို အလျှင်း မတွေးတောရသေးပေ။

(၃၃)

"ဘယ်ကိုရောက်နေပြီ ထင်သလဲ"
"စစ်တားမြို့ မြောက်ဖက်ကို ရောက်နေပြီ ထင်တယ် မြို့စား"
နောက်သို့ ပြန်ကြည့်လျှင် ဝေးဝေးပျပျ၌ ကောင်းကင်သို့ လွင့်တက်ပြီး လင်းနေသော ဗိသနိုး၏ မီးတောက်မီးလျှံကြီးများကို မြင်ရသည်။ မိုးကုပ်စက်ဝန်း တခုလုံး လင်းထိန်နေသည်ဟု ထင်ရသည်။

ဘုရင်မသည် သတိလစ်နေဆဲ၊ သလွန်ပေါ်၌ မေ့မျောနေဆဲ၊ မှီအုံးတော်ပေါ်၌ ညွတ်ခွေကျနေပြီး အထိန်းတော်ကြီးသည် ညင်သာစွာ ပွေ့ပိုက်ထား၏။ လရောင်ပြိုးပြိုးပြက်ပြက်၌ စပယ်ပွင့်ကလေးတပွင့် ငုံအာနေသကဲ့သို့ အရှင်မ၏ ပါးစပ်သည် ပွင့်ဟနေ၏။ မှိတ်စနေသည့် မျက်ခွံတော်။ ဖေါင်းဖေါင်းအိအိ ပါးပြင်ထက်ဝယ် သွေးများ လျှမ်းတက်နေသည်။

သျှိဝသည်လည်း သစ္စာဖောက် မြို့တော်ဖြစ်နေပြီ။ စစ်တားသည်လည်း ထို့အတူ။ ငမင်သို့သွားလျှင်လည်း တရက်မျှ မကြာမီ လာ၍ အတိုက်အခိုက် ခံရမည်။ ငမင်ကိုလည်း ယခုအခါ၌ ယုံကြည်ထား၊ စိတ်ချထား၍မရ။ ထိုအကြောင်းတို့ကို ကျုပ်သည် ခေါင်းမူးနောက်နေအောင် တွေးတောနေ၏။ သို့သော် မည်သို့ ဖန်တီးရမည်ကို မသိနိုင်တော့ပေ။ ယခု ရထားကို မည်သည့်နေရာဌာနသို့ သွားရမည်ကို မတွေးတတ်တော့။ ရန်သူ့ လက်တွင်းမှ လွတ်ကင်းသွားရန်ကိုသာ ရည်ရွယ်၍ ထွက်လာခဲ့သော်လည်း ယခုကား လမ်းစပျောက်နေပြီ ဖြစ်လျှက် ရည်ရွယ်ချက်ကင်းမဲ့စွာ ဖြည်းဖြည်းဆက်၍ နှင်နေပြန်သည်။

"ရထားကို ဒီအတိုင်းဘဲ နှင်နေရမှာလား မြို့စားမင်း"
ဒက္ခဏာက အသံအုပ်အုပ်ဖြင့် မေးလေသည်။

"ဘယ်ကို နှင်ရမယ်မှန်း ငါလဲ မသိသေးဘူး ဒက္ခဏာ"
ကျုပ်သည်လည်း အသံကိုအုပ်၍ တိုးတိုးပြောလိုက်၏။ ထိုစကားများကို အခြားသူ တဦးတယောက် ကြားသွားမည်ကို စိုးရိမ်နေမိ၏။ နောက်မှ လိုက်ပါလာသူများအတွက် ထိုအခက်အခဲကို ယခုအချိန်၌ မသိစေချင်သေး။ သူတို့စိတ်များ အားလျှော့ ပျက်ပြားသွားမည်ကို စိုးရိမ်ရသည်။ ယခုအခါ၌ ရန်သူ့လက်မှ ခြေရာ ဖျောက်ဖျက်ထားနိုင်ပြီးမှ ထိုကိစ္စကို အေးအေးဆေးဆေး ဆက်၍ ကြံစည်ရမည်။

"ဒါဖြင့် လက်ဝဲဘက်ကို နဲနဲတိမ်းပီး မောင်းတာပေ့ါ မြို့စား"
"အဲဒီလိုဆိုရင် ရှေ့က အမြင့်ဆုံး မြင်းမဏိတောင်ဘက် ဦးတည်မှာပေ့ါ"
"ဟုတ်တယ်. . . အမြင့်ဆုံးတောင်ကို ဦးတည်ချင်လို့ဘဲ"
"ဘာပြုလို့လဲ"

သူသည် လရောင် ပြိုးပြိုးပြက်ပြက် အောက်၌ အမြင့်ဆုံး ခုံးမို့နေသည့်နေရာကို လှမ်း၍ ညွှန်လေသည်။

"မြင်းမဏိ တောင်တန်းထည်းက အမြင့်ဆုံး ခုံးမို့မို့ တောင်ကြီးကို ငှက်ကြီးပျော်တောင်လို့ ကျွန်တော်တို့က ခေါ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ဟိုမြောက်ဘက်စက ပိုပြီး နဲနဲခုံးခုံးမို့မို့ ဖြစ်နေတာဟာ ငှက်ကြီးတကောင် ဝပ်နေတဲ့ အတိုင်းပါဘဲ ခင်ဗျာ့။ ငှက်နှုတ်သီး နေရာက ကျနေတဲ့ရေဟာ စမ်းချောင်းကလေး တခုဖြစ်ပီး၊ တောင်ကြီးကို ပတ်စီး နေပါတယ်။ တောင်ခြေရင်းက တောင်ကြားထည်းမယ် ကျွန်တော်တို့ မြင်းတွေစားလို့ မကုန်နိုင်တဲ့ မြက်ခင်းကြီးတွေ ရှိပါတယ် မြို့စားမင်း။ တောင်ပေါ်မှာ တပ်တော် ကွန်းထောက်ထားရင် ရန်သူဆယ်ဆနဲ့ ကျွန်တော်တို့ တဆနဲ့ ညီမျှပါတယ် ခင်ဗျ"

http://cyberbooks.myanmarchat.org


"အဲဒီမှာ ကွန်းထောက်ပီးရင် ရှေ့ဆက်သွားဘို့ စဉ်းစားရမယ် ဒက္ခဏာ"
"စဉ်းစားနေစရာတောင် မလိုအပ်ပါဘူး ခင်ဗျ"
"သေချာရဲ့လား"
"သေချာတာပေါ့ ခင်ဗျာ။ အဲဒီကောင်တွေရဲ့ အရှေ့ဘက်မှာ သက်အနွယ်ဝင် လူမျိုးစုတွေ ရှိပါတယ်။ ကျွန်တော့် မျက်နှာကို ကြည့်စမ်းပါ။ ကျွန်တော့်အသံကို နားထောင်စမ်းပါ မြို့စားမင်း"
လူငယ်ကလေးသည် အသံကိုထိန်း၍ ရယ်လေသည်။

လရောင်အောက်၌ သူ့အသားအရောင်မှာ သာမန်ထက် ပို၍ အဝါဖက်သို့ လုနေသည်ကို ထင်ရှားစွာ သတိထားမိသည်။ စကားကို ပီပီသသ ပြောနေရင်းမှ သူ့အသံသည် ဝဲသွားတော့သည်။

"ပါလကိုရော ဘယ်အရပ်သားလို့ ထင်သလဲ မြို့စားမင်း"
သူသည် ကြားဖြတ် မေးခွန်းတခု ထုတ်လေသည်။

"ပါလရဲ့ဇာတိက ငမင်တောင်ခြေက မုဆိုးရွာကလေး တရွာက မြို့စားရဲ့၊ သူ့ဖခင်ဟာ ကျောက်မောင်းဆင်ပီး သမင်ဖန်းတဲ့နေရာမှာ အကျော်ဒေးယျ မုဆိုးကြီး ခင်ဗျာ။ ဒါကြောင့် ဟိုစဉ်က မြို့စားမင်း ကျောက်မောင်း ပိရတာဟာ သူ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး၊ လက်ကမြင်းပီး ကျောက်မောင်း ထဆင်လို့ ဖြစ်ရတာ"

ဒက္ခဏာသည် ဆက်လက်၍ သူ့အကြောင်းကိုလည်း ပြောပြနေသည်။ သူသည် တောင်တန်းကြီး၏ အရှေ့ဖက် သက်အနွယ်ဝင် လူမျိုးတစုမှ ပေါက်ဖွားလာခဲ့သူ ဖြစ်၏။ သူ အသက်ဆယ့်ခြောက်နှစ်သား လွန်ခဲ့သော ရှစ်နှစ်က သူနှင့်အတူ အပေါင်းအသင်းတစုသည် နာမည်ကြီးနေသော ဗိဿနိုးသို့ ရောက်ဖူးရန် အိမ်မှထွက်ပြေး လာခဲ့ကြလေသည်။ သူသည် ဗိဿနိုး၌ ပျော်နေသဖြင့် အခြား အပေါင်းအသင်းများ ပြန်သွားကြသော်လည်း နေရစ်ခဲ့ပြီး သက်တော်စောင့် တပ်တော်တွင် အမှုထမ်းဆောင်ခွင့်ရအောင် ကြိုးစား ထမ်းဆောင်နေခဲ့သည်။

အရှေ့အရပ်မှ လူများသည် ဗိဿနိုးအား ရွှေမြို့တော်ဟု ခေါ်ဆိုကြ၏။ တဆင့်စကား တဆင့်နားဖြင့် ဗိဿနိုး၏ ကြီးကျယ်ခမ်းနားပုံသည် သူတို့ဆီတွင် အဆမတန် သတင်းပြန့်ကားနေသည်။

အရှင်မ၏ သတင်းသည် ပို၍ ကြီးကျယ်ခမ်းနားစွာ ဖြစ်ပေါ်နေသည်။

ဘုရင်မ၏ အလှုသတင်း၊ ဘုန်းသမ္ဘာတော်မြတ်၊ ယန္တရားအတတ်၊ တရားဓမ္မတ်၌ ကျွမ်းကျင်တော်မူခြင်း စသည်တို့ကို အစဉ်အမြဲ ပြောမဆုံးနိုင်အောင် ရှိကြသည်။

ထိုအရပ်မှ လူများသည် တရွာတမင်း အုပ်ချုပ်ကြ၏။ ရွာအချင်းချင်း မတည့်တိုင်း မပြတ်မလတ် တိုက်ပွဲများ အစဉ် ဖြစ်ပေါ်နေတတ်သည်။ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ တိုက်ပွဲများ ဝင်နေရသဖြင့် အလုပ်ကိုလည်း အေးအေးလူလူ မှန်မှန်ကန်ကန် မလုပ်နိုင်ကြတော့ပေ။ သို့တို့သည် အုပ်ချုပ်နိုင်သူ မင်းမြတ်တပါးပါးကို အလိုရှိနေကြ၏။ ဘုရင်မအား ထိုနယ်၌ လာရောက်စိုးစံ အုပ်ချုပ်တော်မူရန် များစွာ အလိုရှိနေကြသည်။

ကျုပ်သည် ငြိမ်သက်ငေးမောကာ ဒက္ခဏာ၏ စကားများကို နားထောင်နေမိသည်။ ထိုစကားများကို ကြားလိုက်ရသည်မှာ မှောင်နေသော အကျဉ်းတိုက်၏ တံခါးကို ရုတ်တရက် ဆွဲဖွင့်လိုက်သောကြောင့် အပြင်ဘက်မှ အလင်းရောင်များ လွတ်လပ်စွာ ပြေးဝင်လာသကဲ့သို့ ရှိလေသည်။ ပျောက်ဆုံးနေသော လမ်းစကို ရုတ်တရက် ပြန်တွေ့နေရသကဲ့သို့ ရှိသည်။ စိတ်အားလျော့နေမှုများ ပျောက်ဆုံးကုန်ပြီး ကျုပ်မှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာကြည်နူးလျှက် ရှိသည်။

"မင်းဟာ တကယ်တော်တဲ့ လူဘဲ ဒက္ခဏာ"
ကျုပ်က အသံတုန်တုန်ဖြင့်ပင် ပြောသည်။

"ဒါပေမယ့် မင်းထက်ငါက ပိုတော်တယ်ကွယ့်၊ ဘာပြုလို့လဲဆိုတော့ မင်းလို လူတော်တယောက်ကို ရွေးချယ်နိုင်တာဟာ လူတော်ထက်ကို အဆမတန် ပိုတော်နေလို့ဘဲ ငါပြောတယ်၊ ဟုတ်တယ်"

ဒက္ခဏာက အထိန်း အချုပ်မရှိ ဘောင်ဘင်ခတ်သွားအောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလေသည်။ ငြိမ်သက်တွေဝေ နေသူများသည် ရှေ့သို့လှမ်း၍ ကြည့်လိုက်ကြ၏။

"သေနိုင်ခဲလေးနှယ်. . . ဒီလောက်ဒုက္ခတွေ ရောက်နေတုန်းလဲ သူ့ပါးစပ်က ရယ်နိုင်သေးတာဘဲ"
တပ်ဗိုလ်ပါလသည် တပ်အလယ်လောက်ဆီမှ ဆဲရေးလေသည်။

ထို့နောက် ဒက္ခဏာ၏ မြင်းသည် လမ်းပြအဖြစ် ရှေ့မှဖြည်းဖြည်း နှင်လျှက်ရှိသည်။ ရထားသည် ချောင်းကမ္ဘားတခုဘေးမှ ယှဉ်လျက် တောင်ကုန်းတခုကို ပတ်သည့် လမ်းအတိုင်း ဖြည်းနှေးစွာ သွားနေသည်။ တောသုံးတော၊ ကွက်လပ် လဟာသုံးခုကို ကျော်လွန်ခဲ့ပြီး မြေအနေအထား မြင့်တက်လာသည်။

ဗိသနိုးမှ မီးရောင်များသည် အနိမ့်ပိုင်း အဝေးကြီးဆီတွင် ကျန်နေခဲ့သည်။ ကောင်းကင်ပြင်ဝယ် ကြယ်အပေါင်းသည် ဖိတ်လက်နေလျက် ငွေလဝန်းမှာ မြင့်တက်လာနေသည်။

"မြို့စားလေး သျှိဝမြို့စားလေး" အထိန်းတော်ကြီးသည် နောက်ဘက်မှ တိုးတိုးခေါ်လေသည်။

ကျုပ်လည်း ငေးမောနေရာမှ နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

ထိုအခါတွင် ညောင်စောင်း သလွန်ထက်၌ အရှင်မ၏ကိုယ်သည် တဖြေးဖြေး လူးလွန့်လှုပ်ရှား လာနေသည်။ အရှင့် မျက်နှာတော်မှာ ရထားရှေ့ဖက်သို့ လှည့်ပြီးသားဖြစ်နေသည်။ အရှင်၏ မျက်လုံးတော်တို့သည် ကော့နေသော မျက်တောင်များကြားမှ တဖြေးဖြေးပွင့်လာနေသည်။ မျက်လုံးတော်တို့မှာ တဖျတ်ဖျတ် တောက်ပနေသည်။ ကျောက်ရုပ်တုတခု အသက်ဝင်လာသကဲ့သို့ထင်ရ၏။ ထို့နောက် ကျုပ်နှင့် မျက်နှာချင်းဆိုင်မိနေသည်။ ကျုပ်သည်လည်း ခေါင်းကို ဖြေးလေးစွာ ပြန်၍ငုံ့သည်။

"အခု ဒို့များ ဘယ်ကိုရောက်လာတာလဲ အထိန်းတော်ကြီးရယ် ဘယ်လိုများ ဖြစ်လာရတာလဲ"

အရှင်သည် ညည်းညူနေသကဲ့သို့ တီးတိုး မေးမြန်းလိုက်ကာ ပါးစပ်ကို ဖွင့်ဟပြီး အသက်ရှူနေသည်။ အရှင့် မျက်လုံးများသည် ပြန်၍ အရောင်မှိန်ဖျော့လာသည်။ အရှင်သည် နွမ်းလျသွားသကဲ့သို့ ရှိနေသည်။

တောစကို ဖြတ်ကျော် တိုက်ခတ်လာသည့် လေများထည်းတွင်ကား ပန်းပေါင်းစုံ၏ မွှေးရနံ့များ မျောပါလာနေသည်။

အထိန်းတော်ကြီးသည် ဖြစ်ပျက်သမျှကို အတိုချုံး၍ လျှောက်တင်သည်။ ဗိသနိုးကို ရန်သူများဝိုင်းဝန်းခြင်း သျှိဝနှင့် စစ်တားမှ ပို့ဆက်ထားသောတပ်များ သစ္စာဖောက်ခြင်း၊ သမာန၏ မြင်းသည်တော်တပ်ကလေး စွန့်စားမှု၊ ထို့နောက် မြို့ရိုးကို ဖောက်ထွက်လာရခြင်း။

အထိန်းတော်ကြီး၏ တိုးတိုး လျှောက်တင်နေသံသည် ရှေ့ဖက်သို့ ပျံ့လွင့် ရောက်ရှိလာနေသည်။

ကျုပ်ကလည်း ရှေ့ရေးအစီအစဉ်များကို တင်လျှောက်၍ ထိုအစီအစဉ်အတိုင်း လက်ခံတော်မူပါရန်လည်း လျှောက်တင်သည်။

ဘုရင်မအား အထိန်းတော်ကြီးသည် တွဲ၍ ထူပေးသည်။ ဘုရင်မသည် မှီအုံးတော်ကိုမှီ၍ ထိုင်တော်မူရင်း ရထား၏ ဘေးပြတင်းမှ အပြင်ဖက်သို့ စိုက်ငေး၍ ကြည့်တော်မူနေသည်။

အရှင်၏ နှလုံးဝမ်း၌ သောကမီးများ ပြင်းစွာ တောက်လောင်လျက်ရှိနေသည်။ ပဥ္စလက် ပြသကဲ့သို့ နေ့ခင်းက မိမိလက်အောက်တော်ခံ မြို့များကား ယခု ရန်သူ လက်အောက်ဝယ် ဝပ်စင်းကျဆုံးနေပြီ။ မိမိသည်လည်း ရှောင်ပုန်းနေရသော ရာဇဝတ်သားဘဝသို့ သင့်ခဲ့ရပြီ။ မိမိ၏ နောက်အရေးဆိုသည်မှာလည်း မရေရာသေး။ ရံရွေများသည်လည်း ကင်းမဲ့နေပြီ။ စံနန်းတော်ဆိုသည်မှာလည်း မမြော်လင့်နိုင်တော့သော အိပ်မက်ထည်းမှ အရာများ ဖြစ်ခဲ့ရလေပြီ။ အတုလ စည်တော်အားလည်း ရန်သူများ ယုတ်မာစွာ ဖျက်ဆီးခဲ့ပြီးပြီ။ ဖခင်ရသေ့ အရှင်သူမြတ်အားလည်း ရှင်သည် သေသည်မသိရ။ ဝေးကွာခဲ့ပြီ။ အားကိုး မဲ့ခဲ့ရချေပြီ။

"အရှင် အရှေ့ဘက်မယ် စစ်သည်တော်တွေစု၊ မြို့နန်းတည်ထောင်ပီးရင် ဗိဿနိုးကို ကျွန်တော်များ ပြန်ပီးသိမ်းယူနိုင်ပါမယ်။ ဘာပြုလို့လဲဆိုတော့ အရှေ့ဖက်သားတွေဟာ စစ်ကို အခါမလပ် လေ့ကျင့်နေကြရတဲ့ လူတွေဖြစ်လို့ သူတို့တဦးနဲ့ သီရိခေတ္တရာသား တရာမျှ အင်အားမျှပါတယ် အရှင်။ တဆင့်ပီးတဆင့် သီရိခေတ္တရာလဲ အရှင့် ခြေဖဝါးတော်မှောက် ကျရောက်ရပါမယ်။ ငှက်ကြီးပျော် တောင်ပေါ်မယ် အရှင်မ အပန်းတော်ဖြေနေဆဲ ဒက္ခဏာနဲ့ ကျွန်တော်များ သံတမန်တဖွဲ့ ဖွဲ့စည်းပီး ရအောင် သွားရောက်သိမ်းသွင်းပါမယ်"

ထိုအခါ၌ သစ်ပင်ရိပ်များအောင်တွင် ဖြတ်သန်းနေသောကြောင့် သလွန်ညောင်စောင်းထက်တွင် ကျနေသော လရောင်ခြည်တို့သည် မလင်းတလှဲ့ လင်းတလှဲ့ ဖြစ်နေသည်။ ဘုရင်မသည် မျက်နှာတော်ကို ရထားဦးဖက်သို့ လှည့်လိုက်လျက် သမင်လည်ပြန် လှည့်ထားနေသော ကျုပ်၏ မျက်နှာနှင့် ဆုံမိကြလေသည်။

အရှင်၏ မျက်လုံးအိမ်ထည်း၌ လွှမ်းနေသော မျက်ရည်များကို လရောင် လင်းလက်သွားသည့် အခါ၌ တွေ့နေရသည်။ မျက်နှာတော်သည် ဆွေးမြေ့မှုများကြောင့် ညို့မှိုင်းနေသော မိုးနှင့်တူသည်။ အရှင်၏ နှုတ်ခမ်းကား တဆတ်ဆတ် တုန်ယင်နေတော့သည်။ အရှင်သည် သွယ်ညွတ်သော လက်ချောင်းကလေးများကို ချိုးဖွဲ့နေသည်။ အရှင်၏ သက်ပြင်း ရှူရှိုက်နေသံသည် ဝမ်းနည်းစွာ ငိုကြွေးရှိုက်သံနှင့် တူနေသည်။ အရှင်၏ ရင်အုံတော်မှာ နိမ့်မြင့်မမှန် ဖိုလှိုက်နေသည်။

ထို့နောက် အရှင်သည် ဦးခေါင်းကို ရှေ့သို့ ညွတ်ကိုင်းတော်မူသည်။

"မင်းဟာ သျှိုဝမြို့စားလေးနော် သျှိုဝမြို့စားလေး သူသနော်"

အရှင်သည် နှုတ်ခမ်းတော်ကို ပြန်၍စေ့သည်။ သို့သော် တဆတ်ဆတ် တုန်ယင်နေလျှက် ပို၍ ပြည့်သိပ်လာသည်။ အရှင်သည် ကျုပ်အားပင် မမှတ်မိလေရော့သလားဟု ထင်ရမည် ထင်၏။ သို့သော် အရှင်သည် ရပ်ဆိုင်းပြီးမှ ဆက်၍ တိုးသက်စွာ မိန့်တော်မူနေသည်။

"မယုံနိုင်စရာ များပါလား လူကလေးရယ်၊ မင်းအသက်ကို ရက်ရက်စက်စက် သတ်ခိုင်းခဲ့ဘူးတဲ့ ဘုရင်မအတွက် မင်းစေတနာ ထားနိုင်သေးတယ်။ ခွင့်လွှတ်ဖို့ မရှိတော့ပါဘူးကွယ်၊ ငါ့ကို ခွင့်လွှတ်ဖို့ မရှိတော့ပါဘူးကွယ်"

အရှင်သည် နောက်မှီ မှီအုံးတော်ပေါ်သို့ ပြန်၍ မှီလိုက်ပြီး ပုဝါဖြင့် မျက်နှာတော်ကို လွှမ်းလိုက်လေသည်။ ငိုရှိုက်သံပါသော အရှင်၏ အသံသည် ကြေကွဲစဖွယ် တစတစ တိမ်မြုပ်ပျောက်ကွယ် သွားနေသည်။

ထို့နောက် အထိန်းတော်ကြီး၏ ဝမ်းနည်းပက်လက် ငိုရှိုက်သံသည် ပျံ့လွင့်လာနေလေသည်။

ဤတကြိမ်တွင် "အရှင်မ အပေါ်ကို ကျွန်တော် ချစ်မေတ္တာ သက်ဝင်နေတာကြောင့် အစဉ်အမြဲ ခွင့်လွှတ်ထားနေရပါမယ်"ဟု လျှောက်တင်ချင်သည်။

ထိုသို့ ဖြစ်သော်လည်း ကျုပ်ကား ဇွတ်မျိုသိပ်ကာ ထိုဆန္ဒကို ထိန်းသိမ်းနေရပြန်ပါပြီ။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ အခြေအနေ ဆိုးသောကြောင့်သာလျှင် လက်အောက်ခံ ကျေးကျွန်ငယ် တဦးက စော်ကားဝံ့သည်ဟု အရှင်မ တွေးထင်မိလိုက်လျှင် ဘယ်မျှ ကြေကွဲဖွယ်ရာ ဖြစ်နေမည်နည်း။

အရှင့်အား ဘယ်သောအခါများတွင်မှ ကျုပ်၏ ရင်တွင်း၌ ဖြစ်ပေါ်နေ၊ ခံစားနေ၊ ဆွေးမြေ့နေသော မေတ္တာများကို ဖွင့်လှစ်ပြခွင့် ရနိုင်ပါမည်နည်း။ ကျုပ်လည်း ရထားဦးဘက်သို့ မျက်နှာကို ဖြည်းဖြည်းပြန်လှည့်သည်။

ထိုအခါတွင် လမ်းပေါ်၌ ကြွေကျနေသော ရွက်ကြွေများကို ရထားသည် နင်းနေ၏။

ကြွေရွက်ခြောက်တို့၏ ကျိုးကြေသံသည် ကျုပ်နားထည်း၌ နာကျည်းစွာ ငိုကြွေးနေသံ၊ အသည်းနှလုံးများ ကြေပြုန်းနေသံ အဖြစ်ဖြင့် ကြားနေရပါသည်။

(၃၄)

ခရီးဖြည်းဖြည်း နှင်လာ၍ ငါးရက်မျှ ရှိလာသောအခါ ကျုပ်တို့သည် ရည်မှန်းရာတောင်၏ ခြေရင်းသို့ ရောက်လာကြတော့သည်။

မြင့်မတ်လှသော တောင်ထိပ်၌ မြူခိုးများ ဝေနေသည်။ ဤတောင်မကြီး၏ အနောက်ဖက်ခြမ်းမှာ လူတက်၍ပင် ခဲရာခဲဆစ် ဖြစ်နေ၍ တောင်ဘက် စမ်းချောင်းစီးဆင်းနေရာ တောင်ကြားမှ ပတ်ပြီး အရှေ့ဘက်သို့ လာခဲ့ရ၏။ တောင်ဘက်မှလည်း ထရံထောင်ထားသကဲ့သို့ပင် မတ်စောက်နေသည်။ မြောက်ဘက် တောင်ကြားလမ်းမှာ လွန်စွာမြင့်ပြီး မတ်စောက်လှသော သဘာဝ ကျောက်ချပ်ကြီးတခုသည် ပိတ်ဆို့ထားသဖြင့် မြောက်ဘက် တောင်ကြားမှ လူဖြတ်သွားနိုင်ရန်ပင် မဖြစ်နိုင်။ သို့သော် အရှေ့ဘက် တမျက်နှာ၌မူ လူတက်ရောက်နိုင်ရုံမျှမက မြင်းများပင် ခဲရာခဲဆစ် မောင်းတင်နိုင်သော ပြေပြစ်မှုရှိသည်။

တောင်ထိပ်မှ နွယ်ကြိုးတန်းများ ဆင်ပြီး ဒက္ခဏာနှင့် တပ်ဖွဲ့-တဖွဲ့သည် ပန်းရထားကို ဆွဲတင်နေ၏။

ပါလသည် စစ်သည်များနှင့် ကျောက်မောင်းများ ဆင်နေသည်။ အားလုံး၏ လှုပ်ရှားမှု လုပ်ကိုင်မှုမှာ လျင်မြန်စွာ သွက်လက်ပြီး အချိန်မှန်သမျှကို အတိအကျ အသုံးပြုနေသည်။

ဤတော၌ပင် အရှင်မသည် ယာယီ စံမြန်းတော်မူရပါလိမ့်မည်။

လမ်းတလျှောက်လုံး၌ အရှင်သည် ပွဲတော်စာကိုလည်း သုံးဆောင်တော်မူသည် မရှိလှ။ နှုတ်တော်မှလည်း စကားကို မြွက်ကြားတော်မူသည်ဟူ၍ မရှိခဲ့။ ရထား၏ ပြတင်းမှ အပြင်ဘက်သို့သာ ငေးငိုင် ကြည့်ရှုတော်မူ လာခဲ့သည်။

ယခုမူ အရှင်သည် တောင်ခြေ၌ ရပ်တန့်ပြီး မြင့်မတ်လှသော တောင်ကြီးကို မော်၍ ကြည့်ရှုတော်မူနေသည်။ တောင်ထိပ်ပေါ်သို့ ရောက်နေပြီဖြစ်သည့် ပန်းရထားကို သေးသေးငယ်ငယ်ကလေး အဖြစ်တွေ့နေရသည်။

တောင်၏ ထိပ်ဖျားသည် ကောင်းကင် မြူတိမ်များနှင့် ရောယှက်လိမ်လျက် ပျောက်ကွယ် သွားသကဲ့သို့ ရှိလေသည်။ ကျုပ်သည် အရှင့်နောက်ဖက်မှ ရပ်ပြီး ကောင်းကင်သို့မော်၍ ကြည့်နေသည်။ စိတ်ထည်း၌မူ ပျော်စရာ ကောင်းနေသည်ဟု ထင်မှတ်နေ၏။ အရှေ့ဘက်တောင်ကြား မြင်ခင်းပြင်ကျယ်ကြီးဘက်မှ မြင်းများ၏ ဟီသံသည် တောင်ခြေသို့ ရောက်လာနေသည်။ တောင်ကျစမ်း ချောင်းမှ ရေစီးသံလွင်လွင်သည် ဂီတတေး တပုဒ်အလား ထင်နေရသည်။

“ဟိုကလှမ်းမြင်ရတော့ အနီးကလေးလို့ ထင်ရပေမယ့် တကယ်လာတော့ တကယ် ဝေးကွာတတ်တာ တောင်တို့ရဲ့ သဘောပါဘဲ အရှင်၊ အမြင်နီးလျက် ခရီးခက်ဆိုတဲ့ စကားပုံတောင် ရှိတယ်ထင်ပါရဲ့”

ကျုပ်က မိမိကိုယ်ကို ပြောနေသကဲ့သို့ တိုးတိုး ရွတ်ဆိုနေသည်။

စင်စစ်တွင်လည်း ပန်းရထားပေါ်၌ အတူတကွ ရှိခဲ့ပါလျှက် အရှင်၏ မျက်နှာတော်ကိုမျှ ဖူးမျှော်ခွင့် မရခဲ့။ အရှင်၏ အသံကိုမျှ ကြားနိုင်ခွင့်မရခဲ့။

အရှင်သည် တိတ်ဆိတ်ငြိမ်သက်တော် မူနေသည်။ ကျုပ်၏ စကားတို့ကို အရှင်ကြားသိနိုင်တော် မူပါလိမ့်မည်။

တောင်ထိပ်နှင့် တောင်အောက် ခြားနားသကဲ့သို့ အရှင်နှင့် ကျုပ်မှာ ခြားနေသည်။

အရှင်မအား တောင်ပေါ်သို့ တက်တော်မူပါရန် အားလုံးအသင့် ပြင်ဆင်ပြီးကြောင်း ဒက္ခဏာသည် စစ်သည်ငယ် တဦးအား တောင်ပေါ်မှ ဆင်းသက်လာစေကာ လျှောက်ထားခိုင်းလိုက်လေသည်။

ပန်းရထား ဆွဲတင်ခဲ့သောကြိုးမှာ တောင်ခြေသို့ ကျနေသည်။ အထိန်းတော်ကြီး၏ လက်ကိုဆွဲကိုင်လျှက် အရှင်သည် ကြိုးစရှိရာသို့ ရောက်သွားလေသည်။

ကြိုးစကိုကိုင်၍ အထိန်းတော်ကြီးသည် ရှေ့မှတောင်ထိပ်ပေါ်သို့ တက်နေသည်။ အရှင်သည် အထိန်းတော်ကြီး၏ လက်ကိုကိုင်ပြီး ကြိုးစကိုကိုင်လျှက် နောက်ဖက်မှ တက်လိုက်တော် မူနေသည်။ ပြေပြစ်သော ဆင်ခြေလျှောမှ တက်နေရင်း တက်နေရင်း တဖြည်းဖြည်း အမြင့်ပိုင်းသို့ ရောက်လာနေသည်။

အောက်ဖက်၌ သစ်ပင်များမှာ တဖြည်းဖြည်း သေးငယ်ကျန်ရစ်နေခဲ့သည်။ တောင်ကြားသည် အောက်ဖက် အဝေးကြီး၌ ကျန်ရစ်ခဲ့၏။

တောင်ခုလပ် အတက်မှာ မပြေပြစ်ကြတော့ဘဲ မတ်စောက်လာသည်။ ထိုနေရာ၌ လေများသည် တိုးဝှေ့နေသဖြင့် အရှင်၏ ပုဝါစသည် လေနောက် ဝေ့ပါလျှက်ရှိသည်။

"ခဏရပ်ပါအုံး အထိန်းတော်ကြီး"
အရှင်၏ မိန့်မြွက်တော်မူသံကို ကြားရလေသည်။

အထိန်းတော်ကြီးသည် ရပ်လိုက်သောအခါ ကျုပ်သည်လည်း နောက်ဖက်မှ ရပ်တန့်လိုက်လေသည်။ အရှင်မသည် ဆက်၍ မတက်ရဲတော့အောင် ရင်တုန်လျှက် ရှိသည်။ တောင်ခိုးများသည် လေနှင့် အတူပါလာပြီး အရှင်မအား ဝှေ့ယှမ်းနေသည်။

"ဘယ်ကိုမှ မကြည့်ပါနဲ့ အရှင်မဖုရား"

ထို့နောက် မတ်စောက်သည့် အဆင့်ကို တက်လိုက်လေသည်။ အဆင့်၏ အလယ်လောက်တွင် ရုတ်တရက် မမြော်လင့်ဘဲ အရှင်မ၏ ကိုယ်သည် ယိမ်းယိုင်သွား၏။ အရှင်၏ လက်များသည် ကြိုးစကိုင်ထားရာမှ လွတ်သွား၏။ ဤသို့ဖြင့် အရှင်မသည် လိမ့်ကျလာတော့၏။

အထိန်းတော်ကြီးကား အလန့်တကြား အော်ဟစ်လိုက်လေသည်။

ကျုပ်သည် ဆတ်ကနဲ ထိုင်လိုက်ပြီး ကျလာသည့် အရှင်မ၏ ကိုယ်အား ဆီးယူပွေ့လိုက်လေသည်။

အရှင်မ၏ ကိုယ်သည် ကျုပ်၏ ရင်ခွင်ထည်းသို့ ပေါ့သော ဖက်ရွက်ကလေးတခုပမာ ကျရောက်လာသည်။ ကျုပ်လည်း ကြိုးစကို ကိုင်ကာ တုန်ယင်စွာ ထရပ်လိုက်သည်။

ထိုအချိန်၌ အရှင်မ၏ မျက်နှာနှင့် ကျုပ်၏ မျက်နှာသည် တခဏမျှ ထိကပ်မိသွား၏။ အရှင်မ၏ သေးသိမ်သော ခါးကလေးကို ပွေ့ပိုက်ထားမိလျှက်သား ဖြစ်နေ၏။ အရှင်မ၏ ပုဝါသည် ကျုပ်၏ လည်ပင်း၌ ရစ်ပတ် နှောင်ဖွဲ့ထားလျှက်သား ရှိနေသည်။ ကျုပ်၏ အသက်ရှူငွေ့ကြောင့် အရှင်၏နဖူးပြင်ထက်မှ ဆံယဉ်စ ကလေးများမှာ ဘေးသို့ ရွေ့လျားသွားနေသည်။

http://cyberbooks.myanmarchat.org


တောင်ခိုးများသည် အားလုံး၏ မျက်မှောက်မှ အရှင်မနှင့် ကျုပ်အား ကွယ်ပေးထားနေသည်။ နှစ်ဦးတည်းရှိသော အခြားတပါးသော စကြာဝဠာတခုသို့ ရောက်သွားရသကဲ့သို့ ဖြစ်သည်။

အရှင်မ၏ နှလုံးသား ခုန်သံကိုပါ ကျုပ်၏ ရင်နှင့် ထိတွေ့နေသည်။ အရှင်၏ နှုတ်ခမ်းတော်မှာ ပွင့်ဟလျှက် ရှိနေသည်။ ကြောက်လန့်တကြားနှင့် မျက်လုံးမှိတ်၍ ထားသောကြောင့် မျက်တောင်များ ယှက်နေသည်။ အရှင်၏ နွေးပူသော အသားတို့မှာ တဆတ်ဆတ်တုန်လျှက် ရှိသည်။

အတော်ကြာမှပင် ကျုပ်မှာ သတိပြန်ဝင်လာလေသည်။

"ဘယ်ကိုမှ မကြည့်ပါနဲ့ အရှင်"ဟု ကျုပ်သည် ပြန်၍ ဖြေလျှော့လိုက်ပြီး အလွန်တုန်ယင်နေသာ လှိုက်မောနေသော အသံဖြင့် တိုးတိုးလျှောက်တင်လေသည်။

အရှင်သည် ကြိုးစကို လှမ်းကိုင်လိုက်ပြီး ကျုပ်ကို တွန်းဖယ်လိုက်သည်။ သို့သော် မျက်လုံးများကိုမူ မှိတ်ထားနေဆဲ။ တောင်ခိုးများ အကြား၌ အရှင်၏ ပါးမို့မို့တို့မှာ ရဲရဲဖိတ်နေလေသည်။

အထိန်းတော်ကြီးသည် ငေးနေရာမှ သတိဝင်လာကာ ပြန်ဆင်းလာပြီး အရှင်၏ လက်ကို ဆွဲကိုင်လေသည်။

"မြို့စားလေး မြန်ပေလို့နော်-မြို့စားလေး မြန်ပေလို့ နှလုံးတုန်လိုက်တာ"

"အထိန်းတော်ကြီးက ဘာပြုလို့ လက်ကို လွှတ်ပစ်ရတာလဲ"ဟု အရှင်၏ ဝေါက်ဆိုသံသည် တုန်ယင်မောပန်းနေ၏။

တောင်ထိပ်သို့ရောက်လျှင် အရှင်သည် အသင့် ပြင်ဆင်ထားသော ပန်းရထားရှိရာသို့ လျှောက်သွားလေသည်။

ကျုပ်လည်း အကြောင်းရှာပြီး အရှင့်အပါးမှ ထွက်လာခဲ့သည်။ ကျုပ်သည် ငှက်ကြီးတောင်ဘက်သို့ လျှောက်သွားပြီးမှ ဒက္ခဏာတို့ ယာယီတဲနန်း ဆောက်နေရာဘက်သို့ ပြန်လျှောက်လာခဲ့သည်။ အချိန်များမှာ ကုန်သည့်တိုင်အောင် အစောက အဖြစ်အပျက်ကြောင့် ကျုပ်၏ စိတ်နှလုံးမှာ မကြည်လင်နိုင်သေးဘဲ မှိုင်းဝေနေဆဲ။

ယာယီစံနန်းမှ ငှက်ကြီးတောင်နှင့် ကုက္ကိုတောတန်းအကြား၌ ဆောက်လုပ်နေသည်။ လူအားဖြင့် အလွန်သွက်လက် ကျွမ်းကျင်စွာ အလုပ်လုပ်သဖြင့် ယခုပင် တိုင်များ ထူပြီးနေပေပြီ။ တန်ခိုးဖြင့် ဖန်ဆင်းသကဲ့သို့ပင် လျင်မြန်လေသည်။ ဒက္ခဏာ၏ တပ်ဖွဲ့မှ အကြပ်စိတြာဦးစီး ဆောက်လုပ်သည်။ သူသည် နေပြည်တော်၌ နာမည်ကျော်ကြားသော ဗိသုကာကြီးတဦး၏ သားဖြစ်သည်။

အသက် နှစ်ဆယ်ပင် ပြည့်ဦးမည် မဟုတ်သေးသည့် သူငယ်ကလေး စိတြာသည် အလွန်အားတက်စွာ အကွက်စေ့စေ့ ဆောက်လုပ်၏။ နေပြည်တော်ရှိ စံနန်းတော်ထက် အဆများစွာ သေးငယ်သော်လည်း စံနန်းတော်နှင့် တပုံစံတည်းဖြစ်အောင် ဆောက်လုပ်မည်ဟု ပြောသည်။ နေမဝင်မီ ပြီးအောင် ဆောက်လုပ်မည်ဟု သူတာဝန်ယူသည်ကို ဖြစ်နိုင်လိမ့်မည်ဟု ကျုပ် လက်ခံပေသည်။

ထို့နောက် ကျုပ်နှင့် ဒက္ခဏာသည် ငှက်ကြီးတောင်ဘက်သို့ လျှောက်လာကြ၏။ ဤတောင်ကား မယုံကြည်နိုင်အောင်ပင် ငှက်တကောင်နှင့် တူနေသည်။ ကျုပ်နှင့် ဒက္ခဏာသည် ငှက်၏ အတောင်များမှ တွယ်တက်ကာ

ကျယ်ပြန့်သော ကျောကုန်းအတိုင်း လျှောက်သွားပြီး ငှက်၏ ဦးခေါင်းပေါ်တွင် ရပ်တန့်ကာ ဟိုဟိုသည်သည် မျှော်ကြည့်ခဲ့ကြလေသည်။

ထိုနေရာမှ ကြည့်သောအခါ တောင်တန်းကြီးမှ အခြားတောင်များမှာ သေးငယ်ပြားချပ်နေသည်ဟု ထင်ရသည်။ ချောင်းများ တောင်များ ချောက်များ အားလုံးကို မြေပြင်တွင် ဖြန့်ခင်းထားသကဲ့သို့ မြင်ရသည်။

ဤတောင်ကြီးကို ရန်သူများ တက်ရောက်နိုင်ရန်မှာ အရှေ့ဖက် မျက်နှာစာတခုတည်းသာ ရှိလေသည်။ တောင်ဖက်နှင့် မြောက်ဘက်မှာ တောင်တန်းကြီးနှင့် မဆက်မိဘဲ နက်စွာသော ချောက်ကြီး ခြားနေသည်။ မြောက်ဖက်တောင်ကြား၏ အနောက်ဖက်ထိပ်၌ လူပင် မရပ်နိုင်အောင် အဖျားချွန်ထက်နေကာ ထိုတောင်ကြားမှ ရန်သူများ အရှေ့ဖက်သို့ မကူးနိုင်အောင် သဘာဝတရားက ဖန်ဆင်းပေးထားနေသည်။

"ဒီနေရာကို မျှော်ကြည့်စင်အဖြစ် သုံးပါ"ဟု ဒက္ခဏာသည် အကြံပေးလေသည်။

ယာယီစံနန်း ဆောက်လုပ်ရန် အရေးကြီးသဖြင့် ဒက္ခဏာပြန်ဆင်း သွားသောအခါ ငှက်ကြီး၏ ဦးခေါင်းထက်တွင် ကျုပ်တယောက်တည်း ငေးကျန်ရစ်ခဲ့လေသသည်။

တယောက်တည်း ကျန်ခဲ့ပြီး အတွေး မဆုံးနိုင်အောင် ဖြစ်နေရသည်။ နောက်နှစ်ရက် သုံးရက်အကြာ၌ အရှေ့ဖက်သို့ ကျုပ်တို့ ခရီးထွက်ခွာသွားနေစဉ်တွင် ဤတောင်ကို ရန်သူများလာ၍ သိမ်းပိုက်လေမလား ဟု စိုးရိမ်နေမိသည်။

ထိုသို့သာဖြစ်ခဲ့လျှင် ကျုပ်ကား ရင်ထည်း၌ တမြွေမြွေ ဖြစ်ပေါ်နေသော မေတ္တာများကို တသက်လုံး မြုံထားရတော့မည်။ ယခု အခါ၌ ကျုပ်၏ စိတ်နှလုံးသားအပေါ်တွင် မေတ္တာ အဆိပ်များမှာ တောင်ခိုးများကဲ့သို့ ဝေလျက်ရှိလေသည်။

အချိန်အတန်ကြာမှ ကျုပ်သည် ငှက်ဦးခေါင်းပေါ်မှ ဆင်းသက်ပြီး တောင်ကို တပတ်ပတ်ကာ ကြည့်ရှုလေသည်။

တောင်ဖက်တောင်ကြားထိပ်တွင် ကျောက်မောင်းများ ဆင်နေရာသို့ အရှင်မသည်လည်း ရောက်ရှိနေ၏။ ပါလသည် အရှင့်အား ဦးခေါင်းညွှတ်ကာ အရိုအသေပြုပြီးနောက် သူ့အလုပ်ကိုပင် ဆက်၍ အပြေးအလွှား လုပ်နေသည်။ စစ်သည်များသည်လည်း ပျားအုံမှ ပျားကောင်ငယ်များကဲ့သို့ ပြေးလွှား လှုပ်ရှားကာ ကျောက်တုံးများ သယ်ပိုးကာ ကျောက်မောင်းများ တခုပြီးတခု ဆင်နေသည်။

အရှင်သည် ခပ်ဝေးဝေးမှ ကျောက်တုံးငယ် တခုပေါ်တွင် တက်ရပ်ကာ ကျောက်မောင်း ဆင်နေရာသို့ ကြည့်နေသည်။ ပါးလွှာသော ပုဝါအောက်မှ အရှင်၏ မျက်နှာတော်မှာ ချိုလှစွာ ပြုံးရယ်တော် မူနေသည် ထင်၏။

အထိန်းတော်ကြီးသည် အရှင်၏ ဘေးတွင် ရပ်တန့်လိုက်ပြီး ရယ်စရာ မောစရာ တခုခုကို ပြောလေသည်။

ကျုပ်လည်း ပါလရပ်နေရာအနားသို့ လျှောက်သွားကာ ရပ်လိုက်လေသည်။

ပါလသည် ကျုပ်၏ ပခုံးကို ပွေ့ယမ်းကာ ဝမ်းသာအားရဖြင့် သူ၏ လျင်မြန်စွာ ပြီးစီးနေသော ကျောက်မောင်းများကို ပြလေသည်။

http://cyberbooks.myanmarchat.org



"ဒီနေရာကို ဒက္ခဏာ ရွေးချယ်လိုက်တာ အလွန်မှန်တယ်မြို့စား၊ ဒက္ခဏာဟာ စစ်သေနာပတိ အရည်အချင်း တကယ်ပြည့်စုံတဲ့ လူဘဲ ခင်ဗျ။ အနောက်ဖက် စစ်မျက်နှာက ရန်သူတတ်ရင် သိပ်ခဲခဲယဉ်းယဉ်ကြီး တက်ရမယ်။ တောင်ဘက်နဲ့ မြောက်ဖက်က ရန်သူ လုံးလုံးမတတ်နိုင်ဘူး။ မြောက်ဘက်တောင်ကြားကို သဘာဝ ကျောက်ချပ်ကြီး တခုပိတ်နေပီး ရန်သူတွေ ဖြတ်မသွားနိုင်ဘူး၊ ရန်သူသွားဘို့ ဒီတောင်ဖက် တောင်ကြား တလမ်းဘဲရှိတယ်။ အရှေ့ဘက်ခြမ်းကတော့ ရန်သူတက်လို့ ရပေမယ့် ကျွန်တော်တို့လဲ ကျောက်မောင်းများ သေသေချာချာ ဆင်လို့ရတယ်။ ဒီနေရာမျိုးက ကျွန်တော်တို့ ဆယ်ယောက်နဲ့ ရန်သူ နှစ်ရာမျှတယ်"

"ကျောက်မောင်းတွေကို မနက်ဖြန်ကာ အပီးဆင်မယ်မြို့စား ဟောဒီ တောင်မကြီးကတော့ ခံတပ်မြို့ တမြို့ဆောက်ဖို့ ကောင်းပေတာဘဲ။ ကျွန်တော်တို့ ခံတပ်မြို့တော် တခုကို ဓားတချက် မဝင့်ဘဲ သိမ်းပိုက်မိတာဘဲ၊ ဥပမာ ကျွန်တော် ပြမယ်"

ပါလသည် တောင်ကြားထည်းသို့ ငုံ့ကြည့်သည်။ သူလက်ညှိုးထိုးပြရာသို့ ကျုပ်သည် လိုက်ကြည့်နေ၏။ အရှင်သည်လည်း ခပ်ဝေးဝေးက လှမ်းကာ ကြည့်တော်မူသည်။

"ကောင်းဘီ အဲဒီ အတိုင်းထား၊ မြို့စားမင်း ကျွန်တော်ကြွားတာ မဟုတ်ဖူး၊ ဒီအတိုင်းဆိုရင် တောင်ဘက် တောင်ကြားထဲက ယုန်ကလေးတကောင်တောင် လွတ်အောင်ပြေးနိုင်မှာ မဟုတ်ဖူး။ ကြည့် ကျွန်တော်ပြမယ်။ ကျောက်မောင်းငယ် တခုကို ဖြုတ်ပြမယ်၊ ဟိုဘက် ကမ္ဘားယံက ကမ္ဘာယံက ကမူကလေးသီလး၊ အဲဒီ ကမူကို ဟိုကျောက်မောင်း ဆင်ထားတဲ့ အထဲက ကျောက်တုံးအနက်က ပြေးရိုက်ရမယ်။ ပြေးရိုက်တာမှ နှစ်ဆင့်ခုန်ပီးမှ ပြေးရိုက်ရမှာ ရှုစားထားပါ သေသေချာချာ ကြည့်ထား၊ ကျွန်တော် မောင်းဖြုတ် ပြလိုက်မယ်"

ထို့နောက် သူသည် လေးကိုင်းကဲ့သို့ ချိတ်ထားသော ဝါးစအပေါ်မှ ဖိထားသည့် ကျောက်တုံးငယ်ကို ခြေဖြင့် ဆတ်၍ ဖယ်လိုက်လေသည်။ ထိုအခါ၌ ကျောက်တုံးများသည် တခုနှင့်တခု ရိုက်ခတ်လိုက်ကြသည်။ ကျောက်တုံးများ တရိပ်ရိပ် ပြေးလွှားကြသည်။ သူပြောသည့် ကျောက်တုံးအနက်သည် သုံးဆင့်မျှခုန်ပြီး ပြင်းစွာ ခိုက်မိပြီး မီးပွားများ လက်သွားသည်။ ကျောက်မောင်း ပြိုကျသံကြီးမှာ ပဲ့တင်ထပ်ကုန်အောင် မြည်ဟိန်းသွား သည်။

ကျုပ်သည် ငေး၍ ကြည့်နေ၏။ အရှင်မ ကိုယ်တော်တိုင်လည်း လိုက်၍ ကြည့်ရှုလေသည်။

"တော်ပါပေတယ်"

အရှင်မ၏ တီးတိုး ချီးမွမ်းတော်မူသံသည် ထိုနေရာ၌ ညင်သာလှစွာ ပေါ်ပေါက်လာသည်။

ပါလ၏ မျက်နှာမှာ ပို၍ ပြုံးသွားလေသည်။ သူသည် ကျောက်မောင်းဆင်ရာတွင် ဗိသနိုး၌ အတော်ဆုံးသော သူပင်။ ယခုသူသည် ရန်သူအပေါင်းကို တိုက်ခိုက်ရန် သွေးဆူပွက် လှုပ်ရှားနေသည်။

(၃၅)

ယယီစံနန်းအား နှစ်ရက်အတွင်း အပြီးအစီး ဆောက်လုပ်ခဲ့၏။ အိပ်ခန်းတော်ဆောင်၊ လေသာတော်ဆောင်၊ အပန်းဖြေဆောင် အဆောင်သုံးဆောင်ကို စိတြာသည် ခွဲကန့်၍ ဆောက်လုပ်ခဲ့၏။ အသေးအကြီးမျှသာ ကွာခြားမှုရှိသော်လည်း အမြင်၌မူ ဗိသနိုးမှ စံနန်းတော်ကြီးနှင့် တပုံစံတည်းပင်။

နှစ်ရက်မျှအတွင်း၌ စစ်သည် အပေါင်းသည် မယုံနိုင်ဘွယ်ဖြစ်အောင် အစအရာရာကို ပြင်ဆင်ပြီးနှင့်ကြလေပြီ။

ပါလသည် ကျောက်မောင်းများကို ပြင်ဆင်ပြီး၊ တောင်၏ပတ်လည်မှ တောများကို ခုတ်ထွင်က ရန်သူလာလျှင် မီးတင်ရှို့ရန်ပင် အသင့်လုပ်ထားနှင့် လေပြီ။ လေးသည်တော်တို့သည် မြားများကို ချွန်နေ၏။

စံနန်းတော် ဆောက်လုပ်အပြီး နောက်နေ့၌ ကျုပ်နှင့် ဒက္ခဏာသည် အရှေ့ဒေသ ခရီးသို့ထွက်ရန် အသင့် ပြင်ဆင်ပြီးကြပြီ။

ခရီးထွက်ရာ၌ ပါလအား ခေါ်သွားချင်သော်လည်း ဤတောင်ပေါ်၌ စီမံအုပ်ချုပ်နေခဲ့ရန်အတွက် ပါလ မနေခဲ့လျှင် မဖြစ်ပေ။

သွားရန် အသင့်ပြင်ဆင် ပြီးသောအခါ ကျုပ်သည် အရှင်နှင့်တွေ့ဆုံရန် ယာယီစံနန်းတော်ဘက်သို့ ထွက်လာခဲ့၏။

မနေ့ကပင် ကျုပ်နှင့် ဒက္ခဏာတို့၏ အစီအစဉ်ကို အရှင်အား လျှောက်တင်ကာ အရှင့်၏ခွင့်ပြုချက်ကို ယူငင်ခဲ့ပြီးပြီ။

မနေ့က အရှင်က "ဒီတောင်ကို မင်းပုန်း ကုက္ကိုတောင်လို့ ခေါ်သင့်ပေတယ်"ဟု ညိုးမှိန်စွာ မိန့်မြွက်တော် မူခဲ့သေးသည်။

"အရှင် အရှေ့ဘက်ဒေသကို သိမ်းသွင်းပြီး၊ သီရိခေတ္တရာကို မသိမ်းခင်ယူခင် ခဏ စံတော်မူရမယ့် ဒေသဖြစ်လို့ မင်းခဏစံတောင်လို့ ခေါ်ဘို့ ပိုမိုသင့်မြတ်ပါတယ်"ဟု ကျုပ် လျှောက်တင်သောအခါ အရှင်သည် ရွှင်ပျစွာ ရယ်မောတော် မူခဲ့သေးသည်။

ကျုပ်သည် ညက အိပ်မပျော်နိုင်ဘဲ တညလုံး တွေးတောနေခဲ့၏။ နှင်းမှုန်များ ကျနေသော ကုက္ကိုတောတန်း ထည်းတွင် တယောက်ထည်း လမ်းသွားနေကာ ရောက်ယပ်ခတ်နေခဲ့သည်။ ကျုပ်မှာ ချစ်မေတ္တာ၏ ပြင်းစွာသော အပူမီးလောင်ကျွမ်း နေခဲ့သည်။ အရှေ့ဘက်ဒေသမှ ကျုပ်ပြန်လာသော အခါ အရှင့်အား ပြန်၍ တွေ့ဆုံရ လိမ့်မည်ဟု ကျုပ်မမြော်လင့်ရဲပါ။ အရှင့်နှင့် ကျုပ်ကား နောက်ဆုံးတွင် ကွဲကွာ ကြရလိမ့်မည်ဟု ကြေကွဲစွာ တွေးနေမိသည်။ ကျုပ် အရှေ့ဘက်ဒေသသို့ ထွက်ခွာမသွားမီ ရင်ထည်းမှ ချစ်မေတ္တာကို ဖွင့်ဟ လျှောက်တင် တော့ရန် ဆုံးဖြတ်ခဲ့ရလေသည်။

အရှင့်အား တွေ့ဆုံ လျှောက်တင်ရန် ကျုပ်သည် ယာယီနန်းဖက်သို့ ထွက်လာခဲ့၏။

ဝင်းဝကို ကျော်ပြီး လှေကားထစ်များကို နင်းတက်နေချိန်တွင် ဟန်မဆောင်နိုင်အောင် ဖြစ်နေသည်။

အထိန်းတော်ကြီးသည် ကျုပ်အား စံနန်း၏ စမုခ်ဝမှ လာကြိုနေသည်။

“သွားတော့မလား မြို့စားလေး”
အထိန်းတော်ကြီးက ညှိုးငယ်စွာ မေးလေသည်။
ကျုပ်သည် ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

အရှင်သည် အပန်းဖြေဆောင်တော်ရှိ ညောင်ပင်စောင်း သလွန်ဘေး၌ ငြိမ်သက်စွာ ရပ်တန့်တော် မူနေသည်။ အရှင်၏ မျက်နှာတော်သည် အပန်းဖြေဆောင်၏ ပြတင်းမှ အပြင်ဘက်သို့ လှည့်ကြည့်လျက် ရှိသည်။ အရှင်သည် ရီဝေနေသော မျက်လုံးတော်များဖြင့် မြူတိမ်များ၊ တောတောင်များကို ကျော်ကာ မမြင်နိုင်တော့သော အနာဂါတ်ကို ဝမ်းနည်းနေသည့် လေသည် ပုဝါကို နောက်ဖက်သို့ လွင့်နေစေသည်။ အရှင်၏ ပိန်လှီ ချပ်ရပ်သော ကိုယ်မှာ ပြတင်းဝရှေ့၌ ထုသွန်းထားသည့် ရွှေရုပ်တု တခု အလားဖြစ်လေသည်။

ကျုပ်ကား ဖြည်းဆေးလှစွာ ရှေ့ဘက်သို့ တိုးရွေ့သွားကာ အထိန်းတော်ကြီးသည် ခပ်ဝေးဝေးမှ ခံစား ကျန်ရစ်ခဲ့လေသည်။

ကျုပ်သည် သလွန်ရှေ့၌ ပုဆစ်ဒူးညွတ်၍ ထိုင်လေသည်။

ဘုရင်မကြီးသည် ဖြည်းညှင်းစွာ လှည့်၍ ကြည့်တော်မူနေသည်။

ဤအချိန်ကလေးမှာ ဝမ်းနည်းကြေကွဲ ဆို့နင့်ဘွယ်ရာဖြစ်နေလေသည်။ အရှင်သည် ပုဝါလှစ်ဟထားသော မျက်နှာတော်ဖြင့် ကျုပ်အား လှည့်ကြည့်လိုက်ပြီး ဖြည်းညှင်းစွာ ပြန်၍ လျှောက်လာသည်။

သလွန်ထက်၌ ညင်သက်စွာ ထိုင်တော်မူသည်။

အရှင်၏ ဖြည်းညှင်းစွာ အသက်ရှူနေသံကို ကြားနေရသည်။ အရှင်၏ ကိုယ်မှ အမွှေးရနံ့သည်လည်း ထုံယစ်လျက် ရှိနေသည်။ အရှင်၏ ပါးပြင်ကို ဖြတ်သန်းတိုက်ခတ်နေသော လေများမှာလည်း ကျုပ်၏ ကိုယ်ကို ဆွတ်ဖျန်းသွားနေကြသည်။

ယခုအခါ၌ အရှင်သည် ရံရွေတော်မရှိဘဲ စိတ်ညှိုးငယ်ဘွယ်ရာ ဖြစ်နေရရှာသည်။ အရှင်၏ နောင်အရေး ကိုလည်း မြော်လင့်ထား၍ ရနိုင်သည်မဟုတ်။ အရှင်သည် စစ်ရှုံး ဘုရင်တပါးဖြစ်၏။ ခုအခါ၌ အရှင့်အား မိမိ စိတ်အတွင်းရှိသည်တို့ကို ဖွင့်ဟ လျှောက်ထားရန်မှာ ကြေကွဲဖွယ်ရာ ဖြစ်နေသည်။

သူသည် ကျေးကျွန်ငယ် တဦးမျှသာဖြစ်၏။ ယခုကား ထိုကျေးကျွန်သူငယ်သည် မောက်မာ စော်ကားလေပြီ ဟူ၍ အရှင်၏ စိတ်ဝမ်း၍ မချမ့်မမြေ့ ဖြစ်တော်မူနိုင်သည်။ ဆေးကုသစဉ် နောက်ဆုံး ရက်က ဖွင့်လှစ် တင်လျှောက်နိုင်ခဲ့လျှင် မည်မျှ ကောင်းမွန်ပါမည်နည်း။ ယခုကား တင်လျှောက်ရန် အချိန်မဟုတ်တော့။

“မင်းတို့ သွားကြတော့မလို့လား မြို့စားလေး”

အရှင်သည် ဖြည်းဖြည်းသာသာ မေးမြန်းတော် မူလိုက်လေသည်။ ထို့နောက် အသံတော်သည် ပြန်၍ တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

“အခုဘဲ သွားတော့မှာလား ရက်အတော်ကြာမယ် ထင်တယ်။ မြို့စားလေးပါ မသွားဘဲနဲ့ မဖြစ်ပေဘူးလားကွယ် ဒီမှာ အစစအရာရာ စီစဉ်ဘို့ကလဲ အရေးကြီးတာဘဲ မဟုတ်ပေဘူးလား မြို့စားလေး။ ကျွန်ုပ်စိတ်ထည်းမှ

အားငယ်နေသလိုဘဲ။ တခုခု တကြောင်းကြောင်း ဖြစ်ပေါ်လာလိမ့်မယ်လို့ချည်း ကျွန်ုပ်တွေးနေ သိနေသလိုပါဘဲ မြို့စားလေး"

"ကျွန်တော် လိုက်ပါမှ ဖြစ်ပါလိမ့်မယ် အရှင်။ ကျွန်တော် ဒီတောင်ကိုစွန့်ပြီး ထွက်ခွာသွားလိုတဲ့ ဆန္ဒ မရှိပါဘူး။ အရှင့်ကိုလဲ ကျွန်တော့်မျက်ကွယ်မှာ ထားခဲ့လိုတဲ့ဆန္ဒ အလျှင်းမရှိပါဘူး အရှင်။ အစဉ်အမြဲ ကျွန်တော် ဒီမှာဘဲ ရှိချင်ပါတယ်။ သို့ပေမယ့် လက်အောက်ခံ နယ်ပယ်တခုကို မာယာပရိယာယ်နဲ့ လှည့်ပတ်သိမ်းသွင်းဘို့ အရေးအတွက် ဆိုတော့ ဘယ်သူ့ကိုမှ စိတ်မချလိုပါဘူး။ ကျွန်တော် လိုက်ပါမှကို ဖြစ်နိုင်မယ့် အစီအစဉ် ဖြစ်နေပါတယ်"

"ဒက္ခဏာရောကွယ် သူလဲ လူတော်ကလေးပေဘဲ"

"ဒါပေမယ့် အခုသိမ်းသွင်းရမယ့် နယ်က ဒက္ခဏာရဲ့နယ် ဖြစ်တော့ သူဟာ သိမ်းသွင်းနိုင်အောင် အရေးပါ အရာရောက်မယ့်သူ မဖြစ်နိုင်တော့ပါဘူး။ ပီးတော့ အရှင် ဒီနေရာကို ရန်သူများ မလာနိုင်ပါဘူး။ သူတို့ တောင်ရဲ့ အရှေ့ဘက်ကို ရောက်အောင် မလာနိုင်ကြပါဘူး။ ပါလဟာ တကယ့် စစ်သေနာပတိကြီးများ အရည်အသွေးနဲ့ ပြည်စုံတဲ့လူ တဦးဘဲ ဖြစ်ပါတယ်"

ကျုပ်သည် ကိုယ်ကိုလျှော့ချထား၏။ အရှင့်အား ဖွင့်လှစ်တင်လျှောက်တော့မည် စိတ်ကူးလိုက်တိုင်း နှလုံးမှာ ပြင်းစွာ လှုပ်ရှားခုန်နေသည်ချည်း ဖြစ်လေသည်။

အရှင်အသံသည်လည်း တုန်ယင်နေသည်ဟု ထင်ရလေသည်။ ထို့နောက် ပြောစရာစကားများ အလျှင်း ကုန်ဆုံးသွား သကဲ့သို့ ငြိမ်သက်တိတ်ဆိတ် သွားလေသည်။

မိမိ၏ ရင်ခုန်သံကို ပြန်၍ ကြားနေရ၏။

ကျုပ်၏ လက်တဖက်သည် သံတမန် အဝတ်အစားထည်းမှ အရှင်၏ကိုယ်ပွား ဆင်စွယ်ရုပ်တုကလေးကို စမ်းသက်၍ ကိုင်တွယ်ကြည့်နေသည်။

ဤသို့ဖြင့် အလွန်တိတ်ဆိတ်ငြိမ်သက်ကာ အတွေးများစွာ ပျံ့လွင့်နေရင်း အချိန်ပေါင်းများစွာ ကုန်ဆုံးသွား နေသည်။

အတန်ကြီးကြာမှ - အရှင်မသည် ခေါင်းကို စိုက်ငုံ့လိုက်ပြီး "သွားတော့ကွယ်"ဟု အလွန်တိုးသက်စွာ မိန့်တော်မူလေသည်။

အရှင်၏ အသံမှာ တိုးလွန်းပြီး မကြားရလိုက်သကဲ့သို့ပင် ရှိလေသည်။ ထိုအသံမှာ ကြေကွဲဆွေးမြေ့စရာ တုန်ယင်နေလျှက် ဝမ်းနည်းဆို့သိပ်မှုများကို ဖော်ပြနေလေသည်။

ထိုအခါ၌ ကျုပ်သည်လည်း ခေါင်းကိုမော့၍ အရှင့်မျက်နှာတော်ကို မော့၍ ဖူးမျှော်လျှက်သား ဖြစ်နေသည်။ အရှင်သည်လည်း ကျုပ်၏ မျက်နှာကို စိုက်၍ ကြည့်တော်မူနေသည်။

အရှင့်မျက်လုံးအိမ်ထည်း၌ မျက်ရည်များ အရည်လဲ့နေသည်။ အရှင်၏ ပါးလျှပ်သော နှုတ်ခမ်းတော်မှာ စပယ်လေးတပွင့် ပွင့်နေသကဲ့သို့ ရှိသည်။ အရှင်၏ ပါးတော်မို့မို့ထက်၌ ရွှေရည်များလျှမ်းလျှက် အားငယ်မှု

အပေါင်းသည် အရှင့်မျက်နှာတော်ဝယ် ဖော်ပြနေသည်။

“သွားတော့ကွယ်”ဆိုသော အသံတော်သည် ကျုပ်၏ နှလုံးအိမ်၌ ပဲ့တင်ထပ်လျှက် ရှိနေသည်။

ထိုနေရာ၌ပင် ကျုပ်သည် ကျောက်တောင်ကြီး တခုကဲ့သို့ စွဲမြဲနေသည်။ ကျုပ်လည်း ဖွင့်ဟ လျှောက်တင်ရမည့် အရေးကိုသာ တွေးနေသည်။

ဤတကြိမ်တွင်မှ မလျှောက်တင်လျှင် နောင်တွင် လျှောက်တင်ချိန် ရဦးမည်ဟု ပြော၍ မရနိုင်။ ကျုပ်၏ လည်ချောင်းဝများသည် ကွဲထွက်ကုန်တော့မည့်အတိုင်း ဆို့နင်နေပါလျှက်နှင့် ကျုပ်သည် ရှေ့သို့ တိုးရွှေ့လိုက်လေသည်။

ထိုခဏ၌ အရှင့်မျက်နှာတော် တခုလုံးမှာ ရဲရဲနီထွေး သွားသည်။ ထို့နောက် ကျုပ်လည်း တိုးတိုးသက်သက် ငိုတော့မည်အတိုင်း တုန်ယင်သော အသံများဖြင့် လျှောက်တင်နေသည်။

ဗိသနိုးကို စတင်ရောက်သည့် နေ့မှစ၍ ဖြစ်ပေါ်လာခဲ့သော ထိုမေတ္တာ စိတ်။

တပ်ဗိုလ်၏ အဆောင်တော်မှ ပျဉ်ငယ်တချပ်ကို ဟပြီး စံနန်းတော်ကို ငေးမျှော်၍ ကြည့်နေခဲ့စဉ်၌ ဖြစ်ပေါ်နေသော ထိုမေတ္တာစိတ်။

အရှင်၏ ဝေဒနာကို ကုသနေရင်း မနိုင်မနင်း ထိန်းသိမ်းခဲ့ရသည့် မေတ္တာစိတ်။ ဝေဒနာကုသသည့် နောက်ဆုံးနေ့၌ ဖွင့်လှစ်ပြောရန် ကြံစည်ခဲ့လျက် မျိုသိပ်ခဲ့ရသည့် မေတ္တာစိတ်။

ကျုပ်၏ လျှောက်တင်ပုံမှာ မသဲမကွဲ ဖြစ်လေသည်။

လျှောက်တင်ပြီးနောက် ကျုပ်သည် အရှင့်မျက်နှာတော်အား ငေးကြည့်နေသည်။ အရှင်သည် မျက်တောင်များကို ပုတ်ခတ်နေ၏။ ကျုပ်သည် အိပ်မက်ထည်း၌ ယောင်ယမ်း ပြုမူလိုက်သကဲ့သို့ အရှင့် လက်နှစ်ဖက်အား အဖျားမှ ဖမ်းဆုပ် လိုက်မိသည်။ ရင်ထည်း၌ ပြင်းစွာ ဆူပွက်သွားသည် အရှင်၏ နူးညံ့သော လက်ဖဝါးများကို ပွတ်ချေကာ နေမိပါသည်။ ထိုလက်ဖဝါးများမှာ ပူနွေးသော သွေးခြည်များ သန်းနေသည်။

အရှင်သည် သာသာဆွဲ၍ ရုန်းကန်လိုက်သေး၏။ ပျော့ပျောင်းသော သွယ်ပျောင်းသော ထိုလက်ဖဝါးများနှင့် ကျုပ်၏ ပါးပြင်ကို ဆွဲယူကာ ကပ်လိုက်သည်။ ကျုပ်၏ နှုတ်ခမ်းသားတို့နှင့် ထိကပ်လိုက်၏။

အရှင်၏ လက်များကို ဖြေလွှတ်လိုက်ပြီးသော အခါတွင် ကျုပ်သည် သံတမန် ဝတ်လုံတော်ထည်းမှ အရှင်၏ ဆင်စွယ်ပုံတူ ရုပ်တုကို ထုတ်ကာ သလွန်ထက်၌ ညင်သာစွာ တင်လိုက်သည်။

ဤရုပ်တုအလေးကိုပင် ကျုပ်မှာ အရှင်၏ ကိုယ်စားအဖြစ်ဖြင့် အသက်နှင့်ထပ်တူ မြတ်နိုးနေရပါကြောင်း လျှောက်တင်သည်။

အရှင်၏ မျက်လုံးတော်များတွင် မျက်ရည်များ ပြည့်သိပ်လာနေကာ ပါးပြင်ထက်သို့ လိမ့်လူးကျနေသည်ကို မြင်ရသဖြင့် ကျုပ်မှာ စိတ်ထိခိုက်နေမိပြန်သည်။ ကျုပ်၏ စကား တင်လျှောက်သံမှာလည်း တုန်ယင်လာပြီး ပျောက်ကွယ်သွားတော့သည်။

ခပ်ဝေးဝေးမှ ခွာကာ ဦးခေါင်းငုံ့၍ ခစားနေသော အထိန်းတော်ကြီးသည် ကျုပ်၏ စကားသံတို့ကို ကြားနေရလိမ့်မည်။

အထိန်းတော်ကြီးသည် ရှေ့မှောက်၌ ကျုပ်ကား အရှင်ကို စော်ကားမော်ကား ပြုပြနေသကဲ့သို့ပင် ဖြစ်နေပြီကို တွေးမိသောအခါ ကျုပ်မှာ ရင်ထည်း၌ နင့်နေမိသည်။

အရှင်သည် ဘုရင်မဟု အမည် ခံယူထားသော်လည်း တိုင်းသူပြည်သား မရှိသော ဘုရင်မ။

ဤတောင်ပေါ်တွင် အစစ်အမှန် အာဏာမှာ ကျုပ်လက်တွင်း၌ ရောက်နေသဖြင့် ကျုပ်က မောက်ကျော်စော်ကား လေပြီဟု တွေးပြီး အရှင့်မှာ ရင်နင့်နေရှာလေပြီ ထင်သည်။

ကျုပ်ကား ကျေလည်အောင် မလျှောက်တင်နိုင်တော့ဘဲ ရင်ထည်းတွင် ဆို့သိပ်စွာဖြင့် နေရာ၌ ငြိမ်သက် နေရလေသည်။

"ကျွန်တော် အရှင့် မေတ္တာတော်ကို ပြန်ပီး မမြော်လင့်ဝံ့ပါဘူး။ ဒီအခြေအနေမှာ တလှမ်းရွှေ့သွားပီးရင် တလှမ်းဝေးသွားပီး တလှမ်းပြန်နီးလာနိုင်မှာ ဟုတ်ချင်မှ ဟုတ်မယ့် အခြေအနေ။

"ကျွန်တော်စိတ်နှလုံး ဆွေးမြေ့ကြေကွဲနေရတာကို မြင်တော်မူရင်၊ အခု ခရီးထွက်ရမှာအတွက် စိတ်ထည်း ခံစားရတာကို မြင်တော်မူရင် နောက်ကို အရှင့်ကို အရှင့်ကို ဖူးမျှော်ခွင့် ကြုံချင်မှ ကြုံရမှာလို့ တွေးပီး ကျွန်တော် သောကဖြစ်နေရတာကို သိတော်မူရင် ကျွန်တော် အခွင့်အရေးယူ စော်ကားတာကို မြင်တော်မူမှာ မဟုတ်ပါဘူး"

နောက်ဆုံးတွင် အားယူကာ ကျုပ်သည် ထိုအတိုင်း ဖြည်းဖြည်း လေးလေး လျှောက်တင်လေသည်။ အရှင်၏ နှလုံးသည်းပွတ်အတွင်းမှ ဝမ်းနည်းကြေကွဲလှစွာ ရှိုက်ငိုသံကို ကျုပ်ကား မကြားရက်တော့သဖြင့် နေရာမှ ထလာခဲ့ရလေသည်။

အရှင်မစံရာ တောင်မကြီးမှ ထွက်လာခဲ့သောအခါ "ဝေးပေါ့ ဝေးကြပေါ့"ဟု ကျုပ်၏ စိတ်နှလုံးများက မြည်ကြွေး နေကြလေသည်။ လမ်းခရီး၌ ညအိပ်သော အခါတွင်လည်း ကျုပ်မှာ လင့်စင်ပေါ်တွင် အိပ်မပျော်နိုင်တော့ဘဲ "ငါမှားလေခြင်း" ဟု နောင်တသာလျှင် ရနေတော့သည်။

အရှေ့ဘက် ဒေသနှင့် နီးလာလေလေ ဒက္ခဏာ၏ မျက်နှာမှာ ရွှင်လန်း ပျော်မြူးလာလေလေ ဖြစ်လေသ်။ လမ်းခရီး၌ သူက ရယ်စရာ မောစရာများ ပြောဆိုသော်လည်း ကျုပ်မှာ ဝတ်ကျေတန်းကျေမျှပင် မရယ်မော မိသည့် အကြိမ်များလည်း ရှိပေသည်။

(၃၆)

တောအလီလီ တောင်အထပ်ထပ် ဖြတ်ကျော်ကာ နှစ်ရက်တာမျှ အရှေ့ဘက်သို့ ဆင်းသက်လာပြီးနောက်၊ နောက်ဆုံးတွင် ကျုပ်နှင့် အပေါင်းပါတို့သည် ရောက်လိုသော မြေပြန့်လွင်ပြင်သို့ ရောက်လာခဲ့ ကြလေသည်။

ဤအရပ်၌ ကျယ်ပြန့်သော မြေပြန့် လွင်ပြင်ကြီး ထည်းဝယ် တောင်တန်းကြီး နှစ်ခုအကြား၌ ရွာအုပ်စုပေါင်းများစွာ ဖွဲ့စည်း တည်ထောင်ထားသည်။ ရွာအုပ်စုပေါင်းများစွာ ကွဲနေပြီး။ အလျှင်း မသင့်လျှင် တအုပ်စုနှင့် တအုပ်စု တိုက်ခိုက်နေကြသော မင်းမဲ့ ဒေသဖြစ်၏။

ဒက္ခဏာ၏ ရွာအုပ်စုမှာ တောင်ခြေနှင့် အနီးဆုံးဖြစ်သည်။ ရွာ့ထိပ်ဥယျာဥ်မှ အနောက်ဖက်သို့ လှမ်းမျှော်ကြည့်လျှင် အရှင်မ စံနေတော်မူခဲ့ရာ တောင်ကြောကြီးကို ညို့ညို့မှိုင်းမှိုင်း လှမ်းမြင်ရသည်။

ဒက္ခဏာ၏ ခမည်းတော်မှာ ဤအုပ်စု၏ အကြီးအကဲ တဦးဖြစ်လေသည်။ သူတို့အုပ်စုသည် လူသူ အင်အားတောင့်တင်း၏။ ဒက္ခဏာ၏ ဖခင်သည် အခြားအုပ်စုများမှ အကြီးအကဲများအပေါ်တွင်လည်း ဩဇာတိက္ကမ ရှိသင့်သလောက် ရှိပေသည်။

ရောက်လာသည်နေ့က ဒက္ခဏာ၏ ဖခင်မှာ သားဖြစ်သူကို ပွေ့ယမ်းနမ်းရှုပ်ကား ကြည်နူးပျော်ရွှင် မဆုံးနိုင်အောင် ရှိနေခဲ့သည်။ သူတို့ သားအဖသည် စကားပြောမဝနိုင်အောင် ရှိနေခဲ့သည်။

သူသည် ကျုပ်တို့အားလုံးအား ကျေပွန်လှစွာ ဧည့်ခံထားကာ၊ လိုလေသေးမရှိအောင် ပြုစုထားသည်။ ကျုပ်လားလိုအပ်မယ်ရ ယူဆောင်လာခဲ့သော ကျောက်သံ ပတ္တမြားအချို့အား အရှင်၏ လက်ဆောင်အဖြစ် သူ့ကို ပေးကမ်းလိုက်၏။ အရှင်၏ ဆုတော်မြတ် လက်ဆောင်ကို ခံယူရခြင်းကြောင့် သူသည် ဝမ်းသာမဆုံးနိုင်အောင် ဖြစ်ခဲ့ပေသည်။

သူသည် အရှင့်အား မူလကတည်းက ကြည်ညိုရင်းစွဲ ရှိသည့်အတိုင်း သစ္စာတော်ကို ကျိုးနွံစွာခံယူလေသည်။ အရှင်၏ အလိုဆန္ဒတော်မြတ်အတိုင်း သယ်ပိုးထမ်းဆောင်ရန်အတွက် ဝမ်းမြောက်တက်ကြွလျက်ရှိသည်။ သူသည် ကြံရည်ဖန်ရည် ထက်မြတ်သူ၊ သတ္တိနှင့် ဗျတ္တိတရား နှစ်ပါးစလုံး ပြီးပြည့်စုံသူ ဖြစ်ပေသည်။

သူတို့သည် ဗိဿနိုးမြို့ ရေကြီးခြင်း၊ ဒွတ္တဘောင် တပ်ကြီးများ ပျက်စီးသွားခြင်း သတင်းတို့ကို သိထားကြသူများဖြစ်၍ အရှင့် ဘုန်းတန်ခိုးအပေါ်၌ အရိုးခိုက်မျှ ယုံကြည်ရင်းစွဲရှိ၏။ ဗိဿနိုး၏ နောက်ဆုံးအခြေအနေ နောက်ဆုံးအဖြစ်အပျက်ကိုကား သူတို့ အလျှင်းမသိကြသေး။ ဤသို့ သူတို့ မသိကြသေးမီ အချိန်၌ လျင်မြန်စွာ သိမ်းသွင်းရန် လိုအပ်ပေသည်။ အခြေအနေမှန်များကို သူတို့မသိရန် လှည့်ဖြားထားရ၏။ ဒက္ခဏာ၏ ဖခင်အပေါ်တွင် ထိုသို့လှည့်ဖြားထားရသည်မှာ စိတ်မကောင်းဘွယ်ရာ ဖြစ်သော်လည်း ဤနည်းလမ်း တခုမှ တပါး အခြားနည်းလမ်း မရှိနိုင်တော့ပြီ။

နောက်ရက်များမှစပြီး သူသည် အရှင့် အကျိုးတော်မြတ်ကို သည်ပိုးရန်အတွက် မနားမနေ လှုပ်ရှားလေသည်။ သူကိုယ်တိုင်ပင် ခရီးလှည့်လည်ကာ ကြိုတင်၍ သိမ်းသွင်းနှင့်သည်။ သူ၏ ဥယျာဥ်အတွင်း၌ ကျုပ်တို့တည်းခိုရန် မဏ္ဍပ် ကန္နားထိုးကာ စီစဉ်ပေးထားပြီး ကျုပ်လည်း မပြတ်မလပ်လာနေကြသော နယ်စားပယ်စား အကြီးအကဲများကို လှည့်ဖြား သိမ်းသွင်းနေသည်။

သို့ဖြင့် အတော်အတန်မျှ သေချာသောအခါတွင် ကျုပ်တို့လည်း နောက်ဆုံးခြေလှမ်းကို စွန့်စားကာ လှမ်းလိုက်ရလေတော့သည်။

ရုတ်တရက် သတ်မှတ်ကာ အရှင်၏ အမိန့်တော်မြတ်ကို လာရောက်နာခံရန်အတွက် နယ်စား ပယ်စား အကြီးအကဲ အပေါင်းတို့အား ရာဇသံပေးကာ ဆင့်ဆိုလိုက်တော့သည်။

ရာဇသံ ပေးပို့သည့် မြင်းသည်တော်များ အရပ် ရှစ်မျက်နှာသို့ လွှတ်လိုက်ပြီးနောက် ဒက္ခဏာ၏ ဖခင်သည် ဘုရင်မ၏ မဏ္ဍပ်တော် အဖြစ်ဖြင့် ဥယျာဉ်ထည်း၌ မဏ္ဍပ်ကြီး ကြီးကျယ်စွာ ထိုးလိုက်၏။

ဆင့်ဆိုရက်မတိုင်မီ၌ ကျုပ်လည်း ဒက္ခဏာနှင့် တိုင်ပင်ကာ အစီအစဉ်များကို ကြိုတင်ကာ ချမှတ်ထား၏။

ဤအလုပ်မှာ နှောင့်နှေးနေ၍ မဖြစ်ပေ။

သူတို့ ဗိသနိုး၏ နောက်ဆုံး အခြေအနေကို မသိနိုင်သေးမီ အလွန်ပိရိစွာ၊ သွက်လက်လျင်မြန်စွာ စီစဉ်ရပေမည်။

ဆင့်ဆိုသည့်နေ့ မတိုင်မီ နှစ်ရက်လောက်ကတည်းက အဝေးမှ လာရသည့် အကြီးအကဲများမှာ ဥယျာဉ်ထည်းသို့ တဖွဲဖွဲရောက်ရှိ လာနေသည်။ သူတို့သည် သူတို့၏ နောက်လိုက် နောက်ပါများနှင့် အုပ်စုခွဲကာ သီးသန့်တည်းခို နေသည်။

ဆင့်ဆိုသည့်နေ့၊ ဆင့်ဆိုချိန်တွင်မူ အကြီးအကဲ အပေါင်းသည် ဘုရင်မ မဏ္ဍပ်တော်အတွင်း၌ ရောက်ရှိနေကြ လေပြီ။ ကျုပ်လည်း ကြိုတင် စီစဉ်ထားသည့်အတိုင်း အရှင်၏ အမိန့်တော်မြတ်ကို ဖတ်ကြားရလေတော့သည်။

ဤအချိန်အခါမှာကား ဓားသွားပေါ်၌ တက်၍ ရပ်ပြနေရဘိသကဲ့သို့ ကြောက်ရွံ့စိုးရိမ်ဘွယ်ရာ ဖြစ်ပေသည်။

မဏ္ဍပ်ကြီး တခုလုံးသည် ကြောက်မက်ဘွယ် ကောင်းအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ မည်သူမျှ မလှုပ်ရှားကြ။ မျက်လုံးပေါင်း များစွာသည် မဏ္ဍပ်အလယ်ရှိ ရာဇမတ်ကွက်၏ ကာထားသော နေရာ၌ တောင့်မတ်စွာ ရပ်နေသည့် ကျုပ်ထံသို့ စူးစိုက် ကြည့်ရှုနေ၏။ ကျုပ်၏ မျက်နှာ၊ တကိုယ်လုံး အနှံ့အပြားကို ဝိုင်း၍ ကြည့်နေကြသည်မှာ နေရာမလပ် မရှိတော့ပေ။ အချို့ မျက်လုံးများသည် နှစ်လိုဟန် သိပ်မရှိလှ။ ငါတို့ကား ဘုရင်အလိုမရှိ။ ငါတို့ အပေါ်၌ အမိန့်ဥပဒေ သတ်မှတ်ပေးသူ မလို. . ဟု အချို့ မျက်နှာများသည် ဖော်ပြနေ၏။ အချို့မျက်လုံးများမှာ တွေဝေ ငေးမောနေကြလေသည်။ သင့်လျော်ပါ၏လော . . . ဟု သူတို့သည် တွေငေးနေ၏။ ထိုအထည်း၌ နှစ်ခြိုက်စွာ၊ နှစ်လိုစွာဖြင့် ကျေနပ်ဟန် သန်းနေသော မျက်နှာပေါင်း များစွာလည်း ပါရှိလေသည်။

ကျုပ်လည်း အသံကို မြှင့်၍ ဘုရင်မ၏ အမိန့်တော်မြတ်ကို ဖတ်ကြားရလေတော့သည်။ ကျုပ်အသံသည် အာလုံးသော သက်ရှိသက်မဲ့ အပေါင်းပေါ်၌ စိုးမိုးလျှက် ကြောက်မက်ဖွယ်ရာ မြည်ဟိန်းနေသည်။ ခြင်္သေ့ကြီးတကောင် ဆက်တိုက်ဟောက်နေသလို ဖြစ်လေသည်။

မဏ္ဍပ်၏ ပတ်ပတ်လည်၌ ဘုရင်မ၏ အညိုရောင် ဝတ်စုံဝတ် စစ်သည်များသည် မြင်းကို ဖြည်းဖြည်းနှင်လျှက် လှည့်ပတ်နေသည်။ သူတို့သည် ရင်များကို ကော့ထားသည်။ နှုတ်ခမ်းများ တင်းတင်းစေ့ထားသည်။ ဓားရိုးပေါ်သို့ လက်များကို အသင့်ဆ၍ တင်ထားနေသည်။ သူတို့၏ ဥသျှောင်များမှာလည်း အရောင်တဖိတ်ဖိတ် လက်နေသည်။

ဒက္ခဏာ့ဖခင်၏ လေးသည်တော် တပ်များသည် ဥယျာဉ်တဝိုက်၌ ငြိမ်သက်စွာ ရပ်စောင့်နေသည်။

*အဘယ်ရွာစားအပေါင်းတို့ . . . . . .*

*အလိုဆန္ဒများအတိုင်း ဤအချိန်မှ စတင်၍ သင်တို့၏ ရွာ၊ နယ်အပေါင်းကို ကျွန်ုပ် သိမ်းပိုက်လိုက်ပြီ။*

*ကရစ်သျှန၏ သမီးတော်ဖြစ်သော. . . . .*

*နာယာယန၏ နှမတော်ဖြစ်သော. . . . .*

*အတုလစည်တော်ကို ပိုင်သသော. . . . . ကျွန်ုပ်၏ မင်းမြတ် ယာယီရပ်နား စံမြန်းတော်မူရာ ငှက်ကြီးပျော်တောင်သို့ အချင်းတို့၏ စစ်သည်အင်အား အပြည့်အစုံဖြင့် အခစား ရောက်ရမည်။*

အမိန့်တော်လွှာစာသည် လေထည်း၌ မသိမသာ လှုပ်ရှားနေ၏။ ဒက္ခဏာ၏ ဖခင်သည် ငြိမ်သက်၍ အကြီးအကဲများကြားမှ လှမ်းပြီး ကျုပ်ကို ကြည့်နေသည်။

အရှင်၏ အမိန့်တော် ရာဇသံကို အကြိမ် ဖတ်ကြားပြီးသည့် အထိ၊ မဏ္ဍပ်အတွင်း၌ လှုပ်ရှားမှု တစုံတရာမျှ မရှိသေးဘဲ ငြိမ်ခံနေကြဆဲ။

တဦးဦးကထ၍ အမှုတော်ထမ်းရွက်မည့်အကြောင်း ပြောဆိုသင့်၏။ သို့သော် ငြိမ်သက်နေလျှက် ကြောက်ရွံ့ဘွယ် ကောင်းသော အချိန်ပေါင်းများစွာမှာ ကုန်ဆုံးလိုက်လာနေသည်။

ဘုရင်မ ရှေ့တော်မှောက်၌ ပဥ္စင်းဖြူ ပဥ္စင်းညိုတို့ အမိန့်တော် ဖတ်ကြားခဲ့သည်ကို ကျုပ်လည်း သတိရနေသည်။

ကျုပ်သည် ခေါင်းကို တောင့်မတ်ထား၍ ကိုယ်ဟန်ကို ချီထားသည်။ ကျုပ်၏ ကိုယ်ပေါ်မှ သံတမန်ဝတ်ရုံသည် တောက်ပနေသည်။ သံတမန်ခေါင်းဆောင်း ဥဿျှောင်သည် ယိမ်းငဲ့နေ၏။

ထိုအချိန်အခါ၌ မဏ္ဍပ်၏ အလယ်ဝမှ နောက်ပါ စစ်သည်နှစ်ဆယ်ခန့် ခြံရံပြီး ဒက္ခဏာသည် ဝင်လာနေသည်။ သူ့ကိုယ်ပေါ်၌ စစ်သေနာပတိ၏ ဝတ်ရုံကြီးကို လွှမ်းခြုံထားသည်။ သူသည် သဲဖြူခြင်း လမ်းကလေးအတိုင်း ကိုယ်ကို တောင့်မတ်လျှက် မျက်နှာကို တင်းမာစွာ ထားသည်။ သူ့နှုတ်ခမ်းကို စေ့ထား၏။ သူသည် ရဲရင့်ဝံ့စားလျှက် မည်သည့် အရာမျိုးကို မဆို လွယ်ကူစွာ လုပ်တော့မည့် မျက်နှာထား ရှိလေသည်။

မျက်လုံးအပေါင်းသည် ဒက္ခဏာထံသို့ ရွေ့လျားသွားလေသည်။ ထို့နောက် ငြိမ်သက်နေရာမှ တီးတိုးစကား ပြောဆိုသံများ တစတစ တနေရာပြီး တနေရာမှ ထွက်လာနေသည်။ မလိုတမာသံအချို့ နှစ်ခြိုက်လိုလားသူ အချို့၏ အသံများနှင့် တွေဝေနေသူများ၏ အသံများသည် မဏ္ဍပ်ထည်း၌ တစတစ အသံကြီးတခု ဖြစ်ပေါ် လာနေလေသည်။

နံဘေး သီးသန့် မဏ္ဍပ်ငယ်များမှ ရွာစားတို့၏ နောက်ပါများသည် မဏ္ဍပ်ကြီးကို လှမ်းမျှော် ကြည့်နေကြသည်။

မဏ္ဍပ်ကြီးထည်းမှ အသံများမှာ တဖြည်းဖြည်း ဘုရင်မကြီး အကြောင်းကိုချည်း ထပ်၍ ပြောဆိုနေသံ ဖြစ်နေသည်။ ဗိဿနိုး မြို့တော်ကြီး၏ ကြီးကျယ်ခမ်းနားပုံ၊ ဘုရင်မကြီး၏ အတုမရှိသောအလှ၊ သမာန၏ တိုက်ပွဲများ စသည်ဖြင့် သူတို့ ပြောနေကြသည်မှာ အဆုံးမသတ်နိုင်တော့ပေ။

ဒက္ခဏာသည် မဏ္ဍပ်တခုလုံးကို ခြုံပြီး တချက် ကြည့်လေသည်။ ထို့နောက် သူသည် ရာဇမတ်အကာအရံ၏ အပြင်ဘက်အနီး၌ ရပ်တန့်လိုက်၏။ သူ့နောက်မှ ပါလာသည့် ဥပမိရုပ် ခန့်ခန့်ညားညားနှင့် တပ်ဗိုလ်မှူးဝတ်စုံကို

ဝတ်ဆင်ထားသူသည် သီးခြား ရှေ့ကို ထွက်ရပ်လိုက်လေသည်။ သူသည် ခါးကို ဆန့်ထုတ် လိုက်လေသည်။ ထို့နောက် အသံသြသြကြီးဖြင့် စကားများကို တလုံးချင်း တလုံးချင်း စတင်၍ ပြောလေသည်။ သူ့အသံသည် အားလုံးသော အသံများအပေါ်၌ ကျော်လွှမ်းသွားလေသည်။ တီးတိုးသံ အပေါင်းမှာ ရုတ်တရက် ရပ်တန့် ငြိမ်သက်သွားသည်။

"အို. . . ရွာစားနယ်စား အပေါင်းတို့
ဘုရင်မင်းမြတ် အမိန့်တော်ကို နာခံပြီးကြပြီ။ သင်တို့ အထည်း၌ အရှင်မ ဘုရင်မင်းမြတ်အား မလိုလား မနှစ်ခြိုက်သူ၊ ခြေဖဝါးတော်မြတ်အောက်သို့ မဝင်ရောက်လိုသူရှိက ဤဘုရင်မင်းမြတ်၏ မဏ္ဍပ်အတွင်းမှ ထွက်ခွာ သွားကြစေလိုသည်။

ကျွန်ုပ်တို့၏ အရှင်မင်းမြတ်သည် အတိုင်းတိုင်း အပြည်ပြည်အား တိုက်ခိုက်တော်၊ သိမ်းပိုက်တော်မူမည်။ အတိုင်းတိုင်း အပြည်ပြည်၌ တရားသော၊ မျှတသော၊ တခုတည်းသော ဥပဒေမြတ်တို့ဖြင့် ပညတ်တော်မူမည်။ နိုင်ငံတကာ၏ သမ္မတအဖြစ် ခံယူတော် မူမည်။ ဤအရှေ့ဘက်တလွှား သိမ်းယူတော်မူပြီး၊ သီရိခေတ္တရာအား သိမ်းပိုက်တော်မူမည်။ သင်တို့ထံမှ စစ်သည်မှုထမ်းတော် သူရဲကောင်းများ များစွာလိုသည် မြှောက်စားတော်မူမည်"

သူ၏စကားကို ရပ်တန့်လိုက်သည့် အခါတွင်ကား ကြောက်မတ်ဘွယ်ရာ အကောင်းဆုံး ဖြစ်လေသည်။

ရွာစားတစုံတဦး မဏ္ဍပ်ထည်းမှ ထွက်ခွာသွားလျှင် အားလုံးစုပြုံ၍ လိုက်သွားနိုင်သည်။ သို့သော် ဘုရင်မ၏ မြင်းစီး စစ်သည်များသည် ဓားများကို မသိမသာဆွဲထုတ်ကာ မဏ္ဍပ်ဝ၌ ရပ်တန့်လိုက်ကြလေသည်။

ရွာစားတဦးဦး ထွက်လာလျှင် ခုတ်ပိုင်းချလိုက်ရမည်။ ထိုသို့ ခုတ်ပိုင်းချလိုက်လျှင် ပြန်၍ ငြိမ်သက်သွားနိုင်၏။ သို့မဟုတ် ရွာစားတို့၏ နောက်ပါများနှင့် တိုက်ပွဲများ ဖြစ်သွားနိုင်သည်။

ဤအခါမှာ ဓားသွားထက်၌ သစ်စငယ်တခု တင်ကြည့်နေချိန် ဖြစ်၏။

မည်သည့်ဘက်သို့ ပါသွားမည်နည်း။ ဒက္ခဏာသည် ရှေ့သို့တိုးထွက်လိုက်၏။

"ဒါပါဘဲ ရွာစား၊ နယ်စား အပေါင်းတို့ ခင်ဗျားတို့ အရှင်မ လက်အောက်တော် ဝင်ရောက်မယ်ဆိုရင် အခု တဦးချင်း ရပ်ပြကြပါ။ တဦးချင်း သစ္စာပြုကြပါ။ သဘက်ခါ ညနေပိုင်းမယ် ရွာစား၊ နယ်စားတို့ရဲ့ စစ်သည် အင်အား အသီးသီးကို ဟိုဘက် ဉယျာဉ်တော်ထဲမယ် ကျုပ် ကြည့်ရှုစစ်ဆေးလိုပါတယ်။ ကြည့်ရှုစစ်ဆေးပီးမှ အရှင်ရဲ့ ခြေဖဝါးတော်အောက်ကို အဖူးမျှော် ဝင်ရောက်ခွင့်ပြုနိုင်မယ်"

သူသည် ထိုစကားကို သုံးကြိမ်လေးကြိမ် ထပ်ပြောနေသည်။

ထို့နောက် ပထမဆုံး မဏ္ဍပ်၏ အလယ်ဘက်မှ လူတယောက် ထရပ်လေသည်။ သူသည် အသားမဲမဲ၊ မေးရိုးကားကား မျက်ခုန်း ကြီးကြီးနှင့် အမြဲတမ်း မျက်မှောင်ကြုတ်ထားတတ်သူ တဦးဖြစ်၏။ သူသည် စူထွက်နေသော ဝမ်းဗိုက်ကို လက်ဖြင့် ပွတ်သပ်လိုက်ပြီး ရှေ့ဘက်သို့ လှမ်းထွက်လာသည်။ သူ့ခပ်ညစ်ညစ် အဝတ်အစားများမှာ ညှိမှိုင်းရောင်ရှိလေသည်။

"ကောင်းတယ် စစ်သေနာပတိကြီး ကျွန်ုပ်တို့ကတော့ တိုက်ဖို့ ခိုက်ဖို့ဆိုရင် ဝါသနာထုံတယ်။ စစ်ချီစစ်တက်တော့

ဘာမှ နားမလည်ဘူး။ ဘုရင်မ စစ်သည်တွေနဲ့ အတူတူ တွဲတိုက်ရမယ်ဆိုရင် အဝီစိအထိ လိုက်မယ်၊ ကွန်ုပ်ရဲ့ စစ်သည်များဟာ ဆင်ပစ် မုဆိုးတွေချည်းဘဲ၊ လေးပစ်တာဘဲ နားလည်တယ်။ ပုံနေတဲ့ငှက်ကို အောက်က အရိပ်တင်ကြည့်ပြီး မော့မကြည့်ဘဲနဲ့ ရအောင်ပစ်ချပြမယ်။ ဆင်ပစ်လေးကြီးတွေနဲ့ ဆင်တွေကို တချက်ထဲ ထိုင်သေသွားအောင် ပစ်ချကြမယ်ဆိုရင် ဘယ်သူ့အားနဲ့မဆို ပြိုင်ဝံတယ်။ ဘုရင်မကို ကွန်ုပ်တို့ဒေသမှာလည်း မြို့နန်း တည်ထောင်ပေးတော်မူဘို့ လျှောက်ထားပေးပါ။ သဘက်ခါကို သေနာပတိကြီး စစ်ဆေးရင် ကွန်ုပ်တပ်များ ရှေ့ဆုံးက ရောက်နေစေရမယ်။ အခု ကွန်ုပ် အရှင့် လက်အောက်တော်ခံဘို့ သစ္စာရေ သောက်မယ်။ ဒီအထဲက အရှင်မ သစ္စာတော် မခံယူဘူးဆိုတဲ့ ရွာစားများရှိရင်လဲ ကွန်ုပ်ကို တိုက်ခိုက်ခွင့် ပေးလိုက်ပါ"

သူသည် စကားကို တလုံးချင်း အေးအေးဆေးဆေး ပြောနေ၏။ ထို့နောက် ကျုပ်တိုက်သည့် သစ္စာရေများကို ကိုန်ဆို၍ သောက်လေသည်။

ဤသို့ဖြင့် သစ်စမှာ တဖက်သို့ ယိမ်းငဲ့သွား သကဲ့သို့ အစသည်လည်း ကျုပ်တို့ဘက်သို့ ပါလာလေသည်။ ဦးကျိုးသွားသော အခါ၌ကား တယောက်ပြီးတယောက် သစ္စာခံယူကာ နောက်ဆုံး၌ သစ္စာမခံယူဘဲ နေဝံ့သူ မရှိတော့ပေ။ နောက်နှစ်ရက်တွင် ဥယျာဉ်ထည်း၌ စစ်သည်အင်အား ပြပွဲကြီး ဖြစ်ပေါ်လာသည်။

နောက်လေးရက်၌ အရှင်၏ ရှေ့တော်မှောက်သို့ အခစားရောက်ရန် စစ်သည်အပေါင်း ချီတက်လျက်ရှိလေသည်။ တောတောင်များကို လူအုပ်ကြီးဖြင့် ဖြတ်သန်းနေကြလေသည်။

ဤသို့ဖြင့် မယုံနိုင်အောင် တိုတောင်းလှသော အချိန်ကလေး၌ ကျုပ်တို့လည်း အရှေ့ဘက်ဒေသကို သိမ်းသွင်းပြီးသား ဖြစ်နေတော့သည်။

(၃၇)

အရှေ့ဘက်သားများသည် သူ့အုပ်စုနှင့်သူ ကွဲပြားနေကာ စံနစ်ကျသော တပ်မကြီးတခု၏ အသွင်သဏ္ဍာန်ကား မဟုတ်ပေ။ သူတို့၌ ဓားလှံ၊ လေး၊ မြား အစုံအလင်ပါသည်။ အချို့မှာ မြင်းများပင် ပါလာသည်။ ဤတပ်ဖွဲ့ အပေါင်းကို ဒက္ခဏာ အုပ်ချုပ်လာသည်။ နောက်နှစ်ရက်အကြာ နေ့ခင်းဘက်၌ ကျုပ်တို့သည် မင်းပုန်း ကုက္ကိုတော အဝ၌ ရပ်နေကြလေသည်။

ကျုပ်လည်း အရှင့်အား လျှောက်တင်ရန်အတွက် ယာယီ စံနန်းဘက်သို့ မြင်းစိုင်းနှင်ပြီး စံနန်း၏ အဝင်ဝ၌ မြင်းကို ရပ်တန့်လေသည်။ အရှင်သည် ယာယီ စံနန်း၏ ပြတင်းဝတွင် ဒဏ္ဍာရီထည်းမှ နတ်သမီးတပါးအလား ထွက်၍ ရပ်တော်မူလေသည်။

ဤအချိန်ကလေး၌ပင် အရှင့်အား ကျုပ်က ဝမ်းမြောက်တော်မူဘွယ်ရာ အရှေ့ဘက်သတင်းများ မလျှောက်တင်ရသေးမီ အချိန်ကလေး၌ပင် ကျုပ်တို့အပေါင်း၏ ကံကြမ္မာမှာ ချိန်ခွင်ညှာ တဖက်သို့ နိမ့်လျှော သွားလေသည်။

ငှက်ကြီး၏ ဦးခေါင်းမျှောင်စင်မှ ရန်သူချီတက်လာပြီ အချက်ပေး ခရုသင်း အရှည်ဆွဲမှုတ်သံ ပေါ်လာတော့သည်။ ကျုပ်မှာ မြင်းပေါ်၌ပင် မလှုပ်မရှား ကြက်သေ သေနေရလေပြီ။ ရန်သူ့ လက်ချက်ကား ဦးသွားခဲ့လေပြီ။

ဆူညံစွာ မှုတ်နေသော ခရုသင်းသံများကြား၊ မြူမှုန် မြူခိုးများကြား၌ အရှင်၏ မျက်နှာတော်မှာလည်း တဖြည်းဖြည်း ညိုးလျော်သွားနေသည်။ အရှင်သည် နှုတ်ခမ်းကို ရုတ်တရက် ဖိကိုက်လိုက်၏။ မျက်လုံးတော်ကို မှိတ်လိုက်ပြီး ထိုနေရာ၌ ကျောက်ရုပ်တု တခုကဲ့သို့ ဖြစ်သွားနေသည်။

ကျုပ်မှာလည်း ရင်ဝတည့်တည့်ကို အတက်ခရီး၌ ဆောင့်ကန်ခံလိုက်ရသကဲ့သို့ ရှိသည်။ ဝမ်းသာအားရ ဖြစ်နေရမှု၊ မြော်မဆုံးနိုင်သော ကြီးမားလှသော မြော်လင့်ချက် အပေါင်းမှာ ရုတ်တရက် ပျောက်ကွယ်သွားခဲ့ရ လေပြီ။ ကြံရာ မရနိုင်တော့အောင် ဖြစ်သွားခဲ့ရလေပြီ။

ထိုအချိန်၌ပင် ပါလသည် ကုက္ကိုတောတန်းကို ဖြတ်ပြေးလာကာ ငှက်ကြီးတောင်ကို ပြေးတက်နေသည်။ သူသည် အရေးတကြီး တက်နေသဖြင့် တဖုတ်ဖုတ် လိမ့်ကျနေကာ အတန်ကြာမှ ငှက်ကြီးတောင်ပေါ်သို့ ရောက်သွား တော့သည်။ သူသည် ငှက်ဦးခေါင်းပေါ်သို့ တက်ပြီး မျှော်ကြည့်စင် သွေးသောက်ကြီး လက်ညှိုးညွှန်ရာ အနောက်ဘက်ကို အရေးတကြီး ကြည့်နေသည်။

ထိုအခါတွင်မှ ကျုပ်လည်း သတိဝင်လာကာ ငှက်ကြီးတောင်ဘက်သို့ မြင်းကို စိုင်းသွားလေသည်။

ခဏအတွင်း၌ ပါလသည် ပြန်၍ ဆင်းပြေးလာကာ ကျုပ်ရှေ့၌ တည်ငြိမ်စွာ ရပ်လေသည်။

"အနောက်ဘက်မယ် မြို့စား၊ လူပေါင်း ရှစ်ထောင်လောက်ပဲ ရှိပါမယ်။ မများလှပါဘူး။ အရှေ့ဘက်သား လူပေါင်းဘယ်လောက် ပါခဲ့သလဲ။ တထောင်လောက် ပါမယ် ထင်တယ်။ ပေါင်းရင် ကျွန်တော်များ အင်အားက ထောင့်ငါးရာ၊ သူတို့ ကျွန်တော်တို့ထက် ငါးဆဘဲရှိမယ်။ ဒီအတိုင်းဆိုရင် သူတို့ဘက်က အားနဲပါတယ်။ အရှေ့ဘက်သားတွေရော အားလုံးကို မြို့စား စီစဉ်ပေးမှ ဖြစ်မယ်။ ကျွန်တော်ကတော့ ကျောက်မောင်း ဖြုတ်ချမယ်။ ရန်သူ့ အလောင်းတွေ မြင်မကောင်း ရှုမကောင်း ပြန့်ကျဲသွားမယ်"

ပါလ၏ အသံမှာ အေးစက် မှုမှန်လျှက် ရှိသေးသည်။ သို့သော် သူ့နဖူးကင်းမှ စေးထန်းသော ချွေးစများကို မြင်နေရသည်။

ကျုပ်သည် သူစကားပြောစဉ်၌ပင် အစီအစဉ်များကို စိတ်ကူးနေ ရေးဆွဲနေ၏။ မိမိကိုယ်ကို စိတ်အေးအေး ခေါင်းအေးအေး ထားနိုင်ရမည်။ အရှေ့ဘက်သားများသည် တပ်ဖွဲ့များ စံနစ်တကျ ဖွဲ့စည်းလာခဲ့ဘူးသည် မဟုတ်။ စံနစ်မကျသော အဖွဲ့ အစုငယ်များ အလီလီအလာလာ ကွဲပြားနေပြီး ခေါင်းဆောင်များ ရှုပ်ထွေးနေသည်။ အရှေ့ဘက်သားတို့သည် လုံနှင့် လေးမြားကိုသာ အားကြ၏။ သူတို့ထည်းတွင် ခေါင်းဆောင်ကောင်း လုပ်နိုင်သူ ဒက္ခဏာ၏ ဖခင်နှင့် ဆင်ပစ်လေးမုဆိုးအဖွဲ့၏ ခေါင်းဆောင်၊ သူတို့ နှစ်ဦးရှိသည်။ အနောက်မျက်နှာနှင့် တောင်ဘက်မျက်နှာအတွက် ပါလ၏ ကျောက်မောင်း ယန္တရားအဖွဲ့နှင့် ဒက္ခဏာ၏ ဖခင် ဦးစီးသည့် လေးသည်တော် အဖွဲ့ကို ချထားမည်။ ဆင်များ တက်လာနိုင်သည့် အရှေ့ဘက်၌ ဆင်ပစ်မုဆိုး၏ ဆင်ပစ်လေးကြီးများကို ဆင်ခိုင်းထားပြီး ထိုနေရာ၌ ဒက္ခဏာနှင့် မုဆိုး အဖွဲ့ခေါင်းဆောင်ကို တာဝန်ပေးမည်။ ဒက္ခဏာ၊ ပါလတို့အား အလျှင်းသင့်သလို စီစဉ်ခိုင်းရမည်။

သူတို့တက်ဖို့ အနောက်မျက်နှာနဲ့ တောက်ဘက် တောင်ကြားလမ်းကလေးဘဲ ရှိတယ်။ မင်း အဲဒီကိုပြေးနှင့် အသင့်လုပ်ထား။ ငါလေးသည်တော် တပ်ဖွဲ့တွေ လွှတ်ပေးမယ်။ သူတို့ အနောက်ဖက်က စတက်မှာဘဲ အနောက်ဖက် တိုက်ပွဲစဖြစ်ရမှာဘဲ”

ပါလသည် ငှက်ကြီးတောင်ဖက်မှ အပြေးအလွှား ထွက်ခွာသွားလေသည်။

ကျုပ်မှာလည်း အရှေ့ဖက်သားများကို စေခိုင်းရန် အခက်အခဲ ဖြစ်နေပေသည်။

သူတို့သည် ကျုပ်တို့၏ လက်ရှိအခြေအနေမှန်များကို ရိပ်မိကြတော့မည်။ အခြေအရံ ကင်းမဲ့နေသော ဘုရင်မကြီး၏ အဖြစ်၊ စစ်သည်အင်အား ကင်းမဲ့နေသော အဖြစ်များကို ဖုံးဖိ၍ ရနိုင်တော့မည် မဟုတ်ပေ။ ထို့အတွက် တခုခုကို လှည့်၍ကြံမှ ဖြစ်တော့မည်ကို တွေးမိပါသည်။

ကျုပ်သည် ထိုအခက်အခဲကို တွေးတောရင်း မြင်းပေါ်တက်ကာ ကုက္ကိုတောတန်းဖက်သို့ ပြန်လှည့်လာခဲ့သည်။

အရှင်မှာ ယာယီစံနန်း၏ ပြတင်းတော်၌ ငြိမ်သက်စွာ ရပ်တော်မူနေဆဲ ဖြစ်သော်လည်း အရှင့်အား အကျိုးအကြောင်းတို့ကို လျှောက်တင်နေချိန် မရတော့ပေ။

ဝင်းတော်စောင့်များမှာ ဤအချိန်၌ပင် သေသေဝပ်ဝပ် ရှိနေသည်။

ကုက္ကိုတော၏ တောင်ဘက်ထည်းတွင် ပါလသည် သူ့ကျောက်မောင်းများကို မြင်းတကောင်ဖြင့် လှည့်လည် စစ်ဆေးပြီးနောက် ကျောက်မောင်း စစ်သည်များကို နေရာချထားပေးနေသည်။

ကုက္ကိုတောဝ၌ ဒက္ခဏာနှင့်အတူ ခေါင်းဆောင်များသည် ကျုပ်အလာကို ရပ်စောင့်နေ၏။ ခေါင်းဆောင်များ၏ မျက်နှာများမှာ ရှုတ်တရက် ထိုထိုင်းနေသကဲ့သို့ ရှိလေသည်။ သို့သော် သူတို့၏ တပ်ဖွဲ့ငယ်များမှာ အစုလိုက် ဣန္ဒြေမပျက်ဘဲ ရပ်တန့်နေသည်။

ကျုပ်လည်း ဒက္ခဏာ၏ အနီးတွင် မြင်းပေါ်မှ လွှားဆင်းလိုက်လေသည်။

“အရေးကြီးဆုံးက အခုဒီမှာ မမြှော်လင့်ဘဲ ရန်သူအဝိုင်းခံရတာကို နေပြည်တော်ကို အကြောင်း မြန်မြန်ကြားမှ. . . စစ်သေနာပတိကြီးဆီ တပ်များ အမြန်ဆုံးလွှတ်ပေးဘို့ ခြေမြန်တော်လွှတ်ပီး ချက်ခြင်း အကြောင်းကြားခိုင်းရမယ် ဒက္ခဏာ၊ ဟောဒိ ဝတ်ရုံယူ အရှင်မ တံဆိပ်တော် ခတ်နှိပ်ထားတယ်။ ခြေမြန်တော် နှစ်ဦးကို မင်းသွားပီး စီစဉ်”

“ဟုတ်ကဲ့ ဝန်မင်း”ဟု သူက ပြန်၍ ပြောလိုက်လေသည်။

ထို့နောက် သူသည် အရှေ့ဖက်သို့ ကျုပ်တို့နှင့်အတူတူ လိုက်လာခဲ့သူထည်းမှ ပါးရည်နပ်ရည်ရှိသူ နှစ်ဦးကို ချက်ခြင်း လှမ်းခေါ်လိုက်သည်။

ဒက္ခဏာသည် ထိုသူနှစ်ဦးအား ဗိဿနိုးမှ စစ်သေနာပတိကြီးထံသို့ တမန်အဖြစ်သွားရန် တင်းတင်းပြတ်ပြတ် အမိန့်ပေးသည်။ သူတို့နှစ်ဦးလည်း ဝတ်ရုံကို လှမ်းယူကာ မြင်းကို စိုင်းနှင်ပြီး ထွက်သွားလေသည်။

ဤလှည့်ဖြားမှုမှာ ချောမောပြေပြစ် သွားသဖြင့် ကျုပ်လည်း စိတ်သက်သာရာ ရသွားမိသည်။

ဤနည်း၏ အောင်မြင်မှုမှာ ချက်ခြင်းသိသာသွားသည်။ ခေါင်းဆောင်များ၏ မျက်နှာများ ဝင်းလက်သွားကြ လေသည်။

သူတို့၏ စိတ်ဓာတ် အားတက်မှုသည် တိုက်ပွဲများအတွက် လွန်စွာ အသုံးဝင်လာလိမ့်မည်။

“စင်စစ် နေပြည်တော်ကို အကြောင်းကြားနေဘို့ မလိုပါဘူး။ ရန်သူ့ အင်အား သိပ်ရှိလှတာ မဟုတ်ပါဘူး၊ ကဲ အစီအစဉ်ဆွဲမယ်” ကျုပ်က စ၍ ပြောလိုက်လေသည်။

ဆင်ပစ်မုဆိုး၏ ခေါင်းဆောင်သည် ကျုပ်မျက်နှာကို လှမ်းကြည့်လေသည်။

“ရန်သူတွေမယ် ဆင်တွေပါတယ် မဟုတ်လား” သူက မေးသည်။

ကျုပ်လည်း အစီအစဉ်များကို မြန်မြန်ဆန်ဆန် ဆွဲသည်။ ဒက္ခဏာ၏ ဖခင်သည် သူ့လေးသည်တော်များနှင့် အနောက်ဖက် အခြမ်းသို့ တောင်ခိုးများထည်း၌ ပြေးသွားနေသည်။ ထို့နောက် အနောက်ဖက်ခြမ်း၌ သူ့လူများကို နေရာများ စံနစ်တကျ ချပေး ညွှန်ကြားနေသည်။

ဒက္ခဏာနှင့် ဆင်ပစ်လေးအဖွဲ့ ခေါင်းဆောင်သည် အရှေ့ဖက်အခြမ်းသို့ ပြေးသွားနေသည်။ ဆင်ပစ်လေးကြီးများကို ကျောက်မောင်း ကျောက်ပုံကြီးများ၏ နောက်၌ နေရာချထားပေသည်။ ဒက္ခဏာသည် အရှေ့ဘက်မှ လေးသည်တော်များနှင့် ဘုရင်မစစ်သည်များကို ရောယှက်နေရာချထားပေးနေသည်။

တောင်ပေါ်၌ ချက်ခြင်းစီစဉ်၊ ချက်ခြင်းအသင့် ပြင်ဆင်ထားခဲ့ပြီးနောက် ကျုပ်သည် အရှင့်ကို အားပေးရန်နှင့် အကျိုး အကြောင်းစုံလင်စွာ လျှောက်တင်ရန် အတွက် မြင်းကို ယာယီစံနန်းဘက်သို့ စိုင်းလာခဲ့သည်။

ယာယီစံနန်းဝင်းအဝ၌ အစောင့်အကြပ် တာဝန်ကျနေသော စိတြာသည် ကျုပ်၏ မြင်းပါးချပ်ကို လက်နှင့် ဖမ်းဆွဲကာ ရပ်တန့်ပေးသည်။

"ရန်သူများ အများကြီးလား" သူက တီးတိုး ဆီးမေးသည်။ '
ဤသူငယ်ကလေးမှာ ကြောက်ဇောဖြင့် မျက်နှာတပြင်လုံး သွေးဆုတ်နေကာ တဆတ်ဆတ် တုန်နေသည်။

ကျုပ်လည်း မြင်းပေါ်မှ လွှားဆင်းလိုက်ပြီး သူ့ပခုံးကို ကိုင်လှုပ်ကာ ပြုံးပြအားပေးပြီး စံနန်းဘက်သို့ ပြေးသွားခဲ့ရလေသည်။ ကျုပ်သည် စံနန်း၏ လှေကားထစ်များကို အထစ်ကျော်ကာ လွှားတက်သွား၏။

အရှင်သည် အပန်းဖြေဆောင် အဝမှနေပြီး ကျုပ်ကို လှမ်းကာ စူးစိုက်ကြည့်နေသည်။ အရှင်၏ ကိုယ်ပေါ်၌ကား မင်းယောကျ်ားတို့၏ အရောင်တောက်နေသော ဒိုင်းကို တင်းတင်းကိုင်ကာ အခြားတဘက်၌ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ကျုပ်လည်း အရှင့်ရှေ့ မလှမ်းမကမ်း၌ အရိုအသေ ပြုကာ ရပ်တန့်လိုက်လေသည်။

"အရှေ့ဘက်က ကျွန်တော်များ သိမ်းသွင်းလာတာ စစ်သည်တထောင်၊ ကျွန်တော်တို့က ငါးရာ၊ စုစုပေါင်း ကျွန်တော်များက တထောင့်ငါးရာ။ ရန်သူဟာ ကျွန်တော်များရဲ့ ငါးဆ ပတ်ဝန်းကျင်ဘဲ ရှိပါမယ်။ သူတို့ တောင်ကြားလမ်းက ဖြတ်မတက်နိုင်ပါဘူး အရှင်. . . ပါလရဲ့ ကျောက်မောင်းတွေကို ကျော်ပီး ဘယ်နည်းနဲ့မှ မသွားနိုင်ပါဘူး"

ကျုပ်သည် အသံကျယ်စွာဖြင့် အော်၍ လျှောက်တင်နေမိ၏။

အရှင်သည် ကျုပ်၏ မျက်နှာကို စိုက်၍ကြည့်နေ၏။ ထို့နောက် တင်းမာခတ်ထန်သော မျက်နှာ၊ တင်းမာခတ်ထန်သော ခြေလှမ်းများဖြင့် ကျုပ်ရှိရာသို့ လျှောက်လာကာ . . . မနီးမဝေးတွင် တောင့်ရပ်လိုက်လေသည်။

" ကျွန်ုပ်ကိုယ်တိုင် တိုက်မယ် မြို့စားလေး၊ ကျွန်ုပ်ကိုယ်တိုင် တိုက်မယ် "
"မလိုအပ်ပါဘူး အရှင်. . .၊ ပါလတို့ ဒက္ခဏာတို့လို သူရဲကောင်း များရှိပါသည်။ သူတို့ဆီမယ် ပါလတို့လို သူရဲကောင်း တဦးတလေမှ မရှိပါဘူး။ သူတို့ လူတရာနဲ့ ကျွန်တော်တို့တယောက် မျှပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပါလရဲ့ ကျောက်မောင်းတွေ ဖြုတ်ချလိုက်ရင် ရန်သူပေါင်းများစွာ သေကုန်မှာပါဘဲ အရှင် "

"မဟုတ်ဖူး. . . မြို့စားလေး၊ ကျွန်ုပ်လဲ မြင်းစီး၊ လှံထိုး၊ ဓါးခုတ်၊ ဘယ်သူနဲ့မဆို ယှဉ်နိုင်တယ်။ ဖခင် အရှင်သူမြတ် သင်ကြားပေးခဲ့တယ်။ ကျွန်ုပ် ဘယ်နည်းနဲ့မှ ရန်သူ့ အဖမ်းမခံနိုင်ဘူး မြို့စားလေး၊ ကျွန်ုပ်ကိုယ်ကို အသက်ရှင်လျှက်နဲ့ သီရိခေတ္တရာလက် အရောက်မခံနိုင်ဘူး။ ကျွန်ုပ် ဘာဆိုလိုသလဲ မင်းသိရဲ့လား လူကလေး။ ကျွန်ုပ် တိုက်ရင်းခိုက်ရင်း သေမယ်"

"အရှင်၏ တင်းမာပြတ်သားသော အသံသည် ဤယာယီစံနန်းထက်ဝယ် ရိုက်ခတ်နေ၏။ အရှင်သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ဒိုင်းကို တချက် ဝဲလိုက်လေသည်။ ဒိုင်းအပေါ်ဟပ်သည့် နေရောင်ခြည်များသည် ကျုပ်၏ မျက်နှာပေါ်သို့ အရောင်ဟပ်သွား၏။ ထိုအချိန်၌ တောင်မကြီး၏ တောင်ဘက်စပ်မှ အော်ဟစ်လိုက်သည့် ပါလ၏ အသံသဲ့သဲ့သည် လေနှင့် အခန့်သင့်လျှက် မြောက်ဘက်သို့ ပြေးလာနေသည်။ ထို့နောက် ကျောက်မောင်းများ ဖြိုချလိုက်သံသည် မြေတုန်ဟည်းပြီး ပေါ်လာနေသည်။ အရှင်သည် သူ့စကားကို ရပ်ဆိုင်းပစ်လိုက်၏။

"တိုက်ပွဲ စနေပြီ အရှင်။ တောင်ဘက်တောင်ကြားထဲကို ရန်သူများ ဖြတ်တက်ဘို့ ကြိုးပမ်းနေဘီ ထင်ပါတယ်။ အရှင် မိမိဆန္ဒတခုထဲ ကြည့်တော်မမူပါနဲ့၊ အရှင့်အတွက် ပူပန်ရတဲ့ လူတွေရဲ့ သောကကိုလဲ မြင်တော်မူပါ။

ငဲ့ညှာတော်မူပါ။ ဒီတိုက်ပွဲဟာ ကျွန်တော်များ မုချနိုင်ရမယ့် တိုက်ပွဲပါဘဲ အရှင်”

ကျုပ်သည်လည်း နောက်ဘက်သို့ ပြန်လှည့်လိုက်လေသည်။ အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ် သိထားနေမှ ဖြစ်လိမ့်မည်။ ကျုပ်၏ မျက်နှာပြင်ကို စူးစိုက်ကာကြည့်နေသော အရှင်၏ မျက်လုံးများမှာ သီဝေလာသကဲ့သို့ ရှိသည်။ အရှင်သည် အံကို တချက်ကြိတ်လိုက်လေသည်။ ထို့နောက် ခေါင်းကိုငုံ့လိုက်၏။ အရှင့်လက်မှ ဒိုင်းလွတ်ကျသွားသံကို ကြားလိုက်ရသည်။ ကျုပ်သည် လှေကားထစ်များကို ကျော်လွှားပြီး ပြေးဆင်းလာလျက် မြင်းအပေါ်သို့ လွှားတက်လိုက်လေသည်။

ရန်သူ့ တပ်များသည် တောင်၏ အနောက်ဘက် ကွက်လပ် လဟာပြင်ကြီးထဲဝယ် ပြည့်နေသည်။ မြင်းတပ်နှင့် ခြေလျင်တပ်သည် ရှေ့သို့ရောက်နေကာ ဆင်တပ်များသည် နောက်မှ ထက်ကြပ် ပါလာသည်။

ကျုပ် မြင်းကို မောင်းနှင်သွားချိန်၌ ပါလသည် တောင်ကြားထည်းသို့ အေးဆေးတည်ငြိမ်စွာ ငုံ့ကြည့်နေကာ အလွန် တည်ငြိမ်လှသည့် အသံဖြင့် “ကျောက်မောင်း နံပတ်တစ် ဖြုတ်၊ နံပတ်နှစ်၊ နံပတ်ကို ဖြုတ်၊ နံပတ် နှစ်ဆယ့်ခွန်”ဟု အော်ဟစ်လိုက်၏။

ထို့နောက် မြေတုန်ဟည်းလျက် ကျောက်မောင်းများ ပြုတ်ကျနေသံ၊ ကျောက်တုံးများ ရိုက်ခတ်နေသံ၊ အောက်ဘက်မှ မြင်းများ အော်ဟစ်လိုက်သံ၊ လူပေါင်းများစွာ၏ ကြောက်မက်ဖွယ် အော်လိုက်သံကြီးများ ပွဲတင်ရိုက်ဟည်း ထွက်ပေါ်နေသည်။

ဖုံလုံးကြီးများ ကောင်းကင်သို့ ပြေးလာနေသည်။

ကျုပ်သည် တောင်ဘက်ထိပ်၌ မြင်းကို ရပ်တန့်ပြီး အောက်သို့ ငုံ့ကြည်လိုက်လေသည်။ နက်လှသော ချောက်ထည်း၌ မြင်းများသည် မသေမရှင် ရုန်းကန်နေကြသည်။ မသေ၍ ကျန်ရစ်ခဲ့သော လူများသည် ကျောက်တုံးများကြားမှ ကဲရဲ ထနေကြ၏။ တချို့သည် ပြန်၍ လဲသွားကြ၏။ မထိခိုက်မိသေးသော မြင်းများသည် ကြောက်လန့်တကြား နောက်သို့ပြန်၍ ပြေးဆုတ်သွားနေသည်။ မြင်းသည်တော်များ လွတ်သည်ဟူ၍ မရှိတော့ သလောက်ပင်။ ပါလသည်လည်း ငုံ့ကြည့်နေ၏။ သူ့မျက်နှာမှာ ဝမ်းနည်းပက်လက် ဖြစ်သွားလေသည်။

“ဒါဟာ စက်ဆုပ်စရကောင်းတဲ့ ရက်စက်မှုဘဲ မြို့စားမင်း”
သူသည် တီးတိုး ညည်းညူနေ၏။
“မဟုတ်ဖူး သူတို့က ရက်စက်တာ ဒို့က ကာကွယ်ရတာ”
“ဒါပေမယ့် ကျွန်တော် ဒီဘက်မယ် ကျောက်မောင်းများ ဆင်နေဆဲတန်းလန်း နောက်ထပ် ဖြုတ်ချစရာ သိပ်မကျန်တော့ဘူး။ နောက်ထပ် နဲနဲပါးပါးဘဲ ရှိတော့တယ်။ သူတို့ ဆက်တိုက်တိုက်နေရင် ဆင်ချိန်လဲ ရတော့မှာ မဟုတ်ဘူး”
“အဲဒါတော့ ဒုက္ခဘဲ”
မကြာမီ အနောက်ဘက် မျက်နှာမှ တယောက် ပြေးလွှားလာနေသည်။ သူက တုန်ယင် ထစ်အနေသော အသံဖြင့်. . . .
“မြို့စားမင်း အနောက်ဘက်က ရန်သူတွေ တက်လာနေဘီ”ဟု ပြောလိုက်လေသည်။
“ဘယ်လောက်များသလဲ”
“တက်လာနေတုန်းဘဲ”

http://cyberbooks.myanmarchat.org


ပါလသည် သူ့တပ်မှူးတဦးကို တောင်ဘက်အခြမ်းမှ စောင့်ကြည့်နေရန် တာဝန်ပေးပြီး အနောက်ဘက်သို့ မြင်းနှင့် ပြေးသွားလေသည်။ ထိုအချိန်၌ အရှေ့ဘက်မှ ဒက္ခဏာသည်လည်း မြင်းကို ဒုန်းစိုင်းပြေးလာနေသည်။

ကျုပ်တို့သည် မြင်းများပေါ်မှ ခုန်ဆင်းလိုက်ကြပြီး အနောက်ဘက်သို့ ပြေးလွှားသွားကြလေသည်။

အနောက်ဘက်၌ လေးသည်တော်များသည် ကမ်းပါးထိပ်၌ ပေါက်နေသည့် သစ်ပင်များအပေါ်သို့ တွယ်ကပ်တက်နေ၏။

ဒက္ခဏာ၏ ဖခင်သည် ကျုပ်အား လှမ်းအော် နှုတ်ဆက်လိုက်သေး၏။ သူသည်လည်း ပေါ့ပါးသွက်လက်သော လူငယ်တဦးကဲ့သို့ပင် လျင်မြန်သွက်လက်စွာ သူ့လက်များကို အော်ဟစ် ညွှန်ကြားနေသည်။

ရန်သူများသည် သစ်ပင်ငယ်များကို တွယ်ကပ်ပြီး အကာအကွယ် မျက်ကွယ်ပြုလျှက် အနောက်ဘက် မျက်နှာပြည့်မှ တက်လာနေသည်။ သူတို့ကို ကွက်လပ်ဖြတ်ကူး နေချိန်များ၌သာ မြင်တွေ့နေရလေသည်။ ပါလသည် ငုံ့ကြည့်နေရင်း
"ဒီဘက်က တောမရှင်းလိုက်ရတာ နာတယ်။ ဒါပေမယ့် အချိန်က ဆယ်ရက်လောက်ကလေး ဆိုတော့ ခံတပ်မြို့တော်ကြီး တခုဟာ ဒါလောက်ဘဲ ပီးနိုင်မှာဘဲ" တီးတိုး ရေရွတ်နေသည်။

"ခြောက်ရာလောက်တော့ ရှိမယ်ထင်တာဘဲ" ဒက္ခဏာက တိုးတိုးပြောနေသည်။

ဒက္ခဏာ၏ ဖခင်သည် သစ်ပင်ပေါ်မှနေ၍ ရန်သူများကို ငုံ့ကြည့်နေ၏။

ပါလသည်လည်း မတုန်မလှုပ် ဖြစ်နေသည်။ ရန်သူများကား ကျုပ်တို့နှင့် အတောင်သုံးဆယ်မျှ အကွာအဝေးသို့ပင် ရောက်ရှိလာနေပေပြီ။

ဒက္ခဏာ၏ ဖခင်က "ပစ်တော့"ဟု ကျယ်လောင်စွာ အော်ဟစ် အမိန့်ပေးလိုက်၏။

သူ့အော်သံ၊ လေးညို့ ဆွဲသံ၊ လေး ဒေါင်ဒင်မြည်သံ၊ မြားများ ဖြတ်ပြေးသွားကြသံ၊ သစ်ရွက်သံများကို ဖောက်သွားသံများသည် ဆူညံ သွားလေသည်။ ထို့နောက် မြောက်မြား လှသည့် မြားများသည် အကာကကွယ်မဲ့နေသော ရန်သူများထံသို့ အရှိန်ပြင်းလှစွာ ဖြတ်ပြေးသွားသည်။

ရန်သူများသည် ဇွတ် ဆက်၍ တက်လာနေသည်။

ရန်သူများသည် တန်ပြန် မြားများကို ကောင်းကင်ကြီး တခုလုံး ပြည့်မတက် ပစ်ခတ်လိုက်ကြလေသည်။

ကျုပ်တို့သည် ကျောက်တုံးများနောက်၌ ဝပ်လိုက်ကြ၏။ အပေါ်မှ လေးသည်တော်များကိုလည်း တယောက်ပြီး တယောက် ထိမှန်ပြီး သစ်ပင်များထက်မှ လိမ့်ကျနေသည်။

ပါလသည် ရန်သူများကို အေးအေးစက်စက်ပင် ကြည့်နေခဲ့သည်။

ထို့နောက် ဒက္ခဏာ၏ ဖခင်ကြီးအား မြားတစင်း ပြေးဝင်မှန်လိုက်သည်ကို ကျုပ်သည် လှစ်ကနဲလှမ်း၍ မြင်တွေ့လိုက်၏။

အဖိုးကြီးသည် ရင်ပတ်မှ မြားကို ချိုးဖွဲ့ပစ်လိုက်၏။ ဆိပ်လူးမြားဆိပ်သည် သူ့တကိုယ်လုံးကို တက်လျှက်ရှိလေသည်။ သူသည် သစ်ပင်ပေါ်၌ မျက်လုံးများ ပြာဝေနေ၏။ သူ့ကိုယ်သည် ယိမ်းခါသွားပြီး သူသည် မျက်လုံးမှိတ်လိုက်၏။ သူသည် သစ်ပင်ပေါ်မှ လိမ့်ကျပြီး သစ်ကိုင်းကိုလက်နှစ်ဖက်ဖြင့် ဆွဲထားသည်။ ထိုစဉ်၌ တန်းလန်းဖြစ်နေသော သူ့ကိုယ်ထည်းသို့ ရန်သူ့ မြားနှစ်စင်းဝင်၍ ဖေါက်သွားပြန်သည်။

အဖိုးကြီးသည် သစ်ပင်ပေါ်မှ အရုပ်ကြိုးပြတ် ကျပြီး "ဒက္ခဏာ" ဟု တချက်အော်လိုက်လေသည်။

သူသည် ချက်ခြင်း အသက်ကုန်သွား၏။ ကျုပ်၏ ဘေးမှနေ၍ ဒက္ခဏာသည် လှမ်းကြည့်နေ၏။

"ကျွန်တော်ခမည်း သွားရှာပြီ၊ ကျွန်တော် သတ်လိုက်သလိုဘဲ"
တိုးတိုးပြောပြီး တပ်ဗိုလ်လေး ဒက္ခဏာသည် မြေ၌ပြားပြား ဝပ်မှောက်ပြီး နှစ်ချက်မျှ ကျိတ်ပြီး ရှိုက်ငိုလေသည်။

သူ့ငိုသံကို မည်သူမျှ ကြားလိုက်မည် မဟုတ်ပေ။

ရန်သူများ အတောင်နှစ်ဆယ်သို့ ရောက်လာနေသော်လည်း ပါလကား ငေး၍ ကြည့်နေဆဲဖြစ်၏။

ဤမျှနီးကပ်လျှက်ရှိပြီး နောက်ခဏ ကလေးကြာလျှင် ရန်သူများ အပေါ်သို့ ရောက်လာတော့မည်။ ရန်သူများသည် ဒိုင်းများဖြင့် ကွယ်လာကြသဖြင့် မြားဖြစ်ပစ်၍ အရာမရောက်တော့။

ကျုပ်မှာ ပါလကို ကျောက်မောင်းများ ဖြုတ်စေချင်လှပြီ။ စိတ်ထည်း၌ အားမလို အားမရဖြစ်လာသည်။

ကျုပ်မှာ ပါလကို ကျောက်မောင်းများ ဖြုတ်စေချင်လှပြီ။ စိတ်ထည်း၌ အားမလို အားမရဖြစ်လာသည်။

သို့သော် သူသည် ငြိမ်သက်လျှက် စိုက်ကြည့်နေဆဲပင်။ ထို့နောက်ဆယ်ရှစ်တောင်. . .
ဆယ့်ခုနှစ်တောင်. . . . .
ဆယ့်ခြောက်တောင်. . . . .
ဆယ့်ငါးတောင်. . . . . .
ရန်သူများနှင့် မျက်လုံးချင်း ဆုံမိကြတော့မည်။ မျက်နှာချင်း အပ်မိကြတော့မည်။

ထိုအခါတွင်မှ ပါလသည် အလွန် ပြတ်သား တင်းမာစွာ "သုံးဆယ့်ခွန်၊ လေးဆယ့်တစ်၊ ခြောက်၊ ကိုး၊ ရှစ်၊ ငါး၊ လေး. . . "ဟု ဆိုင်းဝှဲဆိုင်းဝံ အော်ဟစ် လိုက်လေသည်။

ကျောက်မောင်းများ တခုပြီးတခု၊ တခုပြီး တခု လေးလေးမှန်မှန် ပြုတ်ကျနေသည်။ တောင်ကြီးတခုံးလုံးမှာ သိမ့်သိမ့် ခါနေသည်။ တောင်ကမ်းပါးယံများကို ကျောက်တုံးများ ထိမှန်နေသဖြင့် ဖုံတထောင်းထောင်း ထနေသည်။ သစ်ပင်ငယ်ပေါင်းများစွာသည် ပြတ်ကျနေ၏။ ဒိုင်း ကိုင်ထားသူများသည်လည်း ကျောက်တုံးရိုက်ပြီး လိမ့်ကျသွားနေ၏။ လူများအော်သံနှင့် ကျောက်များပြိုသံ၊ ဖုံလုံးများနှင့် တောခိုးတို့ ရောယှက်သွားနေသည်။

အနောက်ဖက် တပြင်လုံးမှာ လူများရော၊ သစ်ပင်များပါ မကျန် ပြောင်းလဲသွားသကဲ့သို့ ရှိလေသည်။ အားလုံးသည် ရုတ်တရက် ငြိမ်သက်သွား၏။ အသက်မသေ မထိခိုက်ဘဲ ကျန်ရှိနေသူများသည် ငေးကြောင်နေကြ၏။ ထိုအချိန်၌ လေးသည်တော်များ၏ မြားပေါင်းများစွာသည် အကာကွယ်မဲ့နေသော ရန်သူများကို ရုတ်တရက် ဝင်ရောက် ထိုးဖောက်သွားလေသည်။

http://cyberbooks.myanmarchat.org


ကျုပ်သည် နေရာမှ ထလိုက်၏။

ထိုအချိန်၌ အရှင်မင်းမြတ်သည် မြင်းစီးလျှက် ကုက္ကိုတောင်စပ်မှ ဒုန်းစိုင်းလာနေသည်။

အရှင်၏ ပခုံးထက်၌ ဓားကို လွယ်ထားပြီး လက်တဖက်သည် ဒိုင်းကို ကိုင်မြှောက် ထား၏။

ဒိုင်းသည် နေရောက်ထည်း၌ တဖိတ်ဖိတ်လက်လျက် ရှိနေသည်။ အရှင်သည် မျက်နှာကို ပြတ်သား တင်းမာထားနေ၏။

စစ်သည်ပေါင်း များစွာသည် မြူခိုးများကိုဖြတ်၍ မြင်းကို ဒုန်းစိုင်းနှင်လာသော အရှင်မအား ငေး၍ အံ့အားသင့်နေသည်။ ဤအချိန်တွင်မူ တောင်ပေါ်၌ ငြိမ်းချမ်းပြီး အသက်ရှူသံများကိုပင် ကြားနေရမတတ် တိတ်ဆိတ်လျက်ရှိနေသည်။

အရှင်၏ မြင်းခွာသသံသာလျှင် လွှမ်းမိုးနေသောအသံ ဖြစ်လေသည်။

အရှင်၏ မြင်းမှာ ကျုပ်ရပ်နေရာ တည့်တည့်သို့ ဦးတည်ကာ ဒုန်းစိုင်းလာနေသည်။

ဤအချိန်တိုကလေး အတွင်း၌ပင် ကျုပ်သည် အရှင်၏ ဒေသကို စွန့်ခွာထွက်ပြေးပါက ရန်သူ့လက်မှ လွတ်မြောက်နိုင်သေးသည်ကို တွေးနေမိသည်။ တလမ်းတည်းရှိသော တောင်ဖက် တောင်ကြားမှ လူအနည်းငယ်မျှဖြင့် ရန်သူ့အား ရက်ပေါင်းများစွာ တားဆီးထားနိုင်သည်။ အရှင့်အား အရှေ့ဖက်အရပ်သို့ ရှောင်ပုန်းစေပြီးနောက် မကြာတင်မီ အချိန်များ၌ ကျုပ်တို့အင်အား ပြန်စုရုံးနိုင်ပေမည်။ ဤအတွေးများကြောင့် ကျုပ်မှာ ကိုယ်စိတ် နှစ်ပါး ကြည်လင် ပေါ့ပါးကာ ဤအတိုင်း လုပ်ခြင်းသာလျှင် အမှန်ကန်ဆုံး ဖြစ်မည်ကို ဆုံးဖြတ်လိုက်သည်။

(၃၈)

ကျုပ်သည် ရှေ့သို့ ပြေးထွက်သွားပြီး အရှင် စီးလာသော မြင်းကို ဆွဲရပ်လိုက်သည်။ ကျုပ်လည်း အရှင့် မျက်နှာတော်ကို မြင်းအောက်မှ မော်ကြည့်သည်။

အရှင်၏ မျက်နှာတော်၌ ကြည်လင်ရွှန်းပသော အပြုံးများကို မြင်နေရလေသည်။ အရှင်သည် အားငယ် သိမ်ငယ်သော မိန်းမသား တဦးမဟုတ်တော့ဘဲ စစ်မြေပြင်သို့ ထွက်လာသည့် သူရဲကောင်း တဦး ဖြစ်နေလေပြီ။

ထိုအချိန်၌ တပ်ဗိုလ်ကလေး ဒက္ခဏာသည် မြူခိုးများကို ဖြတ်သန်း၍ ပြေးလွှားလာကာ ကျုပ်နှင့် ယှဉ်လျက် နံဘေး၌ ဦးခေါင်းငုံ့ပြီး တည်ငြိမ်စွာ ရပ်နေလိုက်လေသည်။

"ကျွန်တော်များ အရှေ့ဖက်ကို ထွက်ခွာသွားဘို့ အချိန်ရပါသေးတယ် အရှင်"
"ကျွန်ုပ်တို့ ထွက်ပြေးရမှာလား မြို့စားလေး"
"မဟုတ်ရပါဘူး အရှင် ရှောင်တိမ်းရမှာပါ"
"ဘယ်လို စီစဉ်ချင်လို့လဲ"
"ရန်သူတွေတက်ဖို့ဟာ အနောက်ဘက် မျက်နှာနဲ့ တောင်ဘက် တောင်ကြားလမ်းကလေးဘဲ ရှိပါတယ်။ တောင်ဘက်တောင်ကြား လမ်းမယ် ဖြတ်ချဘို့ ကျောက်မောင်းများလဲ အတော်အသင့် ရှိပါသေးတယ် အရှင်။ အနောက်ဘက်ခြမ်းအတွက် ပါလနဲ့ လူတရာလောက်ကို ရွေးချယ်ထားပစ်ခဲ့။ တောက်ဘက် တောင်ကြားလမ်း မယ် လူတရာလောက် ထားပစ်နိုင်ခဲ့ရင် ရန်သူများကို စုစုပေါင်း လူနှစ်ရာနဲ့ ခုခံထားနိုင်ပါတယ်။ အနောက်ဘက် ကတော့ ပါလ ကျောက်မောင်း ဖြတ်ချနေရုံပါဘဲ။ တိုက်ပွဲဝင်နေရင်းလဲ ကျောက်မောင်းများ ထပ်ဆင်လို့လဲ ရပါတယ်။ အရှင် အရှေ့ဘက်မယ် ရှောင်တိမ်းပြီး အင်အား ပြန်ဖြည့်နိုင်ပါတယ်"

အရှင်သည် စိတ်အားထက်သန်လှစွာ တင်လျှောက်နေသော ကျုပ်၏ မျက်နှာကို စူးစိုက်ကြည့်ရှုတော်မူနေသည်။ အချိန်အတော်ကြာ ငြိမ်သက်တော် မူနေပြီးနောက် အရှင့် မျက်လုံးတော်များ တောက်ပနေသည်ကို ပုဝါကိုဖြတ်ကာ မြင်နေရသကဲ့သို့ ရှိသည်။

"ဘယ်ကိုသွားမလဲ မြို့စားလေး"

ထိုအချိန်၌ ကျုပ်၏နံဘေးတွင် ယှဉ်ရပ်နေသော လူငယ်ကလေး ဒက္ခဏာသည် ခေါင်းကို ဖြည်းညှင်းစွာ မော့်လေသည်။

ဤလူကလေး၏ မျက်နှာမှာ တခုခု ဆုံးဖြတ်လိုက်သကဲ့သို့ ပြတ်သား တင်းမာသွားသည်။ သူသည် ခဏမျှ ကျောက်ရုပ်တု တခုအလား အေးစက်ငြိမ်သက်သွားပြီးနောက် သူ့ မျက်လုံးအိမ်ထည်း၌ မျက်ရည်များ ပြည့်သိပ်လာသည်။ သူသည် ဓားရိုးပေါ်သို့ လက်ကိုတင်ပြီး တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။

"အရှေ့ဘက်သားတွေဟာ အရှင့်ကို ထီးနန်းလာစိုက်ထူပေးကြဘို့ လျှောက်တင်ထားခိုင်းပါတယ် အရှင်။ ဒီမယ်ရှိသမျှ အရှေ့ဘက်သားတွေကို အရှင် ဦးဆောင်ပီး အရှေ့ဘက်ကို ပြန်ခေါ်သွားပါ။ ဆင်ပစ် မုဆိုးအဖွဲ့က ခေါင်းဆောင်ကို အရှင် အားကိုးပြုလို့ ရပါတယ်။ သူက အရှင့်နောက်က လိုက်ရမယ်ဆိုရင် အစီဇိအထိ လိုက်ပါ လိမ့်မယ်အရှင်"

"ပါလက အနောက်ဘက် မျက်နှာကနေပီး ကျွန်တော် တောင်ကြားကနေမယ်။ ရန်သူတွေ တလှမ်းမှ

တက်မလာနိုင်စေရဘူး အရှင်။ ကျွန်တော်တို့ ပါလတို့ဟာ ဘယ်အခါမှာမှ သေမယ့်လူတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ တနည်းမဟုတ် တနည်းနဲ့ အရှင့်နောက်ကို ရောက်အောင် လိုက်လာခဲ့ပါမယ်။ ကျွန်တော့် ဇာတာကို ကြည့်ရှု စစ်ဆေးထားပီးဘီ အရှင်၊ အခု အချိန်မယ် ကျွန်တော့် ဇာတာဟာ အကောင်းဆုံး၊ အမြင့်ဆုံး ဖြစ်နေပါတယ်။ သူတပါးသတ်လို့ သေနိုင်မယ့် လူစားမျိုး မဟုတ်ပါဘူး။ တောင်ကြားကို အခုဘဲ ကျွန်တော်သွားမယ် အရှင်”

သူ့မျက်နှာမှာ တဖြည်းဖြည်း ညှို့မှိုင်းသွားလေသည်။ မျက်ရည်များ မထိန်းနိုင်ဘဲ ကျနေကာ သူသည် ဦးခေါင်းကို ဖြေးလေးစွာ ပြန်၍ငုံ့သည်။

ကျုပ်မှာ စိတ်နှလုံး လွန်စွာ ထိခိုက်သွားမိပေသည်။ တောင်ကြားမှ ခုခံရမည် အလုပ်မှာ အသေခံ သက်သက် ဖြစ်၏။ ဤသူငယ် ကလေးအား ထိုအလုပ်မျိုး ကျုပ်မည်သို့ ပေးရက်ပါမည်နည်း။ ထိုကဲ့သို့ အလုပ်မျိုးကို သူမှတပါး ဆောင်ရွက်နိုင်သူလည်း ကျုပ်မမြင်တော့ပေ။ ဆောင်ရွက်ဝံ့သူလည်း မမြင်။ ဤကဲ့သို့ မပြုလုပ်လျှင် လည်း ကျုပ်တို့၌ လွတ်မြောက်ခွင့် ရရှိနိုင်တော့မည် မဟုတ်။

ဤတကြိမ်၌ကား ကျုပ်မှာ စစ်သည် အကြီးအကဲ တယောက်အတွက် အရေးအကြီးဆုံး အရည်အချင်းဖြစ်သည့် “တခဏအတွင်း ဆုံးဖြတ်နိုင်မှု” မရှိတော့ပြီ။ ကျုပ်သည် ဤသူငယ်ကလေး၏ ပခုံးကို ဆုပ်ကိုင်မွှေ့ယမ်းကာသာ နေမိသည်။ စကားကိုကား တလုံးသော်မျှ မပြောနိုင်တော့ပေ။

အရှင်ကိုယ်တိုင်လည်း ခေါင်းကိုငုံ့လိုက်ကာ ပြင်းစွာ စိတ်ထိခိုက်တော်မူသည်။

အတန်ကြာမှ သူ၏ ပခုံးကို ဖြေလွှတ်လိုက်၏။ သူသည် ချက်ခြင်း ခေါင်းပြန်မတ်လိုက်ကာ. . . . . “စိတ်ချပါအရှင်”ဟု လျှောက်တင်လိုက်ပြီး အလွန် သွက်လက်လျင်မြန်စွာ ပြေးထွက်သွားတော့သည်။

သူသည် သားရဲတိရိစ္ဆာန်ရိုင်း တကောင်ကဲ့သို့ အသွင်ပြောင်းလဲ သွားကာ သူ့မြင်းပေါ်သို့ ပြေးလွှား ခုန်တက်လိုက်သည်။

ဓားကို ဓားအိမ်မှ ချွတ်လိုက်ကာ မြင်းကို ဒုန်းစိုင်းစီးနေရင်း နေရောင်၌ တလက်လက် ဝှေ့ယမ်းနေသည်။ ထို့နောက် သူသည် ငြိမ်သက်နေသော တောင်မကြီးပေါ်၌ ဆူညံ ပွက်လောရိုက်သွားအောင် အော်ဟစ်ကာ သူ့လူများကို စုနေသည်။

သူ့အပေါ်၌ သံယောဇဉ်ရှိနေသူ သူ့လူများကား နေရာတကာမှ သူ့ထံသို့ ပြေးသွားနေကြသည်။

“တောင်ကြားထဲက ရန်သူကို ခံတိုက်မယ်။ တောင်ကြားထဲ လိုက်ရဲမယ့် လူတွေ ထွက်ဟေ့၊ သေလမ်းကို သွားမယ်။ အဝီစိရောက်အောင် သွားမယ်”

သူ့အသံသည် လူပေါင်းမြောက်မြားစွာ၏ စိတ်ဓာတ်တို့ကို နှိုးဆွပေးနေ၏။ ယခုအချိန်၌ စစ်သည်အပေါင်းသည် ရန်သူများကို နှစ်ကြိမ်တိုင်တိုင် ဖြိုခွင်းပြီးဖြစ်၍ သွေးဆူပွက် တက်ကြွနေ၏။

မကြာမီ၌ သူ့နောက်တွင် အသေခံရဲဘက်များ လေးငါးဆယ်မျှ စုမိပြီး သူတို့သည် သံကုန် ဟစ်အော်ကာ အရှေ့ဘက်သို့ ဆင်းပြေးသွားကြတော့သည်။

သူတို့သည် အရှေ့ဘက်သို့ မြင်းကို စိုင်းသွားပြီး တောင်ထိပ်မှရပ်ကာ မာန် တက်ကြွစွာဖြင့် အော်ဟစ်နေဆဲ ဖြစ်၏။

စစ်သည်များသည်လည်း သူတို့ကို လှမ်းမျှော်ကာ ငေးမောကြည့်နေ ကြလေသည်။

ကျုပ်မှာ ဤလူသတ်စစ်ပွဲကြီးများကို အော့နှလုံးနာ ရွံမုန်းနေသော်လည်း ကျုပ်တို့ဘက်က တရားသော စစ်ဖြစ်၏။ မတရား နိုင့်ထက်ကလူပြုမှုကို ခါချဉ်ကဲ့သို့ ခုခံခြင်းဖြစ်၏။ ဤစစ်ပွဲမျိုး၌ကား ကျုပ်တို့ တယောက်မကျန်သည့် တိုင်အောင် ရန်သူကို ခုခံရမည်။ ရန်သူ တယောက်မကျန်သည့် တိုင်အောင် တိုက်ခိုက်ရမည်။ လူသတ်မှုများ ဖြစ်သော်လည်း ထိုလူသတ်မှုကိုပင် ရက်စက်စွာ ပြုမူရမည်ဟု ကျုပ်သည် အံကြိတ်ကာ ဆုံးဖြတ်နေ၊ တွေးနေသည်။

ဤလူငယ်ကလေးမှာ ကျုပ်နှင့် သေတူရှင်ဖက်၊ ဒုက္ခရောက်ဖော် ရောက်ဖက် ဖြစ်၏။ တဦး၏ အသက်ကို တဦးက လူစားလဲကာ အသေခံဝံ့သော ရဲဘက် ရဲမက် ဖြစ်၏။ သူ့ကို ကျုပ် သဲသဲကွဲကွဲ မမြင်ရတော့ပေ။ သူလုပ်သည်မှာ မှန်သည်. . . ဟူ၍ ကျုပ်သိပါသော်လည်း စိတ်ကိုမူ ဖြေ၍ မရနိုင်တော့ပြီ။

မကြာမီ အရှင်သည် မြင်းကိုဖြည်းဖြည်း ဇက်သပ်ကာ ရပ်လိုက်ပြီး ဒက္ခဏာနှင့် အပေါင်းပါတို့ သွားရာဖက်သို့ လှမ်းမျှော် ကြည့်တော်မူသည်။
အတန်ကြာမှ. . . .
“သွားပါပြီ”
အရှင်သည် နှုတ်ခမ်းတော်ကို ဖိကိုက်ကာ စိတ်နှလုံး ထိခိုက်တော်မူစွာဖြင့် ညည်းတော်မူသည်။

“သွားပြီ. . . အရှင်”
“သူက အားလုံး လွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားတာဘဲ။ ကျွန်တော်များကို မြန်မြန်ထက်ထက်နဲ့ အရှေ့ဘက်ကို ဆုတ်ခွာသွားကြရုံဘဲ ကျန်ပါတော့တယ်။ အချိန်ဖြုန်းနေလို့ မရပါဘူး။ ဒက္ခဏာနဲ့ သူ့လူငါးဆယ်ဟာ ဒီတောင်ကြားက ခုနှစ်ရက်လောက် အထိ နောက်ဆုပ်မပေး၊ မဖွင့်ပေးဘဲ ခုခံထားပါလိမ့်မယ် အရှင်”

ထိုအချိန်တွင် တစုံတဦးက “ဟိုဘက် တောစပ်က မြင်းကြီး တကောင်ပြေးလာနေတယ်”ဟု အော်လိုက်လေသည်။

ကျုပ်သည် လျင်မြန်စွာ အရှေ့ကို ပြန်ကြည့်လိုက်သည်။

မြင်းကြီးတကောင်သည် တောစပ်ဘက်မှ ထွက်ပြေးလာပြီး တောင်မကြီးအခြေတွင် ကုတ်ကပ်တက်လာနေသည်။ တဖြည်းဖြည်းနှင့် အနီးကပ်လာ၏။

ထိုမြင်းကြီးမှာ မြင်းကြီးအာကာ ဖြစ်နေသည်ကို ကျုပ်သည် အဝေးကြီးမှ မြင်ပြီး သိနေရကာ ငေးမော ကြည့်နေမိသည်။

အာကာကို ရန်သူသိမ်းသွားခဲ့ပြီး ယခု သူသည် ကျုပ်ကို အဝေးကြီးမှ လှမ်းမြင်ကာ မှတ်မိပြီး ကျုပ်ထံသို့ လာနေသည်။

အာကာသည် ရန်သူ့မြင်းတပ်၌ ပါလာခြင်းဖြစ်မည်။ ယခု အတိုင်းဆိုလျှင် ရန်သူများ အရှေ့ဘက်သို့

ရောက်နေကြပြီကို ကျုပ်တွေးလိုက်မိကာ မျက်လုံးများ ပြာသွားလေသည်။ ရန်သူများ မည်သည့်နည်းဖြင့် အရှေ့ဘက်သို့ အရောက်သွားခဲ့သည်ကို မစဉ်းစား နိုင်တော့ပေ။ ကျုပ်မှာ စိတ်သောက ရောက်သွားမိပြီး . . .

"အာကာ"ဟု အော်လိုက်မိလေသည်။

စင်စစ်၌ အာကာကို ခေါ်လို၍ ခေါ်သည်မဟုတ်ဘဲ ကျုပ်မှာ လွတ်ပေါက်မမြင်တော့သဖြင့် အော်၍ ညည်းလိုက်သကဲ့သို့သာ ဖြစ်တော့သည်။

ယခုအတိုင်းဆိုလျှင် ကျုပ်တို့၌ ထွက်ပြေးလမ်း မရှိတော့ပြီ။ လွတ်မြောက်လမ်း မရှိတော့ပြီ။ မြော်လင့်ချက် မှန်သမျှသည် အခုပင် ထွက်ပြေးသွားကုန်ပြီ။ မြော်လင့်ချက် မှန်သမျှ ပျက်စီးကုန်လေပြီ။ ဤတောင်ထိပ်ပေါ်မှ ရန်သူများကို အသေခံ တိုက်နေရုံမှတပါး ဘာမျှ မရှိတော့။

ထို့ကြောင့် ကျုပ်သည် အဓိပ္ပာယ်မဲ့ အာကာကို အော်ခေါ်နေရင်း အသွား တဆတ်ဆတ်တုန်နေ၏။

အာကာကြီးအား ကျုပ်၏ အသံကိုကြားလျှင် ပို၍ လျင်မြန်စွာ တက်လာလေသည်။

"အို့ . . . ရန်သူတွေ အရှေ့ဘက်မှာ ရောက်နေပါပေါ့လား သူသ"

အရှင်သည် ကျုပ်နံဘေးမှ တုန်ယင်ချောက်ချားလှစွာ၊ အားငယ်စိတ် ထိခိုက်လှစွာဖြင့် ရေရွတ်တော်မူလေသည်။

ရန်သူ့ မြင်းတပ်များသည် တောင်ကြားဝသို့ ရောက်နေသည့် ဒက္ခဏာထံသို့ ပြေးထွက် လိုက်သွားနေကြလေပြီ။ သူတို့သည် ဒက္ခဏာ၏ ကျောဘက်မှ ရောက်နေသည်။ ဒက္ခဏာသည် တောင်ကြားဘက်သို့ ပြေးထွက်သွားပြီး တောင်ကြားဝမှ ရပ်တန့်လိုက်လေသည်။ ထိုနေရာ၌ မြင်းသည်တော်များနှင့် ခြေလျင် စစ်သည်တို့၏ တိုက်ပွဲကား စတင်ဖြစ်ပွားနေသည်။ ဒက္ခဏာနှင့် သူ့လူများသည် အပေါက်ဝမှ ပိတ်ဆို့တိုက်နေ၏။ တောင်ကြားဝ၌ ရန်သူများ ပိတ်ဆို့ ရပ်တန့်နေသည်။ ရန်သူများသည် ရှေ့သို့ မတိုးနိုင်တော့အောင် ဖြစ်နေလေသည်။

ကျုပ်တို့မှာ တိုက်ပွဲကို အဝေးမှ ငေးကြည့်နေကြကာ မမြင်ရက် မကြည့်ရက်တော့အောင် ဖြစ်နေသည်။

ထိုတိုက်ပွဲမှာ အချိန်ပေါင်းများစွာ ကုန်လွန်နေသည်။ တောင်ကြီး၏ အရှေ့ဘက်၌ မြင်းစစ်သည်ပေါင်းများစွာသည် ထင်ထင်ရှားရှား ထွက်၍ ရပ်ပြနေ၏။ ဒက္ခဏာ၏ တပ်ဖွဲ့မှ နောက်သို့ အိ၍ ဆုတ်ပေးနေသည်။

ထိုအချိန်၌ အနောက်ဘက်မှ ပါလ၏ လှမ်းအော်လိုက်သံ ကြားရလေသည်။

တောင်ကြား အနောက်ဘက်မှလည်း ရန်သူပေါင်းများစွာ စီတန်းပြီး ဝင်လာနေသည်။ ဒက္ခဏာ၏ တပ်ဖွဲ့သည် တောင်ကြား အလယ်သို့ရောက်အောင် ဆုတ်ခွာပေးလိုက်လေသည်။ တောင်ကြား၌ မမျှတသော တိုက်ပွဲကား ကြောက်ဖွယ်လိလိ ဖြစ်ပေါ်နေသည်။

ကျုပ်သည် တောင်ဘက်မျက်နှာသို့ ပြေးသွားကာ ပါလနံဘေးမှ နေပြီး တိုက်ပွဲကို ငုံ့ကြည့်လေသည်။

ယခု အခါ၌ကား သူရဲကောင်း ဒက္ခဏာနှင့် ရဲမက်အပေါင်းတို့၏ တန်ဖိုးရှိလှသော အသက်များ ဆုံးရှုံးနေကြရလေပြီ။ ကျုပ်က ဤသူရဲကောင်း အပေါင်းကို အဓိပ္ပာယ်မဲ့ သတ်ပစ်နေသကဲ့သို့ ဖြစ်နေပေပြီ။ လူအများစု

အတွက်ဟု ဒက္ခဏာ အသေခံသော်လည်း၊ ယခုကား အလဟဿ ဖြစ်ရချေပြီ။ သူတို့ကို တောင်ကြားထည်း၌ ရန်သူများ နှစ်ဖက်ပိညှပ်ကာ တိုက်နေပေပြီ။ သူတို့ကား အင်အား မမျှတစွာဖြင့် အသက်အသေခံကာ တိုက်ခိုက်နေကြလေပြီ။

"ဒက္ခဏာတော့ ဒီတခါတော့ သွားပါဘီ မြို့စား ကျွန်တော်တို့ကို ခွဲသွားပါဘီ" ပါလသည် စိတ်ထိခိုက်စွာဖြင့် ပြောနေသည်။

တချက်တချက် တောင်ခိုးများ ပိတ်ဆီးသောအခါ တိုက်ပွဲကို မတွေ့ရတော့ပေ။

"နှစ်ဖက် ဝိုင်းနေတာဘဲ မြို့စား ဟိုမယ် ကြည့်စမ်းပါ၊ ဟို ကျောက်တုံးပေါ်က ရပ်ပီး တက်လာတဲ့ လူတွေ ခုတ်ချနေတာ ဒက္ခဏာမဟုတ်လား၊ ဟုတ်ပါတယ် မြို့စား ဒက္ခဏာပါ။ သူ့ကို ကျွန်တော် ဘယ်လောက်ဝေးဝေး မှတ်မိတယ်။ ဟော တယောက်ကို ခုတ်ချလိုက်ပြန်ဘီ။ တယောက်၊ နောက်တယောက်"

ပါလ၏ ပါးစပ်မှ ကျောက်စွန်းနှင့် ကပ်နေသဖြင့် သူ့စကားသံသည် မသဲမကွဲ ဖြစ်နေ၏။ သူ့မျက်လုံး အိမ်တွင် မျက်ရည်များ ပြည့်လာသည်ကို ကျုပ်မြင်နေသည်။ ထိုမျက်ရည်များမှာ ကျောက်တုံးများပေါ်သို့ ကြွေကျသွားနေသည်။

သူငိုနေပြီ။ မည်သူမျှ မသိအောင် ဝမ်းနည်းလှစွာ ငိုနေသည်။

"ဒါ သူ့တသက်နဲ့ ရန်သူငါးရာကို လဲတာဘဲမြို့စား လဲတာဘဲမြို့စား အခုကြည့် ရန်သူ ငါးရာကျော်မယ်၊ ကျသွားတဲ့ ရန်သူလဲမနဲဘူး၊ ကျွန်တော် အားလုံးကို သတ်ရမှာဘဲ၊ မတရားကို သတ်ရမှာဘဲ။ ကျွန်တော့် သွေးသောက်ကြီးကို ကျွန်တော် ဘယ်လောက် သံယောဇဉ် ကြီးသလဲ မြို့စားသိလား။ ဒါပေမယ့် သူ့ကိုရော ကျွန်တော် သတ်ရတော့မှာဘဲ မြို့စားရေ၊ ဒက္ခဏာနှယ်ကွာ မင်းနဲ့ ငါနဲ့ ကြုံမှ ကြုံရတယ်။ မင်းနဲ့ ငါနဲ့ ကြုံမှ ကြုံရတယ်"

ထို့နောက် ပါလ၏ အမိန့်ပေး အော်ဟစ်လိုက်သံမှာ တောင်တခုလုံးကို ပဲ့တင်ရိုက် ဟိန်းသွားလေသည်။

"တောင်ကြား ကျောက်မောင်းတွေ အားလုံး ဖြုတ်ချလိုက်"

ထို့နောက် အသံကြီးများသည် တောအပေါင်း တောင်အပေါင်းတွင် ပဲ့တင်ထပ် မြည်ဟိန်းသွားလေသည်။ ကျောက်မောင်း များအားလုံး ပြိုကျသွား၏။ ကျောက်တုံးများသည် ဆူညံလှသော အသံကြီးများ ဖြစ်ပေါ်လျှက် ဖုံလုံကြီးများ ကောင်းကင်သို့ တက်လာနေသည်။ ညည်းသံ၊ အော်သံ၊ ငိုသံ၊ ဟည်သံ၊ တမ်းတသံ ကျောက်တုံးချင်း ရိုက်ခတ်သံ။

အတန်ကြာမှ အသံများ ငြိမ်သက် လာလေသည်။ မသေ ကျန်ရစ်သူများသည် ကဲ့ရဲ၍ ထနေ၏။ ပါလသည် ငေး၍ ငုံ့ပြီး ကြည့်နေသည်။

"ဘယ်နည်းနဲ့မှ ဒက္ခဏာ သေမှာမဟုတ်ပါဘူးမြို့စား သူလွန်အုံးမှာပါဘဲ"ဟု ပါလကား တတွတ်တွတ် ရေရွတ်နေသည်။

(၃၉)

ဒက္ခဏာ၏ တောင်ကြားတိုက်ပွဲ ပြီးဆုံးသွားပြီးနောက် နှစ်ရက်တိုင်တိုင် ရန်သူများ၏ အရိပ်အခြည်မျှပင် မမြင်ရတော့ပေ။

ရန်သူများကား ကျုပ်တို့ကား မတိုက်ရဲတော့ပြီဟုပင် တွေးနေရလေပြီ။ ဤမျှ အင်အားများပြားသော ရန်သူများသည် ဤကဲ့သို့ တိုက်ပွဲကလေးနှစ်ခု ရှုံးနိမ့်ရုံဖြင့်တပ်ပြန်ရုပ်သိမ်းသွားပြီ ဟူ၍ကား မထင်နိုင်ပေ။ သူတို့သည် မတိုက်တော့ဘဲ နှစ်ရှည်လများ ဝိုင်းဝန်းပိတ်ဆို့ ထားလိမ့်မည်ဟု ကျုပ်တို့ တွက်လာရပေပြီ။ စားနပ်ရိက္ခာ အတွက်နှင့်ပင် ကျုပ်တို့ အရှုံးပေးလိုက်ရလိမ့်မည်။

ကျုပ်တို့၏ စစ်သည်များမှာမူ အောင်ပွဲများကြောင့် သွေးဆူ တက်ကြွနေသည်။ ယခုအခြေအနေမှ ကျုပ်တို့က ရန်သူများကို ဖွတ်တိုက်ခိုက်ပြီး ဖောက်ထွက် သွားသင့်သည်ဟု ထင်သည်။

သို့သော် ဤကိစ္စမှ မတင်မကျသာလျှင် ဖြစ်နေသည်။ ကျုပ်တို့၏ ဤခံတပ်ကို စွန့်ပစ်မသွားနိုင်ပေ။ ဤခံတပ်ကြောင့် ကျုပ်တို့၏ အင်အားတဆမှာ ရန်သူရှစ်ဆနှင့် မျှတနေသည်ဟု တွက်ဆရသည်။ ထို့ကြောင့် ကျုပ်တို့ အောင်ပွဲဆင်ရန်မှာ ရန်သူများက ရက်ပိုင်းအတွင်း၌ ဝင်ရောက်တိုက်ခိုက်လျှင် ဖြစ်နိုင်ပေသည်။

တတိယနေ့ နေ့လည်ခင်းဖက်၌ကား ၄က်ကြီးတောင် မျှော်ကြည့်စင် တာဝန်ကျ၏ ခရုသင်းမှုတ်သံ ထွက်ပေါ်လာတော့သည်။

ဤအသံကို မြှော်လင့်နေကြသော စစ်သည်ရဲမက် အပေါင်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

အရှေ့ဖက်သား အကြီးအကဲ တယောက်မှာမူ ဗိဿနိုးမှ လာရောက်မည့် စစ်ကူကို မြှော်လင့်နေရှာသဖြင့် ဤခရုသင်းသံ ကြားသောအခါ မျက်စိမျက်နှာ ပျက်သွားသည်။

ထိုအချိန်၌ ကျုပ်ရော ပါလပါ ၄က်ကြီးတောင်၏ အနီးအပါး၌ ရှိနေသဖြင့် ခရုသင်းသံ မဆုံးမီ၌ ဦးခေါင်း မျှော်စင်ပေါ်သို့ တက်ကြလေသည်။

ကျုပ်၊ ပါလနှင့် မျှော်စင်ကြည့် တာဝန်ကျတို့သည် ၄က်ဦးခေါင်း၌ ယှဉ်၍ ရပ်နေမိကြလေသည်။

စောင့်ကြည့် တာဝန်ကျက "ဟိုမှာ. . "ဟု တိုးတိုးပြောကာ ၄က်ကြီးတောင်၏ မြောက်ဖက်တောင်ကြားသို့ လက်ညှိုး ညွှန်ပြသည်။

သူပြရာ၌ ကန့်လန့်ဖြတ်နေသော ကျောက်ချပ်ကြီးကိုသာ မြင်ရလေသည်။ အတန်ကြာမှ မြူများ ကွယ်ရှင်းသွားချိန်တွင် ကျောက်ချပ်ကြီး၏ အနောက်ဖက်မှ သစ်ပင်အုပ်အုပ်များ ကြားထည်းတွင် မဲမဲလှုပ်လှုပ် သတ္တဝါကြီးများကို မြင်ရလေသည်။ ရန်သူ့တပ် အပေါင်းသည် ထိုနေရာမှ တိတ်တဆိတ် အရှေ့ဖက်သို့ ကူးသန်းနေကြ၏။ ထိုသတ္တဝါများမှာ ရန်သူ့ ဆင်တပ်ကြီးများ ဖြစ်လေသည်။ သူတို့သည် ကျောက်ချပ်ကြီးနံဘေး၌ ပျောက်ကွယ်နေသည်။

ဤဥမင်လိုဏ်ကို ကျုပ်တို့သည် သတိမထားမိခဲ့ကြပေ။ ဥမင်လိုဏ်ဝ၌ သစ်ပင်များ အုပ်ဆိုင်းနေသဖြင့် မသိခဲ့ရခြင်း ဖြစ်၏။ ထိုဥမင်ကို ရန်သူများ တွေ့သွားခဲ့ကြလေပြီ။ သဘာဝသည် သူတို့ဘက်မှ တိုက်ပွဲဝင်ပေးလျက် ရှိနေသည်။

"သဘာဝတရားကိုက ဘက်လိုက်တာဘဲ"

ကျုပ်မှာ ညည်းညူမိတော့သည်။

"မဟုတ်ဖူး မြို့စားမင်း၊ ကျွန်တော် စစ်သည် မပီသတာ၊ ကျွန်တော် ဒီမှာ ကျန်ခဲ့တာ၊ ဒါကို သိထားသင့်တယ်. . . "

"မဟုတ်ဖူး ပါလ. . . ဆင်တွေ၊ မြင်းတွေ ဖြတ်သွားတဲ့ လိုဏ်ကြီးတခု ရှိတယ်လို့ ဘယ်သူထင်မလဲ။ ပီးတော့. . ဟိုဘက် သစ်တောအုပ်က ကွယ်ထားတယ်။ သူတို့ ကံအားလျော်စွာ သွားတွေ့တာဘဲ. . . "

"သူတို့ ဒီညတိုက်မယ်လို့ . . . မြို့စားထင်သလား"

"မတိုက်ပါဘူး၊ သူတို့ မတက်ရဲတော့ပါဘူး။ တက်လာသမျှလည်း အကုန်သေမှာဘဲ။ သူတို့ ဒါလောက် မိုက်ကြမှာ မဟုတ်ဖူး။ သူတို့ ဒို့ကို ဝိုင်းထားပြီး အလိုလို အနိုင်ယူမှာဘဲ။ ဒို့ ရိက္ခာအတွက် ဒုက္ခရောက်နိုင်တယ်။ ဒါပေမယ့် အကြံဉာဏ်တခုခုတော့ ပေါ်အုံးမှာပေ့ါ ပါလ။ ဒါပေမယ့် သူတို့တိုက်ဖို့ လုံးလုံး မကြိုးစားတာ နှစ်ရက်တိတိ ရှိပါဘီ။ တိုက်ဖို့ မရည်ရွယ်ကြတော့တာ သေချာပါတယ်"

"ဒါပေမယ့် ကျွန်တော်တော့ အဲဒီလိုမထင်ဘူး"ဟု ပါလသည် တိုးတိုးပြောပြီး၊ သူသည် ငှက်ဦးခေါင်းပေါ်မှ ဆင်းသက်ကာ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

ဖြတ်သန်းသွားနေသော ရန်သူ့ ဆင်တပ်များကို ကြည့်နေရင်း လွတ်လမ်းကို တွေးမရနိုင်တော့အောင် ဖြစ်နေ၏။ လွတ်မြောက်လမ်း တခုခုကား တွေ့မှ ဖြစ်မည်။

ရန်သူများကို ဖွတ်ဝင်တိုက်ပြီး ထွက်ပြေးသွားလျှင်ကော. . .။

မြေလျှိုးမိုးပျံ၍ သွားနိုင်လျှင် မည်မျှ ကောင်းမည်နည်း။ ညအချိန်၌ မြောက်ဘက် တောင်မကြီးသို့ ခုန်ကူး ပြေးနိုင်လျှင် မည်မျှကောင်းလိုက် ပါမည်နည်း။ တောင်မကြီးသို့ ခုန်ကူးပြေးနိုင်လျှင် မည်မျှ ကောင်းလိုက် ပါမည်နည်း ဟု တွေးမိသေးသည်။

မြောက်ဘက်တောင်နှင့် တောင်ဘက်တောင်မှာ အတောင်ပေါင်း တရာကျော်ကျော် ဝေးလျှက် ကမ်းပါး ချောက်ကြီးသည် မတ်စောက်၍ နေပေသည်။

ကျုပ်သည် ကြံရာမရနိုင်အောင် ဖြစ်နေကာ တယောက်တည်း အေးဆေးစွာ ကြံစည်လိုသဖြင့် အမြီးဘက်သို့ လျှောက်လာခဲ့သည်။ အမြီးပိုင်းသည် မှောင်နေသော မြူထုကြီးထည်း ထိုးဖောက်ကာ တဖက်တောင်ရှိရာသို့ လှည့်နေသည်။ အမြီးပိုင်းမှာ အောက်ဖက် တောင်သားများနှင့် ကင်းပြီး အစွန်းထွက်နေသည်။

ကျုပ်လည်း ငှက်၏အမြီးဖျား မြူထုအတွင်း၌ ရပ်နေရင်း ကျုပ်တို့၌ လွတ်မြောက်လမ်းဟူ၍ အလျှင်း မရှိတော့သည်ကိုသာ တွေးနေမိပေသည်။

ကျုပ်မှာ ကိစ္စတခုကို ကြံစည်ရာ၌ စိတ်ပျက်က မှိုင်တွေနေတတ်သူကား မဟုတ်ပေ။ ရန်သူဝိုင်းထားသော ဗိသနိုး မြို့တော်ကြီးမှပင် လွတ်မြောက်ထွက်လာ နိုင်ခဲ့သေးသည်ကို ပြန်၍ သုံးသပ်ကာ ကျုပ်တို့၌ ထွက်ပေါက် တခုခုကား ရှိနေသေးသည် ဟူ၍သာ ယုံကြည်နေသည်။

ကျုပ်၏ ကိုယ်ကို မြူများတိုးဝှေ့နေကာ တခါတရံ၌ ကျုပ်မှာ မြူများအကြား၌ ရောက်နေသည်။

ဤနေရာကလေး၌ ခဏ ရပ်တန့်နေရသည်မှ ရုပ်၊ ဝိညာဉ် မရှိသော စိတ်ကမ္ဘာထည်း၌ နေရဘိသကဲ့သို့ ငြိမ်းချမ်းနေရကာ တိုက်ပွဲ အပေါင်းမှ လွတ်မြောက်နေတော့သည်။

ကျုပ်ရှေ့မှ မြူများ ရှင်းလင်းသွားသောအခါများ၌ ချောက်ကြီးကိုကျော်ကာ တဖက်တောင်မှ သည်ဘက်သို့ ထွက်နေသော အစွန်းကို မြင်နေရသည်။

ထိုအစွန်းမှာ ကျုပ်ရပ်နေရာနှင့် အတောင်သုံးဆယ်မျှသာ ကွာမည်ဖြစ်သဖြင့် ဤဘက်မှ တံတားခင်းပြီး ညအခါ၌ တိတ်တဆိတ် ထွက်ပြေးသွားနိုင်သည်ကို တွေးမိလိုက်ပြီး ကျုပ်မှာ အတိုင်းအဆမရှိ မြှော်လင့်ချက် ကြီးမားစွာဖြင့် ဝမ်းမြောက်သွားမိပေသည်။

ယနေ့ညတွင်ပင် တိတ်တဆိတ် ထွက်ပြေးသွားရန် ဆုံးဖြတ်မိကာ နောက်ဖက်သို့ ပြန်လှည့်လိုက်လေသည်။

ထိုအချိန်တွင် ငှက်ကြီး၏ ကျောရိုးအတိုင်း အမြီးဘက်သို့ အရှင်မ လျှောက်လာနေသည်။

ကျုပ်မှာ မယုံကြည်အောင် အံ့အားသင့်ကာ ငေးမောနေမိတော့သည်။

အရှင်သည် မြူနှင်းတိမ်တိုက်များအကြားမှ ပေါ်ထွက်လာသော အလှနတ်သမီး တပါးကဲ့သို့ ဖြစ်လေသည်။

အရှင်သည် ဤနေရာသို့ လာရောက်ရပါလျှင် တောင်ပေါ်တက်သည့်နေ့က လမ်းခုလတ် အမြင့်ကလေးတွင်ပင် မူးမိုက် လဲကျသွားအောင် ဖြစ်ခဲ့ရသေးသည်။

ခဏတွင်ပင် ကျုပ်မှာ ဤအခြင်းအရာအပေါင်းကို အမှန်အတိုင်း မြင်တွေ့ရလေသည်။ အရှင်ကား ကြောက်ရွံ့ဟန်ဖြင့် ကျုပ်၏ ရင်ခွင်အတွင်းသို့ လှဲချခဲ့ခြင်းသာ ဖြစ်ပေမည်။ ကျုပ် ချစ်မေတ္တာကို ဖွင့်ဟစဉ်က အရှင် ကျခဲ့သော မျက်ရည်တို့မှာ မိန်းမသူတို့၏ ချစ်ခြင်းမေတ္တာကို တိုင်းတာ ပြခဲ့ခြင်းသာ ဖြစ်ပေမည်။

ထိုသို့တွေးတောမိလျှင် ကျုပ်၏ ရင်ထည်း၌ ပြင်းထန်လှစွာဖြင့် လှုပ်ရှားနေမိကာ အစစအရာရာကို မေ့လျော့သွားလေသည်။ အရှင်၏ နောက်တော်ပါးတွင် အထိန်းတော်ကြီးပင် မပါရှိခဲ့။ အထိန်းတော်ကြီးကား ဤဘက်သို့ လိုက်ပါ မမှုဝံ့ဟန် ရှိသည်။

ဤနေရာ၌ ကျုပ်နှင့် အရှင် နှစ်ဦးသာ ရှိသည်ကို တွေးမိပြီး ကျုပ်၏ စိတ်လှုပ်ရှားမှုမှာ ပို၍ ပြင်းထန်လာနေသည်။ ကျုပ်သည် ပြန်လှည့်ပြီး လျှောက်သွားကာ အရှင့်ရှေ့မှောက် သုံးတောင် အကွာတွင် ရပ်တန့်သည်။ အရှင်၏ မျက်နှာတော်ကို စူးစိုက်ငေးကြည့်ကာ မလှုပ်မရှား ငြိမ်သက်နေမိသည်။

“သည်နေရာဟာ တကယ့်ကို အသဲအေးဘို့ ကောင်းတာဘဲ သျှိဝမြို့စားလေး လေများ တဝှီးဝှီး တိုက်ခတ်နေတယ်”

အရှင်၏ ချိုအေးလှသော အသံမှာ တမျိုးဖြစ်နေသည်။ တုန်ယင်ယင် ဖြစ်နေကာ ဒွေးဒွေးထွေးထွေး ဖြစ်နေသည်။ မေတ္တာ၏ အရိပ်အဟုန်များ ပျံ့လွင့်နေတော့သည်။

အရှင့်၏ မျက်နှာတော်ပေါ်တွင် မထင်ရှားသော၊ မပီသသော၊ လှပလွန်းသော အပြုံးများ လန်းဆန်းနေသည်။ ရယ်မောယောင် ဖြစ်နေသော အရှင့် နှုတ်ခမ်းတော်တို့မှာ နီးစွေးနေသည်။ မျက်တောင်တို့သည် စင်းကျနေ၏။ ခုံးမို့နေသော ပါးပြင်ထက်ဝယ် သွေးများ နီရဲနေသည်။

မြူနှင်းများကို ဖောက်လာသည့် နေခြည်များသည် အရှင့်ပါးပြင်ထက်၌ ခစားနေသည်။

ကျုပ်ကား စကားမပြော၊ ငေးမောမြဲ ငေးမောနေကား . . . မျက်တောင်မခတ်၊ အသက်မရှူ ရင်ထည်း၌ ချစ်စိတ်များ ပေါက်ဖွားနေသည်။ အာရုံစိတ်တို့မှာ ရင်တခုလုံးကို ပူနွေးစေသည်။

အတန်ကြာမှပင် ကျုပ်သည် ရှေ့ဘက်သို့ လှမ်းရွေ့တိုးလိုက်ပြီး အရှင်နှင့် နှစ်တောက်မျှအကွာ၌ တဖန် ရပ်တန့်သည်။ ကျုပ်သည် လေနောက် လွင့်ပါနေသော ပုဝါစကို လှမ်း၍ ဆုပ်လိုက်လေသည်။

အရှင့် မျက်နှာတော်မှာ အပြုံးများကား လွင့်ပြေးသွားပြီး ပါးပြင်ထက် ရက်သွေးများ ပို၍ လျှမ်းတက်လာ၊ နှုတ်ခမ်းများ တုန်ယင်လှုပ်ရှားလာ၍ အရှင်သည် နောက်ဖက်သို့ ဆုတ်ခွာနေ၏။ ကျုပ်လည်း ပုဝါစကို ဆွဲထားပြီး နှစ်ခြိုက်ပျော်ရွှင်စွာ ရယ်လိုက်မိလျက်၊ ထိုရယ်သံသည် ဤင္ဂက်၏ အမြီးဖျားထက်ဝယ် အချစ်တေး ဂီတတပုဒ် ဖြစ်နေသည်။

မြူနှင်းတို့သည် ကန့်လန့်ကာများအဖြစ် ဘေးပတ်ဝန်းကျင်နှင့် ခြားပေးထားသည်။ သတ္တလောကနှင့် အဆက်အသွယ် ကင်းပြတ်နေ၏။

"ကျွန်တော်တို့မှာ မြော်လင့်ချက်တခု ရှိပါတယ် အရှင်။ ကျွန်တော် အရှေ့ဘက်သားတွေ ရှေ့မှာ ဥပါယ်တမျဉ်နဲ့ ဗိဿနိုးကို အကြောင်းကြားဖို့ လွှတ်လိုက်လို့သွားတဲ့ စစ်သည်တော်နှစ်ဦးဟာ ထုံထုံထိုင်းထိုင်းများ မဟုတ်ကြပါဘူး။ သူတို့ အဓိပ္ပာယ်မဲ့ မြင်းလျှောက်စီး နေကြမှာတော့ မဟုတ်ပါဘူး။ အရှေ့ဘက် ဒေသတွေကို သွားပီး လူသူစုရုံးနိုင်တဲ့ အရည်အချင်းရှိကြတဲ့ လူတွေပါဘဲ အရှင်။ ပီးတော့ ဗိဿနိုးကိုပြန်ပီး အရှင့် သစ္စာတော်ခံ များကိုလည်း ပြန်လည် စည်းရုံးနိုင်ကြမယ့် လူတွေပါဘဲ။ သူတို့ မကြာခင် စစ်သည် တပ်မကြီးတွေ စုဆောင်းပီ ရန်သူများ အပြင်က ရန်သူများကို ပတ်ဝိုင်းထားမှာ မဟုတ်ဖူးလို့ ပြောမရပါဘူး။ အရှင့် တန်ခိုးတော်နဲ့ ဘာမဆို မဖြစ်နိုင်တာ မရှိပါဘူး အရှင်. . ."

"အဲတာထက် ပိုသေချာတာ တခုက ကျွန်တော်များ ဒီနေ့ည ဒီတောင်ကို စွန့်ပြေးကြဖို့ပါဘဲ အရှင်။ ရန်သူ ပတ်လည်ဝိုင်းဆို့ထားတဲ့ ဗိဿနိုးမြို့ကြီးကတောင် ကျွန်တော်များ လွတ်အောင်၊ ရန်သူ မသိနိုင်အောင် ရှောင်တိမ်းလာနိုင် ခဲ့သေးတာဘဲ။ ဟောဒီ ငှက်အမြီးစွန်းနဲ့ ဟိုဘက်တောင်က စွန်းထွက်နေတဲ့ ကမူစွန်းဟာ အတောင်သုံးဆယ်ဘဲ ဝေးပါတယ်။ ကျွန်တော်များ ကုက္ကိုတံတား ဖြတ်ခင်းလို့ ရပါတယ် အရှင်။ အခု ကတည်းက ကုက္ကိုပင်တွေလှဲပီး ဒီနေရာကို သယ်ထားမယ်။ ညဘက်ကျမှ တံတားခင်းပီး ရှောင်တိမ်းသွားမယ်။ လူအား အင်အားနဲ့ လုပ်ရင် မဖြစ်နိုင်တာ ဘာမှ မရှိပါဘူး အရှင်. . . ."

"မြောက်ဘက် မြင်းမဏိတောင်ရိုးအတိုင်း ရန်သူများ မရိပ်မိဘဲ တိမ်းရှောင်သွားမယ်။ ရန်သူများ ဒီဘက် တောင်မကြီးကို တမော့်မော့်နဲ့ ရက်ပေါင်းများစွာ ဝန်းရံထားမယ်။ အရှေ့ဘက်မယ် အရှင်မြို့ပြ တည်ထောင်တော် မူပါ။ ခွန်အား အသစ်မွေးတော်မူပါ။ မဖြစ်နိုင်တာဆိုလို့ တခုမှ မရှိပါဘူး။ ရေးရေးဝါးဝါး ကလေးတောင် မရှိပါဘူး အရှင်. . . ."

"ဒါကြောင့် ဖြစ်နိုင်တာတွေချည်းပါဘဲ၊ ဥပမာ အရှင် အရှင်ကို ကျွန်တော် ချစ်လွန်းမက ချစ်မိ မေတ္တာထားနေမိ

http://cyberbooks.myanmarchat.org


ပါတယ်။ ဒါပေမယ့် စိတ်ကို ထိန်းချုပ်လွန်းမက ထိန်းချုပ်နေခဲ့ရပီး စိတ်ပင်ပန်း ဆင်းရဲလွန်းမက ဆင်းရဲနေခဲ့ရဘူးပါတယ်။ အခုတော့ အရှင်. . . သည်နေရာမှာ အရှင်နဲ့ ကျွန်တော် နှစ်ဦးသာဘဲ ရှိနေပါတယ်။ လူများနဲ့လဲ အဆက်ပြတ် နေပါတယ်။ အရှင်နဲ့ ကျွန်တော်နဲ့ နှစ်ဦးသား မြူခိုးတွေကြားထဲ ရောက်နေပါတယ်။ ကျွန်တော်များကြားမှာ အဖန်ဖန် အလီလီခြားခဲ့တဲ့ ဂုဏ်ဒြပ် ဆိုတာတွေနဲ့လဲ အဆက်ပြတ်နေပါတယ်။ အခု သည်နေရမှာ အရှင်ဟာ ဘုရင်မတပါး မဟုတ်တော့ပါဘူး။ ကျွန်တော်တို့ဟာ ချစ်သူနှစ်ဦး ဖြစ်နေကြဘီ မဟုတ်ပါလား အရှင်. . .။ အရံ အတားအဆီးများကို ရိုက်ချိုးဖျက်ဆီးပီး တဦးရှိရာကိုတဦး ပြေးလာနေကြတဲ့ ချစ်သူနှစ်ဦး မဟုတ်ပါလား အရှင်။ အရှင်နဲ့ ကျွန်တော် ကွာလှမ်းလှတဲ့ ကြားမှာတောင် မေတ္တာနဲ့ တံတား ဖြတ်ခင်းထားလို့ ရသေးရင် ဟိုဘက်တောင်စွန်းနဲ့ ဒီဘက်တောင်စွန်းကို ဘာပြုလို့ တံတားခင်းလို့ မရဘဲ နေရတော့မှာလဲ အရှင်”

ကျုပ်သည် ထိုစကားများကို သွက်လက်စွာ ပြောနေမိပြီး ရယ်မောမိပြန်သည်။

အရှင်၏ ပေါ့ပါးလှသော ကိုယ်ကလေးကို ပွေ့မြှောက် မချီလိုက်သည်။ သေးသိမ်သော ခါးကလေးကို ဖျစ်ညှစ်ထားလိုက်၏။ ဆံနုကလေးများ ရစ်ဝဲနေသည့် နဖူးတော်ကို အကြိမ်ကြိမ် နမ်းနေသည်။ နွေးနေသော မို့ဖောင်းနူးညံ့နေသော ပါးတို့ကို အကြိမ်ကြိမ် နမ်းနေသည်။ အရှင်၏ နွေးပူသော နှုတ်ခမ်းသားများနှင့် ပါးကို အကြိမ်ကြိမ် ကပ်မိသည်။

အရှင်သည် လက်တွင်းမှ ရုန်းကန်နေသည်။ တကိုယ်လုံးမှာ အဆတ်ဆတ် တုန်ယင်နေသည်။ အသက်ပြင်းရှူနေသည်။ ရင်များ ပြင်းစွာခုန်နေသည်။ အသားတို့မှာ ပို၍ ပူနွေးနေသည်။ အသက်ရှူငွေ့တို့သည် ကျုပ်၏ ပါးပြင်ကို တိုးဝှေ့နေသည်။ မျက်နှာတော် တပြင်လုံးမှာ ဖိတ်လျှံမျှ ရဲရဲနီထွေး နေသည်။

ထို့နောက် မျက်လုံးတော်တို့မှ မျက်ရည်များ ဖိတ်ကျ လာပြန်လေသည်။

ထိုမျက်ရည်များသည် ကျုပ်၏ ပါးပြင် လည်ပင်းတို့၌ ရွှဲနစ်နေ၏။

အရှင်၏ ကျောပြင်မှာ ငိုကြွေးနေသဖြင့် သိမ့်သိမ့် ခါနေသည်။

ယခု အခါ၌ကား အရှင်၏ ငိုရှိုက်သံကို ပီတိလွှမ်းသံအဖြစ် မိမိသည် သိနေ၏။

ငိုရှိုက်သံသည် သာယာသော တေးသံ၊ စောင်းညင်းသံ ဖြစ်နေပါပြီ။

ကျုပ်လည်း ကြည်နူးလှစွာ၊ နှစ်ခြိုက်လှစွာ ထပ်ပြန်တလဲလဲ ရယ်မောနေသည်။

ဤအသံများကို မြူခိုးများသည် စကြဝဠာအနှံ့သို့ သယ်ဆောင်ယူသွားလျှက် ရှိနေသည်။

http://cyberbooks.myanmarchat.org


(၄၀)

ဤအချိန်၌ပင် "ရန်သူ ရန်သူ" ဟူသည့် အချက်ပေး ခရုသင်းသံများ နေရာအနှံ့မှ အဆက်မပြတ် ထွက်ပေါ် လာလေတော့သည်။

ရန်သူများကား ချက်ခြင်းပင် ကျုပ်တို့ကို တိုက်ခိုက်တော့မည်။ ယနေ့တညပင် မဆိုင်းတော့ပြီ။ ဝိုင်းရံပြီး လုပ်ကြံမှုကို မပြုတော့ပြီ။ ဤအချက်ပေး ခရုသင်းသံများကား မစဲတော့ပြီ။

ကျုပ်သည် အရှင့်ကိုယ်အား ကျောက်သားပြင်ပေါ်သို့ ဖြည်းညင်းစွာ ပြန်ချလိုက်ကာ စိတ်နှလုံးထိခိုက်လှစွာဖြင့် ကျောက်ရုပ်၊ ကျောက်သား ပကတိကဲ့သို့ ငိုင်နေမိသည်။ အစောကပင် တည်ဆောက်ခဲ့သော စိတ်ကူးယဉ်မှု မြှော်လင့်ခဲ့ရမှုများမှာ လျှပ်တပြက်မျှ အချိန်အတွင်း၌ ပျောက်ကွယ်ကာ. . . . ကျုပ်တို့လည်း စစ်ကမ္ဘာသို့ ပြန်ရောက်လာသည်။

အရှင်သည်လည်း ကျုပ်၏ရှေ့၌ ရပ်နေလျက် ရုတ်တရက် မျက်နှာသွေးဆုတ် ဖြူယော်သွားသည်။ အရှင်သည် အသား တဆတ်ဆတ်တုန်နေ၍ မျက်လုံးများ မှိတ်ထားလေသည်။

"ကျွန်တော်တို့ အဆုံးသတ်ကြရဘီ ထင်ပါတယ် အရှင်"ဟု ကျုပ်က ရေရွတ်နေသည်။

နှလုံးသားများ ကွဲစိတ်ကြေမွကုန်ပြီလား ထင်သည်။

ကျုပ်သည် အရှင့်လက်ကို ပြန်၍ ဆွဲဆုပ်လိုက်၏။ ပူနွေးနေသော လက်ချောင်းကလေးများကို ကိုက်ငုံလိုက်၏။

"ဒီအတိုင်းဆိုရင် သေတဲ့တိုင်အောင် တိုက်ကြရုံပါဘဲ အရှင် ဒီတခါတော့ ဝေးကြဘီ ထင်ပါတယ်။ အခု အရှင့် မျက်နှာကို ဖူးမျှော်ရတာ နောက်ဆုံးဘဲ ထင်ပါတယ်။ အရှင် ကျွန်တော့် အပေါ်မယ် မေတ္တာတော် ပြန်ထားတယ်လို့ နှုတ်ဟ မိန့်မြွက်တော် မမူနိုင်ဘူးလား၊ ကျွန်တော် ကြားသွားချင်ပါတယ်။ အရှင့် မိန့်မြွက်သံကို ကြားသွားလိုပါတယ်။ ခွင့်သနားပီး မိန့်မြွက်တော်မူပါအရှင်"

ကျုပ်မှာ အရှင့် ပခုံးကို ကိုင်လှုပ်နေမိသည်။

ထိုစကားသံကို ကြားချင်စမ်းပါဘိ။ ဤတကြိမ်မှာ နောက်ဆုံး အကြိမ်ဖြစ်၏။ အရှင်၏ နှုတ်မှ ထိုစကား မြွက်ဟသံကို နောက်တကြိမ်ကြားခွင့် ရနိုင်တော့မည် မဟုတ်။ အရှင်သည်ကား မလှုပ်ရှား။ နှုတ်ခမ်းကို ပြတ်ထွက်တော့မည့်အတိုင်း ကိုက်ထား၏။ အရှင့်ကိုယ်မှာ ကျောက်ရုပ် ကျောက်သား ပကတိ အေးစက်သွားသည်။ မျက်နှာပေါ်၌ သွေးအလျှင်း မရှိတော့။

"ရန်သူလာပြီ" ခရုသင်းသံသည် မပျောက်ပျက်သေး။

အရှင့်ထံမှ ထိုစကား မိန့်မြွက်သံကို ကြားနိုင်တော့မည် မထင်။ ထိုစကား မိန့်မြွက်သံကို ကြားချင်သော စိတ်နှလုံး၏ ဆန္ဒတို့ကို ကျုပ်သည် စိတ်တင်း၍ ဖြတ်ချလိုက်၏။

ထို့နောက် အရှင့်အား ငှက်အမြီး မြူခိုးများ အကြားဝယ် ထားခဲ့ပြီး ကျုပ်လည်း ငှက်၏ ကျောကုန်းပေါ်သို့ ပြေးတက်လာကာ အတောင်ဖျားမှ ဆင်းသက်လိုက်၏။ အတောင်ဖျားပေါ်၌ အထိန်းတော်ကြီးအား မြင်တွေ့

လိုက်ရသေးသည်။ သူသည် ငိုတော့မည်အတိုင်း တုန်ယင်နေသည်။

ထိုအခါတွင် ကုက္ကိုတောတန်းဘက်မှ မြင်းသည်တော်တဦး မြင်းကို စိုင်းနှင်လာသည်။ သူ့မျက်နှာသည်လည်း သွေးဆုတ် ဖြူယော်နေသည်။

သူက "ရန်သူတွေ. . . ရန်သူတွေ . . . . စစ်မှူး"ဟု အောပြောနေသည်။
"ဘယ်ဘက်ကလဲ"
"အရှေ့ဘက်က"
"ဘယ်လောက်များလဲ"
"အများကြီးဘဲ"
"ဘယ်လောက်လောက် ထင်သလဲ"
"အများကြီးပါဘဲ"

ကျုပ်လည်း တောင်ပံပေါ်မှ လျှောဆင်းလိုက်ပြီး ငြိမ်သက်စွာ ရပ်နေသည့် မြင်းကြီးအာကာ၏ ကျောပေါ်သို့ လွှားတက်လိုက်သည်။

အာကာသည် ငှက်တကောင် ပျံသကဲ့သို့ ကုက္ကိုတောကို ဖြတ်သန်းသွားသည်။ အာကာကို တောင်၏ အရှေ့ဘက်၌ ရပ်လိုက်လေသည်။ ထိုနေရာ၌ ပါလသည် ငြိမ်သက်စွာ အရှေ့ဘက်ကို မျှော်ကြည့်နေသည်။

တောင်ကြီး တခုလုံးမှာ မလှုပ်ရှားဘဲ စည်းကမ်း သေဝပ်လှစွာ ငြိမ်သက်နေသည်။

စစ်သည်အပေါင်းသည် ရန်သူများကို စိုက်၍ ကြည့်နေကြ၏။ သူတို့၏ မျက်နှာများမှာ ချွေးပြန်လျက် တင်းမာနေသည်။

လေးသည်တော်များနှင့် ဓားသမားများမှာ နှစ်ဦးစီ တွဲထားလျက် ဆင်ပစ်လေးကြီးများကို ကြား၌ နေရာချထားပေးသည်။ အားလုံးသည် တိုက်ခိုက်ရန် အသင့်ရှိနေကြပြီ။

ရန်သူများကား တောင်၏ တမျက်နှာလုံးမှ ဖြန့်တက်လာနေသည်။ သူတို့သည် ဆင်များကို ရှေ့ဆုံးမှ မောင်းတင်လာသည်။ ရန်သူများကို ကျုပ်သည်ပင် ငေး၍ ကြည့်နေရသည်။ ဤမျှများပြားသော ရန်သူတပ်ကြီးများကို မမြင်တွေ့ဘူးသေး။ သူတို့သည် အသံမထွက်ဘဲ ငြိမ်သက်စွာ တက်လာနေသည်။

"ကျောက်မောင်း အားလုံးကတော့ အဆင်သင့်ပါဘဲ မြို့စား၊ ဒါပေမယ့် ရန်သူများက ဆင် အကာကွယ်ယူ တက်လာတော့ သိပ် အသုံးဝင်မှာ မဟုတ်ဘူး" ပါလက တီးတိုး ပြောနေသည်။

သူ့မျက်နှာမှာ တည်ငြိမ်အေးဆေးနေသည်။

"ဆင်ပစ်လေးတွေရှိတာရော. . . . "
"ဟုတ်တယ် ကျွန်တော်စီစဉ်ထားပီးဘီ၊ ဆင်ပစ် လေးတစင်းကို လူဆယ်ယောက် သုံးရတာဘဲ။ ဆင်းပစ်လေး ဆယ့်ငါးစင်း၊ သူတို့ကို ရိုးရိုးလေးပဲ ကိုင်ခိုင်းထားတယ်။ ဆင်ကိုပစ်ဖို့တော့ မှုဆိုးခေါင်းဆောင်ကို တာဝန်လွှဲပေးလိုက်တယ်။ သူ့ဘာသာ ပစ်သင့်ချိန်မယ် ပစ်မယ်မြို့စား၊ အနောက်ဘက်ကလဲ အဆင့်သင့်ဘဲ လုပ်ထားတယ်။ ကျွန်တော် ကျောက်မောင်းဆင်တာ နဲများသွားပလား မသိဘူး"

ရန်သူများက တဖြည်းဖြည်း ပို၍ နီးကပ်လာလျှက် ရှိနေပြီ။ ယခု သူတို့သည် တောင်၏အလယ် လိပ်ကျောခုံးတွင် ဆင်များ ဒူးတုပ်လျှက် တက်လာနေကြပြီ။ သူတို့၏ စစ်သည်များမှာ တောစပ်များမှ ထွက်လာနေဆဲပင် ဖြစ်နေသည်။

ချွေးတစက်သည် ကျုပ်၏ နဖူးပြင်မှ အောက်ဘက်ကျောက်တုံး တခုပေါ်သို့ စဉ်ကျသွားသည်။

ကျုပ်၏ နံဘေးသို့ မုဆိုးခေါင်းဆောင် လာ၍ ရပ်လိုက်လေသည်။
"ခင်ဗျား စိတ်ကြိုက် ဆင်အုပ်ကြီးကို ပစ်ရတော့မယ်"

ကျုပ်၏ အသံမှာ လွန်စွာ ပြတ်သားတင်းမာလျှက် ရှိလေသည်။ လက်တဖက်ကို ဓားရိုးပေါ်သို့ တင်လိုက်၏။ အကြိမ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ပြီးသော ကျုပ်၏ ဓားမှာလည်း သွေးတိုး လှုပ်ရှားနေသည် ထင်ရသည်။

ထို့နောက် ရန်သူများသည် ပို၍ နီးစပ်လာပြီး ရုတ်တရက် တောအလုံး မြေတုန်ဟီးသွားအောင် ပြိုင်တူ စစ်ကြွေးကြော်ကာ ပြေးတက် လာကြလေသည်။ ဖုံလုံးကြီးများသည် ကောင်းကင်သို့ တက်လျှက်ရှိလေသည်။ ဖုံလုံးကြီးများသည် နေခြည်ကို ကာပေးထားပြီး ရန်သူများနှင့် ရောထွေးသွားလေသည်။

တိုက်ကြရတော့မည်။
ပို၍နီးကပ်လာပြီ။
မြားများကို တင်လိုက် ကြရတော့မည်။

ထိုအချိန်တိုကလေး အတွင်းတွင် အခြေအနေမှာ တမျိုးတဖုံ ဖြစ်သွားလေသည်။ ကြီးမား မှောင်ပိန်းလှသော တောင်ခိုးများသည် ရုတ်တရက် တောင်ကြီး တခုလုံးကို ပိတ်ဆီးလိုက်၏။ ပကတိ ညကြီးဖြစ်သွား၏။ ဘာမျှမမြင်ရတော့။ မိမိ၏ ဓားကိုပင် မိမိ ပြန်၍ မမြင်ရတော့။ ရန်သူ့ စစ်ကြွေးသံများသည် ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွား၏။

ထိုအခါ၌ တိုက်ပွဲကို ဘယ်သို့ဘယ်ပုံ ဖန်တီးရမည်ကို ကျုပ်မှာ တွေးတော မကြံဆတတ်တော့ပေ။ အမှောင်မပြယ်မီ ရန်သူများ တက်လာနိုင်လျှင် ကျောက်မောင်းများသည် အလျှင်း အသုံးဝင်နိုင်တော့မည် မဟုတ်။ ဆင်ပစ်လေးများကိုလည်း အသုံးပြုနိုင်တော့မည် မဟုတ်။ အမှောင်ထု အတွင်း၌ ကျုပ်သည် တုန်လှုပ်နေ၏။

"နာယာယနအရှင် ကယ်မတော်မူပါ. . . . "
"ဒီတခါတော့ သွားဘီထင်တယ် အကိုတော်" ဟု ပါလသည် တီးတိုးပြောလိုက်သည်။

သူ၏ ကြောက်ရွံ့ တုန်လှုပ်သံကို ဤတကြိမ်မျှသာ ကြားဘူးသည်။ သူသည် ကျုပ်အား "အကိုတော်"ဟု အလွန်ရင်းနှီး ကျွမ်းဝင်စွာ ဘယ်စဉ်ကမျှ ခေါ်ခဲ့ဘူးသည်မဟုတ်။

"ကျွန်တော်တို့ ဘာလုပ်ရမလဲ ဝန်မင်း"ဟု မုဆိုး တပ်ဖွဲ့မှူးသည်လည်း တုန်လှုပ်စွာ တိုးတိုးမေးလိုက်လေသည်။ သူ့အသံကိုသာ ကြားရသည်။ သူ့ကိုကား မမြင်ရ။

ထိုအချိန်၌ စစ်သားများ၏ ကြောက်ရွံ့သံတီးတိုး နေရာတကာမှ ထွက်ပေါ်လာနေသည်။ တခုခုကား လုပ်ရတော့မည်။ တခုခု ဆုံးဖြတ်ရမည်။ တမျိုးတဖုံ ကြံစည်ရမည်။ ကျုပ်မှာ ပေးရမည့် အမိန့်၊ ပြောရမည့်

စကားကို အစရှာမရ။ ဤသို့ဖြင့် ငြိမ်သက်နေလျှက် စိတ်ဓာတ်များ ကျနေကြပြီ။

“ဘာလုပ်ရမလဲ”ဟု ဆင်ပစ် လေးတပ်ဖွဲ့မှူးသည် ထပ်မေးနေ၏။

ဤတကြိမ် သူ့မေးသံမှာ အားယုတ်သံ၊ တုန်လှုပ်သံ၊ စိတ်ချောက်ချားသံ ဖြစ်နေပြီး အနည်းငယ်ကျယ်သွားသည်။ ထိုစကားလုံးများသည် စစ်သည်များထံသို့ ရောက်သွားနေသည်။

ကျုပ်ကား နဖူးကင်း၌ သီးနေသော ချွေးများကိုသာ လက်ဖြင့် တွင်တွင်သုတ်နေသည်။

ထိုအခါတွင် ပါလသည် အမှောင်ထည်း၌ ကျုပ်၏ လက်ကို ဖမ်းဆုပ်လိုက်လေသည်။

သူက “ဘာမှ စိုးရိမ်စရာ မရှိကြသေးပါဘူး။ ဘာမှ ကစင့်ကရဲ ဖြစ်ဖို့ မရှိပါဘူး၊ ကရစ်သျှနနဲ့ သမီးတော်၊ နာယာယနရဲ့ နှမတော်ကို အရှင်သခင်မြတ်တို့ ဘယ်အခါမှ ပစ်ပယ်မထားကြပါဘူး။ အခု အချိန်မှာ အရှင်မင်းမြတ် ဂါထာမန္တာန်များကို ရွတ်ဖတ်နေဘီ။ အရှင်မရဲ့ ဘုန်းတန်ခိုးကို ဘယ်သူများကမှ ယှဉ်တုနိုင်မှာ မဟုတ်ဖူး။ ဆင်ပစ် လေးသည်တော်များ အသင့်ပြင်ထားပါ။ ဆင်တွေ ကျောက်မောင်းကို လာတိုးရင်တော့ ပစ်ချလိုက်။ ဆင်ပစ် လေးပစ်သံကြားရင် ကျန်တဲ့ လေးသည်တော်များ အမှောင်ကို ပစ်ခွင်းကြပါ။ ရန်သူများဟာ အကာအကွယ် မရှိကြပါဘူး။ မှောင်ထည်းမှာ ကျောက်မောင်းတွေ ဖြုတ်ချမယ်။ ငါတို့တသက် သူတို့ အသက်တရာနဲ့ လဲရမယ်”ဟု အော်ဟစ်၍ ပြောနေ၏။

ပါလ၏ အသံမှာ ပီသရဲရင့် ပြတ်သား၍ အေးဆေး တည်ငြိမ်လျက် ခေါင်းဆောင်ကောင်း တဦး၏ အမိန့်ပေး နေသံ ပီသလေသည်။ ထိုအသံသည် ဩနေလျက် အမှောင်ထည်းဝယ် လူတိုင်း၏ စိတ်နှလုံးများကို ပါဝင် ရိုတ်ခတ်လျက် ရှိနေသည်။

ထို့နောက် အမှောင်ထည်း၌ တယောက်တပေါက် ကြိမ်းဝါးသံများ ထွက်နေသည်။ အမှောင်၏ ကြောက်မက်ဘွယ် တို့ကို အသံများဖြင့် ကာကွယ်နေသကဲ့သို့ ရှိသည်။

ဤတောင်ပေါ်၌ ပြန်လည် အသက်ဝင်လာပြီး ပြင်းထန်စွာ လှုပ်ရှားလာသည်။

သို့သော် အောက်ဖက် ရန်သူများထံမှကား အသံဟူသမျှ တိတ်ဆိတ်နေ၏။ သူတို့သည် ဆင်ကြီးများကို ဇွတ်တက် ခိုင်းနေကြပုံ ရ၏။ ရန်သူတို့သည် မှောင်ထည်း၌ အသံမထွက်စေဘဲ အလွန်လျင်မြန်စွာ တက်လာနေကြပြီ။

အသက်တခါ ရှူလိုက်ချိန် ကလေးတိုင်း၌ ရန်သူနှင့် ငါးလှမ်းစာမျှ တိုးကပ်လာနေပြီ။ ကြီးမားလှသည့် အန္တရာယ်များကို အမှောင်ထည်းမှ ဤအတိုင်း စောင့်နေရစဉ် အချိန်များ အလွန်အမင်း ကြန့်ကြာသည် ထင်မိ၏။

သူတို့တက်လာ၊ လေးမြားတင်ပစ်၊ ကျောက်မောင်းဖြုတ်. . .၊ ဓားချင်း အမှောင်ထည်း၌ ရမ်းခုတ်၊ အားလုံး လျင်မြန်စွာ ဖြစ်ပျက်သွားစေ့ချင်နေပြီ။
ရန်သူများ ဝင်တိုက်ချိန် ရောက်နေပြီ။ တိုက်ချိန်ကို ကျော်လွန်နေပြီ။ သို့သော် သူတို့ မတိုက်သေး။ သူတို့၏ အသံဗလံများကိုမျှ မကြားရသေး။ ကြောက်မက်ဖွယ် ကောင်းလှသော တိတ်ဆိတ်မှုသည် ကြီးစိုးနေ၏။ အမှောင်ကား အနည်းငယ်မျှ လျော့မသွား။

“ပါလရေ. . . သူတို့တက်လာရင် လူကလေး တရာလောက်ဘဲ တက်လာချင် လာမယ်။ တရာလောက်ကလေး

http://cyberbooks.myanmarchat.org


တင် တက်လာပြီး အမှောင်ထည်းစမ်းပီး တိုက်ချင် တိုက်သွားမယ်။ အမှောင်ထဲ ဘယ်နည်းနဲ့မှ အုပ်စုလိုက် လာမှာ မဟုတ်ဖူး”

ထို့နောက် ကျုပ်သည် ချက်ခြင်း လက်ဆင့်ကမ်း တီးတိုးအမိန့် ထုတ်ဆင့်လိုက်လေသည်။

“တပ်သားများ ရှိရာနေရာမှာ မရွေ့ရ၊ မလှုပ်ရှားရ၊ ဓားများ အသင့်ထုတ်၍ လှုပ်ရှားသံတွေ့လျှင် ပိုင်းချလိုက်”

အမိန့်သည် တဦးထံမှ တဦး လျင်မြန်စွာ ပျံ့နှံ့သွားနေသည်။ အချိန်များစွာသည် လျင်မြန်စွာ ကုန်ဆုံးနေသည်။

ထို့နောက် အလယ်ပိုင်းလောက်မှ ဓားခုတ်သံများကို စကြားရလေသည်။ ဓားခုတ်သံ အော်ဟစ်သံ၊ လဲကျသံများ ဆူနေလေပြီ။ ထိုနေရာ၌ တိုက်ပွဲဖြစ်နေ၏။ ကျုပ် တွေးလိုက်သည့်အတိုင်း ရန်သူများသည် အမှောင်ထည်း၌ အလယ်အူကြောင်း လမ်းပေါက်တခု အရယူလိုက်ခြင်း ဖြစ်မည်။ သူတို့သည် ထိုလမ်းပေါက်မှ ကျောက်မောင်းများ ဖျက်ဆီးပြီး တောင်ကို အရသိမ်းရန် ကြံရွယ်လေသည်။ ခပ်မြန်မြန် လင်းသွားစေချင်ပြီ။ အလယ်ပိုင်းဘက်မှ အခြေအနေများကို သိချင်နေပေပြီ။ လောလော ဆယ်ဆယ်၌ တိုက်ပွဲ မည်သို့ ဖြစ်နေပြီနည်း။

ထိုစဉ်၌ အမှောင်ထုများ ပါးလိုက်လာသည်။

ထို လင်းရှင်းစ အချိန်မှာ ကြောက်မက်ဖွယ် အကောင်းဆုံး ဖြစ်၏။ စစ်သည်များသည် အမှောင်ထည်း၌ ငြိမ်သက်စွာ ထိုင်နေကြ၏။ ကျောက်ပုံများ ကွယ်နေသဖြင့် ရန်သူကို မမြင်နိုင်။ အကယ်၍ ရန်သူများသည် တဖက်မှ အဆင်သင့် ပြုလုပ်လျက် ငြိမ်သက်ပြီးနေလျှင် ကျုပ်တို့သည် ရုတ်တရက် တိုက်နိုင်မည် မဟုတ်။ ရန်သူများကား ကြိုက်ရာနေရာ၌ ယူလျက်ရှိမည်။ ပါလသည်လည်း သင့်လျော်ရာ ကျောက်မောင်းများကို ဖြုတ်မိန့် ပေးနိုင်မည် မဟုတ်။

ကျုပ်သည် အသံမမြည်အောင် နောက်ဘက်သို့ စမ်းတဝါးဝါးနှင့် တိုးရွှေ့လိုက်၏။ ဇက်ကြိုးကို ဖွလျက် မြင်းကို ပွတ်သပ်ပေးပြီး ဖြည်းဖြည်းလေးလေး ဖွ၍ ကျောပေါ်သို့ တက်လိုက်သည်။ အာကာသည် သူ့သခင်နှင့် မွေးစ ကတည်းက အတူတူနေခဲ့သဖြင့် သူ့သခင်၏ အပြုအမူ စိတ်ဓာတ်ကို သိနေသည်။ သူသည် သူ့သခင်၏ အလို ဆန္ဒ အတိုင်း အလျှင်းမလှုပ်ရှား၊ အသံ အလျှင်းမထွက်စေဘဲ ငြိမ်ရပ်နေသည်။ ကျုပ်သည် မြင်းပေါ်မှ နေ၍ သိန်းစွန်ရဲကဲ့သို့ မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

ဝိုးတဝါး မသဲမကွဲ ထည်း၌ အလယ်ဘက်ဆီမှ ကျောက်မောင်းများနှင့် လေးတောင်မျှ အကွာအထိ ရောက်နေသော ရန်သူဟု ထင်မှတ်ရသော မဲမဲရိပ်များကို မြင်ရလေသည်။

သို့သော် ရန်သူ ဟုတ်ချင်မှ ဟုတ်မည်။ သို့သော် ရန်သူပင် ဖြစ်နိုင်၏။

အဘယ့်ကြောင့်ဆိုသော် ဤတောင်မကြီး၏ အရှေ့ဘက်ပိုင်း၌ မီးတင်ရှို့ရန်အတွက် သစ်ပင်မှန်သမျှ လှဲထားပြီး ဖြစ်သဖြင့် အခြားမဲမဲအရိပ် ဖြစ်ပေါ်နိုင်ဖွယ်ရာ အကြောင်း မရှိ။

“ကျောင်မောင်း လေးဆယ့်ရှစ်၊ လေးဆယ့်ကိုး၊ ငါးဆယ်၊ ငါးဆယ့်တစ်၊ ငါးဆယ့်နှစ် ငါးဆယ့်သုံး ဖြုတ်ချ၊ ဆင်ပစ်လေးမြား တင်ပစ်”

ကျုပ်လည်း စိတ်မှန်းဆဖြင့် အော်၍ အမိန့်ပေးလိုက်ရ၏။ မလင်းမရှင်း၌ ကျောက်မောင်းများ တဝေါဝေါ

အသံမြည်လျက် ပြိုကျနေသံ၊ ကျောက်တုံးချင်း ရိုက်ခတ်သံ၊ ပြိုကျသံ၊ လူများ အော်ဟစ်သံ၊ ဆင်များ အော်သံသည် တခဏ အတွင်း၌ တောင်၏ အရှေ့ဘက်ခြမ်းတွင် ဆူညံ မြည်ဟိန်းသွားလေသည်။

ရန်သူ့ဘက်မှ တင်လွှတ်လိုက်သော မြားပေါင်းများစွာ၏ ဝီခေါ်လာသံများလည်း ကြားလိုက်ရလေသည်။ မျက်လုံးဖြင့် မမြင်နိုင်ဘဲနှင့် အန္တရာယ်များကို ကျုပ်သည် ရုတ်ကနဲ သိလိုက်၏။

အာကာ၏ ဇက်ပေါ်၌ ကပ်ဝပ်လိုက်လေသည်။ အာကာသည်လည်း လိမ္မာပါးနပ် လှစွာ မြေပေါ်၌ ပြားပြား ဝပ်ချလိုက်လေသည်။ ပျားအုပ်များ ပျံသန်းသွားသကဲ့သို့ မြားအစင်းပေါင်းများစွာသည် ခေါင်းထက်မှ ပျံဝဲသွား၏။ မြားများသည် မလင်းမရှင်းစွာ ခေါင်းထက်မှ ပျံဝဲသွား၏။ မြားများသည် မလင်းမရှင်းနိုင်။ ကောင်းကင် တခုလုံး မဲမှောင်သွားမည့်အတိုင်း ဖြစ်လေသည်။

အလင်းရောင်အားသည် မြူများကို တစတစ ဖယ်ထုတ်နေသည်။ ကျုပ် တွေးဆလိုက်သည့်အတိုင်း ရန်သူများသည် အလယ်အူကြောင်းကို အရယူရန် ဖိတက်ခဲ့လျက် ဆင်ကြီးများမှာ အလင်းရောင်မှိန်မှိန်၌ ကြီးမား ပြင်းထန်သော ဆိပ်လူး ဆင်ပစ် မြားကြီးများ ထိမှန်ကာ ရုတ်တရက် လဲကျနေလျက် သူတို့ ကိုယ်လုံးကြီးများဖြင့် အရာရာကို တိုက်ချ သွားနေ၏။ သူတို့နောက်မှ လူများကို တိုက်ခိုက် ဖိနင်းသွားသည်။ ပုဆစ်တုပ်နေသော ဆင်များမှာ ညင်သာစွာ ဝပ်ကျသွားပြီး နောက်ဘက်သို့ ဖြည်းညှင်းစွာ ရိုက်ချသွားနေ၏။

သို့သော် ဘေးမှ ရန်သူများကား အော်ဟစ်ဆူညံလျက် မြားမိုးရွာပြီး အလွန်လျင်မြန်စွာ ပြေးတက်လာနေသည်။ သူတို့သည် တချက်တည်း အပြီးအစီး မိရန် ရည်ရွယ်လေသည်။

“လေးသည်တော်တွေ ပစ်”ဟု ပါလ၏ အမိန့်ပေးသံ ထွက်လျံလာလေသည်။

ဤဘက်မှ လေးသည်တော်များသည် ကျောက်ပုံများ နောက်ဘက်မှ ချောင်း၍ ရန်သူများကို ချိန်ပစ်နေ၏။ မုဆိုးတပ်ဖွဲ့မှူးသည် သူ့လူများကို ဆင်ပစ် လေးကြီးများဖြင့်ပင် လူအုပ်အတွင်းသို့ ပစ်သွင်းပေးနေရန် ဆက်ပြော၏။ ဆင်ပစ်လေး မြားတစင်း တစင်းသည် ရန်သူ အထပ်လိုက်ကြီးကို ဖောက်ထွက်နေ၏။

ရန်သူများကား အကာကွယ်မဲ့နေသည်။ ဤဘက် စစ်သည်များမှာ ကျောက်ပုံများ အကာအကွယ် ရထားနေသည်။ ဤဘက်မှ မြားများကို ကာကွယ်ရန်အတွက် ဒိုင်းများကို ကိုင်မြှောက်ရသောကြောင့် သူတို့ထံမှ လေးအပစ်ကား နည်းသွားသည်။ ရန်သူ့မြားအလာ နည်းသွားလျှင် ဤဘက်မှ စစ်သည်များသည် ကျောက်ပုံများ နောက်မှ ထရပ်လျှက် မြားများကို ပို၍ လွှတ်လိုက်ကြလေသည်။ ဆင်ပစ်လေးကြီးများသည် ကာများကိုရော၊ ဒိုင်းများကိုပါ ဖောက်ထွင်းသွား နေ၏။ ဆင်ပစ်လေးကြီးများကိုမူ မည်သို့မျှ မကာကွယ်နိုင် ကြတော့ပေ။

ရန်သူ့ဘက်မှ မြားမိုးမှာ တဖြည်းဖြည်း တိမ်သွားသည်။ အခြေအနေမှာ ဆန့်ကျင်ဘက် အဖြစ်သို့ ပြောင်းလဲသွားသည်။ သူတို့သည် အတက် ရပ်တန့်သွား၏။ ထို့နောက် အလင်းရောင် မှုန်မှုန်ထည်းတွင် ရန်သူများကား နောက်သို့ ညီညာစွာ ဆုတ်ခွာ နေသည်။ သူတို့ နောက်ဘက်၌ ရန်သူ အလောင်းပေါင်းများစွာ ကျန်နေရစ်ခဲ့သည်။ သူတို့သည် မြားမရောက်နိုင်တော့သော နေရာများမှ ရပ်ပြီး တောင်ပေါ်ကို စိတ်ပျက်အားလျော့စွာ မော့်၍ ကြည့်နေသည်။

လူသတ်ပွဲ. . . တိုက်ပွဲကား ရပ်ဆိုင်းသွားပြန်လေပြီ။

အူကြောင်းထိုးဖောက် တိုက်ပွဲ နေရာ၌ ရန်သူ အလောင်းများ ထပ်နေသည်။ တောင်ခုလပ်၌ ဆင်သေကောင်ကြီး

များ ကျန်နေရစ်ခဲ့သည်။ ကျုပ်တို့ဘက်မှ မြားသင့် ကျဆုံးသူများမှာလည်း အရေအတွက် မနည်းလှပေ။ ဒဏ်ရာရသူများကို ကုက္ကိုတောတန်းသို့ သယ်ယူကာ မြားအဆိပ်ဖြေခိုင်း ပြုစုခိုင်းထား၏။ တတ်ကျွမ်းသော သမားတော်များ မရှိသဖြင့် ထိုအတွက် စိတ်နှလုံးနောက်ကျိကာ ထိခိုက်နေမိ၏။ ဤစစ်ပွဲ၏ အနိဋ္ဌာရုံ မြင်ကွင်းမှာ စိတ်ထိခိုက်ဖို့ ကောင်းလှပေသည်။ သို့သော်လည်း ကျုပ်တို့မှာ လူစိတ်သူစိတ် ကင်းမဲ့နေသော သားရဲများအတွက် အသင့်ပြင်ထား၏။ ဤတိုက်ပွဲများကား အနိုင်ရရှိသော တိုက်ပွဲ ဖြစ်ပေသည်။ ရန်သူများကား အင်အားသာလွန် ကြပါလျက်နှင့် တိုက်ပွဲတိုင်း ရှုံးနိမ့်နေသည်။

ရန်သူအပေါင်းမှာ မြားမမှီနိုင်သော တောင်ခုလတ်၌ ရပ်တန့်နေသည်။ ပါလသည်လည်း ကျုပ်၏ ဘေးတွင် ရပ်တန့်နေသည်။ ဤသူငယ်ကလေး၏ မျက်နှာမှာ တိုက်ပွဲတပွဲ ဝင်နေရသူ၊ လူပေါင်းများစွာကို သတ်ဖြတ်နေရသူ တဦး၏ မျက်နှာနှင့် မည်သို့မျှ မတူဘဲ အပြစ်ကင်းစင်စွာ အေးဆေး ငြိမ်သက်နေသည်။

“ဒီအတိုင်းဆိုရင် ကျွန်တော်တို့ အရေးမနိမ့်နိုင်ဘူး မြို့စား၊ သူတို့ ထပ်ပြန်တလဲလဲ နောက်ပြန် ဆုတ်နေရတာနဲ့ စိတ်ဓာတ်ကျကုန်ဘီ၊ တခုထဲဘဲရှိတယ်. . . . ။ သူတို့ ဆက်ပီးတိုက်ဘို့ မကြိုးစားဘဲ အပြင်ဘက်က ပတ်လည် ဝိုင်းထားမှာဘဲ ကျွန်တော်စိုးရိမ်တယ်။ ပီးတော့ ညဘက်ကို ဝင်စီးသွားမှာကိုတော့ ကျွန်တော်တို့ အသင့် ပြင်ဆင်ထားရမယ်”

ပြောပြီး ပါလသည် နေရာမှ ထွက်သွားကာ အစီအစဉ်များ လိုက်၍ စစ်ဆေးနေသည်။

ကျုပ်သည်လည်း အာကာ့ ကျော်ပေါ်သို့ တက်လိုက်၏။ ထိုအချိန်၌ပင် ကုက္ကိုတောစပ်ဘက်မှ မြင်းတစီး စိုင်းနှင်လာလေသည်။ နေခြည် ဖြတ်သန်းလျှက်၊ မြင်းသည် မြားအလျင်ကဲ့သို့ ပြေးလာနေလျက်. . . . မြင်းပေါ်မှ အရှင်၏ ဦးခေါင်းထက်တွင် သရဖူသည် နေရောင်အောက်ဝယ် တလက်လက် တောက်ပနေသည်။

အရှင်၏ ကျောထက်မှ ဒိုင်းအပေါ်တွင် နေရောင်ခြည် တောက်နေလျက် အရှင်သည် ဓားကို လေထည်း၌ ဝှေ့လာလေသည်။ အဝေးမှနေကြည့်လျှင် တိမ်ကြားထည်းမှ ပေါ်လာသော စစ်နတ်သား တပါးကို မြင်တွေ့ နေရသဲ့သို့ ငေးမော အံ့သြဖွယ် ဖြစ်နေသည်။

ကျုပ်သည် အာကာကို တဖက်သို့ ခေါင်းလှည့်ပြီး စိုင်းနှင်သွား၏။ “ကျွန်ုပ်ပါ တိုက်ပွဲဝင်မယ်”ဟု အရှင်သည် တဖက်မြင်းပေါ်မှ ပြောလာလေသည်။

ထိုအသံသည် ငြိမ်သက်နေသော တိုက်ပွဲကို လှုပ်ရှားသွားစေသည်။ ကျုပ်သည် အာကာကိုဆွဲရပ်ပြီး စောင့်မျှော် နေလိုက်လေသည်။ အရှင်စီးနင်းလာသည့် မြင်းသည် အာကာ၏ တဖက်နံဘေး၌ ရပ်တန့်သွားလေသည်။

“အရှင်. . .၊ အခုကလေးတင်ဘဲ တိုက်ပွဲကိုခဏ တဖက်ကရပ်သွား ပါတယ်။ သူတို့ မရေမတွက်နိုင်အောင် ကျဆုံးပီး နောက်ကို ဆုတ်သွားပါတယ် အရှင်။ မြားတကမ်း ဟိုဘက်မှာ အကြံယူ နေကြပါတယ်။ အခုဘဲ သူတို့ ပြန်တိုက်လိမ့်အုံးမယ်လို့ ထင်မှတ်ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က နိုင်ပီးသားလို့ဘဲ တွက်ထားရမယ့် အခြေအနေ ဖြစ်ပါတယ်။ ဒါပေမယ့် အရှင်၊ ကျွန်တော်တို့က နောက်ဖက်က အကူအညီ ပြတ်တောက်နေတဲ့ အခြေအနေ ဖြစ်ပါတယ်။ သူတို့ဖက်က မြစ်ရေလို ရှေ့ကသွားရင် နောက်က ထပ်တိုးလိုက်နေကြပါတယ်။ အခု. . . အရှင် အလုပ်သင့်ဆုံးက တိုက်ပွဲဝင်ဖို့ မဟုတ်ပဲ ယာယီ စံနန်းအစောင့်တပ် အင်အားသုံးပီး တံတားခင်း။ တဖက်ကို ကူးသွားဘို့သာ လုပ်နေသင့်တယ် ထင်ပါတယ်. . . အရှင်”

“တိုက်ပွဲမှာ မင်းနေရစ်ခဲ့မှာလား”

"ကျွန်တော်. . . . နေရစ်ခဲ့ပါမယ်"
အရှင်သည် မြင်းဇက်ကို တောင့်ဆွဲလိုက်၏။
ထိုအချိန်၌ အရှင့်၏မျက်နှာမှာ သိသိသာသာ ညှိုးမှိန်သွားလေသည်။

"တိုက်ပွဲမှာ မင်းသေရစ် ခဲ့မှာပေါ့ သူသ"
"မှန်ပါတယ် အရှင်၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော်ဟာ စစ်သည် အပေါင်းရဲ့ စစ်မှူး ဖြစ်ပါတယ်။ စစ်သည်အပေါင်းရဲ့ ရှေ့ကသေဘို့ တာဝန်ကို ယူရပါမယ်"

အရှင်သည် မြင်းပေါ်မှ ကိုယ်ကို ယိမ်းညွှက်လိုက် လေသည်။ ချပ်ဝတ်တန်ဆာတို့သည် ထိုခဏ၌ တဖျတ်ဖျတ် လက်သွားသည် အရှင့်ပါးပြင်နှစ်ဖက်မှာ ရုတ်တရက် နီထွေးသွားသည်။ မျက်လုံးနှစ်ဖက်သည် တောက်ပသွား၏။ အရှင်၏ မျက်နှာပြင်ထက်ဝယ် အလွန် ကြည်လင် ချိုမြသော အပြုံးရိပ်များ ရုတ်တရက် သန်းသွားလေသည်။

အရှင်သည် စကားကို တိုးတိုး နှိမ့်လိုက်လျက်. . .

"ဒါကြောင့် သူသ၊ မင်းလိုလူမျိုးကို မေတ္တာတော် ပြန်ထားနိုင်ရင် မင်းနဲ့အတူ တိုက်ပွဲဝင်ပီး အတူသေရမှာပေါ့၊ ကျွန်ုပ်တံတားခင်းဘို့ အကြံအစည် အပေါင်းကို အလျှင်း ဖျက်သိမ်းလိုက်ပီ လူကလေးရေ့"'

ထို့နောက် အရှင့်မြင်းမှာ တပတ် ချာချာလည်သွားသည်။

အရှင်သည် နေရာမှ နောက်ပြန်လှည့်လိုက်ပြီး မြင်းကို အနောက်ဖက်သို့ စိုင်းနှင်ပြေးသွားလေသည်။

ကျုပ်မှာ အချိန်အကြာကြီး ငေးမောကာ ကျန်ရစ်ခဲ့သည်။

ကျုပ်၏ကိုယ်မှာ အသိခံစားစိတ် ကင်းမဲ့နေသော အာရုံမရှိသော အသက်ဇီဝ ပျောက်ကွယ်နေသော ကျောက်ရုပ်တု တခုကဲ့သို့ ဖြစ်နေသည်။

(၄၁)

ကျုပ်က "ရန်သူများ နောက်ဆုပ် သွားပါစေ၊ သည်ယနေ့ တညတာမျှ အတွင်း တိုက်ပွဲ မဖြစ်ပါစေနှင့်တော့"ဟု ဆုတောင်းနေမိ၏။

အရှင်အား ဤနေရာမှ လွတ်မြောက် သွားစေလို၏။

ကျုပ်တို့အား ကံကြမ္မာသည် အလျှင်း မညှာတော့ပေ။ မကောင်းသော နတ်တို့သည် ရန်သူများအား ချက်ခြင်း တိုက်ခိုက်စေရန် သွေးဆောင် နေဘိသကဲ့သို့ ရှိတော့သည်။ မကြာမီ အချိန်၌ ရန်သူများကား အရှေ့ဘက် မျက်နှာပြည့်မျှ ဖြန့်လိုက်ကာ မြားမိုးရွာစေလျက် ရုတ်တရက် အော်ဟစ် ပြေးတက်လာကြလေတော့သည်။

ကျုပ်တို့၏ အထက်ကောင်းကင်၌ မြားများ အုပ်ဆိုင်းနေတော့ သကဲ့သို့ ရှိသည်။ ကျောက်ပုံမှထ၍ ခေါင်းပြူမိလိုက် သူတိုင်းမှာ မြားဒဏ် သင့်နေရသည်။ ဤတကြိမ်လောက် လူ့အသက် တန်ဖိုးကင်းမဲ့မှုကို ဘယ်စဉ်ကမျှ မဖြစ်ခဲ့ဘူးဟု ထင်၏။ သူတို့သည် တယောက်က လေးပစ်ကာ၊ တယောက်က ကျုပ်တို့မြားကို ဒိုင်းနှင့်ကာပေးကာ တက်လာ ကြသော်လည်း ဆင်ပစ် လေးကြီးများ၏ ဒဏ်ကိုကား မကာကွယ်နိုင်။ သူတို့သည် ဇွဲမာန် ကြီးမားလှစွာဖြင့် အလောင်းများကို ကျော်လွှားကာ ပြေးတက်လာသည်။ သံကုန် ဟစ်ကာ ဒလကြမ်း ပြေးတက်လာကြပုံမှာ တောသားရဲရိုင်းများကဲ့သို့ ဖြစ်၏။ သည်အခါ၌မူကား သူတို့ အဓိကထားသည်မှာ ကျုပ်တို့နှင့် အနီးကပ်တိုက်ရန် ဖြစ်နေ၏။ ကျုပ်တို့လည်း မည်သူကမျှ အမိန့်မပေးနိုင်။ မည်သူမဆို အလိုလို သင့်လျော်သလိုသာ တိုက်ခိုက်နေမိ ကြတော့သည်။

အနောက်ဖက်မျက်နှာမှ အထောက်တော် တယောက် မြားမိုးအတွင်း၌ ဒိုင်းနှင့်ကာ၍ ပြေးလာရင်း . . . .

"စစ်မှူး အနောက်ဖက်ကလဲ ရန်သူတွေ ဇွတ် တက်လာနေကြဘီ၊ အင်အားချင်း မမျှတော့ဘူး"ဟု သံကုန် အော်ဟစ်ကာ သတင်းပို့ပြန်သည်။
"ဒို့များ အကူအညီ မပေးနိုင်တော့ဘူး၊ ရန်သူမှန်သမျှ သတ်၊ နိုင်အောင်တိုက်. . "
ကျုပ်လည်း သံကုန်အော်လိုက်သည်။
"ကျောက်မောင်းများကို လုံးဝ မသုံးဖြစ်တော့မှ သုံးပါ"
ပါလကလည်း လှမ်းအော်ပြောသည်။ သတင်းပို့သူလည်း မြားတစင်းကဲ့သို့ လျင်မြန်စွာ ပြန်ပြေးသွားသည်။

ထိုအခိုက်တွင် ကျုပ်၏ဘေးမှ မုဆိုးတပ်ဖွဲ့မှူး၏ ရင်အုံကို မြားနှစ်စင်း ဖောက်ဝင်သွားလေသည်။ သူသည် မြားကို ချိုးလွှင့်ပစ်လိုက်ပြီး ပြန်၍ ထလိုက်သေး၏။

"ပန်ထွာအရှင်. . . . "ဟု တခွန်းအော်လိုက်ကာ ထိုနေရာတွင်ပင် ပစ်လဲကျသွားလေသည်။

ထို့နောက် ငြိမ်သက်လျက် အသက်ကင်းမဲ့သွားလေသည်။

ရန်သူများ၏ ရှေ့ဆုံးမှ ဒိုင်းကိုကာ၍ အော်ဟစ် အမိန့်ပေးလာသည့် ပဋ္ဌင်းညိုကို ဖျတ်ကနဲ လှမ်းမြင်လိုက်ရသည်။ ပဋ္ဌင်းညိုသည် မြားများအကြားမှ ရက်ကန်းရှယ်ကူးနေသည်။ ထို့နောက် ရန်သူများ၏ ရှေ့ဆုံး ကျုပ်နှင့် မျက်နှာချင်းဆိုင် တည့်တည့်၌ ညီငယ်သူရကို လှမ်းမြင်လိုက်ရလေတော့သည်။ သူသည်လည်း ရက်ကန်းခတ်မျှ ဟို သည် ကူးပြေးနေပြီး စစ်မိန့်များ ပေးလျှက် ရှိနေသည်။

http://cyberbooks.myanmarchat.org


သူ့နောက်မှ လူများကား “သျှိဝသားများ၊ ဓားရေး အလွန်တော်ကြသော သျှိဝသားများ၊ ဓားရေးနှင့် ကျွန်ုပ်ကိုယ်တိုင် လက်ထပ်သင်ကြားပေးခဲ့သော သျှိဝသားများ” နာယာယနအရှင်၊ ယခု သူတို့သည် ကျွန်ုပ် အပါအဝင်တို့ကို သတ်ဖြတ်ရန် ပြေးတက် လာနေကြလေပြီ။ မတရားအနိုင်ယူသတ်ဖြတ်ရန် လာနေကြလေပြီ။ ကျွန်ုပ်တို့ကို သတ်ဖြတ်ရန် အော်ဟစ် ကြွေးကာ အပြေးလာနေကြပါပြီ။

ကျုပ်ကိုယ်တိုင်ပင် လူစိတ်ပျောက်ကာ နေသည်။ ဘာဖြစ်နေမှန်း မသိ။ ဤတခါကား နောက်ဆုံးအကြိမ် ဖြစ်လေပြီကိုသာ သိနေသည်။ ဤမတရားရန်သူတို့ကား ကျုပ်တို့နှင့် အတောင်နှစ်ဆယ်မျှ အထိ နီးကပ်နေ လေပြီ။

ကျုပ်၏ နံဘေးမှ စစ်သည်ကလေး လဲကျသွားသည်။ ရန်သူ့မြားများသည် ကျုပ်၏ နံဘေးမှ တဝီဝီဖြတ်ကာ ဒိုင်းကို မှန်နေသည်။ ဤအချိန်၌ လူများ တယောက်ပြီး တယောက် လဲကျနေကြသည်မှာ ကျုပ်တို့စိတ်ထည်း၌ ခြင်ကောင်ကလေး တကောင်ကို ရိုက်သတ်လိုက်ရသဖြင့် လက်ဝါးပြင်၌ သွေးစွန်းပေသွားသကဲ့သို့ပင် ခံစားမှုမရှိ။ ကျုပ်တို့၌ ကျုပ်တို့အား နိုင့်ထက်ကလူ လာ၍သတ်နေသည့် သူသတ်တို့အား တတ်နိုင်သမျှ သတ်ရတော့မည် ဟူ၍သာ ခံယူထား၏။ မိမိကိုယ်တိုင်၌လည်း အသက်ရှိနေသေးသည် ဟူ၍ မသိတော့။

ထိုအချိန်၌ အနောက်ဖက်ခြမ်းမှ လူသုံးဆယ်ခန့်မျှ ပြေးလာသည်။

“စစ်မှူး . . . . စစ်မှူး . . . . စစ်မှူး . . . အနောက်ဖက်မှာ ရန်သူတယောက်မှ မရှိတော့ဘူး အကုန်လုံး သတ်ပစ်ခဲ့ဘီ။ ဟား . . . ဟား . . . . အကုန်လုံး သတ်ပစ်ခဲ့ဘီ . . . ဟား . . . ဟား . . . မရှိတော့ဘူး စစ်မှူးကြီး စစ်မှူးကြီး”

သူတို့ထည်းမှ တပ်ဗိုလ်က အရူးတယောက်ကဲ့သို့ အော်ဟစ် သတင်းပို့ပြီး ကျုပ်တို့နှင့် ပူးပေါင်း၏။ သူတို့၌ ဒဏ်ရာများထပ်နေ၏။ သူတို့ကား လူသားစင်စစ်မှ ဟုတ်ကြသေး၏လော။ ဤလူစုမှာ အနောက်ဘက် မျက်နှာရှိ လူပေါင်းလေးရာ အနက်မှ မသေသေးသူများ ဖြစ်၏။

ရန်သူများကား ကျုပ်တို့နှင့် ရှစ်တောင်အကွာသို့ ရောက်နေ၏။ ရင်ဝကို မြားများတေ့ ဖြုတ်နေ၏။ ဘာကိုမျှ မသိနိုင်တော့သကဲ့သို့ ဖြစ်နေ၏။ ယခုအချိန်အထိ ပါလသည် သူ၏ ကျောက်မောင်းများကို ဖြုတ်ပစ်လိုက်ရန် အမိန့်မပေးသေးပေ။ ပါလ ပြုလုပ်သည်မှာ မှန်ပါသည်။ ဤကျောက်မောင်းများ ရှိနေသေးမျှ ကျောက်မောင်း များက ကျုပ်တို့အား ရန်သူ့မြားမှ ကာကွယ်ပေးထားနေ၏။ ကျောက်မောင်း ဖြုတ်ချပြီးလျှင် ကျုပ်တို့နှင့် ရန်သူများမှာ အခြေအနေ အခွင့်အရေး တူသွားမည်။ ကျုပ်တို့ကား ရန်သူ၏ ငါးပုံတပုံမျှသာ ရှိ၏။

ကျောက်မောင်း ကင်းမဲ့နေသည့် အလယ်ဘက်တွင်မူ ရန်သူများ တောင်ထိပ်သို့ ရောက်လာကာ ဓားချင်းတိုက်ပွဲ စတင်နေလေပြီ။ ထိုအချိန်၌ပင် မြောက်ဘက်မှ ဒိုင်းဖြင့် မြားကိုကာလျက် အရှင်မသည် မြင်းကို ဒုန်းစိုင်းပြေးနှင် လာနေသည်။ အရှင်သည် ကျုပ်၏နောက်နား၌ လျှင်မြန်စွာ ရပ်တန့်လိုက်လေသည်။

ရန်သူများသည် ကျောက်မောင်းကို လာ၍ ထိကိုင်ကြတော့မည်။

ပါလလည်း “ကျောက်မောင်း အားလုံးဖြုတ်”ဟု အော်ဟစ်လိုက်သည်။

ကျောက်မောင်းများ ဖြုတ်ချလိုက်သဖြင့် တောင်တခြမ်းလုံးမှာ သိမ့်သိမ့် ခါသွားလေသည်။ ဖုံးလုံးကြီးများ ကောင်းကင်သို့ ထိုးတက်လျက် ကျောက်တုံးပြိုကျသံများမှာ တောတောင်အနှံ့၌ ညံသွားလေသည်။ ခဏမျှ

ရန်သူများ ပျောက်ကွယ်သွား၏။ သူတို့၏ မြားများကို မမြင်ရတော့။ မြားမိုး တိတ်သွား၏။

ကျုပ်တို့၏ ရှေ့၌ကား အကာအကွယ်မဲ့ကာ ဟင်းလင်း ဖြစ်သွားလေပြီ။ ခဏအတွင်း ကျန်ရှိသော ရန်သူပေါင်းများစွာသည် ဖုံးလုံးကြီးထည်းမှ ကျားနာများ ထပြေးလာသကဲ့သို့ ပြေးတက်လာလေသည်။

ကျုပ်သည် မြင်းပေါ်သို့ ခုန်လွှားတက်လိုက်၏။
"ဓားကိုထုတ်"ဟု အော်ဟစ်လိုက်၏။

ထို့နောက် ရန်သူနှစ်ဆနှင့် ကျုပ်တို့သည် ဓားချင်း ယှဉ်နေမိကြလေပြီ။ ဤသည်မှာ နောက်ဆုံးဖြစ်တော့၏။ အဘယ်ကြောင့်ဆိုသော် အရှေ့ဘက်သားတို့သည် မြားကိုသာအား၍ ဓားကိုမအားကြသောကြောင့် ဖြစ်လေသည်။ သူတို့ငေးနေစဉ်၌ ရန်သူတို့၏ ဓားများသည် သူတို့ခေါင်းများကို ဝင်၍ ပိုင်းဖြတ်သွားကြ၏။ ရန်သူများ၏ ဓားများမှာ အဆက်မပြက် ထိုးနှက်လျက်ရှိ၏။ အားလုံးမှာ ရောထွေးကုန်ပြီး ကျုပ်လည်း ဓားကို ရင်ဆိုင်တိုက်ပွဲ၌ တိုက်နေတော့သည်။ လက်ဖျစ်တတွက်၌ လူပေါင်းများစွာ လဲကျ သေဆုံးနေ၏။ အရှေ့ဘက်ဒေသမှ သနားစဖွယ် ဖြစ်သော ကျုပ်တို့၏ မိတ်ဆွေအပေါင်းမှာ ကျဆုံးနေကုန်သည်။ ကျုပ်တို့ကား ဖိလာနေသော ရန်သူ့ အင်အားကြီးကို ဆီး၍ တွန်းထားရင်း အလိုလို နောက်သို့ ဆုတ်နေသည်။

ကျုပ်တို့၌ အရှေ့ဘက်မှ မိတ်ဆွေများ မရှိတော့သလောက် ဖြစ်ကုန်ပြီး ဗိဿနိုး ဓားသမားထည်းမှ အတော်ဆုံး ဓားသမားများ မျှသာ ကျန်တော့သည်။ ကျုပ်တို့ အားလုံးသည် မည်သူကမျှ မစီစဉ်ပေးဘဲ စီစဉ်ထားသကဲ့သို့ အလိုလိုပြုမိကြသော အချက်တခုရှိ၏။

၎င်းမှာ. . . . အရှင့်အား အသက်ပေး ကာကွယ်ကြရန် သတိရကြပြီး အရှင့်ပတ်ပတ်လည်မှ စက်ဝိုင်းသဏ္ဍာန် ဝိုင်းမိကြကာ ရေကတော့ဝဲ တခုအသွင်ဖြင့် တိုက်နေကြခြင်း ဖြစ်တော့သည်။

မည်သို့မည်ပုံ ကျုပ်တို့မှာ ကုက္ကိုတော၏ မြောက်ဘက်သို့ ရောက်ရှိလာကြမှန်း မသိနိုင်တော့ဘဲ ဖြစ်နေသည်။

ကျုပ်၏ ပခုံးတွင် ဓားချက်နှစ်ချက် ရှပ်ထိသွားသည်။

ရန်သူများ နှစ်ဖက်ညှက် ထိုးလိုက်သည့် လှံနှစ်ချောင်းလည်း မြင်းကြီးအာကာ၏ ကိုယ်တွင်းသို့ နက်လှစွာ စူးစိုက်ဝင်သွားသည်။ အာကာမှာ အသည်းနှလုံးတည့်တည့်သို့ ထိုးမိသွားပုံရသည်။

မြင်းလိမ္မာကြီး အာကာမှာ စိုက်ကနဲ ပဆစ်တုပ် ကျသွား၏။ သူသည် အကြိမ်ကြိမ်ပြန်၍ ထနေသည်။ ကျုပ်လည်း လျင်မြန်စွာ ဆင်းပြေးကာ တိုက်ပွဲကိုသာ ဝင်နေသည်။ အာကာကား ရန်သူ့အလယ်၌ အကြိမ်ကြိမ်ကြိုးစား၍ ထပြီး နောက်ဆုံးတခါ၌ ကဲ့ရဲထနိုင်ကာ ကျုပ်တို့နောက်လိုက်လာရန် ပြေးလိုက်သေးသည်။ လဲကျပြန်ကာ ဆန့်ငင်ဆန့်ငင် ဖြစ်ပြီး ရန်သူ့အလယ်၌ အသက်ငင်နေရစ်ခဲ့သည်။

ကျုပ်တို့ ယာယီ စံနန်းဝင်း၌ နီးလာသောအခါ အင်အားမှာ လူပေါင်းတရာမျှသာ ကျန်တော့သည်။

ကျုပ်တို့ ဘာကြောင့် ယာယီစံနန်းကို အားခဲကာ သွားနေကြမှန်းလည်း မသိ။ အားလုံး၏ စိတ်ထဲ၌ ယာယီစံနန်း၏ ဝင်းဝသို့ ရောက်ရန် ရည်ရွယ်ချက် တခုသာရှိသည်။

လူတိုင်း၌ ယာယီစံနန်းဝင်းဝသို့ ရောက်အောင် သွားနိုင်ခြင်းသည်သာလျှင် အရေး အကြီးမားဆုံး အောင်ပွဲ

ဖြစ်တော့သည် ဟု ထင်နေသည်။ အရှင့်ထံသို့ကား ရန်သူများ မည်သည့်နည်းနှင့်မျှ မရောက်နိုင်။ အရှင်၏မြင်းမှာ မလှမ်းရဘဲနှင့် လူအများဖြင့်ညပ်ကာ ပါလာနေသည်။

ဤကျန်ရှိနေသည့် သူရဲကောင်းများသည် အရှင်မအား ကြည်ညိုလေးမြတ်ကြ၏။

အရှင့်အတွက် အသက်ကို ပဓာန ထားသူများမဟုတ်။

သူတို့၏ ဓားများသည် ရန်သူများအား အတုံးအရုံး သတ်ဖြတ်ပြီးပြီ။

ယခုအချိန်၌ သူတို့ တကိုယ်လုံးတွင် သွေးချင်းချင်း နီလျှက် ရှိနေပြီ။

များပြားလှသော ဒဏ်ရာဒဏ်ချက်များလည်း ရရှိထားပြီ။

ယာယီစံနန်း၏ အဝင်ဝ၌လည်း စံနန်းစောင့် စစ်သည်များသည် တိုက်ပွဲဝင်နေ၏။

ထိုထည်း၌ အထိန်းတော်ကြီးသည် ထမီမြိတ်စကို ဓားဖြင့် လှီးဖြတ်ထားကာ ဓားကိုင်ပြီး တိုက်ပွဲဝင်နေသည်။ စစ်သည်များသည် တိုက်ပွဲဝင်နေ၏။ သူတို့ကိုလည်း ရန်သူများ ပတ်လည်ဝိုင်းနေသည်။

ကျုပ်တို့လည်း ယာယီစံနန်းဘက်သို့ စိန်သွားဖြင့် ဖြတ်သကဲ့သို့ ထိုးဖောက်သွားကာ ရန်သူများကို ရက်စက်စွာ သတ်နေသည်။ ကျုပ်တို့သည် စံနန်းစောင့်များနှင့် ပေါင်းစည်းမိသွား၏။ ဤအခါ၌ကား ရန်သူများမှာ ကျုပ်တို့ထံ အတင်းဝင်ရောက် မတိုက်ဝံ့တော့ဘဲ ရှိနေသည်။ သူတို့၌ လူစိတ်အနည်းငယ် ကျန်သေးသဖြင့် ကျုပ်တို့နှင့် မယှဉ်နိုင်တော့ပြီ။ သူတို့သည် ကျုပ်တို့၏ ပတ်ပတ်လည်မှ ဝိုင်းရံ လိုက်ပါလာကာ စစ်ပြေငြိမ်းထားသကဲ့သို့ အလိုလို ဖြစ်နေတော့သည်။

ကျုပ်တို့တွင် လူငါးဆယ်မျှပင် မကျန်ရှိတော့။

အရှင်နှင့် အထိန်းတော်ကြီးကား ယာယီစံနန်းသို့ ပို့လွှတ်ကာ ကျုပ်တို့ကား ဝင်းဝ၌ ရပ်တည်လျက်ရှိနေသည်။

ကျုပ်တို့ကား တိုက်ခိုက်ရန် စိတ်အားယူ ပြေးတက်လာသူများလည်း အနားသို့ရောက်လာပြီးမှ ပြန်ဆုတ်ပြေးကြသည်ချည်း ဖြစ်နေသည်။

သူတို့သည် ဤလက်တဆုပ်စာမျှသော သူရဲကောင်းများကို အလိုလို စိမ့်၍ ကြောက်နေကြပေပြီ။

ဤလက်တဆုပ်စာမျှသော၊ လူစိတ်ကင်းမဲ့နေသော၊ မိမိတို့ အသက်ကို သေပြီးဖြစ်သည်ဟု ယူဆထားကြသော ပန်ထွာသားတို့သည် အနီးကပ်လာသမျှ ရှေ့သို့တက်လာသမျှ ရန်သူများကို သံကုန်အော်ဟစ်ပြီး ပြေး၍ ထိုးခုတ် သတ်ဖြတ်နေ၏။

ပန်ထွာသားတို့မှာ လူရုပ်နှင့် မတူကြတော့ပေ။ ပန်ထွာသားတို့၏ စိတ်ဓာတ်တို့မှာ လူ၏စိတ်ဓာတ်များ မဟုတ်ကြတော့။

ထို့နောက် ဤယာယီစံနန်း အဝင်ပေါက် ဘေးပတ်လည်၌ ရန်သူများ အထပ်လိုက်၊ အထုလိုက်ရှိသော်လည်း

မည်သူမျှ ရှေ့သို့ မတိုးဝံ့တော့ဘဲ အားလုံးသည် အထူးအဆန်းများကို ဝိုင်းဝန်းကြည့်ရှုသကဲ့သို့ ကြည့်ရှုနေ၏။

ဤသို့ဖြင့် ကျုပ်တို့သည် အချိန်ပေါင်းမြောက်များစွာ ကုန်အောင် ရပ်နေကြလေသည်။ တိုက်ပွဲဖြစ်နေရသည် ဟူသော အသိကိုပင် ကျုပ်မှာ မနည်းထိန်းနေရပေသည်။

အတန်ကြာမှ ရန်သူထုကြီးထဲမှ လူတယောက်က တိုက်ရန် အော်ဟစ် အမိန့်ပေးသည်။ သူ့ကို ရန်သူများ အကြား၌ လှမ်းမြင်နေရသည်။ ပဋ္ဌင်းညိုဖြစ်၏။ မကြာခင်တွင် သူ၏တပ်မှာ ရန်သူများထဲမှ ပြေးထွက်လာသည်။ ကျုပ်တို့သည်လည်း မည်သူကမျှ အမိန့်ပေးဘဲ သွေးရူးသွေးတန်းဖြစ်နေသော ခွေးရူးများကဲ့သို့ ရန်သူ့ထံ ပြေးသွားကြပြီး အဟုန်ပြင်းလှစွာ တိုက်ခိုက်လိုက်တော့သည်။ ရန်သူများမှာ နောက်သို့ ပြုဆင်းသွားပြီး ဤတိုက်ပွဲမှာ အချိန်မကြာလိုက်ဘဲ ပြီးသွားခဲ့လေပြီ။

ကျုပ်တို့သည် ဝင်းဝသို့ ပြန်၍ ဆုတ်လိုက်ကြ၏။ ကျုပ်တို့အထဲမှ လူနှစ်ဆယ်ခန့် လဲကျန်နေခဲ့သည်ကို မည်သူမျှ သတိမထားနိုင်ကြပေ။ ကျုပ်တို့ကား စုစုပေါင်းမှ လူသုံးဆယ်မျှသာ ကျန်ရှိတော့သည်။

ကျုပ်တို့ အထဲမှ စစ်သည်တယောက်သည် သွေးသံရဲရဲ ဦးခေါင်းပြတ် တခုကို ဆံပင်မှ ဆွဲကိုင်မြှောက်လိုက်လေသည်။
"ဟောဒီမှာ. . . ပဋ္ဌင်းညိုရဲ့ဦးခေါင်း . . . . ၊ ပဋ္ဌင်းညိုရဲ့ခေါင်း . . . . "
သူကအော်ပြီး ရန်သူများဘက် မြှောက်၍ ပြနေ၏။ သူ့တကိုယ်လုံး၌လည်း သွေးများနစ်လျှက် ရှိလေသည်။ သူသည် ပဋ္ဌင်းညို၏ခေါင်းကို စံနန်းဝ၌ ဆွဲချိတ်လိုက်၏။

ပတ်လည် ဝိုင်းညှပ်ထားသော ရန်သူများသည် ဝိုင်း၍ ကြည့်နေကြ၏။ ထိုအတိုင်းပင် မည်သူကမျှ မတိုက်ခိုက်ကြတော့ဘဲ အချိန်ပေါင်းများစွာ ကုန်လွန်လာသည်။ ကျုပ်တို့သည် ရှေ့သို့ ပြေးထွက်လာကြမည့် ရန်သူများကို အသင့်စောင့်နေကြ၏။ ရှေ့သို့ အနည်းငယ် ကျွံဝင်လာလျှင် ပြေး၍ တိုက်ကြမည်။

ကျုပ်တို့သည် မည်သည့် စိတ်ကူးမျှ မရှိကြဘဲ ဝင်းအတွင်းသို့ ဝင်ကြ၏။ ရန်သူအုံကြီးသည် ရှေ့သို့ တိုးရွှေ့လာ၏။ ကျုပ်တို့ ရပ်လိုက်သောအခါ သူတို့သည်လည်း ရပ်လိုက်ကြလေသည်။

ကျုပ်၏ နံဘေးတွင် စံနန်းဝင်းဝတိုင်ကို မှီရပ်နေသူမှာ ပါလဖြစ်၏။ သူ့ကို ကျုပ်သည် သတိမထား၊ ဂရုမစိုက်မိ။

ပါလသည် ဝင်းဝတိုင်ကို ကိုင်ထားလျှက် ခေါင်းကိုအောက်သို့ ငုံ့ချထား၏။ သူ့မျက်နှာမှ သွေးများသည် သူ့ခြေဖမိုးအပေါ်သို့ တစက်ချင်းကျနေသည်။ ပါး၌ ဟက်တက်ကွဲ ဒဏ်ရာကြီး၊ နဖူးကန့်လန့်ဖြတ် ဓားဒဏ်ရာကြီးမှ သွေးများတစက်ချင်း ကျနေသည်။ နှာခေါင်းအဖျားမှာ ပြတ်နေလေခဲ့ပြီ။ သူသည် ဓားလွတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျှက် မြေ၌ စိုက်ထား၏။ ဒိုင်းကို လွှတ်ချထား၏။ ခေါင်းကို ထူ၍မရနိုင်တော့။ ယခုအခါ၌ သူသည် အရာရာကို မေ့လျော့နေလေပြီ။ ရန်သူများ ပတ်လည်၌ ဝန်းရံလျှက် ရှိသည်ကိုလည်း မေ့လျော့စပြုလာသည်။
"တိုက်ပွဲ. . . . တိုက်ပွဲ"ဟူ၍ကား သူသည် သတိရနေသေး၏။

ဤသို့ဖြင့် အချိန်ပေါင်းများစွာ ငြိမ်သက်စွာ ကုန်ဆုံးသွားနေသည်။

အသက်နုနယ်သော စစ်သည်ငယ် တယောက်သည် စံနန်းလှေကား၏ သည်ဘက် ကျောက်တုံးပေါ် ခေါင်းကို တင်လိုက်ပြီး အိပ်ချလိုက်၏။ သူအိပ်လိုက်ပုံမှာ မောပန်းလွန်းနေပြီး အိပ်ရာတခုထည်းတွင် အေးအေးဆေးဆေး အိပ်စက်သကဲ့သို့ ရှိသည်။

မြူပါးပါးလွှာလွှာသည် စစ်သည်ငယ်၏ မျက်နှာပေါ်မှ ဖြတ်သန်းသွား၏။ သူလည်း သူ့ကိုယ်သူ ဒဏ်ရာ ရထားသလား၊ ဒဏ်ရာ မရသေးဘူးလားကို မသိ။

အထိန်းတော်ကြီးသည် ရေတကောင်း တခုကို ကိုင်ပြီး စံနန်းတော်လှေကားမှ ဆင်းသက်လာပြီး ရေများ တခွက်ချင်း လိုက်၍ တိုက်လေသည်။

ကျုပ်သည်လည်း ရှေ့မှ ရန်သူများကို ဝါးနေသော ဝေနေသော မျက်လုံးများဖြင့် လှမ်းကြည့်နေ၏။ ကျုပ်၏ကိုယ်၌ ဒဏ်ရာမည်မျှ ရရှိထားပြီကိုလည်း မသိနိုင်။ ကျုပ်၏ တကိုယ်လုံးမှာ သွေးများကျနေသည်ကိုမူ သိနေ၏။

ရန်သူများအလယ်၌ မသဲမကွဲ မျက်နှာတခုကို မြင်လိုက်ရလေသည်။

ထိုမျက်နှာကို ကျုပ်သည် စူးစိုက်ကြည့်နေ၏။ သူကား ကျုပ်၏ ညီငယ်ကလေး သူရ ဖြစ်လေသည်။ သူ့မျက်လုံးအိမ်၌ မျက်ရည်များ ပြည့်သိပ်နေသည်။

ကျုပ်သည် ရင်ထည်း၌ တစ်ဆို့လာ၏။ သူက ကျုပ်တို့ကို သတ်မည့်သူများထည်း၌ ဓားကိုပြင်၍ ရပ်နေ၏။ ကျုပ်တို့ကား သေရုံမျှတပါး အခြားရှိတော့သည် မဟုတ်။

ညီလေးသူရ ဟုတ်ပါရဲ့လား . . . . ။ ကျုပ်၏ ရင်ထည်းတွင် ဤညီငယ်ကလေးနှင့် ဟိုစဉ်ကလို ဖက်လှဲ့တလင်း နေလိုသော စိတ်ဆန္ဒများ ပေါ်လာနေသည်။

ကျုပ်ကား သေရမည့်သူ ဖြစ်နေပြီကို ထိုခဏတွင်မှ လေးလေးနက်နက် တွေးမိပြီး စိတ်နှလုံး၌ ကြေကွဲလာသည်။ ညီငယ်လေး . . . ညီငယ်လေး . . . ဟူ၍ ကျုပ်၏ စိတ်နှလုံးထည်း၌ ကြေကွဲစွာ ခေါ်နေသည်။

"ညီငယ်. . . . ငယ်. . . ညီငယ်လေးရေ"

ကျုပ်မှာ မိမိကိုယ်ကို သတိမထားမိဘဲ သံကုန်အော်မိသည်။ အလွန်တိတ်ဆိတ် ငြိမ်သက်နေချိန်တွင် ကျုပ်၏ ကြေကွဲစွာ ငိုကြွေး အော်ငင်လိုက်သံမှာ ညံစီသွားလေသည်။

ညီလေးသည် မျက်လုံးအိမ်ထည်း၌ မျက်ရည်များ ထိန်းမရနိုင်အောင် ပြည့်လာပြီး နောက်ပြန်လှည့်ကာ ရန်သူများကို အရေးတကြီး တိုးဝှေ့ ထွက်ခွာသွားလေသည်။

ဤသို့ ငြိမ်သက်နေဆဲ၌ အရှင်သည် စံနန်း၏ လှေကားထစ်များအတိုင်း ဆင်းသက်တော်မူလာပြီး လှေကား၏ အောက်ဆုံးထစ်ပေါ်တွင် ရပ်တန့်တော်မူလေသည်။

အရှင်၏ မျက်နှာတော်မှာ လွန်မင်းစွာ လှနေလျှက် ကျက်သရေအပေါင်း ပြည့်စုံနေသည်။

အရှင့် မျက်နှာတော်၌ ထယ်ဝါခြင်း၊ ခန့်ညားခြင်း အပေါင်းဖြင့် ပြည့်စုံနေသည်။

ရာဇဂုဏ်မာန၊ သတ္တိသွေးတို့သည် လျှမ်းလျှမ်းတောက်နေ၏။

အရှင် ဆင်းသက်လာတော်မူပုံမှာ တိမ်သားတိမ်တိုက်များ အကြားမှ နတ်သမီးတပါး ထွက်ပေါ်လာသကဲ့သို့ ဖြစ်လေသည်။

http://cyberbooks.myanmarchat.org


"ပန်ထွာ စစ်သည်ကောင်း အပေါင်းတို့ ၊ ကျွန်ုပ်တို့သည် ရန်သူ့လက်အောက် ကျွန်သဘောက်အဖြစ် မခံယူ၊ ကျွန်ုပ်တို့၏ အသက်ကို အဖန်တရာ ပြန်၍ အသေခံပြရမည် ပန်ထွာ သူရဲကောင်း အပေါင်းတို့"

အရှင်သည် အေးဆေးတည်ငြိမ်လှစွာ၊ ပြတ်သားတင်းမာလှစွာ ကျောက်သား သံမဏိပမာ မိန့်မြွက်တော်မူနေသည်။

(၄၂)

ကျုပ်သည် ကိုယ်ကို တောင့်ရပ်ထား၏။ သေရမည့် တိုက်ပွဲကို အသင့်ကြိုဆိုနေ၏။ တိုက်ပွဲသည် ထပ်မံ၍ ဖြစ်မလာသေး။ ဖြစ်မှ ဖြစ်ပါတော့မလားဟု ထင်လာနေရသည်။

ရန်သူအပေါင်းသည် မလှုပ်မရှား ငြိမ်သက်နေသည်။ ကျုပ်၏ စိတ်ဆန္ဒအရ နောက်ဆုံးတိုက်ပွဲကို အမြန်ဆုံး ဖြစ်စေချင်လှပြီ။

ဤပန်ထွာ သူရဲကောင်းများ အတွက်မူ တယောက်တည်း ကျန်ရစ်ခဲ့သည်အထိ တိုက်ပွဲမှာ ပြီးဆုံးဦးမည် မဟုတ်သေးပေ။ တယောက်မကျန် သေဆုံးကုန်ပြီးမှ တဖက်ရန်သူက အောင်နိုင်ပြီဟု ဆိုရခြိမ့်မည်။

ဝင်းတိုက်ဝတွင် မှီနေသော သူရဲကောင်း ပါလသည် တချက်စိုက်ကနဲ ကျသွား၏။ သို့သော် ခေါင်းကို ပြန်၍ ထူလိုက်ပြီး နှုတ်ခမ်းကို တင်းနေအောင် ကိုက်လိုက်သည်။ ဤသူငယ်ကလေးကို သေသွားစေချင်လှပါပြီ။ သူ ခုအတိုင်း သူ့ကိုသူ မသေရန် တောင့်ရပ်နေသည်ကို ကြည့်မြင်ရသည်မှာ စိတ်သက်သာ စဖွယ်ရာ မရှိ။ “သူသေပါတော့၊ ခုချက်ခြင်း ဤနေရာ၌ လဲကျလိုက်ပြီး သေသွားပါတော့။ ထို့နောက် သူ့ဝိညာဉ်သည် ဤတိုက်ပွဲနေရာမှ လွတ်ရာကျွတ်ရာသို့ ပျံသန်းသွားပါတော့” မကြာမီ ကျုပ်တို့ပါ သူ့နောက်သို့ လိုက်ပါမည်။

သူသည် ပြာရီသော မျက်လုံးများကို ဖွင့်လှစ်လျှက် ရန်သူများကို ကြည့်လိုက်လေသည်။ သူသည် ဓားကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်လိုက်၏။ ထို့နောက် အပြင်သို့ ပြေးထွက်သွား၏။

သူ့ကို မည်သူမျှ မတား။ သူ့ဆန္ဒအလိုတိုင်း လုပ်ချင်သမျှ လုပ်သွားပါစေ။

သူ့မျက်လုံးများကား ဘာမျှ မမြင်ရလေပြီ။ သို့သော် သူသည် ရန်သူများရှိရာသို့ ပြေးသွားသည်။ ရန်သူများသည် နောက်ဖက်သို့ ပြေးဆုပ်သွားကြ၏။ သူသည် ဓားဖြင့် ရန်သူများကို မှန်းဆပြီး အချက်ပေါင်းများစွာ. . . . ၊ များစွာ ထိုးခုတ်နေသည်။ ဤသို့ဖြင့် လွတ်လပ်သော ကွက်လပ်မှာ ပို၍ပို၍ ကျယ်ပြန့်လာသည်။

နောက်ဆုံး သူ့ဓားချက်များသည် လေထည်းတွင် ပတ်ချာလည်သွားပြီး သူကိုယ်တိုင်လည်း ပတ်ချာလည်သွား သည်။ သူသည် ကြဲရဲထနေ၏။ ထို့နောက် ပြန်ကျသွားပြန်သည်။ ပြန်၍ ထပြန်သည်။ နောက်ဆုံး၌ သူ့ခေါင်းကို ယာယီ စံနန်းဖက် လှည့်လျှက် သူသည် ငြိမ်သက်သွား၏။

ဝမ်းနည်းစရာ၊ ကြေကွဲစရာမဟုတ်။ သူသေသည်ကို ထူးပြီး ဝမ်းနည်းနေရန် မဟုတ်တော့။ မောလွန်းသဖြင့် လှေကားရှေ့ ကျောက်ဖြူပြားပေါ်၌ လဲချနေသော အငယ်ဆုံး စစ်သည်ကလေးက . . . . .
“သွားဘီ . . . . ကျုပ်တို့တပ်မျိုး သွားဘီ၊ ကျုပ်တို့ကို ပစ်ထားခဲ့ဘီ”ဟု တီးတိုး ပြောလိုက်လေသည်။

လှေကားရင်း၌ တောင့်ရပ်နေသည့် အရှင်မကိုယ်မှာ သိမ့်သိမ့် ခါသွားလေသည်။

ဤသို့ဖြင့် အရှင့်ကို ချစ်ကြည်ညိုလေးမြတ်သော ဗိဿနိုးသူရဲကောင်းများ အထည်းမှ တဦးတယောက် လျော့သွား ပြန်ပြီ။

ထိုအချိန်၌ ရန်သူများထည်းမှ တဦးတယောက်သည် ရန်သူများနှင့် ဝင်းဝကြားတွင် လာ၍ ရပ်တန့်လိုက် လေသည်။

သူရပ်နေရာ ကျောက်ဖြူပြားပေါ်သို့ ညနေဆည်းဆာ နေခြည်များ ကွက်ထိုး ကျနေသည်။ သူ့ခါးပေါ်မှ အနီရောင် စစ်သည် ဝတ်စုံဖြစ်သော်လည်း ရင်ပတ်၌ ဆင်ထားသည့် ချပ်မိန်ကာပေါ်တွင်ကား စစ်သည်အကြီးအကဲ တယောက် ဖြစ်ကြောင်း ဖော်ပြနေသည်။

သူသည် ဝင်းဝမှနေ၍ အားလုံးကို လှမ်းကြည့်လိုက်၏။
"ပန်ထွာ မင်းသမီးငယ်၊ ကျွန်ုပ်တို့ အရှင်သည် သင့်စစ်သည် သူရဲကောင်းများအား မသတ်လိုပြီ။ သင်းတို့ အသာတကြည် အညံ့ခံလျှင် လိုရာသို့ သွားခွင့်ပြုလိုသည်။ သင်းတို့သာ ကျွန်ုပ်တို့ အရှင်၏ ခြေဖဝါးတော်အောက် အမှုတော် ထမ်းရွက်လိုလျှင် ကြီးစွာသော မြှောက်စားခြင်း ပြုတော်မူလိုသည်။ ပန်ထွာ မင်းသမီးငယ် သင်အား ယခုပင် ကျွန်ုပ်တို့ အောင်နိုင်လေပြီ။ သင်တို့ ယာယီတဲနန်းနောက်မှ ဝင်းအကာတို့ကို ကျွန်ုပ်တို့ ဖျက်ဆီးခဲ့ ပြီးလေပြီ။ ပန်ထွာ မင်းသမီးငယ် သင့်သူရဲကောင်း အပေါင်းအား ကရုဏာထားသင့်လေပြီ"

သူ့အသံသည် တိတ်ဆိတ်ငြိမ်သက်နေမှု အပေါင်းကို ဖြိုခွင်းလိုက်ကြ၏။

ကျုပ်တို့သည်လည်း စိတ်မပါလှစွာဖြင့် နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

နောက်မှ ဝင်းတိုင်များသည် မရှိတော့။ ထိုနေရာများ၌ ရန်သူတို့သည် ရပ်တန့်နေ၏။ ကျုပ်၏ စိတ်ထည်း၌မူ ဤကိစ္စသည် ထူးဆန်းသည်မဟုတ်။ မိမိသည် သေဘေးကို အကြိမ်ကြိမ် အလီလီ ရင်ဆိုင်ခဲ့ဘူးပြီ။ အချိန်အနေးနှင့် အမြန်သည် ထူးခြားသော ကွာခြားမှုကား မဟုတ်။

ထိုအချိန်၌ အရှင်သည် တဦးပြီးတဦး၊ တဦးပြီးတဦး၊ တဦးစီ တဦးစီ၏ မျက်နှာများကို ငြိမ်သက်စွာ လိုက်၍ ကြည့်နေသည်။

ထို့နောက် အရှင်သည် အချိန်ကြာမြင့်လှစွာ၊ ငြိမ်သက်လှစွာ ရပ်တန့်တော်မူနေသည်။

ထို့နောက် တဦးတယောက်ကိုမျှ မကြည့်ဘဲ. . . .
"ဟုတ်ပေတယ်. . . ၊ မင်းတို့ အားလုံးဟာ သူရဲကောင်းတွေ၊ ပန်ထွာရဲ့ သူရဲကောင်းတွေ မှန်ပေတယ်။ မင်းတို့ တဦးကို ရန်သူငါးဆယ်ထက်မနည်း သတ်ပီးခဲ့ကြဘီ။ မင်းတို့အားလုံးဟာ သမာနလို၊ ပါလလို၊ ဒက္ခဏာလို သူရဲကောင်းတွေဘဲ စစ်သည်အပေါင်းတို့။ ကျွန်ုပ်အားလုံးကို အကြည်အသာ ခွင့်ပြုပုံ့မယ်။ ရန်သူ ×××× သွားသင့်တဲ့ အချိန်လဲ ရောက်ပါဘီ။ မင်းတို့ရဲ့ စွမ်းရည် စွမ်းစများကို ရန်သူကတောင် ချီးမြှင့်မြှောက်စားမယ် ဆိုတာ ခံယူသင့်ကြပါဘီ။ သေဘေးက လွတ်မြောက်ခွင့်ရတုန်း လွတ်မြောက်သင့်ကြပါဘီ။ ရန်သူ့ဆီသွားလို့လဲ မင်းတို့ ဂုဏ်သရေ မညှိုးမှိန်ကြပါဘူး။ သွားနိုင်ကြပါဘီ"

အရှင်သည် စစ်သည်အပေါင်းကို ကျော်၍ အဝေးသို့ လှမ်းမျှော်ကြည့်နေသည်။

အရှင့်အသံသည် ငြိမ်သက်နေ၏။ သို့သော် အရှင့် မျက်လုံးအိမ်ထည်း၌ မျက်ရည်များ ပြည့်သိပ်နေမလားဟု ကျုပ် ထင်နေသည်။

ကျုပ်၏ မျက်လုံးများ ဝါးနေသောကြောင့်သာ ထိုသို့ ထင်မိခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ အရှင့် မျက်လုံးများမှာ မည်သူ- မည်သည့်အရာကိုမျှ ကြည့်တော်မမူဘဲ. . . . .
"မင်း . . . မင်းလဲ သွားသင့်ပါဘီ"ဟု တီးတိုး ရေရွတ်တော်မူလေသည်။

မင်းလဲ သွားသင့်ပါဘီ
မင်းလဲ သွားသင့်ပါဘီ
ကျုပ်ကား မည်သည့်ခံစားချက်မျှ မရှိဘဲ ရီဝေနေသော မျက်လုံးများဖြင့် ကြည့်ပြီး ယိမ်းယိုင်စွာ လျှောက်လာသည်။ အရှင့်အား ဦးညွှတ်ပြီး လှေကားရင်းတွင် တည်ငြိမ်စွာ ရပ်သည်။

ကျုပ်သည် စစ်မှူးတဦးအနေဖြင့် သွေးသောက် ရဲဘက်တို့အား စကားပြောရန် ရည်ရွယ်သော်လည်း ပြောမည်ပြုသောအခါ စိတ်နှလုံး ထိခိုက်လွန်းပြီး စိတ်ကိုနိုင်အောင် အချိန်ယူ ထိန်းချုပ်နေရသည်။

"ငါ့ညီတို့ ငါစစ်မှူးတဦးအနေနဲ့ ပြောရရင် မင်းတို့သွားသင့် ကြပါဘီ။ မင်းတို့ မိဘ အိုးအိမ် သားမယားများဆီ ပြန်သွားသင့်ကြပါဘီ။ မင်းတို့ သားသမီးကလေးများနှင့် ပြန်တွေ့ဆုံထိုက်ကြပါဘီ။ သူတို့ မျက်နှာများကို ပြန်ကြည့်သင့်ကြပါဘီ. . . . "

ကျုပ်ကလည်း တုန်ယင်နေသော အသံဖြင့်ပင် ပြောလေသည်။

သူတို့သည် ငြိမ်သက်နေ၏။ တင်းမာနေ၏။ မာကျောနေ၏။ မျက်နှာကို တည့်တည့်မတ်မတ် မော့ထား၏။ သူတို့၏ ဆုံးဖြတ်ထားမှုများသည် ခိုင်မြဲနေ၏။ သူတို့သည် အရှင်ကို ချစ်ကြ၏။ နိုင်ငံကို ချစ်ကြ၏။ သူတို့သည် တပါးလက်အောက်၌ ကျွန်သဘောက် မဖြစ်နိုင်ကြ။ အရှင့်ကို ဤရန်သူ့လက်ထည်း၌ ထားပစ်ခဲ့ရက်သူ မရှိ။ နိုင်ငံ၏ အထွဋ်အထိပ် အရှင့်အား သူတို့သည် မိမိတို့၏ နှလုံးသားနှင့် ထပ်တူထပ်မျှ ချစ်၏။ နိုင်ငံကို မိမိ၏ နှလုံးသားနှင့် ထပ်တူထပ်မျှ ချစ်၏။

"စစ်မှူးကကော. . . "ဟု တယောက်က မေးလိုက်သည်။
"ငါ့ကိုတော့ ထည့်မတွက်ကြပါနဲ့"
"ဘာပြုလို့ ကျွန်တော်တို့ကိုတော့ တွက်ရသလဲ စစ်မှူး"
ထို့နောက် ငြိမ်သက်မြဲ ငြိမ်သက်သွားပြန်သည်။

အရှင်သည် အားလုံး၏ မျက်နှာ၊ အားလုံး၏ မျက်လုံးတို့ကို ကြည့်နေသည်။ အရှင့် နှုတ်ခမ်းတော်တို့မှာ တဆတ်ဆတ် လှုပ်ရှားသွားလေသည်။ ထိုအချိန်၌ကား အရှင့် မျက်လုံးပေါ်၌ မျက်ရည်များ ဖုံးလွှမ်းနေသည်။ အရှင်သည် မည်သည့် အသံကိုမျှ မကြား၊ မမြင်သကဲ့သို့ ဖြစ်နေသည်။

အတန်ကြာမှပင် တစုံတဦး လေးလေးပင်ပင် ထလာသည့်သူသည် ကျုပ်လက်မောင်းကို လှမ်းဆုပ်ကိုင်လိုက်လေသည်။ မျက်လုံးထည်း၌ ထိန်းချုပ်ထားမရသော မျက်ရည်များ ပြည့်နေသည်။ သူ့လက်များမှာ တဆတ်ဆတ် တုန်နေသည်။ သူသည် စိတြာဖြစ်၏။ ဤယာယီစံနန်းအား ဆောက်လုပ်ခဲ့သော ဗိသုကာ၊ အသက် နှစ်ဆယ်မျှ မပြည့်တတ်သေးသော သူငယ်ကလေးဖြစ်၏။ သူ့မျက်လုံးအိမ်မှာ ဝိုင်းချာလည်နေသည်။

"စစ်မှူး၊ ကျွန်တော့်ကို ခွင့်ပြုတော်မူပါ။ ကျွန်တော် သေရမှာ မကြောက်ပါဘူး။ စစ်မှူးတို့နဲ့အတူ သေရဲပါတယ်။ သူ့ကျွန် အဖြစ်နဲ့လဲ မခံလိုပါဘူး။ ဒါပေမယ့် ဗိသုနိုးမှာ ကျွန်တော်အဖေနဲ့ အမေအိုကြီးတွေ ကျန်ခဲ့တယ်။ သူတို့ ဘာအလုပ်မှ လုပ်ကိုင် မစားနိုင်တော့ပါဘူး။ သူတို့ကို ကျွန်တော် ပြန်လုပ်ကျွေးချင်တယ်။ ပြန်တွေ့ချင်တယ်။ ကျွန်တော့်ကို ခွင့်ပြုပါ စစ်မှူး၊ ခွင့်ပြုပါ"

စိတြာ၏ ငိုရှိုက်သံသည် ဤစစ်မြေမြင်၌ ဝမ်းနည်းဘွယ်ရာ ဖြစ်နေသည်။ ကျုပ်လည်း သူ့ကို ထွက်ခွာသွားနိုင်ကြောင်း ပြောလိုက်၏။

သူသည် ဦးခေါင်းကို ငုံ့လျက် လေးလေးပင်ပင် ထွက်ခွာသွားလေသည်။

သူသည် ဝင်းဝသို့ ရောက်သွား၏။ ရှေ့သို့ တလှမ်းတိုးသွားလေလေ သူ့ခြေထောက်များသည် ပို၍ လေးပင်လာလေလေ။

သူသည် ရန်သူ့အောက်၌ ဒူးထောက် အညံ့ခံလိုသူ မဟုတ်၊ တပါးကျွန်ဖြစ်လိုသူ မဟုတ်။ ဤရဲဘက် ရဲမက်တို့နှင့် အေးအတူ ပူအမျှ ဖြစ်ချင်သူ။ သို့သော် မိခင်နှင့် ဖခင်ကို သည်အတိုင်း ပစ်ပယ်မသွားနိုင်။ မိခင်နှင့် ဖခင်ကိုမူ ပို၍ သတိရလာသည်။

ဟော. . . ရန်သူအောက်သို့ ဒူးထောက်ပေးရန် ဆယ်တောင် ဝေးဝေးမျှသာ ကျန်တော့သည်။
ရှစ်တောင် . . . . ခုနစ်တောင်. . . ပို၍ နီးကပ်သွားနေပြီ။

"ဓားချခဲ့ပါ. . " ဟု ရန်သူ့ဘက်မှ တင်းမာပြတ်သားစွာ အော်လိုက်လေသည်။

ထိုအော်သံသည် စစ်နိုင်သူ၏ မတရား အမိန့်ပေး၊ နိုင့်ထက်ကလူ ပြောဆို ခိုင်းစေသံဖြစ်၏။ ထိုအသံသည် သူ့စိတ်ကို ရုတ်တရက် နှိုးဆွလိုက်လေသည်။

သူသည် ဓားအိမ်ရော၊ ဓားရော ဖြုတ်ချခဲ့ရန် ပခုံးပေါ်သို့ လက်တင်လိုက်၏။ သို့သော် ရုတ်တရက် သူ့စိတ်သည် ဆန့်ကျင်ဘက်သို့ ပြောင်းလဲသွားလေသည်။ သူသည် ရုတ်တရက် ဓားကို လျှက်ပြက်သကဲ့သို့ ဆွဲထုတ်လိုက်ပြီး ရန်သူများထံ ဆင်ပစ် မြားတစင်းကဲ့သို့ ပြေးဝင်သွားလေသည်။

သူသည် ငရဲအိုးထဲပွက်သကဲ့သို့ ချာချာလှည့်ပြီး တိုက်ခိုက်လိုက်လေသည်။

ပါးစပ်မှ "တိုက်မယ်ဟေ့"ဟု သူ၏ ကျားဟိန်းသကဲ့သို့ အော်ဟစ်လိုက်သံသည် ငြိမ်သက်နေမှုအပေါင်း အပေါ်ဆီသို့တိုင် လွှားကျော်သွားသည်။ ထိုသို့ ဖြစ်လိမ့်မည်ဟု အလျှင်း မြော်လင့်မထားသောကြောင့် ရန်သူငါးဦးမျှ ရုတ်တရက် ဓားထိပြီး လဲကျသွားသည်။ ထို့နောက် သူသည် ရန်သူများအတွင်းသို့ ထိုးဖောက် ဝင်ရောက်သည်ထက် ထိုးဖောက်ဝင်ရောက် သွားနေသည်။ သို့သော် သူသည် ရန်သူ့ဓားပေါင်း မြောက်မြားစွာ၏ အလယ်၌ မကြာမီ လဲကျသွားသည်။ သူသည်လည်း ရန်သူ့ မြေပြင်ထက်၌ ကျဆုံးသွားခဲ့လေပြီ။

ကျန်ခဲ့သူများထည်းမှ တယောက်က "တိုက်မယ်ဟေ့ဟု" အော်လိုက်လေသည်။

ထို့နောက် အားလုံးသည် "တိုက်မယ်ဟေ့"ဟု အော်လိုက်ကြ၏။ ထိုအသံသည် ရန်သူပေါင်းများစွာကို ပြေးသွား၏။ ယင်းသည်ပင် ကျုပ်၏ နောက်ဆုံး ကျေညာချက်ဖြစ်လေသည်။

တဖက်မှ ခဏမျှ ငြိမ်သက်သွားလေသည်။

ထို့နောက် ဘုရင်မင်းမြတ် ကိုယ်တော်တိုင်၏ အသံဖြင့် "တိုက်ကြလော့"ဟု အမိန့်ပေးလိုက်လေသည်။

"တိုက်ကြလော့. . . အပြီးတိုင် . . . တိုက်ကြလော့"
ဘုရင်မင်းမြတ်၏ အသံကြောင့် သူတို့၏ စိတ်အတွင်းမှ ကြောက်စိတ်များ ပျောက်ကွယ်သွားကြလေသည်။

ဘုရင်မင်းမြတ်၏ မိန့်မြွက်သံသည် သူတို့၏ သွေးများကို ဆူပွက်စေ၏။ တပ်အပေါင်းသည် တညီတညာတည်း တချိန်တည်း၊ တဟုန်တည်း ရှေ့သို့ တိုးထွက်လာကြလေသည်။

သည်တကြိမ်တွင်ကား အရပ်ရှစ်မျက်နှာမှ တပ်အပေါင်း၏ အသံဖြစ်၍ ညာသံ၊ ကြွေးကြော်သံတို့သည် အဆုံးမသတ်နိုင်တော့ပေ။ နောက်မှ တပ်များသည် ရှေ့တပ်များကို ဖိ၍ တိုးပေးနေသဖြင့် သူတို့ နောက်သို့လည်း ပြန်မဆုတ်နိုင်တော့။

ကျုပ်တို့သည် ကျော့ချင်းကပ်လိုက်ကြ၏။ အချို့ စစ်သည်များသည် ရန်သူထုကြီးအတွင်းသို့ တဦးချင်း တိုးဝင်သွားကြလျက် သူတို့သည် တဦးချင်း တဦးချင်း ကျဆုံးနေရရှာသည်။ အထိန်းတော်ကြီးသည် ဓားနှင့်ဒိုင်း ကိုင်၍ တိုက်ရင်း လှေကားခုံ၌ ကျဆုံးသွားလေပြီ။

ထို့နောက် စံနန်းတော်၏ လှေကားဝ၌ အရှင်နှင့်အတူ ဆယ့်သုံးယောက်သည် ကြံ့ကြံ့ခံလျက်ရှိ၏။

လှေကားမှာ ကျဉ်းသဖြင့် ဆီး၍ ပိတ်ထားနိုင်၏။ ရန်သူများကို အပေါ်စီးမှ ခုတ်နေရသဖြင့် တပန်းသာနေသည်။ ဆယ့်သုံးယောက်မှ တယောက်၏ ဒိုင်းကိုင်ဘယ်လက် ပြတ်ကျသွားလေသည်။ သူကား သူ့ကိုယ်သူ မကာကွယ် နိုင်တော့ပြီ။ သူသည် လှေကားပေါ်မှ ရန်သူများအလယ်သို့ လှမ်းခုန်ချလိုက်ပြီး ဓားဖြင့် သွေးရူးသွေးတမ်း မွှေ့ယမ်း တိုက်ခိုက်နေသည်။

ထိုသူ ကျဆုံးပြီးနောက်တွင် အခြား သူရဲကောင်းများပါ တယောက်ပြီး တယောက် ရဲဝံ့စွာ တိုက်ရင်းခိုက်ရင်း သေဆုံးနေလေသည်။ ကျုပ်တို့သည် တထစ်ပြီးတထစ် နောက်ဆုပ်ပေးနေသည်။ ဤတိုက်ပွဲ၌ ရန်သူအပေါင်း များစွာ ကျဆုံးလေသည်။ လှေကားထစ်ရင်း၌ အလောင်းများ ထပ်နေတော့သည်။

ဤအကြိမ်၌မူ ရန်သူတို့သည် သေဆုံးသူများအပေါ်မှ ကျော်၍ ဇွတ်တက်နေကြပေပြီ။ နောက်မှ ဖိ၍ တက်ပေးသဖြင့် ရှေ့ရောက်သူ များသည်လည်း နောက်သို့ ပြန်ဆုပ်၍ မရနိုင်တော့။

ကျုပ်၏ ကိုယ်ပေါ်၌ ရှုပ်ထိထားသော ဒဏ်ရာများသည်လည်း မရေတွက်နိုင်တော့။ ရန်သူ့ အသည်းနှလုံးထဲသို့ ကျုပ်၏ ဓားဦးနစ်မြုပ်သွားရသည့် အကြိမ်ပေါင်းမှာလည်း များစွာရှိ၏။

နောက်ဆုံး အဝင်ဝတံခါးတွင် ကျုပ်နှင့် အရှင် နှစ်ဦးတည်းသာ ကျန်ရှိတော့သည်။

ကျုပ်၏ လက်များမှာ သွေးစေးများဖြင့် ကပ်နေပြီ။ စိတ်အတွင်းတွင် ရန်သူများကို ပုရွက်ဆိတ်ငယ်ကလေးများ မျှလောက်သာ မြင်နေသည်။

ထိုအချိန်တွင် သူတို့သည် ရှေ့သို့ မတိုးနိုင်ကြတော့ပေ။ ဤတံခါးဝပေါက်ကို မည်သူမျှ ဖြတ်မကျော်နိုင်ကြ တော့ပေ။ ထို့ကြောင့် သူတို့သည် စံနန်းကို မီးတင်ရှို့လိုက်ကြလေသည်။

မီးခိုးလုံးများသည် ကောင်းကင်သို့ တက်သွားပြီး တိမ်နှင့် မြူခိုးကြားထည်း ဝင်ရောက်သွားနေသည်။ မီးတောက် မီးလျှံများသည် ရဲရဲညီးမျှ အရှိန်ပြင်းစွာ တောက်လောင်နေသည်။

ထိုအခါတွင် နောက်ဖက်မှ “ကျွန်ုပ် သွားတော့မယ် လူကလေး .... ကျွန်ုပ် သူ့လက်အောက် အရောက်မခံနိုင်ဘူး” ဟု ငိုသံနှင့် ပြောလိုက်သံကို ကြားလိုက်ရသည်။

ကျုပ်သည်လည်း ဖျတ်ကနဲ လှည့်ကြည့်လိုက်၏။ အရှင်သည် ပြောပြောဆိုဆိုပင် ရင်ဝကို သန်လျက်နှင့် ထိုးစိုက်ချလိုက်လေသည်။ ကျုပ်က လျင်မြန်စွာ ဆီး၍ ဖမ်းလိုက်သည်။ ဘုရင်မ၏ ရင်ဝကို နစ်မြုပ်သွားမည့် သန်လျက်မှာ မထိသေးဘဲ ရပ်တန့်သွားလေသည်။

ထိုအခိုက်တွင် ကျုပ်၏ ပခုံးသားထည်းသို့ နောက်မှ ရန်သူတဦး၏ လှံသွား ထိုးဖောက် သွားလေသည်။ ကျုပ်သည်လည်း လှံအားနှင့်ရှေ့သို့ ထိုးလဲ ကျသွားလေသည်။ ကျုပ်၏ ကိုယ်မှာ အရှင်၏ ခြေဖမိုးပေါ်တွင် လဲလျောင်းသကဲ့သို့ ရှိသည်။

ကျုပ်ထံတွင် ရှိနေသေးသော သတိကလေးမှာ ပျောက်ကွယ်လုလု ဖြစ်နေသော်လည်း အရှင်က ကျုပ်အား မနိုင်မနင်းနှင့် ပွေ့ထူလိုက်သည်ကို သိနေသည်။

မီးဟုန်းဟုန်း တောက်နေသည့်ကြားမှ လွတ်ကင်းရန် ကျုပ်ကို မနိုင်မနင်းနှင့် အရှင်သည် ဒရွတ်ဆွဲခေါ်လျှက်ရှိသည်။ ကျုပ်၏ ကိုယ်ခန္ဓာမှာ လှေကားထစ်များနှင့် အလောင်းပေါင်း များစွာအပေါ်မှ ကျော်လွှားသွားလျှက်ရှိနေသည်။

ရန်သူများသည် အရှင်မကြွရာ လမ်းတလျှောက်မှ ဘေးသို့ ရှဲပေးနေသည်။ အရှင်သည် ကျုပ်အား မီးနှင့်ကင်းဝေးရာ စံနန်း၏ ဝင်းဝကျောက်ပြား တခုပေါ်သို့ တင်လေသည်။

ရန်သူများကား ဝေးဝေးမှ ဝန်းရံနေသည်။

ဤအခါတွင်ကား အခုအချိန်ကလေးသည်ပင် ကျုပ်နှင့် အရှင်တို့ နောက်ဆုံး ဆုံစည်းရချိန် ဖြစ်တော့သည်ကို သိနေသည်။ ကျုပ်သည် သတိလစ်မသွားစေရန် အတတ်နိုင်ဆုံး ထိန်းထားချင်ပါသည်။ ဤသတိ ကင်းလွတ်မသွားသေးမီ အတိုင်းအရှည်ရှိသော အချိန်ကလေးမှာ ချစ်သူနှစ်ဦးအတွက် မည်မျှ တန်ဘိုးရှိသော အရာနှင့်မျှမလဲနိုင်ချိန် . . . . ၊ နောက်ဆုံး ချစ်ချိန် ဖြစ်လေသည်။

အရှင်သည် ကျုပ်၏ ဒဏ်ရာရထားသော ပါးပေါ်သို့ သူ့ပါးဖြင့် သိမ်မွေ့စွာ မထိတထိမျှ ကပ်လေသည်။ အရှင့်ပါးတဖက်ဖြင့်လည်း ကျုပ်၏ နှာခေါင်းကို ထိထားသည်။

အရှင့်မျက်ရည်များသည် ကျုပ်၏ ဒဏ်ရာများထည်းသို့ စီးကျနေ၏။ အလွန်ဝေးကွာလှသော အရပ်ဆီမှ နားထောင်နေရသကဲ့သို့ အရှင်၏ ကျိတ်၍ ရှိုက်ငိုတော်မူသံကို ကြားရသည်။ အရှင်သည် ရန်သူအပေါင်း၏ အလယ်၌ ကျုပ်၏ ချစ်မေတ္တာ စကားများကို အလွန်နူးညံ့ သိမ်မွေ့စွာ မြွက်ကြားတော် မူနေသည်ကို သိသော်လည်း ကျုပ်မှာ ဘာမျှ သဲသဲကွဲကွဲ မကြားနိုင်တော့ပြီ။ ကျုပ်ဤမျှအထိ သတိအလျှင်း မလစ်သေးခြင်းမှာ အံ့တပါး ဖြစ်ဖွယ်ရာပင်။

ထိုသို့ ဖြစ်ရသည်မှာ မည်သည့် တန်ခိုး ဣဒ္ဓိထက်မဆို အဆပေါင်းများစွာ ပိုမိုထက်မြက်သော ချစ်မေတ္တာ တန်ခိုး ဖြစ်ပေသည်။

"ကျွန်ုပ်ကို နမ်းစမ်းပါ လူကလေးရယ်၊ မင်း - သတိရသေးတယ်မဟုတ်လား၊ မနမ်းနိုင်တော့ဘူးလား-၊ နမ်းလိုက်စမ်းပါ -၊ ကျွန်ုပ် ဘုရင်မကြီးကို နမ်းစမ်းပါ . . . . မြို့စားကလေးရယ် . . . . . "

ထိုမျှသာ ကျုပ်ကြားနိုင်၏။ မရေမတွက်နိုင်အောင် မိန့်တော်မူသည့် အထည်းကိုမှ ထိုမျှသာ ကြားနိုင်၏။

http://cyberbooks.myanmarchat.org


ကျုပ်သည်လည်း ကြိုးစား၍ နမ်းကြည့်၏။ "ကျွန်တော် . . . . . သေပျော်ပါပြီ . . . အရှင်" ဟု လျှောက်စမ်းချင်ပါဘိ။

အရှင်၏ ငိုရှိုက်တော်မူသံမှာ ပို၍ ကျယ်လာသည်။ "ကျွန်ုပ် . . . . မင်းနဲ့ - မခွဲနိုင်တော့ဘူး . . . . မြို့စားလေးရယ် . . . ။ မင်းနဲ့လိုက်ခဲ့ပါမယ်" ဟူ၍လည်း ကြားနေသည်။

အရှင်သည် ကျုပ်ထံမှ မျက်နှာတော်ကို ဖြည်းညင်းစွာ ခွာတော်မူသည်။ သူ့ကိုယ်သူ သန်လျှက်နှင့် ထိုးစိုက်လိုက်ကာ ကျုပ်၏ နံဘေး၌ ယှဉ်လျှက် လဲကျသွားသည်။

ကျုပ်လည်း ဘာမျှ မမြင်ရတော့သော မျက်လုံးကို မှိတ်လိုက်သောအခါ တဲတဲမျှသာ ကျန်ရှိသော သတိကလေးသည် ဤနောက်ဆုံး ချစ်ချိန်လေးကို စွန့်ပယ်ကာ ထွက်ခွာသွားလေသည်။

နိဂုံး

ကျုပ်ကား ဝိညာဉ်နှင့် ကိုယ် တွဲစပ်လျက်ပင် ရှိနေပြန်သေးသည်။ ကျုပ်သည် အကြိမ်ကြိမ်ပင် သေခြင်းတရားနှင့် ရင်ဆိုင်လာခဲ့ရတိုင်း အကြိမ်ကြိမ်ပင် မသေနိုင်ဘဲ လွတ်မြောက်လာခဲ့ရခြင်းမှာ ကုသိုလ်ကံ ကောင်းပေသည်ဟု ဆိုနိုင်ပါ၏။ သို့သော် ယခုတကြိမ် အသက်ပြန်၍ ရှင်လာခြင်းကား ထိုသို့ မဆိုနိုင်တော့ပါ။ ဝဋ်ကြွေး မကုန်နိုင်သေး သောကြောင့် ပြန်လည်၍ ရောက်ရှိလာခဲ့ရခြင်းနှင့် မခြားတော့ပါ။

ကျုပ်ပြန်၍ သတိရလာသောအခါ ကျောက်လိုဏ်ဂူ တခုအတွင်း၌ ရောက်နေသည်။ ကျုပ်၏ ကိုယ်မှာ ဒဏ်ရာအပေါင်းကို ထက်မြက်စွာသော ဆေးဝါးများနှင့် ကျပ်စည်းထားသော အနာများမှာ ပျောက်ကင်းမတတ် ရှိနေသည်။ ကျောက်ဂူအမိုး၌ ဆွဲထားသော ကျည်တောက်ထည်းမှ ဆေးရည်များ တစက်ချင်း ကျုပ်၏ ပါးစပ်အတွင်းသို့ ကျနေကာ ကျုပ်လည်း စုတ်မျိုနေမိသည်။

ကျုပ်၏ အသက်ကို ပြန်ရှင်အောင် ပြုခဲ့သူကား ညီငယ်လေး သူရ ဖြစ်ပေသည်။ ထိုသို့ ဖြစ်သော်လည်း ချစ်လှစွာသော ညီငယ်ကလေးအား ကျုပ် တွေ့နိုင်ခွင့်မရှိတော့ပါ။ သူသည် ကျုပ်အား တိုက်ပွဲမှ သယ်ဆောင်လာခဲ့ပြီး ဤဂူအတွင်းသို့ သွင်းကာ ဆေးဝါး ကုသခဲ့ပေသည်။

ကျုပ်သည်လည်း ပြန်၍ အိပ်ပျော်သွားပြီး အိပ်ရာမှ နိုးလာလျှင် ကြည်လင်လန်းဆန်းလာကာ ကျုပ်၏ ဘေးတွင် ချထားသော ညီငယ်၏ စာလွှာကို တွေ့ရှိခဲ့သည်။ ပက်လက်မှပင် ဂူအတွင်းသို့ ဝင်နေသည့် အလင်းရောင် မှုန်မှုန်ဖြင့် ညီငယ်၏ စာကို ဖတ်ရှုကြည့်ခဲ့၏။

*အကိုတော်*

*သည်စာကို ရေးနေချိန်မှာ ညီငယ် မျက်လုံးတွေ ပြာနေပါပြီ။ ကြိုးစားပီး ရေးနေတယ်။*

*ဘုရင်မကြီးရဲ့ အသက်ကို သူတို့မရ ရအောင် ဆေးကုသကြတယ်။ ဘုရင်မကြီး ပြန်လည် ကျန်းမာတော် မူနေပါပြီ။*

*ကျွန်တော် ဘုရင်မကို တိတ်တဆိတ် လျှို့ဝှက်ပီး သွားတွေ့တော့ အကိုယ်တော် အတွက် အထုပ်တခု ပေးလိုက်တော်မူပါတယ်။*

*ကျွန်တော် နောင်တတရား ရနေပါတယ် အကိုတော်။ နှလုံးပျက်ကြွေမတတ် ကြေကွဲလှစွာနဲ့ နောင်တတရား ရနေပါဘီ။ ကျွန်တော် ပြစ်မှုတွေကို အကိုတော်သိစေလိုပါတယ်။*

*အကိုတော်ရဲ့ မြင်းကြီး အာကာကို အရ ယူသွားခဲ့တာ အကိုတော်နဲ့ ညအခါ တိတ်တဆိတ် ဓားချင်းယှဉ်ခဲ့တာ ကျွန်တော်ပါဘဲ။*

*ဥပါယ်တမျဉ် အမတ်ကို သူတော်စင် ဟန်ဆောင်ပီး ဗိဿနိုးကို စေလွှတ်ခဲ့တာ ကျွန်တော်ပါဘဲ။ စည်တီးချိန်နဲ့ ရေကြီးချိန် ကိုက်သွားပီး သီရိခေတ္တရာသားတွေ ဗိဿနိုးကို မတိုက်ဝံ့ကြတော့လို့ တိုက်ဝံ့အောင် ကြံစည်ပီး သီရိခေတ္တရာ ဘုရင်ကို အကြံအစည်ပေးခဲ့တာ ကျွန်တော်ပါဘဲ။ ဗိဿနိုးကို ပြာချခဲ့တာ ကျွန်တော်ပါဘဲ။*

http://cyberbooks.myanmarchat.org


*အခုမှ ကျွန်တော် မှားယွင်းခဲ့ပါဘီ ဆိုတာကို နှလုံးကြေကွဲလောက်အောင် သိလာပါဘီ အကိုတော်။ အကိုနဲ့ သူရဲကောင်းတွေ ကိုယ့်နိုင်ငံအတွက် အသေခံတာ တွေ့မြင်ရတော့ ကျွန်တော် ယူကျုံးမရတော့ဘူး။*

*ကျွန်တော် ဆီအိုး ပူတယ်ဆိုပီး မီးဖိုထည်း ခုန်ချခဲ့တာဘဲ။ အခုတော့ သူတို့က သျှိဝကိုပါ ကျွန်တော့်ကို ပြန်မပေးလို ကြတော့ဘူး။ သီရိခေတ္တရာသား တယောက်ယောက်ကို ဆုတော်လာဘ်တော် အဖြစ် ပေးသနားချင်တယ်။ ဒါကြောင့် ကျွန်တော့်ကို တရားစွဲဆို သေဒဏ်ပေးဘို့ ကြိုးပမ်းနေကြတယ်။*

*အကိုတော်ဆီကို ကျွန်တော် ပေးခဲ့တဲ့စာကြောင့် ကျွန်တော်ကို သေဒဏ် ပေးအပ်သင့်တဲ့ ပြစ်မှုကျူးလွန်သူတဲ့။*

*အကိုတော် ညီငယ်ဟာ၊ ညီငယ်ဟာ ဗိဿနိုး သူရဲကောင်းတို့ကို သတ်ပစ်ခဲ့တဲ့ ပြစ်မှု၊ နိုင်ငံတော်ကြီး တခုလုံး ပျက်စီးသွားအောင် လက်ဖဝါးပေါ်တင် မွေ့နောက်ခဲ့တဲ့ ကြီးမားလှတဲ့ ပြစ်မှုကြီးတွေကို ကျူးလွန်ခဲ့တယ်။*

*အကိုတော်ဟာ ညီငယ်ကို သတ္တိထက်သူလို့ အကြိမ်ကြိမ် ပြောခဲ့ဘူးတယ်။ အခု. . မိမိတရားကို မိမိ စီရင်ဘို့ကျတော့ ကြောက်ဖော့ပြင်းနေတဲ့. . လူကြောက်ကြီး ဖြစ်နေဘီ။*

*ညီငယ်သွားပြီ အကိုရေ. . .*

ဤစာကို ဖတ်ပြီးသောအခါ၌ ကျုပ်မှာ ညီငယ်လေးကို မတွေ့နိုင်တော့ပြီကို သိနေပါပြီ။ သူ့တရားသူ စီရင်သွားပြီကို သိပါပြီ။ ကျုပ်၏ သားကလေး တဦးကဲ့သို့ ချစ်ခဲ့သော ဤခလေးကား ကျုပ်ကိုသော်၎င်း၊ အရာရာကိုသော်၎င်း. . . စွန့်ပယ်သွားခဲ့ပါပြီ။ သူ့ကို ကောင်းရာသုဂတိသို့ လားပါစေ ဟူ၍သာ ဆုတောင်းရုံမှ တပါး ကျုပ်မှာ မရှိတော့ပြီ။ ကျုပ်သည် သူရေးခဲ့သည့် စာလွှာကို နံဘေး၌ပြန်၍ ချထားလိုက်ကာ. . . ယခုအခါ၌ ပြန်၍ သတိမေ့မြော သွားချင်ပါပြီ။ ကျုပ် အသက်ရှင်နေရခြင်းမှာ ဝဋ်ကြွေးအပေါင်းကို ခံယူရန် ဖြစ်နေပြီကို ပို၍ သဘောပေါက် နေပါပြီ။

ကျုပ်သည် အရှင့်ထံမှ ပေးပို့လိုက်သည် ဆိုသော ခေါင်းရင်းမှ အထုပ်ငယ်ကို ဖြေမကြည့်လိုတော့ပါ။ ပို၍ဆိုးသော စိတ်မကောင်းဖွယ်ရာများသာ ဖြစ်နေလိမ့်မည်ကို တွေးမိသည်။ ကျုပ်သည် မျက်လုံးကို ပြန်၍ မှိတ်လေသည်. . .။ ဤဂူအတွင်း၌ သက်ရှိဆို၍ ကျုပ်တဦးတည်း။ တိတ်ဆိတ်ငြိမ်သက်နေမှုမှာ သည်းမခံနိုင်ဘွယ်ရာ ဖြစ်နေပေသည်။

"အရှင်ကား. . မသေသေး. .၊ အရှင်သည် အသက်ရှင်လျှက်ရှိ၏။ အရှင်ကား. . မသေသေး"

ကျုပ်မှာ ထိုအကြောင်းကို ထပ်ခါတလဲလဲ တွေးတောနေမိသည်။

အရှင့်အား. . သီရိခေတ္တရာ မင်းမြတ်က ပိုင်ဆိုင်နေပြီ။ သီရိခေတ္တရာ ဘုရင်အား အရှင်၏ ကိုယ်ခန္ဓာကို ပေးဆက်ထားရပေပြီ။

ကျုပ်၏ နှလုံးသားမှာ မခံမရပ်နိုင်အောင် နာကျည်းနေသည်။ ဤအကြောင်းအရာတို့ကို ကြေကွဲစွာ တွေးတောနေရန်. . ကျုပ်ကား အသက်ပြန်၍ ဝင်လာရခြင်း ဖြစ်၏။ တသက်တာ ကာလပတ်လုံး

ထိုအကြောင်းကို တွေးတောကာ အပူမီးလောင်မြိုက်သော ဝဋ်ကြွေးကို ခံစားရန် အသက်ပြန်၍ ရှင်လာရခြင်း ဖြစ်ပေသည်။ ထိုသို့ အသက်ပြန်၍ ရှင်လာရခြင်းကို ကုသိုလ်ကံ ကောင်းမွန်လှသောကြောင့် ဖြစ်ပါသည်ဟု အဘယ်ကဲ့သို့ ပြောရမည်နည်း။

ကျုပ်ကား. . အရှင်နှင့် နောက်ဆုံး ခွဲခွာရကာနီး၊ ကျုပ် ပြင်းစွာ ဒဏ်ရာရနေချိန်၌ တွေ့ခဲ့ရပုံ၊ ငှက်အမြီးဖျား၌ တွေ့ခဲ့ရပုံ၊ ဆေးကုသနေရစဉ်ကာလ. . စသည့် အရှင်နှင့် ပတ်သက်သမျှတို့ကို အဆုံးမရှိအောင် ကြေကွဲစွာ တွေးတောနေရန်အတွက် အသက် ပြန်ရှင်လာရခြင်းပင် တကား။

ကျုပ်သည် ညနေခင်းဘက်၌ နေရာမှစမ်း၍ ထကြည့်သည်. . .။ ကျောက်ဂူနံရံ၌ ဖြည်းဆေးစွာ မှီ၍ နေနိုင်သော်လည်း အားအင်ပြတ်ပြီး မူးမိုင်းနေသည်။ ကျုပ်မှာ အားငယ် သိမ်ငယ်နေမိပြီး ခလေးတယောက်ကဲ့သို့ သည်းထန်စွာ ငိုကြွေးမိတော့သည်။ ကျုပ်တို့ နိုင်ငံကား. . . သူတပါး၏ ခြေဖဝါးအောက် ရောက်နေရပြီကို တွေးမိကာ ကျုပ်၌ ပြေးစရာလည်း မြေ မရှိတော့သလိုပင်. . .။

ကျုပ်သည် ဗိသနိုးအား ကျုပ်တို့လက်တွင်း ပြန်မရောက်ရောက်အောင် တိုက်ယူမည်. . ဟု တယောက်တည်း သစ္စာ အဓိဋ္ဌာန် ပြုမိ၏။ ကျုပ် ပြန်လည်၍ ကျန်းမာလာသည်နှင့် တပြိုင်နက်တည်း အရှေ့ဘက်သို့ ထွက်ကာ လူသူအင်အား စုမည်၊ သျှိဝ၊ ငမင်၊ စစ်တား၊ ဗိသနိုးမှ နိုင်ငံချစ်သူများအား ပြန်လည်၍ စုစည်းပြီး မရ ရအောင် တိုက်ခိုက်ယူမည် . . . ဟု ဆုံးဖြတ်သောအခါ ရင်ထည်း၌ အင်အားတက်လာမိ၏။ အရှင့်အား သီရိခေတ္တရာမှ ပြန်လည်ခိုးယူရန် တွေးသောအခါ ကျုပ်ပြန်၍ အသက် ရှင်လာခြင်းအတွက် ကုသိုလ်ကံ ကောင်းလှပါသည်ဟု ထင်မြင်မိပြန်သည်။

ကျုပ်သည် စိတ်ကိုခိုင်ခိုင်ထားကာ အထုပ်ငယ်ကို ဖြေရလေသည်။ အထည်း၌ အရှင် အစဉ်သဖြင့် ဆောင်းခဲ့သော ဥဿျှောင်သရဖူ၊ ကျုပ်၏ ရုပ်တုကလေး၊ အရှင် အစဉ်သဖြင့် ခြုံခဲ့သောပုဝါ ပေါ်လာသည်။ ကျုပ်လည်း ထိုအရာတို့ကို ဖြည်းညင်းယုယစွာ ကိုင်တွယ်ကာ ရင်ခွင်ထည်းတွင် ပွေ့ပိုက်ထားမိသည်။ ပုဝါကို နမ်းရှုပ်ကာ ကျုပ်မှာ အရှင်၏ ကိုယ်ငွေ့ဖြင့် ပူနွေးလျက်ရှိနေသေးဆဲ . . . ဟု ထင်မိပေသည်။ မိခင်ကို လွမ်းသဖြင့် မိခင်၏ အင်္ကျီစုတ်ကလေးကို နမ်းနေသော ခလေးငယ် ကဲ့သို့ပင် ကျုပ်၏ ရင်ထည်း၌ ဖြစ်နေသည်။

ထို ပစ္စည်းများနှင့်အတူ အရှင်ကိုယ်တိုင်၏ လက်ရေးဖြင့် အရှင်ကိုယ်တိုင်ရေးသားခဲ့သော ပေချပ် မှာတမ်းငယ်ကို တွေ့လျှင်လည်း ကျုပ်မှာ အရှင်၏ သွယ်ပျောင်းသော လက်ကလေးများဖြင့် ရေးခြစ်နေသည်ကို မြင်နေသည်။ အရှင်၏ စိတ်နှလုံးသားမှ မိန့်မြွက်တော်မူသံကို ကြားနေသည်။ ကျုပ်မှာ စာကိုမဖတ်မိဘဲ၊ အချိန်ပေါင်းများစွာ ကုန်အောင် ငေးကြည့်နေသည်။ အရှင်၏ စာကို ဖတ်ပစ်ရန် နှမြောနေသည်။ အရှင့်အား နောင်အခါ၌ မြင်တွေ့ခွင့်ကလေးမျှပင် ရှိနိုင်တော့မည် မဟုတ်ပါ . . . ဟု အားလျှော့ မိသောအခါတွင် ကျုပ်မှာ စိတ်ကို တင်းထားပါလျှက် ထိန်းထားပါလျှက် မျက်လုံးအိမ်ထည်းတွင် မျက်ရည်များ ပြည့်လျှံလာနေသည်။

အလင်းရောင် အားနည်းလှမှပင် ကျုပ်သည် အရှင်၏ မှာတမ်းကို အသံထွက်ကာ တီးတိုးဖတ်နေမိသည်။

*လူကလေး*

*သည်စာကို ရေးနေချိန်မှာ မင်းတို့ အရှေ့ဘက်ဆီကို ထွက်ခွာသွားကြပါပြီ။ မင်းမရှိဆဲမှာ သီရိခေတ္တရာက လာတိုက်လို့ ကျွန်ုပ်သေသွားရင် သည်စာနဲ့ မင်းကို နှုတ်ဆက်ပါတယ်။*

*မင်းကို မေတ္တာ ပြန်နှင်းပါတယ် လူကလေး။ မင်းရဲ့ မေတ္တာထက်ပိုတဲ့ မေတ္တာကို ပြန်နှင်းပါတယ်။ မင်းအပေါ် ကျွန်ုပ်မှားယွင်းခဲ့သမျှကို ခွင့်လွှတ်ဘို့ ကျွန်ုပ် အကြိမ်ကြိမ် တောင်းပန်ပါတယ်။*

*ကျွန်ုပ်မသေနိုင်လို့ ရန်သူ့ လက်ပါသွားရင် မင်းဆက်ဆက်သာ စောင့်နေပါကွယ်။ မင်းဆီကို ကျွန်ုပ် အရောက် ပြန်လာခဲ့ပါမယ်။*

*မင်းနဲ့ အဝေးမခံနိုင်ပါဘူး . . . လူကလေးရေ။*
*မင်းထုတဲ့ ရုပ်တု၊ ခြုံလွှာ ပုဝါ၊ သရဖူ၊ အသည်းနှလုံးများကို မင်းဆီမှာ အပ်နှံထားခဲ့ပါတယ်။*

ဂူအတွင်းသို့ ဝင်လာနေသော အလင်းရောင်များ မှေးမှိန်ပျောက်ကွယ်ကာ ဂူထည်း၌ အမှောင်ရိပ်များ ဆိုင်းနေပါပြီ။ ကျုပ်မှာ အရှင်၏ စာလွှာငယ် ပေချပ်ကို ကျုပ်၏ နှလုံးသား နေရာတည့်တည့်၌ ဖိကပ်ထား နေမိဆဲပင်။ ခွာ၍ မရနိုင်ဟုထင်သည်။ ဘယ်သောအခါတွင်မှ ခွာ၍ ရနိုင်တော့မည် မဟုတ်ဟု ထင်ပါသည်။

**နိုင်ဝင်းဆွေ**